www.burmeseclassic.com

# သောင်းဝေဦး

## စစ်မြေပြင်မှကိုယ်တွေ့ လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ

အမှတ် ၇



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၆ ခုနှစ်၊ မတ်လ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |
| မျက်နှာဖုံးကာလာခွဲ | - | မြရတနာ Colour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

**ထုတ်ဝေသူ**

ဒေါ်မူမူ (ခေါ်) ဒေါ်မြရတနာ (၀၀၅၅၃ မြဲ)
သိဒ္ဓိမြင်သာရေးအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၀၄၀၀ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသည့်စာအုပ် တတ်တလောက်အညွှန်း (CIP)

ဂ၉၅. ၈၃
သောင်းဝေဦး
စစ်မြေပြင်မှ ကိုယ်တွေ့လို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ် (၇)/
သောင်းဝေဦး။ - ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၆။
၃၈၉ - စာ၊ ၁၄ x ၂၀ စင်တီ။
(၁) စစ်မြေပြင်မှ ကိုယ်တွေ့လို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ် (၇)

19 FEB 2016

# သောင်းဝေဦး

# စစ်မြေပြင်မှ

# ကိုယ်တွေ့လို့ဝှက်ဆန်းကြယ်

# ဖြစ်ရပ်များ

# အမှတ်(၇)

www.burmeseclassic.com

www.burmeseclassic.com

# စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ

## အမှတ် (၇)

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| – | စာရေးသူ၏အမှာစာ | ၇ |
| ၁။ | သောင်းဝေဦး | |
| | (၁) ကျွန်ုပ်နှင့် (၁၀၁) တွန်ခနိုဒိုတပ်ဖွဲ့ကြီး | ၁၁ |
| | (၂) မွဲထိုက်ထို | ၃၇ |
| | (၃) ငင်းဘာထိုက်ဗွီ | ၅၉ |
| | (၄) စစ်မြေစခန်းကဇာတ်လမ်းတစ်ပုဒ် | ၈၅ |
| | (၅) မရေးဖြစ်ခဲ့သည့် မသိမ်းမြို့ကပုံပြင်ကလေး | ၁၁၉ |
| | (၆) အချစ်အတွက်ဖြင့် အသက်ဝင်သေသေ (၂) | ၁၅၇ |
| | (၇) အချစ်အတွက်ဖြင့် အသက်ဝင်သေသေ (၃) | ၁၉၁ |
| | (၈) ကျွန်ုပ်နှင့် သတိပဋ္ဌာန် | ၂၂၅ |
| | (၉) ကျစ္စာချောင်ကိုသတိရသည် | ၂၃၉ |
| ၂။ | ဗိုလ်မှူးကြီးတိုတိုကျော် | |
| | ဗိုလ်မှူးကြီးတိုတိုကျော်(ငြိမ်း)၏ကိုယ်ရေးမှတ်တမ်းအကျဉ်း | ၂၅၁ |
| | (၁) နတ်ဂင်များကို ဝရုစိုက်ပါ | ၂၅၅ |
| | (၂) နတ်ကိုတော့ မယုံပါဘူး | ၂၆၉ |
| | (၃) ပဿူးနတ်အစွမ်းထက်လိုက်ပုံက | ၂၈၃ |
| | (၄) အုံဖွယ်တန်ခိုးတွေနှင့် ထာထဓောဘိုးဘိုးကြီး | ၂၉၉ |
| | (၅) ဗျူဟာမှူးဘဝက တည်ခဲ့သော ဘုရားဓါတ်ထူးခြားမှုများ | ၃၁၃ |
| ၃။ | မြဝတီ | |
| | မြဝတီ ခေါ် ဗိုလ်စိန်သိန်း ခေါ် ဗိုလ်စိန်လေး | ၃၂၉ |
| | (၁) နှင်းလူလေလား မျှော်တိဝံလား | ၃၃၃ |
| | (၂) မုဆိုးကြီး ခမ်းဆွမ် | ၃၅၃ |
| | (၃) ဝတ်ပါ သားကောင် | ၃၇၇ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဂျိုး

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

စစ်မြေပြင်မှ ကိုယ်တွေ့လှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ ရေးသားခဲ့သည်မှာ ကြာပြီ။ ယခုဆို အမှတ် (၆) ပင် ထုတ်ဝေခဲ့ပြီးပြီ။

အမှတ် (၅) မှာ ခဏရပ်ထားရာ အားလုံးက ဝိုင်းဝန်းကိုက်တွန်းကြ၍ (၆) ကို ဆက်ရေးခဲ့၏။ တစ်ခဲနက် အားပေးကြ၍ အားတက်ရသည်။ သို့ဖြစ်၍ အမှတ် (၇)ကို ဆက်ရေးဖြစ်သည်။

ပြည်တွင်းတိုက်ပွဲတွေရေးရန်ရှိသော်လည်း ထိုဒေသများသို့ လူကိုယ်တိုင် မသွားနိုင်သေးသဖြင့် မရေးနိုင်သေးပါ။ ပြည်တွင်းတိုက်ပွဲတွေက တိုက်ပွဲဖြစ်ရာဒေသသို့ လူကိုယ်တိုင်သွားကြည့် မြေအခြေအနေသုံးသပ်ပြီးမှ ကျွန်တော် ရေးလေ့ရှိပါသည်။ ထိုသို့ သွားရာတွင်လည်း ဒေသခံတပ်များနှင့် တပ်မှူးကြီးများ အကူအညီယူရသည်။ ယခုအချိန်ထိ ရေးရန်လျာထားသည့် **ပန်းကြုံးတိုက်ပွဲနှင့် မိုးမိတ်တိုက်ပွဲအတွက်** ဒေသခံတပ်မှူးကြီးများနှင့် ဆက်သွယ်နေဆဲဖြစ်ပါ သည်။ ဆက်သွယ်ပြီး အကူအညီရမှ ရေးနိုင်ပါမည်။

ထိုသို့ စီစဉ်နေဆဲ စာမူတွေအသင့်ဖြစ်နေသော ရေးထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးဖြစ်သည့် **'လျှို့ဝှက်ဆန်းကြယ် အမှတ် (၇)'** အား ထုတ်ဝေလိုက်ရပါသည်။

အဓိကမှာ လက္ခဏာ၊ ရုပသျှတ္တရ၊ မဲ့သျှတ္တရ၊ အင်္ဂါရုပ် အတတ်ပညာ စသည့်တို့နှင့် စပ်ဆိုင်သော ဖြစ်ရပ်မှန်ဝတ္ထုများကို ဖော်ပြထားပါသည်။

စာဖတ်ပရိသတ်ကြီး နှစ်သက်ကျေနပ်လက်ခံမည်ဟု ယုံကြည်ပါသည်။

ကျွန်တော့် လျှို့ဝှက်ဆန်းကြယ်များကို ဖတ်မိသူစစ်သား စာရေးဆရာများကလည်း အားကျမခံ သူတို့အတွေ့အကြုံတွေကို အခြေခံပြီး ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်များ ရေးလာကြ၏။

**စစ်နွှေအမည်ခံ ဗိုလ်မှူးကြီးကိုကိုကျော်၊**

**ခွန်သက်တင်ဆန်းအမည်ခံ ဗိုလ်မှူးကြီးအောင်ကျော်ဦး စသည့် နာမည်ကျော်စစ်သားစာရေးဆရာများ ဖြစ်ကြ၏။**

နှစ်ဦးစလုံးစာရေးကောင်းကြ၍ သူတို့စာအုပ်များကိုလည်း စာဖတ်ပရိသတ်ကြီးက ဝိုင်းဝန်းအားပေး ဖတ်ရှုကြသည်ဟု သတင်းစကားကြားရ၏။

ဝမ်းသာပါသည်။

လျှို့ဝှက်ဆန်းကြယ် (၆) တွင် ဗိုလ်မှူးကြီးအောင်ကျော်ဦး၏ ဝတ္ထုလေးငါးပုဒ် ထည့်သွင်းဖော်ပြခဲ့၏။

ယခုအမှတ်(၇)တွင်မူ ဗိုလ်မှူးကြီးကိုကိုကျော်၏ ဝတ္ထု လေးငါးပုဒ် ထည့်သွင်းဖော်ပြထားပါသည်။ ဗိုလ်မှူးကြီးကိုကိုကျော်ကား စစ်နွှေကလောင်အမည်ဖြင့် **'တာဝန်ကျေခဲ့ပါသည်'** အမည်ရ





ကိုယ်တွေ့ ဖြစ်ရပ်မှန်စစ်မှတ်တမ်းရှည်ကြီး လေးငါးတွဲရေးပြီး ပရိသတ် လက်ခံသည့် စာရေးဆရာကြီးဖြစ်လာသူ ဖြစ်ပါသည်။ စာရေး အလွန် ကောင်းလှပါ၏။ ရံဖန်ရံခါတွင် သူ့စာဖတ်ပြီး ကိုယ်ကပင် သူ့အရေး အသားကို ပြန်အတုယူရသည်များပင် ရှိခဲ့ပါ၏။

သို့ဖြစ်ပါ၍ သူ၏ဝတ္ထုများကိုလည်း စာဖတ်ပရိသတ်ကြီးမှ လက်ခံမည်ဟု ယုံကြည်ယူဆပါသည်။ မြဝတီ(ကွယ်လွန်)၏ စစ်သားဘဝနှင့်အမဲလည်ရင်း ကြုံကြိုက်ခဲ့သည့် လျှို့ဝှက်ဆန်းကြယ်နှင့် ဂမ္ဘီရဆန်ဆန် ရှေးဝတ္ထုဟောင်း သုံးလေးပုဒ်အား ရှာဖွေထည့် သွင်းထားပါသည်။ စိတ်ဝင်စားဖွယ်ရာများ အပြည့်အစုံပါရှိပါသည်။

ဆရာကြီးမြဝတီသည် တော်လှန်ရေးစစ်သားဟောင်းကြီး ဖြစ်၏။ ၁၉၄၂ ခုနှစ်တွင် **B.I.A** သို့ ဝင်ခဲ့သည်။ ဗိုလ်မှူးဗထူးတပ် နှင့်အတူ အထက်ဗမာပြည်တွင် တာဝန် ထမ်းဆောင်ခဲ့သည်။ ဂျပန် တော်လှန်ရေးကာလ၌ မိတ္ထီလာတွင် တာဝန်ကျသည်။ စစ်အပြီး တွင် ပြည်သူ့ရဲဘော်တပ်တွင် ပါဝင်သည်။ ၁၉၅၇ ခုနှစ်တွင် တပ် မှ ထွက်ပြီးနောက် စာပေဖြင့် သေသည်အထိ အသက်မွေး ဝမ်းကျောင်းပြုသွားသူ ဖြစ်၏။ အရေးအသားကောင်းမွန်သည့် အတွက် ၁၉၆၀/၇၀ အတွင်းက လူကြိုက်များသော စာရေးဆရာ ကြီး ဖြစ်၏။ ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝက သူ့စာများ ကို ရှာဖွေဖတ်ရှုခဲ့ရ၏။ နှစ်သက်အားကျခဲ့၏။

အမဲလိုက်ဝတ္ထုများကို ရေးခဲ့သည့် နာမည်ကြီးစာရေးဆရာ ကြီးများ ဖြစ်သည် –

ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကုသ (မုဆိုးကြီးကိုရဲဝတ္ထုများရေးသူ)တို့နှင့် အပြိုင် ဆရာကြီးမြဝဇီသည် စစ်၊ အချစ်နှင့် အမဲလိုက်ဝတ္ထုများကို ရေးခဲ့၏။

စစ်သားတွေက တောထဲတောင်ထဲ၌ စားစရာရှာရ၏။ အမဲသားငါးများ ရှာစားရ၏။ အသီးအရွက်များ ရှာစားရ၏။ မြဝဇီ၏ ဝတ္ထုများက ထိုဘဝများကို မီးမောင်းထိုးပြနေ၏။ စစ်သားများသည်ကား မုဆိုးတစ်ပိုင်းဖြစ်ကြ၏။ **Jungle Survival** တောတွင်းနေထိုင်စားသောက်မှုဘဝနှင့် အသက်ရှင်ရ၏။ ထိုသို့သော စစ်သားတွေ၏ တောထဲ တောင်ထဲဘဝများကို နားလည်စာနာနိုင်ရန် ဤဝတ္ထုများကို ရှာဖွေထည့်သွင်းခဲ့ခြင်း ဖြစ်ပါ၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်စာဖတ်ပရိသတ်ကြီးမှ ယခုတင်ဆက်လိုက်သော **'လျှို့ဝှက်ဆန်းကြယ် အမှတ် (၇)'** ကိုလည်း လက်ခံကြလိမ့်မည်ဟု ယုံကြည်ယူဆမိကြောင်းပါခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

၄-၁-၂၀၁၆



## ကျွန်ုပ်နှင့် (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီး

**ရေးသူ - သောင်းဝေဦး**

ဗိုလ်သင်တန်းဆင်းလျှင် ဆင်းခြင်း ဖါပွန်တပ်မှာ တာဝန်ကျသည်။

ငါးနှစ်ခွဲအကြာ၌ ဖါပွန်တပ်မှ မော်လမြိုင် ကျောက်တစ်လုံးတပ်သို့ ပြောင်းခဲ့ရ၏။ မိန်းမရ၍ ကလေးနှစ်ယောက်ရနေပြီ။ မိသားစုလိုက်ပြောင်းခဲ့ရသည်။

အချိန်က ၁၉၇၂ ခုနှစ်၊ နှစ်လည်ကာလ ရတခ ခေါ် အရှေ့တောင်တိုင်းနယ်မြေ၌ သောင်းကျန်းသူအမျိုးစုံတို့ မြူးတူး ပျော်ပါးနေသည့်ကာလ။

**KNU**

**PDP**

**NMSP**

အဓိကမှာ အထက်ပါသုံးမျိုးဖြစ်သည်။ သူတို့သည် သုံးပါတီပူးပေါင်းကာ စစ်ကြောင်းများ ဖွဲ့စည်းလှုပ်ရှားနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့ကြီးများမှာ တိုင်းအရန်ဖြစ်၍ တိုင်းနှင့်နီးသော ကျောက်တစ်လုံး၊ မုဒုံနှင့် ရွှေနတ်တောင်တို့တွင်နေရာချထားသည်။ အရေးဟယ် အကြောင်းဟယ်ဆိုက ခေါ်ရပြုရတာလွယ်အောင် လက်တစ်ကမ်း၌ ထားခြင်းဖြစ်၏။

ထိုစဉ်က ရတခမှ ဦးစီးအရာရှိများမှာ စစ်ဆင်ရေးကိုင်သည့်

ဗိုလ်ကြီးတင်လှိုင် (ယခု ဗိုလ်မှူးကြီး တင်လှိုင်၊ အငြိမ်းစား ပြည်ထဲရေး ဒုဝန်ကြီး)

ဗိုလ်ကြီးအုန်းမြင့် (ယခု ဗိုလ်မှူးချုပ် အုန်းမြင့်၊ မွန်ပြည်နယ် ဝန်ကြီးချုပ်)

ဗိုလ်ကြီးခင်မောင်ထွန်း (ကွယ်လွန်)တို့ဖြစ်၏။

ကျွန်ုပ် တာဝန်ကျသည့် ကျောက်တစ်လုံးတပ်၌ (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီး အခြေပြုရသည်။ စစ်ဆင်ရေးရှိလျှင် ခိုင်းတဲ့ နေရာသွား၊ လုပ်စရာရှိတာလုပ်၊ တိုက်စရာရှိတာ တိုက်။ ပြီးရင် ကျောက်တစ်လုံး ပြန်နားရသည်။ သူတို့အတွက် လူပျိုစစ်သည် အိပ်ဆောင် **Barrack** များ၊ အရာရှိရိပ်သာနှင့် အိမ်ထောင်သည် အရာရှိအိမ်များ ပေးထားရသည်။

ယခု ကျွန်ုပ်ရေးသည့် အကြောင်းအရာမှာ ထို (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှ အရာရှိများအကြောင်းနှင့် သူတို့ထဲမှ အတော်များများဥပဒ္ဒေဝကကံဖြင့် အချိန်မစေ့ရောက်မီ သေဆုံးသွားခဲ့ရပုံကို ဖော်ပြမည့်အကြောင်းဖြစ်ပါသည် ခင်ဗျား ...





## ကျွန်ုပ်နှင့်လက္ခဏာ

ကျွန်ုပ်သည် အထက်တန်းကျောင်းသားဘဝက ကျွန်ုပ် ဖခင်၏ ညီဖြစ်သူ ဘဒွေးဦးမြမောင်နှင့် နှစ်နှစ်ခန့်အတူနေရ၏။ သူသည် လူစုံဖြစ်သည်။ အတတ်ပညာအမျိုးစုံတတ်သည်။ အင်္ဂလိပ် မြန်မာ ခုနစ်တန်းအထိ ကျောင်းနေခဲ့ဖူးသည်။ သူတတ်သည့် အတတ်ပညာထဲ၌ လက္ခဏာပညာလည်း ပါလေသည်။ အားလျှင် လက္ခဏာကြည့်လေ့ရှိ၏။ လက္ခဏာဟောလေ့ရှိ၏။ သူများကြည့် စရာမရှိလျှင် သူ့လက္ခဏာ သူကြည့်နေတတ်သည်။

တစ်ရက်တွင် ကျွန်ုပ်၏လက္ခဏာကို ယူကြည့်၏။

''ဟ ... ဟော့ကောင် မင်းလက္ခဏာက စစ်သားဖြစ်မယ့် လက္ခဏာကွ''

''ဟုတ်ရဲ့လား ဘဒွေးရာ၊ ကျွန်တော်က ကြောက်တတ် တယ်ဗျ။ တစ္ဆေသူရဲလည်းကြောက်၊ သွေးမြင်ရင်လည်း ကြောက်၊ အမှောင်လည်း ကြောက်၊ သေနတ်လည်း ကြောက်။ လူသေလည်း ကြောက်နဲ့''

''ဟုတ်ပါတယ်ကွ၊ မင်းလက်က အင်္ဂါအဖိုမှာ နပိုလီယံ စတား ပါတယ်ကွ။ အဲဒါစစ်သားဖြစ်မယ့် လက္ခဏာကွ။ အဲဒီ စတားက စစ်သားတွေမှ ပါတာ''

''ဩော် ...''

''ပြီးတော့ ... မင်း ရေ ခဏခဏ နစ်တတ်တယ်၊ သတိထား''

''ဘာဖြစ်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"မင်းလက် တနလ်ာဂြိုဟ်ခုံမှာ သံဇကာကွက်တွေ ပါတယ်ကွ။ အဲဒါ ရေနစ်တတ်တဲ့ အထိမ်းအမှတ်ပဲ။ နှလုံးလမ်းကြောင်းတော့ ကောင်းပါတယ်။ နှလုံးလမ်းကြောင်းသာပြတ်နေရင်တော့ မင်းရေနစ်သေလိမ့်မယ် ဟေ့ကောင်ရေ"

"ဗျာ"

"မဗျာနဲ့ကွ၊ လက္ခဏာက အဲဒီလိုဆိုတယ်"

"ပြီးတော့ မင်း ဒီဇာတိမြို့က အသက် ၂၀ မတိုင်မီမှာ အပြီးထွက်သွားရလိမ့်မယ်။ မင်းလက်မှာ ခရီးသွားလမ်းကြောင်း အရှည်ကြီးတွေပါတယ်ကွ"

"အိမ်ထောင် ဘယ်တော့လောက်ကျမှာလဲ။ ကျွန်တော် သဘောကျနေတဲ့ ကောင်မလေးနဲ့ရမလား"

"မရဘူးကွ၊ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျမယ်။ ရပ်ဝေးမြေခြားက လူမျိုးမတူ ဘာသာမတူတဲ့ မိန်းကလေးနဲ့ရမယ်"

"ဘာဖြစ်လို့လဲ"

"မင်းအိမ်ထောင်ရေးလမ်းကြောင်းက အခက်အမွှာတွေများပြီး နှလုံးလမ်းကြောင်းနဲ့သိပ်နီးတယ်။ နှလုံးလမ်းကြောင်းက အခက်ကလေးတစ်ခုက အောက်ထိုးဆင်းပြီး ဦးခေါင်းလမ်းကြောင်းနဲ့ အသက်လမ်းကြောင်းကို ဖေါက်ထွက်သွားတယ်။ အဲဒါကြောင့် မင်းဟာ **First Lover** နဲ့ လွဲမယ်ကွ"

"ဩော် ... ဒါဆို ဒီကကောင်မလေးနဲ့ လွဲမှာပေါ့"

"အေးကွ၊ မင်း ကိုအေးမောင်သမီးနဲ့ မရပါဘူးကွာ။ ဒါပေမဲ့





ချစ်ဒုက္ခကတော့ မင်း အတော်ခံရမယ်ဟေ့။ မင်းက သိပ်ပြီး သံယောဇဉ်ကြီးတတ်တဲ့ကောင်ကွ"

"ဩော် ... ဘဒွေးပြောတာတွေ မှတ်ထားပါ့မယ်၊ ဒီပညာလည်း သင်ချင်တယ် ဘဒွေးရာ၊ သင်ပေးစမ်းပါ"

"ရပါတယ်ကွ၊ တစ်နေ့ တစ်နေ့ နာရီဝက်၊ တစ်နာရီ ငါ့ဆီမှာသင်လေကွာ"

ဤသို့ဖြင့် ကျွန်ုပ်သည် ဘဒွေး ဦးမြမောင်ထံမှ လက္ခဏာ ပညာကို အထက်တန်းကျောင်းသားဘဝမှာပင် အခြေခံအတော် အတန် တတ်ကျွမ်းအောင် သင်ယူနိုင်ခဲ့ပါသတည်း။

## ကျွန်ုပ်စစ်သားဖြစ်သွားခြင်း

ကျွန်ုပ်သည် စာအလွန်တတ်ချင်၏။ ဘွဲ့ရ ပညာတတ်ဖြစ်ချင်၏။ မိမဲ့ ဘမဲ့ဖြစ်၍ ပညာတတ်မှသာ ဆင်းရဲတွင်းမှ လွတ်မြောက်မည်ဟု ယုံကြည်ထား၏။ ကျွန်ုပ်တို့မြို့ကလေးတွင်လည်း တက္ကသိုလ်ကျောင်းသားများ အလွန်စန်းပွင့်၏။ ကြိုက်မယ့်သူပေါ၏။ ခေါ်ချင်ပြောချင်သူပေါ၏။ ကျွန်ုပ်သည် လူကသာ ပုံမလာ၊ ဗလံ သေးသေးကွေးကွေးလေးဖြစ်သော်လည်း တောင့်တောင့်ဖြောင့်ဖြောင့် ချောချောလှလှ မိန်းကလေးများကို သဘောကျ၏။ ဥစ္စာပေါ ရုပ်ချောများကို နှစ်သက်၏။ သူတို့နှင့် ချစ်ကျွမ်းဝင်ချင်၏။ ထိုသို့ ချစ်ကျွမ်းဝင်ရန် အတွက်ကား တက္ကသိုလ်ဘွဲ့ရပညာတတ်ဖြစ်မှသာ ရနိုင်လိမ့်မည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် တက္ကသိုလ်ဝင်တန်း၌ စာအသေအကျေ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားခဲ့၏။

၁၀ တန်းကို **One Stroke** နှင့် အသက် ၁၆ နှစ်တွင် အောင်ခဲ့၏။

ဆွေမျိုးများ ဝိုင်းထောက်ပံ့သည့် မရှိမယ့် ရှိမယ့် ငွေကလေးနှင့် ရန်ကုန်တက္ကသိုလ် တက်ဖြစ်ခဲ့သည်။ သုံးနှစ်ခန့် ချို့ချို့တဲ့တဲ့ ကျောင်းတက်ပြီး ဝိဇ္ဇာ ပထမနှစ်အောင်ပြီးစဉ်မှ ကျောင်းထွက်ခဲ့သည်။ ဆွေမျိုးများက ထောက်ပံ့ငွေ မပေးနိုင်တော့၍ဖြစ်၏။ ဝိဇ္ဇာနောက်ဆုံးနှစ်တွင် အပြင်ထွက်အလုပ်လုပ်၍ နေ့ကျောင်းဆရာ၊ ညကျောင်းသားဖြစ်ခဲ့၏။ လုပ်သားကောလိပ် တက်ဖြစ်သည်။ လုပ်သားကောလိပ်တက်ပြီး ဝိဇ္ဇာဘွဲ့ ရခဲ့သည်။

ကျောင်းဆရာဘဝ၌ မခံချင်သောစိတ်ကြောင့် စစ်တပ်ထဲ ခြေစုံပစ်ဝင်လိုက်သည်။ ကျန်းမာရေး သိပ်မကောင်းသည့် ခယိုးခရိုင်လေးနှင့် စစ်သားဖြစ်လာခဲ့၏။ ဗိုလ်သင်တန်းတက်ပြီး ဗိုလ်ဖြစ်သွားတော့၏။ ကျွန်ုပ်နှင့် ရည်ငံနေသော အမျိုးသမီးကြီးက "နင်က ခယိုးခရိုင်နဲ့ ပျော့လေး၊ စစ်သားလုပ်လို့မရပါဘူး၊ စစ်တပ်က တအားပင်ပန်းတာဟဲ့၊ ငါ့အစ်ကိုတွေက စစ်သားတွေ"

အဲဒီလိုတစ်မျိုး။

"ကိုသက်ဦး စစ်တပ်ထဲ ဝင်ရဲလား။ စစ်ဗိုလ်တွေ ခေတ်စားနေတာ ဝင်ကြည့်လေ"

စစ်ဗိုလ်ဖြစ်မှပဲ ကြိုက်မယ့်ပုံနှင့်ပြောလာသည့် မိန်းမချောလေးတွေကတစ်မျိုး။

"ဟော့ကောင် ... မင်းက ဂျူနာ ရိုက်ကုန်းပဲကွာ၊ ပျော့





ဂိပုံနဲ့ စစ်တပ်ထဲဝင်ရင် မင်း အသက်ထွက်သွားမှာပေါ့ကွာ။ ဟား ဟား ... ဟား ... ဟား"

ဟု သူငယ်ချင်းအချို့၏ လှောင်ပြောင်မှုခံရတာကတစ်မျိုး။

ဤသို့အကြောင်းအမျိုးမျိုးဖြင့် ယောက်ျားမာနကို ထိပါးခံရလာသဖြင့် ဟယ် ... ဖြစ်ချင်ရာဖြစ်ပါတော့ ငါစစ်သားလုပ်မယ်ဟော့ဆိုပြီး စစ်တပ်ထဲ ဝင်လိုက်မိခြင်းပါသည်ခင်ဗျား။

ဘာမှ တပ်မတော်ချစ်လို့ တိုင်းပြည်ချစ်လို့ မဟုတ်ပါ။

ဘဒွေး ဦးမြမောင် ဟောလိုက်သည့် "မင်း စစ်သားဖြစ်မယ် ဟော့ကောင်ရေ" ဆိုသည့် ပထမ တစ်ချက်ကား မှန်သွားခဲ့လေပြီ။

**ကျွန်ုပ်အိမ်ထောင်ကျခြင်း**

ကျွန်ုပ်သည် စစ်ဗိုလ်ကလေးဖြစ်သည်နှင့် ရည်ငံထားခဲ့သော ပိန်းကလေးများနှင့် တွေ့ဆုံသည်။ အထီးကျန်ဘဝကို အဆုံးသတ်ရန် ဆုံးဖြတ်ထားသည်။

ပထမဦးဆုံးက တက္ကသိုလ်တွင် တွဲခဲ့သော **Girl Friend** အစ်မကြီး။ သူနဲ့ တစ်နှစ်ကျော်တွဲခဲ့သည်။ မိသားစုများနှင့်ပါ ရင်းနှီးသည်။

အစ်မကြီးက တောင့်တောင့်ဖြောင့်ဖြောင့် လုံးကြီးပေါက်လှကြီး။

ချစ်ချင်စရာကြီး။ တစ်နှစ်ကျော်အတွင်းမှာ အတော်ရင်းနှီးခဲ့သည်။ အတွင်းသိ အစင်းသိမို့ အစ်မကြီးအား ချစ်ရေးဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခွင့်တောင်းခဲ့သည်။ အစ်မကြီးက ခပ်တည်တည်ဖြင့် ...

"ငါ့ထက်ငယ်တဲ့သူ မယူဘူး"

ဟု ပြတ်သားစွာ ငြင်းဆိုသည်။ အစ်မကြီးက ရန်ကုန်သူ။ ကျွန်ုပ်ထက် အသက်လေးနှစ်ကြီးသည်။ အသက်သာမကပါ ကျန်တာတွေလည်း အကုန်ကြီးပါသည်။ ထားပါတော့ခင်ဗျာ။ နောက်တစ်ယောက်အကြောင်းပြောပါဦးမည်။

အရာရှိဖြစ်ပြီး ခွင့်ပြန်တော့ အညာရောက်သည်။ ယဉ်ရည်းစားနှင့် တွေ့သည်။ ဒီမှာလည်း လက်ထပ်ဖို့အရေး အသဲအသန်ဆွေးနွေးသည်။ ယဉ်ရည်းစားက ခိုညည်းသလို ညည်းပြီး "သုံးနှစ်လောက် စောင့်ပေးပါဦး မောင်ရယ်" ဟု **Request** လုပ်သည်။ သူ့မှာက မိသားစု ပြဿနာများရှိနေသည်လေ။ သူက မောင်နှမများထဲတွင် အကြီးဆုံး၊ မိသားစုကိုလုပ်ကျွေးရဦးမယ်တဲ့။ ဒုတိယ အကြိမ်မြောက် အောင်မြင်စွာ ချာစစ်ဆင်ခဲ့ရပြန်၏။

ကျန်တစ်ဦး နှစ်ဦးနှင့် တွေ့ကြည့်ပြန်၏။ ဗိုလ်ကတော် လုပ်ချင်ကြသော်လည်း တောထဲလိုက် မနေချင်သူတွေမို့ ကျွန်ုပ်၏ စစ်သားဘဝနှင့် အဆင်ပြေဘွယ်ရာမမြင်၍ လက်လျှော့ခဲ့ရ၏။

ကျွန်ုပ်သည် နှစ်ပေါင်းအတော်ကြာ အထီးကျန်ဘဝနှင့် နေလာခဲ့ရသည့် **Lonely Life** ကို အလွန်အဆုံးသတ်နေချင်သည်။ တူနှစ်ကိုယ်တိုင်းပြည်လေး တည်ဆောက်ချင်နေသည်။ ခွင့်ရက်စေ့၍ တပ်ပြန်ရောက်သောအခါ မမျှော်လင့်ဘဲနှင့် သွားတွေ့သည်။ သူမက ကျွန်ုပ် တာဝန်ကျရာမြို့ကလေးရှိ သူ့ဆွေမျိုးတွေအိမ်မှာ တည်းခိုနေရင်း ကျွန်ုပ်က စိတ်လေလေနှင့် အလည်သွားရာမှ မေနှင့်





ယှားတွေ့သည်။ တစ်ညတည်းနှင့် ချစ်ကြိုက်သွားကြ၏။ လအနည်းငယ်အတွင်းမှာပင် ဘယ်သူ့မှ မတိုင်ပင်ဘဲ နှစ်ယောက်သား ရုံးတက်လက်မှတ်ထိုး လိုက်ကြရာ အကြင်လင်မယားဘဝသို့ ကျရောက်သွားတော့၏။

မေကား ကရင်လူမျိုးဖြစ်ပြီး ခရစ်ယာန်ဘာသာ ကိုးကွယ်သူဖြစ်၏။ (နောင်ဆယ်နှစ်အကြာတွင် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာပါသည်။ ယခုအခါတွင်မူ တရားထိုင်၊ တရားစခန်း မကြာခဏဝင်နှင့် တကယ့်ဗုဒ္ဓဘာသာစစ်စစ်ကြီးဖြစ်နေပါပြီ။)

မေက တောင်ငူသူဖြစ်၏။ တောင်ငူနှင့် ရှေဦးကား မိုင်သုံးလေးရာ ဝေးပေသည်။

ဤမှာတွင်လည်း ဘဒွေး ဦးမြမောင် ဟောလိုက်သည့် "မင်းရပ်ဝေးမြေခြားက ဘာသာမတူ လူမျိုးမတူ မိန်းကလေးနဲ့ အိမ်ထောင်ကျမယ်" ဆိုသည့် အချက်သည်လည်း မှန်သွားခဲ့လေပြီ။

**ဆရာစန္ဒြနှင့်တွေ့ဆုံခြင်း**

ကျွန်ုပ်သည် ၁၉၆၈ ခုနှစ် မတ်လတွင် မေနှင့်တွေ့ဆုံ၍ အောက်တိုဘာလတွင် လက်ထပ်ခဲ့၏။

ကျွန်ုပ်အိမ်ထောင်ကျချိန်၌ လူက ကောင်းစွာ မကျန်းမာပါ။ **Gastric** ခေါ် အစာအိမ်ရောဂါကို ခံစားနေရ၏။ ရောဂါမှာ မသက်သာပါ။ တဖြည်းဖြည်း ပို၍ ပို၍ ဆိုးလာနေ၏။

၁၉၇၁ ခုနှစ်၌မူကား ခွဲစိတ်ကုသရန် အဆင့်သို့ပင် ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ အစာအိမ်က ဘာစားစား လက်မခံဘဲ အန်ထုတ်နေသည်။ ကိုယ်အလေးချိန်များ လျင်မြန်စွာကျဆင်းသွားတော့၏။ ကြာရင် လုံးပါးပါးပြီး အစာမစားနိုင်တာနှင့်ပင် အသက်ဆုံးပါးဖွယ်ရာရှိ၏။

သို့နှင့်ဆရာဝန်များ အကြံပြုချက်နှင့် ခွဲစိတ်ကုသရန် D.S.G.H ခေါ် မင်္ဂလာဒုံစစ်ဆေးရုံကြီးသို့ တက်ရောက်ခဲ့၏။

ဆေးရုံကြီးတွင် ဆေးစစ်ပြီးခွဲစိတ်ရန် သုံး၊ လေး၊ ငါးရက် စောင့်နေရ၏။ အပျင်းပြေဖတ်ရန် စစ်ဗိုလ်လူထွက်စာရေးဆရာ ဗိုလ်ညွှန့်မောင်၏ လက္ခဏာစာအုပ်ကြီးယူသွားမိ၏။ အားအားရှိတိုင်း ထိုစာအုပ်ကြီးကို ဖတ်နေမိ၏။

ခွဲစိတ်ကုသရန် နှစ်ရက်ခန့်အလို တစ်နေ့တွင် ကျွန်ုပ်သည် ညနေပိုင်း၌ ကြိုးစားလမ်းလျှောက်ရင်း ခွဲစိတ်လူနာဆောင်သို့ ရောက်သွားမိ၏။ အားလုံး လူ ၇၀ ကျော်၊ အတော်များများမှာ အစာအိမ်ရောဂါကြောင့် ခွဲစိတ်ထားသူများဖြစ်ကြ၏။ သူတို့နှင့် တွေ့ဆုံရာတွင် ထွေရာလေးပါးပြောဖြစ်၏။

"ဗိုလ်ကြီး ဗိုက်ခွဲမှာလား၊ မခွဲနဲ့ ခွဲပြီးလည်း မပျောက်ဘူး"

"ဗိုလ်ကြီး ကျွန်တော် အစာအိမ်ဖြတ်ထားတာ၊ မပျောက်လို့ ဆေးရုံပြန်တက်ရတာ သုံးလေးခါရှိပြီ"

"ဗိုလ်ကြီး ကျွန်တော့် အစာအိမ်က ဖြတ်လိုက်ရလို့ တိုပြီး ကျုံ့သွား သေးသွားတယ်။ အဲဒါ အစာစားလို့ မဝဘူး၊ အဆင် မပြေဘူး မခွဲနဲ့ မကောင်းဘူး"

ခွဲစိတ်ခံပြီး လူနာစစ်သည်အားလုံးက မခွဲရန် ပိုင်းပြောကြ၏။

ကျွန်ုပ်သည် သူတို့ပြောစကားကြောင့် ခွဲစိတ်ရန်ကိစ္စကို





စဉ်းစားရတော့၏။

ညတွင် လက္ခဏာစာအုပ်ကြီးပြန်ဖတ်၏။ နောက်တော့ လက္ခဏာသွားမေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့ နေ့လယ်တွင် ပြည်လမ်းရှိ နာမည်ကျော် လက္ခဏာဆရာကြီး ဆရာစန္ဒြ ခေါ် ဦးစန်းမောင်နှင့် သွားရောက် တွေ့ဆုံခဲ့၏။

သူသည် ဘာမှ မမေးဘဲ လက်ကိုင်ကြည့်ပြီးသည်နှင့် ...

"အင်း ... မင်းက စစ်သားပဲ လက်နက်ကိုင်ပဲ"

"ဟုတ်ပါတယ်"

"ကြည်းတပ်လား၊ ရေတပ်လား"

"ကြည်းတပ်ကပါ"

"ရေတပ်ဆို ပိုကောင်းမယ်၊ မင်းက ရေနဲ့အကျိုးပေးမယ်၊ ရေလဲ ခဏခဏ နစ်တတ်တယ်၊ သတိထားပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ဘာမေးချင်လဲ ... မေးပါ"

"ကျွန်တော် အစာအိမ်ရောဂါနဲ့ ဗိုက်ခွဲဖို့ ဆေးရုံလာတက် တာပါ။ အဲဒါ ခွဲသင့်၊ မခွဲသင့် ဆရာကြီး ဆုံးဖြတ်ပေးပါ"

"မင်းရောဂါက အသက်လမ်းကြောင်းပေါ်မှာ ကျွန်းတွေ ဆက်နေတယ်။ သုံး၊ လေး၊ ငါးခုပဲ။ အဲဒါကြောင့် ကံနာဝဋ်နာ၊ အဲဒီအသက်အပိုင်းအခြား မကျော်မချင်း မပျောက်ဘူး။ ဘယ်လိုကုကု မရဘူး။ အဲဒါကြောင့် အကြံပေးပါဆိုရင်တော့ မခွဲနဲ့လို့ အကြံ ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... အသက်ဘယ်လောက်လဲ"

"၂၆ နှစ်ပါ"

"အင်း ... ၂၇ နှစ်ကျော်၊ ၂၈ နှစ်ဆိုရင် ဖျွန်းတွေ မရှိတော့ဘူး။ အဲဒီကျရင် မင်းရောဂါပျောက်မယ်။ ဒါပေမဲ့ မင်းရဲ့ ကျန်းမာရေးလမ်းကြောင်းက အထပ်အထပ်တွေဖြစ်နေလို့ ဗိုက်နဲ့ ပတ်သက်ရင် မင်း တစ်သက်လုံး ဂရုစိုက်သွားရမယ်။ မတွဲတာတွေ မစားနဲ့။ အချဉ်အစပ်တွေရှောင်၊ အရက်သောက်တတ်ရင် သိပ် မသောက်နဲ့"

"မသောက်တတ်ပါဘူး ခင်ဗျ"

"ရာထူး အခြေအနေရော ခင်ဗျ"

"မင်း မျှော်မှန်းမထားတဲ့အဆင့်ထိ ရနိုင်တယ်"

"အသက်ရော"

"မင်းအမျိုးထဲက အသက်အရှည်ဆုံးလူတွေနေရသလောက် မင်း နေရနိုင်တယ်။ အသက်ဉာဏ်စောင့်တဲ့။ ကျန်းမာရေးတော့ ဂရုစိုက်ကွ"

"အိမ်ထောင်ရေးရော"

"တကျက်ကျက်နဲ့ မြဲမှာပါကွ၊ ကွဲလည်းခဏပါပဲ"

ကျွန်ုပ်သည် ဆရာကြီးစန္ဒြထံမှ ပြန်လာပြီးနောက် အစာအိမ် ခွဲစိတ်ခြင်း မလုပ်တော့ဘဲ ဆေးရုံမှ ဆင်းခဲ့လေတော့သည်။

အစာအိမ်ရောဂါအား မြန်မာဆေးများနှင့် ကုသရာ အတော် အတန်သက်သာသွားခဲ့၏။ ကိုယ်လက် လှုပ်ရှားမှုများကိုပါတွဲပြီး ကုသခဲ့ရာ ၁၉၇၂ ခုနှစ်မှစ၍ ကျန်းမာရေး ပြန်ကောင်းသွားပါတော့






(၁၉၇၃)ခုနှစ် ရတခ ၁၀၁ ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှ ဗိုလ်ခင်မောင်လတ် (ဗိုလ်လောင်းဘဝကပုံ)

www.burmeseclassic.com

www.burmeseclassic.com




မှဲ့ ကိုက်လို့ ဝတ္ထုတွင်ပါရှိသော စာရေးသူ၏ တပ်စုမှူး
ဗိုလ်မြင့်သိန်း



လွဲခဲ့ရသော ချစ်ဦးသူနှင့် လက္ခဏာ

www.burmeseclassic.com

www.burmeseclassic.com




ဗျူဟာမှူးဘဝက စာရေးသူ



ပုံပါအတိုင်းလက်ဖနောင့်တနေရာသက်ကြိုးပြတ်ခံ့တွင်

www.burmeseclassic.com

www.burmeseclassic.com




မြန်မာနတ်နှင့်နတ်ကတော်များ




ပုံပါအတိုင်းဦးခေါင်းလမ်းကြောင်းကိုပြတ်နေပါက

www.burmeseclassic.com

www.burmeseclassic.com



ပုံပါအတိုင်း ကျားလိင်အင်္ဂါတွင် မှဲ့ ပါက
အမျိုးသမီးများ၏ အထူးနှစ်သက်ခြင်းကို ခံရသည်ဟု
မှဲ့သျှုတ္တရကျမ်းများက ဆိုသည်



တပ်မတော်ထဲ မဝင်မီ
ဘွဲ့ရခါစက စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူနှင့်ဇနီး
(အရာရှိကြီးဘဝ)



ယည်ခင်ဗျား။

သူပြောတာ အားလုံးနီးပါး မှန်ခဲ့ပါသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်သည် လက္ခဏာပညာကို တစိုက်မတ်မတ်လေ့လာလိုက်စားခဲ့ပါသည် ခင်ဗျား။

**ကျွန်ုပ်နှင့် (၁၀၁) ကွန်မန်ဒိုတပ်ခွဲမှ အရာရှိများ**

၁၉၇၂ ခုနှစ်တွင် ကျွန်ုပ်သည် ကျောက်တစ်လုံးတပ်သို့ ရောက်ရှိ၏။ ဖွန်လတွင်ဖြစ်သည်။ စစ်ဆင်ရေး တစ်ပတ်ထွက်ရာ တပ်ခွဲမှူးတာဝန် ထမ်းဆောင်၏။ ကျွန်ုပ်၏တစ်ဦးတည်းသော တပ်စုမှူးမှာ **DSA 14** မှ ဗိုလ်သန်းမောင်ဝင်း ဖြစ်သည်။

သူနှင့် ကျွန်ုပ်သည် မိုးတွင်းကာလ ရေးတောင်ခြမ်း ဟန်ဂံ ဟိုက်ပွဲအပြီး၌ အလွန်ချစ်ခင်သွားကြ၏။ တိုက်ပွဲတွင်း ရဲဝံ့စွန့်စားစွာ ကျွန်ုပ်တိုက်ပွဲဝင်သည်ကို သူတွေ့သွားသည်။ ရန်သူနှင့်ရင်ဆိုင်ရာတွင် ဉာဏ်ခြင်းပြိုင်၍ အနိုင်ယူခြင်း၊ **Deception** ခေါ် ဉာဏ်ကစားခြင်း၊ လှဲ့ကွက်များသုံးခြင်း၊ စိမ့်ဝင်ထိုးဖေါက်၍ ပျောက်ကြားစနစ်ကျင့်သုံးခြင်း စသည့် ကျွန်ုပ်၏ စစ်ပညာများကိုလည်း သူလေးစားသည်။ ကရင်စကားတတ်သည်ကိုလည်း သူသဘောကျသည်။

"အစ်ကိုက ဘက်စုံပဲဗျာ"

"စောစောတုန်းက လူက သေးသေးကွေးကွေး ရောဂါသည်လေးမို့ အထင်မကြီးဘူးဗျာ။ အခုတော့ လေးစားသွားပြီဗျာ"

သူနှင့်ကျွန်ုပ်ခွဲခါနီး၌ သူကအထက်ပါအတိုင်းပြောသွား၏။ အားလပ်သည့်တစ်ရက်၌ သူ့လက္ခဏာအားကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ညီ ရေကြောင်းခရီးသွားရင် ကြည့်သွား၊ အန္တရာယ်တွေ့တတ်တယ်။ တနင်္လာဂြိုဟ်ခုံမှာ ကြက်ခြေတွေ တွေ့တယ်။ နှလုံးလမ်းကြောင်းမှာလည်း ဟနေတာတွေ့တယ်။ အသက်လမ်းကြောင်းကို ဥပါဒ်လမ်းကြောင်း၊ တစ်ခုက အသက် ၃၀ ပတ်ဝန်းကျင်မှာ ဖြတ်သွားတာတွေ့တယ်။ ဒါ့ကြောင့်ရေနဲ့ အသက်အန္တရာယ်နီးတယ်"

"ရတခ တစ်ခုလုံးကလည်း ရေချည်းပဲ ဥစ္စာအစ်ကိုရာ။ သေလည်း သေပေါ့။ သွားရမှာပဲ ကိစ္စမရှိပါဘူး"

သူက အထက်ပါအတိုင်းပြောလေသည်။

သူသည် ၁၉၇၃ ခုနှစ်စဉ် ကျွန်ုပ်၏တပ်ခွဲမှနေ၍ ရတခတိုင်းအရန် (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီးသို့ ပြောင်းသွားခဲ့ရ၏။ ကွန်မန်ဒိုတွင် ၂ နှစ်ကျော် သုံးနှစ်နေပြီး တပ်မ (၈၈) သို့ ထပ်ခဲ့ပြောင်းသွားရသည်။ သူ့ ပထမတပ်ခွဲမှူးမှာ ဗိုလ်မှူးစောမေလတန်ဖြစ်၏။ ၁၉၇၆ ခုနှစ်တွင် ကျွန်ုပ် ရှမ်းပြည်မြောက်ပိုင်း မိုင်းရယ်သို့ ပြောင်းရသည်။ ၁၉၇၉ ခုနှစ်တွင် မိုင်းရယ်မှ ဗထူးတိုက်ခိုက်ရေးကျောင်းပြောင်းရသည်။

ဗထူးတွင် မြန်မာနိုင်ငံအရပ်ရပ် တပ်ပေါင်းစုံမှလူစုံသည်။ သင်တန်းလာတက်ကြခြင်းဖြစ်သည်။

၁၉၈၀ ခုနှစ်တွင် သတင်းစကားကြားရ၏။ ဗိုလ်သန်းမောင်ဝင်း ထောက်လှမ်းရေးနှင့် ပြဿနာတက်ပြီး နယ်ဘက်ပြောင်းကြောင်း၊ မြောင်းမြ ဂုံနီစက်ရုံ ဒုစက်ရုံမှူးရကြောင်း၊ စက်ရုံမှူးမှာ သူ့ (၁၀၁) ကွန်မန်ဒို တပ်ဖွဲ့မှူးဟောင်း ဗိုလ်မှူးစောမေလတန်ပင်





ဖြစ်ကြောင်းတို့ပင်ဖြစ်ပါ၏။

သိပ်မကြာပါခင်ဗျာ။

ဗိုလ်သန်းမောင်ဝင်းနှင့် သူ့ဆရာ ဗိုလ်မှူး စောမေလတန်တို့ သေပြီတဲ့။

"ဟ ... ဘယ်လိုသေသွားကြတာလဲ"

လာပြောသူကို မေးရသည်။

"ရန်ကုန်–ပုသိမ်သွား ရောနဒီသင်္ဘောနဲ့ ဆရာတပည့်နှစ်ယောက် ရန်ကုန်က မြောင်းမြအပြန် မုန်တိုင်းမိပြီး သင်္ဘောမှောက်ပြီးသေတာ"

"ဘယ်နားမှာလဲ"

"တွံတေးတူးမြောင်းထဲက ထနီးနားမှာတဲ့"

"ဩော် ..."

ဤသို့အားဖြင့် ကျွန်ုပ်နှင့် အလွန်ရင်းနှီးခဲ့သော (၁၀၁) ကွန်မန်ဒို တပ်ဖွဲ့ကြီးမှ ဗိုလ်သန်းမောင်ဝင်းတစ်ယောက်အား ရေနစ်၍ ကွယ်လွန်ခဲ့ချေပြီ။

"မင်း ရေနစ်ပြီး သေနိုင်တယ်" ဆိုတော့ ...

"သေ ... သေဗျာ" ဟု ပြောခဲ့ဖူးသူတစ်ယောက်။ စစ်ဆင်ရေးတွင် ရေမနစ်ဘဲ နယ်ဘက်ရောက်မှ အထက်ပါအတိုင်း ရေနစ်၍ကွယ်လွန်သွားခဲ့ရကြောင်းပါခင်ဗျား။

လက္ခဏာပါရင် ရှောင်၍ရရန်ခက်ခဲလှပါသည်။

(၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီးတွင် ကျွန်ုပ်သိမှီလိုက်သည့်အရာရှိများမှာ အောက်ပါအတိုင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့မှူးများ –

ဗိုလ်မှူး စောမေလတန်

ဗိုလ်မှူး ခင်မောင်ဝင်း

ဗိုလ်မှူး တင်အောင်

ဗိုလ်မှူး လှမြင့်

ဗိုလ်မှူး လှရွှေ

တပ်စုမှူးများမှာ –

ဗိုလ်မြင့်သွယ် ကချင်(၂)

ဗိုလ်ခင်မောင်လတ် ကချင်(၂)

ဗိုလ်သန်းမောင်ဝင်း ခလရ (၆၁)

ဗိုလ်အောင်ကျော်စိုး ခလရ (၉၆)

ဗိုလ်အေးစန် ခလရ (၂၄)

ဗိုလ်သိန်းဇော် ခလရ (၆၂)

ဗိုလ်မောင်စွမ် ခလရ (၂၅)

ဗိုလ်လှထွန်းအောင် ခလရ (၂၄)

ကျောက်တစ်လုံးတပ်တွင် အိမ်ထောင်သည်လိုင်းနှင့် ရိပ်သာမှာ တင်းနစ်ကွင်းတစ်ကွင်းသာ ခြား၏။ အိမ်မှရုံးသို့သွားလျှင် တင်းနစ်ကွင်းကိုကျော်ပြီး ရိပ်သာရောက်သည်။ ပြီးမှ ရုံးရောက်သည်။ အရာရှိ လူပျိုဆောင်နှင့်ရိပ်သာက ကပ်လျက်ရှိသည်။

ထိုစဉ်က ရိပ်သာ၌ လူပျိုအရာရှိ သိပ်မရှိလှ။ အတော်များများက အိမ်ထောင်သည်တွေ။ လူပျိုဆောင်၌ (၁၀၁)ကွန်မန်ဒိုမှ အရာရှိများနေကြသည်။ သူတို့အားပေးထားသည်။ မိမိတို့တပ်မှ





လူပျိုအရာရှိများမှာ ရှေ့တန်းသွားနေကြရတာများသည်။

အခန်းက (၆)ခန်းရှိသည်။ လူ ၁၂ ယောက်နေလို့ရသည်။ တစ်ခန်း ၂ ယောက်။ အများအားဖြင့် လူပျိုအရာရှိ သုံးလေးယောက်ထက်တော့ မပိုပါ။ တပ်စာရင်းကိုင် UA ကိုကြည်စိန်က လူပျိုကြီးမို့ သူလည်း အရာရှိလူပျိုဆောင်မှာ ထားပေးသည်။

ကျွန်ုပ်သည် တပ်နားစဉ်ကာလ၌ ရုံးတက်ရရာ ရိပ်သာကိုဖြတ်ပြီးတက်ရ၏။ ၁၉၇၄ ခုနှစ်၌ ကျွန်ုပ် ထားဝယ်မြစ်ထဲ၌ ဗသနတ်မှန်ပြီး ဆေးအဆင့်နိမ့်၍ **Family O.C** တာဝန်ထမ်းဆောင်ရသည်။ နောက်တန်းတွင် လေး၊ ငါးလ နားလိုက်ရ၏။

ထိုအခါ (၁၀၁)ကွန်မန်ဒိုမှ အရာရှိတပ်စုမှူးများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့၏။ ရိပ်သာတွင်သူတို့နှင့် စစ်တုရင်ထိုး၊ ကျားထိုး၊ **Scrabble** ကစားနှင့် ခင်သွားကြသည်။ ဗိုလ်သန်းမောင်ဝင်းနှင့် တစ်ပတ်တည်းဆင်း အရာရှိများဖြစ်ကြ၍လည်း ဗိုလ်သန်းမောင်ဝင်းကြောင့် ပိုရင်းနှီးခဲ့ရခြင်းဖြစ်၏။

ဗိုလ်အေးစန်

ဗိုလ်အောင်ကျော်စိုး

ဗိုလ်သိန်းဇော်

သူတို့သုံးဦးကား **DSA 14** ကဖြစ်ကြ၏။

တစ်ရက်တွင် ရိပ်သာ၌ (၁၀၁)ကွန်မန်ဒိုမှ အရာရှိများ လူစုံနေ၏။

ကျွန်ုပ်က ရိပ်သာသို့ရောက်သွားသည်။ အချိန်က နေ့လယ်ထမင်းစားချိန်။ သူတို့တွေ လက်ဘော ကြည့်နေကြသည်။ ဟိုကိုဒီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တတ်ရာရာပြောနေကြသည်။ ကျွန်ုပ်ရောက်သွားသည်နှင့် ဗိုလ်သန်းမောင်ဝင်းက –

"ဟော့ကောင်တွေ ... ငါ့ဆရာ ပုရောဟိတ်ကြီး ရောက်လာပြီ။ မင်းတို့လက္ခဏာမေးချင် မေးကြ။ ငါတော့ ဟောပြီးပါပြီဗျာ။ ရေနစ်သေမယ်တဲ့ ဟဲ ... ဟဲ"

အားလုံးက ကျွန်ုပ်ကို ဝိုင်းကြည့်ကြသည်။

"အစ်ကို ... တကယ်ကြည့်တတ်တာလား"

ဗိုလ်အောင်ကျော်စိုးက မေးသည်။ ကျွန်ုပ်က ခေါင်းငြိမ့်ပြလိုက်၏။

"ဒါဆို ကျွန်တော့်ကြည့်ပေး"

သူလက်ဆွဲကြည့်ပြီးတော့ ချက်ခြင်းပြန်ချလိုက်၏။

"ကိုယ့်ညီလည်း ရေနဲ့ဒုက္ခရောက်ဖို့ရှိတယ်၊ သတိထား"

"ဟာ ... ရေနဲ့အကျိုးပေးမယ့်လူတွေချည်းပါပဲလား"

ဗိုလ်အေးစန်က လက်ထိုးပေးပြန်သည်။

"ကျွန်တော်ရောဗျာ"

"ကိုအေးစန်ကတော့ ရေနဲ့ပြဿနာ မရှိဘူး။ ဒါပေမဲ့ ခေါင်းပြဿနာရှိတယ်။ ခေါင်းခိုက်မိနိုင်တယ်။ ခေါင်းသွေးထွက်သံယို ဖြစ်နိုင်တယ်"

သူ၏လက်တွင် ဦးခေါင်းလမ်းကြောင်းသည် အင်္ဂါလွင်ပြင်၌ ကျိုးပြတ်နေ၏။ ဥပါဒ်လမ်းကြောင်းတစ်ခုလည်း အင်္ဂါအဖိုဂြိုဟ်တွင်းသို့ အသက် ၂၈/၂၉လောက်တွင် ထိုးဝင်နေ၏။

"ဟာ ... မရဏ ကိန်းတွေချည်းပါပဲလားဗျာ"





"တွေ့တာ ပြောရတာလေ"

"ဦးခေါင်းလမ်းကြောင်းကျိုးပြတ်လို့ သေရမယ်ဆိုရင်တော့ ရှတပ်ဖွဲ့မှူးကြီး ဗိုလ်မှူးခင်မောင်ဝင်း လက်မှာလည်း ဦးခေါင်းလမ်းကြောင်း ပြတ်နေတယ်ကွ။ သူ မသိဘူးလား မသိဘူး။ ပြောလိုက်ရင်ကောင်းမလား"

"သွားပြောမနေပါနဲ့။ လက္ခဏာမှာပါတဲ့အတိုင်း ဖြစ်ချင်မှဖြစ်မှာပါ။ အလကားနေရင်း သူ စိတ် အနှောက်အယှက်ဖြစ်နေပါဦးမယ်"

"ရေနဲ့အကျိုးပေးတဲ့လက္ခဏာကတော့ အရင်တပ်ဖွဲ့မှူးဟောင်း ဗိုလ်မှူးစောမေလတန်မှာလည်း ပါတယ်။ သူ့လက်ကို အမှတ်တမဲ့ကြည့်ဖူးတယ်"

ဘေးနားရှိ ဗိုလ်လှထွန်းအောင်လည်း သူ့လက်ကိုထိုးပေး၏။

"ကျွန်တော့်လက်ကရော နောင်တော်ကြီး"

"ကိုလှထွန်းအောင်လည်း **Danger** တွေ့တယ်။ အသက် ၃၀ လောက်မှာပဲ။ သတိထား။ သွေးထွက်သံယိုမြင်တယ်"

"အသက်ဘေးနဲ့နီးလား"

"နီးတယ်"

"ဟ ... ပုရောဟိတ်ကြီးက သေဒဏ်ချည်းပဲ ပေးနေပါလားဗျာ။ ကောင်းတာလေးလည်း ဟောပါဦး"

"ကဲ ... ကဲ ... ကိုသိန်းဇော် လက်ကြည့်ပေးမယ်"

ဗိုလ်သိန်းဇော်လက်မှာ ဖြူဖွေးရှင်းလင်းပြီး အသက်လမ်းကြောင်း၊ အောင်မြင်ရေးလမ်းကြောင်း၊ ကံကြမ္မာလမ်းကြောင်းများ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကောင်းလှ၏။ အသက် ၆၀ ကျော်သည့်တိုင် အဖျက် အနှောက်အယှက်များ ကင်းရှင်းနေ၏။

"အင်း ... ဒီလက်ကတော့ လက်ကောင်းပဲ။ လေးထောင့် မကျတကျ အသက်ရှည်မယ်၊ ရာထူး ရာခံကောင်းကောင်းရမယ်။ အသက်ကြီးလေ ကြီးပွားတိုးတက်လေဖြစ်မယ်။ အသက်လမ်းကြောင်း၊ အောင်မြင်ရေးလမ်းကြောင်း၊ ကံကြမ္မာလမ်းကြောင်း၊ ဩဇာလမ်းကြောင်း အားလုံးကောင်းပါတယ်"

"ကဲ ... တော်ပါပြီ။ ကောင်းတာလေးနဲ့ ရပ်ကြစို့"

ဗိုလ်မြင့်သွယ်နှင့် ဗိုလ်ခင်မောင်လတ်ကိုလည်း ဟောခဲ့ဖူးပါသည်။ နှစ်ယောက်လုံး သွေးထွက်သံယိုရှိနိုင်ကြောင်း အမြဲ သတိမလွတ်ရန်လိုကြောင်း စသည်ဖြင့် မှာခဲ့၏။

ဤသို့ဖြင့် ကျောက်တစ်လုံးတပ်တွင် နေခဲ့စဉ်က ကျွန်ုပ်သည် အထက်ပါအတိုင်း ထိုအရာရှိများကို လက္ခဏာဟောခဲ့၏။

နိဂုံး

ကဲ ... ဇာတ်ပေါင်းပါမည်။

ဗိုလ်သန်းမောင်ဝင်း။ ။ တပ်ကထွက်ပြီး နယ်ဘက်ရောက်ပြီးမှ ရေနစ်သေရသည်။ သူရေနစ်တာ ရွှေတွင်းရေးခဲ့ပြီးဖြစ်ပါသည်။

ဗိုလ်အေးစန်း။ ။ (၁၀၁) ကွန်မန်ဒိုကတပ်ပြန်ပြီး သိပ္ပံ မကြာမီမှာပင် Outpost စခန်းထိုင်နေစဉ် သူ့စခန်းကိုရန်သူလာပစ်ရာ M 79





ကျည်စခေါင်းထိ၍ ကျဆုံးသွားခဲ့၏။ စခန်းမှာ သထုံနှင့် ကျိုက်ထိုကြား လမ်းကြောင်းလုံခြုံရေးစခန်းဖြစ်၏။

ဗိုလ်အောင်ကျော်စိုး။ ။ (၁၀၁)ကွန်မန်ဒို တပ်ဖွဲ့ကြီးမှ ပြန်၍ တပ်ပြန်ရောက်တော့ တပ်မ (၇၇) ပြောင်းရသည်။ တပ်မ (၇၇) တွင် တာဝန်ထမ်းဆောင်စဉ် ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းဒေသ၌ မိုးတွင်းကာလ သံလွင်မြစ်ကို ဖေါင်ဖြင့်ဖြတ်ကူးရာ ဖေါင်ပျက်၍ ရေနစ်ကွယ်လွန်ခဲ့လေသည်။ ဗိုလ်အောင်ကျော်စိုးကား ကျွန်ုပ်၏ **Mother Unit** ဖါပွန်တပ်မှ အရာခံဗိုလ်လှကြိုင်၏သားဖြစ်၏။ ကျွန်ုပ် အိမ်ထောင်ကျချိန်တွင်မှ **DSA** တက်သွား၍ ကျွန်ုပ်တို့ဇနီးမောင်နှံနှင့် ဗိုလ်မဖြစ်ခင်ကတည်းက မိသားစုလိုက် ရင်းနှီး သိကျွမ်းခဲ့ကြသူများဖြစ်ပါသည်။

ဗိုလ်လှထွန်းအောင်။ ။ (၁၀၁) ကွန်မန်ဒိုမှ တပ်ပြန်ပြီး ချင်း (၃) မိုင်းယောင်း ပြောင်းရသည်။ မိုင်းယောင်းအတိုက်ခံရသည့် ၁၉၈၀ ၌ ကော်ဖိုးကျားစခန်း၌ ကျဆုံးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဒသိန်းဖော်။ ။ သူ့လက်ကား ရှားရှားပါးပါး အားလုံးကောင်းသောလက်ဖြစ်၏။ အသက်ကြီးပိုင်းတွင် ဗိုလ်မှူးချုပ်ဘဝနှင့် ဆက်သွယ်ရေးဝန်ကြီးဖြစ်လာ၏။ ယခု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ဝင်အဖြစ်ပါဝင်နေဆဲဖြစ်ပါ၏။

ဗိုလ်ခင်မောင်လတ်။ ။ ဘားအံ ကချင် (၂)မှ ဖြစ်သည်။ ကချင် (၂)မှ အရှေ့မြောက်ဒေသပြောင်းရပြီး ဗိုလ်မှူးဘဝ၌ မိုင်းထိ၍ ခြေတစ်ဖက်ဖြတ်ခဲ့ရသည်။

ဗိုလ်မြင့်သွယ်။ ။ ဘားအံ ကချင် (၂)မှ ဖြစ်သည်။ ၁၉၇၄ ခုနှစ်၊ မြဝတီတိုက်ပွဲ၌ ကျဆုံးခဲ့သည်။

ဗိုလ်မှူးစောမေလတန်။ ။ ၁၉၈၀ ရောနဒီ မြုပ်ရာတွင် ရေနစ်သေဆုံးခဲ့သည်။

ဗိုလ်မှူးခင်မောင်ဝင်း။ ။ ၁၉၇၅ ခုနှစ်၊ ဒေါနအနောက်ခြမ်း တိုက်ပွဲများတွင် ကျဆုံးခဲ့သည်။ သူက ရန်ကုန်သား မျိုးကြီးရိုးကြီးဖြစ်သည်။ သူသေတော့ သူ့အဖေကြီး တပ်လိုက်လာသည်။ သူ့အလောင်းက တောထဲမှာ မြှုပ်ခဲ့ရသည်။ အဖေကြီးခမျာ သူ့သားအလောင်းတောင် မမြင်ရ၍ ရိပ်သာက သူ့သားအခန်းတွင် ခေါင်းနှင့်





သူ့သား ခုတင်တိုင် တိုက်ကာ "သားရေ ... သားရဲ့" ဟု မြည်ကြွေးပြီး ရှိုက်ကြီးတငင် ငိုရှာသည်။ ကျွန်ုပ်က နောက်တန်းမှူး ခေတ္တတာဝန် ထမ်းဆောင်နေစဉ်ဖြစ်၍ ထိုပုဂ္ဂိုလ်ကြီးအား ရိပ်သာလိုက်ပို့ရသဖြင့် မှတ်မိနေခြင်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ အငြိမ်းစား အရာရှိကြီးလည်းဖြစ်၏။ ဗိုလ်ကြီးခင်မောင်ဝင်းမှာ သေတော့ အသက် ၄၀ ပင် မပြည့်သေးပါ။ သူ့အဖေကြီးမှာ ၆၀ ကျော် ၇၀ နီးပါးဟု ခန့်မှန်းရပါသည်။

ဤသည်မှာ ကျွန်ုပ်သိသော (၁၀၁)ကွန်မန်ဒိုတပ်ဖွဲ့မှ အရာရှိများအကြောင်းပါခင်ဗျား။

သူတို့လက္ခဏာများကိုကြည့်ပြီး တွေ့တာမြင်တာတွေကို လူငယ်မို့ ပြောရမှန်းမသိ မပြောရမှန်း မသိပြောလိုက်မိရာ အားလုံးလိုလိုက မှန်နေသဖြင့် ကိုယ့်ကိုကိုယ်ပင်ပြန်ပြီးအံ့သြမိပါသည်။

နိဂုံးချုပ်ဖော်ပြရမည်ဆိုပါက လက္ခဏာတွင် ပါလာပါက ကောင်းကောင်းဆိုးဆိုး လွတ်ခဲသည်ဆိုသည့် အကြောင်းပါခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com

## မြွေကိုက်လို့

ရေးသူ – သောင်းဝေဦး

၁၉၇၄ ခုနှစ်၊ နွေနှောင်းကာလ။

ကျွန်ုပ်သည် တပ်ခွဲတစ်ခွဲကို ဦးစီးကွပ်ကဲကာ ရေး၊ ...ားဝယ်ကားလမ်းမကြီး၌ လုံခြုံရေးတာဝန် ထမ်းဆောင်ရင်း ...ပုံးပါတီတပ်များနှင့် မကြာခဏတိုက်ပွဲများ ဖြစ်လျက်ရှိသည်။ ရေးနှင့် ...လိန့်အောင်ကြား ကားလမ်းပေါ်က ရာဖူးရွာလေးတွင် ခေတ္တ ...အခြေပြုနေစဉ်ဖြစ်၏။

တစ်ရက် နံနက်စောစောတွင် တပ်ခွဲဆက်သွယ်ရေးစက် ...သမားမှ ကြေးနန်းတစ်စောင်လာပေး၏။ ထားဝယ်ရောက် တပ် ...ရင်းမှူးကြီးထံမှဖြစ်သည်။

**“ဤကန ရရှိပါက ခွဲတစ်ခွဲလုံး မိချောင်းလောင်း ချောင်းဖျားသို့ ချီတက်ရှင်းလင်းပြီး ထူးခြားမှုမရှိပါက ရာဖူးသို့ ပြန်လည်အခြေပြုရန်”**

“အေးကွာ သွားဆိုလည်း သွားရမှာပေါ့။ ကဲ . . . ဗိုလ်မြင့်



www.burmeseclassic.com

www.burmeseclassic.com



သိန်း၊ သွားခေါ်ကွာ''

ကျွန်ုပ်သည် ခွဲရုံးဆက်သားအား ဗိုလ်မြင့်သိန်း အခေါ်လွှတ်လိုက်၏။ ဗိုလ်မြင့်သိန်းသည် ကျွန်ုပ် တပ်ခွဲမှ တစ်ဦးသော အရာရှိ တပ်စုမှူးဖြစ်၏။

''ကိုမြင့်သိန်းရေ ချောင်းဖျားကို တပ်ခွဲလုံးသွားရှင်းပါတဲ့ဗျာ။ တောတိုးပြီး ခရီးကြမ်းမှာဆိုတော့ အလေးအပင်တွေထားခဲ့ပြီး ပေါ့ပေါ့ပါးပါးသွားရအောင်။ တပ်ခွဲကို လူစစ်ပြီး တန်းစီနိုင်းဗျာ၊ ရိက္ခာတော့ တစ်ရက်စာပဲ ထည့်ခဲ့တာပေါ့''

ခဏအကြာတွင် တပ်ခွဲတန်းစီတော့၏။

''ဟ ... လူက ၅၀ သာသာပါလား။ လူ ၇၀ လောက်ရှိတာ ဘာဖြစ်လို့လဲ။ C.Q ဆရာကြီးစိန်ထွန်း ခေါ်စမ်းပါဦး''

ဆရာကြီးစိန်ထွန်း ရောက်လာသည်။

''ဘယ်လိုလဲ ဆရာကြီးစိန်ထွန်း၊ လူက ၅၀ ကျော်ပဲလား။ ကျန်တဲ့ကောင်တွေ ဘယ်ရောက်လဲ''

''ဟုတ်ကဲ့၊ တပ်ခွဲမှူး။ ကျန်တဲ့လူတွေက မဲ့ကိုက်လို့ပါခင်ဗျ''

''ဘာဗျာ မှက်ကိုက်လို့၊ ဟုတ်လား မှက်က ပဒူမှ မဟုတ်တာဗျာ။ မှက်ကိုက်တာများ ဆေးလိမ်း ရတာပဲ။ ခင်ဗျားကောင်တွေ ခရီးမထွက်ချင်တာနဲ့ ကလိန်ကကျစ်ကျပြီထင်တယ်''

''အဲဒီမှက်မဟုတ်ဘူး ခင်ဗျ။ ဟိုမဲ့''

''ဘာမှက်လဲဗျ''

''မှက်မဟုတ်ဘူး ခင်ဗျ၊ မဲ့ပါ''

ထိုအခါ ဗိုလ်မြင့်သိန်းက ကျွန်ုပ်နားကပ်လာပြီး တစ်စုံ





တစ်ရာကို တိုးတိုးတိတ်တိတ်ဖြင့် ပြောလေသည်။

''အို ... အဲဒီလိုလား၊ အဲဒါဆိုရင် အဲဒီကောင်တွေခေါ်ဗျာ၊ တန်းစီနိုင်း၊ အားလုံးဘောင်းဘီချွတ်ထားနိုင်း''

ကျွန်ုပ်သည် တန်းစီထားသည့် Naked စစ်သည် ၁၀ ဦးအား သေချာစွာစစ်ဆေးရာ ၎င်းတို့၏ ငယ်ပါ Penis များအားလုံး မယောင်ကိုင်း၍ အမှန်ပင်လမ်းမလျှောက်နိုင်ကြောင်းကို အံ့ဩစွာ မကွေ့ရတော့၏။

''ဟာ ... ဆေးတပ်သားဇော်ဝင်း ခေါ်ကွာ''

ဆေးတပ်သား ဇော်ဝင်းရောက်လာသည်။

''ဟော့ကောင် ဇော်ဝင်း ဒီခွေးမသားတွေကို ပင်နယ်စလင် ၊ ငါးသိန်းအား တစ်နေ့တစ်လုံး မပျောက်မချင်း ထိုးပေးလိုက်ပင်းကွာ၊ အပ်ကြီးကြီးနဲ့ထိုးပေးဟေ့၊ မှတ်သွားအောင်''

''ကဲ ... ရှိတဲ့လူနဲ့သွားမယ်။ ဇော်ဝင်းက ဒီကောင်တွေ ဆေးထိုးပေးဖို့ ဒီမှာနေခဲ့။ မင်းတပည့် ကုလား ဘိုလေး ထည့်ပေးလိုက်။ ဆရာကြီးစိန်ထွန်းကလည်း ခွဲရုံးအလေးအပင်တွေနဲ့နေခဲ့ဗျာ။ ကျုပ်တို့ ပေါ့ပေါ့ပါးပါးပဲသွားမယ်''

ကုလ ဘိုလေးမှာ အကူဆေးတပ်သား ဖြစ်သည်။

ထိုနေ့က လူ ၅၀ ခန့်နှင့် ခရီးထွက်ခဲ့ရ၏။ ရည်မှန်းချက်မှာ မိုင် ၂၀ ခန့်သာဝေးပေသည်။ တစ်ရက် သွားရ၏။ တောတိုးခြုံတိုးပြီး ပင်ပန်းကြီးစွာသွားရ၏။ ဘာရန်သူသတင်းမှ မရသဖြင့် တစ်ည အိပ်ပြီး ပြန်ခဲ့၏။

ထိုမဲ့ကိုက်သူများကို ပယ်နယ်စလင် ငါးသိန်းအား တစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



ခန့်ထိုးပေးမှ ရောဂါပျောက်သွားတော့၏။

သူတို့ကိုက်လိုက်တဲ့ မှဲ့ကား အတော်အစွမ်းထက်ပေသကိုး။

ရာဖူးပြန်ရောက်တော့ ဖြစ်စဉ်ကို မေးရသည်။ ဘယ်လိုဖြစ်လာသလဲပေါ့။ ဖြစ်စဉ်အား ဆေးတပ်သား ဇော်ဝင်းက အောက်ပါအတိုင်းပြောတော့၏။

❖ ❖ ❖

"ဒီလိုပါ တပ်ခွဲမှူး ခင်ဗျ။ ဟိုတလောက ထားဝယ်ကို သုံးလေးရက်သွားနေရတုန်း ဒီကောင်တွေ ထားဝယ်မှာ ထောင်ကြီးကွေ့က မှဲ့ကြီးဆီသွားကြတယ်။ မှဲ့ကြီးက သိပ်သဘောကောင်းတယ်ခင်ဗျ၊ ပိုက်ဆံ ပါသလောက်ပဲ ယူတယ်။ ပိုက်ဆံမပါရင်လည်း Free။ သူက အမုန်တကယ် စားသုံးသူ ဝါသနာရှင်ခင်ဗျ။ တစ်ချို့ ပိုက်ဆံမရှိတဲ့ ရဲဘော်တွေကို သူကတောင် ထမင်းကျွေး၊ လက်ဖက်ရည်တောင် တိုက်သေးတယ်ခင်ဗျ"

"ဟော"

"မင်း မှဲ့ကြီးက တယ်ဆိုးပါလားကွာ၊ ရုပ်ရည်ကရော ဘယ်နဲ့လဲ"

"ဖြူဖြူဖွေးဖွေး ချောချောကြီးခင်ဗျ။ အသက်ကတော့ သုံးဆယ်သာသာပါဘဲ။ လူပေါင်းစုံတော့ သူက မသန့်ဘူးခင်ဗျ။ ဒါကြောင့် ဗိုလ်ကြီးတပည့်တွေ မှဲ့ကိုက်ခံရတာ"

"နေပါဦးကွ၊ မှဲ့ကြီးလို့ ဘာဖြစ်လို့ခေါ်တာလဲ"

"သူ့ရဲ့ ညာဘက်ပါး နှာခေါင်းနားမှာ မှဲ့အနက်အကြီးကြီး





တစ်လုံးရှိတယ်ခင်ဗျ။ အသားဖြူဖြူပေါ်မှာ မှဲ့ကြီးကထင်းနေတာ၊ အဲဒါကြောင့် မှဲ့ကြီးလို့ခေါ်တာခင်ဗျ၊ ပြီးတော့"

သူကစကားကိုရပ်လိုက်သည်။

"ပြီးတော့ ဘာဖြစ်သလဲ၊ ပြောကွာ"

"အဟဲ သူ့ဟိုဟာ ဘယ်ဘက်မှာလဲ အပေါ်က မှဲ့ကြီးနဲ့ ရွယ်တူ မှဲ့ကြီးတစ်လုံးရှိတယ်ခင်ဗျ"

"ဟော ... မင်းက ဘယ်လိုသိသလဲ"

"သူတို့ပြောကြတာ ခင်ဗျ"

"ဟော ..."

ကျွန်ုပ်သည် နှစ်ခြိုက်စွာပြုံးရင်း စကားအဆုံးသတ်လိုက်တော့၏။

ဒုတိယကမ္ဘာစစ်တုန်းက ဂျာမန်တပ်ရင်းတစ်ရင်းအား လူနှင့်ရင်းနှီးပြီး **V.D** ဖြစ်အောင်လုပ်၍ စစ်ထွက်အင်အားလျော့သွားအောင် လုပ်ခဲ့သည့် ပြင်သစ် **Prostitute** တစ်ဦးအားပြင်သစ်မြေအောက်တော်လှန်ရေးသမားများက ဖမ်း၍သတ်ရန်စီစဉ်ကြသည်။

သတ်ခါနီးဆဲဆဲ၌ ထိုအမျိုးသမီးက အောက်ပါအတိုင်းပြောသည်။

"ဟဲ့ ... ငါလည်း မျိုးချစ်စိတ်ရှိတယ်ဟဲ့။ နင်တို့ ငါ့သတ်ချင်သတ်။ ငါ့က ငါ့ရည်ရွယ်ချက်နဲ့ ငါ ဒီကောင် တွေကိုသေအောင် လုပ်နေတာ။ အခုတောင် ငါ့ကြောင့် သေတဲ့ကောင်တွေ သေကုန်ကြပြီ။ ကျန်တဲ့ကောင်တွေလည်း သေမှာပဲ။ နင်တို့မသတ်လည်း ငါလည်း ရောဂါကျွမ်းလို့သေတော့မယ်။ ဘာပဲပြောပြော



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ထက်ပိုပြီး ငါက ဂျာမန်စစ်သားတွေကို သတ်နိုင်တယ်တဲ့။ သတ်နိုင်တယ် နားလည်လား''

ပြင်သစ်မျိုးချစ်များက ထိုအမျိုးသမီးကို မသတ်ဘဲ လွှတ်ပေးလိုက်၏။ သို့ရာတွင် ထိုအမျိုးသမီးမှာ ထိုရောဂါဖြင့် မကြာခင်မှာပင် ကွယ်လွန်သွားခဲ့၏။

ဖတ်ခဲ့ဖူးသည့် ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ စာရေးသူက ပြင်သစ်စာရေးဆရာ ဂီးဒီမော်ပါဆွန်း။

ဤသည်ကို စဉ်းစားမိ၏။

မဲ့ကြီးကရော ဘယ်လိုပါလိမ့်။ P.D.P ကိုယ်စားလှယ်ကြီးများလား၊ ထားဝယ်က ဝဏ္ဏကျော်ထင် ဦးစံမြိုင်ရဲ့ အမျိုးတွေအများကြီး။ P.D.P ခေါင်းဆောင်တွေနဲ့ မောင်စိုးတို့၊ တင်ငွေတို့ရဲ့ အဆက်အနွယ်တွေများလား။

ညအိပ်ယာဝင်တော့ ပါလာသည့် လက္ခဏာစာအုပ်များ၊ သျှုတ္တရကျမ်းများ၊ မှဲ့အဟောကျမ်းများကို လှျောက်ဖတ်မိပါသည် ခင်ဗျား။

❖ ❖ ❖

မှဲ့အဟောကျမ်း၌ အမျိုးသမီးများနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းပါရှိ၏။

ညာဘက်ပါး၊ နှာခေါင်းနှင့် မနီးမဝေးတွင်မှဲ့ရှိလျှင် ...

- အသုံးအဖြုန်းကြီးသလောက် အပျော်ကျူးသူဖြစ်သည်။
- တဏှာရာဂကြီးတတ်၏။





- စန်းအလွန်ပွင့်ပြီး ယောကျ်ားများ၏ ချစ်ခင်စွဲလမ်းခြင်းကိုခံရတတ်၏။
- ငယ်ရွယ်စဉ်က ချမ်းသာသော်လည်း အသက်ကြီးပိုင်းတွင်မူ ကျန်းမာရေးကျဆင်းပြီး ဆိုးဆိုးဝါးဝါး သေဆုံးရတတ်သည်။
- အမျိုးသားငယ်ငယ်ရွယ်ရွယ်များနှင့် ပူးလွယ်ကပ်လွယ်မှုကြောင့် ဒုက္ခရောက်တတ်၏။

အင်းမှဲ့ကြီးက အဲဒီအမျိုးထင်ပါရဲ့။

စာကိုဆက်ဖတ်ဖြစ်သည်။ မိန်းမများ လျှို့ဝှက်သောနေရာရှိ မှဲ့အဟောတွင် အောက်ပါအတိုင်း တွေ့ရ၏။

အမျိုးသမီးများ ယောနိဘယ်ဘက်၌ မှဲ့ပါမူ ...

- ကာမရမက်ကြီးတတ်၏။
- လျှပ်ပေါ်လော်လီ၏။
- မာယာပရိယာယ်ကြွယ်၏
- ဆန့်ကျင်ဘက်လိင်တို့၏ အထူးချစ်ခင်စွဲလမ်း နှစ်သက်ခြင်းခံရတတ်၏။
- မိမိစိတ်ကို မထိန်းသိမ်းနိုင်လျှင် ဘဝတစ်ခုလုံး ပျက်စီးတတ်၏။

မိန်းမတွေတော့ပြီးပြီ။ ယောကျ်ားများမှဲ့အဟောကျမ်းကို ဆက်ဖတ်မိ၏။ ကျားလိင်အင်္ဂါ၌မှဲ့ပါမူ ...

- ဆန့်ကျင်ဘက်လိင်အမျိုးသမီးများ၏ ချစ်ခင်စွဲလမ်းမှု နှစ်သက်မြတ်နိုးမှုကိုခံရတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



- အိမ်ထောင်ဆက် များတတ်၏။
- ချစ်သူရည်းစား များတတ်၏။
- ကာမရမ္မက်စိတ် လွန်ကဲတတ်၏။

စာဖတ်ရင်း အနည်းငယ်ညောင်းညာသဖြင့် အပြင်ထွက်ပြီး အပေါ့အပါးသွားမိသည်။

အောက်သို့ငုံ့ကြည့်လိုက်မိ၏။

အလို မိမိမှာလည်း မှဲ့နက်တစ်လုံးနဲ့ပါလား။

❖ ❖ ❖

ထိုနေ့က မှဲ့အဟောကျမ်းကို ဆက်ဖတ်ဖြစ်သည်။

မှဲ့သုတေသနနှင့် ပတ်သက်ပြီး ကျမ်းပြုသူက အောက်ပါအတိုင်းဆိုထား၏။

လူ့ခန္ဓာကိုယ်ပေါ်ရှိ မှဲ့များသည် အတိတ်နှင့်အနာဂတ်ဖြစ်စဉ်များကိုညွှန်ပြသော ဂမ္ဘီရသိပ္ပံ ဝိဇ္ဇာ စရ ပညာရပ်ဖြစ်သည်။ ထို့အတွက်ကြောင့် ရှေးခေတ်မှ ယခုမျက်မှောက်ခေတ်တိုင်အောင် အရှေ့တိုင်းနှင့် အနောက်တိုင်းတို့တွင် ခေတ်စားနေသော ဝိဇ္ဇာပညာရပ်ဖြစ်၍ ကျွန်ုပ်တို့သည် နှစ်ပေါင်းသုံးဆယ်နီးပါး ခွဲခြမ်းစိတ်ဖြာပြီး လေ့လာမှတ်သားခဲ့ရာ ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းလောက်အောင် မှန်ကန်နေသည်ကို တွေ့ရှိရ၍ မိမိ၏အဆိုးအကောင်းကို သိရှိလိုသူတို့အတွက်လည်းကောင်း၊ သူတစ်ပါး၏ အဆိုးအကောင်းကို သိရှိလိုသူတို့အတွက်လည်းကောင်း ဝေဒပညာရှိတို့အတွက်လည်းကောင်း လေ့လာချက် သုတေသနပြုချက်များကို စာတစ်





စောင်၊ ပေတစ်ဖွဲ့အဖြစ် ထုတ်ဝေလိုက်ရပါသည်ဟု ပါရှိပါ၏။

မှဲ့အရောင်အသွေးများ ...

မှဲ့ဖြူ

မှဲ့နီ

မှဲ့ညို

မှဲ့နက်

မှဲ့ဝါ

မှဲ့စိမ်း

ဟူ၍ ၆ မျိုးရှိသည်။

မှဲ့နှင့်ပတ်သက်ပြီး မြန်မာ့အဘိဓာန် အတွဲ(၃)ခုဒ္ဒမှ "မှဲ့ဟူသည်မှာ **အသားအရေပေါ်တွင် သဘာဝအလျောက် စွဲထင်နေသော အနီ၊ အနက်၊ အစိမ်း စသည့် အစက်အပြောက်ဖြစ်နေသော အသားလုံးငယ် လေးကိုခေါ်သည်"** ဟုပါရှိ၏။

လူသည် မှဲ့နှင့်မကင်းနိုင်။ မှဲ့ပါရှိသောကြောင့် ကောင်းကျိုးလည်း ဖြစ်စေတတ်၏။ ဆိုးကျိုးလည်း ဖြစ်စေတတ်သည်။

လူသည် မိမိ၏ အကောင်းအဆိုးကိုလည်းကောင်း၊ သူတစ်ပါး၏အကောင်းအဆိုးကိုလည်းကောင်း သိရှိလိုသည်။ စပ်စုတတ်သောသတ္တဝါဖြစ်သည်။ သို့သော် လူတစ်ဦးတစ်ယောက်ကို အမှတ်မထင် တွေ့ရှိလိုက်သည်နှင့် ၎င်း၏အကျင့်စရိုက်၊ စိတ်နေသဘောထားတို့ကိုသိရှိရန်မှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။ စိန်ကဲ မြကဲ ပတ္တမြားကဲထက် မှုယာမာယာများလွန်းလှသော လူ့မနောအတွင်းစရိုက်ကို လေ့လာအကဲခတ်ရသည်မှာ ပို၍ပင်ခက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



လှပေသည်။

ထို့ကြောင့် မျက်မှောက်ခေတ်အထိ လူတို့သည် နက္ခတ်၊ ဗေဒင်၊ အကြားအမြင်၊ အင်္ဂါရုပ် အတတ်ပညာ၊ သာမုဒ္ဒိကပညာ၊ လက္ခဏာ၊ နတ်၊ မှော် စသော အတတ်ပညာရပ်များကို လေ့လာ လိုက်စားခဲ့ကြ၏။

သိပ္ပံနည်းမကျဟု ဆိုစေကာမူ လူလူချင်း ပေါင်းသင်း ဆက်ဆံမှုရှိနေသမျှ ကာလပတ်လုံး ဤပညာများသည် ရှိနေဦးမည်၊ ခေတ်စားနေဦးမည်ဟု ယူဆရပါသည်။

ရုပသာမုဒ္ဒိကပညာဟု ခေါ်ဆိုအပ်သော လူ့ခန္ဓာကိုယ်ပေါ်တွင် သဘာဝအလျောက်ဖြစ်တည်နေသော မှဲ့များနှင့်ပတ်သက်၍ ဟော ပြောနိုင်သည့် မှဲ့သာမုဒ္ဒိကပညာရပ်သည် ရုပသာမုဒ္ဒိကပညာရပ်၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်ပေသည်။

ဆက်လက်၍ စာရှုသူများ ဗဟုသုတအလို့ငှာ ကျွန်ုပ်သိ ထားသည့် မှဲ့အဟောများကို ဖော်ပြပေးပါဦးမည်။

## ထင်ရှားသောမြန်မာမှဲ့များ

မြန်မာတို့သည် မှဲ့များကို အထူးစိတ်ဝင်စားကြသည်။ ရှေးမြန်မာကြီးတို့သည် ထူးခြားစိတ်ဝင်စားဖွယ်ကောင်းသော မှဲ့များ ကို အမည်နာမများ မှည့်ခေါ်ထားကြသည်။ အမျိုးသားမှဲ့ နိမိတ် အဟော၊ အမျိုးသမီးမှဲ့ နိမိတ်အဟောဟူ၍ ခွဲခြားသတ်မှတ်ထား ရှိသည်။ အောက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်။





## အမျိုးသားများနှင့်ပတ်သက်၍ မှဲ့နိမိတ်အဟောမှာ

### (က) ရတနာရွှေအိုး

ရင်ဘတ်အလယ်တည့်တည့်တွင် ထင်ရှားသော မှဲ့တစ်လုံး တည်းရှိသော် "ရတနာရွှေအိုး" ဟူ၍ခေါ်သည်။ ထိုမှဲ့မျိုးရှိခဲ့လျှင်–

- ကြွယ်ဝချမ်းသာတတ်၏။
- နာမည်ထင်ရှားကျော်ကြားသည်။
- အကြီးအကဲဖြစ်တတ်၏။
- ဆင်းရဲဒုက္ခတွေ့လျှင်လည်း ခဏမျှဖြစ်ပြီး ပြန်လည် ကြီးပွားတတ်၏။

### (ခ) ရတနာရွှေကြုတ်

ဘယ်ဘက်နားထင်တွင် ထင်ရှားသောမှဲ့ကြီးတစ်လုံးရှိလျှင် ၎င်းကို "ရတနာရွှေကြုတ်" ဟုခေါ် သည်။ ထိုမှဲ့မျိုးရှိခဲ့လျှင် –

- ငယ်စဉ်တွင် ဆင်းရဲဒုက္ခအမျိုးမျိုးကြုံရတတ်၏။ ကြီးပြင်းချိန်တွင်မူ ချမ်းသာတတ်၏။
- နိုင်ငံအကြီးအကဲဖြစ်တတ်၏။
- အမည်ထင်ရှား၍ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခံရ တတ်၏။
- စည်းစိမ်ဥစ္စာ ဓနပြည့်ပြည့်ဝဝနှင့် နေရတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## (ဂ) မျည်ရည်ခံ (ဘယ်)

ဘယ်အောက်မျက်ခမ်းနှင့် အထက်နှုတ်ခမ်းကြား မျက်ရည်စီးကျရာလမ်းကြောင်းပေါ်တွင် ထင်ရှားစွာရှိသောမှဲ့ကို "မျက်ရည်ခံမှဲ့"ဟုခေါ်သည်။ ထိုမှဲ့မျိုးရှိခဲ့လျှင် ...

- စိတ်မြန်၏။
- ဆင်ခြင်ဉာဏ်နည်း၏။
- ကြီးမားသောထိခိုက်ဒဏ်ရာရမှုများဖြစ်တတ်၏။
- ဥပစ္ဆေဒကကံနှင့် ကြုံရတတ်၏။
- မမျှော်လင့်ဘဲ ဇနီးသည်စောစီးစွာသေဆုံးသွားတတ်၏။

## (ဃ) မျက်ရည်ခံ (ညာ)

ညာဘက်အောက်မျက်ခမ်းနှင့် အထက်နှုတ်ခမ်းကြား မျက်ရည်ကျရာလမ်းကြောင်းတွင် ထင်ရှားစွာမှဲ့ရှိလျှင် ထိုမှဲ့ကို "မျက်ရည်ခံ" ဟုပင်ခေါ်သည်။ ထိုမှဲ့မျိုးရှိခဲ့လျှင် ...

- စိတ်ရှည်၏။
- ဆင်ခြင်ဉာဏ်ကောင်း၏။
- သိုသိပ်ပိရိစွာနေတတ်၏။
- စိတ်သောကများရတတ်၏။
- အလုပ်တစ်ခုခုလုပ်လျှင် မပြီးမချင်း ဇွဲဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်၏။






ရင်အလယ်တည်တည်မ ရတနာရေအိုး

www.burmeseclassic.com

www.burmeseclassic.com



ညာပါးပြင်ပါးစပ်အနီးမှ ရွှေဗိတုန်းစုပ်



စံပါယ်တင် ညာ

www.burmeseclassic.com

www.burmeseclassic.com



ရွှေပိတုန်းစုပ်



ဘယ်နားထင်မှ ရတနာရွှေကြုတ်

www.burmeseclassic.com

www.burmeseclassic.com




မျက်ရည်ခံဘယ်



ဘယ်ပါးပေါ်တွင် စံပါယ်တင်မဲ့ နှင့်သူကလေး

www.burmeseclassic.com

www.burmeseclassic.com




ဘယ်အပေါ်နှုတ်ခမ်းတွင် မှဲ့ပါသည့်

အမေရိကန်မော်ဒယ်မင်းသမီး စင်ဒီကရောဖို့ဒ်

www.burmeseclassic.com

www.burmeseclassic.com




ပုံပါအတိုင်း ညာနှုတ်ခမ်းအနီးနှင့် ယောနိဘယ်ခြမ်းတွင်
မဲ့တစ်လုံးစီ ရှိသဖြင့် မှဲ့ကြီးဟုခေါ်သည်

www.burmeseclassic.com

www.burmeseclassic.com

ကျား / ကျောပြင်ခေါင်းရှိမှဲ့အဟော






မေးစေ့ဘယ်တွင် မှဲ့ပါသည့် နာမည်ကျော်မင်းသားကြီး ဝင်းဦး

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ ရတခ နယ်မြေတွင် စစ်ဆင်ရေးတာဝန်



(က) စံပယ်တင် (ဘယ်)

ဘယ်ဘက်ပါးပေါ်တွင် ထူးခြားထင်ရှားစွာရှိသောမှဲ့ကို "စံပယ်တင်" ဟုခေါ်၏။ ထိုမှဲ့မျိုးရှိခဲ့လျှင် ...

- စိတ်သဘောအလွန်ကောင်းတတ်၏။
- လောကကြီးကို တရားသဘောဖြင့် အကောင်းမြင်၏။
- အသက်ကြီးပိုင်းတွင် ရဟန်းဘောင်သို့ ကူးပြောင်းသွားတတ်၏။
- ဘဝတွင်ချမ်းချမ်းသာသာ နေရတတ်၏။
- မျက်မှောက်ဘဝတွင်ပင် တရားထူးရတတ်၏။

(ခ) စံပယ်တင်(ညာ)

ညာဘက်ပါးပေါ်တွင် ထင်ရှားစွာရှိသောမှဲ့ကိုလည်း "စံပယ်တင်"ဟုခေါ်၏။ ထိုမှဲ့မျိုးရှိခဲ့လျှင် ...

- အလွန်စန်းပွင့်တတ်၏။
- လူချစ်လူခင်များ၏။
- အိမ်ထောင်ဆက် များတတ်၏။
- ဆန့်ကျင်ဘက်လိင်နှင့်ပတ်သက်၍ မကြာခဏ ပြဿနာများ တက်တတ်၏။
- အရွယ်တင်ပြီး လှပနေတတ်၏။
- စိတ်ကောင်းစေတနာကောင်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



- လောကစံနှင့် ကြုံတွေ့သော ကြံ့ကြံ့ခံနိုင်၏။

အမေရိကန် ရုပ်ရှင်မင်းသားကြီး ရောဘတ်ဒီနဲရိုးတွင် ဤမှဲ့ကြီးမျိုးရှိပါသည်။

## အမျိုးသမီးများနှင့်ပတ်သက်၍ မှဲ့နိမိတ်အဟောမှာ

### (က) ရတနာဆံကျစ်

နဖူးပြင် အလယ်တည့်တည့်တွင် ထူးခြားထင်ရှားသော မှဲ့ရှိလျှင် ထိုမှဲ့ကို ရတနာဆံကျစ်ဟုခေါ်၏။ ထိုမှဲ့မျိုးရှိခဲ့လျှင် ...

- ကံအလွန်ကောင်း၏။
- လင်ကောင်းသားကောင်းရတတ်၏။
- ကတော်မယားဖြစ်တတ်၏။
- လင်ဆိုးသားဆိုးရစေကာမူ လင်ကောင်းသားကောင်း ဖြစ်သွားတတ်၏။
- ချမ်းချမ်းသာသာ နေရတတ်၏။

ဗိုလ်ချုပ်ကြီးထွန်းကြည်၏ ဒုတိယသမီး မသီသီထွန်းတွင် ထိုမှဲ့မျိုးရှိပါသည်။

### (ခ) ရတနာဆီမီးထွန်း

နဖူးပြင် ဘယ်ဘက်တွင်မှဲ့ရှိသော ထိုမှဲ့အား ''ရတနာဆီမီးထွန်း''ဟုခေါ်၏။ ထိုမှဲ့မျိုးရှိလျှင် ...

- ဥစ္စာဓနကြွယ်ဝချမ်းသာတတ်၏။
- လင်ကောင်းရတတ်၏။





- သားကောင်းသမီးကောင်းများထွန်းကားတတ်၏။
- သားသမီးများကြောင့် သောကပွားရတတ်၏။
- မျက်မှောက်ဘဝမှာပင် တရားထူးများရတတ်၏။

### (ဂ) မျက်ရည်ခံ (ဘယ်)

ဘယ်ဘက်မျက်ခမ်းစပ်နှင့် အထက်နှုတ်ခမ်းကြား မျက်ရည်ကျရာလမ်းကြောင်းတွင် မှဲ့ရှိခဲ့သော ထိုမှဲ့ကို ''မျက်ရည်ခံမှဲ့'' ဟုခေါ်၏။ ထိုမှဲ့မျိုးရှိခဲ့လျှင် ...

- ငွေကြေးချမ်းသာသော်လည်း စိတ်ဆင်းရဲရတတ်၏။
- နာမည်ကျော်ကြားတတ်၏။
- အိမ်ထောင်ဆက် များတတ်၏။
- ဆင်းရဲဒုက္ခအမျိုးမျိုးကြုံရတတ်၏။
- ရုတ်တရက်သေဆုံးရတတ်၏။

စာရေးသူ၏သမီးအကြီး မြသောင်းဝေတွင် ထိုမှဲ့မျိုးရှိပါသည်။

### (ဃ) မျက်ရည်ခံ (ညာ)

ညာအောက်မျက်ခမ်းနှင့် အထက်နှုတ်ခမ်းကြား မျက်ရည်ကျရာလမ်းကြောင်းတွင် ထင်ရှားစွာ မှဲ့ရှိလျှင် ထိုမှဲ့ကိုလည်း ''မျက်ရည်ခံ''ဟုခေါ်ပါသည်။ အချို့က ''မျက်ရည်ခံကြီး''ဟုလည်း ခေါ်ကြ၏။ ထိုမှဲ့မျိုးရှိခဲ့လျှင် ...

- ဘဝတွင်ဆုံးရှုံးမှုများစွာကြုံတွေ့ရတတ်၏။
- အသက်အရွယ်ကြီးရင့်ချိန်တွင် ဆင်းရဲသွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



- မမျှော်လင့်ဘဲ ခင်ပွန်းသည် သေဆုံးသွားတတ်၏။

## (င) နှုတ်တဆိတ်

ဘယ်ဘက်ပါးပြင်ပါးစပ်နားတွင် မှဲ့ရှိသော် ထိုမှဲ့ကို ''နှုတ်တဆိတ်''ဟုခေါ်၏။ ထိုမှဲ့မျိုးရှိခဲ့လျှင် –

- နှုတ်အလွန်ချိုတတ်၏။
- စကားပြောပြေပြစ်ချောမော၏။
- စကားပရိယာယ်အလွန်ကြွယ်၏။
- ယောက်ျားများ ချစ်ခင်စွဲလမ်းမှုခံရတတ်၏။ လိင်ဆွဲဆောင်မှုအလွန်ကောင်း၏။
- မူယာမာယာများတတ်၏။
- အသက်ကြီးသော် တရားရတတ်၏။

မြန်မာရုပ်ရှင်မင်းသမီးကြီး အေးအေးသင်းတွင် ထိုမှဲ့မျိုးရှိသည်။

## (စ) ရွှေပိတုန်းစုတ်

ညာဘက်ပါးပြင် ပါးစပ်နားတွင်မှဲ့ရှိလျှင် ထိုမှဲ့ကို ''ရွှေပိတုန်းစုတ်''ဟုခေါ်၏။ ထိုမှဲ့မျိုးရှိခဲ့လျှင် ...

- မူယာမာယာများတတ်၏။
- ထူးထူးကဲကဲ စန်းပွင့်တတ်၏။
- ယောက်ျားများ၏ စွဲစွဲလမ်းလမ်းချစ်ခြင်းကို ခံရတတ်၏။
- လင်ယောက်ျား၏အကျိုးကျေးဇူးကို ခံစားရတတ်၏။





## (ဆ) စံပယ်တင် (ဘယ်)

ဘယ်ဘက်ပါးပေါ်တွင်ရှိသောထူးခြားသည့် မှဲ့အား ''စံပယ်တင်''ဟုခေါ်၏။ ထိုမှဲ့မျိုးရှိလျှင် ...

- အညှာလွယ်တတ်၏။
- နာမည်ကျော်ကြားတတ်၏။
- လင်ယောက်ျားချစ်အောင် အမျိုးမျိုးလုပ်ကိုင်တတ်၏။
- အချစ်ရေးရှုပ်ထွေးတတ်၏။

## (ဇ) စံပယ်တင် (ညာ)

ညာဘက်ပါးပေါ်တွင် ထင်ရှားသောမှဲ့ကိုလည်း ''စံပယ်တင်''ဟုပင်ခေါ်၏။ ထိုမှဲ့မျိုးရှိလျှင် ...

- ကံကောင်းတတ်၏။
- လူချစ်လူခင်ပေါ၏။
- လင်ကောင်းသားကောင်း ရတတ်၏။
- ယောက်ျား၏ချစ်ခြင်းကိုခံရတတ်၏။
- အလွန်စန်းပွင့်၏။
- ပစ္စည်းဥစ္စာကုံလုံကြွယ်ဝတတ်၏။
- လုပ်ငန်းတိုင်းအောင်မြင်၏။
- အနုပညာဖြင့် ကျော်ကြားတတ်၏။

ကွယ်လွန်သူ ရုပ်ရှင်မင်းသမီးကြီး မေရှီမြတွင် ထိုမှဲ့မျိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## မွဲ့စလွှယ်အကြောင်းသိကောင်းစရာ

မွဲ့စလွယ် မွဲ့စလွယ်ဟု လူတွေပြောနေကြသော်လည်း မွဲ့စလွယ်ဆိုသည်အား ဂဃနဏ သိသူရှားလှချေ၏။

မွဲ့စလွယ်ဆိုသည်မှာ ဘယ်ဘက်ရင်အုံတွင်မွဲ့တစ်လုံး၊ ရင်တည့်တည့်တွင် မွဲ့တစ်လုံး၊ ခါးနားအောက်ပိုင်း ညာခပ်ရောက်ရောက်တွင် မွဲ့တစ်လုံး မွဲ့သုံးလုံးသည် စလွယ်သိုင်းထားသလို ရှိနေသည်ကို မွဲ့စလွယ်ဟုခေါ်ပါသည်။

မွဲ့စလွယ်တွင် အထက်တွင်ဖော်ပြခဲ့သည်မှာ ဘယ်မွဲ့စလွယ် ဖြစ်ပါသည်။

အလားတူပင် ညာမွဲ့စလွယ်လည်း ရှိ၏။ ဘယ်ညာမွဲ့ စလွယ်လည်း ရှိတတ်သေး၏။ ထိုမွဲ့စလွယ်များကို အောက်ပါအတိုင်း အဟောရှိပါသည်။

### (က) ဘယ်မွဲ့စလွယ်

- ငယ်စဉ်ကဆင်းရဲပြီး ကြီးသောအခါ ချမ်းသာတတ်၏။
- လူများချစ်ခင်လေးစားပူဇော်ခြင်း ခံရတတ်၏။
- ဇနီး၊ သားသမီးနှင့် ဆွေမျိုးများအပေါ် သြဇာညောင်း၏။
- အဟောအပြောကောင်းတတ်၏။
- သိဒ္ဓိလိုင်းများလိုက်စားက ခပ်မြန်မြန် ထွက်ရပ်ပေါက် တတ်၏။
- အမျိုးသမီးများ ကတော်မိဖုရား ဖြစ်တတ်၏။
- အမြဲတမ်းချမ်းသာကြွယ်ဝတတ်၏။





ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘယ်မွဲ့စလွယ်ပါသူဖြစ်သည်ဟု ၎င်း၏ဆွေမျိုးများက ပြောကြဖူးပါသည်။

### (ခ) ညာမွဲ့စလွယ်

- မူယာမာယာများတတ်၏။ (မိန်းမများ)
- ဉာဏ်နီဉာဏ်နက်များတတ်၏။ (ယောက်ျားများ)
- အများအပေါ်၌ သြဇာညောင်းတတ်၏။
- အမျိုးသားဖြစ်လျှင် သူဌေးသူကြွယ်၊ အမျိုးသမီးဖြစ်လျှင် ကတော်မယားဖြစ်တတ်၏။
- ထင်ရှားကျော်ကြားတတ်၏။
- ချမ်းသာကြွယ်ဝတတ်၏။
- အသက်ကြီးပိုင်းတွင် လေဖြတ်ခြင်းခံရတတ်၏။ ကျန်းမာရေး အထူးဂရုစိုက်ရန်လို၏။

### (ဂ) ဘယ်ညာမွဲ့စလွယ်

- လောကီချမ်းသာကိစ္စအားလုံးပြည့်စုံတတ်၏။
- အလိုလိုက်အကြိုက်ဆောင်သော ဇနီးမယား သို့မဟုတ် ခင်ပွန်းများရတတ်၏။
- ဂမ္ဘီရနှင့် ဝိဇ္ဇာပညာရပ်များလေ့လာလိုက်စားက ယခုဘဝမှာပင် ပြီးမြောက်တတ်၏။
- ဘဝအဆက်ဆက်က မင်းဖြစ်ခဲ့သည်ဟု ရှေးပညာရှိကြီး များက ဆိုခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင်တို့သည် ထိုသို့သော မှဲ့စလွယ် (ဘယ်/ညာ)ပါသူများဟု ကြားဖူးပါသည်။

နိဂုံးချုပ်ဖော်ပြချက်

မှဲ့နှင့်ပတ်သက်သော ဗဟုသုတများ ဤမှာပင်ပြီးပါပြီ။

ဆက်လက်၍ ကျွန်ုပ်၏ "မှဲ့ကိုက်လို့" ဖြစ်ရပ်မှန်မှတ်တမ်းလေးအား နိဂုံးချုပ်ပါမည်။

ကျွန်ုပ်သည် ထို ၁၉၇၄ ခုနှစ် မိုးဦးကျတွင် ရေဖြူမြို့လေး၌ စခန်းထိန်းတာဝန်ထမ်းဆောင်ရာမှ ဩဂုတ်လတွင် ထားဝယ်မြစ်ထဲ၌ သေနတ်ထိမှန်ခဲ့၏။ **D.S.G.H** တွင် ဆေးရုံလေးငါးလတက်ရ၏။ ဆေးရုံကဆင်းသော် ကျောက်တစ်လုံးတပ်ရင်းဌာနချုပ်တွင် **Family Oc** နောက်တန်းမှူးတာဝန် ထမ်းဆောင်ရ၏။

ထိုအခါ ထားဝယ်ဒေသမှ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ပြီး ပြန်လာကြသည့် တပ်ခွဲအသီးသီးမှ စစ်သည်များ ဆေးခန်းလိုက်သည်များကို တာဝန်အရ သွားရောက်စစ်ဆေးရ၏။ တစ်ရက်တစ်ရက် လိုင်းစစ်လိုက်သူ အစိပ်သုံးဆယ်အမြဲရှိ၏။

"ဟ ... ဘာဖြစ်ကြတာလဲ၊ ဆေးခန်းလိုက်တာတွေများလှချည်လား" ဟု မေးမိရာ။

"ဗိုလ်ကြီးရေ မှဲ့ကိုက်လိုက်လို့ခင်ဗျ"

ဟု ဖော်ဝင်းတို့၊ ဘိုလေးတို့တတွေက ပြုံးဖြီးဖြီးနှင့် ဖြေကြ၏။ မှဲ့ကိုက်လွှတ်လိုက်တာ မနည်းပါလားဗျာ။ အင်းလေ အဲဒီအပတ်က စစ်ဆင်ရေးက ရှေ့တန်းမှာ ဆယ့်တစ်လကြီးများတောင်





…တာဆိုတော့ မှဲ့ကိုက်တော့ပေမပေ့ါ၊ မှဲ့ကိုက်ခံရသူများထဲတွင် …မ်ထောင်သည် အကြပ်ကြီးများ၊ အရာခံဗိုလ်များတောင် ပါနေ…ည်ကို အံ့ဩဖွယ်ရာ တွေ့ရပါသည် ခင်ဗျား။

ထိုစဉ်က သာမန်လူကောင်း သူကောင်းများ ဆေးခန်း…သွားရပါ။ လိုင်းစစ်လည်း မလိုက်ရပါ။ အထူးသဖြင့် အိမ်ထောင်…ည်များဖြစ်ကြ၏။

ဆေးခန်းသွားလိုက်မိတာနဲ့ ...

"ဘာလဲ မှဲ့ကိုက်လိုက်လို့လား"

ဟု အမေးခံကြရမှာကို ရှက်ကြ၏။

မိန်းမချင်းတွေ့ရင်လည်း စကြ၏။

"နင့်ယောက်ျား မှဲ့ကိုက် လိုက်တာလား" ဟု။

ဘာပဲဖြစ်ဖြစ် ထိုဖြစ်စဉ်လေးမှာ ထိုကျောက်တစ်လုံးတပ်င် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရယ်စရာ မောစရာဟာသအဖြစ် နေ့တိုင် ပြောစမှတ်တွင်ကျန်ရစ်လျက်ရှိကြောင်းပါခင်ဗျား။

သြော် ... မှဲ့ကိုက်လို့၊ မှဲ့ကိုက်လို့။

■



www.burmeseclassic.com

www.burmeseclassic.com

## ဇင်းဘာတိုက်ပွဲ

ရေးသူ – သောင်းဝေဦး

၁၉၇၄ ခုနှစ်၊ ဧပြီလ၏ နွေနေ့များ။

ကျွန်ုပ်သည် ရေး–ထားဝယ် ကာလမ်းမကြီးပေါ်မှ ကလိန် မြောင်တပ်စခန်းကြီးတွင် ခွဲရုံးတစ်စုဖြင့် စခန်းထိုင်နေသည့် အချိန်ဖြစ်၏။ ထိုစဉ်က ကလိန်အောင်ဒေသကား ကေအင်ယူ၊ ပြည်ပြေး ဗကပနှင့် အခြားသော ရောင်စုံသောင်းကျန်းသူများ မျိုးတူးပေါ်ပါးရာ ဒေသကြီးဖြစ်၏။

ပြီးခဲ့သော မတ်လက နွယ်လိန်ရွာတွင် ပြည်ပြေးများကို ကျွန်ုပ်တို့တပ်ရင်းမှ နှိမ်နင်းနိုင်ခဲ့၍ ပြည်ပြေးများ ငြိမ်ဝပ်ပိပြားသွား သော်လည်း အခြားသောသောင်းကျန်သူများ၏ လှုပ်ရှားမှုများကာ ရှိနေဆဲ ဖြစ်၏။

တစ်နေ့သ၌ ကျွန်ုပ်၏ တပ်စခန်းကုန်းသို့ ကလိန်အောင် ရှိစခန်းမှူး ဦးသောင်းရွှေ ရောက်လာ၏။

"တပ်ခွဲမှူး ... တပ်ရင်းမှူးကြီး ထားဝယ်သွားနေရလို့



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှာ တစ်ယောက်တည်း ဖြစ်နေတယ်ဆို။ အဲဒါကြောင့် တပ်ခွဲမှူးကို ညနေ ထမင်းစားလာဖိတ်တာ။ အပျင်းပြေစကားလည်း ပြောရအောင်ပေါ့''

ဦးသောင်းရွှေကား အသက် (၅၀)ခန့်ရှိပြီး အသားညိုညို တုတ်တုတ်ခိုင်ခိုင်နဲ့ ရှေးမြန်မာရုပ်ရှင်မင်းသားကြီး ဦးကျော်သောင်းနှင့် အလွန်တူ၏။ စကားပြောကောင်းကာ ဖော်ရွေ၏။ ကလိန်အောင် ဒေသမှာ ရောင်စုံသောင်းကျန်းသူတို့ ပေါများကျက်စားသည့် ဒေသ ဖြစ်သဖြင့် တနင်္သာရီတိုင်း ရဲမင်းကြီးရုံးမှ သူ့အား အထူးရွေးချယ် တာဝန်ပေးစေလွှတ်ထားသည်ဟု ကျွန်ုပ်သိထား၏။ သူမှာ တပ်နှင့် တွဲ၍ ထားဝယ်တောင်ခြမ်းဒေသများတွင် တိုက်ပွဲအတွေ့အကြုံ၊ အတော်များများလည်း ရှိသည်ဟုဆို၏။ ထိုကဲ့သို့ တိုက်ပွဲအတွေ့ အကြုံများကြောင့် သာမန်ရဲတပ်သားလေးဘဝမှ ယခုအဆင့်အထိ တဖြည်းဖြည်း ရာထူးတိုးတက်လာရသူဟုလည်း ပြောကြ၏။ မည်သို့ ဆိုစေ ၁၉၇၃ ခုနှစ်ကတည်းက သူနှင့် လက်တွဲတာဝန်ထမ်းဆောင် ခဲ့ရာ လုံခြုံရေးကိစ္စများမှာသာမက အခြားသော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများတွင်ပါ သူ့ထံမှ အကူအညီများ ရခဲ့ပါ၏။ မည်သည့်အကူအညီ တောင်းတောင်း မဆိုင်းမတွ ပေးလေ့ရှိ၏။ ဘာမဆို တိုင်တိုင်ပင် ပင်လည်းရှိ၏။ အလိုက်လည်း သိ၏။ ထို့ကြောင့် ပေါင်းလို့သင်းလို့ ကောင်း၏။

ယခုလည်းကြည့်ပါ။ ကျွန်ုပ်တစ်ယောက်တည်း ဖြစ်နေ၍ ထမင်းစားလာဖိတ်ခြင်း ဖြစ်သည်တဲ့။ စေတနာဖြင့် လာခေါ်သည်ပဲ စားရမည်ပေါ့။ စားရင်းသောက်ရင်း နယ်မြေအခြေအနေလေးလည်း






...တိုက်ပွဲကာလက KNU အထူးတပ်ရင်း(၁၀၁) နှင့် ပါလာသည့်

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူအရာရှိငယ်ဘဝမှ နည်းဗျူဟာမှူးဘဝထိ KNU တွင်
ဦးစီးချုပ်တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်ချုပ်ကြီး မြ

www.burmeseclassic.com

www.burmeseclassic.com



[illegible]အရာရှိငယ်ဘဝမှ နည်းဗျူဟာမှူးဘဝထိအကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရသော
KNU မှ ဗိုလ်ချုပ် ကျော်နီ

www.burmeseclassic.com


www.burmeseclassic.com




င်းဘာတိုက်ပွဲတွင် ခလရ(၆၁)တပ်ခွဲအားခေါင်းဆောင်၍
KNU များနှင့်တိုက်ပွဲဝင်ခဲ့သည့် ဗိုလ်ကြီးကျော်သာထွန်း
(ဗိုလ်လောင်းဘဝကပုံ)

www.burmeseclassic.com

www.burmeseclassic.com



၁၀၁ကွန်မန်ဒိုတပ်ဖွဲ့မှ ဗိုလ်သန်းမောင်ဝင်း




ကလိန်အောင် ဇင်းဘာဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



အရာရှိငယ်ဘဝက စာရေးသူ



နိုင်ပါမည်။ ထို့ကြောင့် ...

''ဟာဗျာ ... ဦးသောင်းရွှေကလည်း အားနာစရာကြီးဗျာ''

''အားနာစရာမလိုပါဘူး တပ်ခွဲမှူးရယ်။ ကျွန်တော်တို့က ကောင်ပြီးနေပါပြီ။ ဘာများ အရေးတကြီးရှိနေလို့လဲ။ တပ်ခွဲမှူး မလာချင်လို့လား ခင်ဗျား''

''ဟဲ . . . ဟဲ။ နောက်တာပါဗျာ။ လာမှာပေါ့။ ကျုပ်က ၊ ဘယ်သူလာဖိတ်မလဲ စောင့်နေတာ။ ရွာထဲက ထမင်းဆိုင်က ဖိတ်မလား။ ကျန်းမာရေးမှူးကြီး ဖနီးမောင်နဲ့က ဖိတ်မလား။ ာမလေးတွေ ဖိတ်မလားပေါ့ဗျာ။ အဲ . . . အခု မမျှော်လင့်ဘဲ နဲ့မှူးကြီးက ဖိတ်တော့လာမယ်ဗျာ။ တပည့်တွေချက်တာ ဟာကလည်း ပျင်းနေပြီ။ ထမင်းချက်ကောင်းတဲ့ မြသောင်း လည်း ထားဝယ်ကို တပ်ရင်းမှူးကြီးနဲ့ပါသွားလို့ ထမင်းစား ကောင်းတော့ဘူးလေဗျာ''

''အဲလို လုပ်စမ်းပါ တပ်ခွဲမှူးရယ်။ ကဲ . . . ညနေစောင့် မယ်နော်''

ဟု ပြောပြောဆိုဆိုဖြင့် အလေးပြုကာ ပြန်လည်ထွက်ခွာ ပါသည်။

❖ ❖ ❖

ကလိန်အောင်ရဲစခန်းကား လူနှစ်ဆယ်ခန့်သာရှိသည့် စခန်း ငယ်လေးဖြစ်၏။ သို့ရာတွင် အိမ်ထောင်သည်လိုင်းများတော့ ရှိနေ၏။ ဟို့အတွက် အိမ်ထောင်သည်လိုင်းများရှိနေသော်လည်း ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အတွက်ကား လွတ်လွတ်ကျွတ်ကျွတ် ရှေ့တန်းနယ်မြေဖြစ်၏။

ညနေ ထမင်းစားပွဲတွင် ...

"ကဲ ... တပ်ခွဲမှူး အားပေးလိုက်စမ်းပါဦး။ ကျွန်ုပ် ရဲမေတွေရဲ့ လက်ရာ အိမ်ထမင်း၊ အိမ်ဟင်းလေးတွေ၊ ထား မြစ်ထဲကရတဲ့ ငါးနဲ့ မနေ့က မိချောင်းလောင်းက ပို့လိုက် ကျိုသားဟင်းတွေအပြင် ငါးပိရည်၊ တို့စရာ၊ သရက်သီးအစိမ်းအသ ကလေး၊ ဟင်းချိုကလေးနဲ့ စားလို့မြိန်မှာပါ"

ဦးသောင်းရွှေက ပြင်ဆင်ထားသည့် ထမင်းပွဲကို ပြရင်း ၏။ သူ့ရဲဘော်နှစ်ဦးက လိုအပ်သည်များ စီစဉ်နေသည်။

"ဟော့ . . . ထမင်းမစားခင် ဘာလေး ညာလေး ယူခဲ့ဦးလေ။ ဩော် . . . ကိုယ့်လူတွေကလည်း တယ်ရှော်သ ကွ"

"ရပါတယ်ဗျ ဦးသောင်းရွှေရဲ့။ ဖြည်းဖြည်းပေါ့"

ကျွန်ုပ်စကားဆုံးသည်နှင့် ရဲဘော်နှစ်ဦးက Tara Whis ပုလင်းပြားလေးတစ်လုံးနှင့် အာလူးကြော်၊ မြေပဲအခွံကျွတ်ကြေ ကျိုသားခြောက်ဖုတ်၊ ငါးကြော် စသည်များ ချလာ၏။

"ကဲ ... တပ်ခွဲမှူး။ ထမင်းမစားခင် မကျွေရီ မြည်းလိုက်ပါဦး။ အပြင်းပြေပြေပေါ့နော်။ တစ်ခါတလေပဲ ချီးမြှင့်ပေ ဦး"

ဦးသောင်းရွှေက အပြောလည်းကောင်း၏။ သူပြောသ မကျွေရီဆိုသည်က ရေး-ထားဝယ် ကားလမ်းတွင် အရောင်းအဝ ကီစွနှင့် သွားလာနေသည့် ကုန်သည်မလေးဖြစ်၏။ အသက် (၂





ရှိပြီး သေးကျင်လှသောခါး၊ လုံးဝန်းသောတင်သားများနှင့် ကလှ မျက်ခုံးကောင်းကောင်း၊ စကားပြောချိုချိုများကြောင့် ကိုက်တွင် မသိသူမရှိသလောက်ရှာသလောက်ဖြစ်၏။ ကျွန်ုပ်တို့ လည်း မနှစ်ကတည်းက သိကျွမ်းနေ၏။ မကြာခဏ Tara Whisky ပုလင်းပြားလေးများ လက်ဆောင်ပေးတတ်၏။ ကျွန်ုပ်အား ကိုက်ပေးလှေ့ပေးထမရှိ။ ဦးသောင်းရွှေ၏ မိတ်ဆွေမို့ ဦးသောင်း မှတစ်ဆင့် ပို့တတ်၏။ Tara Whisky မှာ ထိုင်းနိုင်ငံလုပ်ဖြစ်ပြီး ချို၏။ ဝယ်ရလွယ်၏။ ပုလင်းမှာ ခပ်ပါးပါး၊ ခပ်ပြားပြားဖြစ်ပြီး ကမလေးသိမ်၍ ကြည်လို့အတော်လှ၏။ ပုလင်းတံဆိပ်ကလေး လည်း လှ၏။ ထို့ကြောင့် ကြိုက်သူ ပေါများလှ၏။ တစ်ကြိမ် ကျွန်ုပ်က . . .

"ဦးသောင်းရွှေ . . . Tara ပုလင်းလေးတွေက သူ့သခင်မ မကျွေရီအတိုင်းပါပဲလားဗျာ။ ခါးသိမ်သိမ်လေးနဲ့ ချစ်စရာလေး" မကျွေရီ၏ လက်ဆောင်ကို သောက်သုံးရင်းထိုဘာသာရပ်ကို မှတ်မထင်ဆွေးနွေးလိုက်မိ၏။

"ဟာ . . . မကျွေရီက တပ်ခွဲမှူးပြောတဲ့အတိုင်း တကယ် စရာလေးဗျ။ စိတ်သဘောထားလည်း ကောင်းတယ်။ ရက်ရက် ရောရောလည်း ရှိတယ်။ ပြီးတော့ သူ့အဖေ အမေကို အရောင်း ဝယ်လုပ်ပြီး ရှာဖွေကျွေးမွေးနေရှာတာ။ သူတော်ကောင်းမလေးပါ။ သူ့အဖေကြီးက မျက်စိမမြင်ဘူး။ ဇာတိကတော့ ကံဘောက်ဘက် ပဲ။ ကျွန်တော်နဲ့ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က သိတ ာပြီ။ တကယ်သနားစရာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ သနားစရာဖြစ်ရတာလဲ ဦးသောင်းရွှေရဲ့ အလုပ်နဲ့ သူအဆင်ပြေနေတယ် မဟုတ်လား"

"ဩော် . . . မိန်းကလေး အရွယ်ကောင်းကော လှလှပပဖြစ်ပြီး အန္တရာယ်မကင်းတဲ့ခရီးတွေကို သွားလာနေရ ရယ်၊ ပြီးတော့ သူ့အိမ်ထောင်နဲ့ ကွဲသွားတာရယ်လေ"

"ဗျာ ... မကျွေရီက အိမ်ထောင်ရှိခဲ့ဖူးတာပေါ့"

"ဟုတ်တာပေါ့ တပ်ခွဲမှူးရယ်။ ဒါကြောင့် သနား ကောင်းနေတာ။ ကွဲသွားရတာလည်း သူက သဘောကောင်း ပြီး မိတ်ဆွေပေါတော့ သူ့ယောကျ်ားက ယုန်ထင်ကြောင်ထင်ဖြ အထင်လွဲပြီး ကွဲသွားကြတာပဲ"

"ဩော် ... အင်း။ အခုတော့ရော"

"အခုတော့ သူ့စီးပွား သူလုပ်ပါပဲ။ မိသားစုတစ်ရ အတွက် တစ်ယောက်တည်း ရုန်းကန်နေရှာတော့ သနားစရာကော တာပေါ့။ အရင်တပ်ခွဲမှူးတွေနဲ့ကတော့ တအားရင်းနှီးတာ။ တပ်ခွဲမှူးနဲ့သာ သိပ်မရင်းနှီးသေးတာပေါ့။ မကျွေရီက ကလိန်အော မှာ တစ်ခါတစ်ခါ ညအိပ်တတ်ပါတယ်။ ရင်းနှီးဖို့ မခက်ပါဘူး"

ဦးသောင်းရွှေ၏ စကားကြောင့် ကျွန်ုပ်က အသာအ အပြုံးလိုက်ပြီး ...

"ကဲ ... **Tara** ပုလင်းပြား ခါးသိမ်သိမ်လေးနဲ့ပဲ ကျေ ပါတယ်ဗျာ။ ဦး ၅ကနေပြီး ရေး ၃ ဖြစ်သွားဦးမယ်။ ဦးသောင် ရေ၊ သိပ်ပြီးမညွှန်းပါနဲ့တော့"

ထိုနေ့က ထိုနေရာမှာပင် ထိုကိစ္စအား အဆုံးသတ်လိုက်





တစ်ခါတစ်ရံတော့လည်း ပျော်စေ ပျက်စေများ ပြောရ၏။ ပါးစပ် ဖြေသနတ်များပစ်ရ၏။ သို့မဟုတ်ပါက ရှေးတန်းတွင် လပေါင်းများစွာ တိုက်ဟယ်၊ ခိုက်ဟယ်ဖြင့် **Tension** တွေက များလှ၏။ စိတ်ထွက် ပေါက်များပေးရ၏။ တာဝန်တွေကသာ ကြီးနေပြီး လူကအသက် အစိတ်သုံးဆယ်ဆိုတော့ တက်ကြွသန်စွမ်းနေဆဲဖြစ်၏။ လူငယ် လူရွယ်သာဖြစ်၏။

ညစာစားရင်း ဦးသောင်းရွှေနှင့် နယ်မြေအခြေ အနေ၊ ရန်သူအခြေအနေ၊ မိမိတပ်များ အခြေအနေများကို ဆွေးနွေး ဖြစ်၏။ မဆွေးနွေးလို့ကမရ၊ အခုတစ်လော ရန်သူ့လှုပ်ရှားမှုများက ပိုများလာ၏။ ကလိန်အောင်တပ်စခန်း၏ အရှေ့ဘက် နတ် အိမ်ထောင် တက်သည့်လမ်းကြောင်းတစ်လျှောက်တွင် မှောင်ခို ကုန်သည် အတက်အဆင်းများနှင့် ရောနှောပြီး ပြည်ပြေး ဖောက်ခွဲ ဖျက်ဆီးရေးသမားများ၊ ကေအင်ယူများ၊ သတင်းက အဆက် မပြတ်ရနေ၏။

"တပ်ခွဲမှူး ... ရန်သူ့သတင်းတွေကတော့ ခုတစ်လော အရှေ့ဘက် ဖင်းဘာတစ်ဝိုက်မှာ အတော်ပေါ်တယ်။ ကျွန်တော် လည်း လူလွှတ်ထားတယ်။ တပ်ခွဲမှူး **Patrol** သွားရင်ခေါ်ပါ။ လိုက်ပို့ မယ်"

ဦးသောင်းရွှေက လိုလိုလားလား ပြောလာ၏။

"အေးဗျာ။ ဖင်းဘာလောက်ထိတော့ ကျုပ်တို့ ပိုင်ထားသင့် တယ်။ ဘာမှဝေးတာ မဟုတ်ပါဘူး။ ဒါပေမဲ့ လောလောဆယ် လူအင်အားမရှိဘူးဗျ။ တပ်ရင်းမှူးကြီး ထားဝယ်ဆင်းသွားတာ နှစ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းပါသွားတယ်။ ကျုပ်တပ်ခွဲကလည်း ကလိန်အောင်ခွဲ ရုံး တစ်စုက သုံးဆယ်မပြည့်ဘူး။ ကျန်တဲ့နှစ်စုက မင်းသားလယ်ကြီး တစ်စု ပို့ထားရတယ်။ ရာဖူးတောင် အရင်လှုပ်ရှားတစ်စုထား တာ အခုလွှတ်ထားရတယ်။ ကလိန်အောင်ပတ်ဝန်းကျင် တောင် စခန်းက ထုတ်နုတ်တစ်စိပ်နဲ့ လှည့်ကင်းပတ်ကင်း လုပ်နေရတာ''

ကျွန်ုပ်က တာဝန်ရှိသည့် ကလိန်အောင် ကံပေါက်နယ်မြေ အတွက် စိတ်ပူသလို ဦးသောင်းရွှေကလည်း ကလိန်အောင်ရဲစခန်း နှင့် ရွာသာမက သူ့အိမ်ထောင်သည်လိုင်းများမှ ရဲမေများ စိတ်ဓာတ် ကျပြီး ထားဝယ်ပြန်ပြေးမည်ကို တွေးပူနေ၏။ သူလည်း သူ့ အကြောင်းနှင့်သူ စိတ်ပူနေခြင်း ဖြစ်ပါလိမ့်မည်။

''ကဲ . . . အရေးကြီးတဲ့ သတင်းကြားရင် ချက်ချင်းသာ ပြောဗျာ။ လူကြီးတွေလည်း ကျုပ်တို့ကို ပစ်မထားပါဘူး။ အခု တစ်လော ရေး–ထားဝယ် ကားလမ်းမကြီးပေါ်က တံတားတွေ ခဏခဏ မိုင်းခွဲခံရလို့ ထားဝယ်ရောက်နေတဲ့ စစ်ကြောင်းတွေ တောင် ပြန်လွှတ်ပေးမယ်လို့ပြောတာပဲ''

ထိုနေ့ညက အလုပ်ကိစ္စအတော်များများ ပြောပြီးသည် နောက် ခွဲရုံးအဖွဲ့များ လာခေါ်၍ စခန်းသို့ ပြန်ခဲ့ပါ၏။

ခွဲရုံးတွင် ထားဝယ်ရောက် တပ်ရင်းမှူးကြီးထံမှ ကြေးနန်း တစ်စောင် ရောက်နေသည်။

''ဗကကျော်သာထွန်းနှင့် ခွဲ (၅)တစ်ခွဲအား ကလိန်အောင်သို့ ပြန်လည်စေလွှတ်လိုက်သည်''

ဟု ပါရှိ၏။ ကလိန်အောင်တွင် အင်အားတောင့်သွားပေပြီ။





ကျွန်ုပ်အတွက် အတော်ပင် အသက်ရှူချောင်သွားပါ၏။

❖ ❖ ❖

နောက်တစ်နေ့တွင် ဗိုလ်ကြီးကျော်သာထွန်းနှင့် ခွဲ(၅)တစ်ခွဲ သည် TE 11 ကားများဖြင့် ထားဝယ်မှ ကလိန်အောင်သို့ ရောက် လာ၏။

''ဗိုး . . . သူငယ်ချင်း။ မင်းတစ်ယောက်ထဲ ဖြစ်နေလို့ တပ်ရင်းမှူးကြီးက ပြန်ခိုင်းတာနဲ့ ပြန်ခဲ့ရတယ်ကွာ။ ထားဝယ်မှာ ကောင်းကောင်းတောင် မနေလိုက်ရဘူး''

ဗိုလ်ကြီးကျောင်းသားထွန်းက ဤတပ်တွင် ရှားရှားပါးပါး တစ်ယောက်တည်းသော ကျွန်ုပ်နှင့် သင်တန်းတစ်ပတ်တည်းဆင် သူငယ်ချင်းဖြစ်၏။ ရခိုင်လူဗိုလ်မျိုးဖြစ်သော် အသားဖြူ၏ ပျော် ပျော် ပါးပါးနေတတ်၏။ စစ်သားပီပီ အာမိရမ်လည်း ကြိုက်တတ်၏။ ထို့အပြင် စွမ်းရည်ရှိပြီး တိုက်ပွဲအတွေ့အကြုံများသူဖြစ်၏။ မကြာ သေးမီကမှ ပြည်ပြေးမျိုးလွင်၊ ချစ်လွင်၊ ထွန်းစိန်တို့၏ တပ်များနှင့် ရာဖူး၊ မိချောင်းလောင်းတစ်ဝိုက်တွင် တိုက်ပွဲကြီးများ၊ သုံးလေးခါ ဖြစ်ပြီး လူ၊ လက်နက် တော်တော်များများ ရရှိထားသူဖြစ်၏။

''သူငယ်ချင်းရောက်လာတော့ ကိုယ်အားရှိတာပေါ့ကွာ။ သူငယ်ချင်းတို့မရှိတဲ့ တစ်ပတ်လောက်အတွင်းမှာ နုတ်အိမ်ထောင် တက်တဲ့ လမ်းကြောင်းတစ်ဝိုက်က လှုပ်ရှားမှုအတော်များတယ်။ င်းဘာမှာလဲ လူစိမ်းတွေ အဝင်အထွက် သိပ်များနေတယ်။ ဒီက ယားတဲ့ ကျောင်းဆရာလေးတွေတောင် ပြန်ပြေးလာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းရွှေဆီက ရဲအထောက်တော်လေးတွေလဲ ဆင်းလာပြီး သတင်းပို့တယ်။ အတော်ထူးခြားတယ်ဆိုပဲ''

ကျွန်ုပ်က သိထားသမျှအား ဗိုလ်ကြီးကျော်သာထွန်းသို့ သတင်းပေးလိုက်၏။

''**O.K** သူငယ်ချင်း။ လိုတာပြင်ပြီးရင် ထွက်ပြီးရှင်းလိုက်ပါ့မယ်။ ဒီညတော့ **Wet Dinner** ပေးပေါ့ကွာ''

''ကျွေးမှာပါဗျာ။ ပြင်ထားပါတယ်''

ထိုနေ့က ညစာကို ရွာတွင်းမှ မိဘမေတ္တာထမင်းဆိုင်တွင် အထူးချက်ပြုတ်စေပြီး ဗိုလ်ကြီးကျော်သာထွန်းအား မှာယူပြုစုကျွေးမွေးလိုက်၏။ ဦးသောင်းရွှေပါ ဖိတ်လိုက်၏။ ဗိုလ်ကြီးကျော်သာထွန်း၏ တစ်ဦးတည်းသော တပ်စုမှူး ဗိုလ်သန်းဌေးလဲပါ၏။

''ကဲ ... ဦးသောင်းရွှေရေ အာမီရမ်လေးတော့ ပြတ်နေပြီ။ မကျွေ့ရီလေးနဲ့ပဲ ဗိုလ်ကြီးကျော်သာထွန်းတို့ကို ပြုစုကြစို့''

မကျွေ့ရီဆို၍ ဗိုလ်ကြီးကျော်သာထွန်းက မျက်လုံးများပြူး ကျယ်သွားပြီး မျက်ခုံးတစ်ဖက် ပင့်လိုက်၏။ ''ဘယ်လိုလဲပေါ့'' သူလည်း မကျွေ့ရီကို သိဖူးမြင်ဖူးပြီး ပြောဖူးဆိုဖူး၍ မှတ်မိနေ၏။

ကျွန်ုပ်က **Tara Whisky** ပုလင်းကို ပြပြီး ဒီမှာ ခါ သေးသေးလေးနဲ့ ''မကျွေးရီ''ဟု ဆိုမှ သူက သဘောပေါက်သွားပြီး ပြုံးတုံ့တုံ့ ခေါင်းတညိတ်ညိတ်ဖြင့် ...

''အင်း ... သူငယ်ချင်း ဘာလိုလိုနဲ့ ကိုယ် အိမ်ပြန် မရောက်တာ ရှစ်လကျော်ပြီနော်။ ဒီတစ်ခါ တပ်ခွဲလဲရင် ကိုယ့်တပ်ခွဲ အလှည့်ပဲ၊ ရှေ့လထဲမှာ လဲပေးမယ်ပြောတာပဲ။ မနှစ်အောက်တို





ာမတိုင်ခင်က ဆင်းလာတာလေ၊ တိုက်ပွဲတွေ ဖြစ်တာများလို့ ိတာနိုက်တာရော ဖျားတာနာတာရောနဲ့ ကိုယ့်တပ်ခွဲမှာ လူ ါ၊ထယ်ကျော်ကျော်ပဲ ကျန်တော့တယ်''

''ကဲ ... ဒါထားစမ်းပါ။ မကျွေ့ရီလေး အားပေးလိုက်စမ်း ပါဦး''

ကျွန်ုပ်က တိုက်တွန်းလိုက်၏။ မကျွေ့ရီကို အားပေးရင် ားပေးရင်းဖြင့် ထိုညက ကိုးနာရီကျော်မှ ပွဲသိမ်းဖြစ်ပါ၏။

စားကြရင်း သောက်ကြရင်း ရန်သူအခြေအနေကို ဆွေးနွေး ဖြစ်၏။ ဦးသောင်းရွှေကလည်း သူ ရထားသည့် ပြည်ပြေးတောင်ပိုင်း ိုင်းသတင်းများ၊ နတ်အိမ်ထောင်စခန်း သတင်းများ ကမျောကင်း ပါဟာကို ဖောက်ခွဲမည့် ဖောက်ခွဲရေးသမားများ သတင်းပေး၏။

ထိုသတင်းများကို နားထောင်ပြီးနောက် ...

''အင်း ... နက်ဖြန်သန်ဘက်တော့ ထွက်ရှင်းမယ်ဗျာ။ ယ်ပ်ပူမနေပါနဲ့''

ဟု ဗိုလ်ကြီးကျော်သာထွန်းက ရဲဝံ့စွာ အာမခံလိုက်၏။ ကျွန်ုပ်သူငယ်ချင်း၏ အစွမ်းအစကို ကျွန်ုပ်ကောင်းစွာ ယုံကြည်ပါ ည်။ ထို့ကြောင့် ...

''ယုံကြည်ပါတယ် သူငယ်ချင်း''

ဟုသာ ဆိုလိုက်ပါ၏။ တပ်အင်အားရှိလာ၍ ထိုညက နှစ်ခြိုက်ခြိုက် အိပ်လိုက်ပါတော့သည်။

အိပ်ရေးပျက်ခဲ့တဲ့ညတွေ များခဲ့ပြီပဲ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးကျော်သာထွန်းနှင့် သူ၏တပ်ခွဲက လိုအပ်သည်များ တင်ရက်ပြင်ဆင်၏။ ထို့နောက် ထားဝယ်ရှိ တပ်ရင်းမှူးကြီးထံ စီမံချက်တင်ပြ၏။ သူ့စီမံချက်က နတ်အိမ်ထောင်လမ်းကြောင်းအား ဖင်းဘာတစ်ဝိုက်ထိ သွားရောက်ရှင်းလင်းမည်။ မထူးပါက ကလိန်အောင် ပြန်ဝင်ပြီး ကလိန်အောင်နှင့် ရာဖူးကြား လှုပ်ရှားမည်ဖြစ်၏။

တပ်ရင်းမှူးကြီးထံမှ ခွင့်ပြုကြောင်း ပြန်လာ၏။

နောက်တစ်နေ့နံနက်စောစောတွင် ခွဲ (၅)ခရီးထွက်၏။ ထိုနေ့က ...

"သူငယ်ချင်း ... ကိုယ်တော့သွားပြီ၊ အေးအေးဆေးဆေး ဖြစ်မှာပါ။ ပြည်ပြေးကိုတော့ ကိုယ့်တပ်ခွဲက အမဲပါ။ သိပ်ပြီး ကြီးကြီး ကျယ်ကျယ် စစ်နည်းဗျူဟာတွေ သုံးစရာမလိုပါဘူး။ ဖြန့်တက် ပစ်ပါပဲ။ ကိုယ့်တပ်စုမှူး ဗိုလ်သန်းဌေးကလည်း အတွေ့အကြုံရှိပါ တယ်" ဟု ခပ်ပေါ့ပေါ့ပင် ပြောသွား၏။

ကျွန်ုပ်ကား စိတ်ပူမိ၏။

"သတိတော့ထားပါ သူငယ်ချင်းရာ" ဟု မှာမိ၏။

အဘယ်ကြောင့်ဆိုသော် ကလိန်အောင်အရှေ့ခြမ်းက သောင်းကျန်းသူစုံ၏။ ရွာအတော်များများမှာ ကရင်ရွာသားများသာ ဖြစ်၏။ ဖင်းဘာရွာသူကြီး စောစူးခိုမှာ ရိုးသားသော ကရင်တိုင်းရင်း သားဖြစ်၏။ ကျွန်ုပ်နှင့် အလွန်ခင်၏။ ကျွန်ုပ်ခေါ်လျှင် ချက်ချင်း လာ၏။ ယခု သူမလာလည်းမှာ အတော်ကြာပြီ။ တစ်ခုခုတော့ ဖြစ်နေပြီထင်၏။ ထို့ကြောင့် သံသယဖြစ်မိ၏။ ထို့ပြင် ဗိုလ်ကြီးကျော်





သာထွန်း၏ တပ်စုမှူး ဗိုလ်သန်းဌေးမှာလည်း ကျောင်းဆင်းသည်မှာ မကြာသေး။ သူ့အတွေ့အကြုံက ပြည်ပြေးလောက်သာ ရှိသေး၏။ ပြည်ပြေးထက်ပိုမာသော ရန်သူကို မတွေ့ဘူးသေး။ အခိုင်အမာ စခန်းချထားပြီး ပစ်အားကောင်းသော ရန်သူကို ဖြန့်တက်ပစ်နည်း ဗျူဟာလောက်နဲ့ မရနိုင်ပါ။ ကြိုတင်စီစဉ်ထားသော တိုက်စစ်နှင့်သာ အနိုင်ရနိုင်ပါလိမ့်မည်။ စစ်ဆိုသည်မှာ အဖက်ဖက်က လိုလေသေး မရှိ၊ ပြည့်စုံအောင် ပြင်ဆင်ထားမှတော်ကာကျ၏။ သိပ်ပေါ့၍မရ။ ...င်ခန်းစာကို သွေး၊ ချွေးများနှင့် လဲရတတ်ပါ၏။

"ကဲ ... ဆရာကြီး အယ်လ်ဗျူအောင်၊ ခင်ဗျား ရဲစခန်း သွားဗျာ၊ စခန်းမှူးကြီးဆီက တပ်စိတ် တစ်စိတ်လောက် အသင့် ...ုပ်ထားပါလို့။ ဒီကလဲ တပ်ခွဲမှူးနဲ့ နှစ်စိတ်လုပ်ထားတယ်လို့ ပြောလိုက်ဗျာ"

တပ်ခွဲ (၅) ခရီးထွက်သွားပြီးနောက် ကျွန်ုပ်၏ စိတ်များမှာ ...လိုလို လေးလံနေသဖြင့် ရဲစခန်းကို လူလွှတ်အပြောခိုင်းလိုက်မိ၏။ ရဲစခန်းနှင့် တပ်စခန်းက ရွာ၏အရှေ့ထိပ်၊ အနောက်ထိပ်ဖြစ်နေ၍ ဆက်သားလွှတ်ရ၏။ ဆက်သွယ်ရေးစက်အပိုကလည်း မထားနိုင်၊ စစ်မြေပြင် တယ်လီဖုန်းကလည်း မသုံးနိုင်သေးသဖြင့် ဆက်သား စနစ်သာ ကျင့်သုံးရ၏။

ထို့နေ့တစ်မနက်လုံး မျက်ခမ်းများကလည်း လှုပ်နေ၏။ ...ကဲ့သို့ ဖြစ်ပါက ထူးခြားဖြစ်စဉ်များ ဖြစ်တတ်၏။ နေ့လယ် ၁၂ နာရီထိ စခန်းရှိ ၁၅၆ ၊စက်ဘေးတွင်ထိုင်ပြီး နားထောင်နေမိ၏။ ... (၅)နှင့် စက်အဆက်အသွယ်ရ၏။ ဗိုလ်ကြီးကျော်သာထွန်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမထူးသေးဟုသိရ၏။

ဖင်းဘာရွာမှာ ကလိန်အောင်မှ ၂ နာရီခန့်သာ သွားရ၏။ စက်အဆက်အသွယ်ရသည့် နေ့လယ် ၁၂ နာရီ **Call** တွင် အခြေအနေအသေးစိတ်အား မေးမြန်းရာ ရည်မှန်းချက်ဖင်းဘာသို့ ရောက်ရှိ ရှင်းလင်းပြီးပြီ ဖြစ်ကြောင်း၊ မထူးကြောင်း သတင်းထပ်ရ၍ စိတ်အေးသွား၏။ နေ့လယ် ၁ နာရီခန့်တွင်တော့ ပျင်းလာသဖြင့် . . .

''ဦးသောင်းရွှေရေ . . . ဗိုလ်ကြီးကျော်သာထွန်းတို့တော့ ဖင်းဘာ ရောက်ပြီတဲ့ဗျာ။ ဘာမှ မထူးဘူးပြောတာပဲ။ ဒါပေမယ့် ကျွန်တော်တော့ မျက်ခုံးခပ်လှုပ်လှုပ်ဗျ။ ခင်ဗျားတပ်စိတ်ကလေးလည်း တန်းမဖြုတ်လိုက်နဲ့ဦးနော်''

''စိတ်ချ တပ်ခွဲမှူးရေ . . . စိတ်ချ။ အရေးပေါ်ရင် ဘရင်ဂန်းတစ်လက်နဲ့ ကျွန်တော်ပါလိုက်ဖို့ လုပ်ထားပါတယ်။ သွားအတူ စားအတူပေါ့ဗျာ''

''ကျေးဇူးပါပဲဗျာ''

ထို့နောက် ရောက်တက်ရာရာများ ပြောဖြစ်ကြ၏။ ခါးသိုင်း **Tara Whisky** ပုလင်းပြားလေး အကြောင်းသာမက ထားဝယ် ထောင်ကြီးကွေ့က မှဲ့ကြီးအကြောင်း၊ ထိုမှဲ့ကိုက်ပါက ဆေးမတိုးသည့် အကြောင်း၊ မိချောင်းအိုင်ရွာမှ လက်လန်ရသည့် ကျောက်ခဲစိမ်း အကြောင်း စသည်ဖြင့် အတော်စုံပါသည်။ ဦးသောင်းရွှေမှာက ထွေလီကာလီပြောစရာ အတော်များပါ၏။ ရောက်တတ်ရာရာများ ပြောပြီး တဝါးဝါး တဟားဟား ရယ်မောလိုက်ရ၍ စိတ်တင်းကြပ် နေသည်များလည်း အတော်ပြေပျောက်သွား၏။





နေ့လယ် ၂ နာရီထိုးပြီ။

''ကဲ . . . ဦးသောင်းရွှေရေ့ ခင်ဗျားနဲ့တွေ့တာ ပျော်သွားပြီ။ စခန်းကုန်းပေါ် ပြန်တက်လိုက်ဦးမယ်''

ပြောပြောဆိုဆို ကျွန်ုပ်ထိုင်ရာမှ ထလိုက်သည်နှင့် . . .

''ဖောင်း . . . ဂျိမ်း''

ဟူသော လက်နက်ကြီးသံလိုလို ဖင်းဘာရွာဘက်ဆီမှ သဲ့သဲ့ ကြားရ၏။

''နားထောင်စမ်းပါဦး၊ လက်နက်ကြီးသံလား''

''ဖောင်း ဂျိမ်း၊ ဖောင်း ဂျိမ်း၊ ဖောင်း ဂျိမ်း''

အသံများက ပိုစိပ်လာ၏။ ပိုကျယ်လာ၏။

''ဟာ . . . သေချာပြီဗျို့။ ဦးသောင်းရွှေရေ . . . နားထောင်စမ်းပါဦး''

''ဖောင်း ဂျိမ်း၊ ဒက် ဒက် ဒက်၊ ဂျိမ်း ဒက် ဒက် ဒက်''

အကြီးသံသာမက အငယ်သံများပါ ကြားလာရ၏။ အသံ တိတ်မသွား။ ပိုများ ပိုစိတ်လာ၏။ ဒီအတိုင်းဆိုက မဖြစ်တော့၊ လက်တန်သင့် လိုက်ရပေလိမ့်မည်။

''ကဲဗျာ . . . ကျုပ် စခန်းပြန်တက်ပြီး စက်ဖွင့်မေးကြည့်မယ်။ ခင်ဗျားလည်း အသင့်ပြင်ထားပါ။ လိုက်တန်သင့် လိုက်ရတာပေါ့''

ပြောပြောဆိုဆို စခန်းကို ကမန်းကတန်း ပြန်ပြေးလာ၏။ ချက်ချင်း စက်ဖွင့်၍ နားထောင်၏။ ဘာအဆက်အသွယ်မှ မရပါ။ ဘက်ဟာဆက်အသွယ်မှ မရပါ။ စက်အဆက်အသွယ်မရသဖြင့် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူလာပါသည်။

''ဆရာကြီး အယ်လ်ဗျူအောင် ... ခင်ဗျား ၃ လောင်ချာနဲ့ ဗုံးသီး ခုနစ်လုံး ယူခဲ့ဗျာ။ ဆရာကျော်သန်း ဆရာခင်မောင်တပ်စိတ်တွေ ခေါ်ခဲ့ စခန်းမှာ ဆရာကြီး မြသန်းထာ ခဲ့မယ်။ ကျုပ်လိုက်မယ်။ ဆရာခင်ရွှေက ထားဝယ်ကို ၆၂ စက်၊ အကျိုးအကြောင်း လှမ်းသတင်းပို့ထား''

ကျွန်ုပ်၏ စစ်ကူအဖွဲ့မှာ အပြေးအလွှား ရေတွက်လိုက် လူ ၁၄ ယောက်သာ ပါလာ၏။ ရဲစခန်းတွင် ဦးသောင်းရွှေ ခုနစ်ဦးအား ဝင်ခေါ်၏။ အားလုံးမှ လူ ၂၁ယောက်။ ကျွန်ုပ်တို့ ကလိန်အောင်မှ ထွက်လာချိန်တွင် –

''ဖောင်း ဂျိမ်း၊ ဖောင်း ဂျိမ်း။ ဒက် ဒက် ဒက်''

သေနတ်သံများက မိုးမွှန်အောင် ညံနေပါပြီ။

ကျွန်ုပ်တို့ထွက်လာချိန်မှာ နေ့လယ်နှစ်ချက်တီးကျော်ကျော် ဖြစ်၏။ သေနတ်သံများ ကြားရာသို့ အပြေးချီတက်လာကြ၏ ခရီးအကွာအဝေးမှာ ကျေ့ကောက်သွားရ၍ လေးငါးမိုင်ခန့်တော့ ရှိမည်ထင်၏။

မျဉ်းဖြောင့်ဆိုက ၃ မိုင်ထက် ပိုမည်မထင်ပါ။ ကျွန်ုပ်တို့တွင် အီကွစ်မင့်နှင့် သေနတ်သာပါပြီး အပြေးချီတက်ကြရာ တစ်နာရီ ကျော်ကျော်သွားလိုက်သည်နှင့် တိုက်ပွဲနေရာသို့ ရောက်လာ၏ အရေးထဲမှာ မိုးကလည်း ရွာလိုက်သေး၏။ တိုက်ပွဲနေရာကား

''လား ... လား'' လယ်ကွင်းဟောင်းတစ်ခု၏ ထိပ်မှ ဖြစ်နေ၏။ ရန်သူက လယ်ကွင်းဟောင်းထိပ်ကုန်းမြင့်မြင့်ရှိ ဝါးရုံတော





များထဲမှ အပေါ်စီးဖြင့် တဒိန်းဒိန်း၊ တဒိုင်းဒိုင်းဖြင့် ပစ်နေ၏။ ဗိုလ်ကြီးကျော်သာထွန်း တပ်ခွဲက အောက်က ချောင်းချောက်ကလေး တစ်ခုထဲမှ ခံချနေ၏။

ကျွန်တော်တို့ ရောက်သွားသည်နှင့် ...

''ဟော့ ... မိုးကြိုးအဖွဲ့ စစ်ကူလာပြီဟေ့၊ တပ်မတော်ကွ၊ များပါတော့လား''

ဟု ဝိုင်းအော်ကာ အတင်းပြေးဝင်သွားကြ၏။ အော်သာ အော်ရသည် နေရာက မကောင်းပါ။ ကျည်ကွယ် ကောင်းကောင်း မရှိ၊ မျက်ကွယ်အဖြစ် ချုံပုတ်ကလေးများသာ တွေ့ရ၏။

တိုက်ပွဲနေရာသို့ ကျွန်ုပ်ရောက်သွားသည့်အခါ ''ဟာ'' ဖြစ်သွား၏။ အဘယ်ကြောင့် ဆိုသော် ဗိုလ်ကြီးကျော်သာထွန်း၏ တပ်ခွဲမှာ တစ်ဝက်ခန့် ထိမှန်ဒဏ်ရာရထားပြီး သွေးချင်းချင်းနီရဲနေ သောကြောင့်ပင်တည်း။

''ဘယ်လိုဖြစ်ရတာလဲ သူငယ်ချင်း''

ကျွန်ုပ်က ဗိုလ်ကြီးကျော်သာထွန်းနှင့် တွေ့လျှင် တွေ့ချင်း မေးမိ၏။ သူလည်း လည်ပင်း၊ လက်ကောက်ဝတ်၊ ခြေသလုံးတို့တွင် M-79 အစများမှန်ထား၍ သွေးစသွေးနများဖြင့် ပေကျံနေ၏။

''ပြည့်ပြေးအောက်မေ့လို့ တွေ့တွေ့ချင်းကျားထိုးပြီး ဖြန့် တက်ပစ် သုံးခါလုပ်တယ်။ သုံးခါလုံး လန်ကျသွားပြီး ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင်နဲ့ ဖြစ်နေတာပဲ။ ဒီကောင်တွေဘက်က ပစ်အား များတယ်ကွ၊ နောက်ကလဲဆုတ်ရင် လယ်ကွင်းပြောင်မို့ အားလုံး ကုန်မယ်။ အဲဒါနဲ့ ချောင်းချောက်ထဲက ခံနေရတာ''



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေစဉ်မှာပင် ရန်သူ့ဘက်က **M-79** လေး ဆယ်လုံး ဝုံးခနဲ ဝုံးခနဲကျလာနေ၏။

"နေပါဦး။ ရန်သူက ဘာလဲ။ ပြည်ပြေး မဟုတ်ဘူးလား"

"မဟုတ်ဘူးကွ။ အသံပလံတွေ နားထောင်ရတာ ထောထော ဆိုတော့ ကေအင်ယူဖြစ်မယ်"

"ကဲ ... သူငယ်ချင်း ကေအင်ယူဆိုတော့ ကိုယ့်ခွေးရူးတွေပါ ကိုယ်တက်ရှင်းမယ်။ အသာနေ။ ဟေ့ ... ဂျီဖိုးသမားတွေ ဘယ်ညာဖြန့်ပြီး တက်ပစ်စမ်းကွာ။ ဆရာကျော်သန်း စက်လတ်နဲ့ ဦးသောင်းရွှေ ဘရင်းဂန်းက အလယ်က ဝင်ထောက်ပေး။ ရှေ့က ဝါးရုံတောကို ကျုပ်တက်ဖြိုမယ်။ လာ ... ဆရာ အယ်လ်ဗျူအော် ခင်ဗျား ၃ . ၅ လောက်ချာကြီး ယူခဲ့"

ကျွန်ုပ်၏ ညွှန်ကြားချက်ဆုံးသည်နှင့် ကျွန်ုပ်၏ရဲဘော်များက ချက်ချင်းလှုပ်ရှားကြပါတော့သည်။ စစ်သည်များက ပစ်အားကို သုံးပြီး တရကြမ်း ပစ်ရှင်းနေစဉ်မှာပင် ကျွန်ုပ်နှင့် ၃ . ၅ လောင်ချာအဖွဲ့က ရှေ့သို့ တွားတက်သွားကာ ရန်သူ၏ **M-79** များ တဖောင်းဖောင်း ပစ်နေသော ဝါးရုံပင်ကြီးများကို တည့်မတ်စွာ ချိန်ရွယ်၍ ၃ . ၅ လောင်ချာ ဒုံးသီးများအား အုံးခနဲ၊ အုံးခနဲ တစ်လုံးပြီးတစ်လုံး ပစ်လွှတ်လိုက် ပါတော့သည်။

ဝါးရုံတောများ ဝုန်းခနဲ ဝုန်းခနဲ လဲပြိုကျကုန်၏။

"ဟေ့ ... တပ်မတော်ကွ။ ချဟေ့ ... ယောက်ဖတွေ မင်းတို့ သေဖို့သာပြင်ဟ"

နောက်က စစ်သည်များက အော်ဟစ်အားပေးကြ၏။ ကျွန်ုပ်





၏ နည်းဗျူဟာမှာ ထိရောက်လှပါ၏။ ကျွန်ုပ်တို့တိုက်ပွဲဝင်၍ ၃ . ၅ လောင်ချာ ငါးလုံးခန့် ပစ်ပြီးချိန်တွင်တော့ ...

"တူ ... တူ ... တူ၊ တူ ... တူ"

ဟူသော ကျွဲချိုသံများကြားရ၍ ...

"ဟဲကေ . . . ဟဲကေ" ဆိုသော အော်သံများ ကြားလာရ၏။

ရန်သူများ ဆုတ်ပြီ။

ပစ်အားကို ခပ်များများသုံးပြီး၊ ရန်သူ့ဝါးရုံတောင်ကုန်းမြင့်ကို ကုတ်ခြစ်တွယ်တက် သိမ်းယူလိုက်ရ၏။ ရန်သူ့ဘက်က ဦးနောက်ပွင့်သွားသည့် ကျားအကျီနှင့် အလောင်းတစ်လောင်းသာ လတ်ပတ်ဆတ်ဆတ် ကျန်ခဲ့၏။ လက်နက်တော့ မကျန်ခဲ့။ ဘယ်ရီ [illegible]၊ ဦးထုပ်အနက်တစ်လည်း ကျန်ခဲ့၏။ ဦးထုပ်တံဆိပ်ကြည့်လိုက်တော့ ကေအင်ယူတံဆိပ်နှင့် အထူးတပ်ရင်း (၁၀၁) ဆိုပါလား။

နေရာတွေ လိုက်စစ်လိုက်တော့လည်း တစ်ယောက်ချင်း နေရာယူထားသည်မှာ ရာကျော်၏။ **M-79** အခွံကြီးပဲ လေးရာကျော် ရလိုက်၏။ မထိဘဲ မမှန်ဘဲ နေပါ့မလား။ ကိုက်တစ်ရာကျော် နှစ်ရာခန့်မှ အမ် ၁၆ ကျည်ခွံများ၊ ပွိုင့် ၃၀ ကျည်ခွံများကိုတွေ့၏။ ကျန်ခဲ့သည့် ကျည်ကတ် တစ်ကတ် နှစ်ကတ်အရ **M-16, HK-33** နှင့် **30 Carbine** များဖြင့် ပစ်သွားကြခြင်းဖြစ်၏။

ပတ်ဝန်းကျင်အား လှည့်ရှင်းပြီး တိုက်ပွဲနေရာကို ပြန်လာခဲ့၏။ ရန်သူက ကျွဲချိုမှုတ်ကာ နတ်အိမ်ထောင်ဘက် ဆုတ်သွား၏။ ကိုယ့်မှာ လူက သိပ်ရှိသည်မဟုတ်။ ထို့ကြောင့် တိုက်စစ်မဆင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့။ ထိခိုက်ဒဏ်ရာရသူများကြောင့် အမြန်ပြန်နိုင်ရန်သာ စီစဉ်ရ၏။

''ကဲ ... သူငယ်ချင်း။ ရန်သူက ကေအင်ယူအထူးတပ်ရင်း (၁၀၁) ကွ။ လူတစ်ရာကျော်တယ်။ ဘာကိစ္စလာမှန်း မသိဘူး။ ထောလတပ်ရင်းပဲ။ သူတို့က လူအား၊ ကျည်အား သုံးနိုင်တယ်။ သူငယ်ချင်းတို့ သတင်းမရဲဘူးထင်တယ်''

''ဟုတ်တယ်။ ရွာဝင်တော့ ဘာသတင်းမှမရဘူး။ အဲဒါနဲ့ ဒီဘက်လှည့်အထွက်မှာ ဒီကောင်တွေနဲ့ တန်းတိုးတာပဲ။ ပြည်ပြေး ထင်လို့ အောက်ကနေ အပေါ်လှန်ပြီး ကျားထိုးတာမရဘူး။ မြင်တဲ့ အတိုင်းပဲ။ မှန်ကုန်ရော။ နောက်ပိုင်းတော့ သူတို့ M-79 တွေ ကျတာ သိပ်စိပ်လာပြီး အားလုံးထိတော့တာပဲ။ သူငယ်ချင်း အချိန်မီရောက်လို့ မရောက်ရင် မချောင်ဘူး''

''ကိုယ်လည်း လူမရှိလို့ ဦးသောင်းရွှေကြီးရဲ့ ခဲတစ်စိတ်ပါ ခေါ်လာရတယ် သူငယ်ချင်း။ ကဲ ... ထားထား ဆုတ်ကြစို့ အခြေအနေ ဘယ်လိုနေလဲ''

''C ,Q ဆရာကြီးစိန်ထွန်း အပါအဝင် သုံးယောက်ကျ တယ်။ ၂၂ ယောက်ဒဏ်ရာရတယ်။ သေနတ်ကတော့ တစ်လက်မှ ပါမသွားပါဘူး''

''ကျော်သာထွန်းပဲကွာ။ သေနတ်ပါသွားရလောက်အောင် မညံ့ပါဘူး''

ကျွန်ုပ်လည်း ချက်ချင်းပင် လူနာများ၊ ကျဆုံးသူများကို လူခွဲ၍ သယ်ဆောင်စေပါသည်။ ဗိုလ်ကြီးကျော်သာထွန်းကိုကား





ဦးသောင်းရွှေမှ တွဲခေါ်လာ၏။ တိုက်ပွဲနေရာမှ ထွက်ခွာချိန်တွင် ညနေ ၅ နာရီထိုးပြီ။ တိုက်ပွဲနေရာက ရွာအရှေ့ဘက် ကိုက် ၆လေးငါးရာ ခန့်သာဝေး၏။ ထိုနေရာမှထွက်လာပြီး ဖင်းဘာရွာသို့ ရောက်ဝင်သည်။ ကံအားလျော်စွာ လှည်းနှစ်စီးရ၏။ ထိုလှည်းနှစ်စီးဖြင့် ကျဆုံးသူ၊ ဒဏ်ရာရသူများအား တင်ဆောင်၍ မိုးတဖွဲဖွဲတွင် ကလိန် အောင်သို့ ပြန်လည်ချီတက်ခဲ့၏။ လမ်းတစ်လျှောက်တွင် သွေးနှင့် မိုးရေများက ရောသွားသည်။

ကလိန်အောင်သို့ ရောက်သော်မှောင်ပြီး ၁၅၆ စက်သမား ဒဏ်ရာရသွားသဖြင့် စောစောပိုင်းက သတင်းအဆက်အသွယ် ပြတ် နေခြင်းဖြစ်၏။ R . T Hand Set ဖြုတ်ထား၍ R .T ပြော၍မရ။ ကျွန်ုပ်က Hand Set ယူလာပြီး အကျိုးအကြောင်း ကလိန်အောင်သို့ လှမ်းပြောနိုင်သဖြင့် ကလိန်အောင်က ထားဝယ်ကို သတင်းပို့နိုင်၏။

ည (၉)နာရီတွင် ထားဝယ်မှ TE 11 ကားသုံးစီး ရောက်လာ ၏။ ဗိုလ်ကြီးကျော်သာထွန်းနှင့် ဒဏ်ရာရသူအားလုံး ထားဝယ်သို့ ပြန်ခေါ်သွား၏။ တပ်ရင်းမှူးက လူ ၂၀ ထပ်ဖြည့်ပေး၏။ ခွဲ (၅) ကို ပြန်ဖွဲ့စည်း၍ ဗိုလ်သန်းဌေးကို ခေတ္တတပ်ခွဲမှူး တာဝန်ပေး၏။

ကားမထွက်မီ - ကျွန်ုပ်က ဗိုလ်ကြီးကျော်သာထွန်းအား နှုတ်ဆက်စကားဆိုရာတွင် သူက ...

''သူငယ်ချင်း သတိပေးတာမှန်တယ်။ ရန်သူကို ကိုယ်လျှော့ တွက်လိုက်မိတယ်။ သွေးနဲ့လဲရတဲ့ သင်ခန်းစာပေါ့။ သူငယ်ချင်း အချိန်မီ လာကူတာပဲ ကျေးဇူးတင်ပါတယ်။ အင်း ... ကိုယ်လည်း ပြန်မှ အိမ်ကို တကယ်ပြန်ရောက်တော့မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



''ရပါတယ်။ ဒါတွေ မပြောပါနဲ့၊ သူငယ်ချင်း စိတ်အေး လက်အေးသွားပါ။ တပ်ခွဲလဲ စိတ်ချပါ။ ကိုယ်ကြည့်ထားလိုက်ပါ့မယ်။ ကဲ ... လမ်းမှာ လိုရမယ်ရ **Warming up** လုပ်နိုင်အောင် မကျွေ ရီလေး ယူသွားပါဦး''

ဟု အရွှန်းဖောက်ကာ **Tara Whisky** ပုလင်းပြားတစ်ခု ပေးလိုက်ပါ၏။

ကားများက ရဲစခန်းရှေ့တွင်ဖြစ်၍ ဦးသောင်းရွှေလည်း ရှိနေ၏။ သူ့ရဲစခန်းက ဒဏ်ရာရစစ်သည်များအတွက် အစားအစာနှင့် အဖျော်ယမကာများ ပေးပို့၏။ အရေးအကြောင်းတွင် အားထားရ၍ သူ့ကိုလည်း အထူးကျေးဇူးတင်ရ၏။ ဤတိုက်ပွဲတွင် သူ့ဘရင်းဂန်း ကြီးကလည်း အတော်အလုပ်ဖြစ်သွားပါ၏။

''ကြက်ရေးငှက်ရေးမှာ ကူညီကြတာ ကျေးဇူးပါပဲဗျာ''

ဟု ဗိုလ်ကြီးကျော်သာထွန်းက ဦးသောင်းရွှေတို့စခန်းတစ်ခု လုံးအား နှုတ်ဆက်ကျေးဇူးစကားဆို သွားသည်။

သူတို့ ကားတန်းကြီး ထွက်သွားတော့ ည ၁၀ နာရီထိုးပြီ။ ကားများ ထွက်သွားမှ ကျဆုံးသူ သုံးဦးကို သင်္ဂြိုလ်ရ၏။ အမိန့် ပြန်ရ၏။ စခန်းပြန်ရောက်တော့ ည ၁၁ နာရီရှိပြီ။ လူရော စိတ်ပါ မောနေ၏။ မတက်နိုင်တော့။ ''ကဲ ... မကျွေရီရေ့'' ဟု ဆိုပြီး **Tara** လေးတစ်ငုံနှစ်ငုံ သောက်လိုက်မှ အိပ်ပျော်သွားပါတော့သည်။

သွေးချင်းချင်းနီသွားသည့် ဖင်းဘာတိုက်ပွဲပေပဲ။

❖ ❖ ❖





နောက်တစ်နေ့ မိုးလင်းသည်နှင့် ဖင်းဘာသူကြီး စောစူးနို ရောက်လာ၏။

''ဝိသာစု သတော့ တဂေ သူ့နို့''

(ကျေးဇူးပြုပြီး စိတ်မဆိုးပါနဲ့ ဗိုလ်ကြီးရယ်)

''မဆိုးပါဘူး ဦးစောစူးနိုရယ်။ ဘယ်လိုဖြစ်တာလဲ ပြောစမ်း ပါဦး''

''ဘယ်လိုဖြစ်တာလဲဆိုတော့ **KNU** လူကြီး တာမလာဘော နတ်အိမ်ထောင်က ဆင်းလာတယ်။ တပ်မဟာ (၄) ဘက်ကို သွားတယ်။ သုံးပါတီကိစ္စ ရှင်းမယ်ဆိုလားပဲ။ အဲဒါ (၁၀၁)က လုံခြုံရေးလိုက်လာတာ၊ သူနို့တို့က အဲဒါ မသိဘူး။ အတင်းတက် ယာကြတော့ ဆုံမိပြီး ပစ်ကြတော့တာပေါ့''

''နို့ ... ရွာထဲ ကျုပ်တို့တပ် ဝင်တုန်းက ဘာဖြစ်လို့ သတင်းမပေးတာလဲ''

''ကလေးတွေက ဘယ်ပေးရဲမလဲ။ ကြောက်တယ်လေ။ သိလဲ မသိကြဘူး။ကျွန်တော်က သူတို့ခေါ်လို့ တောင်ပေါ်သွားနေရ တယ်လေ။ တိုက်ပွဲပြီးမှ ပြန်ရောက်တာ။ ရောက်ရောက်ချင်း သူနို့ကို သတင်းလာပို့မလို့ပဲလေ။ ဒါပေမယ့် တိုက်ပွဲက ရွာနားမှာ ဖြစ်သွားပြီး နေပြီ။ သူနို့တို့အဖွဲ့ နည်းနည်းနာသွားတယ်။ ကျွန်တော့်မှာ တာဝန် ရှိပါတယ်။ ခွင့်လွှတ်ပါ။ အပြစ်ပေးချင်လည်း ပေးပါ''

''အပြစ်မပေးပါဘူးဗျာ စစ်တိုက်တာပဲ။ မှန်တာပြုတာ ဂိုမှာပေါ့။ နို့ ... သူတို့ဘက်ကရော မမှန်ဘူးလား။ တစ်ယောက် ကျကျန်ခဲ့တာ ခင်ဗျားတို့ရွာကို သင်္ဂြိုလ်နိုင်းလိုက်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



“အို ... သေတာပေါ့။ ဘယ်မသေဘဲ နေမလဲ။ သူနဲ့တို့ နောက်ဆုံးပစ်တဲ့ အလုံးကြီးတွေက သူတို့ဆယ့်လေးငါးယောက်ထိ တယ်။ လမ်းမှာ သုံးယောက်မြှုပ်ခဲ့ရတယ်။ အားလုံး နတ်အိမ်ထောင် ပြန်တက်သွားကြပြီ၊ သူတို့လည်း အထမ်းတွေနဲ့ပဲ။ အထမ်း ဆယ့်လေးငါးထမ်းပဲလေ”

ထိုနေ့က စောရှုးခိုဆီမှ ရန်သူ့သတင်းများ အသေးစိတ်ရယူပြီး ထားဝယ်ရှိ တပ်ရင်းမှူးထံ တင်ပြလိုက်ပါ၏။ စောရှုးခိုကိုမူ နို့ဆီ၊ သကြားနှင့် ငွေကျပ်တစ်ထောင် ထောက်ပံ့လိုက်ပါသည်။

“သူနဲ့ ဒပ်ဘလုဒိုးမလော်”

(ကျေးဇူးတင်ပါတယ် ဗိုလ်ကြီးရယ်)

“သူနဲ့တို့ ကလိန်အောင်အဖွဲ့လိုက်လာတာ သိပ်မြန်တယ်။ အကြီးတွေပစ်တော့ သူတို့လူအများကြီးထင်ပြီး ဆုတ်သွားကြတာ။ သူတို့ လူတစ်ရာကျော်တယ်။ သူနဲ့တို့အဖွဲ့သာ မရောက်ရင် အရင် တိုက်ပွဲဖြစ်တဲ့အဖွဲ့ သိပ်နာသွားမယ်”

ကျွန်ုပ် စဉ်းစားမိပါသည်။ ကြိုတင်ပြင်ဆင်မှု၊ လျင်မြန်စွာ ချီတက်နိုင်မှု၊ မိမိတပ်သားမက ရဲတပ်ဖွဲ့ကပါ လိုလိုချင်ချင် ပူးပေါင်း ဆောင်ရွက်ခဲ့မှု၊ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်နိုင်မှုတို့ကြောင့် ကျွန်ုပ်၏ သူငယ်ချင်း ဗိုလ်ကြီးကျော်သာထွန်းနှင့် သူ၏တပ်ခွဲကို ကယ်တင် လိုက်နိုင်ခြင်းဖြစ်ပါ၏။ ထိုသို့သာမဟုတ်ပါက လွန်စွာအဖြစ်ဆိုးသွား နိုင်ပါသည်။

ထိုဖြစ်စဉ်မှာ ယခုအခါ အနှစ်လေးဆယ်ကျော်တောင် ကြာခဲ့ ပါပြီ။ ကာယကံရှင် အတော်များများပင် တပ်မတော်က အငြိမ်းစား





ယူသွားကြပါပြီ။ ယခု ကျွန်ုပ်လည်း ပင်စင်စားဖြစ်နေပါပြီ။ ဦးသောင်း မရွကြီးပင် ရဲတပ်ဖွဲ့မှ ပင်စင်ယူ၍ ကွယ်လွန်သွားခဲ့သည်မှာ ကြာခဲ့ ပြီ။ သို့ရာတွင် **Tara Whisky** ပုလင်းပြားလေးများမြင်တိုင်း မြင်တိုင်း မကျွရီ၊ ဦးသောင်းရွှေ၊ ဗိုလ်ကြီး ကျော်သာထွန်း၊ စောရှုးခို၊ ကလိန်အောင်ရွာကြီးနှင့် ဖင်းဘာတိုက်ပွဲကိုတော့ သတိရလျက် ရှိပါ၏။

ကျွန်ုပ်အတွက် ဘယ်လိုမှ မမေ့နိုင်သော ဖင်းဘာတိုက်ပွဲပါ ပေ။

**သောင်းဝေဦး**

■



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တစ်လုံးတပ်တွင် တာဝန်ထမ်းဆောင်စဉ်က


စာရေးသူ ၏ တပ်ရင်းမှူးဗိုလ်မှူးကြီးအောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com




ကျောက်တစ်လုံးတပ်တွင် တာဝန်ထမ်းဆောင်စဉ်က
ဗိုလ်ကြီးအဆင့်နှင့် စာရေးသူ




စာရေးသူအရာရှိငယ်ဘဝက တာဝန်ထမ်းဆောင်ခဲ့သည့်
ရေး ထားဝယ် ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




စာရေးသူအရာရှိငယ်ဘဝမှ နည်းဗျူဟာမှူး
ဖြစ်သည့်အထိတာဝန်ထမ်းဆောင်ခဲ့သော
မော်လမြိုင်ဘားအံဒေသပြမြေပုံ

## စစ်မြေစခန်းက ဇာတ်လမ်းတစ်ပုဒ်

ရေးသူ – သောင်းဝေဦး

စခဉ်နီခါန်း

၁၉၇၅ ခုနှစ် ဆောင်ဦးကာလ။

ကျွန်ုပ်သည် တပ်ခွဲတစ်ခွဲကိုဦးစီးပြီး ကရင်ပြည်နယ် ဘားအံ ရှိ ဘားအံစစ်ဗျူဟာကွပ်ကဲမှုအောက်၌ စစ်ဆင်ရေးတာဝန် မ်းဆောင်နေရ၏။

"ကဲ ... တပ်ခွဲမှူး ရွှေဂွန်းမြောက်ခြမ်းမှာ KNU ကြောင်း (၁) သတင်းပေါ်နေတယ်။ အဲဒါ သတင်းသွားထောက်ဖို့ ဟာမှူးကြီးက ညွှန်ကြားတယ်ဗျာ။ အဲဒါ နက်ဖြန် ဒီက ရွှေဂွန်း ကိုမျိုတက်သွားပါ။ ဟိုရောက်ရင် ရွှေဂွန်းက စခန်းထိုင်တပ်ကို တင်းမေးပြီး သံလွင်မြစ်ရိုး အရှေ့ခြမ်းတစ်လျှောက်ရှင်းရင်း တင်းထောက်ပေးဖို့ပါဘဲ။ သတင်းအခြေအနေပေါ်မူတည်ပြီး ဒီက က်ညွှန်ကြားပါမယ်"

ဗျူဟာဂျီသရီး ဗိုလ်ကြီးအောင်ချစ်မှ ခေါ်ပြောလေသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါခင်ဗျ။ နက်ဖြန် မနက်စောစော သံလွင်မြစ်
အတိုင်းရှင်းပြီး ရှေ့ဌာန်းကို ချီတက်ပါမယ်"

"ကောင်းပါပြီ လိုတာပြောပါ၊ ကိုအောင်သန်းနှင့် ညှိပြီးလုပ်
ပေးပါမယ်"

ဗိုလ်ကြီးအောင်သန်းမှာ ဗျူဟာ A.Q ဖြစ်၏။

ကျွန်ုပ်သည် ဘားအံစစ်ဗျူဟာသို့ ၁၉၇၅ ခုနှစ်၊ အောက်
တိုဘာလတွင် ရောက်ရှိသတင်းပို့ရသည်။ တပ်ခွဲတစ်ခွဲနှင့် ဘားအံ
ဗျူဟာအရန် နေရ၏။ မကြာသေးမီကာလက KNU များ ဘားအံ
ဗျူဟာကို ဝင်ရောက်စီးနင်း တိုက်ခိုက်သွားခဲ့သည်။

သို့ဖြစ်၍ ရတခမှ စစ်ဆင်ရေးအရန်အဖြစ် ကျွန်ုပ်ဦးစီးသည့်
တပ်ခွဲတစ်ခွဲအား ဘားအံသို့ စေလွှတ်ပေးခဲ့၏။

ကျွန်ုပ်၏တပ်ရင်းဌာနချုပ်မှာ မော်လမြိုင် ကျောက်တစ်လုံး
တွင်ရှိ၏။ တပ်ရင်းမှူးနှင့် တပ်ခွဲသုံးခွဲမှာ ထားဝယ်တောင်ခြမ်း
စခန်းထိန်းတာဝန်ကို ထမ်းဆောင်နေရ၏။ တစ်ခွဲမှာ တပ်ရင်းအရန်
ဖြစ်၏။ ကျွန်ုပ် ဦးစီးတပ်ခွဲတစ်ခွဲအား ဘားအံဗျူဟာ အတိုက်ခံရပြီး
နောက် ဘားအံသို့ ပို့လွှတ်ထားခဲ့လေသည်။

"ဘားအံကိုဝင်လာတာ လေယာဉ်ကွင်းဘက်က ဝင်လာ
တာဒေ။ ဒါကြောင့် မင်းနဲ့ မင်းတပ်ခွဲ လေယာဉ်ကွင်းမှာ အရန်တည်
ဆောက်ထားပြီး ပတ်ဝန်းကျင်စိုးမိုးထားကွာ"

ရောက်စက ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းနောင်မှ အထက်
ပါအတိုင်းမှာ၏။ သို့ဖြစ်၍ ဘားအံလေယာဉ်ကွင်းတွင် တပ်ခွဲ
အထိုင်ချကာ ပတ်ဝန်းကျင် လုံခြုံရေးတာဝန်ယူရသည်။ ရံဖန်ရံခါ





ဘားအံ၊ လှိုင်းဘွဲ့ လမ်းလုံခြုံရေးယူရ၏။

ထိုစဉ်က KNU တို့ စစ်ရှိန် အလွန်တက်နေ၏။ လက်နက်
သစ်အဆန်းများနှင့် စစ်ကြောင်း Column များ ဖွဲ့ကာ မြန်မာ့
တပ်မတော်ကို ရင်ဆိုင်နေကြသည်။ KNU တို့တွင် M 16၊ HK
33၊ M 79၊ ၅၇မီလီမီတာ နောက်ပွင့်များ၊ ၆၀ မီလီမီတာ စိန်
ပြောင်းများ၊ ၂၊ ၇၅ တစ်ချက်ပစ်လောင်ချာများ၊ M 72 တစ်ချက်
ပစ်လောင်ချာများ၊ M 16 အေဝမ်းလောင်ချာများဖြင့် အတော်
တောင့်တင်းနေကြ၏။

KNU တွင် စစ်ကြောင်းကြီးသုံးကြောင်းဖွဲ့စည်းထားပြီး
သံလွင်မြစ်ရိုးနှင့် ဒေါနတောင်အနောက်ခြမ်း၌ လှည့်လည်တိုက်ခိုက်
နေကြလေသည်။

စစ်ကြောင်း (၁)

စစ်ကြောင်းမှူး ဒုဗိုလ်မှူးကြီးမောင်ထွန်းနှင့် အင်အား ၄၀၀
ခန့်။

စစ်ကြောင်း (၂)

စစ်ကြောင်းမှူး ဗိုလ်မှူးဂျော်နီနှင့် ဒုစစ်ကြောင်းမှူး ဗိုလ်မှူး
ကျော်တုတု ဦးစီးအင်အား ၄၀၀ ခန့်။

စစ်ကြောင်း (၃)

ဗိုလ်မှူးသာဆဲနှင့် အင်အား ၃၀၀ ခန့်။

ကဲ ... ဘားအံရောက်တာကြာပြီ၊ တစ်ပွဲမှ မတိုက်ရသေး
ဘူး။ အမျိုး KNU တွေနဲ့ အားစမ်းချင်နေသည်။ သွားဆိုသွား
တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုနေ့က ဗျူဟာကပြန်ရောက်ပြီးနောက် တပ်ခွဲတစ်ခွဲလုံးအား **Briefing** ပေးပြီး နောက်နေ့အတွက် အစစအရာရာ ပြင်ဆင်ခဲ့လေသည်။ ကရင်တောထဲတွင် စစ်စတိုက်လာသူဖြစ်ရာ အမျိုးကရင်တွေကို အထင်မသေးပါ။ ကိုယ့်ကို ဒုက္ခပေးသွားကြတာ များပြီလေ။

**ဘားအံမှ ချီတက်ခြင်း**

ခရီးစထွက်သည့်နေ့က သံလွင်မြစ်ရိုး၌ နှင်းမှုန်များက ဝေ့ဝဲနေ၏။

ဘယ်အချိန်ပြန်လာရမှန်း မသိ၍ သံလွင်မြစ်ရိုးက ရွာစွဲတစ်လျှောက် ပုံမှန်ရှင်းလင်း သတင်းထောက်ခဲ့၏။ လမ်းတွင်တစ်ညအိပ်ပြီး နောက်နေ့၌ ရွှေဂွန်းသို့ ရောက်သည်။

ရွှေဂွန်းတပ်စခန်းမှူးနှင့်တွေ့၏။ လှိုင်းဘွဲ့တပ်မှဖြစ်သည်။

''ဘာသတင်းတွေများထူးပါလဲဗျာ''

''**KNU** စစ်ကြောင်းသုံးကြောင်းလုံး ဒေါန အနောက်ခြမ်းရောက်နေတယ်ကြားပါတယ်။

မောင်ထွန်းနဲ့ စစ်ကြောင်း(၁)က ပန်တော်မိ ကြက်တူရွေးတောင်ဘက်မှာလို့ သိရပါတယ်။

ဂျော်နီနဲ့ စစ်ကြောင်း(၂)က ကော့ကရိတ်တစ်ဝိုက်ရောက်နေပါတယ်။

သာဆဲနဲ့ စစ်ကြောင်း(၃)ကတော့ ဖါပွန်နဲ့ ကမမောင်းကြားမှာ လှုပ်ရှားနေတယ်လို့ သိရပါတယ်။





''ဗိုလ်ကြီးတို့ ဦးတည်ရန်သူက ဘယ်သူပါလဲဗျာ''

''မောင်ထွန်းနဲ့ **KNU** စစ်ကြောင်း(၁)ပါ''

''ဒါဆို ဒီအတိုင်းသာ ဆက်တက်သွားပါ။ ကပ္ပလီလောက်ရောက်ရင် ထူးပါလိမ့်မယ်''

ကျွန်ုပ်တို့သည် ရွှေဂွန်းစခန်းမှူးသတင်းအရ နောက်နေ့၌ ကပ္ပလီရွာကြီးကို ဝင်ရှင်းခဲ့၏။ ဘာမှ မထူးပါ။ သို့ဖြစ်၍ ညအိပ်အခြေပြုရန် စီစဉ်ခဲ့လေသည်။ ကပ္ပလီသည် ဂျော်နီ၏ မွေးဇာတိရွာကြီးဖြစ်၏။

**''မောင်ထွန်းနှင့် KNU စစ်ကြောင်း(၁) ပန်တော်မိ ကြက်တူရွေးကြက်မှ တောင်ဘက်သို့ဆင်းလာသည်ဟု သတင်းရ။ လမ်းခုလတ်မှဆီးကြိုပြီး စောင့်ကြိုချေမှုန်းရန်''**

''ဟင်း . . . ဟင်း လူ ၄၀၀ ပါတဲ့စစ်ကြောင်းကို ကျုပ်တို့လူ ၆၀/၇၀ နဲ့ စောင့်ကြိုချေမှုန်းပါတဲ့ဗျာ။ တော်တော်ရယ်ရတဲ့လူတွေ''

ကျွန်ုပ်က အတူပါလာသည့် တစ်ဦးတည်းသော တပ်စုမှူး ဗိုလ်မြင့်သိန်းအား ပြောမိ၏။ သူနှင့် ကျွန်ုပ်ကား သက်တူရွယ်တူဖြစ်၏။

သူက အခြားအဆင့်မှ ကော်မရှင်ရလာသူဖြစ်၍ ဗိုလ်အဆင့်တပ်စုမှူးဖြစ်သည်။

ကျွန်ုပ်က ဗိုလ်ကြီးအဆင့်နှင့် တပ်ခွဲမှူးတာဝန် ထမ်းဆောင်ရ၏။ **OTS** မှာ သူ့ထက် လေးငါးနှစ် စီနီယာ ကျလေသည်။ ကျွန်ုပ်တို့အပတ်စဉ်မှာ တက္ကသိုလ်ကျောင်းထွက် ဘွဲ့ရများဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"တပ်ခွဲမှူး စာတိုခင်ဗျ"

"ပေး"

စာတို။ **ဗက အောင်ချစ်မှ ဗကသက်ဦးအတွက်။ ယနေ့ အခြေပြုမှထွက်ပြီး ပေပင်ဆိပ်တစ်ဖက်ကမ်းရှိ ကမော့လဲသို့ အရောက်ချီတက်ရန်၊ ဗျူဟာမှူးကြီးမှ ညွှန်ကြားကြောင်းသိသာပါရန်။**

"ဟုတ် ... လုပ်ပြန်ပြီဟေ့"

"ကဲ ... ဗိုလ်မြင့်သိန်း တပ်စုတပ်ကြပ်ကြီးတွေခေါ်ဗျာ။ **Briefing** ပေးရအောင်။ ပြီးတော့ ညစာချက်စား ပြီးတာနဲ့ ဒီက ထွက်ကြတာပေါ့"

ကျွန်ုပ်၏တပ်ခွဲသည် ညစာချက်စားပြီးသည်နှင့် ကပွလီ ရွာကြီးမှ ထွက်ခဲ့၏။ တန်ဆောင်မုန်းလဆုတ် (၁)ရက်နေ့ဖြစ်သဖြင့် ညအနည်းငယ်မှောင်စပြုသည်နှင့် လထွက်လာရာ လရောင်ဖြင့် ခရီးဆက်နိုင်ခဲ့၏။

"ဆရာကြီး လဗျနော်ရေ မီးမသုံးနဲ့နော်"

ပွိုင့်တပ်စုမှူး တပ်ကြပ်ကြီး လဗျနော်အား မှာရ၏။ သူသည် ယခင် ဘားအံ ကချင် (၂)မှ စစ်သားဟောင်းကြီးဖြစ်သဖြင့် ယခုလို အရေးဟယ် အကြောင်းဟယ်ကာလမျိုး၌ ပွိုင့်တပ်စုအား သူ့ကို တာဝန်ပေးရ၏။ ဤဒေများကို ယခင်ကလည်း သူရောက်ဖူးခဲ့ပြီး သားဖြစ်၏။ စစ်ရေးစစ်ရာတွင်လည်း အထူးအားကိုးရသည့် ကချင် လူမျိုး လူပျိုစစ်သားကြီးဖြစ်၏။





လရောင်အောက်၌ ရိတ်သိမ်းစလယ်ကွင်းများ၊ တောအုပ် ကွက်ကြား ကွက်ကြားများ၊ ကွမ်းသီးပင်၊ အုန်းပင်၊ တန်းပင်စုများကို စနစ်တကျ ရှင်းလင်းဖြတ်ကျော်ခဲ့၏။ ရွာများကို အားလုံးရှောင်ကွင်း ခဲ့၏။ ရွှေဂွန်းနှင့် ပေပင်ဆိပ် ကမမောင်းကို စက်လှေနှင့် ၂ နာရီခန့်သာကြာသော်လည်း ယခုခြေလျင်ခရီးကား ဟိုကွေ့ဒီကောက် နှင့် အတော်သွားရ၏။ သတင်းပေါက်မှာစိုး၍ လမ်းပြလည်း မသုံးရဲ၊ မြေပုံကြည့်ကာ **Compass March** ချီတက်ခဲ့ရ၏။

မနက် ၂ နာရီထိုးမှ ကမော့လဲကို ရောက်သည်။ မြေအခြေ အနေကောင်းသော သံလွင်မြစ်ဘေးက ကမော့လဲကျောင်းရွာကြီးသို့ ဝင်ရောက်ခဲ့၏။ ကမော့လဲက ရွာသုံးရွာရှိသည့် ကမော့လဲကျောင်း ရွာကြီးကား အိမ်ခြေ ၁၀၀ ကျော်သည်။ လရောင်အောက်၌ အားလုံး အိပ်မောကျနေ၏။ ငြိမ်တိတ်နေသည်။

"ကဲ ... ဗိုလ်မြင့်သိန်း၊ တစ်ခွဲလုံး ရွာထိပ်ကုန်းက ဘုန်းကြီးကျောင်းကြီးမှာ နေရာယူခိုင်းဗျာ။ ၂ ထပ် ကင်းချဗျာ၊ ပြီးရင် အိပ်ကြတာပေါ့"

ကျွန်ုပ်တို့ တစ်ခွဲလုံးရွာရောက်ပြီး နေရာယူပြီးသည်နှင့် ကင်းချကာ စိတ်ချလက်ချ အိပ်လိုက်ကြ၏။

ခရီးပြင်းနှင်ခဲ့၍ အားလုံးမောနေကြပါသည်။ ခရီးကား မိုင် ၂၀ ပျော့ပျော့သာရှိပေမည်။ လူမောသည်ထက် စိတ်က ပိုမော နေ၏။ သို့ရာတွင် မိုးလင်း၍ စက်ခေါ်သည်နှင့် ညက ကမော့လဲ ရောက်ပြီဆိုသည့်ကိုတော့ ဗျူဟာသတင်းပို့နိုင်ပါပြီခင်ဗျား။

ပထမရည်မှန်းချက်အောင်မြင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ တိုက်ပွဲဖြစ်ခြင်း

မနက်မိုးလင်းချိန်၌ ညက အိပ်ရေးပျက်ခဲ့သော်လည်း စစ်သားပီပီ ငါးနာရီမှာ နိုးနေ၏။ ကင်းလိုက်စစ်ပြီး စစ်သည် အားလုံးကို နှိုးခိုင်းလိုက်၏။

''ကဲ ... အားလုံးထကြ၊ မနက်စာချက်စားပြီး ဆက်ထွက်ဖို့ပြင်။ ဗျူဟာက ဘာအမိန့်လာဦးမလဲ မသိဘူး။ ဗျူဟာကို ရောက်ကြောင်း၊ သတင်းပို့လိုက်တော့''

ကျွန်ုပ်သည် ရုံးအဖွဲ့ကိုမှာ၏။ လ္ဘက်ရည်တစ်ခွက်သောက်ပြီး သည်နှင့် တပ်စုမှူးဗိုလ်မြင့်သိန်းကို ခေါ်လိုက်သည်။

''ဗိုလ်မြင့်သိန်းရေ၊ တပ်စု တစ်စုနဲ့ ရွာထဲဆင်းပြီး သတင်း ထောက်ရအောင်ဗျာ''

ရွာမှာ ရွာတန်းရှည်ဖြစ်၏။ ဘုန်းကြီးကျောင်းကုန်းထက် ရွာကအနိမ့်ပိုင်းကျသည်။

အချိန်မှာ မနက် ၀၇၀၀ နာရီခန့်ဖြစ်၏။ ရွာလယ်ရှိ သူကြီး ဦးစောအောင်ဒင် အိမ်သို့ရောက်သည်နှင့် အိမ်ထဲသို့ဝင်လိုက်၏။

''ဗျို့ ... ဖထီး''

''ဟာ ... ဗိုလ်ကြီးပါလား လာဗျို့''

''ဟာ ... ကိုရစ်ချတ်ပါလား၊ ဘက်က ဘယ်လို ရောက်နေ တာလဲ''

လွန်ခဲ့သော လေးငါးနှစ်က ကတိုင်တိရွာကြီး၌ အတူနေခဲ့ဖူး သည်။ H.A ခေါ် ကျေးလက်ကျန်းမာရေးမှူး စောရစ်ချက်။ အထူး ရင်းနှီးခဲ့သူဖြစ်သည်။ သူနှင့် ကျွန်ုပ်က အသက်အရွယ်လည်း





မတိမ်းမယိမ်း။

''ဒါ ... ကျွန်တော့်ယောက္ခမအိမ်လေ ဗိုလ်ကြီးရဲ့။ သူ့သမီး ဖော်ဖရီးဒါက ကျွန်တော့်ဇနီး။ ရွာပြန်သွားတာ စိတ်မချလို့ လာပြန် ခေါ်တာ''

''ဘာစိတ်မချတာလဲ''

''အမျိုး KNU တွေသတင်းရလို့ ဗိုလ်ကြီးရဲ့။ ယောက္ခမကြီး တောင် သူတို့ခေါ်လို့ မနေ့က ပန်တော်မိ ကြက်တူရွေးတောင် သွားလေရဲ့''

''ဘယ်သူတွေလဲ''

'' KNU စစ်ကြောင်း(၁)က ဗိုလ်မှူးကြီးမောင်ထွန်းတဲ့''

''သြော် ... လူများလား''

''လေးငါးရာ ရှိသတဲ့၊ ဗိုလ်ကြီးရော လူဘယ်လောက်ပါလဲ''

''၆၀/၇၀ ပါပဲ''

''ဗိုလ်ကြီးက လူနည်းနည်းနဲ့ တော်တော့်သတ္တိကောင်း တာပဲ၊ အခုသတင်းရော မရဘူးလား၊ ဒီလူလောက်နဲ့ ဖြစ်ပါ့မလား''

''ရပါတယ်၊ မကြောက်ဘူးဗျာ ချမယ်''

''မလုပ်နဲ့လေ၊ ဗိုလ်ကြီးရဲ့''

''ဘယ်လိုသဘောရလဲ''

''ဘယ်လိုမှ သဘောမရဘူး၊ လာရင်တိုက်မယ်၊ ကဲဗျာ ...ထက် ကျုပ်အခု နည်းနည်းပါးပါး လုပ်တတ်နေပြီ။ Morning ...ူ လေးလုပ်ကြမလား''

''ရတယ်လေ ဗိုလ်ကြီးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အတူ ကထိုင်ထိတွင် နေခဲ့ရစဉ်က ကျွန်ုပ် အရက် မသောက်တတ်သေးပါ။ ယခုအခါတွင်တော့ နည်းနည်းပါးပါး သောက်တတ် စားတတ်နေပါပြီ။

ကျွန်ုပ်သည် စောရစ်ချတ်နှင့် ကရင်မီးတောက် တစ်ပုလင်းအား၊ **Burplex Elixir** ရောပြီး စောစောစီးစီး ယမကာဝိုင်း စလိုက်၏။ တကယ်တော့ သတင်းလိုချင်၍ ဖြစ်ပါသည်။

သူနှင့် စကားတပြောပြောဖြင့် ကရင်မီးတောက်အား တစ်ခွက်တစ်ဖလားစီမှ နှစ်ခွက်နှစ်ဖလားမက သုံးခွက် သုံးဖလား သောက်ဖြစ်ကြ၏။ သူ့ဇနီး နော်ဖရီးဒါမှ ငါးကြော်၊ အမဲခြောက် ဖုတ်များချပေးသဖြင့် အမြည်းပါ စားရ၏။

"ဗိုလ်မြင့်သိန်းရေ ... ခင်ဗျား လူတွေ ရွာပြင်မှာ နေရာယူနိုင်းတာဗျာ။ ခင်ဗျားလည်း ဒီလာခဲ့ဗျာ။ စကားလေး ဘာလေး ပြောရအောင်"

ကျွန်ုပ်တို့သုံးယောက်သည် သောက်ရင်းစားရင်း ရှေးဟောင်း နှောင်းဖြစ်များပြောဖြစ်ကြ၏။

လွန်ခဲ့သည့် ခုနစ်နှစ်လောက်က ကျွန်ုပ်သည် ကတိုင်တီရွာကြီး၌ နှစ်ခါ၊ သုံးခါ စခန်းထိုင်ခဲ့ရာ သူနှင့် ပြောစရာများလှချေ၏။ ထိုစဉ်က ကျွန်ုပ်ရော သူပါ အိမ်ထောင်မကျသေး လူပျိုများ ဖြစ်ပါသည်။

ထို့ကြောင့် စစ်ရေးစစ်ရာသာမက နှလုံးသားရေးရာများကိုပါ ပြောဖြစ်ကြ၏။

ကတိုင်တီ အထက်တန်းကျောင်းမှ ဆရာမ မခင်တင့်





အကြောင်း ကတိုင်တီဆေးခန်းမှ ဆရာမလေး နော်ဖဲစေးအကြောင်း၊ ရွာလယ်မှ မွတ်စလင်မလေး ဂျူဒီအကြောင်း အတော်စုံပါသည်။

ဆရာမ အပျိုကြီး ဒေါ်ခင်တင့် လင်အလွန်လိုချင်သည့် အကြောင်း။

ဆရာမလေး နော်ဖဲစေး အလွန်လှသည့်အကြောင်း။

**Sexy** အလှကိုယ်လုံးနှင့် အလွန်တောင့် အလွန်ဖြောင့်သည်။ မွတ်စလင်မလေး ဂျူဒီ မျက်နှာများသည့် အကြောင်း။ **Anabian Nights** ထဲမှ ဖာတ်လိုက်မင်းသမီးနှင့် တူကြောင်း စသည် စသည် ကိုပါပေ။

ကျွန်ုပ်တို့ စကားဝိုင်းကောင်းနေစဉ် သူကြီး ဦးစောအောင်ဒင် ပြန်ရောက်လာ၏။ သူနှင့် ကျွန်ုပ်သည် ဟိုးရှေးယခင် ကျွန်ုပ်က ကပမောင်းမှာရှိစဉ်ကတည်းက သိဟောင်းကျွမ်းဟောင်းများ ဖြစ်ကြ၏။

"ဟာ ... ဗိုလ်ကြီးပါလား"

"လာဗျို့ ... ဦးစောအောင်ဒင် ဘာထူးလဲ"

"ထူးပြီကော ဗိုလ်ကြီးရာ။ မောင်ထွန်းနဲ့စစ်ကြောင်းက လူတွေအများကြီး။ ရိက္ခာဆင့်နေတယ်။ အဲဒါ သွားပို့ရမှာ။ ဗိုလ်ကြီးနဲ့ တွေ့တာနဲ့အတော်ပဲ။ ကျွန်တော့်ဆီကို ရိက္ခာယူမယ့် သူတို့လူတွေ လာလိမ့်မယ်၊ ဗိုလ်ကြီးဘယ်လိုလုပ်မလဲ"

"လာစမ်းပါစေဗျာ"

"ဆီးချမယ်လေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာထဲတော့ တိုက်ပွဲမဖြစ်စေချင်ဘူး၊ ဗိုလ်ကြီးရေ ကြည့်လုပ်ပါဦး၊ ဖြစ်နိုင်ရင် ရှောင်ပေးပါ ဗိုလ်ကြီးရာ။ သူတို့ လူများတယ်၊ ဗိုလ်ကြီး လူဘယ်လောက်ပါလဲ။ သူတို့လက်နက်တွေလည်း တအားကောင်းတယ်"

"တပ်ခွဲတစ်ခွဲပဲလေ လူ ၇၀ ပဲ"

"စဉ်းစားပါဦး ဗိုလ်ကြီးရာ"

ဦးအောင်ဒင်က တောင်းတောင်းပန်ပန်ပြော၏။

"အင်း ... စဉ်းစားမယ်လေ"

"ဗိုလ်မြင့်သိန်း ခင်ဗျားရွာထိပ်သွားပြီး ကင်းတွေပြန်ရုပ်ဗျာ၊ ပြန်ကြရအောင်"

ကျွန်ုပ်တို့ စကားကောင်းနေစဉ်မှပင် ...

"ဒိုင်း ... ဒိုင်း ... ဒက် ... ဒက် ... ဒက် ဖေါင်း ... ဖေါင်း ... ဖေါင်း"

"ဟာ ... ချပြီဟေ့"

ဗိုလ်မြင့်သိန်းနှင့် ကျွန်ုပ်တို့နှစ်ဦးသည် ရွာမြောက်ထိပ်သို့ အပြေးကလေးဆင်းသွားခဲ့၏။

"ပတောက် ... ပတောက် ... ဖေါင်း ... ဒိန်း ဝုန်း ... ဂျိမ်း ... ဂျိမ်း"

M-79 သံများ ဆက်တိုက်ထွက်လာ၏။

"ဒက် ... ဒက် ... ဒက် ... ဖရော ... ဖရော ဖရော"

ဂျိဖိုးစက်ကလေး အတွဲလိုက်ဆွဲသံများ ပါလာသည်။





ရွာထိပ်မှ ကိုက် ၅၀၀ ခန့်သာဝေးရာ ခဏနှင့်ရောက်သွား၏။

ကျွန်ုပ်တို့ရွာထိပ်ရောက်သောအခါတွင် ကားဆရာ လဗျာ နောင်နှင့် ဆရာအေးသိန်းတို့ကို ရွာထိပ်က မန်ကျည်းပင်တန်း၌ နေရာယူထားသည်ကို တွေ့ရ၏။

"အခြေအနေဘယ်လိုလဲ ဆရာကြီးတို့"

"KNU လေးငါးဆယ်ယောက် မအူမလည်နဲ့ ဝင်လာတာ၊ ပစ်တာ ဟိုမှာ သုံးယောက်မှောက်နေပြီ"

"တော်တော်များများ ပြန်ပစ်သွားကြတယ်"

"ကဲ ... ဒီအသံကြားရင် သူတို့လူတွေ လိုက်လာကြလိမ့်မယ်။

သေတဲ့လူတွေဆီက သေနတ်အမြန်ကောက်ပြီးရင် လစ်ကြစို့။ ဒီရွာက ထွက်မှရမယ်၊ ကြက်တူရွေးတောင်ဆိုတာ ဝေးတာမဟုတ်ဘူး"

"အခု ဒီဝင်လာတာ လူဘယ်လောက်ရှိမယ်ထင်လဲ"

"ပစ်အားကြည့်ပြီး မှန်းရတာ ဆယ့်လေးငါးယောက်လောက်ရှိမယ်"

ကျွန်ုပ်တို့သည် ရွာမြောက်ထိပ်အား ပစ်ရှင်း ရှင်းကြပြီး ကျဆုံးသွားသည့် KNU သုံးဦးထံမှ လက်နက် သုံးလက်အား အမြန်ကောက် ရသမျှပစ္စည်းများကို သိမ်းလိုက်၏။

ကျဆုံးသူ သုံးဦးအနက် တစ်ဦးမှာ ခရာကြိုး အဝါတင်ထားပြီး အပွင့်တစ်ပွင့် တပ်ထားသော KNU အရာရှိဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သနားကမား အသားဖြူဖြူလေးနှင့် လူငယ်တစ်ဦးပါပေ။

''ဟော့ ... ဦးစောအောင်ဒင် သွားခေါ်ကွာ၊ သူ ဘယ်သူလဲဆိုတာသိရအောင်''

ခဏအကြာ ဦးစောအောင်ဒင် ရောက်လာသည်။

''ဒါ ... ဘောကြိုးလယ်က စောဝါဒါးလေ။ တမြန်နှစ်က KNU ထဲဝင်သွားတာ။ အရင်က ကထိုင်တိကျောင်းမှာ ကျောင်း တက်နေတာ''

''ဩော် ... သူကြီးက သူ့ကို ကောင်းကောင်းသိတာကိုး''

''ရွာ ခဏခဏ လာနေလို့ သိပါတယ်''

''ဗိုလ်ကြီး။ အဲဒီ KNU ဗိုလ်လေး အိတ်ကပ်ထဲက တွေ့ တာခင်ဗျ''

ဆရာကြီးအေးသိန်းက ဓာတ်ပုံတစ်ပုံ လာပေးသည်။

ဟိုက် ... ကတိုင်တိက မွတ်စလင်မလေး ဂျူဒီပုံပါလား။

အလို ''ချစ်သောမောင်အတွက် ဂျူဒီ'' တဲ့။ ဓာတ်ပုံ နောက်ကျောက စာကလေး။

ကျွန်ုပ်က ဓာတ်ပုံကို သိမ်းလိုက်သည်။ မှတ်စုစာအုပ်ကြား ညှပ်ထားလိုက်၏။

ဒီဓာတ်လမ်းကို ကျွန်ုပ်စိတ်ဝင်စားသည်။

ဒီရွာမှာ မမျှော်လင့်ဘဲ ဓာတ်ပုံတစ်ပုံရသည်။

KNU ဆီမှလည်း မမျှော်လင့်ဘဲ တိုက်ပွဲဖြစ်ပြီး သေနတ် လေးလက်ရလိုက်၏။

ကာဘိုင် ၂လက်





အမ် ၁၆ ၁လက်

ပစ္စတို ၁လက်

''ဗိုလ်မြင့်သိန်းရေ လစ်ကြစို့ဗျို့။ သူတို့စစ်ကြောင်းလိုက်လာ ရင် သိပ်မချောင်ဘူး''

''ကိုင်း ... ဦးစောအောင်ဒင်နဲ့ ကိုရစ်ချုတ်ရေ ကျုပ်တို့ လစ်တော့မယ်။ အနောက်ဘက် လမ်းကူးမယ်၊ ဗိုလ်မှူးကြီးမောင် ထွန်းတို့ရောက်လာရင်တော့ ပြောလိုက်ပါဗျာ။ စိတ်မကောင်းပါဘူး လို့ မတော်တဆ ဖြစ်သွားတာပါလို့။ မကျေနပ်လို့ တိုက်ချင်ရင် တော့ မြစ်အနောက်ဘက်ကူးခဲ့ပါ။ စောင့်နေပါ့မယ်လို့''

''ကဲ ... သွားပြီဗျို့''

သူကြီးဦးစောအောင်ဒင်နှင့် စောရစ်ချုတ်တို့နှစ်ဦးမှာ မျက်စိ မျက်နှာပျက်နေကြ၏။

''ဗိုလ်ကြီးရေ ... ကျုပ်လည်း ကူးဆိပ်ပြန်မယ်ဗျာ။ ကျုပ် က အခုကူးဆိပ်မှာ တာဝန်ကျတာ၊ မိန်းမခေါ်ပြီး သွားတော့မယ်။ တော်ကြာ ဒီအမှုထဲပါပြီး ကြားညှပ်နေဦးမယ်။ ယောက္ခမကြီးကတော့ သူသဘောပဲ။ လိုက်ရင် ခေါ်သွားမယ်။ နေချင်လည်း နေခဲ့၊ သူ့သဘောပဲ''

ကျွန်ုပ်တို့တပ်ခွဲတစ်ခွဲလုံး အလျှင်အမြန် သံလွင်မြစ်အား လှေများဖြင့် ဖြတ်ကူးကာ အနောက်ဘက်ကမ်းကိုကူးခဲ့ကြ၏။

ပေပင်ဆိပ်သို့ရောက်ပြီး ဗျူဟာအမိန့်အရ ကမဲမောင်းသို့ ပြန်ဆုတ်ခဲ့ရ၏။ တိုက်ပွဲအစီရင်ခံစာနှင့် ရန်သူ့သတင်းရသမျှ တင်ပြ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗျူဟာမှ သုံးလောင်းလေးလောင်းရသဖြင့် ချီးကျူးသည်။ ကြေးနန်းစာပို့သည်။ ကမမောင်းတပ်မှာလည်း သူတို့မကြာခဏ ထိပ်ပေါက် ခေါင်းကွဲခံနေရချိန် ကျွန်ုပ်တပ်ခွဲက အောင်ပွဲရလာသဖြင့် ဝမ်းမြောက်နေကြ၏။ KNU ထံမှ သေနတ်ရဖို့ဆိုတာ ယုံချင်စရာ မွေးထက်ပင် ရှားသေးသည်လေ။

ဟူး ... ဘာပဲဖြစ်ဖြစ် သွေးတော့စွန်းသွားပေပြီ။

**ကမမောင်းမှသည် ကတိုင်တိသို့**

ကမမောင်းတွင် နှစ်ရက် သုံးရက်နားရသည်။ ကမမောင်း တပ်မှာ ကျွန်ုပ်၏ Mother Unit မိခင်တပ်ရင်းဖြစ်၍ တပည့်တပန်း အဟောင်းများက ဝမ်းပန်းတသာကြိုကြသည်။

ကမမောင်းကိုလည်း KNU စစ်ကြောင်း (၃)က တိုက်မည် တကဲကဲနှင့် ဝါကော်ကျေးနားအထိ ရစ်သီရစ်သီ လာလုပ်နေသည်။

အရန်တပ် မရှိ၍ ထွက်မတိုက်နိုင်ခဲ့။

ကဲ ... ဗိုလ်ကြီးသက်ဦး တပ်ခွဲရောက်ပြီပေါ့။ ဘယ်မှာလဲ အမျိုး KNU တွေ၊ အတော်ပါပဲခင်ဗျာ။

ဘားအံဗျူဟာက KNU စစ်ကြောင်း(၃)ကို ထွက်ရှင်းပါတဲ့ ကြေးနန်းရပြီး နောက်တစ်နေ့ ကမမောင်း၊ ဖါပွန် ကား လမ်းမကြီးအတိုင်း ထွက်ခွာရင်း ပထမတစ်ရက် ဝါကော်ကျေး ဒုတိယရက် ဝါးသိုးခို၊ ၎င်းနောက် ရေပူစခန်းသို့ရောက်၏။ ရေပူတွင် မိမိ မိခင်တပ်ရင်းမှ တပည့်တပန်းဟောင်းများကို အားပေးရင်း တစ်ညအိပ်သည်။ ရိက္ခာထုတ်ပြီး လေးဖိုးထ ဝင်ရှင်းရာ KNU





စစ်ကြောင်း (၃) ဘောကြိုးလည်ကို ဆုတ်သွားကြောင်း၊ ကတိုင်တိ စခန်းတိုက်မည်ဟု သတင်းရကြောင်း ဗျူဟာက ပြောလာပြန်၏။ ကတိုင်တိ ဝင်ပါတဲ့။

ကိုယ့်နေရာဟောင်းပဲ ... ကတိုင်တိကို ဆက်ထွက်ခဲ့၏။

ကတိုင်တိရောက်တော့ ညနေစောင်းပြီ။

စခန်းကထွက်ကြိုသဖြင့် ဝမ်းသာရ၏။ သူတို့လည်း ကိုယ့် တပည့်တွေပါပဲ။ စခန်းမှူးက ဗိုလ်စောထွန်းမြအောင်၊ ကျွန်ုပ် ဖါပွန်တပ်ရောက်ပြီး သုံးနှစ်အကြာမှာ ရောက်လာသူ၊ ယခုထိသူ့ တပ်က မပြောင်းရသေးပါ။ သူလည်း ခေတ္တတပ်ခွဲမှူး လုပ်နေရ၏။

"လာ ... အစ်ကိုရေ၊ ရွာက အစ်ကို့ကို မျှော်နေကြတယ်"

ထိုနေ့က ညစာအတူစားပြီး ရွာထဲသို့ ဗိုလ်စောထွန်းမြ အောင်နှင့် အတူဆင်းခဲ့၏။ သူက ညောင်လေးပင်က စကောကရင် ဖြ်က ကရင်တွေနှင့် အမျိုးတူဖြစ်၏။ ဒေသခံတွေက သူ့အား ချစ်ကြ၏။ ဆက်ဆံရေးအလွန်ကောင်းသူဖြစ်သည်။

ရွာထဲဆင်းခဲ့ကြရာ ရွာလယ်ရှိ အိမ်တစ်အိမ်အရောက်၌ ကျွန်ုပ်က ...

"ဗျို့ ... ကိုတင်စိုး၊ ဗျို့ ... ကိုတင်စိုး"

"ဟာ ... ဗိုလ်ကြီးပါလား၊ လာပါခင်ဗျ။ အမေရေ ဗိုလ်ကြီးလာတယ်ဗျို့"

အသက် ၆၀ ကျော် အဘွားအိုတစ်ဦး အိမ်ထဲမှထွက်လာ သည်။

"အမေ ... မဂျူဒီရော၊ ဘယ်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်စကားဆုံးသည်နှင့် အမေဒေါ်ဘူဒီမှ ...

"ဗိုလ်ကြီးရယ်"

ဆိုပြီး ကျွန်ုပ်အား ဖက်ငိုလေသည်။

"ဘာဖြစ်တာလဲ အမေ။ ဘာဖြစ်လို့လဲ၊ မဂျူဒီ မတွေ့ပါလား"

"ဗိုလ်ကြီးညီမဆုံးပြီလေ ဗိုလ်ကြီးရဲ့ မသိဘူးလား"

"မသိပါဘူးဗျာ၊ တယ်မသိတာပါ"

"သူများ သတ်လို့ဆုံးသွားပြီ။ တမြန်မနှစ်ကထဲက"

"ဗျာ"

မဂျူဒီအစ်ကို ကိုတင်စိုးက ဝင်ပြောသည်။

ဗိုလ်စောထွန်းမြအောင်က လက်ကုတ်သည်။ ကျွန်ုပ်မှာ ဘာပြောရမှန်းမသိသဖြင့် ငြိမ်နေရ၏။

အချိန်အတန်ကြာအောင် အမေ ဒေါ်ဘူဒီအား နှစ်သိမ့်ရင်း ညအတော်မိုးချုပ်မှ ပြန်ဖြစ်၏။

စခန်းပေါ်ပြန်ရောက်တော့ တော်တော်နဲ့ မအိပ်ဖြစ်ခဲ့။ ဗိုလ်စောထွန်းမြအောင်နှင့် ရှေးဖြစ်ဟောင်းများ ပြောဖြစ်ကြ၏။

"အစ်ကို သူသေတာ မသိဘူးလား"

"မသိဘူးကွ၊ မသိလို့ သွားမိတာ"

"အင်း ... ပြီးတော့ သူနဲ့ကိုယ့်ကြားမှာ ပြောစရာလေး နည်းနည်းရှိတယ်"

"ပြောလို့ရမလား"

"ရပါတယ်"





"ဒါဆိုရင်ပြောဗျာ"

"ပြောမယ် ကိုယ်ပြောပြီးရင် သူသေတဲ့အကြောင်းလည်း ကိုယ့်ပြောပါဦး"

ထို့နောက် ကျွန်ုပ်က အောက်ပါအတိုင်း ပြောဖြစ်ပါတော့သည်။

**ဂျူဒီဆိုသည်ကား**

လွန်ခဲ့သော ခုနစ်နှစ်တာကာလ။

တိတိကျကျဆိုရသော် ၁၉၆၈ ခုနှစ် နှစ်စကာလများ။

ကျွန်ုပ်သည် ဖါပွန်တပ်မှ **Second Lieutenant** ခေါ် ဒုဗိုလ်လေးဖြင့် ဖါပွန်ကမမောင်းကားလမ်းပေါ်ရှိ ကတိုင်တီကျေးရွာကြီး၌ ...မန်းထိန်းတာဝန် ထမ်းဆောင်ရလေသည်။ ခေတ္တတပ်ခွဲမှူးတာဝန် ယူရ၏။

ကျွန်ုပ်နှင့် တာဝန်လဲရမည့်သူကား ကျွန်ုပ်ထက် နှစ်အနည်းငယ်စီနီယာကျသည့် ဗိုလ်ခင်မောင်ယဉ် ဖြစ်၏။

စခန်းမှူး တာဝန်လဲပြီးနောက် ကျေးရွာလူကြီးများကို ...ခန်းပေါ်ခေါ်ပြီး ကျွန်ုပ်နှင့် မိတ်ဆက်ပေးခဲ့၏။

"ကဲ ... ဖိုးသက်ဦး သူငယ်ချင်းလေး ဆက်လုပ်တော့"

ဟုပြောကြားလေသည်။

ဗိုလ်ခင်မောင်ယဉ်ကား မန္တလေးသားဖြစ်၍ လူရည်လည် ...ည်။ စကားပြောလည်းကောင်း၏။ လူလုံး လူဖန် တောင့်တောင့် ...ဖြောင့် မေးရိုးကားကားနှင့် ယောကျ်ားပီသသော ဥပဓိရုပ်ရှိသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ လက်ရဲဇက်ရဲလည်း ရှိ၏။ လုပ်ရဲကိုင်ရဲလည်း ရှိ၏။ မျက်လုံး မျက်ခုံးကောင်းကောင်း၊ နှာတံချွန်ချွန်မို့ ကုလားသွေးပါသလား ထင်ရ၏။

ထိုနေ့ ညနေတွင်မှကား . . .

"ကဲ . . . သူငယ်ချင်းလေး မောင်ရင့်ကို ကိုယ်တစ်ခုလွှဲခဲ့ဘို့ ကျန်တယ်ကွ။ ထောက်လေး ဘောက်ချာနဲ့ အပြီးလွှဲတာတော့ မဟုတ်ဘူး၊ On loan အငှားပေါ့ကွာ"

"ဘာများလဲ"

"ရွာထဲလိုက်ခဲ့၊ ရောက်ရင်သိမယ်"

ထိုနေ့ ညနေ ၅ နာရီကျော် ၆ နာရီတွင် ကျွန်ုပ်တို့ နှစ်ယောက်သည် ရွာထဲသို့ အရပ်ဝတ်ဖြင့် ဆင်းချလာ၏။ ခွဲရုံ အစောင့်ရဲဘော် ၂ ဦးလိုက်ပါလာ၏။

ရွာလည်ရှိ သစ်သားအိမ်ကောင်းကောင်းတစ်ခုသို့ ဝင်လာကြသည်။

ကတိုင်တိရွာကြီးကား BMO သုံးပုံနှစ်ပုံ ရှိသော ရွာကြီး ဖြစ်ပြီး ကရင်အနည်းငယ်နှင့် ရှမ်းအနည်းငယ် ရှိလေသည်။

ယခုကျွန်ုပ်တို့သွားသည့် အိမ်ကား BMO အိမ်။

"ညီမရေ . . . ညီမရေ"

"ဟယ် . . . အစ်ကို လာလာ၊ ညီမစောင့်နေတာကြာပြီ"

အိမ်အတွင်းမှ BMO အမျိုးသမီးငယ်တစ်ဦး ကပျာကယာ ပြေးထွက်ချလာ၏။

အသားလတ်လတ် မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံ





ပေါ်ပေါ် အရပ်ခပ်မြင့်မြင့်။

မျက်နှာကမူ Oval shape ဘဲဥပုံဖြစ်၏။ ဆံပင်ကို မြန်မာ ဆန်ဆန် ထုံးဖွဲ့ထား၏။

သူမသည် မြန်မာဝတ်စုံ ခပ်ကြပ်ကြပ်ကိုဝတ်ထားရာ တင်း တင်းရင်းရင်းဖြစ်နေသောကြောင့် ကိုယ်လုံး အလှမှာပေါ်လွင်နေ၏။ အပေါ်ပိုင်း၌ တင်းရင်းမို့မောက်သော အကောက်အကွေ့များနှင့် ပြည့်စုံနေ၏။ အောက်ပိုင်းမှာမူကား ခါးသေးသေးတွင် ပေါင်တန် ရှည်များဖြည့်စွက်ထားပြီး စွင့်ကားသောတင်သားများကြောင့် တစ်ခါတွေ့သည်နှင့် ပြန်မကြည့်ဘဲ မနေနိုင်သော လိင်ဆွဲငင်မှုမျိုး ပူဖြစ်၏။ ဟ . . . ဒီကုလားမက အတော်လှပါလား။ စိတ်ထဲ ကသာပြောမိ၏။ အသက်ကမူ ကျွန်ုပ်နှင့် မတိမ်းမယိမ်းဖြစ်ပေမည်။

"ကဲ . . . သူငယ်ချင်းလေး ဒါ ကိုယ့်ညီမ။ ဒီရွာမှာ ကောက်ရထားတာ၊ နာမည်က ဂျူဒီတဲ့"

"ညီမရေ၊ ဒါနောက်ရောက်လာတဲ့ စခန်းမှူး ဗိုလ်သက်ဦး ပဲ မှတ်ထား။ အစ်ကိုနဲ့ တာဝန်လဲတာ။ အစ်ကို့ကိုယ်စား လိုတဲ့ အကူအညီရှိရင် သူ့ကိုတောင်း။

ဖိုးသက်ဦးကလည်း ဂျူဒီဆီက လိုတာအကူအညီယူကွ၊ မောင်ရင်က အစားအသောက် ချေးများတယ်။ ဗိုက်ကလည်း အောင့်တတ်ဆိုတော့ အစားအသောက်နဲ့ပတ်သက်ရင် လိုတာမှာ ကွာ။ သူလုပ်ပေးလိမ့်မယ်"

"ရပါတယ်ရှင့်၊ ဗိုလ်ကြီးလိုတာပြောပါရှင့်"

"ဩော် . . . သူက ဗိုက်အောင့်တတ်လို့ နွားနို့သောက်နေရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီမှာနွားနို့ရလား''

''ဆိတ်နို့ရပါတယ်ရှင့်''

''ဆိတ်နို့လည်း ကောင်းပါတယ်''

ကျွန်ုပ်က ပြောလိုက်မိသည်။

ကျွန်ုပ်နှင့် ဗိုလ်ခင်မောင်ယဉ်တို့သည် ထိုညက ဂျူဒီတို့အိမ်မှချက်သောညစာကို မြိန်ရှက်စွာ စားသုံးခဲ့ကြ၏။

ထောပတ်ထမင်း

ကြက်သားမဆလာချက်

ပဲဟင်းချို

သရက်သီးသနပ်

ပုဇွန်ခြောက်ကြော်များဖြစ်၏။

ထမင်းမစားမီ ဗိုလ်ခင်မောင်ယဉ်က အာမီရမ်တစ်ခွက်တစ်ဖလား ချလိုက်သေး၏။ ဂျူဒီက ရိုရိုသေသေနှင့် ရမ်ပုလင်းအား ငှဲ့ပေး၏။ ကျွန်ုပ်တို့ဘေးတွင် ကြုံ့ကြုံ့ယုံ့ယုံ့လေး ထိုင်၏။ ဖွယ်ဖွယ်ရာရာ စကားပြော၏။ ဗိုလ်ခင်မောင်ယဉ်ကို အရည်လဲ့သော မျက်လုံးများနှင့် မကြာမကြာ ကြည့်၏။ လွမ်းမောနေပုံလည်းရ၏။

ကျွန်ုပ်မှာ သူတို့နှင့်ထမင်းအတူစားနေရသော်လည်း အိန္ဒိယရုပ်ရှင်ကားတစ်ကားမှ မင်းသားနှင့် မင်းသမီး ခွဲခါနီး ဇာတ်ဝင်ခန်းတစ်ခန်း ကိုကြည့်နေရသလိုဖြစ်နေ၏။

ထမင်းစားပြီးနောက် ကျွန်ုပ်တို့သုံးဦး စကားစမြည်များဆက်ပြောဖြစ်ကြ၏။

မပြန်မီ ဂျူဒီ၏အစ်ကို ကိုတင်စိုး ခေါ် အီဗရာဟင်နှင့်





အမေ ဒေါ်ဘူဒီတို့ ကြံခင်းမှ လှည်းဖြင့် ပြန်ရောက်လာကြ၏။

ဂျူဒီကား အစ်ကို ကိုတင်စိုး၊ အမေ ဒေါ်ဘူဒီတို့နှင့်အတူ မနေသူ။ ကတိုင်တိတစ်ဝိုက်တွင် ကြံခင်းများ၊ လယ်များပိုင်သူ တောသူဌေးသမီးဖြစ်၏။ အဖေကား သူမကလေးအရွယ်ကတည်းက ကွယ်လွန်ခဲ့ပြီး ဖြစ်၏။

ကျွန်ုပ်တို့သည် ညကိုးနာရီထိုးလောက်တွင် ထိုအိမ်မှ ပြန်ခဲ့၏။

''ကဲ ... သူငယ်ချင်းလေး မောင်ရင့်ကို နောက်ဆုံးကျန်ဟာ လွှဲခဲ့ပြီနော်''

''ဒါနဲ့ အစ်ကိုမေးရဦးမယ်''

''မေးပါ''

''သူ့မှာ ဗမာနာမည်မရှိဘူးလား''

''ရှိတယ်လေ၊ ကြည်ကြည်ခင်တဲ့''

''ဪ ...''

ဗိုလ်ခင်မောင်ယဉ်နှင့် တပ်စခန်းပေါ် ပြန်အရောက်၌ အထက်ပါအတိုင်း ပြောဖြစ်ကြ၏။

ထိုစဉ်က သူရော ကျွန်ုပ်ပါ လူပျိုတွေ။

❖ ❖ ❖

ကတိုင်တိတွင် လေးလကြာသွားခဲ့ပြီ ငါးလထဲရောက်နေပြီ။

ဂျူဒီက မနက်တိုင်း ဆိတ်နို့တစ်ပုလင်း ပို့၏။

ကျွန်ုပ်လည်း မကြာခဏ သူမဆီသွားလည်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် မိုးလင်းသည်နှင့် ကောင်းစွာအလှအပပြင်ဆင်ပြီ သန့်ပြန့်စွာနေတတ်၏။

မြန်မာစာအလယ်တန်းအထိ ကျောင်းနေဖူး၏။ မြန်မာဝတ္ထု များလည်းဖတ်၏။ စာပေဝါသနာပါ သည်။ မြန်မာသီချင်းတွေလည် ရသည်။ ထို့ကြောင့် အနုပညာအခံရှိသော ကျွန်ုပ်နှင့် အပြန်အလှ စကားပြောနိုင်၏။ ပျင်းတိုင်း စကားသွားပြောဖြစ်နေခြင်းပါပေ။

သူမက ဆိတ်နို့နေ့စဉ်ပို့ပေးနေသဖြင့် ကျွန်ုပ်ကလည်း တော တွင်းရိက္ခာထုပ်များ၊ တပ်မတော်သုံး ယူနစ် နို့ဆီများ ပြန်ပို့ပေး၏ သုံးလေးလကြာသောအခါ သူမ၏အမေ ဒေါ်ဘူဒီ၊ အစ်ကို အီဗရာ ဟင် ခေါ် ကိုတင်စိုးတို့နှင့် ပါရင်းနီးလာ၏။

ဂျူဒီက မကြာခဏလည်း ထမင်းခေါ်ကျွေးတတ်၏။

တစ်ရက်တွင် ညစာဖိတ်ကျွေး၍ သွားစားဖြစ်သည်။

အမဲသား၊ ဆိတ်သားနှင့် အခြားသားငါးမျိုးစုံပါ၏ အစ်ပွဲတော်နှင့် သွားတိုက်ဆိုင်နေ၍ ဖြစ်မည်ထင် ထား၏။

သူမသည် ထိုနေ့က အကျအနဝတ်စားထားပြီး သန့်ပြန့်စွာ ဖီးလိမ်းပြင်ဆင်တယ်။

"ဗိုလ်ကြီး"

"ဗျာ"

"စားလို့ကောင်းရဲ့လား ရှင့်"

"ဟုတ်ကဲ့ ကောင်းပါတယ်"

သူမက ကျွန်ုပ်ကို ရွှမ်းရွှမ်းစားစားကြည့်ရင်း ဟင်းတွေအာ ကိုယ်တိုင်ထည့်ပေးနေ၏။ ကျွန်ုပ်ကမူ စကားခပ်နည်းနည်း ခပ်ရှ





ပ်အမျိုးအစားဖြစ်၏။ ဝေဝေဆာဆာတွေ သိပ်မပြောတတ်။ မသည် ကျွန်ုပ်နှင့် အနီးကပ်ထိုင်ပြီး စကားအဆက်မပြတ်ပြောကာ ည့်ခံနေ၏။ သူမထံမှ မဂိုရေမွှေးနံ့က စိတ်ကိုမရိုးမရွဖြစ်စေ၏။

ဟင်းထည့်ပေးသော သူမ၏လက်များ၌ ရှည်လျားသော က်မွေးများကိုမြင်မိ၏။ မျက်ခုံးမွေးများကလည်း သန်ပြီး ထူထဲ က်နေ၏။ ဆံပင်များကလည်း နက်မှောင်သန်စွမ်းနေ၏။ ထိုင်ရာမှ ထဲသို့အထွက်၌ ခြေသလုံးများကို လှစ်ခနဲမြင်လိုက်ရရာ ခြေသလုံး များကိုလည်း မြင်မိ၏။ အရှည်ကြီးတွေပါလား။

အင်း ... BMO မက ပါရှန်သွေးများသလား မသိဘူး မွေးအမျှင် ခပ်ထူထူပါလား။ အမွေးအမျှင်ထူသူတွေက ဘယ်နေရာ မဆို စိတ်ဓာတ်ပြင်းထန်တတ်သတဲ့။ သျှတ္တရကျမ်းတွေက ဆိုတာ လ။

ထိုနေ့က သူမ၏ ပွတ်သီးပွတ်သပ် ပြုစုဆက်ဆံပုံကို သတိ ပိရင်း စခန်းကိုပြန်ခဲ့မိ၏။ ဒီ့ထက်ကြာရင်တော့ သိပ်မလွယ် ဘူးထင်၏။

အတူပါလာသည့် အတူရဲဘော် ကျော်မြင့်က အပြန်လမ်း ၌ အောက်ပါအတိုင်းမေးလာ၏။

"ဗိုလ်ကြီး ... အခြေအနေဘယ်လိုလဲ"

"ဘာကိုပြောတာလဲ"

"ဗိုလ်ကြီးကလည်း သိရဲ့သားနဲ့၊ မဂျူဒီနဲ့လေ"

"ဟော့ကောင် ... စကားပြောတာကြည့်ပြော၊ ငါ့ မွှ ကွ၊ BMO မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''မိုလ်ကြီးခင်မောင်ယဉ်ကတော့ ဘယ်တော့မှ စောစော မပြန်ဘူး၊ ညနက်မှပြန်တာ''

''အဲဒါ ... ငါနဲ့ဘာဆိုင်လဲကွ၊ သွားကိစ္စပဲ၊ ဟော့ကော တော်ကွာ''

ကျွန်ုပ်က စကားကို လတ်စသတ်လိုက်၏။

ကျွန်ုပ်သည် တက္ကသိုလ်ကျောင်းထွက်ဖြစ်သဖြင့် တော မှ မိန်းကလေးများကို ချစ်ကြိုက်ရန် စိတ်ကူးမရှိခဲ့ပါချေ။

❖ ❖ ❖

တစ်နေ့ ...

ထိုတစ်နေ့ကိုတော့ ယခုအချိန်ထိ မှတ်မိနေသည်။

ဖါပွန် ကမမောင်း ယာဉ်တန်းနှင့် မှာလိုက်သည့်ပစ္စည်း အချို့ရောက်လာ၍ ဂျူဒီတို့အိမ် ကိုယ်တိုင်သွားပို့မိ၏။ ပစ္စည်းများက အမျိုးသမီး အသုံးအဆောင်များဖြစ်၍ သူများမခိုင်းချင်သဖြင့် ကိုယ်တိုင်သွားပို့ခြင်းဖြစ်၏။

ကျွန်ုပ်ဝင်သွားချိန်တွင် အိမ်ရှေ့ခန်း၌ လူတစ်ဦးမှမရှိပါချေ။

သို့ဖြစ်၍ အတွင်းခန်းမှ ခန်းဆီးအား ဖယ်လိုက်၏။

''မဂျူဒီ''

''ရှင်''

ဂျူဒီသည် အိပ်ခန်းအတွင်း မှန်တင်ခုံရှေ့၌ ထဘီရင်လျား နှင့် သနပ်ခါးလိမ်းကာ အလှပြင်နေ၏။

ကျွန်ုပ်၏ခေါ်သံကြားသည်နှင့် ''ရှင်'' ဟူ၍ထူးပြီး မျက်





ရက် ကျွန်ုပ်ဘက်လှည့်လိုက်ရာ ရင်ဝတ်က မမျှော်လင့်ဘဲ လျော ကျသွားသည်။ အရောင်တွေလက်ထွက်သွား၏။

''ဟာ ... ဆောရီးဗျာ၊ ဆောရီး ... ဆောရီး။ ကျွန်တော် ပြင်ကစောင့်နေပါ့မယ်''

ကျွန်ုပ်သည် ဂျူဒီ၏ မမြင်အပ် မမြင်ရာကို ရုတ်တရက် မြင်လိုက်ရရာ ရင်တဒိတ်ဒိတ်ခုန်သွား၏။ ဒုံးခနဲ သွေးတိုးသွား၏။ မျက်နှာလည်း ပူ၏။ ရှက်လည်း ရှက်မိ၏။ ကိုယ်က လောသွားမိ တာကိုး။

အပြင်တွင် အတော်ကြာ ထိုင်စောင့်မိသည်။

သူမကအလှပြင်ပြီးထွက်လာပါသည်။ ရန်ကုန်မှ မှာထား သော မိန်းကလေးသုံး **Boutique** ပစ္စည်းများကို ပေး၏။

''မဂျူဒီအတွက်''

''အို ... မိုလ်ကြီးရယ်၊ ကျေးဇူးနော် ကျေးဇူး၊ ကျေးဇူး''

''ရပါတယ်ဗျာ''

ကျွန်ုပ်မှာ စောစောကအဖြစ်အပျက်ကြောင့် မျက်နှာပူပူနှင့် မန်းပေါ်သို့ ကမန်းကတမ်း ပြန်တက်ခဲ့မိ၏။

သူမကတော့ ဘာမှမဖြစ်သလိုပါပေ။

ထိုညက တော်တော်နှင့် အိပ်မပျော်ပါ။

သူမ၏ခန္ဓာကိုယ်အပေါ်ပိုင်းအလှကို တရစ်ဝဲဝဲနှင့် ပြန်မြင် နေမိသည်။ သားကောင်းမိခင်ဖြစ်မည့် ပစ္စည်းများ။

မဂျူဒီရေ လုပ်ဟာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ ... ကိုထွန်းမြအောင်ရေ"

"ကိုယ်လည်းမျက်နှာပူတာနဲ့ နောက်နေ့တွေ သူ့အိမ်မသွား တော့ဘူး။ ကံကောင်းချင်တော့ တစ်ပတ်လောက်အကြာမှာ ကမမောင်းက ဗိုလ်တက်ထွန်းက ကိုယ့်လာလဲလို့ ကမမောင်းပြန်ရ တယ်။ ဝဲဂလီမှာ သင်တန်းတက်ဖို့ အရွေးခံရလို့ ပြန်ရတာ။ အပြန် တော့ သွားနှုတ်ဆက်ခဲ့ပါတယ်"

"သူကတော့ စိတ်မကောင်းတဲ့ပုံပါဘဲ"

"နောက်တော့ရော ဘာဆက်ဖြစ်လဲအစ်ကို"

"ကိုယ်နဲ့တော့ ဘာမှ မဖြစ်တော့ဘူးကွ၊ ကိုယ်က ဝဲဂလီက အပြန် DSGH မှာဆေးရုံတက်ရတယ်။ Gastric ဖြစ်လို့။ ဆေးရုံက အဆင်းမှာ မေနဲ့ရတယ်။ သိပ်မကြာဘူး ဖါပွန်မှာ Staff လုပ်ရတယ်။ တပ်ရင်းမှူးကြီးက ကိုယ့်ကျန်းမာရေးကြောင့် အနားပေးချင်လို့ခေါ် ထားတာ။ ကိုယ် Staff လုပ်နေတုန်း ကိုယ့်ညီတို့ ကျောင်းဆင်းလာ တာလေ"

"အင်း ... ဟုတ်ပါတယ်"

"အဲဒီတုန်းက ကိုယ်တို့သုံးလေးယောက် မိန်းမ ရှေ့ဆင့် နောက်ဆင့် ရကြတာလေ။ ဗိုလ်စိုးဝင်း၊ ဗိုလ်တက်ထွန်း၊ ဗိုလ်ခင် မောင်ယဉ်နဲ့ ကိုယ်တို့ပေါ့။ သိပ်မကြာဘူး၊ အားလုံးပြောင်းကြရတယ်။ ဗိုလ်စိုးဝင်းက ကျိုက်ထို၊ ဗိုလ်တက်ထွန်းက မော်လမြိုင်၊ ဗိုလ်ခင် မောင်ယဉ်က ဘီလင်း၊ ကိုယ်က ကျောက်တစ်လုံးလေ"

"ဟုတ်တယ်၊ အစ်ကိုပြောင်းသွားတော့ ကျွန်တော့်ကို အိုင်အိုလွှဲခဲ့ရတာလေ"





ကျွန်ုပ်က တစ်ခါက ရင်းနှီးခဲ့ဖူးပြီး Sexy ဖြစ်သည့် သူမ မည်သို့ မည်ပုံကွယ်လွန်သွားခဲ့သည်ကို သိချင်နေ၏။ Murder Case ဟုတော့ သိထားခဲ့ပါ၏။ Murder က ဘယ်လို Murder ပါလဲ။

"ကဲ ... သူ့အကြောင်းပြော"

"ဒီလို အစ်ကိုရေ ... ဒီလို ... ဒီလို"

ဗိုလ်စောထွန်းမြအောင်က အောက်ပါအတိုင်း ပြောပြ တော့၏။

❖ ❖ ❖

ကျွန်ုပ်တို့တပ်ပြောင်းရသည့်နှစ်တွင် ကတိုင်တိရွာ အလယ် တန်းကျောင်းအား အထက်တန်းကျောင်းအဖြစ် တိုးမြှင့်လိုက်သည်။

ထိုအခါ ရွာနီးချုပ်စပ်မှ အထက်တန်းကျောင်းသားများ ကျောင်းလာနေကြ၏။ ဘောကြိုးလယ်ရွာမှ စောဝါးဒါးဆိုသည့် ပျိုငယ်လူရွယ်လေးတစ်ဦးလည်းပါ၏။ ရွာမှ နေ့စဉ် ကျောင်းမတက် နိုင်၍ သူသည် မိဘချင်းရင်းနှီးခင်မင်နေသည့် ဂျူဒီတို့အိမ်တွင် နေပြီး ကျောင်းတက်၏။ ၁၀တန်းကျောင်းသား အသက်က ၂၀ ခန့်။ ဖြူဖြူ ချောချော။

စောဝါးဒါး၏ မိဘများမှာ ဘောကြိုးလယ်တွင် ကြေးရေ ကတ်များဖြစ်ကြ၏။ တစ်ဦးတည်းသောသားလေး ပညာတတ်ဖြစ် စေချင် လိုလေသေးမရှိထောက်ပံ့၏။

သားလေးမှာ ပညာတတ် ဖြစ်၊ မဖြစ်တော့ မသိ။



www.burmeseclassic.com

www.burmeseclassic.com



သံထွက်လာတယ်။ သူက လက်ထပ်ခွင့်တင်မယ်လုပ်တယ်''

''ဒါပေမဲ့ တပ်ရင်းမှူးကြီးက သဘောမတူဘူး၊ လက်ထပ်ခွင့်မပြုဘူးလို့ဆိုထားတော့ ဒီကိစ္စက လိပ်ခဲတည်းလင်းပေါ့။ အဲဒီမှာ ကိုကောင်လေးက နွေကျောင်းပိတ်မို့ ရွာပြန်နေရာက ဒီသတင်းကြားတော့ အသဲကွဲခဲ့တော့ပြီး ဒီကိုအမြန်ပြန်လာပြီး မဂျူဒီနဲ့ စကားအကြီးအကျယ်များကြပါရောလား''

''စကားများပြီး ဘာတွေဖြစ်ကြလဲတော့ မသိဘူး၊ ကောင်လေးက သူ့ကရင်လွယ်အိတ်ထဲ ထည့်လာတဲ့ ဓားမြှောင်နဲ့ ဂျူဒီ့ကို မသေမချင်း ထိုးသတ်ပြီး ရွာပြန်ပြေးသွားတယ်''

''ရွာရောက်တော့ KNU တပ်မဟာ(၁)ကို တောခိုသွားတယ်။ ၁၀ တန်းကျောင်းသားလေးမို့ KNU ဗိုလ်သင်တန်းတက်ရတယ်လို့ ကြားတယ်။ အခုတော့ ဘယ်ရောက်လို့ ဘယ်ပေါက်နေလဲ မသိဘူး''

''မဂျူဒီကိုတော့ ဒီမှာပဲ မွတ်စလင်ထုံးစံအတိုင်း ဒွါဖနာလိုက်ရတာပေါ့ အစ်ကိုရာ''

''ဪ ...''

''ကောင်လေးက မဂျူဒီဆီမှာ ငွေတွေအပ်ထားပြီး အရောင်းအဝယ်လည်း လုပ်ခိုင်းထားတယ်လို့လည်း ကြားတယ်။ Business လုပ်တာပေါ့''

''အဲဒီငွေတွေလည်း ပြန်မပေးနိုင်ဘူးကြားတယ်''

''ဪ ...''

''ကလေးမုန့်ပေးကြိုက်တယ် ပြောရမလား။ မသိဘူး သက်က လေး၊ ငါး၊ ခြောက်နှစ် ကွာတယ်လေ။ ဂျူဒီက



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် စခန်းသို့မရောက်လာတာကြာပြီ။ လူပျိုကြီး၊ အသက် လေးဆယ်နားကပ်မှ မိန်းမရသည်။ သူ့ကောင်မလေးက မဘိမ်း၊ ကုန်သွယ်ရေးမှ အချောဆုံးဟုဆိုရမည့် နှင်းနှင်းဆိုသူလေးဖြစ်၏။ အသားဖြူဖြူ မျက်လုံးမျက်ခုံးကောင်းကောင်း၊ ခါးသေးသေးနှင့် ကားသောတင်သားနှင့် ဖွံ့ထွားသောရင် ပိုင်ဆိုင်ထားသူလေး။ သူနှင့်အသက် ဆယ့်လေးငါးနှစ်ကွာပေသည်။ သူ့ဇနီးလေးကား နာမည်နှင့်လိုက်အောင် နှင်းပွင့်လေးလိုဖြူပြီး လှသူလေးဖြစ်၏။

''ခင်ဗျားလူက ညအိပ်ခါနီး ခြင်ထောင်လှန်တာတော့ အလုပ်ကမပြီးတဲ့လူဗျာ၊ ပြမနေပါနဲ့''

''အဲဒါကြောင့် ပြချင်တာပေါ့''

''ဒါဆို ရအောင်ခေါ်ဗျာ''

''ဒုတပ်ရင်းမှူးက ပုံပြင်တွေပြောနိုင်းတာ ကျုပ်တို့ အားလုံး ပြောပြီးကြပြီ။ သူပဲ ကျန်တယ်''

''အဲဒါဆို သူ့ကို နက်ဖြန်ရအောင်ခေါ်။ ဇာတ်ကြမ်းတွေပြရုံ ပုံပြင်ပြောနိုင်းတာပေါ့။ သူက Feeling သမား၊ ပုံပြောလည်း ဝါသနာ ပါ,ပါတယ်။ ခေါ်ဗျာ ... နားထောင်ရအောင်''

အားလုံးက အတင်းခေါ်လာ၍ ကိုရဲမြင့် ရောက်လာသည်။

''ကဲ ... ကိုရဲ ဒုတပ်ရင်းမှူး နက်ဖြန်သဘက် ရန်ကုန်ကို သွားရမယ်။ ဟိုမှာ တစ်နှစ်လောက်ကြာမယ်။ ကျုပ်တို့ကို နှုတ်ဆက်ပွဲနဲ့ ညစာတည်ခင်းနေတာ။ ပုံလည်းပြောနိုင်းလို့ ပုံပြင် တွေလည်း တစ်ယောက်တစ်လှည့်စီ ပြောပြီးပြီ။ ခင်ဗျားပဲ ကျန်တယ် ဒီည ခင်ဗျားအလှည့် အဲဒီတော့ ပြောဗျာ''





''ပုံမပြောခင်တော့ ခင်ဗျားတွက် နည်းနာလေးရအောင် Video လေးကြည့်လိုက်ပါဦး''

ကျွန်ုပ်တို့က သူ့အား လက်တင်အမေရိကနှင့် ဥရောပ ဗီဒီယိုဇာတ်ကြမ်းကားများကို ပြသကြ၏။ ဇာတ်လမ်းကအမျိုးမျိုး၊ သူဌေးကြီးနှင့် သူ့စက္ကထေရီမ၊ ပထွေးနှင့် မယားပါသမီး၊ Teen Ager လေးနဲ့ သူ့ Boy Friend ။ ကျူရှင်ဆရာလေးနဲ့ သူ့ကျောင်းသူ လေး။ သုံးလေးငါးကား ဖြစ်၏။

''တော်ပြီ ... Video တွေသိပ်ပြမနေနဲ့။ ကိုရဲ ပုံမပြောတဲ့ ဇာတ်အမြန်ပြန်ချင်စိတ်တွေ ပေါက်နေဦးမယ်''

ကိုကျော်အေးက တားလေသည်။

ကိုရဲမြင့်မှာ သဘောကောင်းသူဖြစ်၏။ အနုပညာဝါသနာ ပါ၍ စာဖတ်သူလည်းဖြစ်သည်။ ဗဟုသုတ ပြည့်စုံသဖြင့် ပါတီ ယူနစ်က သဘောကျပြီး လူငယ်ရေးရာမှူးတာဝန် ပေးထား၏။ ရုပ်ကလည်း သန့်သန့်ပြန့်ပြန့်၊ တည်တည်ကြည်ကြည် နေတတ်သူ လည်းဖြစ်၏။ မိန်းမရတာတောင် ဘေးကအတင်းလော့်ပေးရ၏။ သူဟာသူဆို ရမည်တောင်မထင်ဟု ဆိုကြသည်။

သူသည် ရွှေဘို ကျောက်မြောင်းဇာတိဖြစ်ပြီး မန္တလေး အင်္ဂလိပ်ကျောင်းထွက်ဖြစ်၏။ မဘိမ်း ကုန်သွယ်ရေး၌ တာဝန်ထမ်း ဆောင်နေရာမှ ပါတီယူနစ်ရေးရာမှူး ဖြစ်လာသူပင်တည်း။ သူလည်း မယကာတော့ ကြိုက်၏။

ကျွန်ုပ်တို့က သူ့အား အမျိုးမျိုး ဝိုင်းစကြ၏။

ကိုရဲက အာမိရမ်လေး တစိမ့်စိမ့်သောက်ကာ ပြုံးပြုံးပြုံးပြုံး



www.burmeseclassic.com

www.burmeseclassic.com



နှင့် အားလုံးပြောသမျှ နားထောင်သည်။

''ဟော့လူ၊ Video တွေကြည့်ပြီး သိပ်စိတ်ကူးယဉ်မနေနဲ့၊ ခင်ဗျားပြောရမယ့် ပုံပြင်ပြောဗျာ၊ ပေါက်ကရတွေ မပြောနဲ့နော်၊ အနုအလုနဲ့ သမုဒယလေးတွေပြော။ သိင်္ဂါရရသ ပါတာလေးတွေ ပြော၊ သိပ်မိုးချုပ်သွားပြီး အိမ်ပြန်ရောက်ရင် လိပ်ကျားလုန်မရဖြစ် နေဦးမယ်။ ကဲ ...ပြောတော့''

အားလုံးက ဝိုင်းတောင်းဆိုကြရာ ကိုရဲမြင့်က သူကြားဖူးသော ပုံပြင်အား အောက်ပါအတိုင်း ပြောလေတော့၏။

ဤသည်မှာ ကျွန်ုပ် မရေးဖြစ်သေးသည့် မဘိမ်းမြို့က လက်ကျန်ပုံပြင်လေးပါခင်ဗျား။

**ကိုရဲမြင့်ပြောသောပုံပြင်**

''အင်း ... ပုံပြင်က သိင်္ဂါရရသပါမှဆိုတော့ ပါအောင် ပြောပါမယ်။ ထူးထူးခြားခြားလည်း ဖြစ်၊ သိင်္ဂါရ ရသလေးလည်း ပါ၊ ဂမ္ဘီရဆန်ဆန်လေးလည်းဖြစ်တဲ့ဟာကို ရွေးထားပါတယ်။

ကိုရဲမြင့်က သူ့ဇာတ်လမ်းကို အထက်ပါစကားဖြင့်စလေ၏။

''ဟော့လူ ...ကိန္နရီ ကိန္နရာ ပုံပြင်တွေ မလုပ်နဲ့နော်၊ ရိုးနေပြီ။ လူကကျားဖြစ်တဲ့ ထမံသီက သမန်းကျားပုံပြင်တွေလည်း မကြားချင်ဘူး''

ကိုကျော်အေးက ထုံးစံအတိုင်း ဝင်နှောက်ပြန်၏။

''မဟုတ်ပါဘူးဗျာ၊ ဒါက ကျွန်တော့်ဘိုးဘွားဘီဘင်တွေရဲ့ လက်ဆင့်ကမ်းလာတဲ့ဟာပါ။ တကယ့်အဖြစ်အပျက်လို့တော့





ပြောသွားကြတာပါပဲ''

''ကဲ ... ဆရာ စကားရှည်မနေနဲ့၊ စတော့။ တော်ကြာ ပြန်နောက်ကျပြီး ကနေ့ည ခွဲတမ်းမရလိုက်ဘူးဖြစ်နေမယ်''

ဦးလုဖေက ဝင်ပြောပြန်သည်။

''စပါမယ်ဗျာ၊ ဒီပုံပြင်က ကျွန်တော့်အဘိုးရဲ့အဘိုး အဲ့ ... ကျွန်တော့်အဘေးလို့ပြောရမလား သူ ကြုံခဲ့တဲ့ တကယ့်အဖြစ် ပျက်ပါ။ လွန်ခဲ့တဲ့ အနှစ် ၁၀၀ ကျော်ကျော်ကလို့ ပြောပါတယ်။ ရင်တော့ ကုန်းဘောင်ခေတ် မြန်မာဘုရင်တွေ လက်ထက် ဆိုရမှာပါ။ အဲ ... ဘိုးတော်မင်းတရားလက်ထက်က ပါတယ် ဘိုးတော်မဟုတ်လည်း ဘကြီးတော်ပေါ့ဗျာ''

''**Adventure of My great grand father** ပေါ့ဗျာ''

''ကျွန်တော့်အဘေးကြီးက နာမည်ကတော့ ဦးကျော်ခေါင် ။ ဇာတိက ရွှေဘိုအနောက်ဘက်ကပါ။ ဒုတပ်ရင်းမှူးတို့ ဇာတိ ခင်ဦးဘက်ကပေါ့ဗျာ''

''ဟော့လူ ... ခင်ဗျားက ဒုတပ်ရင်းမှူးနဲ့ အတင်းဆွေမျိုး ။ သူ့အဘိုးက မတ္တရာလွန်တောင်းကဗျ၊ ရွှေဘိုကမဟုတ်ဘူး''

''ကဲပါဗျာ ... ဆက်ပြောပါစေ''

''ကျွန်တော့်အဘေးကြီးက ဘိုးတော်ဘုရားကြီးရဲ့ ဘုရင့် တော်မှာ တာဝန်ထမ်းဆောင်ရင်း တာဝန်အရ အထက်ချင်းတွင်း ရောက်သွားတော့ မဏိပူရနယ်စပ် ကသည်းလူမျိုးတစ် က သိပ်ကောင်းတဲ့ ပတ္တမြားကြီးတစ်လုံးရထားတာကို ယ်၊ အဘေးကြီးက အဲဒီတုံးက ဘုရင့်တပ်မတော်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကလေးအဆင့်လောက်ရထားတယ်ဆိုပါတယ်။ သူတို့အခေါ်တော့ ဗိုလ်ကလေး ကျော်ခေါင်ပေါ့ဗျာ''

''ပတ္တမြားကြီးက အဲဒီခေတ်မှာကထဲက သိပ်ကောင်းတဲ့ပြည်တန်ပတ္တမြားလောက်ဖြစ်နေတာနဲ့ လက်ထဲမှာ မထားဝံ့ဘဲဘိုးတော်ဘုရားကို သူ့အထက်တပ်မှူးကြီးတွေက တစ်ဆင့်ဆက်လိုက်ပါတယ်။ ဘုရင်ကြီးကလည်း သိပ်ကျေနပ်ပြီး ဆုတွေလာဘ်တွေ ချပြီး အဲဒီပတ္တမြားရှိတဲ့ နေရာကိုစုံစမ်းခိုင်းတယ်။ ပြီးတော့သွားကြည့်ခိုင်းတယ်။ ၄နိုင်ရင် နောက်ထပ်ပတ္တမြားတွေ ရှာရမှာပေါ့ဗျာ။ ရှာဖွေရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီး အဲဒီနယ် ကိုလွှတ်တယ်။ ရဲ ၂၀ လောက်ပါတဲ့အဖွဲ့ ဖွဲ့ပြီး ခေါင်းဆောင်ရွေးတော့ ဗိုလ်ကလေးကျော်ခေါင်ကိုပဲ ရွေးလိုက်တယ်။ ဒီကိစ္စ မင်းပဲသိတာ မင်းပဲခေါင်းဆောင်သွားဆိုပြီး သူ့လူကြီးတွေကမှာလိုက်သတဲ့။

''ဟော့လူ ... ဘယ်မှာလဲ ခင်ဗျား သိဂီရသက''

''လာမှာပါဗျာ ... သိပ်မလောကြပါနဲ့။ ဒါမပြီးမခြင်းအိမ်မပြန်ရဘူး ဆိုတာသိပါတယ် ပြောမှာပေါ့''

ထို့နောက် ကိုရဲမြင့်သည် သူ့ဇာတ်လမ်းကို အောက်ပါအတိုင်းလေတော့၏။

ဤနေရာတွင် စာရှုသူများ မျက်စိလည်သွားခြင်း မဖြစ်စေရန် ဇာတ်လမ်းကို အမိကဇာတ်ကောင် ဗိုလ်ကလေးကျော်ခေါင်က ပြန်ပြောပြသည့်အနေဖြင့် အောက်တွင် ဆက်လက်ဖော်ပြသွားပါမည်။





ဗိုလ်ကျော်ခေါင်၏ စွန့်စားခန်း

ကျွန်ုပ်ဗိုလ်ကျော်ခေါင်သည် ဘုရင့်အမိန့်အရ ရတနာပုံနေပြည်တော်မှ လက်ရွေးစင်လူပေါင်း ၂၀ ကိုစုစည်းပြီး မြင်းများဖြင့်ခရီးစတင်ခဲ့လေသည်။ ပတ္တမြားကြီးရှာဖွေတွေ့ရှိလာသည့် ကသည်းလူမျိုး ကောလိယလည်း ပါလာခဲ့၏။

လမ်းတွင် ကောလိယအားအောက်ပါအတိုင်းမေးမိ၏။

''နေပါဦးကွ ကောလိယရဲ့။ မင်းကဒီပတ္တမြားကို ဘယ်နည်းဘယ်ပုံတွေ့ခဲ့တာလဲ။ ငါ သိပ်ပြီးမရှင်း လို့ ပြန်ပြောပြပါဦး''

''ဒီလိုပါ ဗိုလ်ကလေး ... မနှစ်က ကျုပ်တို့ရွာအနောက်ဘက်က တောင်တန်းကြီးပေါ်မှာ ကျားပေါလို့ အမဲလည်သွားရင်းညအချိန်လောက်မှာ လထွက်လာတော့ မီးလိုတောက်နေတဲ့ဟာတစ်ခုကို သွားကြည့်တော့ ဒီပတ္တမြားကြီးကို တွေ့ရတာပါပဲ။ အဲဒီတောင်တန်းရဲ့ဟိုဘက်က ဟိမဝန္တာက ဆင်းလာတဲ့ တောင်ကြီးပေါ်မှာ ဒါမျိုးတွေအများကြီးလို့လည်း ကျုပ်ဆွေမျိုးတွေက ပြောကြပါတယ်။ သူတို့ကတော့ ဒါတွေကို သိပ်စိတ်မဝင်စားကြပါဘူး။

ကျွန်ုပ်သည် ကောလိယနှင့် ဝန်းသိုဒေသတွင် ဆင်တပ်၌တာဝန်ထမ်းဆောင်ရင်း စတင်သိကျွမ်းခဲ့ခြင်းဖြစ်၏။ သူသည်ကောလိယ ကသည်းမျိုးရိုးမှ ဆင်းသက်လာသူဖြစ်၍ သူ့အားလည်းအားလုံးက ကောလိယဟုခေါ်ကြသည်။ သူ့ဇာတိအရင်းအမြစ်မှာကားမဏိပူရ မြန်မာနယ်စပ်မှ ဖြစ်လေသည်။ မြန်မာဘုရင်၏ စစ်တပ်တွင် ဝင်ရောက်အမှုထမ်းနေသူလည်းဖြစ်၏။ ယခုအခါတွင် သူသည်ဆင်တပ်မှ ထွက်၍ ကျွန်ုပ်၏လက်အောက်၌ အမှုထမ်းလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ရတနာပုံ မှ ရွှေဘို၊ ၎င်းမှ မဟာမြို တောကြီးကိုဖြတ်၍ မူးမြစ်ကမ်းဘေးရှိ ပင်လယ် ဘူးရွာကလေးသို့ ဆိုက်ရောက်ခဲ့ကြ၏။

ပင်လယ်ဘူးတွင် တစ်ရက်မျှနားနေပြီးနောက် အနောက် စူးစူးသို့ ၅ ရက်မျှခရီးပြင်း သွားခဲ့ကြရာ ကသည်းလူမျိုးများ နေထို သော ရွာငယ်တစ်ခုသို့ ရောက်ခဲ့ကြ၏။ ကျွန်ုပ်တို့သည် လမ်းတွင် မြစ်ကြီး တစ်ခုကိုလည်းဖြတ်ခဲ့ရ၏။ ထိုမြစ်ကြီးမှာ သလ္လာဝတီ ခေါ် ချင်းတွင်းမြစ်ကြီးပင်ဖြစ်၏။

ကျွန်ုပ်တို့ရောက်နေသော ကသည်းရွာငယ်လေးမှာ မြန်မာ မင်းတို့ပိုင်သည့် အနောက်ဘက် အစွန်ဆုံး ကျဆုံးသောနေရာဖြစ်၏။ ထို့ကြောင့် မြင်းများနှင့် ခရီးဆက်ရန် အကန့်အသတ်များရှိ၍ ခြေလျင် ခရီးဆက်ခဲ့ကြ၏။ မြင်းများကို ထိုရွာကလေး၌ပင် အစောင့်အရှောက် တစ်ယောက်နှင့် ထားခဲ့ရ၏။ နောက် တစ်နေ့တွင် ကောလိယ၏ လမ်းညွှန်ချက်အတိုင်း မြောက်စူးစူးသို့ ခရီးဆက်ခဲ့ကြ၏။ လမ်းခရီး၌ ကျားများ၊ တောဆင်ရိုင်းကြီးများ၊ ဝက်ဝံများ၊ မျောက်များကို မကြာခဏတွေ့ရ၏။ ရန်ပြုခံရ၏။ ငှက်ဖျား ရောဂါလည်း နှိပ်စက်၏။ ရောဂါဘယဘေး၊ သားရဲတိရစ္ဆာန်ဘေးနှင့် ကျွန်ုပ်၏နောက်လိုက် ငါးဦးခန့် အသက်ဆုံးရှုံး ခဲ့ရလေသည်။ ရည်မှန်းချက်ကား မရောက် သေးချေ။ ရက်သတ္တတစ်ပတ်ကျော်ခဲ့လေပြီ။ တောကား ပို၍ ပို၍ ထူလာ၏။ နက်လာ၏။

''ကဲ ... ကောလိယရေ့။ မင်းပြောတဲ့နေရာ မရောက် သေးဘူးလားကွ။ ငါ့လူ ငါးယောက်တော့ အနိစ္စ သဘော





ကိုစွဲခဲ့ပြီ''

''ရိက္ခာလည်း ကုန်သလောက်ဖြစ်နေပြီ''

''ရောက်ပါပြီ။ ဟောဟိုတောင်ကြီးက ကျုပ်တို့ရှာနေတဲ့ တောင်ကြီးပါပဲ ခင်ဗျာ''

အနောက်ဘက်မှ မှိုင်းညို့ညို့ တောင်တန်းကြီးကို ထိုးပြ လာ၏။

ထိုတောင်ကြီးမှာ လူရှည်တောင်တန်းကြီး၏ တစ်စိတ် တစ်ပိုင်းပင်ဖြစ်ပါသည်။

တစ်ရက်မျှ ခရီးနှင်ပြီးသောအခါ၌ ထိုတောင်တန်းကြီးသို့ ဆိုက်ရောက်ကြ၏။ ရိက္ခာလည်း လုံးဝ ပြတ်သွားခဲ့ပြီ။ အားလုံးက ကိုယ်စွမ်းကိုယ်စနှင့် ရိက္ခာရှာစားကြရတော့၏၊ ကောလိယက ၏ဒူးလေးဖြင့် မျောက်များ၊ တောကြက်၊ တောငှက်များကို မပွဲကျွေးမွေးသဖြင့် ကျွန်ုပ်တို့ လူစုမှာ အသက်ဆက်နေကြ ၍င်းဖြစ်၏။

ကျွန်ုပ်တို့သည် စားရေရိက္ခာပြတ်သွားသဖြင့် ရိက္ခာ ဆောင်းရင်း ရည်မှန်းချက် တောင်ကြီး အောက်ရှိ တောအုပ် လေး၌ စခန်းချခဲ့လေသည်။ ကျွန်ုပ်၏ လူများမှာ ရိုးသား၍ အမိန့် ခံသူများ ဖြစ်သဖြင့် ကျွန်ုပ်၏ အစီအစဉ်အတိုင်း ဆောင်ရွက် သင့်ရှိနေကြ၏။ ကျွန်ုပ်ကမူ အားလုံးအား တောတွင်း နေထိုင် သောက်မှုအရ ရရာ အသီးအရွက်များကို ရှာဖွေစားသောက် ၏။ ကောလိယကမူ တောလည်ထွက်သွားရာ တောင်ဆိတ် ကောင် ရရှိလာသဖြင့် တောင်ဆိတ်သားနှင့် ပိန်းဥ၊ မျောက်ဥများ



www.burmeseclassic.com

www.burmeseclassic.com



ရောနှောကာ စားသောက်ကြရ၏။

ထို့နောက် ရရာ အစားအသောက်များကို ရှာဖွေစားသောက်ပြီးလျှင် ပတ္တမြားရှာပုံတော်အား စခဲ့ကြ၏။ လူခွဲ၍ ထိုတောင်ကြီးပတ်ဝန်းကျင်၌ မနက်ပိုင်းလင်းမှ မိုးချုပ်သည်အထိ ရှာဖွေခဲ့ရာ ရက်သတ္တ တစ်ပတ်ခန့်ကြာသွားခဲ့၏။ လူတွေလည်း ရိက္ခာပြတ်၍ အားပြတ်လာခဲ့ကြ၏။ ပတ္တမြားကိုကား အစအနပင် မတွေ့ ကြရချေ။ နောက်ဆုံးနေ့၌ ကျွန်ုပ်သည် ရိက္ခာကိစ္စဖြေရှင်းနိုင်ရန် ရည်ရွယ်၍ နေရာပြောင်းကာ စခန်းချခဲ့၏။

"အင်း ... ဒီ ခရီးစဉ်မအောင်မြင်ရင်တော့ ငါတော့ အပြစ်ပေးအရေးယူခံရမယ်ထင်တယ်"

ကျွန်ုပ်သည် ခုနစ်ရက်မြောက်ည၌ အထက်ပါအတိုင်း စဉ်းစားမိ၏။ ကျွန်ုပ်လူ များမှာ ဆယ်ယောက်ကျော်ခန့်သာ ရှိတော့၏။

နောက်ရွှေ့ခဲ့သည့်တော၌ ထူးဆန်းသည်ကား တောင်ကော်များ၏ အသံဗလံဘာမျှမကြားရခြင်း ပင်ဖြစ်၏။ ကျားဟိန်းသံ၊ ချေအော်သံ၊ ဆင်အော်သံ၊ မျောက်အူသံများကို ယခင်တောများ၌ ကြားခဲ့သော်လည်း ယခုတောတွင်း၌ကား ထိုသို့သော သက်ရှိ အသံများ မကြားရသဖြင့် အလွန်ထူးဆန်းနေ၏။ ယုတ်စွအဆုံး ငှက်ကလေးများ၏ အော်မြည်သံပင် ကျွန်ုပ်မကြားရချေ။

ကျွန်ုပ်လူများသည်လည်း ဤကိစ္စကို ရိပ်မိကြသော်လည်း ကျွန်ုပ်ကို ကြောက်ရွံ့ကြသဖြင့် မည်သူမှ နှုတ်မှမဟကြချေ။

နေရာပြောင်းလိုက်မိသည်မှာ မှားသွားပြီဟုထင်၏။





သို့ရာတွင် ကျွန်ုပ်မှာ ခေါင်းဆောင်ဖြစ်သဖြင့် ဟန်ကိုယ့်ဖို့ ပုပ်နေရ၏။

### ထူးဆန်းသော တောမြိုင်ဝက်ဘာ

ထိုည၌ ကျွန်ုပ်တို့လူစုသည် ဓား၊ လှံ၊ လေး၊ မြားများ ကိုင်ကာ အလှည့်ကျ နှစ်ယောက်တစ်တွဲ ကင်းစောင့်ကြ၏။ အစား အစာမှာမူ ရရာ အသီးအရွက်များကို ကျန်သောအသားခြောက် များနှင့် ပြုတ်၍ သောက်ကြရ၏။

ညသန်းခေါင်ယံအချိန်သို့ တိုင်ခဲ့ပေပြီ။

ကျွန်ုပ်ကား တောင်တွေး မြောက်တွေးဖြင့် အိပ်မပျော်ပါ။

သန်းခေါင်ကျော်သည်နှင့် အလွန်တိတ်ဆိတ်၍ လေတိုးသံမျှ မကြားရသောတောကြီးထဲတွင် အလွန်ထူးဆန်းသော အသံများကို ...င်ကြားရတော့၏။ ထိုအသံများကား လူအများ လူစုလူဝေးနှင့် ...အော်ဟစ်လိုက်သောအသံများကဲ့သို့လည်းကောင်း၊ ရုံဖန်ရံခါ ...ာင်းထောင်းသံများကဲ့သို့ တဒုံးဒုံး တဒိုင်းဒိုင်း အသံများကို ...ည်းကောင်း၊ ဗုံတီး သံလိုအသံများကိုလည်းကောင်း ခပ်ဝေးဝေး ...သဲ့သဲ့မှကြားရ၏။ လူမရှိ သူမရှိ တောကြီးထဲ၌ နာနာဘာဝများ၊ ...လောကသားများက အသံပေး နေသလား ထင်မှတ်မှားရ၏။

ကင်းသမားများက ကြောက်လန့်လာကြရာ ကျွန်ုပ်က ...ရာမှထပြီး အားပေးရ၏။

"မကြောက်ကြနဲ့ကွ။ ဒါတောခြောက်တာကွ၊ ငါရှိပါတယ်"

အသံများက တိတ်မသွားခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



မနက် သုံးနာရီထိုးလောက်တွင်မူ မြောက်စူးစူးမှ အလျှံ ပြင်းထန်သော မိုးချုန်းသံကြီးတစ်ခုကို ကြားရပြီး လေပြင်းကြီး တစ်ခုသည် မြောက်မှတောင်သို့ ပြင်းထန်စွာတိုက်ခတ်လာတော့၏။ ကျွန်ုပ်တို့ လူစုသည် အိပ်ရာမှအားလုံးထ၍ မြေပြင်တွင် ပြားပြား ဝပ် မှောက်၍ နေကြရ၏။

''အင်း ... ငါတို့တစ်တွေတော့ အစာတော်လို့လည်း မသေ တောရိစ္ဆာန်တွေနဲ့လည်းမသေ။ သဘာဝ ဘေးနဲ့များ သေကြရတော့ မှာလား''

ဟု တွေးတောလျက်ရှိကြကုန်၏။

သို့ရာတွင် တဝေါဝေါ တဝူးဝူး မြည်နေသော လေပြင်း မုန်တိုင်းကြီးသည် ကျွန်ုပ်တို့ဆီသို့ ရောက်မလာဘဲ တဂျိမ်းဂျိမ်း မြည်နေသော မိုးချုန်းသံကြီးနှင့် လေပြင်းမုန်တိုင်းကျရောက်သံများ သည် ကျွန်ုပ်တို့နေရာအနီးမှ ရုတ်ခြည်း မြောက်ဘက်သို့ ပြန်လည် ဝေးသွားကာ အလွန်ဝေးသော မြောက်အရပ်ဆီသို့ ရောက်ရှိ ပျောက်ကွယ်သွားလေတော့၏။

ထိုအခါကျမှ ကျွန်ုပ်တို့တစ်တွေလည်း ဟင်းခနဲ သက်ပြင်း ချကာ ပြန်လည်အိပ်နိုင်ကြတော့၏။

တကယ်ထူးဆန်းတဲ့ တောကြီးပါလား။ ဘာများဖြစ်ဦးမှာ ပါလိမ့်။





**တောင်တော်သစင်မနှင့်တွေ့ဆုံခြင်း**

မိုးစင်စင်လင်းခဲ့ချေပြီ။

ကျွန်ုပ်သည် အိပ်ရာမှထ၍ ကိုယ်လက်သုတ်သင်ပြီး

''ကဲ ... ငါ့ လူတို့၊ နေရစ်ခဲ့ကြဦး။ မင်းတို့စားဖို့ ငါ ရှာပလည်သွားကြည့်ဦးမယ်။ ကောလိယကတော့ သူတို့ စောင့်ရှောက် ပြီးနေခဲ့''

ကျွန်ုပ်သည် လေးမြားကိုလွယ်ပြီး ဒါးလွတ်တစ်ချောင်း ကိုင်ကာ တောင်စွယ်အတိုင်း အရှေ့ဘက်သို့ ထွက်ခဲ့၏။ တောင်စွယ် ထိပ်တွင် တောင်ဆိတ်ကြီးတစ်ကောင်အား ဘွားခနဲ တွေ့မြင်သဖြင့် ဒီက ဟင်းစား ရပြီဟေ့ဟု အတွေးပေါက်ကာ တောင်ဆိတ်ကြီး ဆီသို့ အလွန်နီးကပ်စွာ ချဉ်းကပ်ပြီး မြားဖြင့် ခေါင်းကို ချိန်ရွယ် ပစ်လိုက်၏။

တောင်ဆိတ်ကြီးကား ခေါင်းကို မြားထိမှန်၍ အရှေ့ဘက် ချောက်ထဲသို့ ငုံ့ပြန်ကျသွား၏။ ချောက်ထဲသို့ ဝမ်းသာအားရ ဆင်းရှာရာ တောင်ဆိတ်ကိုမတွေ့။ ခြေရာခံကြည့်ရာ သွေးစက်များ တွေ့ရသဖြင့် သွေးစက်များအတိုင်း လိုက်ပြန်ရာ အခြားတောင် တစ်လုံးပေါ်သို့ရောက်ခဲ့၏။ ခြေရာခံရင်း နေ့တစ်ဝက်ခန့် ကုန်ခဲ့လေ ပြီ စခန်းနှင့်လည်း အလွန်အလှမ်းဝေးသွားခဲ့ပြီ။

ကျွန်ုပ်သည် ရေဆာသောဒဏ်ကြောင့် ရေသောက်နိုင်ရန် ရေရှာရ၏။ ရာသီဥတုက အတော်ပူပေသည်။ မည်သည့်နေရာမှ ရေမတွေ့သဖြင့် တောင်ပူစာလေးနှစ်ခုကြားရှိ တောအုပ်ငယ်လေး သို့ရောက်၍ မောပန်းလှသဖြင့် ခဏလှဲလိုက်ရာ အိပ်ပျော်ခြင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတော့၏။ အိပ်ရာမှ နိုးလတ်သော် ညနေစောင်းနေ
ချေပြီ။ ဆာလောင်မွတ်သိပ်လှသဖြင့် ရေရှာရာ ကြည်လင်သော
ရေအိုင်ငယ်ကလေးတစ်ခုကို အခန့်သင့်တွေ့ရ၍ ရေအဝသောက်
လိုက်၏။ အားရပါးရ မျက်နှာကို ရေဆွတ်လိုက်၏။ ထို့နောက်
ပါလာသည့် ဓားဖြင့် ဝါးချွန်ကလေးတစ်ခုပြုလုပ်ကာ ဝါးချွန်ဖြ
ငါးထိုးရန် ငါးများကိုလိုက်ရှာမိ၏။ တစ်ကောင်တမြီးမှ မတွေ့ပါ
ငါးမရလည်း ရေသောက်နေရရင်တော့ မသေနိုင်သေးဟုတွေးမိ၏

ကျွန်ုပ်သည် လွယ်လွယ်နှင့် အားလျှော့တတ်သူမဟုတ်ပါ

ထို့ကြောင့် ရေကိုအဝသောက်ရင်း အသက်ဆက်နိုင်ရေ
စဉ်းစား၏။ ပတ္တမြားရရေးကိုလည်း စဉ်းစား၏။ တပည့်များ
ကယ်တင်ရေးကိုလည်း စဉ်းစား၏။ အချိန်သည် ညဉ့်ဦးပိုင်းသို့
ရောက်လာ၏။

ထိုအခါ မမျှော်လင့်ဘဲ အလွန်သာယာလှသည့် တူရိယာ
သံတစ်ခုကို ကြားရ၏။ အသံသည် လူတို့တီးခတ်သည့် တူရိယာ
မဟုတ်ဘဲ ပဥ္စသိခ်နတ်စောင်းများ တီးနေသလားထင်မှတ်မှားမိ

အသံက ဘယ်ကလာနေတာပါလိမ့်။

မြောက်ကလား။ တောင်ကလား။ အရှေ့ကလား။ အနောက်
ကလား။ တောင်ပတ်လည်ဝိုင်းနေသဖြင့် အမျိုးမျိုးသောပဲ့တင်
များကြောင့် ကျွန်ုပ်မှာ ဝေဝါးထွေပြားနေ၏။

တူရိယာသံသည် တဖြည်းဖြည်း ဝေးကာပျောက်ကွယ်
သွားပြန်၏။

ထိုအခါ အရှေ့ဘက်မှ လမင်းကြီးထွက်ပြူလာနေပေ





ရောင်က အရှေ့ဘက်တောင်တန်းပေါ်တွင် ဖြာကျနေရာ အလွန်
ဆန်းသည့် မြင်ကွင်းကို တောင်ကျောပေါ်တွင် ကျွန်ုပ်တွေ့ရ၏။
ကောင်ကျောမှာ သိပ်မဝေးလှပါချေ။ ခရီးတစ်တိုင်ပင်မရှိဟု ထင်၏။

တောင်ကျောပေါ်၌ လူအရိုးစု ခုနစ်ခုသည် လက်ခြေများ
ကို မြှောက်ကာ ကခုန်လျက်ရှိ၏။ ၎င်းတို့ရှေ့၌ မိန်းမသဏ္ဌာန်
တစ်ခုသည် လုံတန်တစ်ခုကို ညာဘက်မှ ကိုင်ကာ လှုပ်ရှားနေ၏။

"ဟ ဘာပါလိမ့်။ တောခြောက်ပြန်ပြီလား မသိ"

ကျွန်ုပ်သည် မတ်တပ်ရပ်လျက် ထိုအခြင်းအရာကို
လှုံ့စွာငေးမောနေမိ၏။ ကျွန်ုပ်ကား လွယ်လွယ်ကူကူ ကြောက်
တတ်သူမဟုတ်ပါချေ။

ကျွန်ုပ်သည် မြင်ကွင်းကို ငေးမောကြည့်နေစဉ် ကျွန်ုပ်၏
ပုခုံးအား တစ်စုံတစ်ဦးက အသာအယာ ပုတ်လိုက်သဖြင့် လှည့်
ကြည့်လိုက်ရာ တောင်ကျောပေါ်တွင် ကျွန်ုပ်မြင်လိုက်ရသည့်
မိန်းမရွယ်သည် ကျွန်ုပ်နှင့် လက်တကမ်းသို့ရောက်၍ နေချေပြီ။

"မကြောက်ပါနဲ့ မောင်။ နှမ မောင့်ကို ကယ်ရအောင်
လာတာပါ"

မိန်းမပျိုသည် ချိုသာသောအသံဖြင့် စပြောလေသည်။
မှုင်ကဲ့သို့ ဖြူဆွတ်သော ဝတ်ရုံရှည်ကို ဝတ်ဆင်ထား၏။ သူမ
မှလည်း မွှေးပျံ့သောရနံ့သင်းသင်းကိုလည်း ကျွန်ုပ်ရနေ၏။
ရုံအောက်မှ ခန္ဓာကိုယ်မှာ အချိုးအစားကျနကြောင်း လရောင်
အောက်တွင် ကျွန်ုပ်မြင်နေရသည်။ အင်း တယ်လှပါလား။

"ကျုပ်ကို ကယ်ဖို့လာတာဆိုရင် ကျေးဇူးပြုပြီး လမ်းပြ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါဗျာ''

''ကျုပ်မျက်စိလည်လမ်းမှားပြီး လမ်းပျောက်နေပါတယ်။ တပည့်တွေလည်း ရှိသေးတယ်။ ဒါနဲ့ဗျာ ခင်ဗျားက တစ်ယောက်တည်း ဒီတောကြီးမျက်မည်းမှာ ဘာလုပ်နေတာပါလိမ့်''

''ဪ ... မကြောက်ဘူးလားလို့ မေးမလို့မဟုတ်လား ဒီတောတွေ တောင်တွေက နှမပိုင်တာလေ မောင်ရဲ့ ဘာမှကြောက်စရာမရှိဘူး။ အားလုံး နှမသြဇာကို နာခံကြရတာ''

''ကဲ ... ဒါထား မောင်က ဒီကနှမပိုင်တဲ့ ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်းတွေကို မောင်တို့ဘုရင် အရှင်သခင်အတွက် ရှာဖို့လာခဲ့တာ မဟုတ်လား''

''ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားဘယ်လိုလုပ်သိပါသလဲ''

''နှမ အတတ်ပညာနဲ့ ကမ္ဘာဇဒ္ဒိနဲ့ သိတာပေါ့ မောင်ရဲ့ မောင်တို့ဘုရင်က လောဘ အတောမသတ်နိုင်ဘဲ မောင့်ကို ဒါမျိုး ရှာဖို့လွှတ်လိုက်တာပေါ့လေ၊ မောင်တို့ နိုင်ငံကို သူပိုင်ပေမယ့် နှမနယ်ကို သူမပိုင်ပါဘူး။ နှမတစ်ဦးပဲ ပိုင်ပါတယ် မောင်''

''ဟုတ်ပါတယ်ဗျာ။ နို့ ... နေပါဦး၊ ခင်ဗျားက ကျုပ်တို့လို လူသားစစ်စစ်ပါပဲလားဗျာ''

''ဒါကို မပြောနိုင်ပါဘူး။ မောင့်ကိုပြောပြဘို့လဲ ဝတ္တရား မရှိပေဘူး၊ ဒါထားပါ။ အခု မောင် အစာပြတ်လတ်နေလို့ စားစရာ ရှာနေတာ မဟုတ်လား။ ရရောရရဲ့လား''

''ငါးရှာတာမရပါဘူးဗျာ။ အစာပြတ်တာ နှစ်ရက်နီးပါး ရှိပါပြီ။ တတ်နိုင်ရင် ကူညီပါဗျာ''





''ကူညီပါမယ်လေ။ ပေး ... ပေး ... အဲဒီ ငါးဖမ်းတဲ့ဟာ''

ကျွန်ုပ်သည် ထိုအခါမှ သတိရသဖြင့် အကျီအိတ်ထဲတွင် အသုံးမပြုရသေးသည့် ငါးမျှားချိတ်နှင့် ကြိုးကို သူမထံသို့ ပေးလိုက်မိ၏။ အသင့်ရှိသောဝါးတန်တွင် ချိတ်ပေးလိုက်ခြင်းဖြစ်ရာ ငါးမျှားတံဖြစ်သွားလေသည်။

''လောကကြီးမှာ အဖိုးမတန်တဲ့ဟာကို အဖိုးတန်အောင် အသုံးမကျတဲ့သတ္တုကို အသုံးကျတဲ့ ရွှေငွေဖြစ်အောင် အသက်တိုတဲ့သူကို ရှည်အောင်၊ သေတဲ့သူကို ပြန်ရှင်အောင်၊ ရှင်တဲ့သူကို သေအောင် လုပ်တဲ့နည်းတွေရှိတယ်။ ယုံရဲ့လား မောင်''

''ကြားတော့ ကြားဖူးပါတယ်။ မျက်မြင်ကိုယ်တွေ့တော့ မဟုတ်ပါဘူး''

''ကိုင်း ... ကိုင်း ... ဒါဆို ပြရဦးမှာပေါ့''

မိန်းမပျိုသည် လက်ထဲတွင် အသင့်ဆောင်ထားသော ဓာတ်လုံးကလေးတစ်လုံးကိုမြေပြင်ပေါ်သို့ ပစ်ချလိုက်၏။ ထို့နောက် ကျန်လက်တစ်ဖက်မှ ပါလာသော လှံတံဖြင့် ဖော့ယမ်းလိုက်ရာ ဓာတ်လုံးကျသောနေရာတွင် အလွန်ဝင်းသည့် မီးတောက်ကြီး တစ်ခုဖြစ်ပေါ်လာရာ ထိုမီးတောက်ထဲသို့ ငါးမျှားတံကို ထိုးသွင်းလိုက်သည်နှင့် အလွန်ဖြူစင်လှသည့် ငွေရောင်မီးအလင်းကြီး ဖြစ်ပေါ်လာ၏။ ထိုမီးအလင်းကြီးသည် မိန်းမပျိုနှင့် အလွန်နီးနေသော်လည်း သူမ၏အဝတ်အစားများနှင့် ခန္ဓာကိုယ်အား လောင်မြိုက်ခြင်း မရှိခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်တွင်ကား ကျွန်ုပ်သည် သူမ၏ ခန္ဓာကိုယ် ကောက်ကြောင်းအလှအား ဝတ်ရုံကို ဖောက်ထွင်းမြင်လိုက်ရသဖြင့် အထူးပင် အံ့ဩမိလေ၏။ စာဖွဲ့မကုန်နိုင်သော အချိုးအဆစ်ကျနသည့် အလှပါပေ။

"ကဲ ... ရပြီ မောင်။ ကြိုက်တာမှားတော့"

ကျွန်ုပ်၏ငါးမျှားချိတ်မှာ ရွှေရောင်များဝင်းဝါသွား၍ ရေထဲသို့ ချလိုက်သည်နှင့် ငါးမျိုးစုံတို့ လာဟပ်ကြ၏။

သူမ တစ်ချက်ပြုံးလိုက်၏။

"ကဲ ... နှမအစွမ်းကို မောင်တွေ့သွားပြီ။ တော်ပြီ ရပ်ကြစို့။ မောင် ဆာနေပြီဆိုတော့ သွားကြစို့။ နှမ နေရာလိုက်ခဲ့ပါ။ လိုတာဖြည့်ဆည်းပေးပါ့မယ်။ ဒါပေမဲ့ ပြောတာနားထောင်ရမယ်။ နိုင်းတာ လုပ်ရမယ်"

သူမအသံမှာ ချိုမြသော်လည်း ဩဇာသံပါလေသည်။

"ကောင်းပါပြီဗျာ"

"ကိုင်း ...ကိုင်း ... မောင့်မျက်နှာကို ဒီပုဝါလေး၊ စည်းခဲ့၊ မမြင်သင့်တာ ,မမြင်အောင်ပါ"

ကျွန်ုပ်သည် သူမနှင့် အတူလိုက်ပါသွားခဲ့၏။ တောင်ပူစာ လေးနှစ်ခုကြားမှ ဂူကြီးတစ်ခုအတွင်းသို့ ဖြတ်လျှောက်ရ၏။ ဂူ အတွင်းရှိ လမ်းအချိုးအကွေ့အကောင်များကို အတန်ငယ်သွားပြီး သောအခါတွင်မူကား ကျယ်ဝန်းသော အခန်းကြီးတစ်ခုသို့ ရောက် သွားခဲ့၏။ အခန်းတွင်းသို့ မျက်နှာကြက်မှ အလင်းရောင် အဖြူတန်း ကြီးတစ်ခု ဝင်ရောက်နေရာ ခန်းလုံးပြည့်လင်းချင်းလျက် ရှိ၏။





ဂူအဝင်တွင် အဝတ်စည်းကို ဖြုတ်ပေးခဲ့လေပြီ။

ကျွန်ုပ်အား သလွန်ညောင်စောင်းတစ်ခုပေါ်တွင် ထိုင်စေ သည်။ ချိုမြိန်သော အသီးမျိုးစုံကို ကျွေး၏။ ယာဂုကဲ့သို့ နို့ဆမ်း ထမင်းတစ်မျိုးကိုကျွေး၏။ ကျွန်ုပ်စားသည်ကို ကြည်နူးစွာကြည့်ပြီး သူမက"ကိုင်း ... နားပေတော့ မောင်" ဟု ပြောကြားလိုက်ရာ ကျွန်ုပ်သည် ထိုညောင်စောင်းပေါ်၌ လဲချလိုက်သည်နှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့သည်။

အိပ်ရာမှနိုး၍ ကြည့်လတ်သော ကျွန်ုပ်သည် ကြည်လင် သော ချောင်းကလေးတစ်ခု၏ နံဘေးတွင် ကျောက်တုံးတစ်ခုကို ခေါင်းအုံးကာ အိပ်ပျော်နေ၏။

မိန်းမပျိုကား လုံတံကိုကိုင်၍ ခပ်လှမ်းလှမ်းရှိ ကျောက်တုံး ကြီးတစ်ခုပေါ်တွင်ထိုင်ကာ ကျွန်ုပ်ကို မမိတ်မသုန်ကြည့်သည်။ မှင့်သစ်နေမင်းနှင့်အတူ မိန်းမပျို၏ရွှေအဆင်းနှင့်တူသော အသား အရေမှာ နေရောင်တွင် ဟပ်လျက်ရှိသည်။ နှင်းပွင့်ကဲ့သို့ ဖြူဆွတ် လှသည့် အင်္ကျီအောက်မှ ဝင်းထိန်သော အသားအရေနှင့် ကိုယ် လုံးအလှကို ဖောက်ထွင်းမြင်နေရ၏။ ယောကျ်ားတို့၏ စိတ်နှလုံး ကို သိမ်းကျုံးယူငယ်နိုင်သော အလှဖြစ်ပါ၏။ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ မက်ဖွယ်ရာ ကောင်းလှပါ၏။ ကာတ္တိယအတွေ့အကြုံ ခေါင်းပါးသော ကျွန်ုပ်အတွက်ကား အထူးပင်စိတ်လှုပ်ရှားရပါ၏။ ဘာပြောရမှန်း ပင်မသိ၍သာ တအံ့တဩနှင့် ငေးမောကြည့်နေမိပါသည်။

"ကဲ ... မောင် မိုးစင်စင်လင်းပြီ။ သွားပေတော့။ ကိုပုာတွေ့လား။ ဖောင်ကလေး မောင့်အတွက် လုပ်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရေစီးအတိုင်း စီးလိုက်သွား။ ဟိုရှေ့မြင်တဲ့ ကွေ့နေရာကျော်ရင် တောင်ညို့ညို့မှိုင်းမှိုင်း ကြီးတစ်လုံးကိုတွေ့ရမယ်။ အဲဒီရောက်ရင် မောင်တို့လို လူတွေနဲ့ပြန်တွေ့မယ်။ သူတို့ကို အကူအညီတောင်းပါ။ မောင့်တိုင်းပြည်ပြန်ရောက်ပါလိမ့်မယ်''

''နောက်တစ်ခုက မောင် ကံစပ်လို့ နှမဆီရောက်လာတာ၊ အဲဒါကြောင့် မောင့်အတွက် ဒီပတ္တမြားကလေး နှစ်လုံးလက်ဆောင် ပေးလိုက်မယ်။ သိမ်းထား၊ အချိန်ကျရင် အသုံးဝင်လာပါလိမ့်မယ်''

''မောင့်ဘုရင်မင်းမြတ်လည်း ဆံတော်ဦးတင်ပါ။ မတော် လောဘနဲ့ မလုပ်သင့်တာ မလုပ်ပါနဲ့။ မခိုင်းသင့်တာ မခိုင်းပါနဲ့၊ ကိုယ်နဲ့မထိုက်တန်တာဆို မရဘူး။ လူဆိုတာ ထိုက်မှရတဲ့အမျိုးဆို တာ ပြောဖြစ်အောင် ပြောပါ။ သံတော်ဦးတင်ပါ။ ကဲ ... ကဲ သွားတော့ မောင်။ မောင်နဲ့ နှမရဲ့ဘဝ ရေစက်က ဒါလောက်ပဲလေ''

ကျွန်ုပ်ကား သူမ၏ ရုပါရုံကျော့ကွင်းတွင်မိနေပါပြီး သူမ၏ အလှတွင် နစ်မျော်နေပါပြီ။ မသွားလိုပါ။ ဖြစ်နိုင်ရင် ဒီမှာပဲ နေချင်နေပါပြီ။

''ကျုပ် မသွားလို့ မရဘူးလားဗျာ။ ဒီမှာနေလို့မရဘူး လားဗျာ''

ကျွန်ုပ်က သူရူးတစ်ယောက်နှယ် ပြောဆိုမိရာ သူမက နှစ်သက်စွာရယ်မောပြီး အောက်ပါအတိုင်း ပြောလေသည်။

''ဩော် ... လူတွေ ... လူတွေ။ ယောကျ်ားတွေက ဆန့်ကျင်ဘက် ဣတ္ထိယနဲ့ ကာမဂုဏ်တွေကို မျှားတွေ့မှဖြင့် တယ် ပြီးလည်း သံယောဇဉ်တွယ်တတ်ကြတဲ့အမျိုးပေပဲ။ သည်းခံပါ မောင်။





မောင် ဒီမှာနေလို့ မရပါဘူး။ မောင့်ဘဝနဲ့ နှမ ဘဝက တခြားစီ ပဲလေ''

ကျွန်ုပ်က ထပ်မံပြီး တောင်းပန်တိုးလျှိုးပြန်၏။

''အပိုတွေပြောမနေနဲ့ မောင်။ သွားဆို သွားပါတော့။ ကြာရင် အားလုံးဒုက္ခရောက်ကြမယ်၊ မောင်က နှမရုပ်အဆင်းကို မြင်လို့ သံယောဇဉ်ဖြစ်နေတာမဟုတ်လား။ နှမ ရုပါရုံကို တပ်မက် နေတာ မဟုတ်လား။ ကိုင်း ... အဲဒါဆိုရင် အဲဒီရုပါရုံကို မမြင်စေရတော့ဘူး''

''ကဲ ... သွားပေဦးတော့''

ပြောပြောဆိုဆို ညာဘက်မှ လုံတံကို မြှောက်လိုက်ရာ သူမသည် တစ်ခါတည်း ပြောက်ကွယ်သွားတော့၏။

သူမပျောက်ကွယ်သွားသည်နှင့် ကျွန်ုပ်လည်း ဝါးဖောင်လေး ပေါ်သို့ လေးကန်သော ခြေလှမ်းများဖြင့် တက်ခါ ရေစီးအတိုင်း ဟိုးဝါးတစ်ချောင်းအကူအညီနှင့် ဖောင်ကိုလှော်ခတ်ခဲ့လေသည်။ သူမနှင့် ထူးဆန်းစွာ တွေ့ဆုံပုံကို တစ်လမ်းလုံးစဉ်းစားရင်း ဘေး ကယ်ညာမှတောတောင်များကို ငေးမောကြည့်ရှုရင်း ဝမ်းနည်း ကြေကွဲစွာဖြင့် ဖောင်ကိုစုန်လာခဲ့ရာ ညနေစောင်းအချိန်၌ သူမ ပြောလိုက်သည့် ညို့ညို့မှိုင်းမှိုင်း တောင်ကြီးဆီသို့ ဆိုက်ရောက် ခဲ့လေသည်။

များမကြာမီ တောင်ခြေရင်း၌ ရွာငယ်လေးတစ်ရွာသို့ ရောက် သွားရာ မြန်မာပြည်မြောက်ဖျားမှ နာဂလူမျိုးများ နေထိုင်သည့် ရွာငယ်လေးတစ်ရွာဖြစ်ကြောင်းသိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာလေးမှ ရွာသားများ အကူအညီဖြင့် မြန်မာပြည် မြောက်ဖျားမှ ခြေလျင်ခရီးနှင်ခဲ့ရာ လပေါင်း အတော်ကြာမှ ရွှေဘိုနယ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ တာဝန်မအောင်မြင်၍ မင်းပြစ်မင်းဒဏ် သင့်ဖွယ်ရာရှိသဖြင့် ကျွန်ုပ်၏ဖခင် မူးမြစ်ဘေးမှ သာဝတ္ထိရွာကလေးတွင် တိတ်တဆိတ် ခိုလှုံနေခဲ့ရပါကြောင်း။

❖ ❖ ❖

"အဲဒါ ကျွန်တော့်အဘေးကြီးရဲ့ ဇာတ်ကြောင်းပါပဲ"

"ခင်ဗျားဟာက ဒါပဲလားဗျ။ ဒါ့ထက် ရင်ခုန်စရာမပါတော့ဘူးလား"

"အင်း ... ဒါက Part one ဗျာ။ Part two ကျန်သေးတယ်။ Part two က ဒါ့ထက် ဆန်းကြယ်တယ် ဗျာ"

"ဟာ ... ခင်ဗျားဟာက M.N.T.V ရုပ်သံဇာတ်လမ်းတွေလိုပါပဲလား"

"ဒါဆိုလုပ်ဦးလေဗျာ။ ခင်ဗျား Part two"

"နေပါဦးဗျ၊ ခင်ဗျားအဘိုး အဲ ... အဘေးကြီးတွေ့ခဲ့တာ ဘာလဲ၊ ဥစ္စာစောင့်လား၊ သိုက်စောင့်လား၊ တောစောင့်နတ်သမီးလား၊ ဟိုတုံးက သူယောင်မယ်နဲ့ တွေ့ခဲ့တဲ့ ဘုရင်လို ဖြစ်မယ်ထင်တယ်"

"သူတို့ ပြောကြတာကတော့ ဥစ္စာစောင့် ဖြစ်မယ်၊ နောင်ပွင့်မယ့် အရိမေတ္တယျ ဘုရားလက်ထပ်မှာ အလှူဒါန ပြုပြီး ကျွတ်တန်းဝင်မယ့် ဟာတွေလို့တော့ ကြားတာပဲ"





"ကဲ ... ဒါတော့ဗျာ၊ Part two ဆက်လို့ ရရင် ဆက်ဗျာ၊ ဇာတ်တန့်ငန့်တော့ မလုပ်နဲ့ဗျို့"

"ည ၁၂ နာရီမထိုးခင် တန်းဖြုတ်မယ်ဗျာ။ မြန်မြန်ပြော၊ ပြီးရင် ဦးဝင်းရှိန်က ဂျစ်ကားနဲ့ ပြန်လိုက်ပို့ဗျာ။ ကိုရဲ အိမ်အပြန် နှင်းနှင်းက ဆီးတွယ်နေဦးမယ်"

ကျွန်ုပ်က ဝင်ပြောလိုက်၏။

"ဇာတ်က ဒုတိယပိုင်းမှာ ပိုပြီးလွမ်းမောကြေကွဲဖွယ်ရာဗျာ"

"ဒါဆိုပြောဗျာ၊ နားထောင်ကြရအောင်"

❖ ❖ ❖

"ကျွန်တော့်အဘေးကြီးက ရွာပြန်ရောက်ပြီး သိပ်မကြာဘူး။ မိဘတွေရှိသေးတော့ မိဘတွေက ဆွေမကောင်း မျိုးမကောင်း မိန်းကလေး တစ်ဦးနဲ့ လက်ဆက်ပေးတယ်။ မမင်းဖြူတဲ့၊ အိမ်ထောင်ကျသွားပေမယ့် လူက သိပ်ပြီး ဂနာမငြိမ်ဘူး မြန်မာပြည်မြောက်ဖျားကိုပဲ သတိရနေတယ်တဲ့"

"သားကလေးတစ်ယောက် မွေးပြီး သုံးလေးနှစ်သား အရွယ်ရောက်တော့ သူမနေနိုင်တော့ဘူး။ မကြာခဏ အိပ်မက်တွေမက်ပြီး အိပ်မက်ထဲမှာ အဲဒီတောင်တော်သခင်မက ပေါ်ပေါ်လာပြီး သူ့ကို မိုးနက်ကျပြီ၊ မောင် ပြန်ခဲ့တော့လို့ ခေါ်သတဲ့။ ခေါ်ပါများတော့ သူမိန်းမနဲ့ ကလေးထားခဲ့ပြီး မြန်မာပြည်မြောက်ဖျားကို ပြန်ထွက်သွားတော့တာပဲတဲ့။ ပါလာတဲ့ ပတ္တမြားနှစ်လုံးကိုတော့ ထားခဲ့ သောက်ဖို့ မိန်းမနဲ့ကလေးအတွက် တစ်လုံး၊ မိဘတွေအတွက်တစ်လုံး

www.burmeseclassic.com



ပေးခဲ့သတဲ့''

''သူ မြန်မာပြည် ပြောက်ဖျားသွားတဲ့အခါ သူညီ နှစ်ယောက်ရှိတဲ့အထဲက သူ့ကိုချစ်တဲ့ ညီငယ် ဦးကျော်လှ ဆိုတာ လိုက်သွားတယ်။ ဦးကျော်ခေါင်မှာ ညီနှစ်ယောက်ရှိတယ်။ အကြီးက ဦးကျော်အောင်၊ အငယ်က ဦးကျော်လှ။ အဲဒီဦးကျော်လှက အဘိုး ဦးကျော်ခေါင်နဲ့ လိုက်သွားပြီး သုံးလေးလလောက် အကြာမှာ တစ်ယောက်တည်း သာဝတ္ထိရွာကို ပြန်ရောက်လာတယ်''

''သြော် ... သူ့အစ်ကိုကြီးက ကျန်ခဲ့တာပေါ့''

''ဟုတ်ပါတယ်''

''ဘယ်လိုဖြစ်တာလဲ''


''အခုပြောမှာ အဲဒီဇာတ်လမ်းပါပဲ''

''အဲဒီဇာတ်ကြောင်းကိုတော့ ရွာပြန်ရောက်လာတဲ့ ဦးကျော်လှက ပြန်ပြောပြတာပါ။ ဒါကို Story retold ပြန်လုပ်မှာပါ။ အဲဒီတော့ ပုံပြင်နားထောင်တဲ့ ပရိသတ်ကြီးကို ဦးကျော်လှ အပြော နဲ့ပဲ တင်ဆက်ပါရစေခင်ဗျာ''

''လုပ်ဗျာ''

**မပြီးဆုံးသေးသောပုံပြင် ဒုတိယပိုင်း**

ကျွန်ုပ်မောင်ကျော်လှသည် ရွှေဘိုနယ် သာဝတ္ထိရွာကြီးတွင် ကြီးပြင်းလာခဲ့သူဖြစ်၏။ ကျွန်ုပ် လူပို့ပေါက်အရွယ်တွင် အစ်ကိုကြီး ကိုကျော်ခေါင်သည် ရွာမှထွက်သွားပြီး ရတနာပုံနေပြည်တော်ရှိ ဘုရင့် တပ်မတော်၌ အမှုထမ်းခဲ့လေသည်။ ထိုစဉ်က အစ်ကိုကြီးမှာ





ရပ်စောက်ဗထူးနှင့် ပင်းတယ ဘော်ဆိုင်းဒေသပြမြေပုံ



www.burmeseclassic.com

www.burmeseclassic.com




ဗိုလ်ကျော်ခေါင်နှင့်အဖွဲ့သည် ပုံပါအတိုင်း ရွှေဘိုရေဦးနှင့် မဟာမြိုင်တောကြီး
ဖြတ်၍မြောက်ဘက်သို့ ခရီးထွက်ခဲ့ကြသည်။



ယက် ၂၀ ကျော်သာဖြစ်လေသည်။

အစ်ကိုကြီးသည် ဘုရင့်တပ်မတော်တွင် အမှုထမ်းနေရာမှ ယ်နှစ်ခန့်အကြာ၌ ရွာသို့ပြန် ရောက်လာ၏။ မိဘများ ရှိကြ ယ၊သဖြင့် မိဘများနှင့် အတူနေကြ၏။

ကျွန်ုပ်သည် ထိုအခါက အစ်ကိုအငယ်ဖြစ်သူ ကိုကျော် ာင်နှင့် မူးမြစ်ရိုးတစ်လျှောက်၌လေ့ တစ်စင်းနှင့် ရောင်းဝယ် ကကားလျက်ရှိ၏။

အစ်ကို ကိုကျော်ခေါင် ရွာပြန်ရောက်ချိန်မှစ၍ ဈေးလှေ က်ပါခြင်းမရှိတော့ဘဲ အစ်ကိုကြီး ကိုကျော်ခေါင်နှင့်သာ အတူ ခဲ့၏။ အစ်ကိုနှစ်ယောက်အနက် ကျွန်ုပ်သည် စစ်သားဖြစ်သူ စ်ကိုကြီး ကိုကျော်ခေါင်အား ပိုမိုချစ်ခဲ့လေ၏။

ရှေးယခင်က စကားအလွန်ပြောသော ကိုကျော်ခေါင်သည် ခုအခါတွင်မူကား စကားသိပ်မပြောတော့။ အမြဲလိုလို တစ်စုံ စ်ရာကိုအလေးအနက် စဉ်းစားနေပုံရ၏။ သူပြန်ရောက်လာချိန်၌ ယက် ၃၀ ခန့်ရှိသဖြင့် မိဘများက မမင်းဖြူနှင့် အိမ်ထောင် ပေးခဲ့၏။ မိဘစကားနားမထောင်ဘဲ စစ်ထဲလိုက်သွားခဲ့ရာမှ ယခု ရောက်လာချိန်၌မူ မိဘစကားမပယ်ရှားဘဲ အစ်ကိုကြီးသည် င်းဖြူကို လက်ထပ်ခဲ့၏။ မိဘများမှာ မရှိမရှားကုန်သည်များဖြစ်၍ တို့အားကျွေးမွေးစောင့်ရှောက်ထား၏။

အိမ်ထောင်ကျသွားသော်လည်း အစ်ကိုကြီး၏ အမူ ယ၁များမှာ သိပ်ပြောင်းလဲမသွားခဲ့ချေ။ အိမ်ထောင်သက် မယ်နှစ်အကြာ၌ သားကလေးတစ်ဦး ထွန်းကားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ အစ်ကိုကြီးသည် ကျွန်ုပ်အား အောက်ပါအတို
ပြောလာ၏။

''ညီငယ် . . . အစ်ကိုကြီး အရေးတကြီး ခရီးထွက်ဖို့ရှိတယ်
ညီငယ့်ကို အဖော်ခေါ်ချင်တယ်။ လိုက်နိုင်မှာလား''

''အစ်ကိုကြီးနဲ့ဆို ဘယ်သွားရ သွားရပါ''

''ဒါဆိုကောင်းပါလေ့ကွာ''

''ဘယ်တော့သွားကြမှာလဲ''

''တစ်ရက် နှစ်ရက်အတွင်း သွားကြမယ်''

အစ်ကိုကြီးသည် မိဘနှင့် ဇနီးသည်တို့အား ခွင့်ပန်၍
သူပိုင်ဆိုင်သည့် ပစ္စည်းပစ္စယများကို အပြီးပေးအပ်ခဲ့လေသည်။

ဇနီး မမင်းဖြူကိုလည်း သူ့အား ခွင့်လွှတ်ရန်နှင့်
ပြန်မရောက်လာပါက သားကလေးအား လူလားမြောက်သည်အ
စောင့်ရှောက်သွားရန် မှာခဲ့လေသည်။ ပတ္တမြားကျောက်တစ်လုံး
လည်း ထုခွဲ စားသောက်ရန်ပေးခဲ့၏။ ကျန်တစ်လုံးကို မိဘမျ
အား ပေးခဲ့၏။

ကျွန်ုပ်မှာ အစ်ကိုကြီး ရွာပြန်ရောကလာကတည်းက သူ၏
ထူးဆန်းသော မြန်မာပြည်မြောက်ဖျား ခရီးစဉ်ကိုကြားသိခဲ့ပြီးဖြစ်၍
မြန်မာပြည်မြောက်ဖျားသို့ပင် သွားမည်ကို ခန့်မှန်းမိပြီးဖြစ်၏။

ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ဦးသည် သာဝတ္ထိရွာကြီးမှ မြ
ကိုယ်စီဖြင့် ရေဦး၊ ရေဦးမှ တန့်ဆည် ထိုမှ မဟာမြိုင်တော
ကို ဖြတ်၍ မြောက်စူးစူးသို့ထွက်ခဲ့ရာ ပင်လယ်ဘူးရွာကြီးသို့
ဆိုက်ရောက်ခဲ့ကြ၏။





ပင်လယ်ဘူးသို့ ရောက်ပြီးနောက် အစ်ကိုကြီးတွင် သူ၏
ယာဉ်လမ်းကြောင်းအား ဆွဲထားသည့် မြေပုံပါလာရာ ထိုမြေပုံ
အတိုင်း ခရီးဆက်ခဲ့ကြ၏။ ယခင်လမ်းကြောင်းများအတိုင်း ခရီး
ဆက်ခဲ့ကြရာ လမ်းတွင် ၇ ရက်ခန့်ကြာပြီးနောက် မြင်းများဖြင့်
ခရီးဆက်ရန် မဖြစ်နိုင်တော့သဖြင့် ယခင်ကသည်းရွာကလေး
ရောက်၌ ယခင်အခါကဲ့သို့ပင် မြင်းများကို ထားခဲ့၏။ ယခုအချိန်
မှာကား အပြီးရောင်းချခဲ့ခြင်း ဖြစ်၏။

ယခင်ခရီးကသူထားခဲ့မြင်းထိန်းကား တစ်လကျော်အကြာ
မြင်းများကိုရောင်းချပြီး မြန်မာနိုင်ငံသို့ အပြီးပြန်သွားခဲ့ပြီ ဖြစ်
ကြောင်းစုံစမ်းသိရ၏။

ကျွန်ုပ်တို့သည် ထိုရွာမှ နယ်မြေကျွမ်းသူသည့် ကသည်း
တစ်ဦးအား ငွေများပေးကာ ငှားရမ်းခဲ့ကြ၏။ ကသည်းလူရွယ်သည်
ကျွန်ုပ်တို့နှင့် အတူလိုက်ပါခဲ့၏။ မြောက်စူးစူးသို့ ခရီးဆက်ခဲ့ရာ
လမ်းခရီး၌ ရေစီးသန်သော ချောင်းများ၊ တောနက်ကြီးများ၊
တောင်မြင့်ကြီးများကို အကြိမ်ကြိမ်ဖြတ်ကြ ရ၏။ ခရီးပန်းလှသဖြင့်
ကျွန်ုပ်မှာ လိုက်လာမိတာ မှားများသွားလေသလားဟုပင် ထင်မိ၏။

အစ်ကိုကြီးကိုကျော်ခေါင်ကား စိတ်ပျက်ပုံမရချေ၊ ညစခန်းချ
ရာများ၌ ချက်ချင်း အိပ်ရာဝင်ခြင်း မရှိဘဲ၊ ပါလာသည့် မြေပုံကို
ကြည့်ကြည့်ပြီး တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားလျက် ရှိ
လေ၏။

ထပ်မံခရီးဆက်ခဲ့ကြ၏။

ခရီးလမ်းကြီးအား သုံးရက်မျှ ဆက်သွားပြီးသောအခါတွင်မူ



www.burmeseclassic.com

www.burmeseclassic.com



စခန်းချရန် ရေရရှိနိုင်မည့် ချောင်းနံဘေး မြေပြန့်လေးတစ်ခု ရွေးခဲ့ကြ၏။

ထိုနေ့ည၌ အစ်ကိုကြီးသည် မြေပုံကိုထုတ်ကြည့်ပြီး …

"အင်း … ဒါ အရင်တုံးက နေရာလေးပဲကွ ညီလေးရဲ့ ငါတို့ မကြာခင်ရောက်တော့မယ်"

ဟု ထူးထူးခြားခြား ပြောလေသည်။

ထိုည အိပ်ရာမဝင်မီအချိန်၌ အစ်ကိုကြီးသည် သူ၏ ပထမခရီးစဉ်က အဖြစ်အပျက်များကို စီကာပတ်ကုံး ကျွန်ုပ်အား ပြန်လည်ပြောပြပြီး ရှင်မြူးသော အမှုအရာကို တွေ့ရသဖြင့် ကျွန်ုပ်မှာ ဝမ်းသာမိ၏။ အစ်ကိုကြီးသည် သူနှစ်သက်မြတ်နိုးနေသည့် တောင်တော်သခင်မနှင့်တွေ့ဆုံသည့် အကြောင်း ပြောပြရာတွင်မူ ပိုမိုရွှင်မြူးတက်ကြွလျက်ရှိသည်။

"နီးပြီ ညီလေး။ သူနဲ့တွေ့တော့မယ်"

နှုတ်မှလည်း မကြာခဏ ရေရွတ်ပြောဆိုလျက် ရှိ၏။

ထိုည၌ ကျွန်ုပ်တို့သည် အတော်ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်၏။ ညသန်းခေါင်ယံကျော်ချိန်၌ တဘုန်းဘုန်း တဝုန်းဝုန်းနှင့် ရေသံများ ခပ်လှမ်းလှမ်းမှကြားရသဖြင့် ကျွန်ုပ်နှင့် ကသည်းလမ်းပြတို့သည် အိပ်ရာမှနိုးလာပြီး ဓား၊ လှံ၊ လေး၊ မြား ကိုယ်စီဖြင့် အသံကြားရာသို့ ထွက်ခဲ့ကြ၏။ အစ်ကိုကြီးမှာကား နှစ်ခြိုက်စွာ အိပ်ပျော်ကျန်ခဲ့၏။

ယနေ့ညကား လပြည့်ညဖြစ်သဖြင့် လကထိန်ထိန်သာနေ၏။ လရောင်ဖြင့် အသံကြားရာသို့ ထွက်ခဲ့ရာ တစ်ခုသော





ရေအိုင်ငယ်၌ လူပေါင်လုံးလောက်ရှိသော စပါးကြီးမြွေကြီး တစ်ကောင်သည် ကမ်းစပ်တစ်ဖက်တစ်ချက်မှ သစ်ပင်နှစ်ပင်ကို အမြီးခေါင်းရစ်ပတ်ကာ ငါးပက်နေခြင်းပေတည်း။

ကျွန်ုပ်သည် အထူးအဆန်းကို ငေးမောနေစဉ် ကသည်းလမ်းပြက ပါလာသည့်လေးဖြင့် ပစ်ခတ်ရာ စပါးကြီးမြွေကြီးခေါင်းကို ထိမှန်သေဆုံးသွားတော့၏။ မြွေသေကြီးအား ရိက္ခာအဖြစ် နှစ်ယောက်သား ထမ်းယူ၍ စခန်းချရာနေရာသို့ ပြန်ခဲ့ကြ၏။

စခန်းချရာနေရာ၌ အစ်ကိုကြီးမရှိတော့ချေ။ ထူးဆန်းစွာ ပျောက်ဆုံးနေ၏။

ကျွန်ုပ်သည် ဟိုမှ ဒီမှ လိုက်လံရှာဖွေရာ အစ်ကိုကြီးအား ပြာဘက်လက်ကိုဆန့်တန်းပြီး အရှေ့ဘက် လရောင်လာရာသို့ သွားနေသည်ကို တွေ့ရ၏။ တစ်စုံတစ်ဦးက သူ၏ညာလက်ကိုဆွဲယူ ခေါ်ငင်နေပုံလည်း ပေါက်၏။

"ဟာ"

"အစ်ကိုကြီးရေ … အစ်ကိုကြီးရေ"

ကျွန်ုပ်က အော်ခေါ်သော်လည်း ကြားပုံမရချေ။ သွားမြဲ သွားနေ၏။ ကျွန်ုပ်သည် နောက်မှ အပြေးလိုက်သွားခဲ့၏။ သူနှင့် ကျွန်ုပ်မှာ သိပ်မဝေးကွာလှ။ ဒူးလေး တစ်ကမ်းစာမျှသာရှိ၏။ ထိုအချိန်တွင် နောက်ထပ် ပြဿနာတစ်ခု ရုတ်ခြည်း တွေ့ရပြန်၏။

ကျွန်ုပ်တို့ သယ်ဆောင်လာသော စပါးကြီးမြွေကြီးသည် ရုတ်ခြည်းအသက်ဝင်လာပြီး ကသည်းလမ်းပြအား ဖမ်းညှစ်ပြီးလျှင် ဝါးမျိုရန်ကြိုးစားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုက် ... ပြဿနာတော့ ဖြစ်ပြီ။

မြွေမျိုနေတဲ့သူကို ကယ်ရမှာလား၊ အစ်ကို့နောက်လိုက်ရမှာလား၊ ကသည်းလမ်းပြမှာ အော်ဟစ် ရှန်းကန်နေ၏။ အစ်ကိုကြီးမှာလည်း တရွေ့ရွေ့နှင့် တောအုပ်အတွင်းဝင်ရောက် ပျောက်ကွယ်မည့်ပုံပေါ်နေသဖြင့် ကျွန်ုပ်သည် နောက်ဆုံး၌ အစ်ကိုကြီးနောက်သို့ အပြေးလိုက်ခဲ့မိတော့၏။

"အစ်ကိုကြီးရေ ... အစ်ကိုကြီးရေ" ဟုလည်း နောက်မှ တကြော်ကြော် အော်ခေါ်ခဲ့လေသည်။

ကျွန်ုပ်သည် အစ်ကိုကြီးနှင့် ဝါးနှစ်ရိုက် အကွာခန့်မှ လိုက်ပါခဲ့ရာ တောအုပ်မှ ထွက်၍ မြောက်ဘက် တောင်စွယ်သို့သွားသော လမ်းကလေးတစ်ခုအတိုင်း ဆက်ခဲ့၏။ တောင်စွယ်မှ အောက်သို့ ဆင်းခဲ့ရာ တောင်နံရံအကွယ်၌ ကျောက်တုံးကြီးတစ်ခုကိုတွေ့ရ၏။ အစ်ကိုကြီးသည် ထိုနေရာသို့ သွားနေ၏။ ထိုမှ ဆက်သွားပြန်ရာ ကျွန်ုပ်လည်း နောက်မှလိုက်ပါသွားခဲ့၏။ ကျောက်တုံးကြီးအကျော်၌ ချောက်ကြီးတစ်ခုကို လရောင်ဖြင့် မြင်ရ၏။ ချောင်းကြီး၏နံဘေးတွင် တောင်ခါးပန်းကိုမှီလျက် လူအရိုးစုဆယ်ခုကျော်မျှကို တွေ့ရ၏။ ချောက်ပေါ်တွင် လူကူးတံတားလေးတစ်ခုရှိ၏။

အစ်ကိုကြီးသည် ချောက်အစပ်၌ ရပ်ကာ ထိုအရိုးစုများကို ကြည့်ပြီး "အလိုလေးဗျာ ... ဒါ ကျုပ်လူတွေပါလား။ အင်း သွားရှာကြပြီ၊ သွားရှာကြပြီ" ဟု မြည်တမ်းရေရွတ်လျက် သူ့အား ဦးဆောင်ခေါ်ငင်နေသူနောက်သို့ တရွေ့ရွေ့ဆက်လိုက်သွားတော့၏။ ချောက်ပေါ်မှ တံတားကူးလာ၍ ညာလက်ဆန့်တန်းကာ လိုက်





ပါသွားတော့၏။

တံတားကို ကျော်သည်နှင့် နောက်ထပ်တောင်တစ်လုံးကို တက်ပြန်၏။ ကျွန်ုပ်သည်လည်း နောက်မှ ချောင်းမြောင်းလိုက်ပါလျက်ရှိ၏။ တောင်ထိပ်သို့ ရောက်သည့်အခါ အလွန်လင်းသော ဖလင်းရောင် တစ်ခုကို မြင်ရသဖြင့် ထိပ်၌ ဂူတစ်ခုရှိကြောင်း ဖလင်းရောင်သည် ထိုဂူမှလာနေကြောင်း သဘော ပေါက်ရတော့၏။

အစ်ကိုကြီးသည် တောင်ထိပ်ရှိ ထိုဂူအတွင်းသို့ ဝင်ရောက်သွားခဲ့လေ၏။

ကျွန်ုပ်သည် ဂူအတွင်းသို့လိုက်ပါမသွားရဲသဖြင့် ဂူဝမှ သစ်ပင်တစ်ပင်ပေါ်တက်ပြီး ချောင်းမြောင်း ကြည့်ရှုခဲ့၏။ ဂူအတွင်း၌ အောက်ပါ အခြင်းအရာများကို ရှင်းလင်းစွာမြင်ရလေတော့သည်။ ဂူကား နံရံများ မှ ပုလဲဖြူကဲ့သို့ အရောင်များဖြင့် လင်းနေ၏။

ဂူအတွင်း၌ လူသေများထည့်ရန် ကျောက်ခေါင်းကြီးသုံးလုံးကို ဂူအလယ်၌ ချထား၏။ ဘေးပတ်လည်တွင် ကျောက်ကုတ်သုံးလုံးရှိ၏။ ကျောက်အိုးကြီးတစ်လုံးသည် အဖြူရောင် မီးတောက်ကြီးပေါ်တွင် ရှိနေ၏။ အစ်ကိုကြီးကား ကျောက်ကုတ်တစ်လုံးပေါ်တွင် တင်ပျဉ်ခွေကာ ရှေ့သို့စူးစိုက် ကြည့်နေ၏။ အစ်ကိုကြီး ရှေ့ လက်တစ်ကမ်းအကွာသာသာ၌ ဝတ်ရုံဖြူဝတ်ဆင်ထားသည့် အလွန်ချောမောလှပသည့် အမျိုးသမီးတစ်ဦးသည် ညာဘက်က လှံတံတစ်ခုကိုကိုင်ကာ တည်ကြည်သောမျက်နှာဖြင့် မတ်မတ်ရပ်နေ၏။

"အင်း ... အစ်ကိုကြီး ပြောတဲ့ တောင်တော်ဘမင်းမယင်ရဲ့၊ တယ်ချောပါလား။ အစ်ကိုကြီး စွဲမယ်ဆိုရင်လည်း စွဲလောက်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

ဂူ၏တခြားဘက်၌မူကား ထီးသုံးနန်းသုံးပစ္စည်းများ ကျောက်မျက်တန်ဆာပလာများကိုလည်းကောင်း၊ ရွှေဖြင့်ပြုလုပ်ထားသော ရွှေခွက်၊ ငွေခွက်များကိုလည်းကောင်း အလင်းရောင်အောက်တွင် တွေ့ရ၏။ ဂူအတွင်းမှ အမျိုးအမည်မသိသော အမွှေးအကြိုင်အနံ့ တစ်မျိုးလည်း ထွက်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး သင်းပျံ့မွှေးကြိုင်နေ၏။

ကျွန်ုပ်သည် သစ်ပင်ပေါ်မှ ခြောင်းမြောင်းကြည့်ရှုရခြင်းကို အားမရဘဲ ဂူနံရံကိုတွယ်တက်၍ ၎င်းတို့ နှစ်ဦးနှင့် အနီးစပ်ဆုံးနေရာသို့ ရောက်အောင်သွားခဲ့၏။ ၎င်းတွင် ဂူပေါက်ငယ်တစ်ခုကို အရန်သင့် တွေ့ရှိသဖြင့် ၎င်းအပေါက်မှ ငုံ့ကြည့်ရာ အစ်ကိုကြီးနှင့် တောင်တော်သခင်မတို့ အချီအချစကား ပြောနေသည်ကို အောက်ပါအတိုင်း ကြားသိရပေတော့သည်။

''သြော် ... ယောက်ျားတွေ ... ယောက်ျားတွေ... မိန်းမဆိုတဲ့ ကာမဂုဏ်နဲ့တွေ့မှဖြင့် ဘယ်လောက်ဝေးဝေး၊ ဘယ်လောက် အန္တရာယ်များများ ဖွတ်တိုးပြီးလာကြတော့တာဘဲနော်''

''ကဲ ... မောင်၊ မောင့်ကိုနှမ မေးမယ်။ အခုဒီကို ဘာကိစ္စနဲ့ ပြန်လာတာလဲ။ ဘုရင့်အမိန့်အရ လာပြန်တာလား။ ဒါမှမဟုတ် မောင့်သဘောနဲ့ မောင် လာတာလား၊ လိမ်မယ်တော့ မကြံနဲ့နော် မောင်''

''မလိမ်ဝံ့ပါဘူး နှမရယ်။ ဒီတစ်ခါ မောင်လာတာ မောင့်သဘောနဲ့မောင်ပါ။ နှမကို တစ်နေ့မှ မေ့မရပါဘူး။ စုံမက်နှစ်သက်





လွမ်းလို့ ဒီဘဝမှာတော့ မတွေ့ရ မနေတော့ဘူးဆိုပြီး စိတ်နှလုံး ပုံးချ လာခဲ့တာပါ။ ဘာရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာမှ မလိုချင်ဘူး၊ ဘာပစ္စည်းများမှလဲ မလိုချင်ဘူး။ မောင့်အတွက် လိုတာ မပါပဲ၊ နှမကို ချစ်လွမ်းလို့လာခဲ့ရတာပါ''

''ဟုတ်ပြီ ... ဟုတ်ပြီ။ ဟုတ်ပါပြီ။ ဒါမှပေါ့၊ ဒါမှ ယောက်ျား။ သြော် ... ယောက်ျားတွေ၊ ယောက်ျားတွေ၊ ယောက်ျားတွေက အလှအပကို အလွန်ကြိုက်ကြတာ။ နှမက မောင် ကို လူသားတွေထက်အများကြီး ချောလှတော့ မောင်ကြိုက်တာ သဘာဝကျပေတယ်။ နှမကလည်း ပြောရတော့မှာပေါ့လေ။ မောင့်ကို ပြန်လွှတ်ပြီးကတည်းက နှမလည်း မောင့်ကိုတစ်နေ့မှ မေ့မရဘူး။ မကြောင့် ဝိညာဉ်တွေလွှတ်ပြီး အိပ်မက်တွေ ပေးပေးနေတာ''

''ကိုင်း ... မောင် နှမနဲ့အတူနေချင်တယ်ဆိုရင် မောင် သေရမှာမကြောက်ဘူးလား''

''ဆယ်သက်မက သေဝံ့ပါတယ်ဗျာ''

''ကြိုက်ပြီ ... ကြိုက်ပြီ။ ဒါမှပေါ့ ဒါမှ ယောက်ျား''

''ကိုင်း ... ကိုင်း ... ရာသက်ပန်ရိုးမြေကျ ပေါင်းချင် တယ်ဆိုရင်တော့ လုပ်ပေးရမှာပေါ့လေ''

တောင်တော်သခင်မသည် အစ်ကိုကြီး၏ ဦးခေါင်းအလယ် တည့်တည့်ပေါ်သို့ ၎င်း၏လှံတံဖြင့် ဖြည်းညှင်းစွာတို့လိုက်ရာ အစ်ကိုကြီးသည် ထိုင်ရာမှ ညောင်စောင်းပေါ်သို့ ဘုံးခနဲလဲကျပြီး ...ပျော်ခြင်းအဖြစ်သို့ ရောက်သွားလေတော့၏။

ထိုအခါ တောင်တော်သခင်မက အောက်ပါအတိုင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ဩော် ... မိန်းမ ... မိန်းမ။ မိန်းမဖြစ်နေလို့ မာယာသုံးပြီး မောင်နဲ့ နှမ မထိုက်တန်ပါဘူး။ နှမဟာ မောင့်အတွက် မဟုတ်ပါဘူး ပြောခဲ့ပေမယ့် အဆုံးကျတော့ သူတို့အောက် ရောက်ရတော့တာပဲနော်"

သူမသည် အထက်ပါအတိုင်း ညည်းညည်းညူညူ ရေရွတ်ပြီး ကျွန်ုပ်ရှိနေသည့်ဘက်သို့ လှမ်းကြည့်လိုက်ရာ ကျွန်ုပ်အား ဘွား ခနဲ တွေ့မြင်သွားသည်နှင့် ၎င်း၏လုံတံကို ဝှေ့ရမ်းလိုက်တော့၏ ထိုအခါ ကျွန်ုပ်၏ မျက်စိထဲ၌ လျှပ်များပျက်သလို ရုတ်ခြည် လင်းလက်သွားပြီး ကျွန်ုပ်လည်း ဂူမှပြုတ်ကာအောက်ရှိ ချောင်း ကလေးတစ်ချောင်းထဲသို့ ကျသွားတော့၏။ ရေစီးအတိုင်း လိုက်ပါ သွားပြန်ရာ မြစ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိ သွားတော့၏ ဖေါင်ဖွဲ့၍အောက်သို့စုန်ဆင်းခဲ့ရာ မြို့ငယ်ရွာငယ်များကိုဖြတ်ကျော်ပြီး ရက်ပေါင်းများစွာ အကြာ၌ မြို့ကြီးတစ်မြို့သို့ ဆိုက်ရောက်ခဲ့လေ သည်။ ထိုမြို့ကား သလ္လာဝတီမြို့ကြီး ပေတည်း။ မြစ်ကြီးသည်လည်း သလ္လာဝတီမြစ်ကြီးဖြစ်ပါ၏။

သလ္လာဝတီမှ ဇာတိ သာတ္တိရွာကြီးသို့ ရက်အနည်းငယ်တွင် ပြန်လည်ရောက်ရှိကာ မိဘများနှင့် မမင်းဖြူတို့သားအမိကို အစ်ကို ကြီး ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း၊ အမြွက်မျှသာ ပြောကြားပြီ ကျန်အဖြစ်အပျက်များကိုမူကား ယခုအချိန်ထိ ထိန်ချန်ထားခဲ့ပါ ကြောင်း။

❖ ❖ ❖





"ကဲ ... ပြီးပါပြီ။ ဇာတ်က ဒါပါပဲ"

"ကိုရဲ ဘာလဲဗျ။ ခင်ဗျား ပုံပြင်က ဒဂုန်ရွှေမှူးဝတ္ထုလိုလို၊ ရွှေဥဒေါင်းဝတ္ထုလိုလိုနဲ့၊ ရှုပနန္ဒီလား၊ ရှုပကလျာဏီလား၊ လူဖြူ ကုရင်မလား၊ ပန်းမြတ်မာလာလား၊ ခင်ဗျားလျှို့ဝှက်ဆန်းကြယ်တွေ ကြိုက်ပြီး ထိုးဇာတ်လာလုပ်တာလား"

"ပုံပြင်ပြောဆိုလို့ ပုံပြင်ပြောပြတာလေ"

"နေဦး ... မေးဦးမယ်"

"မေးပါ"

"ဒီပုံပြင်က ခင်ဗျား ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်းလာ တာလား"

"ဟုတ်တယ်လေ။ အဘေးကြီးသေတော့ သူ့သား ကျန် တယ်။ အဲဒီသားက အဖေ့အဘိုးလေဗျာ၊ သူက သူ့အဖေအကြောင်း ကျွန်တော့်အဖေကို ပြောပြတာ။ အဖေက ကျွန်တော့်ပြောပြတာပေါ့"

"နေပါဦး ... အမျိုးသမီးက ဥစ္စာစောင့်လား"

"အဲ ... ပရလောကသားတွေပေါ့။ စတုမဟာရာဇ် နတ်မျိုးနွယ်တွေလို့ပြောတာပဲ။ ဘိုးတော်ကြီးလည်း နတ်ဖြစ်သွား တယ်ထင်တယ်"

"ကဲ ... ကဲ ... စာမေးပွဲနောက်မှစစ်၊ သူ့တာဝန် ကျေပါပြီဗျာ။ အိမ်ပြန်ပါစေ၊ ဦးဝင်းရှိန်နဲ့ ဒေါက်တာ သန်းလွင် တို့ ဂျစ်ကားနဲ့ လိုက်ပို့လိုက်ကြဗျာ"

ကျွန်ုပ်က ဝင်ပြောရသည်။

"ကိုင်း ... ကိုရဲ ၁၂ နာရီ မကျော်သေးဘူး။ **Night**



www.burmeseclassic.com

www.burmeseclassic.com



Attack ညတိုက်ပွဲတစ်ပွဲရသေးတယ်နော်''

''Night Attack မှာ အချက်အချာတောင်ကုန်းကို အပိုင် လုံ့စွတ်ထိုးပြီး သိမ်းဗျာ။ လွဲချော် မသွားစေနဲ့နော်''

တကယ်တော့ ည ၁၂နာရီ ကျော်သွားခဲ့ပါပြီ။

အားလုံးက ဝိုင်းစနေကြသည့်အတွက် သန်းခေါင်ကျော်သွား ခြင်းပါ။ ပုံပြင်ကလည်း အတော်ရှည် ပေသကိုး။

စနောက်ကောင်းနေစဉ် ဂျစ်ကားပေါ်အတက်၌ ကိုရဲမြင့် ပြောလိုက်ပုံက ...

''အဲဒီ တောင်ကုန်းသုံးကုန်းကို တက်သိမ်းတာ တိုက်ပွဲ စကတည်းက ကနေ့အထိ တစ်ပွဲမှ မရှုံးသေးပါဘူးဗျာ။ လုံ့စွတ် ကလည်း တကယ့် အချက်အချာနေရာကို ညတိုင်းပဲ ထိုးလိုက်နိုင် တာပါပဲ။ အင်း ... ဒါပေမဲ့ ဒီနေ့တော့ ညနက်သွားလို့ စားသွား လည်း ကြွေ၊ လုံလည်း ခွေနေပြီဗျို့''

အလွန်စကားနည်းသော ကိုရဲမြင့်၏ ပြန်ပြောသော စကား ကြောင့် ကျွန်ုပ်တို့ တစ်ဖွဲ့လုံး ရယ်မောလိုက်ကြရာ ရယ်သံမှာ ရွှေလီမြစ်ရိုးတိုင်ပြန့်လွင့်သွားပါတော့သတည်း။

''ဟား ... ဟား ... ဟား ... ဟား ... ဟား''

**သောင်းဝေဦး**

**၁–၁၂–၂၀၁၅**

■



## အချစ်အတွက်ဖြင့် အသက်ဝင်သေသေ (၂)

**ရေးသူ – သောင်းဝေဦး**

ပြီးခဲ့သည့် လျှို့ဝှက်ဆန်းကြယ်–၆ တွင် အချစ်အတွက်ဖြင့် အသက်ပင်သေသေ အမည်ရဝတ္ထုတို လေးတစ်ပုဒ် ရေးလိုက်မိသည်။

သက်ရှိထင်ရှားရှိနေသော သူငယ်ချင်းတစ်ယောက်၏ အကြောင်းပင်ဖြစ်၏။ မနေ့ တစ်နေ့က မင်္ဂလာဆောင်တစ်ခုတွင် သူနှင့်တွေ့ကြရာ။

''ကိုယ့်သူငယ်ချင်းကြီးကတော့ လုပ်ချလိုက်ပြန်ပြီ'' ဟု ရယ်ကျဲကျဲနှင့် ပြော၏။ စိတ်ဆိုးခြင်းမရှိပါ ပေ။

''သူများအကြောင်းချည်းရေးမနေနဲ့ ကိုယ့်အကြောင်းလည်း ကိုယ်ရေးဦးလေ''

ဟု ပြောသွား၏။

တကယ်တော့ သူနှင့် ကျွန်ုပ်ကား သက်တူရွယ်တူသာမက တစ်တပ်ထဲလည်း နေခဲ့ကြသူများဖြစ်၏။ တပ်မတစ်ခုတည်း နေခဲ့ကြ သူများဖြစ်၏။ သင်တန်းသုံးလေးခု အတူတက်ခဲ့ကြသူများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အကျင့်၊ စရိုက်၊ ဝါသနာကလည်း အတော်တူပေသည်။ သူ့မှ ပတ်သက်ပြီး ပြောစရာများရှိသလို ကျွန်ုပ်တွင်လည်း သူ့ထံ အဖြစ်အပျက်မျိုးများရှိခဲ့၏။ သူများအကြောင်းတွေချည်းပဲဆိုတော့ သိပ်မမျှတ။ ကိုယ့်အကြောင်း လေးပါ ရေးလိုက်မှ သဘာဝကျမည် သို့ဖြစ်၍ ကျွန်ုပ်၏အဖြစ်အပျက်များအနက်မှ တစ်ခုသောအဖြစ် အပျက်အား အချစ်အတွက်ဖြင့် အသက်ပင်သေသေအမည်ဖြင့် ဝတ္ထုအသွင်တင်ဆက်လိုက် ရပါသည်ခင်ဗျား။

**နိဒါန်းအစ မိုင်းယောင်းက**

အချိန်က ၁၉၈၂ ခုနှစ်ကုန်ခါစ။

မိုင်းယောင်းဒေသ၌ စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် ကာလ။

အသက် ၃၆ နှစ်သာသာ၌ **Major** ဖြစ်လာရာ လူက သေးသေးကွေးကွေးတွင် မေဂျာအပွင့်လေး တစ်ပွင့်နှင့် လွှားလွှား လွှားလွှား လုပ်နေရာလူကြီးများက မျက်စိနောက်ကြ၏။

လူငယ်များက သဘောကျကြ၏။

တောထဲမှာပင် ရွှေရောင်အပွင့်ကို တပ်ထားရာ ချစ်ခင်သူ များက တားကြ၏။

"ဗိုလ်မှူးရယ် တောထဲမှာတော့ ရွှေရောင်အပွင့်မတပ်ပါနဲ့" ဟု။

မည်သို့ပင်ဖြစ်စေ ဗိုလ်မှူးဖြစ်ခါစကမူ ကျွန်ုပ်သည် လော ကြီးကို ထိမထင်ဘဲ မိုးကိုပင် ဒူးနဲ့ တက်တိုက်ချင်နေ၏။





မိုင်းယောင်းဒေသမှ အသူရာတို့၏ နာမည်ကျော် ကော် ၀၅ နှင့် ပွဲအတော်တိုးခဲ့ပြီးပြီ။ အားလုံးနီးပါး အနိုင်ရခဲ့၏။

"ကဲ ... ဘယ်မှာလဲ အသူရာတွေ၊ လာစမ်းပါ။ မင်းတို့ ကျော်ဦးဆိုတဲ့ ငါနဲ့တွေ့ရင် ဖျားသွားမှာပေါ့ကွာ"

ကျွန်ုပ်က အထက်ပါအတိုင်း ကြုံးဝါးခဲ့သည်။

ကျွန်ုပ်သည် မိုင်းယောင်းဒေသတွင် အသူရာများနှင့် သုံး၊ လေး၊ ငါးပွဲ အကဲစမ်းပြီးရာ ပွဲတိုင်းလိုလို နိုင်လာခဲ့၍ အလွန် ကျေနပ်နေ၏။ နောက်ထပ်လည်း တိုက်ပွဲဝင်ရန် အသင့်ပါပေ။ ကျွန်ုပ်၏ တပ်ခွဲ(၁) မှ စစ်သည်များကလည်း ကျွန်ုပ်နှင့် သေတူ ရှင်ဘက် ဖြစ်နေကြလေပြီ။

တပ်ခွဲတွင် ကျွန်ုပ်အား သံယောဇဉ်အကြီးဆုံးသူများမှာ တပ်ကြပ်ရွှေအေး၊ ဒုတပ်ကြပ် စန်းတင့်မောင်နှင့် အကျရဲဘော် တင်အောင်တို့ဖြစ်ကြ၏။

သူတို့ကား ဟောင်ကွေ့တိုက်ပွဲ၊ ပါဟုတ်တိုက်ပွဲ၊ ဝမ်ဆော စမ်မိုင် ထိုးဖေါက်၊ ကျောကန့်လန့်တိုက်ပွဲ စသည့်တိုက်ပွဲများ၌ ကျွန်ုပ်နှင့် ရင်ဘောင်တန်း တိုက်ပွဲဝင်ခဲ့သူများဖြစ်၏။

ကျွန်ုပ်၏ တိုက်ပွဲကာလအတွင်း စွမ်းစွမ်းတမံ ဆောင်ရွက် ချက်များကို တွေ့မြင်ပြီး လေးစားချစ်ခင်နေသူများဖြစ်၏။

သူတို့သည် ကျွန်ုပ်သွားရာသို့ တကောက်ကောက် လိုက်နေ တတ်၏။ ကျွန်ုပ်ကလည်း သွားလေရာ သူတို့သုံးယောက်ကို ခေါ်သွား တတ်၏။

ဤသို့ဖြင့် မိုင်းယောင်းဒေသတွင် ၁၉၈၂ ခုနှစ် မိုးဦးကျစမှ



www.burmeseclassic.com

www.burmeseclassic.com



စတင်ရောက်ရှိခဲ့ရာ ယခုနှစ်ကုန်ပြီး ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလ ဆန်းစပြုပေပြီ။ စစ်မြေပြင်မှာ ကိုးလတာမျှကြာခဲ့ပြီ။ နောက်တစ်နှစ်လအကြာတွင်မှ တပ်ပြန်ဆင်းရတော့မည်ထင်၏။ မပြန်လို့လည်း မဖြစ်တော့။ ရေး ၃ တွေက ထပ်နေပြီ။ ဒီတပ်ကိုဒါ စစ်မြေမှာ ထားရန်မသင့်တော့ပါ။

**မမျှော်လင့်သောတွေ့ဆုံခြင်း**

မမျှော်လင့်သောနေ့တစ်နေ့။

သို့မဟုတ် ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီ၏ နှင်းတွေဝေသော ညတစ်ည။

ကျွန်ုပ်သည် တပ်ခွဲရုံးတွင် မိုင်းယောင်းစပါးအရက်ကလေး တစ်ငုံ နှစ်ငုံအား တစိမ့်စိမ့်သောက်ရင်း ရောက်တတ်ရာရာများ ဟိုတွေးဒီတွေး ဟိုငေးဒီငေး ငေးနေမိ၏။

''အင်း ... မပြန်ခင် ဘယ်နှစ်ပွဲများ Fight ခဲ့ရဦးမလဲ မသိဘူး။ ဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူးကလည်း အတော်မိုက် နိုင်တဲ့သူ။ တပ်ပြန်ဆင်းခါနီးတောင် အတင်းဖိခိုင်းသေး။ အခုလည်း ဘာများခိုင်းဦးမလဲ မသိ။ မနေ့တစ်နေ့ကမှ ဝမ်မိုင်ကျိုင်းကုန်း ဖေါက်ပြီး ပြန်လာတာမကြာသေးဘူး''

ကျွန်ုပ်က အထက်ပါအတိုင်း စဉ်းစားကောင်းနေသည်။

''ဗိုလ်မှူး ဒီနေ့ပွဲရှိတယ်။ ကျွန်တော်တို့ ပွဲခင်းဘက်လျှောက် ရအောင်''

တပည့်တွေက လာခေါ်သည်။ ဟုတ်၏။ မိုင်းယောင်းတွင်





လွှတ်လပ်ရေး အာဝါဒေးပွဲ ဆင်နွှဲကျင်းပနေ၏။

ဆရာရွှေအေးနဲ့ ဆရာစမ်းတင့်မောင်တို့က လာခေါ်ခြင်း ဖြစ်၏။ သူတို့နှစ်ဦးက ယူနီဖောင်းဝတ်ထားပြီး ကာဘိုင်ကိုယ်စီ လွယ်ထား၏။

ပွဲခင်းမှာ မိုင်းယောင်းမြို့လယ်လမ်းမကြီးနှင့် ဘော်လုံးကွင်း မှာဖြစ်၏။ ကျွန်ုပ်၏တပ်ခွဲက မိုင်းယောင်းချောင်းဟိုဘက်ကမ်းမှာ။ ပွဲခင်းနှင့်တော့ ကိုက် ၅၀၀၊ ၁၀၀၀ ခန့် ဝေးပေသည်။

သူတို့လာခေါ်၍ ထလိုက်ခဲ့၏။ ဂျင်းအကျီအပြာ၊ ရှမ်းဘောင်း ဘီစစ်စိမ်းရောင်နှင့် ပုခုံးတွင်မူ စစ်တဘက်တစ်ထည်တင်လာခဲ့၏။ မစ္စတိုလေးကိုတော့ လိုလိုမယ်မယ် ခါးတွင်ထိုးလာခဲ့မိ၏။

မိုင်းယောင်းချောင်းကူးတံတား ကျော်သည်နှင့် ပွဲခင်းကို တွေ့ရသည်။ ချမ်းအေးသော ဆောင်းတွင်းတွင် မိုင်းယောင်းသူ မိုင်းယောင်းသားများသည် လောင်းကစားပွဲများ အစုံခင်းကျင်းနေ သည့် ဘောလုံးကွင်း၌ ကြိတ်ကြိတ်တိုးနေကြ၏။ လမုန်းပွဲများက လည်းရပ်ကွက်လိုက် အပြိုင်အဆိုင်။ ရပ်ကွက်လိုက် ဟောင်ကျန့် လမုန်း၊ ဟောင်ကွေ့လမုန်း၊ မုန်းလိုက်လမုန်း၊ ရပ်ကွက်ခုနစ်လမုန်း အစုံပါပေ။ အားလုံး ပိုက်ဆံပေးပြီး ဝင်ကြရ၏။ ငွေပေးက မည်သူ မဆို ကချရပါသည်။

လမုန်းကသူက,က အံဂလုံထိုးသူကထိုး မုန့်စားသူက စား ဈေးဝယ်သူကဝယ်နှင့် ကြက်ပျံမကျ စည်ကားနေ၏။

''ဟော့ ... ရွှေအေးနဲ့ စမ်းတင့်မောင် ငါ ထမင်းမစား ရသေးဘူးကွ။ ရှမ်းခေါက်ဆွဲတစ်ပွဲလောက် ဝင်စားလိုက်ရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တယ်''

ကျွန်ုပ်သည် စကားဆုံးသည်နှင့် ခပ်လှမ်းလှမ်းမှ ဒေသခံများ ဝိုင်းအုံနေသည့် ရှမ်းခေါက်ဆွဲဆိုင်တစ်ဆိုင်သို့ ဖြန်းခနဲဝင်လိုက်၏။

''အွန် ... အင့်''

''အလိုလို ... ကန်တော့ဆရာ ကန်တော့ ... ကန်တော့''

ဆိုင်ထဲသို့ ရှေ့ကဝင်လိုက်သည့် ကျွန်ုပ်နှင့် ဆိုင်ထဲမှထွက်လာသည့် မိန်းမပျိုကလေးတို့ ရုတ်တရက် ရင်ချင်းအပ်ကာ တိုက်လိုက်မိ၏။ သူမက ရှက်ရွံ့အားနာစွာ ကျွန်ုပ်ကို တောင်းပန်လိုက်သည်။ အဝတ်အစားများမှာ တောက်တောက်ပြောင်ပြောင် မရှိလှ၊ ရှမ်းအင်္ကျီအစိမ်းရောင်လက်ရှည်နှင့် ရှမ်းထဘီအနီရောင် ခပ်နွမ်းနွမ်းတစ်ထည်ကို ဝတ်ထားရှာ၏။ သို့ရာတွင် အလွန်ရှည်လျားသော ဆံပင်၊ အချိုးအဆစ်ကျနု လှပသောကိုယ်လုံး၊ မြန်မာဆန်ဆန် မျက်လုံးများဖြင့် အသားက အညိုဘက်ခပ်လုလုမို့ ကျွန်ုပ်စိတ်ထဲတွင်ကား မြန်မာမလေးလားဟုပင် ထင်မိပါသည်။

''ဟော့ ... နည်းနည်းညို့တယ်ကွ''

''အဲဒါ တောင်ပေါ်ရှမ်းတွေလေ ဗိုလ်မှူးရဲ့''

''ဟေ ... ဟုတ်လား၊ ကောင်မလေးကတော့ ငါ့ကိုဝင်တိုက်ပြီး ကမူးရှူးထိုး ရှက်ကိုးရှက်ကန်းနဲ့ ထွက်သွားပြီ''

''သူ့ရှက်တာလေးက ချစ်စရာလေးနော် ... ဗိုလ်မှူး''

နောက်မှကပ်ပါလာသည့် အကူရဲဘော်တင်အောင်က ဝင်ပြောလိုက်၏။





''အေး ... မင်းတို့ပဲချစ်ကြပါကွာ၊ ငါတော့ မချစ်နိုင်းပါနဲ့''

သူမသည် အဖော်တိုင်းရင်းသူ အမျိုးသမီးကြီးနှစ်ဦးနှင့်အတူ ပွဲခင်းမှ လျင်မြန်စွာပျောက်ကွယ်သွားတော့၏။

ကျွန်ုပ်တို့သည် သူမ၏ ရှက်ကိုးရှက်ကန်း အမူအယာနှင့် ပွဲခင်းမှ ကမူးရှူးထိုး ထွက်ခွာသွားပုံကို ဝိုင်းကြည့်လိုက်ကြပြီး နှစ်မြိုက်စွာ ရယ်မောလိုက်ကြပါ၏။

''ဟား ... ဟား ... ဟား ...ဟား ...ဟား''

❖ ❖ ❖

ကိစ္စက ဒီလောက်နဲ့ မပြီးပါ။

နောက်နေ့၌ နမ့်မယောင်းချောင်းသို့ ရေသွားချိုး၏။ အကူရဲဘော်တင်အောင်နှင့် ခွဲရုံးရဲဘော် ၂ ဦး လိုက်ပါလာ၏။ တပ်ကြပ်စန်းတင့်မောင်လည်း ပါလာသည်။

ကျွန်ုပ်တို့ ရေချိုးဆိပ်အရောက် မနေ့ညက ပွဲခင်းတွင် တွေ့ခဲ့သည့် မိန်းကလေးနှင့် ရေချိုးဆိပ်တွင် သွားဆုံသည်။ ကျွန်ုပ်တို့ကအဆင်း သူတို့ကအတက်။ သူမနှင့် အတူမနေ့ကပါလာသည့် အမျိုးသမီးကြီးနှစ်ဦးအနက်မှ တစ်ဦးလိုက်ပါလာ၏။

''ဟာ ... ဗိုလ်မှူး မနေ့ညက ကောင်မလေး''

''အသာနေစမ်းပါကွာ''

မိမိကသာ အသာနေစမ်းပါဆိုသော်လည်း ဤကိစ္စမျိုးတွင် အလွန်လျှင်ပြီး နှုတ်သွက်လျှာသွက်ရှိသော တပ်သားတင်အောင်နှင့် စန်းတင့်မောင်တို့က စကားသွားပြောကြသည်။ သူတို့တစ်တွေ ပြုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက် ရယ်လိုက် ခေါင်းညိတ် ခေါင်းခါနှင့် ဘာတွေပြောနေကြ မှန်းတော့ မသိ။ ကလေးမလေးက နှုတ်ဆက်ကာ ပြန်သွားသည်။

ပြန်လာတော့ ရဲဘော်တင်အောင်က …

“ဗိုလ်မှူး … သူတို့အိမ်က ဒီနားတင်ဘဲ။ ညနေထမင်း လာစားပါတဲ့။ ကျွန်တော်တို့သွားစားရအောင်”

“မင်းတို့ဟာ မင်းတို့ သွားစားကြပါကွာ၊ ငါ့ကို ပြဿနာလာ မရှာပါနဲ့”

ပြဿနာမရှာနဲ့ဆိုသော်လည်း ထိုနေ့က တပည့်များအတင်း ခေါ်သဖြင့် အားနာပါးနာနှင့် လိုက်သွားမိပါသည်။

“အလိုလို … ဆရာပါ ပါလာတာကိုး ထိုင်ပါဆရာရယ်”

ကလေးမလေးက ပြောသည်။ တောင်ပေါ်တွင် တွေ့ရတတ်သည့် တိုင်းလွယ် ခေါ် တောင်ပေါ်ရှမ်းများ၏ သက်ကယ်မိုးထရံကာ အိမ်ကလေးမျှသာ ဖြစ်၏။ ဆင်းရဲနွမ်းပါးကြ၏။ ကျွန်ုပ်တို့ကို ထမင်း ခေါ်ကျွေးသော်လည်း ပန်းကန်ခွက်ယောက်ကောင်းကောင်းမရှိရှာပါ။

“သူ့နာမည်က မနန်းပန်တဲ့။ ဒီ အိမ်မကြီးက သူ့အမေ။ သူတို့ဇာတိက ကျိုင်းတုံဘက်က၊ ကဖအရှေ့ဘက် ဝမ်ခမ်းကြီးရွာက ဗကပတွေဝင်လာတော့ ကျိုင်းတုံဆင်းပြေးလာကြပြီး အရောင်းအဝယ် လေး လုပ်နေကြတယ်။ ရွာလုံးကျွတ်ပဲတဲ့။ အခု ကျွန်တော်တို့ ယာဉ် တန်းတွေနဲ့အကြုံရှိတိုင်း အတက်အဆင်း လိုက်လုပ်ပြီး ဈေးရောင်း နေကြတာလေ”

ဘယ်သူမှ မမေးရဘဲ တပ်သားတင်အောင်က သူသိသမျှ ပြောပြနေရာ ဘေးမှနားထောင်နေသည့် တင်ကြပ်ရွှေအေးက မြို့





ဖြင့် …

“မင်းက သူပုန်သတင်းကျတော့ မထောက်လှမ်းဘူး၊ ဒါမျိုး ကျတော့ တယ်သိ တယ်တတ်” ဟုဆိုပါတော့သည်။

ကျွန်ုပ်တို့အားလုံး ရယ်မောကြရပါသည်။

သူတို့တောင်ပေါ်ရှမ်းရိုးရာ ဟင်းများဖြင့် တည်ခင်းသည့် ထမင်းကို စားသုံးပြီး ကျေးဇူးစကားကို ဆိုလာပြန်ခဲ့ကြ၏။ ကျွန်ုပ်က ပြန်မလာမီ ခွဲခွာရုံးတွင် မိုင်းယောင်းစပါးလေး တစ်ခွက်နှစ်ခွက် မှိဝဲခဲ့၏။ ခပ်ရိဝေဝေနှင့် လာခဲ့ခြင်းပင်။ ခပ်ရိဝေဝေမို့ သူတို့ရိုးရာဟင်းများကို ကောင်းကောင်း မတွေ့ခဲ့၏။

အပြန်လမ်း၌ ကျွန်ုပ်က …

“ကဲ … ဆရာရွှေအေးနဲ့ တင်အောင်ရေ တော်တော် ဆင်းရဲကြရှာတာပဲ။ ဒို့ ဒီမှာနေတုန်းတော့ ရိက္ခာလေး ဘာလေး ထောက်ပံ့ပါကွာ။ အဘွားကြီးကလည်း မုဆိုးမ၊ သားကိုရင်ကလေးနဲ့ သက်ကလည်း ခြောက်ဆယ်ကျော်ဆိုတော့ အိုမင်းမစွမ်းဖြစ်နေပြီး သူတို့ကြည့်ရတာ သနားစရာပါကွာ”

ဟု ပြောမိ၏။

တစ်ပတ်တစ်ခါလောက် နို့ဆီ၊ သကြားအပါအဝင် ရိက္ခာ ခြောက်များ ထောက်ပံ့ဖြစ်သည်။

တစ်လအတွင်း ထမင်းလည်း နှစ်ခါ သုံးခါသွားစားဖြစ်၏။ ကျွန်ုပ် ယမကာကြိုက်တတ်မှန်းသိ၍ မနန်းပန်က ရက်ရှည်အားနာသည့် ပုံဖြင့် မိုင်းယောင်းစပါးဖြင့် မဝံ့မရဲ ညှော်ခံရှာ၏။

ထမင်းစားသွားသည့်အခါ နောက်ပိုင်းနှင့် ကျွန်ုပ်နှင့် တင်



www.burmeseclassic.com

www.burmeseclassic.com



အောင် နှစ်ယောက်သာသွားဖြစ်တော့၏။ ဆရာရွှေအေးနှင့် ဆရာ စန်းတင့်မောင်တို့ နှစ်ဦးက တပ်ရင်းကွန်မန်ဒိုတပ်စုတွင် သွားတာဝန် ထမ်းဆောင်နေကြ၍ ကျွန်ုပ်နှင့် အမြဲတမ်းမလိုက်နိုင်ကြတော့ပါ။

**အချစ်နယ်တွင်းသို့ သက်ဆင်းမိပြီ**

ကျွန်ုပ်၏တပ်ခွဲသည် မိုင်းယောင်းမြို့တွင်းမှာမနေရပါ မိုင်းယောင်းချောင်း၏အနောက်ဘက်ကမ်း မြို့အဝင်တွင် နေရ၏။ မြို့အဝင်သည်ကား တောင်ပေါ်စစ်ပြေးများနေကြသည့် ရပ်ကွက် ကလေးဖြစ်၏။ တဲအိမ်စုလေးဖြစ်သည်။ မနန်းပန် တည်းခိုနေ သည့်အိမ်မှာ ကျွန်ုပ်ခွဲရုံးနှင့် မဝေးလှသဖို့ ကျွန်ုပ်သည် ယမကာ လေးမှီဝဲပြီး ရီဝေဝေဖြစ်လာသည်နှင့် မနန်းပန်တို့အိမ်သို့ ပုံမှန်သွား လည်ဖြစ်၏။ ညပိုင်းတွင် ဖြစ်သည်။ အကူရဲဘော်တင်အောင်က ကာဘိုင်တစ်လက်ဖြင့် အမြဲတမ်းလိုက်လာလေ့ရှိ၏။

ဤနေရာတွင် မနန်းပန်၏အလှကို အနည်းငယ်ပြောချင်၏။

မနန်းပန်သည် ကျွန်ုပ်တို့ အညာဒေသက မိန်းကလေးများ နှင့်အတော်တူ၏။ ကိုယ်လုံးကိုယ်ပေါက်က အချိုးအဆက်ကျနသည်။ ပခုံးကျယ်ကျယ် ရင်ဖွံ့ဖွံ့နှင့် ကားသောတင်၊ ကျင်သောခါးနှင့် နပ်ပြ သော အလှရှိ၏။ မျက်လုံးမျက်ခုံးများလည်းကောင်း၏။ ဆံပင်ရှည် ကြီးများက ခါးလည်ကျော်သည်။ သန့်စွမ်းပြီး နက်မှောင်လှ၏။ မျက်နှာမှာ **Oval Shape** နှုတ်ခမ်းများက လုံးဝန်းလှ၏။ သူပြော စကားအရ အသက်ကလည်း ရှိလှမှ ၂၀ သာသာဖြစ်မည်။

ကျွန်ုပ်သည် ညတိုင်းလိုလို သွားလည်ရာ၌ သူမအား ရှမ်း





စကားသင်နိုင်းသည်။ သူမကလည်း ကျွန်ုပ်နှင့် ရောက်တတ်ရာရာ ပြောနေသည်ကို သဘောကျနေ၏။ ပြုံးပြုံး ပြုံးပြုံးဖြင့် စိတ်ဆိုးစိတ် ကောက်သည် ဟူ၍မရှိ။ စရင် နောက်ရင်လည်း ခံပေသည်။

"ဆရာက ကျွန်မအစ်ကိုနဲ့ တော်တော်တူတယ်"

"ဪ .. အခု အဲဒီအစ်ကိုရော"

"ဗကပတွေသတ်လို့ သေသွားပြီ၊ ဟိုတုန်းက သူက ပြည်သူ့စစ်ခေါင်းဆောင်လေ"

"ဪ"

"အစ်ကိုက အဲဒီတစ်ယောက်ဘဲရှိတာ၊ မောင်နှမသုံး ယောက်၊ အဖေနဲ့နေတာ၊ အမေကဆုံးတာ ကြာပြီ။ ညီမလေးက မွေးပြီးသိပ်မကြာဘူး ဆုံးတာ"

"ဪ "

"အစ်ကိုမရှိတော့ ကျွန်မကပဲ ရှာဖွေကျွေးနေရတာပဲ။ အဖေ့ပေါ့က သိပ်မကျန်းမာဘူး၊ လေဖြတ်ချင်သလိုလိုဖြစ်နေလို့"

"ဪ"

တစ်ညတွင် ကျွန်ုပ်နှင့် မနန်းပန်သည် အိမ်အပေါ်ထပ် ကွပ်ပျစ်ဘေးတွင် စကားပြောနေစဉ် ကျွန်ုပ် ရုတ်ခြည်းအဖျားတက်လာ၏။ ငှက်ဖျားသို့ဥတုက အလွန်အေးမြရသည့်အထဲ အဖျားပါတက်လာ၍ ကျွန်ုပ် မှာ တဟီးဟီးနှင့် ခိုက်ခိုက်တုန်နေ၏။

မနန်းပန်က ကမန်းကတမ်း ရှမ်းဆေးတစ်ခွက်ကို ရေနွေးနှင့်တိုက်ကျွေးသောက်နိုင်းသည်။

"အိပ် ... ဆရာ ... အိပ် ... အိပ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား အတင်းအိပ်ခိုင်းလိုက်ပြီး စောင်ပါခြုံပေး၏။ ကျွန်ုပ်မှာ မကြာသေးမီက မိုင်းယောင်းငှက်ဖျားကြောင့် ဖျားဟာသေး တက်ထားရသည်။ ရက်ပေါင်း ၂၀ ခန့်ကြာ၏။ ဆေးမှူး ဒေါက်တာ လှမြင့် အကုအသကောင်း၍သာ အသက်ချမ်းသာရာရခဲ့၏။ ကျွန်ုပ်၏ အတူဆေးရုံတက်ရသည့် စစ်သည်နှစ်ဦး၊ သုံးဦးမှာ ဦးနှောက် ငှက်ဖျားပိုးဝင်ပြီး ကွယ်လွန်ခဲ့ကြရာ၏။

စောင်တွေခြုံထားသော်လည်း အချမ်းကမပြေ။ တပါးပါး ဖြစ်နေဆဲ။

''အောက်မှာ ရဲဘော်တင်အောင်ပါလာတယ်။ ခေါ်ပြီး ကိုယ့် ကို အပေါ်ကဖိထားပေးစမ်းပါ''

''ရပါတယ်။ ကျွန်မဖိထားပေးပါ့မယ်''

မနန်းပန်က ကျွန်ုပ်ကိုယ်ပေါ်တက်ဖိထားပေး၏။ သူဖိပေး လားတော့မသိ အချမ်းနည်းနည်းပြေသလို ဖြစ်သွား၏။

အပေါ်မှနေဖက်ပြီးဖိထားသဖြင့် နှစ်ယောက်သား ပါးချင်း အပ်နေသည်။ သူဖိပေးနေစဉ်မှာပင် အဖျားပြန်ကျသွားပြီး ကျွန်ုပ် သည် မနန်းပန်၏ကိုယ်ငွေ့ကြောင့် တဖြည်းဖြည်းအိပ်ပျော်ခြင်းသို့ ရောက်သွားတော့၏။

ဖြုန်းဆို အိပ်ယာကနိုးလာသည်။ မနက်လေးနာရီကျော်ပြီ မနန်းပန်က ကျွန်ုပ်ဘေးတွင် ခွေခွေလေး အိပ်ပျော်နေ၏။

ကျွန်ုပ်သည် အခြေအနေကိုသုံးသပ်ကာ အိပ်ယာမှထပြီး အိမ်အောက်ဆင်း၍ လှေကားထစ်တွင် အိပ်ပျော်နေသည့် တပ်သား တင်အောင်အားနှိုးကာ ခွဲရုံးသို့ အမြန်ပြန်ခဲ့တော့၏။





ထိုညက ကျွန်ုပ်သည် မနန်းပန်နှင့် အချစ်နယ်တွင်းသို့ မျော်လင့်ဘဲ သက်ဆင်းမိခဲ့ပါသည် ခင်ဗျား။

## ...ဘ်အမှန်ကိုသူသိလေပြီ

မတ်လဆန်းတွင် ဟောင်ကွေ၌ အခြေပြု၍ ဟောင်ကွေ့ ...တ်ရိကွာပို့ရ၏။ ရိကွာပို့ပြီးက ကျွန်ုပ်တို့တပ်ရင်း ဌာနချုပ်ရှိရာ ...ကွေးသို့ ပြန်ရတော့မည်။ ရိကွာပို့စဉ် တိုက်ပွဲလည်းဖြစ်သေး၏။ ...ာပို့ကိစ္စပြီးတော့ မိုင်းယောင်းခဏပြန်ဝင်ရသည်။ မနန်းပန်ကို ...က်သည့်ညတွင် အပြေးအလွှား သွားတွေ့ရ၏။

သင်လက်စ ရှမ်းစကားဆက်သင်ဖြစ်သည်။

| | |
|---|---|
| ဟတ်ဟား | ချစ်လား |
| ဟတ်တဲ့တဲ့ဟား | တကယ်ချစ်တာလား |
| ဟတ်တဲ့တဲ့လော့ | တကယ်ချစ်တာပေါ့ |
| ကူဝမ်းကူဝမ်းနဲ့ | ဟောင်းစတီခေါင် |

နေ့တိုင်းနေ့တိုင်း မင်းကိုငါသိပ်သတိရတာဘဲ။

စသည်တို့ ဖြစ်၏

ရှမ်းစကားသင်နေစဉ် မနန်းပန်အား ဖက်ထားမိ၏။ သူ့ ...ပြင်မို့မို့အား အသာအယာနမ်းမိ၏။ နဖူးကဆံစများကို အသာ ...ယာသပ်တင်ပေးမိ၏။ ဒီလို ကယုကယင် ချစ်တို့တင်တာကို ...မှာက ကျေနပ်နေသည်။

''ဆရာ''

''ပြောပါ ... မနန်းပန်''



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ ပြန်ကြတော့မယ်ဆို"

"မပြန်သေးပါဘူး။ နေရဦးမှာပါ"

"ကျွန်မ ... ဆရာ့ကိုလွမ်းနေမှာ"

"အေးပါကွာ။ ကိုယ်လည်း မင်းကို အမြဲလွမ်းနေမှာပါ"

"ကျိုင်းတုံ ဘယ်နားမှာနေလဲ"

"လေယာဉ်ကွင်းနားမှာ"

"ကျိုင်းတုံရောက်ရင် လာခဲ့မယ်ကွာ"

"လာပါ ... ဆရာရယ်၊ စောင့်နေမှာပေါ့"

ထိုညက မိုးလင်းထိမနေဘဲ စစ်ရေးကိစ္စအရေးကြီး[illegible] ညသန်းခေါင်ကျော်တွင် သူမအိမ်ကလေးမှ ထပြန်ခဲ့၏။

နောက်နေ့တွင် ကျိုင်းတုံ မိုင်းယောင်း ယာဉ်တန်းပြေး[illegible] အတွက် လမ်းလုံခြုံရေးယူရန်နှင့် စစ်ကြောင်း (၂)မှူး တာဝန်[illegible] ယူရန် ညွှန်ကြားချက်ရသဖြင့် မိုင်းယောင်းမှ ပြန်ထွက်ခဲ့ရ[illegible] မနန်းပန်ကိုပင် နှုတ်ဆက်ချိန်မရခဲ့။

"ဗိုလ်မှူး သက်ဦးရေ၊ မိုင်းယောင်းက ကားတွေ [illegible] လွှတ်ဖို့ရှိတယ်။ ဗျူဟာက အရေးတကြီး ပြန်လွှတ်ခိုင်းလို့။ ခင်ဗျား ဟောင်ကွေ့ရောက်ရင် လုံခြုံရေးတော့ အသေအချာလုပ်ဗျာ၊ ခင်ဗျား စစ်ကြောင်းတာဝန်က ဟောင်ကွေ့နဲ့ တာမကြားထဲပဲ"

တပ်ရင်းမှူးကြီးက မှာသည်။

"စိတ်ချပါ ခင်ဗျာ" ဟု ပြောခဲ့ရ၏။

ကျွန်ုပ်သည် စစ်ကြောင်းဌာနချုပ်အား မိုင်းဟန် မိုင်းဟော[illegible] အခြေပြုရန် အပြင်းချီတက်ခဲ့၏။ ကျွန်ုပ်၏တပ်ခွဲနှင့် ဖြစ်သည်[illegible]





[illegible]တွင် ဗိုလ်ကြီးဌေးလွင်တပ်ခွဲက ကြိုသွားနှင့်သည်မှာ ရက်သတ္တ[illegible]ပင် ရှိနေပြီ။

ကျွန်ုပ်တို့ မိုင်းယောင်းမှ ချီတက်စဉ်မှာပင် ဟောင်ကွေ့[illegible]ရောက်၌ ဗိုလ်ကြီးဌေးလွင်တပ်ခွဲနှင့် ဗကပ အင်အားစုအချို့တိုက်ပွဲ[illegible] အပြေးအလွှား ချီတက်သွားရ၏။ ဟောင်ကွေ့ရောက်တော့ [illegible]ကြီးဌေးလွင်တပ်ခွဲအား မိုင်းဟန် မိုင်းဟောမှသည် တာမအထိ [illegible]က်ရှင်းခိုင်းရ၏။ သူ့တပ်ခွဲ တာမ မရောက်မချင်း မိုင်းယောင်းက [illegible]တွေ ထွက်၍မရသေးပါချေ။ All Clear ပေးမှထွက်ရပါမည်။

ထိုနေ့က All Clear တော်တော်နဲ့ မပေးနိုင်ပါ။ ကျွန်ုပ်သည် [illegible]ောင်ကွေ့တွင် စစ်ကြောင်းကို ကွက်ကဲလျက် အလုပ်များနေ၏။ [illegible]ာကလည်း ကျွန်ုပ်ကို ရန်သူ့အခြေအနေ တိုက်ပွဲအခြေအနေ [illegible]က်ရိုက်မေးနေသဖြင့် ၉၀၆ စက်တစ်လုံးဖြင့် မေးသမျှ ဖြေနေရ[illegible]သည်။

ကျွန်ုပ်သည် မိုင်းယောင်းက ထွက်လာကတည်းက တပည့်[illegible]ထားသည့်ကြားမှ ရွှေရောင် အဝါပွင့် တပ်လာခဲ့၏။ မေရျာ[illegible]နဲ့ ဗိုလ်မှူးငယ်ငယ်လေးပေါ့လေ။

"စစ်ကြောင်းမှူး လမ်းကြောင်းအမြန်ရှင်းပေးပါ။ ဒီက ကား[illegible]အမြန်လွှတ်ခိုင်းနေပြီ"

ဗျူဟာဂျီတူး ဗိုလ်မှူးကျော်ဒွန်းက စက်ပေါ်တက်ပြော၏။

"ဟုတ်ကဲ့၊ နောင်ထပ် တစ်နာရီလောက်ဆို ဒီကလွှတ်တဲ့[illegible]ရေးတပ်ခွဲ တာမရောက်ပါပြီ ခင်ဗျာ။ အခု မိုင်ဟန် မိုင်းဟော [illegible]ကျော်သွားပါပြီ။ မိုင်းလည်း ရှင်းနေလို့ နည်းနည်းကြာနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ . . . ကောင်းပြီ **All Clear** ဆိုရင်ပြော
ကားတွေက ဒီည ကျိုင်းတုံအရောက်ပြန်ရမှာ။ မိုင်းဖြတ် ကျိုင်း
ကြားထဲလည်း လုံခြုံရေးအပြည့်ပါပဲ။ ဟိုဘက်က **All Clear**
နေပြီ"

"ကောင်းပါပြီ ခင်ဗျာ၊ နောက်တစ်နာရီဆို **All Clear**
ပါခင်ဗျ။ **Convoy** ထွက်မယ်ဆိုရင် ထွက်လို့ရပါပြီ"

ကျွန်ုပ် ၉၀၆ စက်ဖြင့် အလုပ်ရှုပ်နေစဉ် ခွဲရုံးမှ
**C.Q** ဆရာကြီးသိန်းအောင် ရောက်လာ၏။

"ဗိုလ်မှူး၊ ကျိုင်းတုံက အထမ်းသမားဈေးသည်
လူ ၅၀ လောက်ရှိတယ်။ အဲဒါ ဟောင်ကွေ့ကို ဖြတ်သွားချင်လို့
ခင်ဗျ။ သွားခွင့် လာတောင်းနေတယ်"

"အေးဗျာ . . . ကိုဌေးလွင်တို့ တာမရောက်ရင်
လိုက်ပါ။ ခင်ဗျား လွှတ်ချင်လည်းလွှတ်ဗျာ။ ဒါမှမဟုတ်
လူတွေခေါ်ခဲ့ဗျာ။ ကျွန်တော်ပြောလိုက်ပါ့မယ်"

ကျိုင်းတုံမှ အထမ်းသမားဈေးသည်အုပ်စုမှာ ကျား
လူ ၅၀ ကျော်ခန့်ရှိ၏။ ကားတန်းအကြုံစောင့်ရာ တိုက်ပွဲကြောင့်
ကားတွေမထွက်၍ သူတို့ခြေလျင်ချီတက်လာကြခြင်းပါပေ။

ကျွန်ုပ်သည် ဗျူဟာကိုတင်ပြ၍ လူအုပ်ကိုသွားခွင့်
လိုက်၏။ လူအုပ်နှင့် ကျွန်ုပ်တွေ့ကြသည်တွင် . . .

အလိုလို . . . မနန်းပန်ပါလား။ လူအုပ်ရှေ့ဆုံးမှပါလာ
သနပ်ခါးကွက်ကြားအကျီအဝါလေးနှင့်။ သူမက ကျွန်ုပ်အား
အံ့ဩစွာနှင့် စူးစူးစိုက်စိုက် ကြည့်နေ၏။ ကျွန်ုပ်ဘေးတွင်လည်း





လက်နက်အပြည့်အစုံနှင့် စစ်သည် လေး ငါး ဆယ်ဦးက လုံခြုံရေး
စောင့်အကြပ် လိုက်ပါလာကြ၏။

ပြီးတော့ ဗျူဟာသို့စက်ဖြင့် ကျွန်ုပ်ကိုယ်တိုင် သတင်းပို့နေ
သည်ကို သူမ မျက်ဝါးထင်ထင်မြင်နေသည်။

မနန်းပန်နှင့် ကျွန်ုပ်ရင်းနှီးခဲ့သည်မှာ နှစ်လကျော် သုံးလ
သို့ပင်ရောက်နေပြီ။ သူမက ကျွန်ုပ်ကို ဘာရာထူးမှန်း မသိရှာပါ။
ကြောင့် ဆရာ . . . ဆရာဟုသာ ခေါ်၏။ တပ်မတော်ဖွဲ့စည်းပုံကို
လည်း သူမ မသိပါ။ ကျွန်ုပ်ကလည်း အကြောင်းအမျိုးမျိုးဖြင့်
သူမကို ကျွန်ုပ်ဘာရာထူး ဘာအဆင့်အတန်းဆိုတာ တစ်ခါမှ
မပြောခဲ့ပါ။

ယခုတွင်တော့ ကျွန်ုပ်အား မေဂျာအပွင့်ဝါဝါနှင့် တပည့်
လက်သားများနှင့် **Column Commander** ဆိုတာ သူမ မျက်ဝါး
ထင်ထင်မြင်သွားခဲ့လေပြီ။

မထူးတော့ပြီမို့ စကားပြောရတော့၏။

"ဘယ်လိုလဲ မနန်းပန်၊ ကားတွေမစောင့်ဘဲ သွားတော့မှာ
လား"

"ဩ" (ဩ=ဟုတ်ကဲ့)

သူမက အံ့ဩသည့်မျက်နှာ စိတ်ရှုပ်ထွေးပြီး နားမလည်နိုင်
သည့်မျက်နှာလေးဖြင့် ဟုတ်ကဲ့ဟု ဆိုလေသည်။

လူအုပ်ကြီးက ဟောင်ကွေမှ ဆက်ထွက်သွားသည်။
မနန်းပန်က အဖော်မိန်းကလေးတစ်ဦးနှင့် ကျွန်ုပ်နားတွင် ရပ်ပြီး
ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



''မနန်းပန် သွားတော့လေ။ ကျိုင်းတုံရောက်ရင် တွေ့ကြ တာပေါ့''

ကျွန်ုပ်က သူမအား သွားရန်တိုက်တွန်းလိုက်၏။ ထိုအခါ သူမက ...

''ဗိုလ်မှူး မကောင်းဘူး။ ကျွန်မကို လိမ်တယ်''

ဟု တိုးတိတ်ညင်သာစွာပြောပြီး ဟောင်ကွေ့မှ ပြည်းညှင်း စွာထွက်ခွာသွားတော့၏။

ဩော် ... မနန်းပန်ရယ်။

**ကျိုင်းတုံမှာပြန်ဆုံကြရာဝယ်**

မတ်လမကုန်မီမှာပင် တပ်ရင်းတစ်ရင်းလုံးပြန်ခွင့်ရ၏။

ကျွန်ုပ်တို့တပ်ပြန်ဆင်းခါနီး တစ်ရက်တွင် တပ်ကြပ်မှူး အေးက လာသတင်းပေး၏။

''ဗိုလ်မှူး လွယ်မလေး မနက်ကဈေးထဲမှာ တွေ့ခဲ့တယ်''

''ဟေ ...''

''ပိုပြီးလှလာတယ်ဗျာ''

''ဟေ ...''

''ဗိုလ်မှူးလည်း မေးတယ်''

''ဩော် ... အေး''

''သွားတွေ့လိုက်ပါဦး ဗိုလ်မှူးရယ်''

''ဩော် ... အေး အေး''

ထိုညက မနန်းပန်ကို သွားတွေ့ဖြစ်သည်။ ဒီနေ့အခါတိုင်း





ကက် နည်းနည်းပိုမူးဖြစ်၏။ ပိုမူးအောင် သောက်လိုက်မိသည်။

မနန်းပန်နဲ့တွေ့တော့ အရင်ကလို ဖော်ဖော်ရွေရွေ ဟက် ဟက်ပက်ပက် မရှိတော့။

''ကိုယ့်ကို စိတ်ဆိုးနေတာလား''

သူမ ခေါင်းယမ်းပြသည်။ စကားလည်းမပြော။

ကျွန်ုပ်က သူမအတွက် ထိုးလာသည့်ခွေယ်တာ အင်္ကျီအနက် တစ်ထည်နှင့် သိုးမွေးအနက် ပုဝါတစ်ထည်ကို အမှတ်တရ လက်ဆောင်ပေးမိ၏။ သူမက အင်တင်တင် လုပ်နေ၏။

''ယူပါ ... မနန်းပန် အမှတ်တရပေါ့''

ယူအောင် အတင်းပေးရသည်။

မနက်တွင် ခရီးစောစာထွက်ရမည်။ လမ်းကြောင်းလုံခြုံရေး အတွက် မိုင်းဟန် မိုင်းဟော ချီတက်ရမည်။ ထို့ကြောင့် သူမနှင့် စကားကြာကြာ မပြောနိုင်ခဲ့။ ပြန်ခါနီး၌ ပါးကလေး ခပ်ဖွဖွနမ်းပြီး ပြန်ခဲ့၏။

''အပြန် ... ကိုယ်နဲ့လိုက်ခဲ့။ ကိုယ်တို့ကြိုသွားရမယ်၊ လမ်းကစောင့်နေမယ်''

''ဩ''

နောက်တစ်နေ့တွင် မိုင်းယန်မိုင်းဟောသို့ နှစ်ခွဲတစ် ကြောင်းနှင့် ထွက်ခဲ့၏။ နှစ်ညအိပ်ပြီးနောက် တပ်ရင်းတစ်ရင်းလုံး ပြန်ဆင်းကြသည်။ ကျွန်ုပ်နှင့် စစ်ကြောင်း(၂)က မိုင်းဟောင်း တာမ ပိုင်းဖြတ်ကြား လုံခြုံရေးယူထား၏။

ထိုနေ့က မနက် ၁၀း၀၀ နာရီမှစပြီး ကားတွေ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောင်းရှုံးဖြတ်ကြ၏။ ကားအစီး ရာကျော်၏။ မိုင်းယောင်း… မိုင်းယောင်းသားများ၊ အစိုးရဝန်ထမ်းများ ဆေးရုံတက်စစ်သည် အိမ်ထောင်သည်များ လိုက်ပါလာကြ၏။ ကျိုင်းတုံမှ အရောင်း အဝယ်သမားများလည်း ပြန်ပါလာကြ၏။

မနန်းပန်ကို ရှာမိ၏။ မတွေ့ပါခင်ဗျာ။

ညနေ ၄ နာရီထိုးမှ ကျွန်ုပ်လည်း အခြေပြုက ထွက်ခွာနိုင်၏။

''ဗိုလ်မှူးသက်ဦးရေ နောက်ကထိန်းပြီး လိုက်ခဲ့ဗျာ။ အားလုံးပါအောင်ခေါ်ခဲ့၊ မိုင်းဖြတ်ရောက်ရင် တာချီလိတ်ကကားတွေ လာပေါင်းမယ်။ RTC ကားပြာတွေ၊ အဲဒါတွေပါ ခေါ်လာခဲ့ဗျာ''

တပ်ရင်းမှူးကြီးက မှာလေသည်။

''ဟုတ်ကဲ့ပါ ... ခင်ဗျ''

စိတ်မောမောနှင့် ညရှစ်နာရီထိုးမှ မိုင်းဖြတ်ရောက်တော့၏။ စိတ်ပျက်လက်ပျက်ဖြင့် ခွဲရုံးတွင် **Army Rum** နှင့် **Clauster Beer** ရောပြီး ထိုင်သောက်နေ၏။ တာချီလိတ်က **RTC** ကားပြာတွေ မစုံသေး၍ ဖြစ်သည်။ သူတို့လည်း ကားအစီးတစ်ရာနီးပါးရှိသတဲ့။

ယမကာသောက်ကောင်းနေစဉ် ဆရာရွှေအေး ပေါက်ချ လာ၏။

''ဗိုလ်မှူး''

''ဟေ ...''

''ကောင်မလေး ရှေ့ကကားတွေမှာပါသွားပြီ''

''ဟေ ... မင်းဘယ်လိုသိလဲ''





''ကျွန်တော် တွေ့လိုက်တာ''

ဩော် ... မနန်းပန်က ကိုယ့်ကို မတွေ့ချင်တော့ဘူးထင်ရဲ့၊ …းနှင့်ပြီပဲ ရှိပါစေတော့။

❖ ❖ ❖

ကျိုင်းတုံကို မနက် သုံးနာရီထိုးမှရောက်၏။

တပ်ရင်းမှူးကြီးက ခါတ်မီးတဝင်းဝင်းဖြင့် ပန်ဟုန်း …နာင်နွမ်းက စောင့်နေ၏။

''ကားတွေစုံပါတယ်ခင်ဗျ တပ်ရင်းမှူးကြီး''

''အေးဗျာ၊ ကျွန်တော်က ခင်ဗျားစိတ်ပူလို့ မအိပ်နိုင်ဘူးဗျာ။ …ဲ ... ကဲ နားဗျာ။ ခင်ဗျားလည်း ပင်ပန်းနေပြီ။ ကျွန်တော်တို့က …ညနေကတည်းက ရောက်နေတာဗျာ''

''ဟုတ်ကဲ့ ခင်ဗျ''

ဟုတ်ကဲ့ဟုသာ ပြောရသော်လည်း ကျွန်ုပ်မှာ မအိပ်နိုင်ပါ …ဗျ။ တပ်ခွဲကိုနေရာချပြီး လေယာဉ်ကွင်းသွားသည့် **RTC** ကားပြာ …တစ်စီးနှင့် လိုက်ပါခဲ့၏။ မနန်းပန်တို့ရွာကလေးသို့ ခြေလျင်ဆက် …ထွက်ခဲ့၏။ အိမ်ကလေး ဆယ့်လေးငါးလုံးသာရှိပါသည်။ သူမ …ပြောထားသည့် ရွာလယ်က သက်ကယ်မိုးအိမ်ကလေးသို့ ရောက် …သွားသည်။ မနက်လေးနာရီနီးပါး အချိန်။

''ဟေ့ ... မနန်းပန်၊ ဟေ့ ... မနန်းပန်''

ကျွန်ုပ်က ကျယ်လောင်စွာအော်ဟစ်၍ အိမ်တံခါးကို …ဆောင့်တွန်းလိုက်၏။ ခြေဖြင့် လေးငါးချက်ကန်လိုက်၏။ မူး…လည်း



www.burmeseclassic.com

www.burmeseclassic.com



မှူးနေတာကို။

မီးခွက်ကလေးတစ်လုံးနှင့် မနန်းပန် ထွက်လာရှာ၏။

''ဟယ် ... ဗိုလ်မှူး''

''ဟယ် ... ဗိုလ်မှူး လုပ်မနေနဲ့။ မင်းကွာ ကိုယ့်တော
မစောင့်ဘူး ပြန်နှင့်တယ်''

သူမက ဘာမှမပြော။ တုံဏှိဘာဝေလုပ်နေ၏။

''ယူနီဖောင်းတောင် မလဲခဲ့နိုင်ဘူး။ မောတယ်ကွာ အိပ်ချ
ပြီ အိပ်မယ်''

ကျွန်ုပ်နှင့် သူ့သမီး အချီအချပြောနေသည်ကို သူ့အဖေ
ကြီးက ထွက်ကြည့်နေ၏။ အသက် ၆၀ ကျော်ခန့်တော့ရှိမည်ထင်၏။
ဗမာစကားကလည်း မတတ်ရှာပါ။ ဆယ်သုံးလေးနှစ်အရွယ် သူ့
ညီမလေးလည်း ရှိသည်။

မနန်းပန်က မီးဖိုဘေးတွင် အိပ်ယာခင်းပေးရာ လှဲလိုက်
သည်နှင့် အိပ်ပျော်သွားတော့၏။ အီကွတ်မင့်ပင် မချွတ်နိုင်ခဲ့။

မြုန်းဆို အိပ်ယာကနိုးလာ၏။

မနက် ငါးနာရီကျော်ပြီ။ စစ်သားဆိုတော့ ဘယ်လောက်
အိပ်ရေးပျက်ပျက် မနက်ငါးနာရီဆို နိုးနေကြလေ။

''အီးပေါ့၊ မနန်းပန် ကွာတီနိုင်''

''အဖေ ... မနန်းပန် ဘယ်သွားလဲ''

မီးဖိုဘေးတွင် ထိုင်နေသည့် မနန်းပန်အဖေကြီးအား မေး
မိ၏။

''ကွာကတ်''





''ဈေးသွားတယ်''

''ဟောင်းမ်တေ ကွာကတ်နော်''

''ကျွန်တော်လည်း ဈေးသွားမယ်နော်''

ကျွန်ုပ်သည် ပြောပြောဆိုဆို ထိုအိမ်လေးမှ လျှင်မြန်စွာ
ထွက်ခဲ့၏။ ဓမ္မာဒယအလွန် တရုတ်ရပ်ကွက်အဖြတ်တွင်ကား
ဘယ်က ဘယ်ကပေါ်လာမှန်းမသိသည့် ခွေးလေးငါးဆယ်ကောင်က
ကျွန်ုပ်အား ဝိုင်းဝန်းဟောင်ကြ၏။ ကိုက်မည် ခဲမည် တကဲကဲလုပ်
ကြ၏။ ဟ ... ဒုက္ခပဲ။ အရေးထဲမှာ ခွေးအုပ်နဲ့ လာတိုးနေတယ်။

ကျွန်ုပ်သည် စိတ်ပေါက်ပေါက်နှင့် ခါးမှ ပစ္စတိုကို ဆွဲထုတ်
မောင်းတင်လိုက်၏။ ကျွန်ုပ်သေနတ် မောင်းတင်လိုက်ခါမှ ညာ
ဘက်ခြံကျယ်ကြီးထဲမှ အင်းခွေးအနက်ကြီးတစ်ကောင်က ပြေးထွက်
လာပြီး ဘာမပြောညာမပြောနှင့် ကျွန်ုပ်အား ဖြုန်းဆိုခုန်အုပ်တော့၏။

သက်ဦးပဲ ဒါမျိုးဘာရမှာလဲ။

ကျွန်ုပ်သည် ခွေးကြီးလေထဲတွင် ရှိနေစဉ်မှာပင် ပစ္စတိုကို
နှစ်ချက်ဆင့် မောင်းဖြုတ်လိုက်၏။

''ဒိုင်း ... ဒိုင်း''

ခွေးကြီးသည် လမ်းခုလတ်မှာပင် ဒလိမ့်ခေါက်ကွေးနှင့်
ကျသွားပြီးလိမ့်ထွက်သွား၏။ သွေးများက ၎င်းကိုယ်မှ ဒလဟော
ပန်းထွက်တော့၏။ ကျွန်ုပ်၏ဒေါသအားလုံး ခွေးကြီးပေါ် ကျရောက်
သွားသည် ထင်၏။ ခွေးကြီးက တအိုင်အိုင်နှင့် အပြင်းအထန် အော်
နေ၏။ ခွေးအော်သံနှင့် သေနတ်သံကြောင့် ကျန်ခွေးများ တဂိန်ဂိန်
ဖက်ကာ ပြေးထွက်သွားကြ၏။ ခွေးအုပ်က အခြေအနေကို နားလည်



www.burmeseclassic.com

www.burmeseclassic.com



ပုံရသည်။

ထိုစဉ် ထိုခြံကြီးထဲမှ ဗလကောင်းကောင်း ဘောင်းဘီတိုနှင့် တရုတ်လူရွယ်တစ်ယောက် စွပ်ကျယ်လက်ပြတ်နှင့် ပြေးထွက်လာသည်။ သူ့မျက်နှာကား အလွန်တစ်ရာ စိတ်ဆိုးနေပုံရ၏။ သူသာ မဟုတ်ပါ။ ကျွန်ုပ်လည်း အလွန်စိတ်ဆိုးနေပါသည်။ အရေးကော ဒိန်းဒေါင်းဖျက်ပေသကိုး။

ထိုတရုတ်ကိုတွေ့သောအခါ ကျွန်ုပ်၏ဒေါသသည် အဆုံးသို့ရောက်သွားခဲ့၏။

''မင်းက ဘာကောင်လဲကွ''

စကားဆုံးသည်နှင့် ပစ္စတိုဖြင့် နောက်တစ်ချက် ထိုတရုတ်ကို ထိုးပစ်ချလိုက်ရာ ပစ္စတိုကျည်က ဘေးနားရှိ အုတ်ထရံကြီးကို ဒိုင်းခနဲ သွားမှန်တော့၏။ တော်သေးရဲ့ လူမမှန်လို့။ ကျွန်ုပ်လည်း သတိပြန်ဝင်လာကာ ကျိုင်းတုံဈေးသို့ အပြေးသုတ်ခြေတင်ခဲ့၏။ မနက် ၆ နာရီခန့်ရှိပြီ။ ဈေးထိပ်၌ဂျစ်ကားတစ်စီး အရန်သင့်တွေ့၍ တက်စီးပြီး ''ပန်ဟုန်း နောင်နွမ်း ပို့ကွာ'' ဆိုတော့ ကားဆရာက

''၆၀ ပေးရမယ်'' ပြော၏။

''ဟေ့ကောင် ... မောင်းစမ်းပါကွာ။ ၆၀ မဟုတ်ဘူး ၆၀၀ ပေးမယ်ဟေ့''

ပန်ဟုန်း နောင်နွမ်း ရောက်တော့ တပ်ခွဲတစ်ခွဲလုံး အိပ်မောကျနေဆဲ။ တော်ပါသေးရဲ့။ ကျွန်ုပ်လည်း ခွဲရုံးတွင် ကျွန်ုပ်အတွက် ခင်းပေးထားသည့် အိပ်ယာ၌ဝင်အိပ်လိုက်တော့၏။

အောင်မလေး မနန်းပန် ပေးတဲ့ဒုက္ခက မသေးပါလားဗျာ။





တစ်ခါက တောင်ပေါ်သူကလေး

www.burmeseclassic.com

www.burmeseclassic.com



ဒုတပ်ရင်းမှူးဘဝနှင့် မဘိမ်းမြို့တွင်
တာဝန်ထမ်းဆောင်စဉ်
ဗိုလ်မှူးသက်ညွန့် နှင့်စာရေးသူ



ချစ်တတွက်ဖြင့် အသက်ပင်သေသေ

ဒုက္ခက ဒါလောက်နဲ့ မပြီးပါ။

ယနေ့ပြန်ဆင်းရမည့်ထင်၍ တပ်ရင်းမှူးကြီးနှင့် အရာရှိ လုံး ရှေ့တန်းတပ်မရှုံးသို့ သွားသတင်းပို့ကြရ၏။

မိုးလင်းမှကားတွေစုံသဖြင့် ရှေ့တန်းတပ်မက တစ်ရက် ကျိုင်းတုံမှာ နေခွင့်နားခွင့်ပြုသည်။ တစ်ရက် အနားရသည့်အတွက် လုံးပျော်ကြ၏။ ကျိုင်းတုံမှာ ဈေးဝယ်လို့ ကောင်းသည်လေ။

ထိုနေ့က ကျွန်ုပ်သည် ပါလာသည့်ငွေကလေးဖြင့် လိုအပ် ည်များ ဝယ်သည်။ တပ်ရင်းမှူးကြီးကလည်း ဈေးဝယ်ရန် ငွေပေး ည်။ တပည့်တွေလည်း ဝိုင်းပြီးဝယ်ပေးကြသည်။ ညနေကျတော့ ကျိုင်းတုံရောက် ညီဝမ်းကွဲတစ်ဦးက ထမင်းကျွေး၍ သွားစားသည်။ က ကျိုင်းတုံက ရှမ်းမနှင့်ရပြီး အရောင်းအဝယ်လုပ်နေ၏။ အစ်ကိုနှစ်ယောက် ရှေးဖြစ်ဟောင်းအောက်မေ့ဘွယ်ရာများကို ပြီး အတော်မူးအောင်သောက်လိုက်မိ၏။ မတွေ့တာကြာပြီမို့ စရာတွေက ပြောမကုန်ပါ။

ညကိုးနာရီခန့်မှ ပွဲသိမ်းသည်။

''မင်း ဆိုင်ကယ်နဲ့ ငါ့လေယာဉ်ကွင်းလိုက်ပို့ပေးစမ်းကွာ''

''ဖြစ်ပါ့မလား ... အစ်ကို မိုးသိပ်ချုပ်နေပြီ''

''ဖြစ်ပါတယ်ကွ ဟိုမှာ ငါ့ထားခဲ့ပြီးမင်းပြန်ပါ''

သူက လိုက်မပို့ချင်။ ကျွန်ုပ်က အကျိုးအကြောင်း စောင်းပါး ည် ပြောရတော့၏။

''ဒါဆိုလည်း ပို့ရတော့မှာပေါ့''

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကက်ဆက်များကိုဖွင့်ကြ၏။

အပြင်တွင်ကား ဆောင်းနှောင်း၏နှင်းမှုန်များ ဝေ့ဝဲနေ၏။

ကျိုင်းတုံအတွက်က ချယ်ရီပင်များက ချယ်ရီပန်းများ ပွင့်နေဝေနေဆဲ။

**"ဆောင်းနှင်းနဲ့အတူ နောက်တစ်ခါ အရောက်လာ ဦးလို့ တောင်ပေါ်မြို့သူလေးက မပျက်မကွက်ပါ ဆက်ဆက် သာ ကိုယ့်ကိုယ် မှာနေတယ်၊ ချယ်ရီပွင့်ချိန်ဝယ်၊ ကိုယ် အရောက်လာမယ်"**

တောင်ပေါ်မြို့သူလေးသီချင်းက လေတွင်ဝဲပျံနေ၏။

ကျွန်ုပ်ကား အချစ်အတွက်ဖြင့် အသက်ပင်သေသေ မိုက်မှု ရဲစွန့်စားခဲ့သည့် ကိုယ့်အဖြစ်ကိုယ် ပြန်စဉ်းစားကာ အံ့သြမိပါသည် ခင်ဗျား။

စစ်သားတွေဆိုတာ ဒီလိုပဲထင်ပါရဲ့လေ။

**နိဂုံးကမ္ပတ်အဆုံးသတ်**

ဇာတ်ကရှည်သွားပြီ။ ဒီမှာတစ်ခန်းရပ်၍ ရပါပြီ။ သို့သော် နည်းနည်းလေး ဆက်ချင်ပါသေးသည်။

ခုနစ်နှစ်၊ ရှစ်နှစ်ကြာသွားခဲ့ပြီ။

၁၉၉၁ ခုနှစ်က ကျိုင်းတုံသို့ ကျွန်ုပ်တပ်ရင်းမှူးတာဝန်နှင့် ပြန်ရောက်သည်။ နှစ်စမှသည် သင်္ကြန်အပြီးထိနေခဲ့ရ၏။ သုံး လေ ငါးလ။

သံယောဇဉ်ဖြစ်နေမှာစိုး၍ မနန်းပန်ဆီ လုံးဝမသွားရဲပါ





နေ့တစ်နေ့ကမူ **Promotion Posting** ထွက်လာ၏။ ရာထူးတက် ပြောင်းရသည်။ **Farewell Dinner** ချင်း(၄)က မိတ်ဆွေများက ကျွေးသည်။ အရေးပေါ်မို့ တာဝန်ထမ်းဆောင်နေရာက ထသွား လိုက်သည်။ **Escort** ကားလေးတစ်စီးနှင့် တပည့်အရာရှိငယ် တစ်ဦးနှင့်။

ထမင်းပွဲမှာ ကြာကြာမထိုင်ဖြစ်ခဲ့။ သို့ရာတွင် ယမကာ ကတော့ သုံးလေးငါးခွက်သောက်ဖြစ်ခဲ့၏။ အပြန်တွင်မြို့ထဲ ဖြစ်တဲ့ လေယာဉ်ကွင်းဘေးက မနန်းပန်တို့ ရွာစုလေးသို့ ခထာ ဖြစ်သည်။ နေဝင်ရီတရောအချိန်။

ချိန်းများထားလေသလားမသိ။ မနန်းပန်ကို ပထမအစ တွေ့တုန်းကလို တောင်ပေါ်ရှမ်းရိုးရာ အဝတ်အစား အင်္ကျီအစိမ်း၊ လုံချည်အနီနှင့် သူ့အိမ်လေးမှာ တွေ့ရသည်။

"ဟယ် ... ဗိုလ်မှူးပါလား"

ဝမ်းသာအားရပြေးထွက်လာပြီး ကျွန်ုပ်၏ကျောကို တဒုံးဒုံး ထုတော့၏ ပြီးတော့မျက်ရည်ကျ၏။

"ဗိုလ်မှူး လာလည်တာလား"

"အင်း"

"မနန်းပန်ရော အိမ်ထောင်ကျပြီလား"

လုဆဲ ပဆဲမို့ မေးမိသည်။

"ဟင့်အင်း"

"ယောက်ျား မယူတော့ဘူးလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကလည်း ထိုင်ရာမထဘဲဖြေ၏။ ဖင်အောက်တွင်
ပစ္စတိုကိုမောင်းတင်ပြီး အသင့်လုပ်ထား၏။

"ဘာလို့မကြောက်တာလဲ"

"ကိုယ်က ကိုယ့်ညီတို့ရွာကိုချစ်ခင်တို့ တစ်ယောက်သ
တာ။ ဘာအန္တရာယ်မှပေးဖို့ အစီအစဉ် မရှိဘူး။ ဒါ့ကြော
မကြောက်တာ။ လာပါ ... ထိုင်ကြပါဦး။ မိတ်ဖြစ်ဆွေဖြစ် ပါ
လေး သုံးဆောင်ကြရအောင်"

ကျွန်ုပ်က မဲခေါင်သုံးပြားကိုထုတ်လိုက်၏။

"ညီမရယ် ... ဖန်ခွက်တွေယူခဲ့ဟေ့"

မနန်းပန်က မျက်စိပျက် မျက်နှာပျက်ဖြင့် ဖန်ခွက်လေး
ယူလာ၏။ ကျွန်ုပ်သည် သူတို့လေးဦးအား ဖန်ခွက်လေးလုံး
မဲခေါင်ပုလင်းပြားများကိုဖွင့်ပြီး ည့်ခံ၏။ ခွက်လှည့်သောက်
မနန်းပန်အား မြေပဲဆန်များကြော်ခိုင်းပြီး မြေပဲဆန်ကြေ
အမြည်းဖြင့် တည်ခင်း၏။ သူတို့သည် မဲခေါင်သုံးလေးခွက် သော
ပြီးသောအခါတွင်ကား တင်းနေသောမျက်နှာများ လျော့သွား
မဲခေါင်နှစ်ပုလင်း ကုန်သောအခါတွင်ကား သူတို့နှင့်ကျွန်ုပ် ရင်း
ခင်မင်သွားတော့၏။ မနက်သုံးနာရီတွင်ကား မဲခေါင်သုံးပြား
ပြောင်သလင်းခါသွားတော့သည်။ ပုလင်းတွေက အပြားကြီးတွေ
ပုလင်းကြီးနီးပါး ရှိ၏။

ပုလင်းတွေ ပြောင်သွားသောအခါ သူတို့လေးဦးလုံး ထ
လိုက်ကြ၏။ ဟထားသော သူတို့အိတ်တွေကို အမှတ်မထင် လှ
ကြည့်လိုက်ရာ ၂၀ မီလီမီတာ ဗကပ ပစ္စတိုနှင့် လက်ပစ်ဗုံးများ





တွေ့ရ၏။

အင်း .. ခွေးမသားတွေ။ အပြောမကောင်းရင်တော့ သိပ်
မချောင်ဘူးထင်ရဲ့၊ အန္တရာယ်ပေးမယ့် ကောင်တွေဟုတွေးမိ၏။

"ကဲ ... မိတ်ဆွေကြီး၊ ခင်ဗျား တော်တယ်။ သဘော
ကောင်းတယ်။ ဆက်ဆံရေးလည်း ကောင်းတယ်။ ခင်ဗျားကို
သဘောကျသွားပြီ။ နေခဲ့တော့။ မိုးလင်းအောင်နေ၊ ကျုပ်တို့အားလုံး
တာဝန်ယူတယ်ဗျာ"

ဟုပြောကာ ထွက်သွားကြတော့၏။

ဟူး တော်သေးရဲ့။ ပြဿနာဖြစ်ရင်တော့ ရှင်းလို့ဆုံးမည်
မဟုတ်။ အကြောင်းအပေါင်း မကောင်းရင်တော့ အသက်ပါ ပါသွား
နိုင်၏။

ကျွန်ုပ်မှာ ထိုအခါမှ သက်ပြင်းကြီးလုံးလုံး ချနိုင်ပါတော့
သည်။

သူတို့ပြန်သွားပြီး မိုးလင်းသည်အထိ မနန်းပန်နှင့် စကား
ပြောဖြစ်၏။ နောက်ဆုံးအချိန်ကလေးမှာတော့ တစ်ရေးချစ်ခွင့်
ကြုံလိုက်နိုင်၏။

သူရောကျွန်ုပ်ပါ ဘဝတစ်ကွေ့မှာ ခဏတွေ့ရသော်လည်း
မမေ့စရာဖြစ်ခဲ့ရ၏။

ထိုနေ့က မနက်ကိုးနာရီတွင် တပ်ရင်းကြီးတစ်ရင်းလုံး ပြန်
ထင်းဖြစ်ခဲ့ပါသည်။ နေရစ်ခဲ့ပေဦးတော့ မနန်းပန်ရေ၊ မင်းကိုချစ်ရ
တာ မလွယ်ပါလားကွာ။

ကားတန်းကြီးထွက်တော့ တပည့်ကျော်များကပါလာသည့်



www.burmeseclassic.com

www.burmeseclassic.com



ကက်ဆက်များကိုဖွင့်ကြ၏။

အပြင်တွင်ကား ဆောင်းနှောင်း၏နှင်းမှုန်များ ဝေ့ဝဲနေ၏။

ကျိုင်းတုံအထွက်က ချယ်ရီပင်များက ချယ်ရီပန်းများ ပွင့်နေဝေနေဆဲ။

**''ဆောင်းနှင်းနဲ့အတူ နောက်တစ်ခါ အရောက်လာဦးလို့ တောင်ပေါ်မြို့သူလေးက မပျက်မကွက်ပါ ဆက်ဆက်သာ ကိုယ့်ကိုယ် မှာနေတယ်၊ ချယ်ရီပွင့်ချိန်ဝယ်၊ ကိုယ် အရောက်လာမယ်''**

တောင်ပေါ်မြို့သူလေးသီချင်းက လေတွင်ဝဲပျံ့နေ၏။

ကျွန်ုပ်ကား အချစ်အတွက်ဖြင့် အသက်ပင်သေသေ မိုက်မှု ရဲစွန့်စားခဲ့သည့် ကိုယ့်အဖြစ်ကိုယ် ပြန်စဉ်းစားကာ အံ့သြမိပါသည် ခင်ဗျား။

စစ်သားတွေဆိုတာ ဒီလိုပဲထင်ပါရဲ့လေ။

**နိဂုံးကမ္ပတ်အဆုံးသတ်**

ဇာတ်ကရှည်သွားပြီ။ ဒီမှာတစ်ခန်းရပ်၍ ရပါပြီ။ သို့သော် နည်းနည်းလေး ဆက်ချင်ပါသေးသည်။

ခုနစ်နှစ်၊ ရှစ်နှစ်ကြာသွားခဲ့ပြီ။

၁၉၉၁ ခုနှစ်က ကျိုင်းတုံသို့ ကျွန်ုပ်တပ်ရင်းမှူးတာဝန်နှင့် ပြန်ရောက်သည်။ နှစ်စမှသည် သကြင်္န်အပြီးထိနေခဲ့ရ၏။ သုံး လေးငါးလ။

သံယောဇဉ်ဖြစ်နေမှာစိုး၍ မနန်းပန်ဆီ လုံးဝမသွားခဲ့ပါ။





...နေ့တစ်နေ့ကမှ **Promotion Posting** ထွက်လာ၏။ ရာထူးတက် ...၍ ပြောင်းရသည်။ **Farewell Dinner** ချင်း(၄)က မိတ်ဆွေများက ...ကျွေးသည်။ အရေးပေါ်မို့ တာဝန်ထမ်းဆောင်နေရာက ထသွား ...ိုက်သည်။ **Escort** ကားလေးတစ်စီးနှင့် တပည့်အရာရှိငယ် ...စ်ဦးနှင့်။

ထမင်းပွဲမှာ ကြာကြာမထိုင်ဖြစ်ခဲ့။ သို့ရာတွင် ယမကာ ...ကတော့ သုံးလေးငါးခွက်သောက်ဖြစ်ခဲ့၏။ အပြန်တွင်မြို့ထဲ ...နိုင်ဖြစ်ဘဲ လေယာဉ်ကွင်းဘေးက မနန်းပန်တို့ ရွာစုလေးသို့ ခဏ ...ဝင်ဖြစ်သည်။ နေဝင်ရီတရောအချိန်။

ချိန်းများထားလေသလားမသိ။ မနန်းပန်ကို ပထမအစ ...တွေ့တုန်းကလို တောင်ပေါ်ရှမ်းရိုးရာ အဝတ်အစား အင်္ကျီအစိမ်း၊ ...လုံချည်အနီနှင့် သူ့အိမ်လေးမှာ တွေ့ရသည်။

''ဟယ် ... ဗိုလ်မှူးပါလား''

ဝမ်းသာအားရပြေးထွက်လာပြီး ကျွန်ုပ်၏ကျောကို တဒုံးဒုံး ...ထုတော့၏ ပြီးတော့မျက်ရည်ကျ၏။

''ဗိုလ်မှူး လာလည်တာလား''

''အင်း''

''မနန်းပန်ရော အိမ်ထောင်ကျပြီလား''

လှဆဲ ပဆဲမို့ မေးမိသည်။

''ဟင့်အင်း''

''ယောက်ျား မယူတော့ဘူးလား''

''ဟင့်အင်း''



www.burmeseclassic.com

www.burmeseclassic.com



''ညီမလေးရော''

''ယောက်ျားရသွားပြီ''

''အီးပေါ့ရော''

''ဆုံးပြီ''

''အခု ဘယ်သူနဲ့နေလဲ''

''အဒေါ်နဲ့''

''အိမ်ထောင်ပြုရောပေါ့၊ တစ်ယောက်ထဲပျင်းစရာကြီး''

''ကိုယ်မချစ်တဲ့သူကို မယူချင်ဘူးလေ''

''ဩော်''

''ချစ်တဲ့သူရော ရှိလို့လား''

သူမ မျက်ရည်လွှမ်းသောမျက်နက်ဝန်းများဖြင့် ကျွန်ုပ်အား စူးစိုက်ကြည့်နေသည်။ မျက်လုံးများက စကားပြောနေ၏။

''ဗိုလ်မှူး အခုဘာရာထူးလဲဟင်''

''ဟပ်ရင်းမှူးပါ''

ကျွန်ုပ်၏စစ်ဝတ်စုံတွင် တပ်ဆင်ထားသည့် အပွင့်များကို ကြည့်ပြီး သူမေးခြင်းဖြစ်၏။ သူနဲ့တွေ့စဉ်တုန်းကနဲ့ မတူတော့တာကို သူသိနေသည်။

''ဗိုလ်မှူးကို တစ်ခုမေးမယ်နော်''

''မေးပါ''

''ဗိုလ်မှူး ကျွန်မနဲ့တွေ့တုန်းက အိမ်ထောင်ရှိလား''

''ရှိပါတယ်''

''ကလေးရော ဘယ်နှယောက်ရှိလဲ''





''လေးယောက်ပါ''

''အင်း ... ဒါပါပဲလေ။ ဗိုလ်မှူး ဒီမှာကြာဦးမှာလား''

''မနက် ပြန်တော့မှာ နောက်လည်းပြန်မလာရတော့ဘူး။ ဒါကြောင့် သတိတရ လာနှုတ်ဆက်တာ''

သူမက ဘာမှထပ်မပြောတော့။ ကျွန်ုပ်ကိုသာ စူးစိုက်ကြည့်နေ၏။

''အသက်ကြီးလာပြီ။ သိပ်ကြီးမသွားခင် အိမ်ထောင်ပြုလိုက်ပါလား''

''ပြောပြီးပြီပဲ။ ကိုယ်မချစ်တဲ့သူတွေ မယူချင်ပါဘူးဆို''

''ဩော် ... မနန်းပန်က ချစ်တဲ့ သူရှိသေးလို့လား''

သိသိကြီးနှင့် ဆက်မေးမိ၏။ သူမက ဘာမှပြန်မပြောဘဲ ကျွန်ုပ်ကိုသာ မျက်ရည်ဝိုင်းသောမျက်လုံးများဖြင့် ကြည့်နေ၏။

''သွားတော့လေ ဗိုလ်မှူး မနက်ပြန်တော့မှာဆို''

သူမ တိုးတိတ်သောအသံနှင့် သွားခိုင်းနေ၏။

သဘောပေါက်ပါသည်။ ကလေးအငိုတိတ်အောင် အရိပ်အယောင်လာပြလိုက်မိလေသလား။ မပြောတတ်တော့ပါ။ ဒီလာမိတာ မှားသွားပြီလား။ မပြောတတ်တော့။

ခွင့်လွှတ်ပါလေ၊ မနန်းပန်ရေဟု ရေရွတ်ပြီး သူမအိမ်ကလေးမှ ဖြည်းညှင်းစွာထွက်ခွာလာမိပါသည် ခင်ဗျား။

**သောင်းဝေဦး**

၁၇. ၁၂. ၂၀၁၅

■



www.burmeseclassic.com

www.burmeseclassic.com

## အချစ်အတွက်ဖြင့် အသက်ပင်သေသေ (၃)

ရေးသူ - သောင်းဝေ

မိုင်းယောင်းကပြန်ရောက်တော့ တပ်မှာ ရက်အတော်ကြ
အောင်နေရသည်။

ဒီတစ်ခေါက် စစ်ဆင်ရေးက ဆယ်လ ဆယ့်တစ်လကြီးမျ
တောင်နေခဲ့ရသဖြင့် တပ်မက အခါတိုင်း တစ်လအနားပေးသ
အစား ဒီတစ်ခါ တစ်လခွဲကြီးများတောင် အနားပေးလိုက်
ကောင်းပါသည်။ မိသားစုနှင့်ခွဲခွာနေရတာကြာပြီဖြစ်သဖြင့်
မယား သမီးသားများဖြင့် ပျော်ပျော်နေပစ်မည်ဟု အားခဲထား

သို့ရာတွင် သကြန်ပြီးတော့ စစ်ရုံးက ကြေးနန်းဝင်လာ

"သနက(၁)မှ ကြည်း ၁၁၂၀၅ မှူး သက်ဦးအား တပ်ရင်းမှူ
သင်တန်းတက်ရန် ရွေးချယ်လိုက်သည်။ မှူး သက်ဦးသည် တ
ဗထူးသို့ ဧပြီ၂၄ ရက်နေ့ နောက်ဆုံးထားရောက်ရှိသတင်းပို့ရန်"

ဟိုက် ... တပ်ရင်းမှူး သင်တန်းတက်ရန် ရွေးလိုက်ပြီ
လား။ တပ်မှာ ကောင်းကောင်းတောင် မနားရသေးဘူး သကြန်မှာ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပုဂံဘုရားသွားဖူးဖြစ်ခဲ့သည်။ မိသားစုနဲ့၊ ကဲ ... သွားဆိုတော့လည်း သွားပေါ့လေ။ ပြေ ၂၃ ရက်နေ့မှာပင် အကူရဲဘော်တစ်ဦးနှင့် သင်တန်းတက်ရန် ဗထူးသို့ထွက်ခဲ့ရ၏။ ဇနီးသည်ကိုတော့ ပျော်ချင်တယ်။ မေ မလွမ်းနဲ့ မောင်ကြီးချစ်တဲ့ ပန်းကြာနွဲ့ရယ်မှ တွံ့ဟေးသိန်းတန်သီချင်းကို ဆိုပြခဲ့၏။

ကဲ ... မေရေ ခွဲကြဦးစို့။

ကျွန်ုပ်တို့ရဲလေးဘော်

ဗထူးမှာ သင်တန်းသားက လူ ၄၀ကျော် ၅၀ ခန့်။

သင်တန်းဖွင့်ပြီး တစ်ပတ်လောက်အတွင်းမှာပင် ကျွန်ုပ်သည် အကျင့်တူ ဝါသနာတူ အောက်ပါ လူသုံးဦးနှင့် တွဲမိသွား တော့၏။

ဗိုလ်မှူးစိုးမြင့် (ဂန်ဂျာ)

ဗိုလ်မှူးတင်မောင်ဝင်း (ငွေး)

ဗိုလ်မှူးကျော်ခင် (ဟာဝါး)

ဗိုလ်မှူးစိုးမြင့်က DSA 9 က။ အမည်ရင်း စိုးမြင့်။ သို့ရာတွင် ဗိုလ်လောင်းဘဝက မေမြို့ (ပြင်ဦးလွင်) တပ်နယ် မာရသွန်ပြိုင်ပွဲ ဝင်ပြိုင်ရာ ရှေ့ဆုံးမှ ပန်းဝင်လာသည့် မြန်မာ့ချန်ပီယံ ဂွန်ဂျာနောက် မှကပ်လာ၍ သူငယ်ချင်းအပေါင်းအသင်းများက "ဂွန်ဂျာနောက်က ပါလာတာ ဒို့သူငယ်ချင်းကြီး ဂန်ဂျာဟေ့ ဂန်ဂျာကွ" ဟု ဝိုင်းအော်ကြရာမှ ဂန်ဂျာဟုအမည်တွင်သွားတော့၏။ ထိုနာမည်ကား ယခုအရာရှိဘဝမှာပင် လူသိများကျော်ကြားနေဆဲ။





ဗိုလ်မှူးတင်မောင်ဝင်းက DSA 7 က။ သူကတော့ ဗိုလ်လောင်းဘဝတွင် ပွေးခထာခထာပေါက်၍ သူငယ်ချင်းများက ငွေးဟု အမည်ပေးကြ၏။ ထိုနာမည်သည်လည်း ယခုအရာရှိဘဝအထိ ရှိနေသည်။

ဗိုလ်မှူးကျော်ခင်က ယခင် DSA 2 က။

စာမေးပွဲနှစ်ခါကျပြီး ခြေလျင်တပ်ကို ရဲဘော်နှင့် ရောက်ခဲ့၏။ တပ်ကြပ်ဖြစ်ပြီးနောက် ဗိုလ်သင်တန်းပြန်ဖြေရာ OTS အပတ်စဉ် ၃၀ တွင် ပြန်ပါလာ၏။ ဗိုလ်မှူး ကျော်ခင်ကား စကား အလွန်ပြောနိုင်၏။ ကွယ်လွန်သူ Y.C.D.C ကော်မတီဝင် ဗိုလ်မှူး ကြီးကျော်ရင်၏ ညီအရင်းဖြစ်သည်။ စကားအလွန်ပြော၍ သူ့အား ဟာဝါးကျော်ခင်ဟု အများက အမည်ပေးကြသည်။ သူက DSA မှာ OTS ရောမှ သိသူများလှချေ၏။

သူတို့သုံးဦးအနက် ဗိုလ်မှူးကျော်ခင်တစ်ဦးသာ အသက် ၄၀ ကျော်ဖြစ်ပြီး ကျန် ၂ ဦးက ၄၀ မပြည့်ကြသေးပါ။ ကျွန်ုပ်သည် လည်း ၃၆/၃၇ သာရှိသေး၏။ ကျွန်ုပ်တို့လေးဦးသည် ယမကာ ဝါသနာပါ၏။ စကားစုပြောရတာဝါသနာပါ၏။ အနုအလှလေးတွေနှင့် ဂမုဒယလေးတွေကို စိတ်ဝင်စား၏။ ထို့ကြောင့် အကျင့်တူဝါသနာ တူတွေ။ ညနေတိုင်း ကိုစိုးမြင့်အခန်းတွင် ယမကာဝိုင်းဖွဲ့၏။ စကားတွေ ဖောင်လောက်အောင် ပြောဖြစ်၏။ ကိုစိုးမြင့်က အာမီရမ် ကော်တ္တာလိုက် ပါလာသည်။ ကျွန်ုပ်တို့ကို တိုက်သည်။ နမျော ရွံ့ပုံခြင်း မရှိ။ ကျွန်ုပ်တို့သည် တစ်ရက် တစ်ရက်တွင် ရမ်နှစ်လုံး လောက်ကုန်အောင် သောက်ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံဘုရားသွားဖူးဖြစ်ခဲ့သည်။ မိသားစုနဲ့၊ ကဲ ... သွားဆိုတော့လည်း သွားပေါ့လေ။ ပြီး ၂၃ ရက်နေ့မှာပင် အကူရဲဘော်တစ်ဦးနှင့် သင်တန်းတက်ရန် ဗထူးသို့ထွက်ခဲ့ရ၏။ ဇနီးသည်ကိုတော့ ပျော် ချင်ဟယ်။ မေ မလွမ်းနဲ့ မောင်ကြီးချစ်တဲ့ ပန်းကြာနွဲ့ရယ်ဟု တွံ့ကေးသိန်းတန်သီချင်းကို ဆိုပြခဲ့၏။

ကဲ ... မေရေ ခွဲကြဦးစို့။

**ကျွန်ုပ်တို့ရဲ့လေးဘော်**

ဗထူးမှာ သင်တန်းသားက လူ ၄၀ကျော် ၅၀ ခန့်။

သင်တန်းဖွင့်ပြီး တစ်ပတ်လောက်အတွင်းမှာပင် ကျွန်ုပ် သည် အကျင့်တူ ဝါသနာတူ အောက်ပါ လူသုံးဦးနှင့် တွဲမိသွား တော့၏။

ဗိုလ်မှူးစိုးမြင့် (ဂန်ဂျာ)

ဗိုလ်မှူးတင်မောင်ဝင်း (ငပွေး)

ဗိုလ်မှူးကျော်ခင် (ဟာဝါး)

ဗိုလ်မှူးစိုးမြင့်က **DSA 9** က။ အမည်ရင်း စိုးမြင့်။ သို့ရာတွင် ဗိုလ်လောင်းဘဝက မေမြို့ (ပြင်ဦးလွင်) တပ်နယ် မာရသွန်ပြိုင်ပွဲ ဝင်ပြိုင်ရာ ရှေ့ဆုံးမှ ပန်းဝင်လာသည့် မြန်မာ့ချန်ပီယံ ဂွန်ဂျာနောက် မှကပ်လာ၍ သူငယ်ချင်းအပေါင်းအသင်းများက **"ဂွန်ဂျာနောက်က ပါလာတာ ဒို့သူငယ်ချင်းကြီး ဂန်ဂျာပေ့ ဂန်ဂျာကွ"** ဟု ဝိုင်းအော်ကြရာမှ ဂန်ဂျာဟုအမည်တွင်သွားတော့၏။ ထိုနာမည်ကား ယခုအရာရှိဘဝမှာပင် လူသိများကျော်ကြားနေဆဲ။





ဗိုလ်မှူးတင်မောင်ဝင်းက **DSA 7** က။ သူကတော့ ဗိုလ် လောင်းဘဝတွင် ပွေးခဏခဏပေါက်၍ သူငယ်ချင်းများက ငပွေးဟု အမည်ပေးကြ၏။ ထိုနာမည်သည်လည်း ယခုအရာရှိဘဝအထိ ရှိနေသည်။

ဗိုလ်မှူးကျော်ခင်က ယခင် **DSA 2** က။

စာမေးပွဲနှစ်ခါကျပြီး ခြေလျင်တပ်ကို ရဲဘော်နှင့် ရောက် လာ၏။ တပ်ကြပ်ဖြစ်ပြီးနောက် ဗိုလ်သင်တန်းပြန်ဖြေရာ **OTS** အပတ်စဉ် ၃၀ တွင် ပြန်ပါလာ၏။ ဗိုလ်မှူး ကျော်ခင်ကား စကား အလွန်ပြောနိုင်၏။ ကွယ်လွန်သူ **Y.C.D.C** ကော်မတီဝင် ဗိုလ်မှူး ကြီးကျော်ရင်၏ ညီအရင်းဖြစ်သည်။ စကားအလွန်ပြော၍ သူ့အား ဟာဝါးကျော်ခင်ဟု အများက အမည်ပေးကြသည်။ သူက **DSA** ရော **OTS** ရောမို့ သိသူများလှချေ၏။

သူတို့သုံးဦးအနက် ဗိုလ်မှူးကျော်ခင်တစ်ဦးသာ အသက် ၄၀ ကျော်ဖြစ်ပြီး ကျန် ၂ ဦးက ၄၀ မပြည့်ကြသေးပါ။ ကျွန်ုပ်သည် လည်း ၃၆/၃၇ သာရှိသေး၏။ ကျွန်ုပ်တို့လေးဦးသည် ယမကာ ဝါသနာပါ၏။ စကားစုပြောရတာဝါသနာပါ၏။ အနုအလှလေးတွေနှင့် ဂမုဒယလေးတွေကို စိတ်ဝင်စား၏။ ထို့ကြောင့် အကျင့်တူဝါသနာ တူတွေ။ ညနေတိုင်း ကိုစိုးမြင့်အခန်းတွင် ယမကာဝိုင်းဖွဲ့၏။ စကားတွေ ဖောင်လောက်အောင် ပြောဖြစ်၏။ ကိုစိုးမြင့်က အာမီရမ် ယူလာသည်။ ... ပါလာသည်။ ကျွန်ုပ်တို့ကို တိုက်သည်။ နှမျော မျှော်ပို့ခြင်း မရှိ။ ကျွန်ုပ်တို့သည် တစ်ရက် တစ်ရက်တွင် ရမ်နှစ်ပုလင်း လောက်ကုန်အောင် သောက်ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့် အပေါင်းအသင်းကောင်းသဖြင့် ကျွန်ုပ်၏ "အမျှ အတွက်ဖြင့် အသက်ပင်သေသေ" ဒုတိယဇာတ်လမ်း ပေါ်ပေါ ခဲ့ရပါသည်ခင်ဗျား။

ဖြစ်စဉ်ကိုပြောပါမည်။

**လှယမင်းနှင့်တွေ့ဆုံခြင်း**

သင်တန်းက ငါးလကျော် ခြောက်လ။ ရက်သတ္တ ၂၂ ပတ်ကြီးများတောင်။

သင်တန်း စတုတ္ထပတ်တွင် **Outdoor** ခေါ် ပြင်ပလေ့ကျ ခန်းအဖြစ် ဘော်ဆိုင်းမြို့လေးသို့သွားရ၏။ ဘော်ဆိုင်းမြို့လေး ပင်းဒယနှင့် သိပ်မဝေး၊ ရပ်စောက်မှ ပင်းဒယသွားရသည်။ ကား ၎င်းမှ ဘော်ဆိုင်းသို့ တစ်နာရီခန့်ကားမောင်းသော်ရောက်လာ

ဘော်ဆိုင်းတွင် ခဲခွာတိုက်ချို စစ်ကတ္တကြီးလေးရှိ တပ်ရင်းအဆင့် တပ်မဲ့ ခဲခွါတိုက်ချိုအား မြေပြင် မြေပုံတိုက်ဆိုင် **Survey** လုပ်၍ စစ်ရေးသုံးသပ်ရန် လာခဲ့ကြခြင်းဖြစ်၏။

"ကဲ ... အရာရှိများ **Exercise** ကတော့ တစ်ရက်တစ် ဖြစ်စဉ်အဖွင့်နဲ့ လိုလားချက်တွေပေးပြီး ရေးဖြေလေ့ကျင့်သွားမယ် အထူးပြောစရာ မရှိပါဘူး"

သင်တန်းမှူး ဗိုလ်မှူးစိုးမြင့် (နဂါး) ကပြော၏။

ဗိုလ်မှူးစိုးမြင့်မှာ ကျွန်ုပ်ဗထူးတိုက်ခိုက်ရေးကျောင်း နည်းပြလုပ်ခဲ့စဉ်က ကျွန်ုပ်၏ဌာနမှူး ဖြစ်ပါသည်။ ခြေလျင်ဌာန ကိုင်ရ၏။ နိုင်ငံခြားပြန်ဖြစ်၏။ စာအသင်အပြအလွန်ကောင်းပါသည်





ကျွန်ုပ်တို့သင်တန်းသား ငါးဆယ်သည် ဘော်ဆိုင်းဘုန်းကြီး ကျောင်းကြီး၏ အောက်ထပ်၌နေရ၏။

တနင်္လာမှ သောကြာအထိ အချိန်ငါးရက်ရသည်။

ပထမရက် ချီစစ်

ဒုတိယရက် တိုက်စစ်

တတိယရက် ခံစစ်

စတုတ္ထရက် ခွါစစ်

ပဥ္စမရက် စုပေါင်းသုံးသပ်ခြင်း

ကျွန်ုပ်တို့သည် ဘော်ဆိုင်းပတ်ဝန်းကျင် လှည့်လည်သွား ပြီး သင်ခန်းစာများကို ရေးကြခွတ်ကြရ၏။ ၎င်းနောက် စစ်ရေး သုံးသပ်ကြရ၏။ ထိုစဉ်က ဘော်ဆိုင်းပတ်ဝန်းကျင်၌ ပအို့အဖြူရော ပါ လှုပ်ရှားမှုရှိသဖြင့် လုံခြုံရေးတပ်ခွဲကို အစောင့်အရှောက် ခဲ့ရသည်။

ပဥ္စမရက်တွင်ကား မနက်ပိုင်းတွင် သင်ခန်းစာအားလုံး စုပေါင်းသုံးသပ်ပြီး တန်းဖြုတ်ပေးလိုက်၏။

"ကဲ ... သင်တန်းသားများခင်ဗျား နေ့ဝက်အနားပေး လိုက်ပါပြီ။ ဘော်ဆိုင်းဈေးနေ့သွားချင်ရင် သွားကြပါ။ နက်ဖြန်မနက် တော့ ဗထူးပြန်ပါမယ်"

သင်တန်းမှူးကြီးက နေ့ဝက်စာမသင်တော့ဘဲ **Off** ပေး လိုက်ရာ သင်တန်းသားများက ဝေးဝေးဟေး ဟုအော်၍ လက်ခုပ် တီးကြ၏။

"ဒါမှ ... ဒို့ သင်တန်းမှူးကြီးကွ"



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသားများသည် တန်းဖြုတ်ပေးလိုက်သည်နှင့် ဈေး
ဆိုင်းဈေးသို့ အပြေးအလွှားသွားကြသည်။ ကျွန်ုပ်တို့ လေးယောက်
သည်လည်း ပျော်ရွှင်စွာ ဈေးသို့သွားကြ၏။ ဈေးနှင့်ဘုန်းကြီး
ကျောင်းကား မဝေးလှ။ ကိုက် လေးငါးရာသာ။

ဈေးတစ်ပတ်ပတ်ပြီးသည်နှင့် ဈေးထောင့်တွင်တွေ့ရသော
ရိုးရာရှမ်းအရက်ဆိုင်ကြီးတစ်ခုသို့ ရောက်သည်နှင့် ဝင်ထိုင်လိုက်
ကြ၏။ အချိန်က နေ့ခင်း(၁၁း၀၀)နာရီအချိန်ခန့်။

ရှမ်းအိုးစည်တံဆိပ် အရက် ၂ ပုလင်းမှာပြီး သားရေ
ကြော်များ၊ တို့ဟူးခြောက်ကြော်များနှင့် သုံးဆောင်ကြ၏။ ထို့နောက်
ရောက်တတ်ရာရာစကားများပြောကြ၏။ ရှမ်းအိုးစည် နှစ်ပုလင်း
သုံးခွက်ဝင်သွားသည်နှင့် ဗိုလ်မှူးကျော်ခင်က ...

''ကဲ ... ကိုယ့်ညီတို့ ဒီနေ့ ဘာလုပ်ကြမှာလဲ''

''ဈေးကိုလျှောက်ပတ်မယ်။ ချောချောလှလှ ကောင်မလေး
တွေတွေ့ရင် မိတ်ဆွေဖွဲ့မယ်ဗျာ''

ဗိုလ်မှူးတင်မောင်ဝင်းက ပြောသည်။

''တွေ့ရင် မိတ်ဆွေဖွဲ့တာဟုတ်ပါပြီ။ ဒါနဲ့မပြီးဘူး နောက်
ထပ်ဇာတ်လမ်းလေးတွေ ဆက်ရအောင်''

နေ့တိုင်းလိုလို အနယ်နယ်အရပ်ရပ်မှ **Girl friend** တေ
များဆီမှ စာမှန်မှန်လာနေသည့် ဗိုလ်မှူးစိုးမြင့်က ဝင်ပြော၏။

''ကောင်းပြီ၊ ဒါဆိုရင် ပျော်စရာကောင်းအောင် မဲနှိုက်မယ်
မဲပေါက်တဲ့သူက အဲဒီဇာတ်လမ်းမှာ အဓိကဇာတ်ကောင်ဘဲ။ သူက
**Iniative** လုပ်ရမယ် ဘယ်လိုသဘောရလဲ''





''ကောင်းတယ် ... ကောင်းတယ်။ အဲဒီအတိုင်း
လုပ်ကြတာ ပေါ့''

ကျွန်ုပ်တို့သည် အရက်ပုလင်းအဖုံးများကို မဲရေးပြီး အောင်
ဘာလေ ဖွင့်ကြ၏။ အဖုံးအတွင်း၌ ဇာတ်လိုက် ဟု ဘောပင်ဖြင့်
ရေးသည်။ စစ်ဦးထုပ်တွင် မဲလေးခုထည့်ပြီး တစ်ယောက်စီနှိုက်ကြ၏။
ကျွန်ုပ်က နောက်ဆုံးနှိုက်ရသည်။ သူတို့သုံးဦးမှာ ဗလာဖြစ်သွား၍
နောက်ဆုံးကျန်သည့် ကျွန်ုပ်က အောင်ဘာလေ ပေါက်တော့၏။

''ဟား ... ဟား ... ဇာတ်လိုက်ကွ၊ ဇာတ်လိုက်ဟေ့''

သူတို့သုံးယောက်က ဝိုင်းအော်ကြသည်။

''ကဲ ... ညီလေး ကိုသက်ဦး၊ မောင်ရင့်အစွမ်းအစကို
ပစ်ကိုတို့ကြည့်မယ်၊ သွားကြစို့''

ကျွန်ုပ်တို့သည် ငွေရှင်းပြီး ရှမ်းရိုးရာယမကာဆိုင်မှ ပျော်ရွှင်
စွာထွက်ခွာခဲ့ကြ၏။

ဈေးတစ်ပတ်ပတ်ကြ၏။ စိတ်ကြိုက်မတွေ့၍ ထပ်ပတ်ကြ
ပြန်သည်။

''ဟော့ ... ဟိုမှာ အင်္ကျီအဝါ လုံချည်အနက်နဲ့ အသား
ဖြူဖြူ ကောင်မလေးဗျာ၊ ချောချောလှလှလေး။ ကဲ ... ကိုသက်ဦး
သွားတော့၊ မိတ်ဆွေဖွဲ့ချေ။ ဒို့ ... ဒီက စောင့်ကြည့်နေမယ်''

ဗိုလ်မှူးကျော်ခင်က ကုန်စုံဆိုင်ကြီးတစ်ခု၌ ဈေးဝယ်နေ
သည့် အမျိုးသမီးလေးအားညွှန်ပြပြီး ကျွန်ုပ်အား သွားခိုင်းနေ၏။

''ကိုယ့်လူ တွန့်ဆုတ် ... တွန့်ဆုတ် လုပ်မနေနဲ့၊ ဒါ
အဖွဲ့ရဲ့ စည်းမျဉ်းစည်းကမ်းပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးစိုးမြင့်က တွန်းအားပေးသည်။ သူနှင့် ကျွန်ုပ်မှာ ရှေ့တန်းတွင် အကြိမ်ကြိမ်ဆုံခဲ့ဖူးပြီး တပ်မတစ်ခုထဲတွင် တာဝန်ထမ်း ဆောင်နေကြသည့် တပ်ခွဲမှူး ဗိုလ်မှူးများဖြစ်ကြ၏။ သူ့တပ်က ပုသိမ် ဝါးယားချောင်းမှာဖြစ်သည်။

ကျွန်ုပ်သည် ခပ်ရိဝေဝေဖြင့် ဆိုင်တွင်းသို့ဝင်လိုက်၏။

မိန်းမပျိုလေး၏ဘေးတွင် ဝင်ရပ်လိုက်ပြီး သူမဈေးဝယ်နေ သည်ကို အကဲခတ်ကြည့်မိသည်။ ကလေးစားစရာမုန့်များ၊ လှော် ခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် ဆား၊ ပုဇွန်ခြောက်စသည့် မီးဖိုချောင်သုံးနှင့် ရေထွက်ကုန်ပစ္စည်းများကို ခြင်းတောင်းတစ်လုံးနှင့် ဝယ်နေ၏။

မိန်းမပျိုလေးမှ အဝေးကကြည့်သည့်ထက် အနားရောက်မှ ပိုလှနေ၏။

ဝါဝင်းသော အသားအရေတွင် နက်မှောင်သော မျက်ခုံး၊ ဝိုင်းစက်သော မျက်လုံး၊ ပါးလျသော နှုတ်ခမ်းလေးများနှင့် မျက်နှာ လေးမှာ သန့်စင်ချောမောနေ၏။ ဆံပင်မှာ ခါးလယ်နီးပါး ခပ်ရှည်ရှည် ဖြစ်သည်။ သန်စွမ်း နက်မှောင်နေ၏။

''များလှချည်လား ညီမလေးရဲ့၊ ဘာတွေဝယ်နေတာလဲ''

ကျွန်ုပ်စကားကြောင့် သူမက ကျွန်ုပ်ဘက်ကို လှည့်ကြည့်၏။ အနည်းငယ် အံ့အားသင့်သွားပုံရ၏။

''ဩော် ... မောင်လေးတွေအတွက် မုန့်ဝယ်တာပါ။ အိမ်အတွက်လည်း လိုတာလေးတွေ ဝယ်နေတာပါ''

သူမက ယဉ်ကျေးသိမ်မွေ့စွာ ပြန်ဖြေ၏။ အသံမှာ သာယာ





ယည့် ငွေဆည်းလည်းသံလေး ဖြစ်ပေသည်။

''အစ်ကိုတို့က ဘာလာလုပ်ကြတာလဲဟင်''

''ဩော် ... အစ်ကိုတို့က ဗထူးသင်တန်းကပါ။ လေ့ကျင့် ခန်းလာဆင်းတာ၊ အစ်ကို့နာမည်က သက်ဦးပါ။ ဗိုလ်မှူးသက်ဦးပါ။ ညီမလေးနာမည် ဘယ်လိုခေါ်လဲဟင်''

''ခင်ခင်ဆွေပါ''

''ဘယ်ရွာကလဲဟင်''

''ဆီမီးကန်ရွာကပါ''

''ဩော် ... ဆရာဘိုစံတို့ရွာကဘဲ''

''ဆရာဘိုစံနဲ့ သိလို့လား''

''အရင်က တစ်တပ်ထဲပဲလေ။ အစ်ကိုက ဗထူးက ပြောင်း သွားတာ မကြာသေးဘူး၊ တမြန်နှစ်က ဆရာဘိုစံ ဗထူးက ထွက်စာ တင်ပြီး ထွက်သွားတာ၊ ညီမတို့ရွာက အမျိုးသမီးနဲ့ အိမ်ထောင်ကျ သွားတာလေ။ အဲဒီရွာမှာပဲ နေသတဲ့။ စောစောက ဈေးပိုင်းမှာ သူနဲ့တွေ့ခဲ့တယ်''

''ဟုတ်တယ်၊ သူလည်း ဈေးနေ့မှာ သနပ်ဖက်လာရောင်း တာ ညီမတို့နဲ့ တစ်ဖွဲ့ထဲပဲ''

သူမက ဈေးဖိုးငွေထုတ်ရှင်းသည်။

''မောင်လေးတွေ မုန့်အတွက် အစ်ကိုငွေရှင်းပါရစေ၊ ပိတ်ဖြစ်ဆွေဖြစ်ပေါ့''

''အို ... မဟုတ်တာဘဲ အစ်ကိုရယ်၊ ခုမှသိကြတာ မပေး ပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



''ရပါတယ်''

ကျွန်ုပ်က ငွေတစ်ထောင်ကျပ်ကို အတင်းထုတ်ပေး၏။

''သွားမယ်နော် အစ်ကို''

''သြော် ... ပေး ပေး အဲဒီဆွဲခြင်း၊ အစ်ကိုလိုက်ပို့ပေးမယ်၊ လှည်းဝိုင်းပြန်မှာ မဟုတ်လား''

ကျွန်ုပ်က သူမလက်ထဲမှဆွဲခြင်းကို လှမ်းယူကာ လိုက်ပို့ရန် ပြင်လိုက်၏။

''အို ... မလုပ်ပါနဲ့ အစ်ကိုရယ်၊ အားနာစရာကြီး''

''ရပါတယ် ညီမရဲ့''

ကျွန်ုပ်က သူမကို ဈေးခင်းအပြင်က သူတို့ရွာလှည်းဝိုင်း အထိ လိုက်ပို့မိသည်။

လှည်းဝိုင်းရောက်တော့ သူမ၏လှည်းဘေးတွင် ဖျာခင်း ထားရာ သူမက ''ခဏထိုင်နော် အစ်ကို'' ဟု ဆိုပြီး ရေနွေးကြမ်းပြင် ညှော်ခံ၏။ ကောက်ညှင်းပေါင်းနှင့် တို့ဟူးကြော်များ ပါပါ၏။

သူ့အကြောင်း ကိုယ့်အကြောင်း ပြောကြရင်း ၁၅ မိနစ်၊ မိနစ် ၂၀ ခန့်ကြာသွားသည်။

ပြန်ခါနီး၌ လိပ်စာအပြန်အလှန်လဲလိုက်၏။

''ညီမဆီ စာထည့်လို့ရမလား''

''ရပါတယ်။ ဒီရွာလိပ်စာနဲ့ ထည့်ပါ''

''စာက ရွာရောက်လို့လား''

''ဈေးနေ့မှာ ဘော်ဆိုင်းစာတိုက်မှာ လာယူလို့ရပါတယ်''

''သြော် ... ကောင်းတာပေါ့။ ဒါဆို စာရေးမယ်နော်၊





...ယ်မဟုတ်လား''

''ဟုတ်ကဲ့၊ ရပါတယ်''

''ဒါဆို ပြန်မယ်နော်၊ မိတ်ဆွေဖြစ်ရတာဝမ်းသာတယ်''

မိန်းမပျိုလေးက ချိုသာစွာပြုံးလိုက်သည်။ မတ်တပ် အတူ ...ပ်လိုက်ရာ သူမသည် မျက်နှာသာမဟုတ် ကိုယ်လုံးကိုယ်ပေါက် ...လည်း ငါးရံ့ကိုယ်လေးဖြစ်၍ သွယ်လျပြီးအချိုးအဆက်ကလည်း ...ျနလှ၏။ ဒါကို သတိထားမိပါသည်။

ကျွန်ုပ်က သူမကို နှုတ်ဆက်ပြီး လှည့်ပြန်လာခဲ့၏။

''**Bravo** သူငယ်ချင်းလေး **Bravo**''

''ကိုယ့်ညီ တကယ်ပီပြင်တယ်ဟေ့''

ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေသည့် ရဲသုံးဖော်မှ လက် ...ပ်လက်ဝါးတီးကာ ဩဘာပေးလိုက်ကြ၏။

ဤတွင် ကျွန်ုပ်သည် မေတ္တာဇာတ်လမ်းတစ်ပုဒ်ကို စလိုက် ...ပါသည် ခင်ဗျား။

...က်ခါးလေးတွေ အခါခါနားတော့

ကျွန်ုပ်သည် ဗထူးပြန်ရောက်သည်နှင့် စာတစ်စောင်ရေးပြီး ထည့်လိုက်၏။

**မခင်ခင်ဆွေ**

**အမြဲသတိရနေပါတယ်။**

**ဘော်ဆိုင်းကို နောက်တစ်ခေါက် လာဖြစ်ဦးမှာလား**



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။

လာဖြစ်ရင် ရွာကိုလာလည်ချင်ပါတယ်။ အဆင်ပြေမျှ ပေါ့လေ။

စာရရင် စာပြန်ပါဦး။

ခင်မင်စွာဖြင့်

သက်ဦး

တစ်ပတ်အတွင်း စာပြန်ရောက်လာ၏။

အစ်ကိုဗိုလ်မှူးရှင့် –

စာရပါတယ်၊ ရွာလာချင်ရင် ကြိုနေပါ့မယ်။ လာခဲ့ပါ။

လာမယ့်ရက်လည်း ကြိုပြောပါ။ မဆွေလည်း ဗိုလ်မှူးကို သတိရပါတယ်ရှင့်။

ခင်ခင်ဆွေ

သူမ ပြန်စာကို ကျွန်ုပ်တို့လေးဦး ညနေ ယမကာဝိုင်းမှ စုပြီးဖတ်ကြ၏။

''ဟဲ … ဟဲ ကိုယ့်ညီ မောင်ရင်တော့ မှတ်ဆိတ်ပျားစွဲ ပြီ ပေါ့ … ဆက်လုပ်ကွာ၊ ဆက်လုပ် … ဆက်လုပ်''

ဗိုလ်မှူးကျော်ခင်က အားရဝမ်းသာစွာပြောသည်။

ကိုတင်မောင်ဝင်းနဲ့ ကိုစိုးမြင့်ကလည်း ခေါင်းတညိတ်ညိတ်





ဝမ်းမြောက်နေကြ၏။

''ကိုယ့်လူက အခုမှ တကယ့်ဇာတ်လိုက်ဖြစ်ပြီပေါ့''

သူတို့တစ်တွေအားပေး၍ ဇာတ်လမ်းကို ဆက်ဖြစ်သည်။ စာတွေ မှန်မှန်ရေးဖြစ်သည်။

ကျွန်ုပ်တို့စကားဝိုင်းသို့ ရံဖန်ရံခါတွင် ဗိုလ်မှူးအေးသန်း (OTS 31) ကလည်း လာတတ်၏။ သူနှင့် ကျွန်ုပ်ကား စာပေ မိတ်ဆွေဖြစ်၏။ မကြာခဏ စာအကြောင်းပေအကြောင်း ဆွေးနွေး ဖြစ်သည်။ သူက စာဂျပိုး Book Worm ။ အားရင် ကျောင်းစာ ထက် အပြင်စာများကို ဖတ်နေတတ်၏။ ကျွန်ုပ်က သူ့အား တပ်နယ် ဈေး စာအုပ်ဆိုင်မှာ စာအုပ်များ မကြာခဏငှားပေးနေကြ၊ ဗိုလ်မှူး ဖြစ်မိက ကျွန်ုပ်သည် ဗထူးတိုက်ခိုက်ရေးကျောင်းမှနည်းပြဖြစ်ပြီး တပ်နယ်ဈေး၌နေခဲ့ရာ သုံးနှစ်တောင်ကြာခဲ့၏။ ထို့ကြောင့် ဈေးသူ ဈေးသားအားလုံးနှင့် ရင်းနှီးပါသည်။

ငှက်ခါးလေးတွေ အခါခါနားပြီး မခင်ခင်ဆွေနှင့် စာတွေ အပြန်အလှန်ရေးနေကြရာ တစ်လကျော် နှစ်လထဲသို့ ရောက်လာ ၏။ အရင်ကလို စာတွေက ခပ်တိုတိုမဟုတ်တော့။ ခပ်ရှည်ရှည် ရေးဖြစ်သည်။ အသုံးအနှုန်းတွေလည်း ပြောင်းလာသည်။ သူ့ အကြောင်းလည်း ပိုသိလာ၏။ မောင်နှမငါးယောက်မှာ သူက အကြီးဆုံး။ မောင်နှမတွေကို သူကရှာကျွေးနေရသည်။ အဖေ၊ အမေ မရှိတော့။ အဘိုး၊ အဘွားနှင့် အတူနေသည်။ သနပ်ဖက်ခြံလုပ် နေသည်။ တစ်ရက်တွင် စာတစ်စောင်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို

ဆွေ စာရေးလိုက်တယ်။ လာမယ့်အင်္ဂါ လုပ်ငန်းကိစ္စနဲ့ ရပ်စောက်ကို နေ့ချင်းပြန် လာဖို့ရှိတယ် အစ်ကိုလာတွေ့နိုင်ရင် တွေ့ပါ။

ဆွေ

ထိုစာကို ထုံးစံအတိုင်း ညနေပိုင်းတွင် အားလုံး အောင်ပြရ၏။

''ကဲ . . . ဘယ်လိုလဲ ကိုသက်ဦးလေး၊ ကောင်မလေး တွေ့ချင်သတဲ့ဗျာ''

''ခေါ်တဲ့လူက ခေါ်နေပြီပဲ၊ သွားသာတွေ့ပါဗျာ''

''သင်တန်းဖွင့်ရက် ဖြစ်နေတယ်၊ ဖြစ်ပါ့မလား''


''အောင်မယ်လေး ဖြစ်ပါတယ်ဗျာ၊ သင်တန်းတန်းဖြုတ် နေ့လယ် သွားတွေ့။ ဒီမှာထမင်းမစားနဲ့၊ ကောင်မလေးနဲ့ အတူ သင်တန်းနည်းနည်းနောက်ကျရင် နည်းပြကို ဒို့ဝိုင်းပြောထားပေးမယ် ကောင်မလေးဆီ အကျိုးအကြောင်း စာအမြန်ပြန်လိုက်''

အကြံပေးဦးပုညကြီး ဗိုလ်မှူးကျော်ခင်က အဆိုပြုသည်

အားလုံးက ထိုအဆိုကို ဝိုင်းဝန်းအတည်ပြုကြ၏။

ထိုနေ့နေ့လယ်၌ ကျွန်ုပ်သည် နေ့လယ်ထမင်းစား တ ဖြုတ်သည်နှင့် တိုက်ခိုက်ရေးကျောင်းမှ **Despatch** ရဲဘော်စံကေ အား ဆိုင်ကယ်ဖြင့် မြို့ထဲလိုက်ပို့ခိုင်းရ၏။ သူက ကျွန်ုပ်တိုက်ခို ရေးကျောင်း တပ်ရေးဗိုလ်ကြီး တာဝန်ထမ်းဆောင်နေစဉ်က





တစ်ခါက ဆီမီးကန်သူကလေး

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ ကြုံဆုံခဲ့သည့် ပအို့တပ်ဖွဲ့



တပ်ရင်းမှူးသင်တန်းတွင် စာရေးသူနှင့်
ဆီမီးကာန် သို့အတူလိုက်ပါခဲ့သည့် ဗိုလ်မှူးအောင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com




၁၉၇၀ ပြည့်လွန်နှစ်များက တိုင်းကွန်မန်ဒိုတပ်များ
ဖွဲ့စည်းခဲ့သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး
ဗိုလ်မှူးချုပ်တင့်ဆွေ



စာရေးသူနှင့် တပ်ရင်းမှူးသင်တန်းအတူတက်ခဲ့သည့်
ဗိုလ်မှူးကျော်ခင်
(ဗိုလ်လောင်းဘဝကပုံ)

www.burmeseclassic.com

www.burmeseclassic.com




စာရေးသူ အရာရှိငယ်ဘဝက စခန်းထိုင်ခဲ့ရသည့်
ကတိုင်တီရွာ



ယည့်ရင်းဖြစ်၏။

မခင်ခင်ဆွေအား ရပ်စောက်ဈေး၌ အလွယ်တကူပင် တွေ့ရသည်။ လုံချည်အနက် အင်္ကျီအနီနှင့် ထင်သာမြင်သာမို့ ရှာရတာ လွယ်ပါ။ စာတွင် ထင်သာမြင်သာအောင် ဝတ်လာရန် မှာလိုက်ပြီးပင်။

''မဆွေ''

''အစ်ကို''

ကျွန်ုပ်သည်လည်း ယူနီဖောင်းဝတ်နှင့် ဖြစ်၏။ အရပ်ဝတ်တောင် လဲချိန်မပေးနိုင်ပါ။

''ရောက်တာကြာပြီလား''

''မနက်ကတည်းက။ အစ်ကို့စောင့်နေတာ''

''ကိစ္စက ပြီးပြီလား''

''ပြီးပါပြီ''

''ထမင်းစားပြီးပြီလား''

''ဟင့်အင်း''

''ဒါဆို နွေ့လယ်စာ အတူစားကြတာပေါ့''

သူမအား ကောင်းမေ ခေါက်ဆွဲဆိုင်သို့ခေါ်ခဲ့ပြီး ချောင်ကျကျ စားပွဲတစ်ခုတွင် မျက်နှာချင်းဆိုင် အတူထိုင်ဖြစ်ကြ၏။

နွေ့လယ်စာ စားဖြစ်သည်။ ထမင်းစား မဝင်ပါ ခင်ဗျာ။ မျက်နှာကိုသာ တစိမ့်စိမ့်ကြည့်နေမိ၏။

မဆွေက သနပ်ခါး ပါးကွက်ကြားလေးနှင့် အလွန်ချစ်စရာကောင်းနေ၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်း အတူထိုင်ဖြစ်ကြသောအခါ ကျွန်ုပ်က မွေး...
လက်ကလေးကို အသာအယာကိုင်ကာ စကားပြောဖြစ်သည်။

"သိပ်သတိရတာပဲ"

"ဆွေလည်း သတိရပါတယ်"

"မောင်လေးတွေ နေကောင်းကြလား"

"ကောင်းပါတယ်"

"မဆွေရော"

"ဆွေလည်း ကောင်းပါတယ်။ ဗိုလ်မှူးတို့ ဘော်ဆိုင်...
လာဦးမှာလား"

"သင်တန်းမပြီးခင်တော့ လာရဦးမယ်ထင်တယ်"

"ရွာလာမှာလား"

"လာခဲ့မယ်လေ၊ စောင့်နေနော်"

"စောင့်မယ်လေ"

အချိန်က နာရီဝက်ခန့်သာရသဖြင့် စကားက ဒါလောက်ပဲ
ပြော၍ရသည်။ ကျွန်ုပ်က မျက်နှာချင်းဆိုင်ထိုင်နေရာမှ သူမဘေး
ပြောင်းထိုင်လိုက်၏။

"ကဲ ... အချိန်မရှိတော့ဘူး။ သွားတော့မယ်"

"အစ်ကို ဘာပြောစရာရှိသေးလဲဟင်"

"အင်း ... ပြောစရာကတော့ ပြောစရာကတော့
ဆွေ့ကိုချစ်တယ်"

ကျွန်ုပ်က ပြောပြောဆိုဆို သူမ၏ဘယ်ဘက်ပါးလေးအား
အသာအယာကပ်ပြီး နမ်းလိုက်မိ၏။





"ဟင်"

ဟင်ဆိုပြီး ကျွန်ုပ်ဘက်သို့မျက်နှာလှည့်လိုက်ရာ ...

ကျွန်ုပ်လည်း မဆိုင်းမတွ သူမအား တစ်ကိုယ်လုံး
...ကြုံးဖက်၍ သူမ၏ နှုတ်ခမ်းပါးလေးအား အားရပါးရ စုပ်နမ်း
...က်မိပါတော့သည်ခင်ဗျား။

"အို"

အငိုက်မိသွား၍ သူမက အို ဟု အသံထွက်သွား၏။

ကျွန်ုပ်သည် နမ်းပြီးသည်နှင့် အခန်းတွင်းမှ ရုတ်ချည်း
...ထွက်ခဲ့၏။

"သွားပြီနော်" ဟုလက်ပြကာ ဆိုင်အပြင်ထွက်ပြီး အသင့်
...စောင့်နေသည့် ဆိုင်ကယ်ပေါ် တက်ထိုင်ကာ တဒိုင်းဒိုင်းနှင့်
...င်တန်းကျောင်းသို့ပြန်လာခဲ့တော့၏။

"ဗိုလ်မှူး ... ကောင်မလေးက အတော်လှတယ်နော်"

"အောင်မယ် ... ခွေးမသား မင်းကြည့်နေတာပေါ့လေ"

"ကြည့်ရတာပေါ့ ဗိုလ်မှူးရာ။ ကိုယ့် ဆရာသမားကို လိုတာ
...ကူညီနိုင်အောင်လေ"

ရဲဘော်စံကျော်နှင့် လမ်းတွင် ပြောဖြစ်ခဲ့၏။

ကျောင်းသို့ အချိန်မီပြန်ရောက်သည်။

ရဲဘော် ရဲဘက်များက ...

"ဘယ်လိုလဲ ကိုသက်ဦးလေး" ဟုဝိုင်းမေးကြ၏။

ဖြစ်စဉ်ကို ပြောပြသော် အားလုံးက ...

"ဝေး ... ဟေး ... ဟေး ... **Bravo ... Bravo**



www.burmeseclassic.com

www.burmeseclassic.com



ဒိုဇာတ်လိုက်ကွ" ဟု ဝိုင်းဝန်းအော်လိုက်ကြပါသတည်း။

**အချစ်အတွက်ဖြင့် အသက်ပင်စေသေ**

သင်တန်းဆင်းခါနီးပြီ။

သင်တန်းပတ် ၂၀ ကျော်သွားပြီ။

ဘော်ဆိုင်းကို ဒုတိယအကြိမ် Out down ထွက်ရ၏။ မ... ဆီမှ စာများလည်း မှန်မှန်လာနေသည်။ သင်တန်းက ဖိစီးမှုမျ... နေသဖြင့် ကျွန်ုပ်အနေဖြင့် စာမှန်မှန်ပြန်မရေးဖြစ်ပါ။ သို့ဖြစ်၍ ဒုတိ... အခေါက် ခရီးစဉ်ကို သူမအား အချိန်မီကြိုမပြောမိတော့။

ဘော်ဆိုင်းရောက်ပြီး ယခင်ကလိုပင် သင်တန်းငါးမျ... တနလ်ာမှ သောကြာအထိ။ စနေမနက်တွင် ကျောင်းပြန်မှ...

သောကြာနေ့မတိုင်မီ ကြာသပတေးထဲက ရဲဘော် ရဲဘ... များက မဆွေနှင့် သွားတွေ့ရန် အားပေးကြ၏။

"ကိုသက်ဦး လုပ် . . . လုပ်။ နောက်တစ်ခေါက် မသေ... ဘူး"

"အေးဗျာ၊ သူတို့ရွာက လုံခြုံရေးစိတ်မချရဘူး။ ...မှ ကျွန်တော့်မှာ သေနတ်လည်းပါမလာဘူး"

"ကိုယ့်သေနတ် ယူသွားကွာ။ ကိုယ့်မှာ ပစ္စတိုပါလာတယ်"

ဗိုလ်မှူးတင်မောင်ဝင်းက ပြောသည်။

"အစ်ကို လိုက်ခဲ့ပါလား"

"ကိုယ့်က ကိုပြည့်စုံတို့နဲ့ ညစာစားပွဲ ချိန်းထားတာ... ဒါပေမဲ့ သေနတ်တော့ လိုချင်ရင် ယူသွား ပေးလိုက်မယ်"





ကျွန်ုပ်သည် အမျိုးမျိုးအဖုံဖုံ စဉ်းစားပြီး သောကြာနေ့ ...နေ့လယ် တန်းဖြုတ်ချိန်တွင် ဆီမီးကန်သို့ ဆိုင်ကယ်နှင့်သွားရန် ...ကဆိုင်းမှ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးအား ငှားရမ်းခဲ့၏။ ...သိဥတုမှာ စက်တင်ဘာ မိုးသည်းချိန် ဆိုင်ကယ်ရောက်လာချိန်၌ ...ိုင်ကယ်သမားနှင့် နှစ်ယောက်သားထွက်ခဲ့ကြ၏။ အခြေပြုမှ ...ွက်ခွါစပင် ဆိုင်ကယ်က ပျက်တော့၏။ ကာဗရိုက်တာ ဖွတ်ချက် ...တ်ချက် ဖြစ်နေသည်။

"ဗိုလ်မှူး . . . ဒီအတိုင်းဆို ဗွက်လည်း မရုန်းနိုင်ဘူး၊ ...ကောင်လည်း တက်လို့မရနိုင်ဘူး။ သွားလို့မရတော့ဘူး။ ရွာနား ...ရောက်ရင် တောင်တက်ရမယ်"

ကျွန်ုပ်သည် မြို့အထွက်မှ စိတ်ပျက်လက်ပျက်ဖြင့် သင်တန်း ...သားများအခြေပြုရာ ဘုန်းကြီးကျောင်းသို့ ပြန်ရောက်လာ၏။

"ဟေ့ . . . ကိုသက်ဦးလေး မသွားဖြစ်ဘူးလား"

ဗိုလ်မှူးအေးသန်းက စာဖတ်နေရာမှ လှမ်းမေးသည်။

"ဆိုင်ကယ်ပျက်သွားလို့ အစ်ကိုရာ"

"ဒါဆို မသွားတော့ဘူးလား"

"ခြေလျင်ကြိတ်မှရမယ်။ ၆ မိုင်ကျော် ၇ မိုင်ဝေးတယ်။ ...နာရီကျော်ကျော် တွယ်ရမယ်။ အဲဒါ စဉ်းစားနေတာ"

"ကိုယ့်ညီသွားချင်ရင် ကိုယ်လိုက်ပေးမယ်လေ"

သူက လိုလိုချင်ချင် ပြောလာ၏။ ကျွန်ုပ်ကလည်း သွားချင် ...နေသည်။ အချိန်က နေ့လယ် တစ်ချက်တီးပြီ။

"ဒါဆိုလည်း သွားကြရအောင် အစ်ကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုအေးသန်းက ထလိုက်လာသည်။ နှစ်ယောက်သား မျက်
ကိုယ်စီ ခါးထိုးလာ၏။

နှစ်ယောက်လုံး အရပ်ဝတ်ကိုယ်စီနှင့် ဘော်ဆိုင်း အ
စူးစူးသို့ မြေပုံကြည့်ကာထွက်ခဲ့ကြ၏။ လမ်းတွင် သစ်တော
ပါးပါးများ။ ထင်းရှူးတောများ။ သနပ်ဖက်ခြံများတွေ့ရ၏။

ညနေသုံးနာရီ နေစောင်းချိန်တွင် ဆီမီးကန်ရွာနားမှ
၄၀၀၀ ခန့်မြင့်သည့်တောင်ကို စတက်ရ၏။ တောင်ထိပ်အရောက်
မိုးက ရွာချလိုက်သည်။ ပါလာသည့် စစ်တဘက်လေးများ
ခေါင်းပေါ်မိုးပြီး ခရီးဆက်ခဲ့ရ၏။

ညနေ လေးနာရီတွင်ဆီမီးကန်ရွာကို ရောက်တော့သည်။
ရွာကား အိမ်ခြေ ၆၀/၇၀ ရှိသည့် နေရွာ ဖြစ်သည်။

ရွာအဝင်၌ ဆရာဘိုစံအိမ်ရှိသည်ကို သိသဖြင့် မေးစမ်းပြီး
ဝင်သွား၏။

ဆရာဘိုစံတစ်ယောက် သနပ်ဖက် လှော်နေသည်။

"ဟာ ... ဗိုလ်မှူး လာခင်ဗျ လာ ... လာ"

ကျွန်ုပ်ကို နှစ်ဦးကို တွေ့သောအခါ ဆရာဘိုစံက အလွန်
အံ့သြစွာဖြင့် ဆီးပြီးနှုတ်ဆက်စကားဆို၏။

"ဗိုလ်မှူး ဘာလာလုပ်တာလဲ"

"မင်းဆီလာတာလေကွာ"

"ထမင်းစားပြီးပြီလား"

"ညနေစာတော့ မစားရသေးဘူးကွ၊ နေ့လယ်စာတော့
စားခဲ့ပါတယ်"





"ညနေထမင်း စားသွား ဗိုလ်မှူး"

ဆရာဘိုစံက ကြက်တစ်ကောင် ကာလသားဟင်း ချက်
ည်။ သူက ထမင်းဟင်းချက်အကောင်း။ တိုက်ခိုက်ရေးကျောင်း
ဟ်တော်ယာဉ်တပ်စုမှာ နာမည်ကြီးထမင်းချက်။

ဟင်းကျက်သော် ရှမ်းအရက်တစ်ပုလင်းထုတ်ပြီး အချို
ည်ရောကာ ဧည့်ခံ၏။ ကာလသားချက်နှင့် ရှမ်းအရက်တစ်ပုလင်း
ကို ကျွန်ုပ်နှင့် ကိုအေးသန်းတို့တွယ်လိုက်ကြရာ နာရီဝက်ကျော်
ကျော်အတွင်းမှာပင် ပြောင်တလင်းခါသွားတော့၏။ ထမင်းဆက်စား
ကြသည်။ ကြက်သားဟင်း၊ ဆီးဖြူသီးအစပ်ထောင်းနှင့် အတော်
ကောင်းလှ၏။

"ဗိုလ်မှူး ... ကျွန်တော့်ဆီ လာတာဟုတ်ရဲ့လား"

ဆရာဘိုစံက ကျွန်ုပ်ကို စူးစမ်းသည့်အကြည့်ဖြင့်ကြည့်ပြီး
မေးတော့၏။

"မင်း ... ဘယ်လိုထင်လဲ"

"မဟုတ်မှလွဲရော မခင်ခင်ဆွေဆီ လာတာထင်တယ်။
လ်မှူး မှန်မှန်ဖြေ"

ကျွန်ုပ်ကပြုံးပြီး ...

"အေးကွာ" ဟုပြောတော့

"မခင်ခင်ဆွေ မနေ့ကတည်းက သူ့တို့ခြံထွက်သွားပြီ
လ်မှူးရဲ့။ လေးငါးရက်ကြာမှ ပြန်လာမှာ။ သူ့အိမ်ကြည့်ထားပေးဖို့
နှ်တော့်တောင် မှာသွားတယ်"

"ဗိုလ်မှူး ဘာလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရုံပေါ့ကွာ"

ထိုအချိန်တွင် ကျောင်းစိမ်းလုံချည်၊ အင်္ကျီအဖြူနှင့် မြူး... တစ်လုံးဆွဲလာသည့် မိန်းမရွယ်လေးတစ်ဦး ခြံရှေ့ကဖြတ်သွား... ရုတ်ခြည်းကြည့်လိုက်မိသော်လည်း အသားဖြူဖြူ ဆံပင်ရှည်ရှည်... မဆွေနှင့် တူလှ၏။

"ဟော့ ... အဲဒါလေးက ဘယ်သူလဲကွ"

"အဲဒါ ခင်ခင်ဆွေညီမ ခင်ခင်မေလေ။ ဒီ နှစ် ၁၀တန်း... အောင်ပြီး ကောလိပ်မတတ်နိုင်လို့ ရွာကျောင်းမှာ ဆရာမ... ပြန်လုပ်နေတာ"

"ဟေ ... အဲဒါဆို သူနဲ့တွေ့မယ်ကွာ၊ လိုက်ပို့လို့ရမလား"

"ရတယ်လေ"

ကျွန်ုပ်တို့သုံးဦးသည် ရွာလည်လမ်းမကြီးဘေးရှိ အထပ်မြင့်... ပျဉ်ထောင်အိမ်ကြီးသို့ ရောက်သွားကြ၏။ ရေနံရောင် ရှေးဟောင်း... အိမ်ကြီးဖြစ်၏။

"ဟော့ ... မခင်မေ ဟော့ ... မခင်မေ"

"ရှင်"

"ဧည့်သည်ပါတယ်ဟော့ ... ဧည့်သည်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... လာပါရှင့်"

လှေကားအတိုင်း အပေါ်ထပ်တက်သွားရာ အိမ်ဝ၌ စောစော... က ဆရာမလေးက စောင့်ကြိုနေ၏။ သူလည်း အချောလေး... ညီမနှစ်ယောက်လုံး လှကြပါပေသည်။

"ဒါ ... ဗိုလ်မှူးသက်ဦး၊ မခင်ဆွေရဲ့မိတ်ဆွေ"





"ဟုတ်ကဲ့ ထိုင်ကြပါရှင့်၊ အစ်မကလည်း ပြောသွားပါတယ်။ ...ဗိုလ်မှူး ရောက်ချင်ရောက်မယ်လို့"

ဆရာမလေးမှာ အလွန်ဝမ်းသာနေရှာ၏။

ကျွန်ုပ်တို့ထိုင်လိုက်သည်နှင့် ဆရာဘိုစံက အလိုက်သိစွာ ...ပြန်သွားတော့၏။

ဆရာမလေးက ရေနွေးအိုးကြိုကာ ရေနွေးကြမ်းဖြင့် ...ဧည့်ခံ၏။ ကြသကာ မြေပဲယိုများပါ ပါသည်။

"ဗိုလ်မှူးတို့ ထမင်းစားပြီးကြပြီလား"

"ဆရာဘိုစံအိမ်က စားခဲ့ကြပါပြီ"

စကားထိုင်ပြောကြသည်။ မောင်နှမ ၃ ယောက်ရှိသည်ကို ...သိပြသည်။ အငယ်ဆုံးလေးက ၁၀ နှစ်။ နောက်နှစ်ယောက်က ၁၂ နှစ် နှင့် ၁၄ နှစ်။ အားလုံးရွာမှာကျောင်းနေကြ၏။ ရွာက ...ဘက် အလယ်တန်းကျောင်း ရထားသည်တဲ့။

"မမက မှာသွားပါတယ်။ ဗိုလ်မှူးလာရင်ပြောဖို့"

"ဘာများပါလိမ့်"

"ခြံထဲလွှတ်လိုက်ပါတဲ့"

"သနပ်ဖက်ခြံလား"

"ဟုတ်ပါတယ်"

"ဝေးလား"

"လေးငါးခြောက်မိုင် ဝေးပါတယ်"

"အစ်ကိုတို့က မနက်အစောကြီးပြန်ရမှာ ညီမရဲ့၊ ခြံဝေးရင် ...တော့ မသွားတော့ပါဘူး။ ဘော်ဆိုင်းနဲ့ ဒီတောင်သုံးနာရီလောက်



www.burmeseclassic.com

www.burmeseclassic.com



လာရတာ။ လမ်းမှာ မိုးတောင်မိခဲ့တယ်''

''ဩော် ...''

ဆရာမလေးက ကျွန်ုပ်တို့နှစ်ယောက်ကို စူစမ်းသ
အကြည့်၊ အားနာသည့်အကြည့်များဖြင့် ကြည့်နေ၏။

ကျွန်ုပ်တို့သည် ပါလာသည့်ပစ္စတို သေနတ်များကို
မယ်ရ ဖင်အောက်၌ ခုထိုင်ထားကြ၏။ စစ်တဘက်နှင့် ပတ်
ကြသည်။

ထိုစဉ်တွင် ဖြုန်းဆို မမျှော်လင့်သော ကိစ္စတစ်ခုဖြစ်
သည်။

ရွာလည်လမ်းသို့ပြောက်ကျား ယူနီဖောင်းဝတ် လူ ၄၀ ခ
လက်နက်ကိုယ်စီဖြင့် ဖြတ်လျှောက်သွားကြ၏။

''ဘာတွေလဲ''

''ပအို့ အနီတွေ''

''ဟော''

ကျွန်ုပ်နှင့် ဗိုလ်မှူးအေးသန်းတို့ နှစ်ယောက်သား သေနတ်
မောင်းတင်လိုက်ပြီး ဖင်အောက် အသာပြန်ထိုးထည့်ထား၏။

လူတန်းမဆုံးမီတွင် ၎င်းတို့အထဲမှ M-16 လွယ်ထားသည့်
လူတစ်ယောက် အိမ်ဘက်သို့ဝင်လာသည်။

''ဟော့ ... မခင်ဆွေ''

''မခင်ဆွေ မရှိဘူးရှင့် ခြံသွားတယ်''

ထိုသူသည် လှေကားအတိုင်း တဒိုင်းဒိုင်းနှင့် အိမ်ပေါ်သို့
တက်ချလာ၏။ ကျွန်ုပ်တို့နှစ်ဦးမှာ ဖြုန်းစားကြီးဖြစ်၍ ပုန်းချိန်မရ





ကြ။ မီးဖိုဘေးတွင် မှင်သေသေနှင့် ထိုင်နေရ၏။

ထိုသူသည် ကျွန်ုပ်တို့ထိုင်နေသည့် လှေကားထိပ်က
ဝင်းသို့ တန်းတန်းမတ်မတ်ဝင်ချလာ၏။ ခါးတွင် ပစ္စတိုပါ ပါ၏။

ဟိုက် ... ဒုက္ခပဲဟော့။

''မခင်ဆွေ မရှိဘူးလား''

''မရှိပါဘူးရှင့်။ ခြံသွားပါတယ်''

''ဩော် ... ဒါနဲ့ ဒီလူ ၂ ယောက်က ဘယ်ကလဲ''

''ဟော့ ... လူတွေ ခင်ဗျားတို့က ဘယ်ကလဲ''

ကိုအေးသန်းက ပါဝါမျက်မှန်အထူနှင့်မို့ တောသားနှင့်မတူ
ထူးခြားနေ၏။

''သူတို့က ဘော်ဆိုင်းက သနပ်ဖက်အဝယ်တွေပါရှင့်''

ဆရာမလေးက ဝင်ဖြေသည်။ ထိုသူက ကျွန်ုပ်တို့နှစ်ဦးအား
မြဲထုံးခေါင်းဆုံးကြည့်သည်။ ဘာများ မေးစမ်းဦးမလဲတော့မသိ။
င်း ... ပြဿနာတော့ တက်ပြီ။

ထိုစဉ်တွင် ရဲဘော်တစ်ယောက် အိမ်ပေါ်ပြေးတက်လာ၏။

''ဗိုလ်ကြီး ရှေ့ကရွာမှာ အစိုးရတိုက်ကင်းတစ်ဖွဲ့ ရောက်နေ
တယ်လို့ အဲဒီရွာက လာပြီးပြောနေတယ်''

''ဟော ... အေး ... အေး''

ထိုသူလည်း ကျွန်ုပ်တို့နှစ်ဦးအား တစ်ချက်စွေကြည့်ကာ
အိမ်ပေါ်မှ ကမန်းကတမ်း ဆင်းသွားတော့၏။

ဟူး ... တော်သေးရဲ့။ အန္တရာယ်ကတော့ အတော်နီးနေ
ပြီ အမြန်လစ်မှ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တပ်ထွက်သွားသည်နှင့်။

''ကဲ ... ညီမလေးရေ အန္တရာယ်ရှိတယ်ကွ။ မင်းအ... လည်း အကျိုးအကြောင်းပြောလိုက်။ အစ်ကိုတို့ ပြန်မယ်။ နောက်မှ တွေ့ကြသေးတာပေါ့''

''အစ်ကိုကြီး ကိုအေးသန်းရေ လစ်ကြစို့''

ကျွန်ုပ်တို့နှစ်ဦးသည် ထိုရေနံရောင်အိမ်ကြီးပေါ်မှ ဆင်း... လာလမ်းအတိုင်း အမြန်ဆုံး ဘော်ဆိုင်းသို့ သုတ်ခြေတင်ရ ပါသတည်း။

အပြန်လမ်း တောင်အတက်၌ တဖျောက်ဖျောက်နှင့် လ... နက်ငယ်သံများကြားရ၏။ M-79 သံ တစ်ချက် တစ်ချက်လည်း ပါသေး။

''တိုက်ပွဲဖြစ်နေပြီထင်တယ် အစ်ကိုရေ''

''ကိုယ်လည်း အဲဒီလိုပဲထင်တာဘဲကွ''

ကျွန်ုပ်တို့ ဘော်ဆိုင်းပြန်ရောက်တော့ ညကိုးနာရီထိုးပါပြီ ခင်ဗျား။ တော်သေးရဲ့ လသာရက်မို့။ လမ်းမှာ ဓာတ်မီးမပါ ဘာမပါနဲ့။ ကိုအေးသန်းကလည်း ပါဝါမျက်မှန် အထူကြီးနဲ့။

နောက်နေ့တွင် ကျွန်ုပ်တို့သင်တန်းသားများ ဘော်ဆိုင်းမှ ပြန်ခဲ့ကြ၏။ ထိုနေ့ည ယမကာဝိုင်းတွင် ကျွန်ုပ်၏စွန့်စားခန်းအ... ပြောပြရာ အားလုံးက တဝါးဝါး တဟားဟားနှင့် ရယ်မောကြ၏။

''ကံကောင်းလို့ မသေ သံချောင်းတို့အဖေပါလား။ ကိုယ့် ညီရာ''

''အချစ်အတွက်ဖြင့် အသက်ပင်သေသေပေါ့လေ''





''ဟုတ်ပါ့ ... ဟုတ်ပါ့''

''ဒို့ဇာတ်လိုက်တော့ တကယ့်ပွဲကြီးပွဲကောင်း နွှဲခဲ့တာပဲ ...''

''နေပါဦး ကောင်မလေးက ခြံထဲလိုက်ခဲ့ဖို့ ဘာလို့ခေါ် ...လဲ''

''မနက်က တပ်နယ်ဈေးထဲက ခနေမယူထားတဲ့ ဆရာ ...နေကို သွားမေးပြီးပြီ''

''ဘာတဲ့လဲ''

''ခနေထုံးစံက အပျို လူပျို သနပ်ဖက်ခြံမှာ ချိန်းတွေ့ကြတဲ့ ...။ သဘောတူရင် Everything O.K တဲ့။''

''ဒါဆို ကိုသက်ဦး ထိပေါက်ပြီး လက်မှတ်ပျောက်သွား ...ပေါ့''

''ထားလိုက်ပါတော့ဗျာ၊ ဒါလောက်နဲ့ ပြီးသွားတာကောင်း ...ကယ်''

''မပြီးသေးဘူးနဲ့တူတယ်နော်။ ဆက်ရန်ရှိသေးသည်ဖြစ် ...ယ်ဗျို့''

ဗိုလ်မှူးစိုးမြင့်က သူ့အတွေ့အကြုံများအရ ဝင်ပြောသည်။ ...မှက မချောဆယ်ယောက် ကိုယ်တစ်ယောက်သမား ရည်စားသက် ...ဖူထားသူ။

သူပြောတာ ဟုတ်ပါသည် ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မပြီးဆုံးသေးသော ဇာတ်လမ်း

သင်တန်းဆင်းရန် တစ်ရက် နှစ်ရက် အလိုတွင် ... တစ်စောင် ဘော်ဆိုင်းမှ ရောက်လာ၏။ မဆွေသီက စာ။

အစ်ကို

ရွာလာပြီးလွဲသွားလို့ လုံးဝစိတ်မကောင်း... ဘူး။

အစ်ကိုကြို့မှ မပြောဘဲ ပြောရင် ရွာက... နေမှာပေါ့။

ပြီးတော့ ရွာမှာ အနီတွေနဲ့တွေ့သွားသော... မသေကောင်း။ မပျောက်ကောင်း အစ်ကိုရယ်။

အဲဒါအတွက်လည်း စိတ်မကောင်းဘူး။ အစ်... ကို လူကိုယ်တိုင်တွေ့ပြီး တောင်းပန်ချင်တယ်။

အပြန် ရထားနဲ့ပြန်မှာဆို။ လာမယ့် ... ရထားနဲ့ပြန်မှာ သေချာလား။ အောင်ပန်းဘူတာက လာ... နေမယ်။

ဆွေ...

ထိုနေ့နေ့ ယမကာဝိုင်းတွင် ထိုစာကိစ္စကို ဆွေးနွေးဖြစ်...

''ဘယ်လိုလဲ ကိုသက်ဦး''

''ဘယ်လိုမှ မလဲဘူး''

''ကိုယ်တို့က သင်တန်းဆင်းတဲ့နေ့ ကားစင်းလုံးငှားပြန်မှ...





...ယ့်ညီကောင်မလေးနဲ့ တွေ့ချင်ရင် ရထားနဲ့ဆင်းပေါ့။ မတွေ့ချင် ...တော့ ကိုယ်တို့နဲ့လိုက်ခဲ့''

ဗိုလ်မှူးကျော်ခင်က ပြောသည်။ ကျွန်ုပ်က သူတို့နှင့်လိုက် ...သဘောတူလိုက်၏။ လျှို့ဝှက်သည်းဖိုဇာတ်လမ်းကို တစ်ခန်းရပ် ...က်ချင်၏။

ဇာတ်က တကယ်ပဲ လျှို့ဝှက်သည်းဖိုဖြစ်သွား၏။

သင်တန်းဆင်းသည့်နေ့က တပည့်ကျော် သန်းဇော် သူ ...ယ်စားနှင့်သွားတွေ့ရာက ပြန်မလာ၍ ညနေမိုးချုပ်မှ ဗထူးက ...က်ရ၏။ တောင်ကြီးတက်ပြီး ညကားစီးရ၏။ ကားက မိတ္ထီလာ ...ားမှာ၊ မိတ္ထီလာကတစ်ဆင့် မကွေးသို့ ကားပြောင်းစီးရမည် ...ဖ်သည်။

တောင်ကြီးတွင် ခရီးသည်တင်ကား မရ၍ မသာပို့သည့် ...သာကားဖြင့် လိုက်ဆင်းရသည်။ လူသေအလောင်းနှင့် တစ်ညလုံး ...ပါးသွားလိုက်ရ၏။ ထိုအကြောင်းကို လျှို့ဝှက်ဆန်းကြယ် (၄)၌ ...ူးဆန်းတဲ့ခရီး''အမည်ဖြင့် စာတစ်ပုဒ်ရေးခဲ့ပြီးပါပြီ။

တိုတိုပြောကြပါစို့ ခင်ဗျာ။

ဇာတ်က ဒီမှာပဲ တစ်ခန်းရပ်သွားခဲ့တော့၏။

သို့သော် ...

ထိုသို့သော်က အောက်ပါအတိုင်းဖြစ်ပါသည် ခင်ဗျာ။

၁၉၉၀ ခုနှစ် နှစ်ဆန်း။ ကျွန်ုပ်သည် တပ်ရင်းမှူးတာဝန်နှင့် ...ောင်ကြီး ရပခတွင် တာဝန်ကျနေ၏။

မိတ်ဆွေများဆီသို့ လွတ်လပ်ရေးသဝဏ်လွှာများ ပို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

တာဝန်အရ အောင်ပန်း ခဏအရောက်၌ ခင်ခင်မေမျှ ခင်ခင်မေတို့ဆီ လွတ်လပ်ရေး Card တစ်ခုပို့လိုက်၏။

ဆွေ/မေ

ညီအစ်မတစ်တွေ နေကောင်းကြပါသလား။
ရန်ကုန် ရွှေပြည်သာမှာ တပ်ရင်းမှူး ဖြစ်နေပါပြီ။
ကြုံရင်လာလည်ဖို့ ဖိတ်ခေါ်ပါသည်။

သက်ဦး

ဘာရယ်မဟုတ်ပါ။ အောင်ပန်းရောက်တုန်း သတိရ၍ ထည့်လိုက်ခြင်းပါ။

ဖေဖော်ဝါရီလကုန်၌ တောင်ကြီးမှ ရွှေပြည်သာ ပြန်ရောက်သည်။

ရောက်သည့်နေ့မှာပင် ဆယ့်သုံးလေးနှစ်အရွယ် သမီးအပေါ် ဆုံးလေးက စာတစ်စောင်ထုတ်ပေး၏။ အမေ မသိအောင် သိမ်း ထားတဲ့စာတဲ့။

အစ်ကိုကြီးရှင့်

ကျွန်မ ခင်ခင်မေ စာရေးလိုက်ပါသည်။
ကျွန်မတို့အားလုံး ရွာမှာ မနေကြတော့ပါ။ ကလော ပြောင်းသွားပါပြီ။ အဘိုး အဘွား





...ည်း ဆုံးပြီ။

ကျွန်မလည်း ရန်ကုန် မင်္ဂလာဒုံ အထက(၅) မှာ အလယ်တန်းပြဆရာမတာဝန် ထမ်းဆောင်နေပါသည်။ ...စ်ကိုကြီးတပ်နဲ့ သိပ်မဝေးပါ။

လာနိုင်ရင် လာခဲ့ပါရှင့်။
ခင်မင်လေးစားစွာဖြင့်
ခင်ခင်မေ

စာဖတ်ပြီး သမီးငယ်ကို ကျေးဇူးတင်ကြောင်းပြောရသည်။

...ုံးကမှတ် အဆုံးသတ်

နောက်နေ့ တပ်က မာဇဒါဂျစ်ကားဖြင့် မင်္ဂလာဒုံတပ်နယ် ...မျှအထွက်က ကျောင်းလေးကို သွားဖြစ်သည်။ ခင်ခင်မေနှင့် ...တွေ့ဖြစ်သည်။

"ဟယ် ... အစ်ကိုကြီး တကယ်လာတယ်နော်"

"လာရတာပေါ့ကွာ။ ဆွေမျိုးအရင်းကြီးတွေပဲ"

အချိန်အတော်ကြာအောင် စကားပြောဖြစ်ကြသည်။

...စကဒ်လေးကို ရွာလူကြုံက ရန်ကုန်အလာ ယူလာပေးတာတဲ့။

"ဒါနဲ့ မဆွေရော"

"အိမ်ထောင်ကျသွားပြီ အစ်ကိုကြီး။ သိပ်တောင်မကြာ ...သေးပါဘူး။ သူယောက်ျားယူတာ ကျွန်မထက်တောင် နောက်ကျ ...ပါသေးတယ်"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



''ခင်ခင်မေ့ အမျိုးသားကရော''

''တပ်ကပါပဲ။ DSGH က M.A ပါ''

''မဆွေ အမျိုးသားကရော''

''ကလောမှာ အရောင်းအဝယ်ပါပဲ။ ခြံတွေလည်း ရှိပါတယ်။ ရွာက အိမ်နဲ့ခြံကိုတော့ အပြီးရောင်းခဲ့တယ်''

''မဆွေက အစ်ကိုကြီးကို တကယ်ချစ်ရှာတာ။ ခဏ ခဏ အစ်ကိုကြီးအကြောင်းပြောတယ်။ ယောက်ျားယူခါနီးတောင် ပြော တုန်းပဲ''

သူ့စကားကြောင့် ကျွန်ုပ်မှာ စိတ်မကောင်းစွာဖြင့် အာ။ တင်းပြုံးကာ နားထောင်ရပါသည်။

ခင်ခင်မေက တပ်ထဲရောက်ပြီးမှ တောတွင်းလက်နက် ကိုင်များအကြောင်းကို ပိုသိပြီး ပိုပြောနိုင်လာ၏။

''အစ်ကိုကြီး အခု ခရီးထွက်တော့ ဘယ်ဘက်သွားရုလဲ''

''တောင်ကြီး ကျိုင်းတုံပါပဲ''

''ဒါဆို ရွာမှာတွေ့ခဲ့တဲ့လူတွေအကြောင်းသိတာပေါ့နော်''

''အင်း . . . သိပါတယ်''

''ကံကောင်းလို့နော် အစ်ကိုကြီး''

''အင်း . . . ဟုတ်ပါတယ်၊ အဲဒီတုန်းက လူငယ်လေကွာ။ ဘာမှမစဉ်းစားဘူး။ မင်းအစ်မနဲ့ တွေ့ချင်တာ တစ်ခုပါပဲ။ အချစ် အတွက်နဲ့ အသက်ပင်သေသေပေါ့ကွာ''

သူမက ကျွန်ုပ်အပြောကို သဘောကျပြီး ပြုံးလိုက်၏။

''ကဲ . . . ကိုယ့်ညီမရေ ပြန်မယ်နော်''





''ဟုတ်ကဲ့ပါ အစ်ကိုကြီး။ ကြုံတဲ့အခါ ဒီကျောင်း ဝင် လည်ပါ''

''အေးပါကွာ''

''ဩော် . . . အစ်ကိုကြီး မေးစရာတစ်ခုရှိပါတယ်''

''မေးပါ''

''မိသားစုရှိလားဟင်''

''ရှိပါတယ်''

''ဟိုတုန်းကထဲက ရှိတာလား''

''အင်း . . . ဟုတ်ပါတယ်''

သူမက ဘာမှဆက်မမေးတော့ပါ။

ကျွန်ုပ်က လေးတွဲ့စွာဖြေကြားပြီး သူမကိုနှုတ်ဆက်ခါ ထွက်လာခဲ့မိတော့၏။

စိတ်ထဲကမူ ''အဲဒါကြောင့် မင်းအစ်မခြံကို လိုက်မသွား တော့တာပေါ့'' ဟု ပြောလိုက်မိပါသည် ခင်ဗျား။

ဩော် . . . အချစ်အတွက်ဖြင့် အသက်ပင်သေသေတဲ့ ဟုတ်မှာပေါ့။

အဲဒီတုန်းက ငယ်သေးတာကိုး။

သောင်းဝေဦး

၁. ၁၂. ၂၀၁၅

■



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့်သတိပဋ္ဌာန်

ရေးသူ – သောင်းဝေဦး

**သတိပဋ္ဌာန်နိဒါန်း**

၂၀၀၈ ခုနှစ် ဒီဇင်ဘာလကုန်က ဒုလ္လဘရဟန်းလေး ငါးရက်ဝတ်ဖြစ်သည်။ စိန်စည်သာသနာ့ရိပ်သာမှာ ဖြစ်၏။

ဥပဇ္ဈာယ်ဆရာတော်မှာ လွန်ခဲ့သည့် အနှစ် ၂၀ ကျော်အစိတ်ကတည်းက ရင်းနှီးကျွမ်းဝင်လာခဲ့သော ဆရာဒကာရင်းဖြစ်သည်။ စာရေးသူကြောင်းကို ထဲထဲဝင်ဝင် သိသည်။ လူဝတ်မလဲမီတစ်ရက်၌ . . .

"ဦးပဥ္စင်းကြီး ဒီကပြန်ရင် သတိပဋ္ဌာန်တရားနဲ့ ပတ်သက်တဲ့စာတစ်ပုဒ်လောက် ဘုန်းကြီးကို ရေးပေးပါ။ ရွှေပန်းတော သတိပဋ္ဌာန်တရားစခန်း ၂၅ နှစ်မြောက် ငွေရတုစာစောင် ထုတ်ဖို့ရှိတယ်"

ဟု မိန့်ကြားလေသည်။ ဖြစ်လောက်သည်ထင်၍ အမိန့်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကို မရေးပါရစေနဲ့ဟု ပြန်မလျှောက်လိုသဖြင့် အချိန် နှစ်ပတ်ခန့် တောင်းခဲ့ပါသည်။ ဆရာတော်က ...

''ဆယ်ရက်လောက်နဲ့ ပြီးအောင်ရေးပေးပါ''

ဟု အမိန့်ရှိပြန်၏။ အာမဘာန္တေခံခဲ့ရပါသည်။

ရွှေပန်းတောသတိပဋ္ဌာန်တရားစခန်းဆိုတော့ ဟိုးလွန်ခဲ့ဂ အနှစ် နှစ်ဆယ်ကျော်က ရွှေပန်းတောရွာကလေးကို ပြေးပြီး အရ သတိရမိပါသည်။ တစ်ခေါက် ရောက်ခဲ့ဖူးသည်။ အမှတ်တရပါပဲ။

❖ ❖ ❖

''ဒုတပ်ရင်းမှူး ... မနက်ဖြန် ရွှေပန်းတော ဘုန်းကြီးပျံ ပွဲက ဖိတ်ထားတာ ရှိပါတယ်။ သွားချင်ပါသလားခင်ဗျာ''

၁၉၈၅ ခုနှစ်နောက်ပိုင်း၌ အောင်လံမြို့ကလေးသို့ ဒုတပ်ရင်း မှူးတာဝန်နှင့် ပြောင်းရွှေ့ခဲ့ရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ တစ်ခေါက်ခရီးထွက်လိုက်ရသည်။ အနားပြန် နှစ်ပတ်အချိန်ရသည်။ တပ်မှာ မိသားစုနှင့် နားနေဆိုက်ဖြစ်၏။ မိသားစုနှင့်အတူနေချိန် ဖြစ်၍ သာမန်အားဖြင့်တော့ ဘယ်မှ မသွားလိုပါ။ သို့ရာတွင် တပ်ရင်းမှူးကိုယ်စား၊ တပ်ကိုယ်စားဆိုတော့ သွားမှာသင့်လျော် ပေလိမ့်မည်။ အောင်လံပတ်ဝန်းကျင်လည်း ဘယ်မှမရောက်ဘူး သေး။ ထို့ကြောင့် ...

''သွားကြတာပေါ့။ တပ်ရေးဗိုလ်ကြီးနဲ့ မော်တော်ယာဉ်မှူး ကို လိုတာစီစဉ်ပေးဖို့ပြောပါ''

ဟု လာသတင်းပို့သည့် တပ်ရင်းအရာခံဗိုလ်ကို မှာရသည်။





နောက်တစ်နေ့နံနက်တွင် တပ်မှ နစ်ဆန်းကယ်ရီယာကား လေးဖြင့် ထွက်ခဲ့သည်။ ယာဉ်မောင်းတပ်ကြပ်စိုးသိန်းမှာ ရွှေပန်း တော၌ စခန်းထိုင်ခဲ့ဖူးပြီး လယ်ထွန်စက်တစ်စီးဖြင့်လည်း စိုက်ပျိုးရေး လုပ်ငန်းများအတွက် ထွန်ယက်ပေးခဲ့ဖူးသည်။ ရွာနှင့် အလွန် ရင်းနှီး၏။ ရွှေပန်းတောမှာ အောင်လံနှင့် ၂၆ မိုင်ခန့် ဝေး၏။ မြို့အနောက်ခြမ်းမှာရှိသည်။ တစ်ရံရောအခါက ဗကပတို့၏ အဖျား တက်ခဲ့ဖူးသော ရွာဖြစ်၏။ သို့ရာတွင် ဘုရားတရားရှိသူများ ဖြစ်ကြ သည်။ ယခုလည်း ဘုန်းကြီးပျံပွဲအား ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိ၏။ အန္တိမဈာပနဟု မှတ်သားမိ၏။

ရွာသွားလမ်းမှာ မြေလမ်းဖြစ်သည်။ မြေပြန့်ဖြစ်၍ လမ်း မဆိုးလှပါ။ ကြံ့တုန်းရောက်ဖူးတယ်ရှိအောင် ဖနီးသည်ကိုပါ ခေါ် လာခဲ့သည်။ ရွာက ကျွန်ုပ်တို့ဇနီးမောင်နှံကို လှိုက်လှဲဝမ်းသာ ကြိုဆို ကြသည်။ စားကောင်းသောက်ဖွယ်များကို ချကျွေးသည်။ အချိန်က မွန်းလယ်စာ **lunch** စားချိန်ဖြစ်၍ နေ့လယ်စာထမင်းကို ဟင်း ကောင်းကျွေးကောင်းများနှင့် ညှိခံကျွေးမွေးသည်။ ဖျော်ဖြေရေး အဖွဲ့များက အငြိမ့်ပွဲများ၊ အကများ၊ အတီးအမှုတ်များနှင့် တင်ဆက်ပြသ၍ ဇနီးသည်က အထူးကျေနပ်နေ၏။ တကယ့် **V.I.P Treatment** ကြီးပါပေ။ ဘုန်းကြီးပျံပွဲဝင်း၌ မင်းသမီးတစ်ဦး ယဉ် ကျူးနေသည်ကိုလည်း လွမ်းမောဖွယ် ကြည့်မြင်ခဲ့ရသည်။ ကြည့် နေသည့် လူအုပ်ကြီးကလည်း စည်ကားလှ၏။

''ဒုတပ်ရင်းမှူးတို့ အခုလို လာရောက်ချီးမြှင့်တာကို အထူး ကျေးဇူးတင်ပါတယ်'' ဟုလည်း ဈာပနကော်မတီက ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com



စကားဆိုသည်။ ဇနီးသည်မှာ ကျေးရွာလူထုနှင့် ဈာပနကောင်စီ လှိုက်လှဲပျူငှာမှုကို အလွန်နှစ်ခြိုက်သွားသည်။ အပြန်လမ်း၌ ...

"ကျွန်မတို့ကို တကယ့်လှိုက်လှိုက်လှဲလှဲနဲ့ ကြိုကြိုတာ ဒီရွာက တော်တော်ဂါဝရတရား နိုဝါတတရားရှိတယ်"

ဟု ချီးကျူးစကားဆိုသည်။

ကျွန်ုပ်မှာ ဇနီးသည်စကားကြောင့် ပြုံးရပါ၏။ ကားပေါ် တွင်လည်း ရွာက လက်ဆောင်ပေးလိုက်သည့် ဒေသထွက်အ အနံ့များက အပြည့်အလျှံ ပါလာ၏။ တပ်ပြန်ရောက်တော့ ဇနီးသ က ထိုခရီးစဉ်ကို မကြာခဏ ပြောမဆုံး။ ရွှေပန်းတောရွာကို တစ်ခေါက်သာ ရောက်ခဲ့ဖူးပါသည်။ သို့ရာတွင် မကြာခဏပေ သတိရနေ၏။ ထိုရွာမှာ ကျွန်ုပ် ဥပဇ္ဈာယ်ဆရာတော်၏ တရ စခန်းက ၂၅ နှစ်တိုင်ရှိနေခဲ့ပြီ။

တရားစခန်းက သတိပဋ္ဌာန်တရားစခန်း။

သတိပဋ္ဌာန်ဆိုသည်မှာ အဘယ်အရာပါနည်း။

❖ ❖ ❖

လွန်ခဲ့သည့် လေးငါးနှစ်က အလုပ်မှ အနားယူခဲ့သည်။

ဘွဲ့ရ၍ ကျောင်းကထွက်ပြီး အလုပ်ထဲဝင်လိုက်သည်နှ လက်နက်ကိုင်ဘဝသို့ ကျရောက်ခဲ့သည်။ ယူနီဖောင်းဝတ်၍ သေနတ် ကိုင်ပြီး တောတောင်ရေမြေအနှံ့ သွားလာ၍ ပစ်ခတ်တိုက်ခိုက်ခ ခဲ့ရသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ဘာသ တရားနှင့် ကင်းဝေးခဲ့သူဖြစ်ခဲ့ပြီး လက်နက်ကိုင်ဘဝတွင် တာဝ





...ဆောင်ခဲ့ရပြန်သဖြင့် ဘာသာရေးနှင့် ကြာလေ ဝေးလေဖြစ် ... အနှစ်လေးဆယ်ခန့် ယူနီဖောင်းဝတ်နှင့် တာနဝ်ထမ်းဆောင် ...ရောက် အလုပ်မှ အနားယူခဲ့၏။ အသက်ကလည်း ၆၀ ရှိခဲ့ပြီ။ ...က အိုလာသည်။ လောကနိယာမအရ ဇာတိဇရာ ဗျာဓိမရဏ ...က အစွမ်းပြလာကြသည်။ စိတ်တွေက မအေးချမ်းနိုင်ခဲ့။ ...ကုသိုလ်အရိပ်များက လိုက်ပါလာနေကြ၏။ ဇနီးသည်နှင့် တိုင်ပင် ...သည်။

"ဗုဒ္ဓဂယာကို ဘုရားဖူးသွားလိုက်ကြရအောင်လား"

ဇနီးသည်က တိုက်တွန်းအားပေးမှုကြောင့် သံဝေဇနိယ ...ဌာနရှိရာ မဇ္ဈိမဒေသသို့ ဇနီးမောင်နှံ ဘုရားဖူးထွက်ဖြစ်ခဲ့ကြ ...။ တစ်လခန့်ကြာသည်။ ခရီးစဉ် ပြီးဆုံးခါနီး၌ အိန္ဒိယပြည်၏ ...တော် နယူးဒေလီသို့ ရောက်တော့၏။ ဤ၌တွင် ပထမဆုံးအကြိမ် သတိပဋ္ဌာန်နှင့် ဆက်စပ်မိပါတော့သည်။

၂၀၀၅ ခုနှစ် နှစ်စကာလ။ ဆောင်းမကုန်သေးသည်မို့ ...ိန္ဒိယ၏ဆောင်းက အေးလှချေ၏။ ဟိမဝန္တာမှ မြောက်ပြန်လေက နယူးဒေလီထိအောင် အအေးဓာတ်များကို ရစ်ပတ်သယ်ဆောင် လာ၏။

"ဒီနေ့ ဘယ်သွားကြမှာလဲ"

စာရေးသူတို့ဇနီးမောင်နှံက **Tour Guide** ဖြစ်သူ **Mr. Aroon** အရှမ်းအား မေးလိုက်၏။

"**Indian Gate** နဲ့ သတိပဋ္ဌာန်တရားဟောတဲ့ နေရာကို သွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



Tour Guide, Mr. Aroon မစ္စတာအရွမ်းက ပြော
နယူးဒေလီတွင် မသွားတတ် မလာတတ်သေး၍ Tour Guide
ငှားရ၏။ Mr. Aroon မှာ ဘွဲ့ရခေတ်ပညာတတ်ဖြစ်သည်။ အင်္ဂလိပ်
စကားကို ရေလည်စွာ ပြောနိုင်သည်။ နယူးဒေလီကိုလည်း လွန်စွာ
ကျွမ်းကျင်၏။ သူ့အစီအစဉ်အတိုင်း တည်းခိုရာ နယူးဒေလီ ဘူတာ
ကြီးနားက သီရိလင်္ကာဘုရားဖူးရိပ်သာမှ Indian Gate သို့ သွား
ခဲ့၏။ Indian Gate ကို ခေတ္တလေ့လာကြည့်ရှု၍ မြတ်စွာဘုရား
သတိပဋ္ဌာန်တရားဟောခဲ့ရာ အရပ်ကို ခရီးဆက်ခဲ့သည်။ ဘုရား
ပွင့်တော်မူစဉ်က မြတ်စွာဘုရားသည် သတိပဋ္ဌာန်တရားတော်ကို
ဤနယူးဒေလီမြို့တည်ခဲ့ရာ အဝန်းအဝိုင်း၌ ဟောကြားခဲ့သည်ဟု
ဆိုပေ၏။

Indian Gate မှ မြောက်ဘက်သို့ထွက်ခဲ့ကြရာ ဟိုကျေ
ဒီကောက်ဖြင့် မြို့မြောက်ဘက် ဆင်ခြေဖုံးတစ်ခုသို့ ရောက်သွား
ကြ၏။

ထိုနေရာသည် နယူးဒေလီမြို့၏ ဆက်တန် နာဂရ ခေါ်
Kelasa အရပ်ဟု ဆို၏။ ရပ်ကွက်မှာ မြို့အစွန်ကျပြီး အိမ်ပေါ်
လေးများ ကျပ်ညပ်နေ၏။ တစ်ဆက်တည်း ဆယ်ကေခန့်ရှိ အုတ်
တံတိုင်း ကာရံထားသည့် ခြံဝင်းကျယ်ကြီးတစ်ခုသို့ ရောက်သွားကြ
သည်။ ကုလားအဘိုးကြီးနှစ်ယောက် အပေါက်စောင့်နေကြသည်။
အရွမ်းက ဟိန္ဒူစတန်နီလိုပြောသည့်အခါ တံခါးဖွင့်ပေး၏။ သူတို့
အား ဆယ်ရူပီးပေးခဲ့ရသည်။ ခြံဝင်းကြီးအတွင်း၌ တောင်ကုန်းပေါ်
လေးတစ်ခုရှိပြီး တောင်ကုန်းပေါ်တွင် ကျောက်တုံးကျောက်ခဲများ





ကလယ်၌ အမိုးနှင့်ဇရပ်တစ်ဆောင် ရှိ၏။ ထိုနေရာသည်ကား
မြတ်စွာဘုရား သတိပဋ္ဌာန်တရား ဟောကြားခဲ့သည်ဆိုသော နေရာ
ဖြစ်သည်။

ထိုခရီးစဉ်ကို ပြန်ပြောင်းစဉ်းစားရင်း ကျွန်ုပ် လေ့လာမိ
သော သတိပဋ္ဌာန်တရားတော်ကို ပြန်လည်ဆင်ခြင်မိပါသည်။

## သတိပဋ္ဌာန်တရားတော်

မြတ်စွာဘုရားသည် သတိပဋ္ဌာန်တရားတော်ကို ပေါရိသာဒ
၏။ ဆုံးမရာအရပ်ဖြစ်သော ကုရုတိုင်း ကမ္မာသဓမ္မအမည် ရှိ
သော မြို့ကလေး၌ သီတင်းသုံးနေထိုင်မူစဉ် ရဟန်းတို့ကို စုဝေး
၍ ဟောကြားမူခဲ့ခြင်းဖြစ်သည်။ ရှေးအခါက ကမ္မာသဓမ္မသည်
ကုရုတိုင်းတွင် တည်ရှိသည့် နိဂံမမြို့ဖြစ်၏။ တောအုပ်ကြီးတစ်ခု
အနီး၌ ရှိခဲ့လေသည်။ ထိုအခါက ကုရုတိုင်းသည် တိုင်းသူပြည်သား
တို့ မကျိုးမပေါက် ကျင့်သုံးဆောက်တည်အပ်သော ငါးပါးသီလ
ကို ရည်၍ ကုရုဓမ္မတိုင်းဟု အမည်တွင်ခဲ့၏။ ထိုသို့ရှိနေရာမှ မြို့
ကလေး၌ ဈေးတစ်ခုပေါ်ပေါက်၍ ကုန်ရောင်းကုန်ဝယ်များ ဖြစ်
ထွန်းလာပြီး ဈေးမြို့ကလေးဖြစ်လာခဲ့ပေသည်။

တဖြည်းဖြည်းနှင့် ဈေးဆိုင်ပေါင်း ရှစ်သောင်းနှင့် ကုန်ပစ္စည်း
များ ထုတ်လုပ်ပေးနိုင်သည့် မြို့ကြီးဖြစ်သွား၏။ ထိုသို့ အရောင်း
အဝယ်များနှင့် စည်ကားလာသည့်အခါ ကုရုဓမ္မအမည်ရသည့် ငါးပါး
သီလမှာ လူတို့၏ လောဘဇောကြောင့် ကုရုဓမ္မမှသည် ကမ္မာသဓမ္မ
မြို့ဟု အမည်ပြောင်း၍ ခေါ်တွင်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမြို့၌ မြတ်စွာဘုရားသည် သတိပဋ္ဌာန်တရားကိုသာမက မဟာနိဒါနသုတ္တန်၊ အာနေဥ္စသပ္ပါယသုတ္တန်၊ မာဂဏ္ဍိယ သုတ္တန် များကိုပါ ဟောကြားတော်မူခဲ့သည်။ သို့ရာတွင် လူသိများပြီး ထင်ရှား သည့်သုတ္တန်မှာ ''မဟာသတိပဋ္ဌာန်'' တရားတော်ကြီးသာ ဖြစ် ပါသည်။

သတိပဋ္ဌာန်ဆိုသည်မှာ သတိယောပဋ္ဌာနံ - သတိပဋ္ဌာန် ဆိုသည့် ပါဠိပုဒ်မှ လာပြီး သတိ + ပဋ္ဌာန မှသည် သတိပဋ္ဌာန် ဖြစ်လာ၏။ သတိဆိုသည်မှာ မမေ့မှု (ဝါ) သိနေမှုကို ဆိုလိုသည်။ ပဋ္ဌာနဆိုသည်မှာ သတိကို အာရုံတည်စေသော ကာယ၊ စိတ္တ၊ ဝေဒနာ၊ ဓမ္မာတို့ကို ဆိုလိုပါသည်။

သတိပဋ္ဌာန်တရားသည် သတိဖြင့် ကာယရုပ်ဖြစ်မှုသဘော၊ စိတ္တာ စိတ်ဖြစ်ပေါ်မှု၊ ဝေဒနာခံစားမှု၊ ဓမ္မမှတ်သားမှုနှင့် ပြုပြင်မှု တို့အပေါ် သတိနှင့်တွဲလျက် သတိကပ်လျက် သတိဖြင့် ရှုကြည့် ရာ၌ ရုပ်ဖြစ်မှု၊ စိတ်ဖြစ်မှု၊ ဝေဒနာဖြစ်မှု တစ်ခုခု၏ ဖြစ်မှုကို သိ အောင် အားထုတ်ရသော တရားဖြစ်၏။

သတိပဋ္ဌာန်လေးပါးဖြစ်သော ရုပ်၊ စိတ်၊ ဝေဒနာ၊ ဓမ္မ တို့အနက် တစ်ပါးပါး၏ဖြစ်မှုကို သိသိလာသည့်အပြင် ထိုဖြစ်မှုသည် ဖြစ်ပြီးနောက် မရှိတော့ ပျက်မှုကိုပါ သိမြင်လာသည့်အခါတွင် သတိပဋ္ဌာန်မှ သတိပဋ္ဌာနဘာဝနာ (ဝါ) ဝိပဿနာ ဖြစ်လာပါသည်။ သို့ဖြစ်၍ သတိပဋ္ဌာန်တရားတော်ကား လူ့ဘဝ ဒုက္ခမှ ကင်းပချမ်းသာ ရအောင် ဆင်ခြင်နည်းနှင့်ဆိုင်သော တရားတော်ဖြစ်၏။ အလုံးစုံ သော ဘုရားရှင်တို့နှင့်တကွ ထိုဘုရားရှင်တို့၏ သာဝကများ





အားလုံးတို့သည် ဤသတိပဋ္ဌာန်တရားတော်ဖြင့်သာ နိဗ္ဗာန်သို့ ပေါက်ရောက်ကုန်သည်ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်း တရားသည်ကား ဤသတိပဋ္ဌာန်တရားကြီးပင် ဖြစ်ပေတော့သည်။

ထို့ကြောင့် မြတ်စွာဘုရားက ...

''ရဟန်းတို့ သတ္တဝါတို့၏ ကိလေသာများကို စင်ကြယ်စေ ခြင်း၊ စိုးရိမ်ပူဆွေးခြင်းနှင့် ငိုကြွေးခြင်းတို့မှ လွတ်မြောက်စေခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့မှ ငြိမ်းအေးစေခြင်း အရိယာမဂ်ကို ရစေခြင်းနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော တစ်ကြောင်းတည်း သော အမြတ်ဆုံးလမ်းသည် ဤသတိပဋ္ဌာန်တရားတော်ပေတည်း''

ဟု ဟောကြားတော်မူခဲ့လေသည်။ မြတ်စွာဘုရား ဟော ကြားခဲ့သော သတိပဋ္ဌာန်တရား လေးပါးရှိ၏။

(က) **ကာယာနုပဿနာ သတိပဋ္ဌာန်**
**သတိဖြင့် ရုပ်ဖြစ်မှုကို သိရသည့်တရား။**

(ခ) **စိတ္တာနုပဿနာ သတိပဋ္ဌာန်**
**သတိဖြင့် စိတ်ဖြစ်တိုင်း စိတ်ပေါ်တိုင်း သိရသည့်တရား။**

(ဂ) **ဝေဒနာနုပဿနာ သတိပဋ္ဌာန်**
**သတိဖြင့် ဝေဒနာပေါ်တိုင်း သိရသည့်တရား**

(ဃ) **ဓမ္မာနုပဿနာ သတိပဋ္ဌာန်**
**သတိဖြင့် သညာနှင့် သင်္ခါရတို့ကို သိရသည့်တရား တို့ဖြစ်ပါ၏။**



www.burmeseclassic.com

www.burmeseclassic.com



## သတိပဋ္ဌာန်တရား အားထုတ်ရခြင်းအကြောင်း

ကျွန်ုပ်တို့လူသားများ သတိပဋ္ဌာန်တရား အားထုတ်ရသည့် အကြောင်းတရားမှာ လူသတ္တဝါတို့၌ ခန္ဓာငါးပါးနှင့် ရုပ်နာမ်နှစ်ပါး တို့ရှိကြကုန်၏။ ထိုလူသတ္တဝါတို့အား စိုးရိမ်ခြင်း၊ ပူဆွေးခြင်းနှင့် ငိုကြွေးခြင်း၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေခြင်း တို့သည်ကား မောဟစိတ်ကြောင့်ပင် ဖြစ်၏။ ကိလေသာ အညစ်အကြေးများ ထူပြောရခြင်းသည်လည်း ထိုမောဟစိတ်ကြောင့်ပင် ဖြစ်၏။ ထိုမော မာဟစိတ်ကြောင့် စိတ်သည် မကောင်းမှု၌သာ မွေ့လျော်လျက် ရှိပြီး အကုသိုလ်စိတ်များကို ဖြစ်ပေါ်စေ၍ အပယ်လေးပါးကို ရောက် စေ၏။ သံသရာ လွတ်မြောက်မှုကို လွန်စွာကြန့်ကြာစေ၏။

ထိုသို့ မောဟများ ဖုံးလွှမ်းလျက် စိုးရိမ်ခြင်း၊ ပူဆွေးငိုကြွေး ရခြင်းတို့မှ ကင်းလွတ်ရန်အတွက် မိမိတို့၏စိတ်ကို သိပြီး သတိဖြင့် သတိပဋ္ဌာန်တရားကို အားထုတ်ရာ၏။ သတိပဋ္ဌာန်တရားသည် သတိဖြင့် သိမှုပင်ဖြစ်၏။ သိသည်ဆိုရာ၌လည်း မိမိတို့၏စိတ်ကို သို့မဟုတ် ကိုယ့်စိတ်ကို ကိုယ်သိရန် ဦးစွာပထမ လိုအပ်ပေသည်။

ဤနေရာတွင် စိတ် အဘယ်ကြောင့်ဖြစ်လာရပါသနည်း။ မေးရန်လိုလာပါ၏။

ပဋိစ္စ သမုပ္ပါဒ် ခန္ဓာဖြစ်စဉ်အရ စိတ်သည် သင်္ခါရဆိုသော ပြုပြင်မှုတရားကြောင့် ဖြစ်ပေါ်ရ၏။ သင်္ခါရသည်လည်း မသိမှု အဝိဇ္ဇာကြောင့် ဖြစ်၏။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ အရ အဝိဇ္ဇာဆိုသော မသိမှုကြောင့် ဝိညာဏ်ဆိုသော သိစိတ် ဖြစ်ရပြန်၏။ ထို့ကြောင့် စိတ်ခန္ဓာဖြစ်ရခြင်းသည် အဝိဇ္ဇာဆိုသော





မသိမှုကြောင့် ဖြစ်သည်ကို တွေ့ရပြန်၏။ ဝိညာဏပစ္စယံ နာမရူပံ အရ ရုပ်၊ နာမ်ဖြစ်လာသော ခန္ဓာငါးပါးသည် အဝိဇ္ဇာကြောင့် ဖြစ်လာရ၏။ အဝိဇ္ဇာကြောင့် ဖြစ်လာရသောစိတ်သည်လည်း ဒုက္ခ၊ ရုပ်သည်လည်း ဒုက္ခဖြစ်၍ လူဟုခေါ်ကြသည့် ခန္ဓာငါးပါးသည်လည်း ဒုက္ခသာ ဖြစ်ကုန်၏။

ထိုမသိမှုဒုက္ခများမှ လွတ်မြောက်၍ သိမှုကို အစားထိုးပြီး ဤလူ့လောကကြီး၌ ပရိဒေဝဒုက္ခ စသည်တို့ ကင်းဝေးစေရန်အတွက် လူသားတို့သည် သိမှုဝိဇ္ဇာတရား (ဝါ) သတိပဋ္ဌာန်တရားကို အား ထုတ်ရပေသည်။

## ကျွန်ုပ်နှင့်သတိပဋ္ဌာန်

ကျွန်ုပ်သည် ငယ်စဉ်ဘဝမှ တတိယအရွယ်ရောက်သည် အထိ လောကီကြီးပွားတိုးတက်မှုအတွက် အစဉ်တစိုက် ကြိုးစား ရုန်းကန်ခဲ့သူဖြစ်၏။ ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟစိတ် များ အစဉ်လိုလို ဖုံးလွှမ်းနေ၏။ ဘဝအောင်မြင်မှုများအတွက် ဝမ်းသာအားရ ဖြစ်သလို ရှုံးနိမ့်မှု၊ အဆင်မပြေမှုများအတွက်လည်း သောကပရိဒေဝ ဒေါမနဿများ ဖြစ်ရ၏။ ပူလောင်နေ၏။

တရားဓမ္မ ကင်းဝေးခဲ့သူဖြစ်ခြင်းကြောင့် ဖြေဆေးလည်း မရှိခဲ့။ တာဝန်မှ အနားယူပြီးနောက် လွန်ခဲ့သည့် တစ်နှစ် နှစ်နှစ် ကမှ ဒုလ္လဘရဟန်းဝတ်ဖြင့် ပထမဆုံးအကြိမ် သတိပဋ္ဌာန်တရား ကို ခေတ္တခဏ စမ်းသပ်ကြည့်မိ၏။ ရက်သတ္တတစ်ပတ်ခန့်သာ ဖြစ်ပါသည်။ သိပ်များများစားစားတော့ မဟုတ်ပါ။ အရေးရာကို



www.burmeseclassic.com

www.burmeseclassic.com



သတိထားပြီး သတိနဲ့နေခြင်းသာ ဖြစ်ပါ၏။ ရှုမှတ်ခြင်း အစ အကျင့်နည်းနည်းရသွားသည်။ အကျိုးဆက်များရှိလာသည်။

ပထမအကျိုးဆက်ကား အရာရာကို အရင်ကကဲ့သို့ အလ စလို Rush မလုပ်ဖြစ်တော့ပါ။ ထို့ကြောင့် ရှိနေသော သွေး ရောဂါ ပြေလျော့သွား၏။ စိတ်ဖိစီးမှု Stress များ နည်းသွားသည်။

ဒုတိယအကျိုးဆက်ကား လောဘ၊ ဒေါသ၊ မောဟ သောကပရိဒေဝ ဒေါမနဿများကို အထိုက်အလျောက် ထိန်းသိ လာနိုင်သည်။ ယောနိသောမနသိကာရ အသင့်အတင့် နှလုံးသွ လာနိုင်သည်။ စိတ်တင်းကျပ်မှု Tension များ လျော့ကျသွားသည်။

တတိယအကျိုးဆက်ကား ဖြစ်ခြင်း ပျက်ခြင်း သဘော လေ့လာစောကြောရ၍ သေမည့်အရေးကို တွေးပူသည့်အမှုလည်း အတော်လျော့နည်းသွားခြင်းပင် ဖြစ်၏။

ဤသို့ အနည်းငယ်မျှ တွေ့သိပြီးနောက် ကျွန်ုပ်သည် သတိ ပဋ္ဌာန်နှင့် ဝေးကွာခဲ့ပြန်၏။ သို့ရာတွင် လောဘ၊ ဒေါသ၊ မောဟ တွေ ဖိစီးလာပြီး ပူလောင်လာတိုင်း သတိပဋ္ဌာန်ကို ပြန်ချဉ်းကပ် ပြန်၏။ မကြာခဏ ကပ်လိုက် ခွာလိုက်၊ ကပ်လိုက် ခွာလိုက် ဖြ ဖြစ်နေရာမှ ယခုအခါ ပုံမှန်နီးပါး ရှုမှတ်ခြင်း၊ သတိဖြင့် သိနေခြ တို့ ဆောင်ရွက်ဖြစ်လာသည်။ ထိုအခါ၌ စိတ်၏ငြိမ်းချမ်းခြင်း ရရှိလာ၏။ ဤသည်ကိုပင် ဝိပဿနာဟု ခေါ်ဆိုကြသည် ထင် သည်။ လက်တွေ့သိရသည့် Practical အသိပင်ဖြစ်ပါ၏။

သို့ဖြစ်ပါ၍ စာရှုသူအပေါင်းတို့သည်လည်း သတိပဋ္ဌာ တရားကို အားထုတ်ခြင်းဖြင့် ယခု ပစ္စက္ခ လောကီဘဝ၌ သော





ဒုတပ်ရင်းမှူးဘဝက စာရေးသူနှင့်ဇနီး


www.burmeseclassic.com

www.burmeseclassic.com



စာရေးသူနှင့်ဇနီးသားသမီးများ

(ဒုတပ်ရင်းမှူးဘဝ)






UDO တွင် ဘုရားတည်ရန်စာရေးသူနမူနာယူခဲ့သည့် ဘုရားများ

www.burmeseclassic.com

www.burmeseclassic.com





UDO တွင် ဘုရားတည်ရန်စာရေးသူနမူနာယူခဲ့သည့် ဘုရားမျ



ရိဒေဝ၊ ဒုက္ခတို့ ကင်းဝေးပြီး လောကုတ္တရာမှာမူ အရိယာမဂ်ကို ရနိုင်သည့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကောင်းကြီး ဖြစ်သည်ဟု လေ့လာဖတ်ရှု နားလည်မိပါကြောင်း တင်ပြလိုက်ရပါသည် ခင်ဗျား။

စာရှုသူအပေါင်း နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

**သောင်းဝေဦး**

၇. ၁. ၂၀၀၉

■



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ်ချစ်သော ဆရာကြီးကို သတိရသည်

ရေးသူ – သောင်းဝေဦး

၂၀၁၀ ခုနှစ် မေလဆန်းစ နေ့တစ်နေ့။

"ကိုရေ ... ဆရာတော် ဦးလက္ခဏ ရန်ကုန်ရောက်နေတယ်တဲ့"

"ဟေ"

ဇနီးသည်က သတင်းပေးသည်။ နောက်တစ်နေ့ ဆရာတော်သီတင်းသုံးရာ ဒဂုံမြို့သစ်က လက္ခဏာရာမကျောင်းတိုက်သို့ သွားရ၏။ ဆရာတော်အလုပ်များနေသဖြင့် ချက်ချင်း သတိမထားမိ။ အခြားသော ဒကာ၊ ဒကာမများ ရောက်လာမှ ဆရာတော်က ...

"ဗိုလ်မှူးကြီးသောင်းဝေလည်း ခေါ်ထားတယ်"

ဟုအမိန့် ရှိရာ ...

"တပည့်တော် ရောက်နေပါပြီဘုရား"

ဟု လျှောက်ရတော့သည်။

ထိုအခါ ဆရာတော်က ပြုံးတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒကာဗိုလ်မှူးကြီးက ကတုံးနဲ့ကို။ ရုတ်တရက်ဆိုတော့ မမှတ်မိဘူး”

ဟု အမိန့်ရှိလေသည်။

လွန်ခဲ့သည့် ၂ နှစ်၊ ၃ နှစ်က ဒုလ္လဘာ နှစ်ဆက်ဝတ်ခဲ့သည်။ ဒုလ္လဘာက လူထွက်ခဲ့သော်လည်း ဆံပင်ကိုတော့ မထားတော့ ခေါင်းတုံးဖြင့်နေရတာ ခေါင်းရှင်း၍ ခေါင်းတုံးဖြင့်ပင် နေခဲ့သည်။ ထို့ကြောင့် ဆံပင်ရှည်ဖြင့်မြင်နေကျ လူများ ချက်ချင်း မမှတ်မိကြ။ ဆရာတော်ကား ယခုအခါ သက်တော် ၇၅ နှစ်ပင်ရှိနေပြီ။ အမြ အာရုံများ လျော့မည်ဆိုလည်း လျော့နိုင်ပါ၏။ ထို့ကြောင့် မမှတ် ခြင်းလည်း ဖြစ်နိုင်၏။ ဒကာ၊ ဒကာမ လူစုံသည့်အခါ ဆရာတော် က ရန်ကုန်ရောက်တုန်း ဆောင်ရွက်လိုသည်များကို အမိန့်ရှိ၏။

စာရေးသူ ကျွန်ုပ်နှင့်တော့ သီးခြားပြောဆို အမိန့်ရှိပါသည်။ ဆရာတော်အား လာရောက်တွေ့ဆုံသူ တပည့်ဒါယကာများ များ သဖြင့် စကားပြောချိန် ခေတ္တသာရ၏။ ဆရာတော်ပြောစရာ သည်များ အမိန့်ရှိပြီးသည်နှင့် ဦးချကာ ပြန်ခဲ့ပါသည်။

လမ်းတွင်တော့ ဆရာတော်နှင့် မိမိစတင်တွေ့ဆုံပုံကို ပြန်လည်စဉ်းစားမိ၏။

❖ ❖ ❖

၁၉၉၂ ခုနှစ်က ဖြစ်ရပ်များ။

မြန်မာ့တပ်မတော်က KNU ဗဟို မာနေပလောအား ထိုးစစ်ဆင်သည်။ မဆင်လို့ကလည်း မရ။ KNU မာနေပလော





စာရေးသူအား ပထမဆုံးအကြိမ် ပဥ္စင်းတက်ပေးခဲ့သည့် ကျစွာချောင်ဆရာတော် ဦးလက္ခဏ (ယခုပုံလွန်တော်မူပြီ)

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း ဆရာတော်ဘဒ္ဒန္တလက္ခဏမှ စာရေးသူအားရဟန်းဘောင်သို့
တက်ပေးနေစဉ် (၂၀၀၀ ပြည့်နှစ်)



ကျစ္စာချောင်တွင် ပထမအကြိမ် ဒုံလွှဘဝတ်ခဲ့စဉ်က
ဆရာတော်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာနှင့် စာရေးသူ(၂၀၀၀ ပြည့်နှစ်)

www.burmeseclassic.com

www.burmeseclassic.com



– စာရေးသူအား ပထမဆုံးအကြိမ် ပဋ္ဌင်းတက်ပေးခဲ့သည့်
ကျွစ္စာချောင်ဆရာတော် ဦးလက္ခဏ (ယခုပုံလွန်တော်မူပြီး)



တပ်မတော်အစိုးရကို ဆန့်ကျင်နေသည့် အဖွဲ့အစည်းအကုန်ရှိနေသည်။ **KNU, ABSDF, NLD (L.A), DAB, NCGUB** စသည်တို့ ဖြစ်၏။ ရွာသာသာ မာနေပလောအား မြို့အဖြစ် အမွှမ်းတင်က နိုင်ငံခြားအသံလွှင့်ဌာနများက သိဒ္ဓိတင်ပေးနေသည့်ကာလလည်း ဖြစ်၏။

ထို့ကြောင့် သောင်းကျန်းသူပေါင်းစုံတို့ စုဝေးရာ မာနေပလောအား တပ်မတစ်ခုဖြင့် အနောက်ဘက်မှ စစ်မျက်နှာဖွင့်ပြီး တိုက်ရ၏။ ရက်ပေါင်းအတော်ကြာသည်အထိ မိမိတို့တပ်များ သံလွင်ကို မကျော်နိုင်ပါ။ သံလွင်အနောက်ဘက်မှာ ရှိနေသည့် ရန်သူ့စခန်းများကိုပင် အသည်းအသန် ထွေးလုံးရစ်ပတ် တိုက်နေရသည်။ အဓိကစခန်းဖြစ်သည့် ထွီဖားဝီကျိုး ခေါ် ခွေးအိပ်တောင်ကိုပင် မသိမ်းနိုင်သေးပါ။

မာနေပလောက သံလွင်အရှေ့ဘက်ကမ်းမှာ ရှိနေသည်။ အနောက်ဘက်ကမ်းက ခွေးအိပ်တောင်ပင် မရသေး၍ စစ်ရုံးက အားမလို အားမရဖြစ်လာသည်။

''ဒီအတိုင်းဆိုရင် နောက်ထပ် တပ်မတစ်ခု သွင်းရမယ်''

တောင်ဘက်မှ တပ်မတစ်ခု ထပ်သွင်းပြီး မာနေပလောအား အနောက်ဘက်နှင့် တောင်ဘက်မှ စစ်မျက်နှာနှစ်ခုဖွင့်ကာ တိုက်တော့၏။ တိုက်တော့လည်း အတင်းတရကြမ်း တိုက်ကြရသည်။

တောင်ဘက်မှ ဝင်တိုက်ရသည့် တပ်မကား စာရေးသူ ပါဝင်သည့် တပ်မဖြစ်၏။ နည်းဗျူဟာမှူးဖြစ်ပြီး ရက်ပိုင်းကာလ



www.burmeseclassic.com

www.burmeseclassic.com



မှာပင် တပ်ရင်းသုံးရင်းဖြင့် ရှေ့တန်းပါသွားသည်။ ဟိုရောက်တော့

"ကိုင်း ... ဗျူဟာမှူး အသစ်ကလေး၊ အဲဒါ ရန်သူ့ စခန်းတွေပဲ။ တိုက်တော့"

ဟု ဒုတပ်မမှူးက လက်ညှိုးထိုးကာ တာဝန်ပေးတော့သည်။

စာရေးသူကား လူလိမ္မာမဟုတ်ပါ။ လူမိုက်ဖြစ်ပါ၏။

ဒုတပ်မမှူးညွှန်ပြသည့် ဘိန္၊ နော်တ၊ ကျောကန့်လန့်တို့ကို အတင်းဝင်တိုက်သည်။ ပထမပွဲ အဝိုက်ရ၍ အောင်ပါသည်။ ဒုတိယပွဲကျတော့ ရန်သူ့ခံစစ်က အလွန်ကောင်းနေသည်။ ကောင်း မှာပေါ့ခင်ဗျာ။ ရန်သူက ပတ်ဝန်းကျင်ကျေးရွာများ အကူအညီဖြင့် ခံစစ်ကို ၂ မိုင်၊ ၃ မိုင်ရှည်သည့် ကျင်းအရှည်ကြီးများကို နိုင်ငံခြား စစ်ဗာရီများ လမ်းညွှန်ချက်ဖြင့် တူး၍ အသေအကျေ ခုခံတော့ သည်။ စာရေးသူကလည်း မရမက ရှေ့ကနေပြီး တိုက်သည်။ ရန်သူ့မိုင်းကွင်းများဖြတ်၍ တိုက်ရရာ အကျအဆုံးများပြားလှ၏။ နေ့စဉ် သွေးချင်းချင်းနီနေတော့၏။

စာရေးသူသည် အတ္တမာန အလွန်ကြီးသူဟု ဆိုနိုင်ပါသည်။ ငါတိုက်ရင် ရရမယ်၊ နိုင်ရမယ်ဆိုသည့် စိတ်ဖြင့် ကိုယ်တိုင် တိုက် ဝင် တပ်များကို အနီးကပ်ကြီးကြပ်ပြီး ဝင်တိုက်သည်။ ရန်သူ့ အဓိကခံစစ် ဘိနကို တိုက်ခြင်း ဖြစ်ပါသည်။ ဘိနက မာနေပလေ နှင့် ဘာမျှမဝေးတော့၊ မိုင်အနည်းငယ်သာ ကွာတော့သည်။ ဘိ ကား မြေအောက်ဂလိုင်ကျင်းများ၊ **Foxhole** များနှင့် တကာပ ခံစစ်ကြီးဖြစ်၏။ သုံးကြိမ်တိုက်ပြီးသည့်နောက်တွင်ကား စာရေး ဘက်မှ တပ်ရင်းတစ်ရင်းစာမျှ ပြုန်းတီးသွားတာတောင် စခန်းက





မကျပါ။ မရပါ။ အားမလိုအားမရနှင့် တောက်တခေါက်ခေါက် ဖြစ် နေချိန်မှာပင် စာရေးသူ မမျှော်လင့်သော ကြီးမားသည့် အပြောင်း အလဲကြီးတစ်ခု ပေါ်လာ၏။

ထိုအပြောင်းအလဲကြီးကား တပ်မတော် ဦးစီးချုပ်အပြောင်း အလဲပင်တည်း။ နောက်တက်လာသည့် ဦးစီးချုပ်အသစ်က ...

"တိုက်ပွဲတွေ အားလုံးရပ်။ တွေ့ဆုံဆွေးနွေးပြီး အဖြေ ရှာမယ်" ဟု လမ်းညွှန်ချက်ပေးလိုက်ရာ တိုက်ပွဲများ လုံးဝရပ်လိုက် ရ၏။ အောင်ခါနီးမှ ရပ်လိုက်ရ၍ စိတ်ထဲတွင်တော့ ဘဝင်မကျမိ ပါ။ သို့ရာတွင် အမိန့်က အမိန့်ပေပဲ။ နာခံရမည်သာ။

လေးလခန့် စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ပြီး ရှေ့တန်း မှ ပြန်ခဲ့ရပါသည်။ တပ်မဌာနချုပ်ရောက်တော့ သူ့ဘက်ကိုယ့်ဘက် သေကြကျေကြသူများအတွက် တနုံ့နုံ့စဉ်းစားရင်း စိတ်မကောင်း ဖြစ်မိပါသည်။ ရက်ပေါင်းအတော်ကြာ ငူငူငိုင်ငိုင် ဖြစ်နေ၏။

"ကျသွားတဲ့ ကို့ရဲဘော်တွေကို စိတ်မကောင်းဖြစ်နေသလား ကို။ ဒါဆိုရင်လည်း သူတို့အတွက် အလှူအတန်းလုပ်ပြီး အမျှ အတန်းဝေပေါ့ ကိုရယ်"

ဟု ဇနီးသည်က အကြံပြုသည်။

"ဒါဆိုရင် ဘယ်မှာသွားအလှူလုပ်ကြမလဲ"

စာရေးသူတို့တပ်မက စစ်ကိုင်းတွင်ဖြစ်ရာ စစ်ကိုင်းတောင် ရှိ ဇိဝိတဒါနသံဃာ ဆေးရုံတစ်ခုခုတွင် အလှူလုပ်ရန် ဇနီးသည် နှင့် ညှိနှိုင်းသဘောတူကြ၏။

ဤတွင် စစ်ကိုင်းတောင်ရိုးရှိ ဝါးချက်ဇီဝိတဒါန သံဃ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတွင် အလှူလုပ်ဖြစ်ပါတော့သည်။ ဆေးရုံတည်ထောင်မှု ကား ကျွစွာချောင် ဆရာတော်ဦးလက္ခဏပေတည်း။

❖ ❖ ❖

''တပည့်တော် စစ်ကိုင်းတပ်မက ဗျူဟာမှူးပါဘုရား။ ရှေ့တန်းမှာ ကျဆုံးခဲ့တဲ့ ရဲဘော်တွေအတွက် အလှူလုပ်ချင်ပါတယ် ဘုရား''

ဟု ဆရာတော်ကို လျှောက်ထားသည်။ ဆရာတော်က သူတော်ကောင်းပီပီ သိမ်မွေ့စွာပြုံး၍ မေတ္တာတရားကို ဟောကြား ကာ စာရေးသူ၏ အလှူအား လက်ခံခဲ့၏။ ထိုအချိန်မှစ၍ ဆရာတော်နှင့် ဆရာဒကာဖြစ်သွားပါသည် ခင်ဗျား။

စစ်ကိုင်းမှာ ဗျူဟာမှူးတာဝန်နှင့် လေးနှစ်ကြာခဲ့၏။ ထိုလေးနှစ်ကာလ၌ ဆရာတော်နှင့် မကြာမကြာ တွေ့ဆုံဖြစ်သည်။

''ဒကာ ဗျူဟာမှူး ... စစ်ရေးတာဝန်ထမ်းဆောင်တဲ့ အခါမှာ မေတ္တာတရား ရှေ့ထားပါ။ တာဝန်အရ ဆောင်ရွက်ရပေမယ့် ဘယ်သူ့ကိုမှ မေတ္တာမပျက်စေနဲ့။ ဗိမ္ဗိသာရမင်းကြီး စစ်တိုက် သလို တိုက်ပါ''

''အမိန့်ရှိပါဘုရား''

''ဗိမ္ဗိသာရမင်းကြီးက သူ့စစ်သားတွေကိုမှာတဲ့အခါ ဒုက္ခ ရောက်နေတဲ့သူတွေကို ကယ်တင်တယ်လို့ သဘောထား၊ ကိုယ်နဲ့ မတည့်တဲ့ ကိုယ့်ရန်သူတွေ သေကျေပျက်စီးပါစေဆိုတဲ့စိတ် မထား ပါနဲ့လို့ မှာတယ်။ ဒါကြောင့် သူတို့တိုက်ပွဲတွေအားလုံးလိုလို မေတ္တာ





နိုင်ခဲ့တယ်''

ဟု အမိန့်ရှိလေသည်။

ဆရာတော်၏ မှာကြားချက်အတိုင်း အတတ်နိုင်ဆုံး ကြိုးစား ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့်ထင်ပါ၏။ ၁၉၉၅ ခုနှစ် ဒုတိယ ကြိမ် မာနေပလောတိုက်တော့ လုံးဝ သွေးထွက်သံယိုမဖြစ်ဘဲ ရေးသူတို့ အောင်ပွဲရခဲ့ပါသည်။ မာနေပလော သိမ်းပြီးသည် ထိ အကျအဆုံး တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါ။

''အင်း ... မေတ္တာတန်ခိုးက အတော်ကြီးမားပါလား''

ဟု အထက်ပါအတိုင်း တွေးမိခဲ့ပါသည်။

၁၉၉၅ ခုနှစ် နှစ်ကုန်တွင် နည်းဗျူဟာမှူးတာဝန်မှ နယ် က်သို့ လွှဲပြောင်းတာဝန် ထမ်းဆောင်ရပါသည်။ ထိုအခါ ရာတော်နှင့် ဝေးကွာသွားတော့၏။

သို့ရာတွင် ရေစက်မကုန်၍ ပြန်ဆုံကြပြန်သည်။ ပြန်လည် တွေ့ဆုံပွဲမှာ ...

❖ ❖ ❖

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် မိုးကုန်ခါနီးကာလ။

စာရေးသူသည် ရန်ကုန်နှင့် မိုင် ၅၀ ကျော် ဝေးကွာသည့် ကိန်းဝင် စိုက်မွေးစခန်းကြီးတစ်ခုကို ကြီးကြပ်နေရ၏။ စခန်းကြီး ကား စတုရန်းမိုင် ၁၀၀ ကျော် ပါသည်။ မြေလွတ်မြေရိုင်းများကို ှင်းလင်းပြီး မြေယာသစ်များ ဖော်ထုတ်ကာ စပါးစိုက်ပျိုးရခြင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေကြီးရေလျှံကွင်းကြီးမှ အခက်အခဲများ တစ်ပုံတစ်ပင် ပါပင်။ အဆိပ်ရှိသော မြွေနှင့်ကင်းများလည်း ပေါလှ၏။ စီမံကိန်း၏ ကာလ ၂ နှစ်၊ ၃ နှစ်အတွင်းမှာပင် လူ ၂၀ ကျော် သေဆုံးခဲ့ရ သည်။ ရေနစ်သေ၏။ မြွေကိုက်သေ၏။ မတော်တဆ ယာဉ်အန္တရာယ် များနှင့် သေ၏။ အသေအပျောက်များလှသဖြင့် တတ်ကျွမ်းနားလည် သူများနှင့် တိုင်ပင်တော့ ဘုရားတစ်ဆူတည်ထားကိုးကွယ်မှ အသေ အပျောက်များ ကင်းသွားမည်ဟု အဖြေထွက်လေသည်။

စာရေးသူ ဘုရားဒကာ ဖြစ်ရပြန်၏။ တာဝန်ရှိသူများ၊ ခွင့်ပြုချက်ဖြင့် စာရေးသူတာဝန်ကျရာ UDO ဒေသ၌ "အေးချမ်း စည်ပင် ဆုတောင်းပြည့်စေတီတော်" အား တည်ဖြစ်သည်။

ဘုရားထီးတင်မယ်လုပ်တော့ ထီးတင်ပေးမည့် ဆရာတော် သံဃာတော်များက ...

"ဘုရားဒကာ ငါးပါးသီလလုံမှရမယ်။ သီလစင်ကြယ်မှ ထီးတင်ပွဲအောင်မယ်"

ဟု အမိန့်ရှိပြန်ပါသည်။

စာရေးသူမှာ ထိုအချိန်က ကိလေသာများ တပဟုန်းဟုန်း လောင်မြိုက်နေသူဖြစ်ရာ ငါးပါးသီလ မလုံခြုံပါခင်ဗျာ။ တစ်ပါး နှစ်ပါးကတော့ အမြဲတမ်း ကျိုးပေါက်နေပါသည်။ ဒါတွေကင်းသွား အောင် ဘာလုပ်ရမလဲ။ ဒုလ္လဘဝတ်လိုက်မှ ရမယ်ဆို၏။ ဒါဆို ဘယ်မှာဝတ်မှာလဲ။ ရန်ကုန်မှာ ဝတ်ရင်တော့ ကိစ္စဝိစ္စတွေ များနေ ဦးမယ်။ ခပ်လှမ်းလှမ်းနေရာ စဉ်းစားလိုက်တော့ ဆရာတော် ဦးလက္ခဏကို သတိရမိတော့သည်။ ဖုန်းဖြင့် လှမ်းလျှောက်ထား





ကြည့်သည်။

"ဒကာ ဗိုလ်မှူးကြီးလာခဲ့ပါ"

ဟု ခွင့်ပြုချက်ရသဖြင့် ထိုနှစ် အောက်တိုဘာတွင် ဆရာတော် ဦးလက္ခဏ၏ ကျစ္စာချောင်၌ ဒုလ္လဘရဟန်းဝတ်ဖြစ် ပါတော့သည်။ ဆရာတော်က ရဟန်းဝတ်ကာလ ခုနစ်ရက်၌ တရား ပါ မှတ်ရန် လမ်းညွှန်၏။ တရားမှတ်ပါသည်။ မနက် တရားမှတ်၊ နေ့လယ် တရားမှတ်၊ ည တရားမှတ်ဖြစ်၏။ စိတ်က ပျံ့လွင့်နေ၍ တရားမရပါ။ အကုသိုလ်အစွဲများက တော်တော်နဲ့မကျွတ်။

မနက် အရုဏ်ဆွမ်းစားချိန်၌ ဆရာတော်က ...

"ဦးပဉ္ဇင်းကြီး တရားရလား"

ဟု မေးတော်မူရာ ဘာတရားမှ မရသည့် စာရေးသူက အမှန်အတိုင်းပင် ...

"ဘာတရားမှ မရပါဘုရား" ဟု လျှောက်တော့ ပြုံးတော် မူလေသည်။

ဤနေရာတွင် မမျှော်လင့်သော ကိစ္စတစ်ခုက ဖြစ်လာပြန် ၏။ ထိုကိစ္စမှာ ဒုလ္လဘ ၂ ရက်မြောက်နေ့တွင် စာရေးသူ မျက်စိ ကြီးအကျယ် ကျိန်းတော့သည်။ မျက်လုံးနှစ်လုံးလုံး ရဲရဲနီကာ ဖွင့်၍ပင် မရတော့။ ဆရာတော် ဝါးချက်ဆေးရုံက ဆရာတော်ကြီး များမှ ကုသပေးကြသည်။ မပျောက်ပါခင်ဗျာ။ စာရေးသူ၏ မျက်စိ မှာက ဝဋ်နာကံနာထင်ပါ၏။

"ရန်ကုန်ပြန်ပြီး အထူးကုဆရာဝန်ကြီးတွေနဲ့ ကုပါ"

တတ်ကျွမ်းနားလည်သူများက အကြံပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ...

''ဦးပဥ္စင်းကြီး လူထွက်ပြီး ရန်ကုန်ပြန်ကုချင်သလား''

ဟု မေးတော်မူသည်။

ခုနစ်ရက် မပြည့်မချင်း လူမထွက်ဟု သန္နိဋ္ဌာန်ချထားသည်။

စာရေးသူက ...

''တပည့်တော် ခုနစ်ရက်မပြည့်မချင်း လူမထွက်ပါဘူး ဘုရား''

ဟုပြန်လည်လျှောက်ထားသည်။ အမှန်လည်း ခုနစ်ရက်ပြည့်အောင် ဝေဒနာကို ရှုမှတ်ရင်း သည်းခံ၍ နေခဲ့ပါသည်။ ခုနစ်ရက်ပြည့်ပြီးမှ လူထွက်ပြီး ရန်ကုန်ကို လေယာဉ်ဖြင့် ပြန်ခဲ့၏။ ရန်ကုန်ရောက်တော့ မျက်စိနာရောဂါ အထူးကုဆရာဝန်ကြီးများနှင့် တစ်လခန့် ကုလိုက်မှ ရောဂါရှင်းရှင်းပျောက်တော့၏။

ထိုအခါကျမှ ထီးတင်ပွဲကြီးလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်ခင်ဗျား။

ဆရာတော်၏ကျေးဇူးတရားများပါပေ။

❖ ❖ ❖

ဆရာတော်၏ အခြားကျေးဇူးတရားများလည်း ရှိသေး၏။

ဒုလ္လဘရဟန်းဘဝ၌ စာရေးသူအား နံနက်စောစော အိပ်ရာထစ အရုဏ်ဆွမ်းမစားမီ တရားရေအေး တိုက်ကျွေး၏။ ဟောသင့်ပြောသင့်သည်များ ပြောဆိုမှာကြားသည်။ ဆွမ်းအတူတူစားသည်။ တစ်ပါးတည်း သီတင်းသုံးစေကာ ချမ်းသာစွာထားသည်။ နေပုံ





ထိုင်မှု အစစအရာရာ အားလုံးလိုလေသေးမရှိပါပေ။

ဆရာတော်၏ ကျွစာချောင်ကလည်း ငြိမ်းအေးချမ်းသာသည့် သူတော်ကောင်းတို့ စံပျော်ရာမို့ နေရတာ စိတ်ချမ်းသာလှသည်။ စာရေးသူ၏ လောင်မြိုက်နေသော စိတ်ကို အတော်ပင် အေးငြိမ်းစေသည်။ အပူများ လျော့နည်းစေသည်။ စစ်ကိုင်းတောင်၊ ဧရာဝတီမြစ်ကြီးနှင့် စိမ်းလန်းစိုပြည်သော ကျွစာချောင်ကား စာရေးသူ၏ဘဝတွင် မမေ့စရာဖြစ်ခဲ့ရသည်။ သက်နီးဝတ်ဆို၍ ငယ်စဉ်ကျောင်းနေ ကလေးဘဝ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်က တစ်ရက်စရက်သာ ကိုရင်ဝတ်ခဲ့ဖူးပြီး အသက် ၆၀ နားနီးမှ ယခု ပထမဆုံးအကြိမ် ဒုလ္လဘရဟန်းဘဝကို ကျွစာချောင်မှာ ခံယူခဲ့ရာ ကျွစာချောင် ဆရာတော် ဦးလက္ခဏအား စာရေးသူ၏ ဦးပဇ္ဇာယ်ဆရာတော် ဖြစ်ခဲ့ပါ၏။

ယခုအခါ စာရေးသူလည်း အသက် ၆၆ နှစ်ရှိပါပြီ။ ဆရာတော်လည်း ၇၅ နှစ်ရှိပြီ။

ပြန်စဉ်းစားတော့ ၁၀ နှစ်တောင် ရှိသွားပြီပဲ။ အချိန်တွေ အတော်ကြာခဲ့ပြီပေါ့။

ဆယ်စုနှစ်တစ်ခု ရှိသွားပြီဆိုသော်လည်း ကျွစာဆရာတော်နှင့် ကျွစာချောင်ကိုတော့ စာရေးသူ၏ဘဝတွင် **Mile Stone** တစ်ခုအနေဖြင့် မမေ့မလျော့ သတိတရ အမှတ်ရနေဆဲပါတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်မှူးကြီးကိုကိုကျော်(ငြိမ်း)၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဗိုလ်မှူးကြီးကိုကိုကျော် (ငြိမ်း) အား ၁၉၄၈ ခုနှစ်၊ က်တင်ဘာလ ၂၁ ရက်တွင် အဖဦးတင်ရွှေ၊ အမိဒေါ်သိန်းကြည် ို့မှ ရန်ကုန်မြို့တွင် မွေးဖွားသည်။ ငယ်စဉ်က ရန်ကုန်တိုင်း၊ ဟ်သာဝတီခရိုင်၊ ခရမ်းမြို့တွင် ကြီးပြင်းသည်။ မူလတန်း၊ လယ်တန်း၊ အထက်တန်းပညာများအား ခရမ်းမြို့တွင် သင်ကြား၍ ၉၆၄–၆၅ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအား ခရမ်း(အထက)မှ အောင်မြင်သည်။ ၁၉၆၅ မှ ၆၇ အထိ ပထမနှစ် (ဓာတုဗေဒ) တန်းအား ပုသိမ်ကောလိပ်တွင် သင်ကြားသည်။ ဒုတိယနှစ် (ဓာတုဗေဒ)နှင့် စတုတ္ထနှစ်(ဓာတုဗေဒ)တန်းအား ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်သို့ ၁၉၆၈ မှ ၆၉ထိ ပြောင်းရွှေ့သင်ကြားသည်။ ၉၆၉ ခုနှစ်တွင် သိပ္ပံ(ဓာတုဗေဒ)ဘွဲ့အား ရရှိခဲ့ပြီး မဟာ သိပ္ပံ(ဓာတုဗေဒ)အတွက် စာဆက်လက်သင်ကြားချိန် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်နှင့်လုပ်သားများ ကောလိပ်ဓာတု ဗေဒဌာနတွင် ရုပ်ပြဆရာအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၁ ခုနှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်သင်တန်းတက်ရောက်ရန် ရွေးချယ် ခြင်းခံရ၍ ၁၉၇၁ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ တပ်မတော် ကြည်း၊ ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)တွင် စစ်ပညာများ တက်ရောက် သင်ကြားသည်။ ၁၉၇၂ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ်ခန့်အပ်ခြင်း ခံရပြီးနောက် အမှတ်(၁)ချင်းသေနတ်ကိုင် တပ်ရင်းတွင် (ဒုတိယဗိုလ်) အဖြစ် တပ်မတော်တာဝန်များ စတင် ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဒုတိယဗိုလ်မှ ဗိုလ်မှူးကြီးအထိ တပ်မတော် တွင် တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ခွဲမှူး (ဗိုလ်မှူး)၊ ဒုတိယတပ်ရင်းမှူး၊ တပ်ရင်းမှူး၊ စစ်ဦးစီးမှူး (တတိယ တန်း) (ဒုတိယတန်း)(ပထမတန်း) နည်းဗျူဟာမှူးစသည်ဖြင့် တပ်မတော်တာဝန်များ အဆင့်ဆင့် ထမ်းဆောင်ပြီး ၁၉၉၉ ခုနှစ် မတ်လတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မလေးရှားနိုင်ငံ ဆိုင်ရာ မြန်မာစစ်သံ (ကြည်း/ ရေ/လေ)အဖြစ်တာဝန်ထမ်းဆောင် သည်။ ၂၀၀၂ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူပြီး နိုင်ငံခြား ရေး ဝန်ကြီးဌာန၊ သံရုံးများ ဦးစီးဌာနနှင့် စီမံကိန်းနှင့် စီမံရေးရာ ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆက်လက်တာဝန် ထမ်းဆောင်သည်။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် ညွှန်ကြားရေးမှူးချုပ် တာဝန်မှ အငြိမ်းစား ယူသည်။ နိုင်ငံတော် စစ်မှုထမ်းတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်နှင့် စီမံထူးချွန် (ပထမဆင့်) တံဆိပ်များရရှိခဲ့ပါသည်။

ဗိုလ်မှူးကြီးကိုကိုကျော်၏ အခြားကလောင်အမည်တစ်ခုမှာ ''စစ်နွေ''ဖြစ်သည်။ စစ်နွေအမည်ဖြင့် 'တာဝန်ကျေခဲ့ပါသည်။' အမည်ရ ကိုယ်တွေ့ စစ်မှတ်တမ်းရှည်အတွဲများကို ရေးသား ထုတ်ဝေခဲ့ပြီးဖြစ်သည်။

■







www.burmeseclassic.com

www.burmeseclassic.com

## နတ်စင်များကို ဝရုစိုက်ပါ

ရေးသူ - ဗိုလ်မှူးကြီးကိုကိုကျော်

ပြန်စဉ်းစားကြည့်ရင် နတ်စင်ဆိုတာ အလုပ်ရှုပ်ခံပြီး အလကားလုပ်ထားတာမဟုတ်ဘူးလို့ ထင်ပါတယ်။

သူ ယုံကြည်ရာ ယုံကြည်ရာ ကိုးကွယ်မှုပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တွေအတွက် တည်ဆောက်ပေးထားတာပါ။ ညောင်ပင် ကြီးကြီးဆိုရင် နတ်စင်ရှိမြဲပါ။ မေးမနေနဲ့ အပင်ကြီးကြီးဆို ရက္ခစိုးပေါ့။ ယိပ်က နတ်စင်ဆို ရွာတော်ရှင်၊ မြို့အဝင်အထွက်နတ်စင်ဆို ့တော်ရှင်၊ ရေကန်ခပ်ကြီးကြီး ကန်ဘောင်ပေါ်မှာဆိုရင် ကန်တော် ရှင်၊ ဆည်ထိပ်မှာရှိရင် ဆည်တော်ရှင်၊ သူ့ဆိုင်ရာဆိုင်ရာ နတ်ရုပ် တွေရှိနေပြီဆိုရင်တော့ အဲဒီနတ်တွေရဲ့ ပိုင်ရာဆိုင်ရာ နတ်စင် တ်နန်းနတ်ကွန်းတွေပေါ့ဗျာ။

ဗုဒ္ဓဘာသာဝင်တွေကလည်း နတ်ကိုးကွယ်မှုနှင့် မလွတ် ကြပါဘူး။ မိရိုးဖလာနတ်ကိုးကွယ်မှုတွေ အများကြီးပါ။ မြန်မာ လူမျိုးမှန်ရင် နတ်နဲ့မလွတ်ဘူးလို့ ပြောရမလိုတောင်ဖြစ်ပါတယ်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ . . .

''မင်း ဘယ်အရပ်သားလဲ''

''မြစ်ဝကျွန်းပေါ်ကပါ''

''ဒါဆို ရေငန်ပိုင်ရှင် ဦးရှင်ကြီးပိုင်တယ်'' တဲ့။

''မြေလတ်သားပါ'' ဆို . . .

''မြင်းဖြူရှင်ပိုင်တယ်'' တဲ့လာပြန်ရော။

''ရှမ်းပြည်ကပါ'' ဆိုရင် . . .

''ကိုးမြို့ရှင်နယ်မြေလေ၊ ကိုးမြို့ရှင်ကိုပွဲပေးရမယ်'' တဲ့၊

ဘယ်လိုမှမလွတ်ပါဘူး၊ မင်္ဂလာဆောင်၊ ရှင်ပြု စသည် တို့ဆိုရင် ''ရိုးရာပွဲ''တို့ ''မိဆိုင်ဖဆိုင်''ပွဲ ဆိုတာက ရှိသေးမှ အဲဒီတော့ ဒီနတ်နဲ့ ဘယ်လွတ်တော့မလဲ။

ဒါကြောင့် ''နတ်နှင့်နဂါး မလှည့်စားနဲ့'' ဆိုတဲ့စကားအ လူတွေ နတ်ကိုကြောက်ကြပါတယ်၊ သို့သော် လူရွတ်တွေအထူးသဖြ စစ်သားတွေကတော့ သိပ်ကြောက်လေ့မရှိကြပါဘူး။ ဘာပြုလို့လည် ဆိုတော့ ကျွန်တော်တို့စစ်သားတွေ သွားလေရာ လာလေရာမှ နတ်စင်တွေ တွေ့တွေ့နေရလို့ပါပဲ။ နတ်စင်ဘေး အိပ်ရတယ်၊ နတ်စင်ရှိတဲ့တောင်ကုန်းမှာ ခံစစ်ဆင်ရတယ်၊ နတ်စင်ရှိတဲ့ ညောင် ပင်ကြီးကြီးက လက်နက်ကြီးဒဏ်ကောင်းကောင်းခံနိုင်လို့ နတ်စ ကို ကျွန်တော်တို့ လန့်နေလို့တော့မရဘူးလေ။

သို့သော် ကျွန်တော်တို့ အရာရှိပိုင်း၊ လူကြီးပိုင်းက လူငယ် တွေကို နတ်စင်နားမှာ အပေါ့အလေး မသွားဖို့၊ နတ်စင်ခြေရင်းမှ မီးမဖိုနဲ့၊ နတ်စင်ရှိတဲ့ညောင်ပင်ကို မခုတ်မထစ်မိဖို့၊ နတ်စင်မှ





တင်မြှောက်ပသထားတာတွေမယူဖို့၊ အလွယ်တကူယူမစားမိဖို့၊ နတ်ရုပ်တွေရှိရင်လည်း မလေးမစားမလုပ်ဖို့၊ ကိုယ်မယုံချင်နေ ဘာသိဘာသာနေ၊ ဖျက်ဆီးတာတို့ ဘာတို့ မလုပ်ဖို့ ရဲဘော်တွေကို မှာရပါတယ်။ အခုတင်ပြမည့် အကြောင်းအရာများကလည်း ကျွန်တော်ကိုယ်တွေ့ နတ်စင်နှင့်ပတ်သက်တဲ့ ထူးထူးဆန်းဆန်း ကိစ္စလေးတွေဖြစ်လို့ စာဖတ်သူကို ''နတ်စင်များကိုဂရုစိုက်ပါ'' ဆိုတဲ့ ခေါင်းစဉ်နဲ့ စာဖတ်သူ စိတ်ဝင်စားမယ်လို့ ရေးသားတင်ပြလိုက် ခြင်းဖြစ်ပါတယ်။

အခုစာအုပ်မှာ ''နားလယ်ကနတ်စင်အကြောင်း''နဲ့ ''တာတမော့ဘိုးဘိုးကြီးနတ်စင်အကြောင်း'' နှစ်ခုက သီးခြားပါမှာ ဖြစ်လို့ အဲဒီဖြစ်စဉ်နှစ်ခုကိုတော့ အခုစာမှာ ထည့်သွင်းမရေးတော့ ပါဘူး။ စာဖတ်သူ အခုနတ်စင်ဇာတ်လမ်းကတော့ တပ်ရင်းမှူးတုန်း က ကော့သောင်းကနေ စစ်ဆင်ရေးသွားရတဲ့ မြန်မာ၊ ထိုင်း နယ်စပ် ဒေသ ဒေသအခေါ် ''ရွာဟောလူ'' ယိုးဒယားအခေါ် ''ပွိုင့် ၄၉၁'' မှာ ဖြစ်ပျက်ခဲ့တဲ့ နတ်စင်ဇာတ်လမ်းပါ။

အဲဒီတော့ ရွာဟော့လူဒေသအခြေအနေ အကြမ်းဖျဉ်း ဦးစွာတင်ပြပါ့မယ်။ ပွိုင့် ၄၉၁ က မြန်မာ ယိုးဒယားနယ်စပ် တောင် ကုန်းတစ်ခုပါ။ ကော့သောင်းကနေ ရေလမ်းအတိုင်း ''ကရာသူရိ'' ကိုသွားပြီး ကရာသူရိကနေ ခြေလျင်ချီတက်ရပါတယ်။ ချောင်းပေါင်း လေးဆယ်ကျော်လောက်ဖြတ်ပြီး တစ်ရက်ခွဲ ခရီးခပ်ပြင်းပြင်းသွား ရပါတယ်။ ချောင်းတွေက နွေဆိုလွယ်လွယ်ကူကူဖြတ်နိုင်ပေမယ့် မိုးတွင်းဆိုရင် ရေက ရင်ခေါင်းလောက်အထိ နက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးတွင်းဆိုရင်တော့ နှစ်ရက်ပေါ့ဗျာ။ အဲဒီစခန်းက အရင်တုန်းက ကေအင်န်ယူ သောင်းကျန်းသူရဲ့စခန်းပါ။ နယ်စပ်မှာခွထိုင်ပြီး သစ်ခိုးထုတ်တဲ့စခန်းကြီးပေါ့။ အဲဒီတုန်းက တစ်ဘက်နိုင်ငံရဲ့ ကုမ္ပဏီတစ်ချို့နဲ့ တရားဝင်ပူးပေါင်းပြီး တရားဝင်ပဲ သစ်ခိုးထုတ်ပါတယ်။ တစ်ဘက်နိုင်ငံကလည်း ပေါ်ပေါ်တင်တင်ပဲ သစ်စက်အကြီးကြီး လာတည်ထောင်ပေးပြီး သစ်လုံးတွေခွဲခြမ်းစိတ်ဖြာလို့ တစ်ဘက်နိုင်ငံကို ကားတွေနှင့်ပို့တာပေါ့ဗျာ။ သစ်စက်ကလည်း အကြီးကြီး၊ လွှဝိုင်းတွေကလည်း အမျိုးစုံ၊ နယ်စပ်ကနေ ''ချွန်ဖုံး''အထိပေါက်အောင် လမ်းကြီးကလည်း ဖောက်ထားတော့ လမ်းဖောက်ရာမှာသုံးတဲ့ ဒိုဇာတို့၊ တစ်ပါတို့၊ ထရပ်တို့ကလည်း အများကြီးပေါ့ဗျာ။ သစ်ကွင်းကလည်း အကြီးကြီး။ မင်းမဲ့တိုင်းပြည်လို ထင်ရာလုပ်နေရတာပေါ့။ အဲဒါ ကျွန်တော်တို့တပ်က ကေအင်န်ယူသောင်းကျန်းသူလက်ထဲက ပြန်လည်တိုက်ယူပြီး တပ်စွဲထားတာပါ။ အဲဒီ ရှာဟော့လူဒေသတစ်ခုလုံး အချက်အချာတောင်ကုန်းတွေ အကုန်ပတ်ချာလည် ယူရတာပေါ့။ သစ်စက်က ကျွန်တော်တို့အတွင်းပိုင်းမှာ အဲဒီမှာ အဲဒီတစ်ဘက်နိုင်ငံနှင့် ကျွန်တော်တို့ ပြဿနာစတာပါပဲ။ အစွန်ဆုံး၊ အမြင့်ဆုံးကုန်းဖြစ်တဲ့ ပွိုင့် ၄၉၁ (ကျွန်တော်တို့မြေပုံမှာတော့ ပေ ၁၅၀၀ ကျော်ပါတယ်) ဟာ မြေပုံအရနယ်စပ်မှာပါ။ မြေပုံပေါ်မှာ နယ်စပ်မျဉ်းက အဲဒီတောင်ကုန်းကို အလယ်ကပိုင်းထားပါတယ်။ ဘယ်လိုပဲပိုင်းထားပိုင်းထားလေ၊ စစ်သဘောအရ အဲဒီတောင်ကုန်းကို ကျွန်တော်တို့က ယူထားတယ်ဆိုတော့ အကုန်လုံးယူရတာပေါ့။ တောင်ကုန်းထိပ်ကလေးကလည်း ကျဉ်းကျဉ်းလေးပါ။ အဲဒီတစ်ဘက်





နိုင်ငံက သူတို့လည်း တစ်ဝက်ဆိုင်တယ်ဆိုပြီး ကန့်ကွက်တဲ့ပြဿနာပါ။ ဖြစ်စဉ်က (၁၉၉၂-၉၃) လောက်မှာ အကြီးအကျယ်ဖြစ်တဲ့ဖြစ်စဉ်ဆိုတော့ ''ပွိုင့် ၄၉၁ ပြဿနာ'' ဆိုပြီး စာဖတ်သူလည်း သိရှိကောင်းသိရှိပါလိမ့်မယ်။ အဲဒီဖြစ်စဉ်ကို နောင် ကျွန်တော် တပ်ရင်းမှူးဘဝဖြစ်စဉ် တင်ပြမည့် ''တာဝန် ကျေခဲ့ပါသည်'' မှာ ကျွန်တော်ရေးဖို့ ရည်ရွယ်ထားပါတယ်။ အခုတော့ နတ်စင်ဇာတ်လမ်းလေးပဲရေးပါရစေ။

အဲဒီစခန်းကို တိုက်တုန်းကတော့ တစ်ဗျူဟာနဲ့ တပ်ရင်းသုံးရင်းနဲ့ တိုက်ပါတယ်။ မြိတ်၊ ဘုတ်ပြင်းက တပ်တွေပါ။ အဲဒီအချိန်မှာ ကျွန်တော့် ကော့သောင်းကတပ်က ဖွဲ့စည်းကာစပဲ ရှိပါတယ်။ တိုက်ပြီးတဲ့အချိန်မှာ ကျွန်တော့်တပ်ရင်းကစပြီး နေရာယူရပါတယ်။ အဲဒီတော့ ကျွန်တော်က ကျွန်တော့်တပ်ရင်းတစ်ရင်းလုံးနဲ့ ပထမချီတက်ရပါတယ်။ နောက်တစ်ဘက်နိုင်ငံမှာ ပြဿနာစတော့မှ မြိတ်ကတစ်ရင်း၊ ဘုတ်ပြင်းကတစ်ရင်း ထပ်ရောက်လာတာပါ။

စခန်းအနေအထားပြောရရင် စခန်းရှိတဲ့ ရှာဟော့လူဒေသကို ရောက်ရောက်ချင်း ပထမဦးဆုံးတွေ့ရတာက သစ်စက်ကြီးနှင့် သစ်ကွင်းပါ။ နောက် အဲဒီသစ်စက်က တောင်ပေါ်စတက်တော့ ပထမတောင်ထိပ်ကုန်း၊ နောက် ညောင်ပင်ကုန်း၊ နောက် ညာဘက်မှာ တောင်ကုန်းတစ်ကုန်း အဲဒီကနေဆက်သွားရင် လမ်းဆုံပါ။ နတ်စင်က အဲဒီလမ်းဆုံက လမ်းဘေးညာဘက်ကပ်လျက်မှာပါ။ အဲဒီလမ်းဆုံကနေ ဘယ်ဘက်ချိုးရင် ကျွန်တော့်တပ်ရင်းဌာနချုပ်ကုန်း၊ ဗိုလ်တည့်တည့်က ပွိုင့် ၄၉၁ကုန်း၊ တောင်ဘက်ဆင်းရင် ရေဆိပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်စွက်ဖော်ပြချက်

ဤစာစုလေးမှာ လွန်ခဲ့သည့် ငါးနှစ်ကျော်က ရေးခဲ့ခြင်း ဖြစ်ပါ၏။ ယခုအခါတွင်မူကား စာရေးသူ ကျွန်ုပ်မှာ အသက် ၇၀ နှစ်ရှိပါပြီ။ ဆရာတော် ဦးလက္ခဏလည်း ၂၀၁၄ ခုနှစ်က မှုံလွှ တော်မူခဲ့ပြီး ဖြစ်ပါသည်ခင်ဗျား။

သတ္တဝါအပေါင်း ကျန်းမာ ချမ်းသာကြပါစေ

**သောင်းဧချို**

၄. ၁. ၂၀၁၇

■

ဆက်လက်၍ စစ်နွေ ခေါ် ဗိုလ်မှူးကြီး ကိုကိုကျော်၏ ဖြစ်ရပ်မှန် ဂမ္ဘီရမှတ်တမ်းများကို ဖော်ပြပါမည်။

■





ရေးဆရာ စစ်နွေ အမည်ခံ ဗိုလ်မှူးကြီး ကိုကိုကျော်(ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com



ကုန်းပါ။ ခုနလမ်းဆုံကနေ ရှေ့ကိုက် (၁၀၀)လောက် ဆင်းရင် နယ်စပ်ဂိတ်ပါ၊ အဲဒီနယ်စပ်ဂိတ်က ကားလမ်းရဲ့အဆုံးပါ။ အဲဒီကနေ ကိုက် (၂၀၀)လောက်ဆင်းရင် ဆိုင်းဘုတ်ရှိတဲ့ နယ်ခြားရဲဂိတ် ရောက် ပါတယ်။ အဲဒီတော့ နယ်ခြားမျဉ်းဟာ တရားဝင်ဆိုင်းဘုတ်ထောင် ထားတဲ့ နယ်ခြားရဲဂိတ်မှာ စသလား အဲဒီအထက်က ကားလမ်း အဆုံး မောင်းတက်ရှိတဲ့ နယ်စပ်ဂိတ်မှာ စတာလား ခုန ကျွန်တော် ပြောတဲ့နတ်စင်ရှိတဲ့ လမ်းဆုံကုန်းက စတာလား၊ ဘယ်သူမှမပြော နိုင်ပါ။ တစ်ဘက်နိုင်ငံက ကားတွေလာရင်တော့ ကျွန်တော်တို့က ကွေ့လှို့ပြုလို့ရတဲ့ ဘော်လီဘောကွင်းတစ်ကွင်းစာလောက်ကျယ်တဲ့ နယ်စပ်ဂိတ်(စစ်ဆေးရေးဂိတ်) မှာပဲ ထားပါတယ်။ နတ်စင်ရှိတဲ့ လမ်းဆုံကုန်းအထိတော့ တက်ခွင့်မပြုပါဘူး။

နတ်စင်အနေအထားက ယိုးဒယားနတ်ကွန်းပုံစံပါ။ စာဖတ်သူ မြင်ဖူးမယ်ထင်ပါတယ်။ ယိုးဒယားပုံစံ ခေါင်မိုးချွန်ချွန် ဘုံ့တွေ ပြသာဒ်တွေနဲ့ အတွင်းမှာ အဆင့်နှစ်ဆင့်ပါ,ပါတယ်။ အပေါ်ဆင့်ကိုတက်ဖို့ လှေကားလေးလည်း ပါ,ပါတယ်။ နတ်စင်က နှစ်ခုပါ။ နတ်ရုပ်တွေလည်း ပါပါတယ်၊ နတ်ရုပ်ဆိုလို့ ကျွန်တော် တို့မြင်ဖူးတဲ့ နတ်ရုပ်မျိုးမဟုတ်ပါ။ အဘိုးကြီး အဘွားကြီး နှစ်ယောက် ပါ၊ ညာဘက်က နတ်စင်မှာ အဘိုးကြီးရှိပြီး ဘယ်ဘက်က နတ် စင်မှာ အဘွားကြီးရုပ်တုလေးရှိပါတယ်။ နှစ်ယောက်စလုံး ပဆစ် တုပ်ထိုင်နေပြီး လက်နှစ်ဖက်ကို ဘေးချထားပါတယ်။ အောက် အဆင့်မှာတော့ အရွယ်ငယ်ငယ် မိန်းမယောကျ်ားစုံတွဲ နှစ်ယောက် စီက အဘိုးကြီးနဲ့ အဘွားကြီးဘက်လှည့်ပြီး လက်အုပ်လေးတွေချီ ထိုင်နေကြတယ်။ ရုပ်တုလေးတွေက အဖြူရောင်ဖြစ်ပြီး အမြင့် ပါလက်မစီလောက်ရှိနိုင်ပါတယ်။ နတ်စင်နှစ်ခုစလုံးမှာတော့ ယိုးဒယားပုံစံအလှအပလေးတွေ ပန်းနွယ်ပန်းခက်လေးတွေ ချိတ် ဆွဲထားပါတယ်။ နတ်စင်နှစ်ခုရဲ့အောက်မှာတော့ မြက်တွေရှင်းထား ပါတယ်။ ကိုးကွယ်တဲ့ပုံစံမျိုးထက်၊ အစောင့်အရှောက်ပုံစံမျိုးဖြစ် နေကာ တွေ့ရပါတယ်။ ကျွန်တော့်အထင်ကတော့ အချုန်အတက် တွေနှင့် နတ်ပုံစံ၊ ဘီလူးပုံစံမျိုးမဟုတ်ဘဲ အသက်ကြီးကြီး အဘိုးကြီး၊ အဘွားကြီးနှစ်ယောက် တစ်ယောက်တစ်အိမ်စီဖြစ်နေပြီး ထိုင်နေကြ တာလည်း အေးအေးချမ်းချမ်းဖြစ်နေတော့ ရောက်ရောက်ချင်း စဉ်းစား ရခက်နေပါတယ်။

ကျွန်တော့်တပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်မှူးစိုးအောင်က ...

"စီအိုကြီး နတ်လည်းမဟုတ်ဘူးနော်"

"အင်း ... စဉ်းစားစရာပေါ့"

"အစောင့်အရှောက်များလား"

"ဖြစ်နိုင်တယ်။ ဒီဒေသ၊ ဒီသစ်ကွင်းကို စောင့်ရှောက်တဲ့သူ ဖြစ်မှာပေါ့ သူတို့ယုံကြည်ကိုးကွယ်တဲ့ သူပေါ့ကွာ"

အဲဒါနဲ့ ကျွန်တော်တို့ရောက်ပြီး တစ်လလောက်ကြာတော့ ကေအင်န်ယူရှိစဉ်ကပဲ ကေအင်န်ယူနဲ့ လက်တွဲလုပ်ခဲ့တယ်လို့ ယူဆ နိုင်တဲ့ "ဆလွင်းကုမ္ပဏီ"ပိုင်ရှင် "ဒေါ်ဆရီနာ" ရောက်လာတယ်။ အဲဒီနတ်စင် နှစ်စင်နားရောက်တော့ ကျွန်တော်က အဲဒီနတ်စင် နတ်စင်ဇာတ်လမ်းကို သူမကိုမေးပါတယ်။ ပြောပုံက ကြည့်ဦး ...

**"These are not our angels. They are your angles"**







www.burmeseclassic.com

www.burmeseclassic.com



တဲ့။

ဒီနတ်တွေက သူတို့နတ်တွေမဟုတ်ဘူး။ ကျွန်တော်တို့န တွေလို့ ဆိုလိုတာပါ။ ကြဲကြဲဖန်ဖန်ဗျာ၊ ယိုးဒယားပုံစံနတ်ကွန်း လုရုပ်တွေကလည်း ဝတ်ပုံစားပုံက သူတို့ပုံစံမျိုး၊ ဘယ်လိုလုပ် ကျွန်တော်တို့နတ်ဖြစ်နိုင်မလဲ။

ကျွန်တော်က အင်္ဂလိပ်လို ပြန်ပြောပါတယ်။ နတ်စင်ရဲ့ပုံ ကလည်း ယိုးဒယားပုံစံ အဲဒီမှာရှိတဲ့ နတ်ရုပ်တွေကလည်း ဝတ်ပုံ စားပုံက ယိုးဒယားလိုဖြစ်နေတယ်။ မြန်မာတွေရဲ့ နတ်စင်က ဒီလိုပုံ မဟုတ်ဘူး။ နတ်ကလည်း ဒီလိုပုံစံမဟုတ်ဘူး။ အခုဟာက လူမျိုး တွေလို့ပြောပါတယ်။

ဒေါ်ဆရီနာက ပြန်ပြောတယ်။

''သူတို့ ယိုးဒယားကလာထားတဲ့ နတ်စင်မဟုတ်ဘူး'' တဲ့။

ဒါဆို ကေအင်န်ယူလက်ထက်တုန်းက ကေအင်န်ယူ တ ဆောက်ခဲ့တဲ့ နတ်စင်ပေါ့။ ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်။ ယိုးဒယားနယ်ထဲမှာဖြစ်နေတဲ့ ကေအင်န်ယူကလည်း ယိုးဒယား တစ်ဝက် ဖြစ်နေပြီဆိုတော့ မြန်မာနတ်စင်မျိုး ဘယ်ဆောက်တော့ မလဲ။ လွယ်လွယ်ကူကူဝယ်လို့ရတဲ့ ယိုးဒယားနတ်စင်ပဲ ဆောက် တော့မှာပေါ့။ အဲ ... ပြောစရာကတော့ နတ်ရုပ်မဟုတ်ဘဲ လူမျိုး တွေဖြစ်နေတာပါပဲ။

နောက် နှစ်ပတ်လောက်ကြာတော့ ရဟတ်ယာဉ်နဲ့ ဝင်မှူး လာတယ်။ တိုင်းမှူးရယ်၊ ဒကစမှူးရယ်၊ ဗျူဟာမှူးရယ် ယောက်စလုံး ရောက်လာပါတယ်။ စခန်းတွေအကုန်လုံ လိုက်





ကြည့်ရင်း နတ်စင်နေရာရောက်တော့ ...

''ဟ ... ကိုကိုကျော် .. ဒါဘာတွေတုန်း''

''နတ်စင်တွေပါ''

ဗျူဟာမှူး ဗိုလ်မှူးကြီးသူရအောင်ကိုက ...

''ယိုးဒယားပုံစံတွေပါလား''

ဒကစမှူး ဗိုလ်မှူးကြီးစိုးတင့်က ...

''ရှာရှာပေါက်ပေါက်ကွာ ... ဒို့ထဲမှာ'' တဲ့။

တိုင်းမှူး ဗိုလ်ချုပ်ကက်စိန်က ...

''အပြင်ရွှေ့လိုက်ပါ''

ကျွန်တော်က ...

''ဘယ်အပြင်လဲ တိုင်းမှူး''

''ဘယ်အပြင်ရမတုန်း ... သူတို့ဘက်ပေါ့။ ဒို့နယ်မြေထဲ ရင် ပြီးရောပေါ့''

''ဒါဆို တိုင်းမှူး ကျွန်တော် နယ်စပ်ဂိတ် ဟိုဘက်ခြမ်းထဲ လိုက်မယ်''

''လုပ် ... လုပ် ... မောင်ရင် ကြိုက်တာလုပ် ဒို့ထဲမှာ ရင်ပြီးတာပဲ''

ဗျူဟာမှူးက ထပ်ပြောတယ်။

''နတ်ရုပ်လည်းမဟုတ်ဘူးနော်၊ လူပုံတွေပဲ'' တဲ့။

ဒကစမှူးက ...

''လူလည်းနတ်ပေါ့ဗျာ၊ နတ်က လူယောင်ဆောင်ချင် ထားမှာပေါ့'' တဲ့။ အားလုံးက ရယ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အချိန်မဆိုင်းပါဘူး လူကြီးတွေပြန်... နောက်နေ့ နတ်စင်လေးနှစ်ခုကို နယ်စပ်ဂိတ် မောင်းတံရဲ့ ရှေ့... သူတို့နယ်မြေထဲ ပြောင်းလိုက်ပါတယ်။ ဗိုလ်မှူးစိုးအောင်ကိုလည်... ရဲဘော်တွေ အဲဒီနတ်စင်ကိုလည်း ဖျက်လိုဖျက်ဆီးမလုပ်ရဲ။ ... နားမှာ အပေါ့အပါးမသွားဖို့။ သူ့ကိုလည်း ညာဘက်မှာ အဲဒီနာ... ကင်းရှိနေတော့ ဖယောင်းတိုင်လေး ဘာလေးထွန်းဖို့လည်း မှာ... ပါတယ်။ စာဖတ်သူကို ထူးခြားမှုတစ်ခုပြောချင်တာက အဲဒီနတ်... လေးနှစ်ခု မူလရှိစဉ်က ထိုင်းဘက်ကို မျက်နှာမူထားပါတယ်... အဲဒီတော့ နတ်စင်ထဲမှာရှိတဲ့ အဘိုးကြီး၊ အဘွားကြီးကလည်... ထိုင်းဘက်မျက်နှာလှည့်နေတဲ့သဘောပါ။

ကျွန်တော်လည်း အဲဒီနတ်စင်လေးတွေ ရွှေ့တဲ့နေ့... ကိုစိုးအောင်တပ်ခွဲက ရဲဘော်လေးတွေကိုပဲ လုပ်အားပေးခိုင်းခဲ့တာ... နယ်စပ်ဂိတ်ရဲ့ အနေအထားကိုပြောရရင် တောင်အောက်က... တက်တက်ချင်း လမ်းဆုံးပြန့်ပါပဲ။ ရောက်ရောက်ချင်း ဘော်လီ... ကွင်းရှိမယ်။ အဲဒီနေရာမှာ သူတို့ကားတွေပြန်ကွေ့ကြတာ... မောင်းတက်က အဲဒီထိပ်မှာပါ။ ဘယ်ဘက်မှာ ကင်းတဲရှိ... နောက် ညှော်ခံတဲတစ်တဲ ရှိတယ်၊ အတွင်းမှာ အိပ်ခန်းနှစ်... တောင် လုပ်ထားသေး၊ အပြင်ညှော်ခံမှာလည်း ကုလားထိုင်နှင့်... နှင့်ပါ။ အဲဒါနဲ့မျက်နှာချင်းဆိုင်က ဘော်လီဘောကွင်း၊ အဲဒီ... ဘောကွင်းရဲ့ တစ်ဘက်တစ်ချက်လမ်းရဲ့ ညာဘက်မှာလည်း ... တူ ညှော်ခံတဲတစ်တဲရှိပါတယ်။ အဲဒီဘော်လီဘောကွင်းက... နေ့စဉ် ကျွန်တော်တို့တပ်က ရဲဘော်တွေကစားပါတယ်။ ထို...





...ပ်တို့လာရင်လည်း ချစ်ကြည်ရေးအဖြစ် ကစားကြပါတယ်။ ...ျွန်တော်ကတော့ အဲဒီညာဘက်တဲမှာ နားခိုလေ့ရှိပါတယ်။ အဲဒီ ...တ်စင်လေးတွေ ရွှေ့တဲ့နေ့က ကျွန်တော်က ညာဘက်တဲထဲမှာ၊ ...တ်စင်လေးတွေကို ကားလမ်းဘယ်ဘက် မောင်းတံရဲ့အလွန် ...မြေညီမညာဖြစ်နေတာကိုထစ်ပြီး အဲဒီမှာရွှေ့ထားလိုက်ပါတယ်။ ...ျွန်တော်က ကျွန်တော်နေရာကကြည့်ပြီး နတ်စင်နှစ်ခုကို ကျွန်တော့် ...ဘက်လှည့်ထားခိုင်းလိုက်တော့ အလိုက်သင့်လည်းဖြစ်၊ ကြည့်လို့ ...လည်းကောင်း ကားလမ်းအတိုင်းလာရင် ကားလမ်းဘက် မျက်နှာမူ ...လိုလည်းဖြစ်နေလို့ အဲဒီအတိုင်းထား လိုက်ပါတယ်။ ဒါပေမဲ့ ...သေချာချာ ဂရုတစိုက်ကြည့်ရင် နတ်စင်ရဲ့အပေါက်နဲ့ အဘိုးကြီး၊ ...ွားကြီးတို့ရဲ့မျက်နှာဟာ ကျွန်တော်တို့နယ်မြေဘက် လှည့်နေတဲ့ ...ဘော ဖြစ်နေပါတယ်။ အဲဒါ ကျွန်တော် နောက်မှသိတာပါ။

နတ်စင်လေးတွေရွှေ့ပြီးမကြာပါဘူး တစ်ဘက်နိုင်ငံက ...ယ်စပ်တပ်မှူးတို့၊ နယ်စပ်ရဲတို့၊ ဘော်ဒါ ကော်မတီဥက္ကဋ္ဌတို့ တစ် ...ယောက်ပြီးတစ်ယောက်လာပြီး ကျွန်တော့်ကို အဲဒီပွိုင့် ၄၉၁ ကနေ ...နောက်ကိုရွှေ့ပေးဖို့ နည်းမျိုးစုံနဲ့တောင်းဆိုပါတယ်။ ကျွန်တော်က ...လည်း အထက်ကညွှန်ကြားထားချက်အတိုင်း လုံးဝခွင့်မပြုပါဘူး။ ...ူတို့မေတ္တာရပ်ခံတာကို ပြောင်ပြောင်တင်းတင်းပဲ ငြင်းဆိုပါတယ်။ ...ူတို့ကအပြန်မှာ နတ်စင်လေးနှစ်ခုကိုကြည့်ကြည့်သွားကြတယ်။ "...ရင်တုန်းက ဒီနေရာမှာ မရှိပါဘူး'' ဆိုတဲ့သဘောပေါ့လေ၊ ...ပေမဲ့ ဘာမှမပြောကြပါဘူး၊ နတ်စင်ပုံစံကလည်း သူတို့လုပ်တဲ့ ...ပုံမျိုး ဖြစ်နေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



နောက် စစ်ရုံးက ဗိုလ်ချုပ်တွေ အရာရှိကြီးတွေ၊ ချွန်မှန် မြို့တော်ဝန်တို့ ရဟတ်ယာဉ်နှင့် လာကြပါတယ်။ ကျွန်တော်က မိတ်ဝတ်မပျက် ပြောဆိုညှိနှိုင်းဆွေးနွေးပါတယ်။ ကျွန်တော်နဲ့ သူတို့ ဆွေးနွေးပြောဆိုတာတွေတောင် "Bangkok Post" သတင်း စာနှင့် သူတို့ TV Channel 7 မှာ ပါလာတာ သိရပါတယ်။ သူတို့ စခန်းက ကျွန်တော်တို့နှင့်ကပ်နေတာမို့ TV တို့၊ မီးစက်တို့ ငှားပြီး တော့ အဲဒီသတင်းတွေကြည့်ရပါတယ်။ ကျွန်တော့်စခန်းကို ရိုက်ပြ တာ အဲဒီနတ်စင်လေးနှစ်ခုတောင်ပါသေး။

အဲဒါနဲ့ တစ်နေ့ ကိုစိုးအောင်က မနက်စောစော ကျွန်တော့် ကုန်းရောက်လာပြီ

''စီအိုကြီး ... နတ်ရုပ်လေးတွေ လှည့်ကုန်လို့''

''ဘာနတ်ရုပ်တုန်း ... ဘာလှည့်တာတုံး''

''ဟိုလေ ... ဟိုယိုးဒယားနတ်စင်က နတ်ရုပ်လေးတွေ ဘယ်ဘက်လှည့်ကုန်လို့''

''အရင်တုန်းက ဘယ်ဘက်တုံး''

''စီအိုကြီးပြတဲ့အတိုင်း လမ်းဘက်ကိုမျက်နှာမူထားတာ။ နတ်စင်အပေါက်လည်း လမ်းဘက်လေ''

''အပေါက်ကတော့ ဘာမှမပြောင်းဘူးလား''

''အပေါက်ကတော့ ဒီတိုင်းပဲ၊ အပေါ်က အဘိုးကြီး အဘွား ကြီးနတ်ရုပ်တွေပဲ လှည့်ကုန်တာ''

''ဘယ်ဘက်ဆိုတော့ သူတို့ဘက်ဖြစ်နေတာပေါ့နော်''

''ဟုတ်ကဲ့ ... သိသိသာသာကြီးကိုလှည့်နေတာ ...





ရှေ့ဘက်ဆိုပါတော့ စီအိုကြီးရယ်''

''မင်းကောင်တွေများ ... လက်ကမြင်းတာလား''

''ဟာ ... မလုပ်ရဲဘူး ... ဒီကောင်တွေ အဲဒီနတ်စင်နား တောင်မသွားရဲဘူး။ ဘော်ဒါကုမ္ပဏီဥက္ကဋ္ဌ ကာနယ်ကော်လချိုင်းက ပြောထားလို့ သူတို့အဲဒီနတ်စင်နှစ်စင်ကို ကြောက်နေကြတယ်။ ကိုကြီး ကာနယ်ကော်လချိုင်းပြောတာတော့ သူတို့ယိုးဒယားနတ်လို့ ပြောတာပဲ''

''အေးလေ ... နတ်ကလည်း လူရုပ်ကြီးနော်''

''ကျွန်တော်တို့လိုတော့ အချွန်တွေ အတတ်တွေ မပါဘူး နော်''

''အေး ... ကဲသွားကြည့်ရအောင်''

ကျွန်တော်တို့နှစ်ယောက် နယ်စပ်ဂိတ်ကို ချီတက်ပြီး ယောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမောင်ဆန်းရော ရှေ့တန်း ရေး/ ယောက် ဗိုလ်ကြီးသောင်းမြင့်ရောပါတယ်။ ဟိုရောက်တော့ ဟုတ် တယ်ဗျာ။ ထူးထူးဆန်းဆန်း ကျွန်တော်တောင် ကြက်သီးတစ်ချက် လောက် ဖြန်းခနဲဖြစ်သွားတယ်။

အပေါ်က အဘိုးကြီးအဘွားကြီး နတ်ရုပ်နှစ်ရုပ်က မူလကလို လမ်းဘက်အပေါက်ဘက် လှည့်မနေတော့ဘဲ ဘယ်ဘက်(သို့) ရှေ့ဘက် တစ်နည်းအားဖြင့် ပြောရရင် သူတို့နယ်မြေဘက်လှည့် နေတယ်၊ ထူးတာက အောက်ကခစားနေတဲ့ ယောကျာ်းမိန်းမစုံတွဲ ရုပ်နှစ်ရုပ်စီကတော့ မူလအတိုင်းပဲ လမ်းကိုကျောပေးထားတယ်။

ကျွန်တော်က ''အင်း ... ထူးတော့ထူးဆန်းတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးမောင်ဆန်းက ...

''ကျွန်တော်လည်း ဘုရားဆင်းတုတော်တွေ လှည့်တယ်ဆို တာ ကြားဖူးတယ်''

ဗိုလ်ကြီးသောင်းမြင့်က ...

''ဒက္ခိဏာသာခါ ဆင်းတုတော်လေ''

ဗိုလ်မှူးစိုးအောင်က ...

''အင်း ... ပြောကြတာပါပဲ''

''ကဲပါကွာ ... ဒို့ဘက်မလှည့်ချင်လို့ သူ့ဘက်လှည့်တာပဲ မှာပေါ့။ ဒီတော ဒီတောင်နဲ့ ဒီနယ်မြေမှာတော့ ဆန်းကြယ်တာတွေ အများကြီးဟေ့ .. မင်းကောင်တွေသာ ပေါက်ကရမလုပ်စေနဲ့ ... ကိုစိုးအောင် အနီးအနားမှာ အပေါ့အပါးမသွားနဲ့ မလေးမစားမလုပ်နဲ့ တောင်ပြောမြောက်ပြောမပြောနဲ့၊ ညစဉ် ဖယောင်းတိုင်လေး ... လေးထွန်း၊ အမှုအတန်းဝေပေါ့ကွာ''

''ဟုတ်ကဲ့ စီအိုကြီး''

ကဲ ... ဒါပါဘဲ စာဖတ်သူ၊ သက်သေတွေနှင့်တကွ ကြုံဖူး ဆုံဖူးတွေနဲ့ ပြန်တွေ့တဲ့အခါ ဒီအကြောင်းကို အထူးအဆန်း ... ပြောလွန်းလို့ စာဖတ်သူကို ဖောက်သည်ချတင်ပြတာပါ။ ထူး... ကတော့ ကျွန်တော်တို့ကို တိုက်မယ်တကဲကဲလုပ်နေတဲ့ တစ်... နိုင်ငံ စစ်တပ်ကလည်း နောက်ဆုံးတော့ သေနတ်တစ်ချက်မဖောက် ဘဲ သူတို့အကြံကို လက်လျှော့လိုက်ရတာ ဖြစ်ပါတယ်။

ဒါကြောင့် နတ်စင်ကို ဂရုစိုက်တာ မမှားပါဘူး။

■



## နတ်ကိုတော့ မယုံပါဘူး

ရေးသူ – ဗိုလ်မှူးကြီးကိုကိုကျော်

နတ်ကိုတော့ မယုံပါဘူးဆိုတော့ ဘာကိုယုံသလဲလို့ မေးစရာ ...ပါတယ်။ နတ်ဆိုတာ နှစ်မျိုးရှိတယ်လို့ ကျွန်တော်ထင်တယ်၊ ...(၃၇)မင်းနတ်ရယ် နောက်ဘုရားဟောမှာပါတဲ့ နတ်ရယ်၊ (၃၇)မင်း ...တ်ကလည်း များသား၊ နတ်ကတော်တွေပြောကြတာတော့ အတွင်း ...(၃၇)မင်း၊ အပြင်(၃၇)မင်း၊ အရန်(၃၇)မင်းဆိုလား ပေါင်းလိုက်တော့ ...(၁၁၁) ပါးဖြစ်နေတယ်၊ စာတွေ့လက်တွေ့မှာလည်း (၁၁၁)ပါးသော ...ဆောင်းမင်း၊ (၁၁၁)ပါးသော နတ်မင်းစသည်ဖြင့် ကြားဖူးနားဝ ...နတော့ ယုံလည်းခက် မယုံလည်းခက်ပါပဲ စာဖတ်သူ ခင်ဗျာ။

နောက် နတ်တစ်မျိုးဖြစ်တဲ့ နတ်ပြည်(၆)ထပ်က နတ် ...တာတွေကိုတော့ သိပ်မပြောလိုပါဘူး၊ အဲဒီနတ်တွေက ...လူနဲ့ ...ပတ်သက်ဘူးလို့ထင်ပါတယ်။ နတ်မင်းကြီးလေးပါးတို့၊ ကိုယ် ...နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ ...သစိုးဆိုတာကလည်း ဘုန်းကြီး တရားဟောရာမှာ ...ကာ



www.burmeseclassic.com

www.burmeseclassic.com



ပရိုဟ်ကြီး(၁၁)သုတ်မှာကော ပါနေတော့ အဲဒီနတ်တွေက...
ရှိမှာသေချာပါတယ်၊ များလိုက်တဲ့နတ်တွေကလည်း လူတစ်ကိုယ်
မှာကောင်းတဲ့နတ် (၆)ပါး၊ မကောင်းတဲ့နတ် (၆)ပါးရှိတယ်လို့...
ပြောကြပါတယ်။ အဲဒီလောက်များတဲ့နတ်တွေ ဘယ်လိုများ နေ...
သလဲလို့ စဉ်းစားလိုက်ရင်လည်း လူရယ်စရာဖြစ်မှာသေချာပါတယ်။

ဒါကြောင့် အခုပြောမယ့်နတ်ကတော့ လူတွေနှင့် ...
ယှက်တင်ဖြစ်နေတဲ့ (၃၇)မင်းနတ်ကိုပဲ ပြောချင်တာပါ။ ကျွန်တော်
ရေး့အပုဒ် ''နတ်စင်များကို ဂရုစိုက်ပါ'' ထဲမှာ ရေးခဲ့သလို။

''မင်းဘယ်အရပ်သားလဲ''

''ပဲခူးကပါ''

''ဒါဆို ပဲခူးမယ်တော်အပိုင်ပေါ့''

''မြစ်ဝကျွန်းပေါ်ကပါ''

''ရေငန်ပိုင်ရှင် ဦးရှင်ကြီးဒေသလေ၊ ဆွမ်းတင်ရမယ်''

''အညာသားပါ''

''မြင်းဖြူရှင်အပိုင်ပေါ့၊ မြင်းဖြူရှင်ကို ကိုးကွယ်''

''ရှမ်းပြည်ကပါ''

''ကိုးမြို့ရှင်အပိုင်ပေါ့ကွာ ... ပေါ့မတွက်နဲ့ ငှက်ပျော
ကိုးဖီးနဲ့ ကန်တော့ပွဲပေး'' တဲ့၊ ငှက်ပျောက နှစ်ဖီး သုံးဖီးနှင့်မရဘူး
ကိုးဖီးတောင်ဆိုတော့ တစ်ခါတစ်ခါ ကိုးမြို့ရှင်ကန်တော့ပွဲပေး...
လည်း မချောင်ဘူးဗျာ၊ ဒါကြောင့် ဘယ်နေရာရောက်ရောက် ...
မလွတ်ဘူးလေ။

နောက် ဗုဒ္ဓဘာသာတိုင်းလိုလို အစွဲအလမ်း အယုံအ...





...ကြတဲ့ ပုပ္ပါးမယ်တော်တို့၊ မင်းကြီး မင်းလေးပွဲတို့၊ ရတနာ့ဂူပွဲတို့ဆို
...ဖတ်သူ လေ့လာသတိထားမိပါလိမ့်မယ်။ ယုံကြည်တဲ့သူတွေ ကြိုက်
...ကိုက်တိုး၊ အဲဒီတော့ ဘယ်လိုပြောရမလဲ နတ်ကိုတော့ မယုံပါဘူး
...နတ်တန်ခိုးကိုတော့ ယုံတာလား'' တစ်ခါ တစ်ခါ တိုက်ဆိုင်မှုတွေ
...ကြောင့် ယုံလည်းအခက်၊ မယုံလည်းအခက် ဖြစ်ရတာပါ။ ကျွန်တော့်
...ဖြစ်စဉ်လေးတွေ ဆက်စပ်ကြည့်ပါ စာဖတ်သူ။

ကျွန်တော် တာဝန်ကျေခဲ့ပါသည် အပိုင်း (၃/၄)ထဲက
...ပိုင်း(၄)ထဲမှာ စာဖတ်သူ ဗဟုသုတဖြစ်အောင် ကျွန်တော် မော်
...လမြိုင် ''ညောင်ပင်ဆိပ်'' မှာ ကြုံခဲ့ရတဲ့ ''မင်းကြီးငါးပါးပွဲ'' ကို
...တ်ဝင်စားဖွယ် ရေးသားထားပါတယ်။ ကြုံရင်ဖတ်ကြည့်ပါ။

အတိုချုပ်ကတော့ (၃၇)မင်းထဲက နတ်(၅)မျိုးဝင်တာပါ။
...င်တဲ့နတ်ကတော်က တစ်ယောက်တည်း၊ နတ်ဝင်နေတုန်း စား
...များတာက လူဆယ့်လေးငါးယောက်စာ တစ်ထိုင်တည်းစားသွားတာ၊
...မလွန်ပျင်းလှတဲ့ အာမီရမ်ကို ရေမရောဘဲ တစ်ဝက်ကျိုးအောင်
...သောက်နိုင်တဲ့ နတ်ကတော်၊ ရဲဘော်တောင် အဲဒီလောက် မသောက်
...နိုင်ဘူး ''နှစ်နာရီလောက်ကြာလို့ နတ်တွေထွက်ကုန်ရော နတ်
...ကတော်က ခပ်တည်တည်ပဲ။ အရက် မူးနေတဲ့ပုံ တစ်စက်မပေါက်
...ဘူး။ လူဆယ့်ငါးယောက်စာသော စားထားတာ နတ်ထွက်ပြီးတော့
''ပု...ဆာလိုက်တာ .. ခေါက်ဆွဲလေး ဘာလေးကျန်ရင် ကျွေးပါဦး''
... ခေါက်ဆွဲကို ကျွန်တော်တို့ရှေ့မှာ ထိုင်စားနေတာပါ။ စဉ်းစား
...ဘူးလား စာဖတ်သူ။

နောက် အဲဒီတာဝန်ကျေခဲ့ပါသည် အပိုင်း (၃/၄)ထဲမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



အပိုင်း(၃)မှာ ကျွန်တော် ရပခ တောင်ကြီးမှာ ဒုက္ခတွေပင်လာယ ဝေနေတုန်း ရေနစ်နေတုန်း ကောက်ရိုးတစ်မျှင်ဆွဲမိသလို လိုင်း ထဲမှာရှိတဲ့ နတ်ကတော် တစ်ယောက်စကားစပ်မိလို့ နတ်မေးရာက အစ ''နာမည်မှာ 'ကျော်' ပါလို့ ကိုကြီးကျော် စောင့်ရှောက်တယ်'' တဲ့၊ စိတ်ထဲတော့ ''အံမယ် ‥ တယ်ဟုတ်ပါလား'' ပေါ့ဗျာ။

''ကိုကြီးကျော်ကို အရက်ဆက်ပါတဲ့၊ အရက်ပုလင်း ပေါင်းတော်ပတ်ဆက်ပါတဲ့ ‥‥ ရာထူး လေးနေရာ ဆက်ပြော ရမယ်'' တဲ့။

မယုံမရှိနဲ့ တကယ်ပြောင်းရပါတယ်၊ ဗိုလ်ကြီးရာထူးက အဆင့်လေးဆင့် တက်သွားတာတော့ မဟုတ်ဘူး။ တိုင်းစစ်ဌာနချုပ် တစ်ခုထဲမှာ နေတဲ့ကာလအတွင်း ရာထူးလေးနေရာပြောင်းခဲ့ပါတယ်။

ဒါကြောင့်မို့ နတ်ဆိုတာကလည်း ဗေဒင်လို လူအုပ်ထဲ သလို ထိချင်တဲ့သူထိ၊ မှန်ချင်တဲ့သူမှန် ပါပဲ၊ မှန်တဲ့သူကတော့

''ဟာ ‥‥ ဒီနတ်သိပ်မှန်တာပဲ'' လို့ပြောသလို တ ဖြစ်သွားသူကလည်း ''အလကားပါ'' လို့ပြောမှာသေချာပါတယ်။

ကျွန်တော့်အနေနှင့်လည်း မှန်တာတွေနှင့် တိုက်ဆိုင်ခဲ့သ မှားတာတွေနှင့်လည်း ကြုံတွေ့ခဲ့ရပါတယ်။ တိုက်ဆိုင်မှုလေး ဆက်ရေးပါ့မယ်။ ကျွန်တော်လည်း ရာထူးတဖြည်းဖြည်းမြင့်လာ ကော့သောင်းမှာ တပ်ရင်းမှူးဖြစ်တဲ့အချိန် အဲဒီနတ်နဲ့ ပတ် တာတွေ ဆက်တိုက်ဖြစ်ပါတယ်။ ကျွန်တော် ကော့သော မှ တပ်ရင်းမှူးဖြစ်တော့ တပ်ကတည်ဆောက်ခါစ တပ်သစ် နေစရာအိမ်မရှိပါ။ လေယာဉ်ကွင်းနားက ကော့သောင်းဂေါက်





မှာ နေရပါတယ်။ ကော့သောင်းကနေထွက်ရင် ၇ မိုင် လောက်မှာ ရှိပါတယ်။ ကော့သောင်းနဲ့ လေယာဉ်ကွင်းကြားလည်း ရပ်ကွက် သဘောမျိုး လူနေအိမ်ခြေ ဆက်တိုက်ရှိပါတယ်။ ပြောချင်တာက ရောက်တဲ့ညမှာကို အဲဒီ ၇ မိုင်က နတ်ကတော်ကို ''မြို့တော်ရှင်နတ် ဝင်ပါတော့တယ်ဗျာ''

''အခုရောက်လာတဲ့ တပ်ရင်းမှူးက သာသနာပြုမယ့် မင်းလောင်းပဲ။ ဘုရားတည်ရမယ်၊ ကျောင်း ဆောက်ရမယ်၊ ဘုရား ထီးတင်ရမယ်၊ သိမ်ပြင်ရမယ်၊ အလှူကြီးပေးရလိမ့်မယ်'' တဲ့။

လူမရောက်သေးဘူး နတ်က အတိတ်စိမ်းပေးနေပြီ။ အဲဒါနဲ့ ကျွန်တော်လည်း ပတ်ဝန်းကျင်လေ့လာတော့ ကျွန်တော်နေတဲ့ ၇ မိုင်မှာ တောင်ပေါ်မှာ သိမ်ဖြူလေးရှိနေတယ်။ လမ်းမရှိဘူး မြူပြင်ဖို့လည်း လိုသေးတယ်။ အဲဒီ ၇ မိုင်ကျောင်းလေးမှာလည်း ဆွမ်းစားကျောင်းလေးတစ်ကျောင်း လိုနေတယ်။ ပြီးတော့ ၆ မိုင် စေတီမှာ ထီးတော်မတင်ရသေးဘူး။ အဲဒါကြောင့် ကျွန်တော် စဉ်းစားလိုက်မိပါတယ်။

''ဒါတွေ ငါလုပ်ဖြစ်လိမ့်မယ်ထင်တယ်''

လို့။ နောက်တော့ အဲဒီနတ်ကတော်ပြောတာတွေ အကုန် ဖြစ်နေတာက အံ့သြစရာကောင်းလွန်းပါတယ်။ တစ်ခုချင်း တစ်ခု ချင်းကလည်း အဆက်အစပ်ရှိရှိနဲ့ အကုန်လုံးပြီးမြောက် အောင်မြင် မှားတာလေးတွေကို ကျွန်တော်တင်ပြချင်လို့ပါ။

ဥပမာ သိမ်ဆိုပါတော့ ‥‥ အဲဒီသိမ်လေးကို ကျွန်တော် တက်ကြည့်တော့ သိပ်ပြင်စရာမလိုဘူး။ အဲဒါကြောင့် ကျွန်တော်ဘာပ



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ဆဲကာလမှာပဲ ပန်းရံလက်သမားတွေခေါ်ပြီး ကျွန်တော် ပြုပြင်လိုက်ပါတယ်။ ကုန်ကျငွေကို ကျွန်တော်ပဲလှူလိုက်ပါတယ်။ ပြီးတော့ သိမ်အပေါ်တက်တဲ့ တောင်ကုန်းလမ်းအတိုင်းပဲ ရဲဘော် လုပ်အားနှင့် လမ်းကို ဖြူးအောင်ဖောက်နိုင်ခဲ့ပါတယ်။

နောက် နည်းနည်းကြာချိန် ကျွန်တော်နှင့်မိသားစုတစ်ရှ လမ်းလျှောက်ရင်း အဲဒီ ၆ မိုင်က စေတီလေးကို တက်ကြည့်ပါ တယ်။ ထီးတော်တင်ဖို့ စိတ်ကူးရနေတုန်း ကော့သောင်းက မြို့မိမြို့ ဦးစံသိန်းနောင် ''သီဟသုဓမ္မမဏိဇောတဓရ''ဘွဲ့ရတဲ့ (ရေတော် အငြိမ်းစား)က ဘယ်ကဘယ်လို စိတ်ကူးရလာတယ် မသိဘူး။ တစ်ရက် ကျွန်တော့်ကိုပြောပါလေရော။

''စီအိုကြီး ကျွန်တော် စီအိုကြီးတင်ဖို့ ထီးတော်ပင့်လာ တယ်''

''ထီးတော် ... ဘယ်ဘုရားအတွက်တုံး''

''၆ မိုင်က စေတီလေးလေ၊ စီအိုကြီး တပ်နားကပေါ့ .. စီအိုကြီး ထီးတင်ချင်တဲ့ဆန္ဒရှိနေမယ်ထင်လို့ ရန်ကုန်ဝယ်လာတာ''


''ဟာဗျာ ... ထူးဆန်းလိုက်တာ ... ကျွန်တော် အဲဒီ စေတီလေး ထီးတင်ချင်နေတယ်ဆိုတာ ဦးစံသိန်း ဘယ်လိုသိတုံး''


''အင်း ... စိတ်ထဲသိလာသလိုလိုပါပဲ ဗိုလ်မှူးကြီးရယ်'' တဲ့။

''အေးဗျာ ... ကျေးဇူးပါပဲ ... သာဓုခေါ်ပါတယ် ခင်ဗျား ကုသိုလ်ပါ''

''မဟုတ်ပါဘူး တပ်ရင်းမှူးကြီး ကုသိုလ်ပါ''







ဗိုလ်မှူးကြီးကိုကိုကျော် ဗျူဟာမှူးတာဝန်ထမ်းဆောင်စဉ်က ပိုင်နံ့၃၂၂၂ ဗျူဟာကုန်းတွင်တည်ထားခဲ့သည့် ပြည်ငြိမ်းအေးစေတီတော်

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ခန့်က တာတမော့စခန်း



ရွာဟော့လူမှ ကရသူရိ သို့အပြန်
စပ်ရင်းမျိုးဒုဗိုလ်မှူးကြီးကိုကိုကျော်ဉာဏ်နေရာတစ်ပိုက်



"ဝမ်းသာတယ် ... ထီးတော်က ဘယ်မှာလဲ"

"ကျွန်တော့်အိမ်မှာ တစ်မြို့လုံးလှည့်ပြီး အပူဇော်ခံမယ်၊ ပြီးတော့ ထီးတင်ပွဲလုပ်ပါ့မယ်၊ ကျွန်တော် စီစဉ်ပါ့မယ် စီအိုကြီး"

"ကောင်းပါပြီဗျာ ... တပ်ကလည်း ဝိုင်းလုပ်ပါ့မယ် ... ဝမ်းသာလိုက်တာဗျာ ... စိတ်ထဲဖော်မပြနိုင်အောင်ပဲ"

ဒီလိုနဲ့ပဲ ဘုရားထီးတော်တင်ပွဲကြီး အောင်အောင်မြင်မြင် စည်စည်ကားကားပြီးမြောက်ခဲ့ပါတယ်။

နောက်တပ်ဦးကျောင်းက ဆွမ်းစားကျောင်းဆောက်ဖြစ်တဲ့ ...တ်လမ်းကလည်း တော်တော်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ...ကျောင်းထိုင်ဦးဇင်းက အရင်တပ်က "ခဲယမ်းမီးကျောက်တပ်" က ...ိုလား။ ဗေဒင်လည်း တွက်တတ်တယ်၊ ကျွန်တော့်တပ် ဖွင့်ကာစ ...ကာလည်းက အစစအရာရာ သာသနာရေးကိစ္စတွေမှာ ကူညီလာတာ ...ိုတော့ ကျွန်တော်က နွမ်းပါးတဲ့ကျောင်းကို လှူချင်တန်းချင်စိတ် ...ပါက်လာတယ်။ ကျောင်းလေးက ခပ်စုတ်စုတ် ခပ်ချာချာ ယိုင် ...ိုင်တိုင်နဲ့ အဲဒါနှစ်ထပ်တိုက်ကျောင်းဆောက်မှာပေါ့။ အပေါ်ထပ်မှာ ...ုန်းကြီးနေ အောက်ထပ်မှာ ဆွမ်းစားပေါ့ဗျာ။ မြို့ထဲက ကျွန်တော့် ...ိတ်ဆွေ ကန်ထရိုက် ဦးတင်မြင့်ခေါ်ပြီး ဆွေးနွေးလိုက်တာ "၁၅ ...သိန်း"နဲ့ ရအောင်ဆောက်ပေးမယ်တဲ့။ အဲဒါနဲ့ ကျွန်တော့်မိတ်ဆွေ ...လှူရှင်း ၁၄ ယောက်ရှာလိုက်ပြီး တပ်ကို အစည်းအဝေးဖိတ်လိုက် ...တယ်။ ပြောရရင် သူဌေး ၁၄ ယောက်ပေါ့။ ကျွန်တော်ကလည်း ...ဟာ်ဒါကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ကုန်သွယ်ရေး ကြီးကြပ်ရေးအဖွဲ့ ...ဥက္ကဋ္ဌ၊ ကုန်သည်ကြီးများအသင်း နာယကဆိုတော့ ပါဝါရှိတယ်ပေါ့

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရပါမယ်။ အားလုံးကလည်း ကျွန်တော်ပြောရင် ပြီးတယ်။

"ကဲ ... ခင်ဗျားတို့ ဆယ်လေးယောက်ကို ဒီနေ့ခေါ်တာကတော့ ကျွန်တော် ၇ မိုင် တပ်ဦးကျောင်းမှာ နှစ်ထပ်တိုက်ကျောင်းဆောက်ချင်တယ်။ ဦးတင်မြင့်က ၁၅ သိန်းနဲ့ဆောက်ပေမယ်။ ကျွန်တော်က ပထမဦးဆုံး ၁ သိန်းထည့်မယ်။ ခင်ဗျားတို့ ၁၄ ယောက်က ၁၄ သိန်းထည့်ကြဗျာ" လို့ပြောပြီးပြီးချင်း မဆိုင်းမတွ ထည့်ကြပါလေရော။ ကျွန်တော်မှတ်မိသလောက် အဲဒီ ၁၄ ယောက်ထဲမှာ ကျွန်တော့် ကော့သောင်းက မိတ်ဆွေတွေ ဦးသိန်းလှ... (ကိုအလျှံ)၊ ဦးတင်စိန်၊ ဦးမြင့်လွင်၊ ဦးတင်စိုး၊ ဦးတင်မြင့်၊ ဦးအန်း... ဦးအင်ဂွမ်၊ ဦးစစ်ကျွန်၊ ဦးနောင်မဲ၊ ဦးလှထွန်း၊ ဦးသိန်းဟန်၊ ဦးစံသိန်း... ဦးသောင်း၊ ဦးကင်းတို့ ဖြစ်မယ်လို့ မှတ်မိနေပါတယ်။ အခုထက်ထိ ဒီကျောင်းအလှူကို သာဓုခေါ်နေဆဲပါ။ အုတ်မြစ်ချတဲ့နေ့က အလှူရှင်တွေ ကိုယ်တိုင်လာပြီး အုတ်မြစ်ချကြပါတယ်။ ကျောင်းဆော... လည်းပြီး ကျွန်တော်လည်း ရန်ကုန်တိုင်းကို စစ်ဦးစီးမှူး(ပထမတန်း) (ဂျီဝမ်း) အဖြစ် ပြောင်းခဲ့ရပါတယ်။

နောက် ရယ်စရာလေးတစ်ခုပါ။ ကျွန်တော်နှင့် ဒီနယ်ပယ်က နတ်တွေနဲ့ကလည်း ရင်းနှီးတယ်။ ကျွန်တော့်တပ်ဖွင့်ပွဲလုပ်တဲ့နေ့က တိုင်းမှူးကလည်းမှာလို့ ကျွန်တော်မြို့ထဲက တက်ကျွမ်းတဲ့သူတွေ ခေါ်ပြီး ပွဲတွေပေးပါတယ်။ (၃၇)မင်းအပြင် မြို့တော်ရှင်၊ ရွာတော်ရှင် ရပ်ကွက်တော်ရှင်အကုန်ပါတယ်။ ဦးရှင်ကြီး နယ်မြေဖြစ်ပြီး ဦးရှင်ကြီးကို အဓိကထားပြီးပွဲတင်တယ်။ မြို့ထဲက သူ့နတ်ကွန်းမှာ ပွဲပေးတယ်၊ တပ်မှာ ဆွမ်းတင်တယ်၊ ပြီးတော့ ဗမာနတ်တင်မယ...





...။ ပသျှူးနတ်ကလည်းပါသေး။ သူ့လည်းတစ်ပွဲတင်ရတယ်။ နောက် (၃) မိုင်ကနတ်၊ (၆)မိုင်ကနတ်၊ (၇)မိုင်က နတ်အပြင် (၃)မိုင်နှင့် (၄)မိုင်ကြားက ဟိန္ဒူမယ်တော်ကြီး ကိုလည်းပွဲပေးရတယ်။ ဒါတင် ...ယ်ကဦးမလဲ ... မူဆလင်နတ်၊ ဟိန္ဒူနတ်၊ ဂေါ်ရခါးနတ်အပြင် မြို့ထဲက ချပ်ကျောင်း(Church) က **Father** ကြီးနဲ့ **Mother** ကြီးခေါ်ပြီး ပရိတ်ရေတွေဖြန်း ဆုတောင်းဝတ်ပြုတာတွေ လုပ်သေးတယ်။ နတ်ကတော်ခေါ်ပြီး နတ်ကန္တားပွဲသေးသေးတောင် ပေး...ိုက်သေးတော့ နတ်ကတော်တွေကလည်း ကျွန်တော်နှင့် ခင်မင်...ကုန်ကြပါတယ်။ ဘယ်လို ရယ်စရာဖြစ်တာလည်းဆိုတော့ တပ်မှာ ကျွန်တော်စုပေါင်းရှင်ပြုလုပ်ပါတယ်။ ရဟန်း၊ ရှင်သာမဏေ...တော်များပါတယ်။ (၆)မိုင်ကနေ မြို့ထဲ ရှင်လောင်းလှည့်တော့ ... တစ်လမ်းလုံးရှိကဲ့နတ်ကတော်တွေ နတ်ဝင်ကြပါလေရော၊ ...က်တွေ ကပျော်လွန်းလို့တဲ့ ... (၇)မိုင်နတ်ကစပြီးဝင်လိုက်တာ (၆)မိုင်၊ (၅)မိုင်၊ (၄)မိုင်၊ (၃)မိုင် သဲတန်းအထိ နတ်တွေ တန်းစီ...ဝင်တော့တာပဲ၊ နတ်ဝင်တဲ့နတ်ကတော်တွေကလည်း ကလိုက်သမှ ...ကနေတာပဲ။ အလှူကို ရှေ့ကဆီးပြီး တားကြတာမို့ ရွှေကြိုး၊ ...ကြိုးတွေကို ငွေစား(ပိုက်ဆံစား)နဲ့ ပိုင်းဖြတ်ပေးခဲ့ရပါတယ်။ ...ကျွန်တော်က အလှူရှင်ဖြစ်နေလို့ ဒီလိုလုပ်ရတာကိုပဲ ကျွန်တော် ...အားလုံးဆိုနေတယ်၊ လမ်းတစ်လျှောက်လုံး ပသျှူးနတ်ရော၊ ...တ်ရော၊ ဂေါ်ရခါးနတ်ရော နတ်ဝင်သည့်တွေ ပျော်ကြမြူးကြနဲ့ ...တစ်ခါမှ ကျွန်တော် မတွေ့ဖူးခဲ့ပါ။ ကုန်ကုန်ပြောရရင် မြန်မာ ...ဘာသာမှမဆိုင်တဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကတောင်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတွေက မောင်ရင်လောင်းတွေကို ပရိတ်ရေဖြန်းပြီး ကော
ချီးပေးပါတယ်။ ဒါ ကျွန်တော့်အလှူနဲ့ ပတ်သက်တဲ့ နတ်ပွေ့ရဲ့
စောင့်မကြည့်ရှုမှုပါ။

နောက်ဆုံးတစ်ခုကတော့ ဘုရားဒကာဖြစ်ရတဲ့ဇာတ်လမ်း
ကျွန်တော်က တပ်မှာ တပ်ရင်းရန်ပုံငွေအတွက် အုတ်ဖုတ်တယ်
စက်အုပ်ပေါ့ဗျာ ... မြေကြီးကို TE 11 အင်ဂျင်နဲ့နယ်ပြီး ပုံစံသွင်း
နေလှမ်း၊ ပြီးတော့ မီးဖုတ်တာပါပဲ။ ကျွန်တော့်အုတ်က ရန်ကုန်
ဒညင်းကုန်းစက်ရုံထုတ်တဲ့အုတ်ထက်တော့ စံချိန်စံညွှန်းမညီလှ
သို့သော် အမျိုးအစားကောင်းပေမယ့် မို(mole) ထဲကထွက်တဲ့အ
မညီမညာဖြစ်နေလို့ သုံးတဲ့သူတွေ အကြိုက်နည်းနေပါတယ်။ အဲဒါကို
ဗျူဟာမှူးကြီး ဗိုလ်မှူးကြီးသူရအောင်ကိုက ကူညီတယ်လေ''

''ကိုကျော့်အုတ်ကို ဘုရားဝမ်းစာအတွက် သုံးမယ်ဗျ''

ကျွန်တော်ဝမ်းသာသွားတာပေါ့။

''ဒါဆို ကျွန်တော်မရောင်းပါဘူး၊ လှူပါ့မယ် ဗျူဟာမှူး''

''ငွေပေးပါ့မယ် ... လှူမယ်ဆိုရင်လည်း သာဓုပါ
ဗျာ'' တဲ့။

ဒီလိုနဲ့ပဲ ကျွန်တော် ''အောင်တော်မူဘုရားကြီး'' ရဲ့ ဘုရား
ဒကာဖြစ်ခဲ့ရပါတယ်။ ဆိုလိုတာက ကျွန်တော် ကော့သောင်း ရောက်
ရောက်ချင်း မြို့တော်ရှင်နတ်ဝင်ပြီး နတ်ကတော်ကို ပူးပြီး ပြောခဲ့
တာတွေ အကုန်မှန်နေတယ်လေ။ ကျွန်တော်ဘုရားဒကာဖြစ်ခဲ့ တယ်၊
ကျောင်းဒကာဖြစ်ခဲ့တယ်၊ သိမ်ဒကာဖြစ်ခဲ့တယ်၊ ဘုရားထီး ဒကာ
ဒကာ ဖြစ်ခဲ့တယ်၊ ရဟန်းဒကာဖြစ်ခဲ့တယ် .. ဘာကျွန်တော်





ဒီနတ်ပြောတာ အကုန်မှန်တာပဲ၊ အဲဒါကြောင့် ''နတ်ကိုတော့
ယုံဘူး .. နတ်ပြောတာကိုယုံတယ်လို့ ပြောရမလိုလိုပဲ''

ကြုံတုန်း နတ်အကြောင်းပြောပါရစေဦး .. ကော့သောင်း
လည်း အထက်တင်ပြခဲ့သလို နတ်ကလည်းများ၊ နတ်ကတော်က
ည်းများ၊ နတ်ကလည်း အမျိုးစုံလှပါတယ်။ ကျွန်တော်က
ကျွန်တော့်လူကြီး မှာလိုက်တဲ့အတိုင်း ယိုးဒယားဘက်က ဆရာ
ကြီးတွေဖိတ်ပြီး ဝါဆိုသင်္ကန်းတို့ ကထိန်သင်္ကန်းတို့ ကပ်တယ်။
ဘက်က အလှူရှိရင်လည်း ကျွန်တော်သွားတယ်။ ကျွန်တော့်
counter part ထိုင်းဘော်ဒါ ကော်မတီဥက္ကဋ္ဌ ကာနယ်ကော်လ
က တပ်သစ်ဖွင့်ပွဲတို့၊ တပ်နှစ်ပတ်လည်နေ့တို့၊ ဘုန်းကြီးဆွမ်း
ရင် ကျွန်တော်အမြဲသွားတယ်။ အဲဒီတော့ ဟိုဘက်က ဆရာ
ကြီးတွေနှင့် ရင်းနှီးသလို ယိုးဒယားနတ်ကတော်တွေနှင့်ရော
ပြန်ရောဗျ။ ယိုးဒယားအကြောင်း အနည်းငယ်ပြောရရင်
လူမျိုးကလည်း ကျွန်တော်တို့ မြန်မာလူမျိုးလို ဗုဒ္ဓဘာသာတွေ
တော့ နတ်လည်းသိပ်ယုံတာပဲ။ ကျွန်တော်တို့လို (၃၇)မင်း
ဟုတ်ဘူးပေါ့လေ ... သူတို့နတ်တွေပေါ့။ သူတို့ကိုလည်း
င်မသေးနဲ့၊ ကျွန်တော်တို့ထက်တောင် နတ်ကများသေး။ ဘန်
က်မြို့လယ်ခေါင်မှာ နတ်ကွန်းအကြီးကြီးနဲ့ ကိုးကွယ်ထားတဲ့
ဝတ်ဘိုးဘိုး'' ဆိုရင် တကယ်တော့ ဟိန္ဒူနတ် ''ဂနေရှ်''ပါပဲ၊
ခေါင်းနဲ့ လူကိုယ်နဲ့လေ၊ စာဖတ်သူ မြင်ဖူးမှာပါ။ အကြီး
ကိုးကွယ်တာ။ ပြီးတော့ ကျွန်တော်တို့ ကော့သောင်းတစ်
မ်း၊ ရနောင်း၊ ဖန်ဖလား၊ ချွန်ဖုန်းလမ်းတစ်လျှောက်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



နတ်စင်တွေအများကြီး၊ ကာနယ်ကော်လချိုင်းကိုမေးကြည့်တဲ့အခါ နတ်အမျိုး ကိုးဆယ်ကျော်တယ်ဆိုပဲ။ ကျွန်တော်တို့က (၁၀၀) ဆိုတော့ ကျွန်တော်တို့မှိဖို့ နည်းနည်းပဲလိုတော့တာပေါ့။

ပြီးတော့ အဲဒီလူမျိုးက စုန်း၊ တစ္ဆေ၊ မြွေ၊ လက်ဖွဲ့၊ ဂါထာ မန္တရားလည်း အလွန်ယုံကြည်ပါတယ်၊ ဗေဒင်လက္ခဏာလည်း အလွန်ယုံပါတယ်၊ ယတြာချေတာကတော့ ပြောမနေနဲ့တော့ အခါ တော့ အဲဒီ ယိုးဒယားနတ်ကတော်ကတောင် အဲဒီယိုးဒယားနတ် ပူးပြီး ကျွန်တော့်ကို ''သာသနာပြုပုဂ္ဂိုလ်''တဲ့၊ နာမည်ကြီးပုံများ ဒီလိုပါ။

နိဂုံးအနေနှင့် ရယ်စရာလေးနှင့် အဆုံးသတ်ပါ့မယ်။

ကော့သောင်းကလည်း နတ်ကတော်ခပ်ပေါပေါဆိုတော့ ကျွန်တော့်တပ်ကလုပ်တဲ့ ဘာသာရေး အခမ်းအနားတိုင်းမှာ နတ် က ဝင်တယ်၊ ပူးတယ်၊ သူပြောချင်ရာပြောတယ်၊ ပြောတာ ကတော့ ကောင်းတာတွေများပါတယ်။

''ဗိုလ်မှူးကြီး ... ဘယ်ဇာတိတုံး''

''ရန်ကုန်ကပါပဲ''

''ဒါကို ဝါဝင်ဝါထွက် ဦးရှင်ကြီးတင်ရမယ်နော''

''ကြီးပြင်းတာကတော့ ခရမ်းဘက်မှာပါ၊ ဟံသာ ခရမ်းလေ သိလား ... ခရမ်းသုံးခွပေါ့''

''သိတာပေါ့ ... အဲဒါ ပဲခူးမယ်တော်နယ်မြေပဲ ပဲခူး မယ်တော်ပိုင်တယ်'' လုပ်ပြန်ပြီ။

''ဒါပေမဲ့ဗျာ ... တပ်ထဲနေတာများတော့ မြန်မ





အနံ့ရောက်တာပါပဲ''

''ဘယ်ဘက်အရောက်များတုံး''

''ရှမ်းပြည်ဘက်ပေါ့''

''ဟာ ... ဗိုလ်မှူးကြီး ကိုးမြို့ရှင်ကိုးကွယ်နော်။ ရှမ်းပြည် တစ်ကြော ကိုးမြို့ရှင်၊ ပုလဲရှင် ဩဇာထက်တယ်''

''မိန်းမက ဘယ်ဇာတိတုံး''

''မြင်းခြံ၊ ကျောက်ပန်းတောင်းဘက်ကပါ''

''အစ်မကြီးကို မြင်းဖြူရှင်ပွဲလေးဆက်ခိုင်းပါဦး''

''ဗိုလ်မှူးကြီး နာမည်က 'ကျော်' ဒါတော့၊ ကိုကြီးကျော် စောင့်ရှောက်မယ်ထင်တယ် .. ပခန်းကိုကြီးကျော်လေ သိတယ် မဟုတ်လား''

''သိတာပေါ့ဗျာ၊ ရပခမှာတုန်းကလည်း နတ်ကတော်တစ် ယောက်က ဒီလိုပဲပြောဖူးတယ်''

''ပြောမှာပေါ့ ... မှန်နေတာကို စိတ်ထဲသိနေတယ်လေ''

''ပုပ္ပါးဘက်ရောက်ဖူးလား''

''ရောက်သပေါ့ဗျာ ... ခဏ ခဏပေါ့''

''ပုပ္ပါးမယ်တော်နှင့် သားနှစ်ပါး၊ မင်းကြီးမင်းလေးဆက်ရင် ဗိုလ်မှူးကြီး ကြီးပွားမယ် ရာထူးတိုးမယ်''

''တကယ်လား ... ဘာဆက်ရမှာတုံး''

''ပွဲသုံးပွဲပေါ့ ... မယ်တော်အတွက် ပန်း(၉)မျိုးရယ်၊ မင်းတော်နှစ်ပါးအတွက် ဓားနှစ်စင်းရယ်၊ ဘိလပ်ရည်နှစ်ပုလင်း''

''အမယ် ... သူလည်းမနည်းပါလားပေါ့ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ဘာကျန်သေးတုံး ‥ နတ်ကတော်တစ်ယောက်က ပြော သေးတယ်။

''အခု ကော့သောင်းမှာ အိမ်တွင်းဆွဲလား''

''မဆွဲတော့ဘူးဗျာ … အရင်တုန်းကတော့ ဆွဲတယ်၊ အခုတော့ ဟိုသွား ဒီသွားနဲ့ မဆွဲဖြစ်တော့ပါဘူး၊ ဇာတ်လမ်းရှုပ် လွန်းလို့ဗျာ''

''အောင်မယ်လေး … ရင်းမှူးကြီး ဒီလိုမလုပ်ပါနဲ့ ဆွဲပါ ဆွဲပါ မဖြစ်မနေဆွဲပါ ‥ ရိုးရာမဖျက် ကောင်းဘူးရှင့်''

''ကျွန်တော်ကြားဖူးတာကတော့ မိဘတွေဆွဲရင်ရတယ်ဆို''

''ရတော့ ရပါတယ်ရှင် ‥ ကိုယ်တိုင်ဆွဲတော့ ပိုကောင်း တာပေါ့'' တဲ့။

အဲဒီတော့ စဉ်းစားသာကြည့်ပါ စာဖတ်သူ … နတ်က စမိရင် မဆုံးဘူး။ လက်တွေ့ကြုံခဲ့တာတွေရဲ့ အဖြစ်မှန်ဇာတ်လမ်း လေးတွေ စာဖတ်သူစိတ်ဝင်စားမယ်ထင်လို့ တင်ပြရခြင်းဖြစ်ပါတယ်။ ယုံတာ မယုံတာကတော့ မိမိတို့သဘောဆန္ဒအတိုင်းပါပဲ စာဖတ် သူ …

■



## ပသျှူးနတ်အစွမ်းထက်လိုက်ပုံက

ရေးသူ – ဗိုလ်မှူးကြီးကိုကိုကျော်

ရှေ့အပုဒ်က ကျွန်တော် ''နတ်''တွေအကြောင်း ရေးခဲ့ ပါတယ်။ အဲဒီမှာ ကျန်နေတာက ''ပသျှူးနတ်'' ကော့သောင်း ဆိုတော့ နတ်မျိုးစုံတယ်လေ၊ ကော့သောင်းရဲ့ သဘာဝမြေအခြေ အနေလေး အကြမ်းဖျဉ်း တင်ပြပါရစေ၊ မြန်မာပြည်တောင်ဘက် အစွန်ဖြစ်တဲ့ ကော့သောင်းဟာ မြန်မာနိုင်ငံရဲ့ မြို့တစ်မြို့ဖြစ်တော့ မြန်မာလူမျိုးပဲများပါတယ်။ မြန်မာဆန်ပါတယ်၊ ဗမာ၊ ကုလား၊ တရုတ်ရှိပါတယ်။ အခြားတိုင်းရင်းသား လူမျိုးစုများ နေထိုင်မှု နည်းပါတယ်။ သို့သော် ဒေသအရ ကွဲပြားမှုလေးတွေပြောရရင် မြိတ်ကိုရင် ပြိတ်သံဝဲဝဲနှင့် မြိတ်သား(ဘိတ်သား)လို့မြိတ်မှာ နေတဲ့လူတွေကို ခေါ်ကြသလို ထားဝယ်ဆိုရင်လည်း ထားဝယ်



www.burmeseclassic.com

www.burmeseclassic.com



သံဝဲဝဲနှင့် ထားဝယ်သားလို့ခေါ်လေ့ရှိပါတယ်။ ကော့သောင်းကတော့ မြိတ်လိုလည်းမဟုတ် ထားဝယ်လိုလည်းမဟုတ် ကော့သောင်းဟာ ကော့သောင်းသပ်သပ်ပါပဲ။ မြိတ်၊ ထားဝယ်တို့နှင့် မတူတဲ့ ကော့သောင်းပါ။ သို့သော် နေထိုင်မှုအရကြည့်ရင် ကော့သောင်းမှာ မြိ ာ်သားလည်းရှိတယ်၊ ထားဝယ်သားလည်းရှိတယ်၊ မော်လမြိုင် သ ပည်းရှိတယ်၊ ရေးသားလည်းရှိတယ်။ နောက် မြိတ်၊ ထားဝယ်နဲ့ မဟ ဲ့အချက်က သူတို့ အခေါ် ''ရှမ်း''လို့ခေါ်တဲ့ ထိုင်း (ယိုး ဒယား)လူမျိုးလိုပြောဆိုနေထိုင်စားသောက်တဲ့ လူမျိုးလည်းရှိပါတယ်။ အဲဒါကတော့ ကော့သောင်းမြောက်ဘက်ညာဘက်ခြမ်း ကျွန်တော်တို့ ပိုင်နယ်မြေပဲ၊ ပါချန်မြစ်အနောက်ဘက် ''တောင်ပေါ်ရှမ်းကိုးရွာ'' တဲ့ ခေါ်တာကိုက ရှမ်းကိုးရွာ ''ထပ်ပလီ၊ ဖေါ်သွတ်၊ နာလီချုံး၊ နမ့်သွန်၊ မာရမ်း'' ဆိုတဲ့ရွာတွေမှာ အဲဒီမြန်မာ–ယိုးဒယားအနွယ်တွေ နေထိုင်ကြပါတယ်။ အလားတူ ကော့သောင်းမြောက်ဘက် ဘယ် ဘက်ခြမ်း၊ မြန်မာ့ပင်လယ်ပြင်နှင့် မိမိ တနင်္သာရီကမ်းပါးကြားမှာ တော့ ပသျှူးဆိုတဲ့အနွယ်တွေ နေကြပါတယ်။ သူတို့ချည်းပဲမဟုတ် ဲ့ပဲနဲ့ ဗမာနှင့်ရောနှော နေထိုင်ကြခြင်းဖြစ်ပါတယ်။ လူက မလေး ကပြား၊ ဘာသာက အစ္စလာမ်၊ တစ်ချို့ကလည်း ''ပန်းသေး''လို့ ခေါ်တယ်၊ တစ်ချို့ကလည်း ''ပသျှူး'' လို့ခေါ်ပါတယ်။ ပန်းသေး ကတော့ ကျွန်တော်မလေးရှားမှာနေစဉ် မလက္ကာပြည်နယ်မှာ နေထိုင်ကြတဲ့ မလေးလူမျိုးတွေကို ပန်းသေးလို့ခေါ်ပါတယ်။ အလွယ် ဆုံးပြောရရင်တော့ ''တရုတ်မွတ်စလင်''ပါပဲ။ ကျွန်တော် စပ်စုကြည့်လိုက်တော့ စကာပူလူမျိုးနှင့် မလေးလူမျိုးစပ်သလို





ရှေမလေးကြီးတွေကိုပဲ ''ပန်းသေး''လို့ခေါ်သလိုလို မလေးရှားအခေါ် ''ညိုညှ'' လို့ခေါ်ပါတယ်။ အသားဖြူဖြူချောချော၊ ကုလားလို ပမဲမဲညိုညို မဟုတ်ပါ။ ဖြူဖြူသန့်သန့်ဖြစ်ပါတယ်။ ကျွန်တော် ကော့သောင်းဇရိယာ ''ပသျှူး' နယ်မြေမှာတော့ ဖြူတာလည်းရှိ မဲတာလည်းရှိပေါ့လေ။ တစ်ချို့ရွာက ပသျှူးချည်းပဲသီးသန့်နေတဲ့ ရွာလည်းရှိပါတယ်။ ဗမာနှင့်ရောနှောနေတဲ့ရွာလည်းရှိပါတယ်။ ''ပသျှူးစု'' ''ဗမာစု'' ဆိုပြီးခွဲထားပါတယ်။ ဗဟုသုတ အဖြစ်ပြောရ ရင် ကျွန်တော်နှင့် ရင်းနှီးခင်မင်တဲ့ ''ချမ်းဖန်း''ရွာ ဥက္ကဋ္ဌ ပသျှူးလူမျိုး ''ဂျာမန်း''ဆိုရင် သူက ပြောပါတယ်။

''စီအိုကြီး ကျွန်တော်တို့က ဗမာပဲ၊ ဒီမှာနေတာကြာလှပြီ၊ ဟိုး ... ဘိုးစဉ်ဘောင်ဆက်ထဲကနေ လာတာ၊ ကျွန်တော့်အဘိုး ပြောတာက သူ့အဘိုးက မလေးရှားကျွန်းဆွယ်က ပြောင်းလာတာတဲ့။ အဲဒီတော့ ဗိုလ်မှူးကြီး စဉ်းစားကြည့်လေ ... ဒီရွာတွေက ကျွန်တော်တို့ရွာပဲ၊ ဒီရွာတွေကို ကျွန်တော်တို့ သံယောဇဉ် ရှိတာပေါ့။ ကျွန်တော်တို့ရွာမှာ ဘုန်းကြီးလည်းဆွမ်းလောင်းတယ်၊ ဝက်လည်း မွေးတာပဲ၊ ဒါကြောင့် ကျွန်တော်တို့ ပသျှူးလည်း ဗမာတစ်ပက်ပါပဲ ဗိုလ်မှူးကြီးရယ်'' တဲ့။

အဲဒါကြောင့် ကော့သောင်းမှာ (၃)မိုင် သဲတန်းကစပြီး (၆)မိုင်ရွာ၊ (၇)မိုင်ရွာ၊ (၁၁)မိုင်ရွာ ပသျှူးတွေ အများကြီးပဲ၊ အနောက်ဘက်ကမ်းနားတစ်လျှောက်က ရွာတွေဖြစ်တဲ့ ''အောင်ဘာ၊ ...ကြီး၊ ပပုဒေး၊ ချမ်းဖန်း၊ ပလီဝမ်း'' စတဲ့ရွာတွေမှာလည်း ပသျှူးတွေအများကြီးပါ။ ဒါဆိုစာဖတ်သူ နည်းနည်းသဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



မှာဖြစ်ပါတယ်။

အခု ကျွန်တော့်ရဲ့ ဇာတ်လမ်းစပါ့မယ်။ ကျွန်တော် ကော့သောင်းမှာ တပ်ရင်းမှူးလုပ်တော့ ယခင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး (ကွယ်လွန်)က ''ငါ့တပည့်‥ မင်း ဒီနယ်မှာ စည်းရုံးရေးလုပ်၊ နယ်မြေလူထုစည်းရုံး၊ ကိုယ့်နယ်မြေ ဘကုန်လျှောက်သွားပစ်၊ ကော့သောင်းမှာပဲထိုင်မနေနဲ့ အရှေ့ဘက် မြိမ်းရော၊ အနောက်ဘက်ခြမ်းရော အကုန်သွား၊ ကိုလှအေး (ဗိုလ်မှူး လှအေး–ကျွန်တော့်ဒုတပ်ရင်းမှူး)က မဝတ လုပ်တော့ မင်းက အကြီးပဲ ခဝတ လုပ်၊ အစည်းအဝေးလုပ်၊ မင်းကကြီးကြပ်ကွပ်ကဲ''

တဲ့။

ကျွန်တော်ကလည်း ''ဟုတ်ကဲ့‥'' ပေါ့။ ဒါနဲ့ ကျွန်တော် လည်း ကော့သောင်းမှာ ''ခဝတ'' မရှိခင်ကတည်းက ''ခဝတ'' ဥက္ကဋ္ဌ လုပ်ခဲ့ရပါတယ်။

အဲဒီတော့ ကျွန်တော်လည်း ခြေဆန့်လက်ဆန့် အနောက် ဘက်ခြမ်း ''ချမ်းဖန်း''တစ်ဝိုက် ''စစ်ကြောင်းကြီးငါးကြောင်း''အသွင် စည်းရုံးရေးထွက်ပါတယ်။ တပ်၊ ရဲ၊ မဝတအကုန်ပါတယ်။ မှတ်မိ သလောက် ထွေအုပ်က မင်းကြီးဦးကျော်ညွန့်၊ မဝတအတွင်းရေးမှူး ဦးကျော်ဝင်း၊ ကာစတန်က ဦးအောင်မြင့်၊ အက်စ်ဘီက ဦးထွန်းလွင်၊ မြို့နယ်ပညာရေးမှူး ဦးဘဝင်း၊ လျှပ်စစ်က ဦးလှမော်ဦး၊ ပြန်ကြား ရေးက ဗိုလ်ကြီး(ငြိမ်း)တင်အေး၊ သစ်တောက ဦးကျော်ဇောလွင်၊ ရဲက ရဲမှူးဦးတင်ထွဋ်အပြင် ကျွန်တော် သွားရင်လိုက်‥‥ အခုခရီးနှင့်လည်း ဘာမှမဆိုင်တဲ့ အန်ကယ် ဦးမင်းကြည် ‥‥





‥သောင်း လေယာဉ်ကိုယ်စားလှယ်)လည်းပါတယ်ဗျာ။ သွားတုန်းက ‥ကားနှစ်စီးအပြည့် ပျော်စရာကြီးပါပဲ။ ယခင် တရားသူကြီးဟောင်း ‥သိန်းဟန်နဲ့ယခင် ကောင်စီဟောင်း ဦးလှထွန်းတို့လည်းပါတယ်။ ‥ပ်ကတော့ တပ်ကကားနှင့် တပ်ခွဲတစ်ခွဲပါပါတယ်။ ချမ်းဖန်း ‥ရောက်တော့ ကားတွေထားကြပြီး ကျွန်တော်တို့တတွေ ရွာတွေကို ‥ကုန်းကြောင်းချီကြပါတယ်။ ရွာတွေရောက်ရင် တရားဟော စည်းရုံး ‥ပေးကုပေး ရွာကလိုတာတွေ လုပ်ပေးပေါ့ဗျာ။ အဲဒါနဲ့ ရွာနာမည် ‥ကောင်မမှတ်မိတော့ပါဘူး။ ရွာခပ်ကြီးကြီးပါပဲ။ ရွာဥက္ကဋ္ဌရဲ့အိမ်မှာ ‥တည်းခိုကြပါတယ်။ အိမ်ကအကြီးကြီးဆိုတော့ ကျွန်တော်တို့အဖွဲ့ ‥ားလုံး အိမ်နှစ်အိမ်နှင့် လောက်ပါတယ်။ အိပ်ရာ ခြင်ထောင် ‥ဟော့ ရွာကစီစဉ်ပါတယ်။ စားဖို့သောက်ဖို့လည်း ရွာကပါပဲ။ ‥ကျွန်တော့်တပ်ကတော့ ရွာပတ်ဝန်းကျင်မှာ ဖြန့်ခွဲအခြေပြုပါတယ်။

ညဘက်မှာ ပျော်ပျော်ပါးပါးပဲ စားကြသောက်ကြ စကား ‥ပြောကြနှင့် တစ်ညတာ အေးအေး ချမ်းချမ်းပြီးသွားတာပါပဲ။ တစ်နေ့ ‥၊ ရေတွေဖြတ်၊ ကွင်းတွေဖြတ်၊ တောင်တွေတက်ဆိုတော့ တော် ‥တော်ပင်ပန်းကြပါတယ်။ မင်းကြီးဦးကျော်ညွန့်ကဆို တုံးခနဲပဲ၊ ‥စ်ရေးမှ မနိုးတော့ဘူး။ မနက်ကျတော့ သူက အစောကြီး ‥ကျွန်တော့်ကို နှုတ်ဆက်တယ်။

''စီအိုကြီး ညကအိပ်ပျော်ရဲ့လား'' တဲ့။

''ပျော်ပါ့ဗျာ ‥ မင်းကြီးရော''

''ကျွန်တော်ရော တုံးခနဲပဲ''

''အန်ကယ်ဦးမင်းကြည် ‥ နိုးပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"နိုးပြီ စီအိုကြီး"

အဲဒါနဲ့ ကော်ဖီသောက်ကြ မုန့်စားကြနှင့် မနက်ရှစ်နာရီလောက်မှာ ပါလာတဲ့ တပ်ခွဲမှူး ကျွန်တော်တို့ အိမ်ရှေ့ခပ်လှမ်းလှမ်းမှာ ကျွန်တော့်အိုင်အို ဗိုလ်ကြီးကျော်ကျော်နှင့် တွတ်ထိုးမနေ တယ်၊ ပြီးတော့ ဟို လက်ညှိုးထိုး ဒီလက်ညှိုးထိုးနှင့်ပေါ့။ ကျွန်တော် စိတ်မရှည်တော့ဘူး။

"ကိုကျော်ဌေး ... ဘာဖြစ်နေတုံး"

"စီအိုကြီး သတင်းပို့စရာလေးတစ်ခုရှိလို့"

"ပြောလေ"

"စီအိုကြီး တပ်စု(၁)က ရဲဘော်အောင်မိုး ညက သန်းခေါင်လောက်ဖြစ်ပါလိမ့်မယ်၊ ပြန်ရောက်လာတော့ ကယောင်ချောက်ချားတွေပြောပြီး သေနတ်လည်းပါမလာဘူး"

"အရက်တွေသောက်ထားတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ငါသိပါတယ် ဒီကောင်အရက်မူးလွန်ပြီး အရက်ကြောင်ကြောင်ပြီး လျှောက်သွားတာဖြစ်မှာပေါ့"

"ဟုတ်ကဲ့"

"ဘာလက်နက်တုံး"

"လေးဆယ်မမပါ ခင်ဗျ"

"ကောင်းကွာ"

"ကျွန်တော် အခု တပ်ခွဲတစ်ခွဲလုံး လိုက်ရှာခိုင်းထားပါတယ် ခင်ဗျ"





…ရှိုင်းမယ်တော်ကြီး သားအသဃကုမ္မာ နှင့် ကျွဲထိန်း မောင်အောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဒိမ်တွင်းမောင်နှံ့ခုနှစ်ဖော်



မြင်းဖြူရှင်

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းထက်သော ပသျှူးနတ်



''ရှာ ... ရှာ ... မတွေ့တွေ့အောင်ရှာ၊ ကိုကျော်ဌေးမင်းတို့ပေါ့တယ် ရဲဘော်ပစ်မထားနဲ့၊ မျက်စိဒေါက်ထောက်ကြည့်အရက်သောက်ပြီးများကွာ ဖြစ်ရတယ်လို့၊ အဲဒီကောင်ခေါ်ခဲ့စမ်း''

''ပါသွားတယ် စီအိုကြီး လမ်းပြဖို့''

''မတွေ့တွေ့အောင်ရှာကွာ ... မင်းထပ်လိုက်သွား၊ လက်ဖြောင့်လည်း ခေါ်သွား၊ မတွေ့မချင်း ပြန်မလာနဲ့ မတွေ့မချင်းစောင့်မယ်''

ကျွန်တော် ဒေါသီးနေတာသိလို့ တစ်ဖွဲ့လုံးလည်း ငြိမ်ကျသွားပါပြီ။ ပါလာတဲ့ အရပ်ဘက်အဖွဲ့တွေကတော့ တိုးတိုး တိုးတိုးလုပ်နေကြလေရဲ့။

''ကဲ ... အန်ကယ် ဦးမင်းကြည်တို့ နားနားနေနေပေါ့၊ သေနတ်ပျောက်တယ်တဲ့။ တွေ့အောင် ရှာပစေ ... ဒီကောင်တွေ''

''ရပါတယ် စီအိုကြီး အေးအေးဆေးဆေးပေါ့''

အက်စ်ဘီဦးထွန်းလွင်က ...

''စီအိုကြီး ... ကျွန်တော်တို့အဖွဲ့ သတင်းထောက်ဖို့ ရွာထဲဆင်းလိုက်ဦး မယ်''

''ဆင်းဗျာ ... ကောင်းတယ်၊ ဝိုင်းလုပ်ကြပါဦး''

''ကဲ ... ကိုသောင်းမြင့်နဲ့တစ်ဖွဲ့က တစ်နေရာရှာကွာ။ ကိုကျော်ကျော်နဲ့အဖွဲ့က တစ်နေရာရှာ၊ ထွန်းအောင်စိုးပဲ ငါနဲ့နေခဲ့''

အဖွဲ့တွေလည်း လစ်ကုန်ကြပြီ။

ကျွန်တော်လည်း တော်တော် စိတ်ဓာတ်ကျသွားတယ်။ မျက်နှာရမလားလို့ စည်းရုံးရေးထွက်ပါတယ်၊ သေနတ်ပျောက်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ သေနတ်ကလည်း ၄၀ မမ ဆိုတော့ ဘယ်လို ဘယ်လို တိုင်းကိုအစီရင်ခံရမလဲလို့ တွေးရင်းနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။

မင်းကြီးဦးကျော်ညွန့်က ...

"တွေ့မှာပါ စီအိုကြီးရယ် ... ထမင်းလေး စားလိုက်ကြရအောင်လား"

"ကောင်းသားပဲ စားကြတာပေါ့"

ကျန်တဲ့အဖွဲ့တွေ ကျွန်တော့်ကို ထမင်းစားစောင့်နေကြ တော့ ကျွန်တော်လည်း ဝင်စားပါတယ်။ သေချာတာပေါ့ စားလို့မဝ တော့ပါ၊ စကားခပ်နည်းနည်းနဲ့ပဲ ထမင်းပိုင်းကနေ ထွက်ကြ၊ ကျွန်တော့်အခန်းထဲဝင်ပြီး သေနတ်ရှာဖို့ စဉ်းစားခန်းအမျိုးမျိုး ထုတ် ရပါတယ်။ မေးခနဲ အိပ်ပျော်သွားတယ်၊ အိပ်ရာကနိုးတော့ရ idea က "ထိုင်နေရင်း အလကား၊ ထသွားမှအကျိုးရှိ" လို့။

"ကဲ ... အန်ကယ်ဦးကျော်ညွန့် လူစုဗျာ။ ထွက်ကြရအောင်။ ထိုင်နေ အလကားပဲ၊ ကျွန်တော်တို့လည်း လမ်းသွားရင်း ပိုင်းရှာရအောင်၊ လမ်းမှာရဲဘော်တွေတွေ့မှာပဲ၊ ချမ်းဖန်းအထိ ချီတက်မယ်"

"ကောင်းတယ် စီအိုကြီး"

ကျွန်တော်တို့လူကြီးအဖွဲ့ ညအိပ်တဲ့ရွာက ထွက်ပါပြီ၊ လမ်းတစ်လျှောက်လည်း ရဲဘော်ခြေရာတွေထပ်လို့၊ ကျွန်တော် တို့လည်း ကျွန်တော်တို့ညအိပ်ခဲ့တဲ့ရွာနှင့် ချမ်းဖန်းကြား အသေးစိတ် တောနင်းရှာပါတယ်။ လမ်းမှာ ရှာနေတဲ့အဖွဲ့တွေနဲ့တောင် တွေ့





ပေါင်းရှာကြပါတယ်။ ချမ်းဖန်းရောက်တဲ့အထိ မတွေ့ပါ။ ချမ်းဖန်း ရောက်တော့ ညနေစောင်းပြီ၊ ဗိုလ်မှူးကျော်ဒွေးတော့ ကျွန်တော် ကို မျက်နှာချင်းကို မဆိုင်ရဲလို့ထင်ပါရဲ့ တစ်ခေါက်မှလာမတွေ့ဘူး၊ ချမ်းဖန်းမှာ ရွာထိပ်ကနေ ဂျာမန်းက လာကြိုတယ်။

"ဗိုလ်မှူးကြီး ... ကျွန်တော့်အိမ်မှာ နားပါဦး"

"နားမယ်ကွာ ... ပြီးတော့ ဆယ်အိမ်ခေါင်းတွေခေါ်ပါဦး။ အလုပ်ကလေးတစ်ခုရှိနေလို့"

ဆယ်အိမ်ခေါင်းတွေရောက်တော့ ဂျာမန်းဦးစီးပြီး ဆယ်အိမ် ခေါင်းတွေ ရွာပတ်လည်နဲ့ ရွာစဉ်တစ်လျှောက် သတင်းတွေ ထောက် ကြ၊ တောတွေတောင်တွေထဲမှာ သေနတ်ကိုရှာကြပါပြီ။

ညနေငါးနာရီလောက်တော့ သေနတ်တော့မတွေ့၊ ဗိုလ်မှူး ကျော်ဒွေးရယ်၊ ဗိုလ်ကြီးသောင်းမြင့် ရယ်၊ အန်ကယ်ဦးမင်းကြည်ရယ်၊ ခြေထောက်မှာလည်း ဗွက်တွေရွှံ့တွေဗလပွနဲ့ ရောက်လာကြပါတယ်။

ဗိုလ်မှူးကျော်ဒွေးက ...

"စီအိုကြီး ... သူမျက်စိလည်တဲ့နေရာနဲ့ သူသေနတ်ကျန် ယ်လို့ထင်တဲ့ နေရာအသေးစိတ်ရှာပြီးပါပြီ၊ နောက် သူ မေးခနဲ အိပ်ပျော်သွားတဲ့နေရာ မှတ်မိတယ်ဆိုလို့ လိုက်ကြည့်တော့ အဲဒီ ပတ်ဝန်းကျင်ပဲ၊ တောကလည်းအရှုပ်ကြီးမဟုတ်ဘူး။ သစ်ပင်အကြီး ကြီးတွေလည်း သိပ်မရှိဘူး။ အဲဒီနေရာလည်း အသေးစိတ်ရှာပါတယ်၊ မတွေ့ဘူးခင်ဗျ။ သူ အိပ်ပျော်ခဲ့တယ်ဆိုတဲ့နေရာကဖြစ်နိုင်တယ်၊ သူအိပ်ခဲ့တဲ့ အနေအထားမျိုး သစ်ပင်တွေ မြက်တွေ လဲနေတာ တွေ့ရပါတယ် ... အန်ကယ်ဦးမင်းကြည်လည်း ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းကြည်က . . .

"ဟုတ်တယ် . . . စီအိုကြီး တောခြောက်သလိုလိုဖြစ်တာ။ ကျွန်တော်တို့အိပ်တဲ့ ရွာရဲ့အနောက်တည့်တည့်မှာ ပသျှူးရွာအသေး လေး၊ အိမ်စုလေးရှိပါတယ်။ အဲဒီကြားပါ။ ဒီကောင် အဲဒီရွာမှာ အရက်သောက်ပြီးဖြစ်တဲ့ကိစ္စ ဖြစ်မှာပါ၊ သူ့ကိုမေးတော့လည်း မမှတ်မိဘူးလို့ပြောနေတယ်"

ဗိုလ်ကြီးသောင်းမြင့်က . . .

"ရဲဘော် မေးကြည့်ဦးမလား၊ ရင်းမှူး"

"မေးမနေနဲ့ မေးမနေနဲ့ . . မေးလို့မရပါဘူး။ ဘာမှမမှတ်မိ ပါဘူးလို့ ပြောနေတဲ့ကောင် . . ဘယ်သောက်သုံးကျမလဲ၊ ပျံပြီ ခေါ်လာရင် အသေသတ်မိနေဦးမယ်၊ ခေါ်မလာနဲ့ ကြိုးတုပ်ထား ထွက်မပြေးစေနဲ့"

ကျွန်တော်နှင့် အရာရှိအဖွဲ့ မြေပုံခင်းပြီး ပတ်ဝန်းကျင်ကြည့် နေတုန်း ဦးမင်းကြည် ပျောက်သွားတယ်၊ မကြာပါဘူး၊ တစ်နာရီ လောက်အကြာတော့ ပြန်ရောက်လာတယ်၊ အထူးအဆန်းကြားလို့

"စီအိုကြီး . . . ကျွန်တော့်ကို ဂျာမန်းကပြောလို့ သွားကြည့်ဟာ နတ်ကတော် ဒီရွာမှာရှိတယ်တဲ့။ ပသျှူးနတ်ဆိုး နတ်ကတော်အဘွားကြီး၊ အဲဒါ ဂျာမန်းနဲ့ပသျှူးလိုပြောပြီး ငွေတစ်ရာ ဆန်တစ်ပြည်၊ ကြက်တစ်ကောင်ပေးရမယ်ဆိုလို့ ကျွန်တော်နဲ့ ဂျာမန်းနဲ့ စီစဉ်ပြီးမေးတာ ထူးပြီဗျ၊ ထူးပြီ"

ကျွန်တော် စိတ်ဝင်စားလာတယ်။

"အင်း . . . အင်း . . . လုပ်စမ်းပါဦး အန်ကယ်ဦးမင်း





ကြည်ရယ်"

"ပသျှူးနတ်က ပြောတယ်တဲ့။ ဒီရဲဘော်က ကျွန်တော်တို့ ရောက်ခဲ့တဲ့ ရွာလေးက နတ်စင်ကို မလေးမစားလုပ်တယ်တဲ့၊ နတ်စင်က နတ်စင်မဟုတ်ပါဘူး၊ ရွာလည်က ညောင်ပင်ကြီးမှာ နတ်စင်လုပ်ထားတဲ့သဘောပါ၊ အဲဒီနတ်စင်ရှိတဲ့ညောင်ပင်ကို ကန်တော့ပါရဲ့၊ သေးနဲ့ပန်းတယ်တဲ့"

"ခွေးမသား"

ကျွန်တော့်အသံ ထွက်သွားတယ်။

"အဲဒါ သွားတောင်းပန်ပါတဲ့ . . . အဲဒီပသျှူးနတ် ကျေနပ်ရင် သေနတ်တွေ့မယ်တဲ့ အခု ကျွန်တော်တို့သွားမလို့"

"ဟာ . . . ကောင်းလှချည်လား အန်ကယ်ဦးမင်းကြည် ရယ်။ ကျေးဇူးတင်လိုက်တာ။ နေပါဦး ချက်ချင်းမသွားပါနဲ့ဦး၊ ထမင်းလေး ဘာလေးစားပါဦး . . . သွားဖို့လူစုဦးလေ"

"ကိစ္စမရှိဘူး စီအိုကြီး . . . မစားတော့ဘူး ထမင်းက အရေးမကြီးဘူး ဘယ်မှာစားစား၊ အဲဒီနတ်ကိစ္စ အရင်လုပ်ရမယ်၊ တပ်နဲ့ပဲသွားလိုက်ပါ့မယ်။ ကဲ . . . ဗိုလ်မှူးကျော်ဌေး သွားကြမယ် လေ"

"ကျေးဇူးပါပဲ အန်ကယ်ဦးမင်းကြည်ရယ်"

နတ်ကို တောင်းပန်မယ့်အဖွဲ့တော့ သွားကြလေပြီ။ ကျွန်တော်လည်း မစားနိုင် မအိပ်နိုင်ဘဲ အဖွဲ့တွေနဲ့ အောက်လင်း ဓာတ်မီး တထိန်ထိန်အောက်မှာ စကားပြောလိုက်ကြတာ သန်းခေါင် ကကိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာကြပြီ နာရီပြန်တစ်ချက်။

''စီအိုကြီး ‥ အဆင်ပြေတယ်၊ အဲဒီရွာမှာလည်း ပသျှူးရက်ကတော်ရှိတယ်၊ အဘွားကြီးပဲ … ဆင်းရဲလိုက်ကြတာ၊ စားစရာတောင်မရှိဘူး၊ အဲဒါပိုက်ဆံပေးတော့ အဲဒီအဘွားကြီးကိုယ်တိုင်ညောင်ပင်ကိုလိုက်ပြီး မီးထွန်းတယ်၊ ကန်တော့ပွဲပေးတယ်၊ ကန်တော့ပွဲကလည်း ထွေထွေထူးထူးမဟုတ်ပါဘူး၊ ဆန္ဒင်းမှုန့်ရယ်၊ သံပုရာသီးရယ်၊ ငှက်ပျောသီးရယ်၊ အုန်းသီးခွဲပြီးသားရယ်၊ အဲဒီပစ္စည်းတွေက ရွာမှာအကုန်ရှိတယ်၊ အားလုံးအဆင်ပြေတယ်၊ အဘွားကြီးက ပြောလိုက်တယ်။

''မနက်ကျရင် အဲဒီသေနတ်ကို တစ်ယောက်ယောက်ကလာပေးလိမ့်မယ်''

တဲ့။ အဲဒါနဲ့ ကျွန်တော်တို့ပြန်လာကြတယ်''

ကျွန်တော် နည်းနည်းတော့ စိတ်လက်ပေါ့ပါးသွားပါတယ်။ ရယ်စရာတောင်လုပ်လိုက်သေး။

''တစ်ယောက်ယောက်ကလာပေးတာတော့ စောင့်မနေပါရဲ့တော့ဗျာ … မနက်စောစောပဲ ကျွန်တော်တို့ ရှာကြတာပေါ့။ လာမပေးရင် လာပေးနိုး လာပေးနိုးနဲ့ နောက်တစ်ရက် ထပ်အိပ်နေရဦးမယ်''

ဒီလိုနဲ့ တစ်ညကုန်ပါတယ်၊ ညကအိပ်မပျော်လို့ နံနက်စောစောပဲ အားလုံးနိုးကြပါတယ်။ အရပ်သားအဖွဲ့ကတော့ အိပ်ကြတုန်း၊ အားနာပါတယ်၊ အိပ်ကြပါစေ … အန်ကယ်ဦးမင်းကြည်မခေါ်ပါနဲ့တော့လို့ စိတ်ထဲတွေးလိုက်ပြီး မနက်လေးနာရီလောက်ပဲ





''ကဲ … ကိုကျော်ဌေးရေ … ထပ်ရှာကြဦး … အဖွဲ့တွေခွဲရှာ၊ ကမ်းနားအစပ်လည်း ရှာ၊ မြေပြန့်တွေလည်း ရှာ၊ ရွာတွေလည်းရှာကွ၊ ဒီကောင် သေနတ်ရောင်းမစားဘူးလည်း မပြောနိုင်ဘူး၊ တစ်ယောက်ယောက်ကို ရောင်းစားလိုက်ရင်တော့ နောက်တော့အရက်မူးချင်ယောင်ဆောင်ရင်ကော မဖြစ်နိုင်ဘူးလား၊ ရွာတွေမှာသတင်းထောက်၊ ငါတပ်က တပ်ခွဲတစ်ခွဲထပ်ခေါ်လိုက်မယ် ကဲ … သွားကြ''

မနက် ၅ နာရီ၊ ၆ နာရီ၊ ၇ နာရီ၊ ၈ နာရီ ဘာမှမထူးတော့သောင်းက တပ်ခွဲတစ်ခွဲ ကားနဲ့ရောက်လာပြီ။ ရောက်တာနဲ့ဖြန့်ခွဲရှာဖို့ ညွှန်ကြားနေတုန်း ရွာမြောက်ဘက်က ဆူညံဆူညံနဲ့အသံတွေ ကြားရတယ်။ ကျွန်တော်တို့အဖွဲ့ကွေ ပြေးကြည့်ကြပြီပေါ့။

''စီအိုကြီးရေ … တွေ့ပြီခင်ဗျ … တွေ့ပြီ ‥ တွေ့ပြီ''

တဲ့။

ကိုကျော်ဌေးလက်ထဲမှာ ဒင်နှင့်လွယ်ကြိုးမှာ ရွှံ့တွေပေနေတဲ့ ၄၀ မီလီမီတာ သေနတ်။

''ဟာ … ကောင်းဟေ့ … လုပ်စမ်းပါဦး ‥ ဘယ်နားကတွေ့တာတုံး''

''ဟာ … စီအိုကြီး … ထူးဆန်းလိုက်တာ ပြောရရင်ဇာတော်အံ့သြဖို့ကောင်းတယ်၊ ကျွန်တော်တို့ မနေ့က အထပ်ထပ်ရှာတဲ့ နေရာရယ်၊ ဒီကောင် အိပ်တယ်ဆိုတဲ့ နေရာရယ်ကြားကထူးအချွန်တွေနဲ့အပင်လေ … စီအိုကြီးတောင် ခဏထိုင်တဲ့နေရာကိုသောင်းမြင့်ကတောင် ပလပ်စတစ် ခင်းပေးသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



''အေး ... ငါမှတ်မိတယ်''

''အဲဒီအပင်မှာ တန်းလန်းလေးဗျ။ ချိတ်ရက်ကလေ၊ ကျွန်တော်ဖြင့် အဲဒီသေနတ်ကိုတွေ့တော့ ကြောက်တောင်ကြောက်သွားတယ်။ စီအိုကြီး ... ကိုထင်အောင်ဝင်းသာ မေးကြည့် သေနတ်ကတွေ့တော့ လှုပ်တုပ်လှုပ်တုပ်လေးတောင်ဖြစ်နေတယ်၊ သစ်ပင်ကိုင်းမှာ လှချိတ်ထားတဲ့ပုံ၊ သစ်ကိုင်းကလည်း မာမာတော့ တောင့်မဟုတ်ပါဘူး။ ပျော့တိပျော့ဖတ်၊ လူတစ်ယောက် ကောက်ချိတ်ထားတဲ့ပုံ စီအိုကြီးရယ်''

ကိုကျော်ဒွေးကလည်း ဝမ်းသာအားရ တရစပ်ပြောလို့၊ လိုက်တာ အတူတူလိုက်ရှာနေတဲ့ ဗိုလ်ထင်အောင်ဝင်းကလည်း အန်ကယ်ဦးမင်းကြည်တို့အဖွဲ့ကို သေနတ်တွေ့ပုံကို အံ့သြဘနန်း ပြောပြနေတယ်။

အန်ကယ်ဦးမင်းကြည်က ...

''သေချာပါတယ်၊ နတ်လုပ်တာပါ''

ဦးကျော်ညွန့်က ...

''တောခြောက်တာပေါ့လေ''

ဦးထွန်းလွင်က ...

''စီအိုကြီးရဲ့ဘုန်းတန်ခိုးလည်း ပါတယ်လေ''

ကျွန်တော်က ...

''ဘုန်းတန်ခိုးမဟုတ်ဘူး ဦးထွန်းလွင်ရေ ... တစ်ညလုံး မေတ္တာပို့အမျှဝေ၊ တောစောင့်နတ် တောင်စောင့်နတ်တွေ အကုန်လုံး ဖိတ် အမျှဝေတော့ လုပ်မိတာအမှန်ပဲ ဘုရားက ကုတာလေ''







ကာမှူးတာဝန်ထမ်းဆောင်စဉ်က ရလလဖ(အနီ)ဥက္ကဋ္ဌ ဦးတာကလယ်နှင့် ငြိမ်းချမ်းရေးကိစ္စအတွက်တွေ့ဆုံနေသည့် ဗိုလ်မှူးကြီးကိုကိုကျော်

www.burmeseclassic.com



၁၉၉၂ ပထမအကြိမ် မာနေပလော ကို တိုက်ခဲ့စဉ်က ဒုဗိုလ်မှူးကြီးတင်မောင်ဝင်း၊ စာရေးသူနှင့် ဒုဗိုလ်မှူးကြီးရွှေမျိုး(ဒုဗိုလ်မှူးကြီးတင်မောင်ဝင်းသည် စာရေးသူနှင့် တပ်ရင်းမှူးသင်တန်းအတူတက်၍ အချစ်အတွက်ဖြင့်အသက်ပင်သေသေဝတ္ထုတွင်အရေးပါသော ဇာတ်ဆောင်တစ်ဦးဖြစ်သည်)



ဗိုလ်မှူးကြီးကိုကိုကျော်တပ်ရင်းမှူးတာဝန်ထမ်းဆောင်စဉ်က ရောက်ရှိခဲ့သည့်နေရာများ

www.burmeseclassic.com


www.burmeseclassic.com




ဗိုလ်မှူးကြီးကိုကိုကျော်ဗျူဟာမှူးတာဝန်ထမ်းဆောင်စဉ်က
ဘုရားတည်ခဲ့သည့် တာတမော့ဒေသပြမြေပုံ

www.burmeseclassic.com


www.burmeseclassic.com




ပြည်နယ်မြောက်ပိုင်း လားရှိုး သိန္နီ ကွတ်ခိုင်ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com





ဦးကျော်ဝင်းက ...

''ပသျှူးနတ်နော် ပေါ့ပေါ့မမှတ်နဲ့ ...''

''သုံးမိုင်ကလည်း ဒါမျိုးဖြစ်ဖူးတယ်၊ လေးမိုင်မယ်တော်ကြီး တောင်းပန်လို့ ရဲက သေနတ်တစ်လက် ပြန်ရဖူးတယ်၊ ဦးတင်ထွန်း လက်ထက်ကတော့မဟုတ်ဘူး''

ဦးသိန်းဟန်ကပြောတယ်။

တစ်ယောက်တစ်ပေါက်ပေါ့၊ ကျွန်တော်ပြန်စဉ်းစားလိုက် တော့ အဆက်အစပ်တွေက ဖြစ်နေတယ်၊ ဦးမင်းကြည် ချမ်းဖန်းမှာ ပယ်မေးတာ၊ နတ်ကဟောတာ၊ သေနတ်ပျောက်တဲ့ရွာလေးမှာ တ်ကို တောင်းပန်တာ၊ အဲဒါတွေက တကယ်လုပ်ခဲ့တာတွေ၊ မနက် သေနတ်တွေ့တဲ့အချိန်မှာလည်း ဗိုလ်မှူးကျော်ဌေးတို့ ဗိုလ်ထင် အောင်ဝင်းတို့က သူတို့သေနတ်ကို ကိုယ်ထိလက်ရောက် မျက်မြင် တွေ့ပုံကို ပြောပြခဲ့တာဟာ အပိုမဖြစ်နိုင်ပါဘူး၊ ရဲဘော်ကလည်း သေနတ်ရောင်းစားတာမဖြစ်နိုင်သလို ဒီသေနတ်ကိုအဲဒီနေရာမှာ အဖန်တလဲလဲရှာတုန်းက မတွေ့၊ တွေ့မယ့်တွေ့တော့ နောက်တစ်နေ့ နက်မှာ တွေ့တာ၊ ရှာတုန်းက ကျွန်တော် ကိုယ်တိုင်ပါတယ်လေ၊ အဲဒီဆူးတွေရှိတဲ့ အပင်လေးအောက်မှာ ကျွန်တော့်အကြို ဗိုလ်ကြီး သောင်းမြင့် ခင်းပေးတဲ့ ပလပ်စတစ်ပေါ်မှာ ကျွန်တော်ထိုင်ခဲ့တာ။

စဉ်းစားရင်း ... စဉ်းစားရင်း သူ့နယ်မြေနှင့်သူဆိုတော့ ါတွေရှိမှာပဲလို့ ''နတ်နဲ့နဂါး မလှည့်စားနဲ့'' ဆိုသလို ပုပ္ပါးမှာ က်သားမယူရဲဘူးလေ၊ သူ့ဆိုင်ရာပိုင်ရာဒေသမှာ အဲဒီမြင်အပ် မမြင် အပ်ပုဂ္ဂိုလ်တွေ မကြိုက်တာကို မလုပ်ရဘူးဆိုတာကတော့ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ကိုယ်လည်းမသိ၊ ကိုယ့်နတ်လည်းမဟုတ်၊ ကိုယ့်နယ်မြေ ကိုယ့်ဒေသလည်းမဟုတ်တဲ့ နေရာမှာ ''ပသျှူးနတ်အစွမ်းပြလိုက်တာကိုတော့'' ကျွန်တော်နည်းနည်းဖြုံသွားပြီ။ စာဖတ်သူတကယ်ပါ ...။

■



## အံ့ဖွယ်တန်ခိုးတွေနှင့် တာတမော့ဘိုးဘိုးကြီး

ရေးသူ – မိုလ်မှူးကြီးကိုကိုကျော်

ဆိုင်ရာဆိုင်ရာဒေသ၊ ပိုင်ရာပိုင်ရာနယ်မြေမှာတော့ နတ်တွေတန်ခိုးထွားတာထုံးစံပါ။ ဥပမာ ပုပ္ပါး၊ တောင်ပြုန်း၊ ရတနာဂူ ယည်ဖြင့် ပုပ္ပါးမယ်တော်၊ မင်းကြီးမင်းလေး၊ ကိုကြီးကျော်စသည်ဖြင့် ဟန်ခိုးကြီးလှရှိတာ စာဖတ်သူများ အသိပါပဲ။ သာမန်အားဖြင့် ''ဘာတန်ခိုးကြီးတာလဲ'' လို့မေးရင်တော့ ဘာပြောရမှန်းတော့ သိမှာမဟုတ်ဘူး။ ယုံကြည်တဲ့လူတွေအတွက်ကတော့ တန်ခိုးကြီး တာပေါ့လေ၊ သူက နတ်ကို ကြောက်တာကိုး၊ နတ်ကိုကြောက်တော့ တာလုပ်လုပ်အများအယွင်းဖြစ်ရင် နတ်လုပ်တာပဲ ထင်နေတယ်၊ ဥပမာ တောင်ပြုန်းမှ ဝက်သားမစားရဘူး၊ စားရင်ဘာဖြစ်မလဲ ဝမ်းသွားမယ်ပေါ့၊ ယေဘုယျအားဖြင့် ဝက်သားကလည်း များများ စားရင် မလတ်ဆတ်ရင် ဝမ်းသွားတတ်တဲ့သဘောရှိတော့၊ ဝမ်းသွား မှာကတော့ ထုံးစံပဲ၊ ဒါပေမဲ့ နတ်လုပ်လို့ဝမ်းသွားတယ်ပေါ့ဗျာ၊ ဒီတော့ အဲဒီဒေသမှာ ဝက်သားမစားကြဘူး စားရင် ဝမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



လို့လေ။ ဒီလိုပါပဲ ယုံကြည်တဲ့သူကို သွားပြီးအတိုက်အခံပြော
နေရင်တော့ ''နတ်'' ဖာတ်လမ်းက ဆုံးမှာမဟုတ်ပါဘူး။ စကားများ
ရုံ၊ ရန်ဖြစ်ရုံပဲရှိမယ်၊ ကိုယ်မယုံရင် ဘာသိဘာသာနေလိုက်ပါ
ဒါအကောင်းဆုံးပဲ။

ဒါပေမဲ့ ဘာသိဘာသာ နေလို့မရတဲ့နေရာတွေလည်း
ရှိတယ်လေ၊ ဒါက အခုပြောပြမယ့် အကြောင်းပါ။

တာတမော့ဘိုးဘိုးကြီးတဲ့၊ တာတမော့ဆိုတာကတော့
သံလွင်ကမ်းပါးတစ်နေရာမှာရှိတဲ့ ကူးတို့ဆိပ်တစ်ခုပါ။ ထို
ကျကျပြောရရင်တော့ ကယားပြည်နယ်၊ ရှားတောမြို့ကနေ အရှေ့
စူးစူးကိုဆင်း။ အဲဒါ သံလွင်ကမ်းပါးက တာတမော့ဆိပ်ကမ်း
ဒီဘက်ကမ်း ဟိုဘက်ကမ်း နှစ်ခုစလုံးကို တာတမော့လို့ပဲ ခေါ်
တယ်။ ရှားတောဘက်ကမ်းကတော့ အရင်ကရွာရှိတယ်၊ အကြီးကြီး
ပါ။ ဘုန်းကြီးကျောင်းလည်း အကြီးကြီးပါပဲ။ နောင် သောင်းကျန်းသူ
လာတဲ့အချိန်ကြတော့ သူပုန်တွေက မိုင်းထောင်၊ တပ်ကလည်း
ပြန်ထောင်၊ တပ်လည်းထိ အရပ်သားလည်းထိဆိုတော့ ကြာတော့
ရွာပျက်ပြီလေ၊ ရှားတောကို အကုန်ပြောင်းပြေးကြပြီ။ အခုတော့
ဒီဘက်ကမ်းမှာ မိုင်းပေါလွန်းလို့ ကျွန်တော်တို့တပ်တောင် ညမအိပ်
တော့ဘူး၊ ဟိုဘက်ကမ်းကူးအိပ်တယ်။ ဟိုဘက်ကမ်းမှာလည်း
အရင်တုန်းက ရွာရှိပါတယ်။ သူလည်း အလားတူ တိုက်ပွဲတွေဖြစ်
မိုင်းတွေထောင်ဆိုတော့ ရွာပျက်တာမဆန်းပါဘူး။ တာတမော့
ဘိုးဘိုးကြီးနတ်ကွန်းက အဲဒီအရှေ့ဘက်ကမ်းမှာရှိတာပါ။ ဒါ
ကြောင့် အရင်ကရွာရှိမှာ သေချာပါတယ်။ အခုတော့ ဖက်ကျွန်





အင်ဂျင်နီယာဌာနက တပ်ဖွဲ့တစ်ဖွဲ့ ယခင်ကတော့ ထောက်ပို့
(Supply) ရိက္ခာ/စက်သုံးဆီဂိုဒေါင်တွေနှင့် လူလည်းရှိ၊ ဈေးသည်
တွေတောင် ရှိတယ်။ ကျွန်တော်တို့ ကေအင်န်ပီပီကို စတိုက်တဲ့
အချိန်ကတော့ တပ်တော်ဟော်များများက သံလွင်အရှေ့ခြမ်းကို
ဒီတာတမော့ကပဲ ကူးတဲ့အတွက် အလွန်စည်ကားပါတယ်။ အခု
နောက်ပိုင်း ''ဒကစ''လက်အောက်ခံတပ်က စခန်းထိန်းတပ်ခွဲတစ်ခွဲ
ရှိလို့ စခန်းကလည်း ကမ်းနားနှင့် နည်းနည်းလှမ်းတဲ့အတွက်
ကမ်းနားကလည်း အရင်လိုမစည်ကားတော့ပါဘူး။ သို့သော် ကမ်းနား
ဖက်ဆိပ်ကနေ ဘယ်ဘက်လမ်းလေးအတိုင်း တစ်ဖာလုံလောက်သွား
ရင်ရောက်တဲ့ ''တာတမော့ ဘိုးဘိုးကြီးနတ်ကွန်း'' ကတော့
အဝိကနေရာမို့ လမ်းကလည်းဖြူးနေတုန်းပဲ၊ နတ်ကွန်းပတ်ဝန်းကျင်
ကလည်း ဘယ်သူသန့်ရှင်းရေး လာလာလုပ်သလဲတော့မသိဘူး
အမြဲသပ်ရပ်သန့်ရှင်းလျက်ရှိနေတာကို အမြဲတွေ့ရပါတယ်။

ဘိုးဘိုးကြီးနတ်ကွန်းအကြောင်းပြောရရင် နတ်စင်ရှိတဲ့
ညောင်ပင်လိုလို အပင်ကတော့ သိပ်အကြီးကြီးတော့မဟုတ်ဘူး။
ပြင့်တော့အတော်မြင့်ပါတယ်။ နတ်စင်ရှိတဲ့ အပင်ဘေးနားမှာ အခြား
အပင်ကြီးနှစ်ပင်ကလည်း ရှိနေတယ်။ နတ်စင်ကတော့ သစ်နှင့်
အခိုင်အခန့်လုပ်ထားတာပါ။ ဝါးနှင့်ခြံစည်းရိုးခတ်ထားပြီး အဝင်အဝ
တံခါးလည်း လုပ်ထားပါတယ်။ နတ်စင်ပေါ်မှာ နတ်ရုပ်တော့မရှိဘဲ
ပန်းအိုးများ၊ ဆီမီးထွန်းရန် ခွက်များရှိပါတယ်။ ဗောင်းတော်၊ ဝတ်လဲ
ပေပ်ာများလည်း ဆက်ထားကြတာကိုတွေ့ရပါတယ်။

ကျွန်တော့်တပ်မမှူး ''ဗိုလ်ချုပ်ဝင်းမြင့်''ကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေး စဝင်ဝင်ချင်း ...

''ကိုကျော် ... တာတမော့ရောက်ရင် တပ်ရင်းမှူးတွေ အကုန်လုံး တာတမော့ဘိုးဘိုးကြီး ဦးတိုက်နော်၊ ကိုကျော်ကိုယ်တိုင်က ဝတ်လဲတော်တို့ ဖောင်းတော်တို့ဆက်ပေါ့။ အုန်းသီး၊ ငှက်ပျောသီးနဲ့ ကန်တော့ပွဲ ဆက်နိုင်ရင်ကောင်းတယ် .. ''ဘိုးဘိုးကြီးရဲဘော်တွေအပ်ပါတယ် အန္တရာယ်ကင်းအောင်စောင့်ရှောက်ပါ'' လို့ ပြောပေါ့ဗျာ။ ကျွန်တော်လည်း လှိုင်ကော်မှာ သူ့အတွက်ရည်မှန်းပြီး ပွဲဆက်မယ်၊ ဖယ်ခုံနတ်နန်းကြီးမှာလည်း ကန်တော့ပွဲပေးခိုင်းထားတယ်ဗျ။'' တဲ့။ တပ်မမှူးက တော်တော်အယုံအကြည်ရှိတယ်။ တာတမော့ရောက်မယ့် ဗျူဟာမှူးတိုင်း၊ တပ်ရင်းမှူးတိုင်းကို အဲဒီနတ်ကွန်း မရောက်ရောက်အောင် သွားခိုင်းလေ့ရှိပါတယ်။

ကျွန်တော်က ပထမဦးဆုံး မယ်စဲ၊ မယ်စဲနမ်ဘက်ကနေ စစ်ဆင်ရေးဝင်ရတော့ သံလွင်ကို ဖားဆောင်းကကူးရလို့ တာတမော့ မရောက်ပါဘူး။ နောက်ပိုင်းကတော့ တာတမော့ရောက်သလား၊ မမေးနဲ့၊ တာတမော့မှာတောင် စခန်းထိုင်ဖူးသေးတယ်။ ကျွန်တော် ပထမဆုံးအခေါက်မှာ တပ်ရင်းမှူးနှစ်ယောက် ပါလာတယ်။ ကျွန်တော်မှတ်မိသလောက် ဒုဗိုလ်မှူးကြီးစိုးနွယ် (ယခု ဘဲဂရိတ်သံအမတ်ကြီး ဗိုလ်မှူးချုပ် စိုးနွယ်)နဲ့ ဒုမှူးကြီးမြတ်မော် (ယခု အခွန်ဦးစီးဌာနချုပ်က ဗိုလ်မှူးကြီးမြတ်မော်)တို့ဖြစ်မယ်ထင်ပါတယ်။ ကိုစိုးနွယ်က ...

''အဘ.. ကျွန်တော်ကန်တော့ပွဲရှိပါတယ်၊ ပိတ်ဖြူလဲပါတယ်'' တဲ့။





''အမယ် တယ်ဟုတ်ပါလား ... ဘယ်ကယူလာတာတုံး''

''ပိတ်ဖြူက တပ်ရင်းထဲက ပါလာတာလေ၊ တပ်မမှူးဇနီး မမနီက ကျွန်တော့်မိန်းမကို သေသေချာချာ မှာလိုက်လို့ ဖောင်းတော်နဲ့ ဝတ်လဲတော်ဆက်ဖို့ဆိုပြီး မိန်းမက သေသေချာချာထည့်ပေးလိုက်တာ''

''နွယ်နွယ်က ခရစ်ယာန်မဟုတ်ဘူးလား''

''ဟုတ်တော့ဟုတ်တာပေါ့ အဘရယ် ... ယောကျ်ား စစ်ဆင်ရေး ထွက်တော့မယ်ဆိုတော့ သူလည်း အလိုလို ဗုဒ္ဓဘာသာ ဖြစ်သွားပါပြီ။ ငှက်ပျောသီး၊ အုန်းသီးကတော့ ရွာတောကဝယ်လာတာ''

''ကိုမော်ရော .... ဘာပါတုံး ... မင်းမိန်းမ မို့မို့ကရော ဘာပေးလိုက်တုံး''

ကိုမြတ်မော်က ''ဟီး ဟီး'' တဲ့။

''ဘာမှမပါဘူးအဘ ..'' တဲ့။

ကျွန်တော်က ...

''အင်း ... ဒါလည်း ကောင်းတာပဲ''

နတ်စင်ရောက်တော့ ကျွန်တော်လေ့လာတယ်။

''အင်း ... အနိုင်အခန့်ပဲဟ ...''

''အမယ် ... ခြံစည်းရိုးတံခါးတောင် ပိတ်ထားသေး''

ရဲဘော်တွေက အတွင်းအပြင် တံမြက်စည်းလှဲကြတယ်။

ကိုစိုးနွယ်က ...

''ဟော့ကောင်တွေ .. လမ်းအတိုင်းပဲသွားနော်၊ ဟိုတော



www.burmeseclassic.com

www.burmeseclassic.com



တိုး ဒီတောတိုးမလုပ်နဲ့ ... ဒီနေရာက မိုင်းတောကြီး'' တဲ့။

ကိုစိုးနွယ်က ကျွန်တော့်အရင် သစ်စက်နဲ့ ပွိုင့် ၃၂၂၂ ကို စစ်ဆင်ရေးဝင်ဖူးတော့ မြေကျွမ်းနေတယ်လေ။

ကိုစိုးနွယ်က အကုန်လုပ်တတ်တယ်၊ နတ်စင်ကို သန့်ရှင်းရေးလုပ်၊ ပန်းတွေလဲ၊ ဆီမီးတွေ ထိန်နေအောင်ထွန်း၊ ကန်တော့ပွဲကိုအမွှေးတိုင်နဲ့ ကျကျနန၊ ဗောင်းတော်အဖြူစကိုလည်း နတ်စင်ထိပ်စည်းမှာ ကားကျက်တင်လို့ တကယ့်ကိုသပ်သပ်ရပ်ရပ်လုပ်တတ်တဲ့တပ်ရင်းမှူးပဲ။ ကျွန်တော်လည်း ဆုတောင်းပါတယ်။

''အောင်မြင်ပါစေ ... အန္တရာယ်ကင်းပါစေ'' ပေါ့ဗျာ။

ကိုစိုးနွယ်ကတော့ ကန်တော့ဆုတောင်းနေတာအကြာကြီး။

''အဘ ဘိုးဘိုးကြီးက တကယ်တန်ခိုးကြီးတယ်နော်''တဲ့။

ကျွန်တော်က ...

''အင်း .. ပထမအကြိမ်ဆိုတော့ ''အင်း'' တစ်လုံးလောက်ပါပဲ၊ အတွေ့အကြုံမှ မရှိသေးတာကိုး။ နောက်ပိုင်းတော့ကျွန်တော်လည်း အဖြစ်အပျက်တွေကများ၊ တိုက်ဆိုင်မှုတွေကများဆိုတော့ နည်းနည်းဖြုလာပါတယ်။ ပထမဦးဆုံးအခေါက်တုန်းကတော့ စဉ်းစားပါတယ်၊ ဘယ်ကနေ ဘယ်လို ဘိုးဘိုးကြီးဖြစ်လာပါလိမ့်ပေါ့။ ဇာတ်လမ်းက ဘယ်လိုလဲ။ ကျွန်တော်သိသလောက်ဒီတာတမော့က အလောင်းမင်းတရားကြီး ယိုးဒယားကိုစစ်ချီတုန်းကသွားတဲ့လမ်း။ ဒီနေရာရောက်တော့ ''ငါ့၏ တပ်တော်မောချေပြီ''လို့ပြောရင်း အရင်တုန်းက ''တပ်တော်မော''တဲ့၊ နောက်တော့ကာလရွေ့လျားလာတော့ တပ်တော်မောကနေ ''တာတမော့'' ဖြစ်





လာတာတဲ့။ အဲဒီလောက်ပဲသိကြတယ်။ ဘိုးဘိုးကြီး ဇာတ်လမ်းကတော့ ဘယ်သူမှ မပြောတတ်ကြဘူး။ ကျွန်တော်ကလည်း နောင်အခုလို စာလေး ဘာလေး ရေးနိုင်အောင်လို့ ဒေသန္တရဗဟုသုတလေးတွေ စုဆောင်းချင်လို့ ရောက်လေရာရာမှာ စပ်စုလေ့ရှိပါတယ်။

ဒီတာတမော့သာ မသိတာ၊ ဒီတာတမော့ကနေ တောင်တက်ဆင်းရင် သံလွင်ကမ်းပါးအတိုင်း တာအွန်းမူ၊ စွပ်ပိုင်၊ သာယာ၊ ပုလဲလဲ၊ ဖာဆောင်းအထိ ပုံပြင်တွေအများကြီး၊ သုမနနဲ့ ငွေတောင်ပြည်ဇာတ်လမ်းက ပင်းတယအထိ ဆက်နေတာပဲ၊ အခု တာတမော့ရွာက ပုလဲလဲဆိုရင် ဘုရားလက်ထက်က ''ပုလဲလဲ''တောနဲ့ဆက်နေသလိုလို ''ရှားတော''ဆိုရင် ဘုရားတစ်ဝါဆိုခဲ့တဲ့ ရှားတောလိုလို ပြောနေကြတာ ကြားခဲ့ရပါတယ်။ တာတမော့ဆိုတာကလည်းဟိုးယခင်က အလွန်စည်ကားလှတဲ့ အရှေ့ဘက်ကမ်းရော အနောက်ဘက်ကမ်းရော အလွန်လှပတဲ့ ဆိပ်ကမ်းရှိတဲ့ ရွာကြီးဆိုတာပဲ သိခဲ့ရပါတယ်။ တာတမော့ဘိုးဘိုးကြီးဇာတ်လမ်းကတော့ ဘာမှမေးလို့မရဘဲ ရွာတော်ရှင်လို ရက္ခစိုးလိုလိုနဲ့ပဲပြီးခဲ့ရတာပါ။

ဘာတန်ခိုးကြီးတာလဲလို့ စာဖတ်သူကမေးရင်တော့ တိုက်ဆိုင်မှုတွေက အများကြီးပါ။ ဖြစ်စဉ်တွေကလည်း အများကြီးပါ၊ မှတ်မိသလောက်ထဲက ထူးခြားတာလေးတစ်ခုပဲတင်ပြပါရစေ၊ စာဖတ်သူ စိတ်ဝင်စားအောင်ပြောရရင် ''ချိုကျိုးနားရွက်ပဲ့ဇာတ်လမ်း'' ပါ။ ကျွန်တော် ''တာဝန်ကျေခဲ့ပါသည်'' မှာလား၊ မမှတ်မိတော့ပါ။ အဲဒီ ချိုကျိုးနားရွက်ပဲ့ဇာတ်လမ်းအကျဉ်းကို ရေးဖူးတယ်လို့ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ်ကဒီလိုပါ။ ဒီနယ်မြေက သံလွင်ကမ်းပါးဆိုတော့ တောကောင်အလွန်ပေါပါတယ်၊ သမင်၊ ဒရယ်၊ ချေ(ဂျီ)ငယ်၊ စိုင်၊ ဆတ် အကုန်ရှိတယ်၊ ဝက်ဝံရှိတယ်၊ တောဝက်ရှိတယ်၊ တော ကြောင်၊ ကျားမင်း (တောကြောင်အကြီးစား)ရှိတယ်၊ ကျောက်တော ထူထပ်တဲ့ဒေသဖြစ်လို့ မျောက်ရှိတယ်၊ ထူးထူးခြားခြား ဦးမျို ကောက်ကောက်တွေနဲ့ တောင်ဆိတ်တွေရှိပါတယ်။ ငှက်မျိုးစုံရှိတယ်၊ ဒေါင်းရှိတယ်၊ မြွေ၊ ဖွတ်၊ ယုန်လည်းရှိပါတယ်။ သားကောင်တွေ ဘယ်လောက်ပေါပေါ ဒီနယ်မြေမှာ ပစ်ခွင့်မရှိပါဘူး။ စစ်ဆင်ရေး နယ်မြေဖြစ်လို့ ဗျူဟာမှူးဖြစ်တဲ့ ကျွန်တော်က ပစ်ခွင့်ကို ပိတ်ထား တာမဟုတ်ဘူး၊ ပစ်ခွင့်ပိတ်ထားတဲ့သူက ဘယ်သူ မှတ်ပါသလဲ "တာတမော့ဘိုးဘိုးကြီး" ပါ။ ဘယ်လောက်တန်ခိုးထွားသလဲကိုတော့ အဲဒါသာကြည့်ပါတော့ စာဖတ်သူ။

ဒါပေမဲ့ ခြွင်းချက်ရှိပါတယ်၊ ပစ်ချင်တဲ့သူ ဘိုးဘိုးကြီးထံမှာ ပစ်ခွင့်တောင်းရပါတယ်။ တောပစ်ချင်တဲ့သူသည် နတ်ကွန်းကို သွား ပန်းလဲ၊ ဆီမီးကပ်၊ ရေစင်ဘိုးလှူပြီးရင် နတ်စင်ရှေ့က ဝါးတန်း လေးမှာ ကိုယ်ပစ်မယ့်သေနတ်၊ တူမီးစသည်ဖြင့် အသုံးပြုမယ့် မားလက်နက်တွေကို တန်းစီပြီး ဘိုးဘိုးကြီးကိုပြရပါတယ်။

"ဘိုးဘိုးကြီး ... ပစ်ခွင့်ပေးပါ ဘယ်နေရာမှာသာ ပစ်ပါ့ မယ်"

ဆိုပြီး နေရာလည်း သတ်သတ်မှတ်မှတ် ခွင့်တောင်းရပါ တယ်။ ပစ်ခွင့်ရရင် အဲဒီသတ်မှတ်နယ်မြေမှာသာ ပစ်ရပါတယ်၊ နယ်မကျော်ရပါဘူး၊ ဘိုးဘိုးကြီးထံမှာ ခွင့်တောင်းပြီးရင် ခဏစောင့်





ရပါတယ်။ ဝါးတန်းလေးမှာ တန်းစီပြီးထောင်ထားတဲ့ လက်နက် တွေထဲက တစ်ခုံတစ်ခုလဲကျသွားတယ်၊ ထောင်ထားတာကနေ အောက်ကိုလဲကျသွားတယ်ဆိုရင် တော့ ဘိုးဘိုးကြီးက ခွင့်မပြုပါဘူး။ အဲဒါဆိုရင်တော့ လုံးဝမသွားပါနဲ့၊ မပစ်ပါနဲ့ပေါ့။ အဲဒါဘိုးဘိုးကြီး က ခွင့်မပြုဘဲ သွားတယ်ဆိုရင်တော့ ဘေးဒုက္ခတစ်ခုခုနဲ့ ကျိန်းသေ တွေ့မယ်၊ ဒါကို အဲဒီဒေသက အရပ်သားတွေရော ကျွန်တော်တို့ စစ်သားတွေရော ယုံကြည်ကြပါတယ်။

အခုပြောမယ့် ဖြစ်စဉ်ကတော့ ကျွန်တော် တာတမော့မှာ ပတ္တစခန်းထိုင်စဉ် ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ပါ။ ကျွန်တော်တို့ တာတမော့စခန်းမှာနေတာ တစ်ပတ်လောက်ကြာတော့ ဟင်းစား ရိက္ခာက ပြတ်လာတယ်၊ ကြက်ကလေး ဘာလေးက ရွာတောက လာတာဆိုတော့ ရွာတောက ဈေးသည်မလာရင် ဘာမှမစားရဘူး။ အဲဒီနယ်မြေက တပ်ခွဲမှူးက ဘိုးဘိုးကြီးထံမှာခွင့်တောင်းပြီး တောပစ်ထွက်ပါတယ်။ အဲဒီအရာရှိကို ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်၊ ကျွန်တော် ကော့သောင်းမှာ တပ်ရင်းမှူးဖြစ်စဉ်က သူက ကော့သောင်းထောက်လှမ်းရေးတပ်စိတ်မှာ ထောက်လှမ်းရေး တပ်ကြပ်ပါ။ ထောက်လှမ်းရေးတပ်က မြိတ်တပ်ခွဲကနေ တွဲထားတဲ့ တပ်ဖြစ်ပါတယ်။ တပ်ခွဲမှူးက ဗိုလ်မှူးမောင်သန်းဖြစ်ပြီး ကော့ သောင်းဆွယ်မှူးကတော့ ဗိုလ်ကြီးနိုင်မိုးအောင် (ယခု အငြိမ်းစား ဖြစ်ပါတယ်။ ကျွန်တော့်ဆရာ ဒုတိယဝန်ကြီးချုပ်ဟောင်း ဒုတိယ ဗိုလ်ချုပ်ကြီး တင်လှ(ငြိမ်း)ရဲ့သမက်)ဖြစ်ပါတယ်။ အဲဒီအရာရှိ နာမည်ကို ကျွန်တော် မေ့နေပြီ။ အဲဒီ ထောက်လှမ်းရေးတပ်ဆွယ်



www.burmeseclassic.com

www.burmeseclassic.com



ကနေ ဗိုလ်ရွေးပြေပြီး အရာရှိဖြစ်လို့ ဘော်လခဲတပ်ရင်းမှာ တာဝန် ကျပါတယ်။ ကျွန်တော်နဲ့ရေစက်ဆုံလို့ တာတမော့မှာ လာတွေ့ပြီ ရော။

''အဘ . . . ကျွန်တော် အဘအတွက် တောပစ်ထွက်မလို့''

''ဟ . . . ကြည့်လုပ်နော်''

''ကိစ္စမရှိဘူးအဘ . . ဘိုးဘိုးကြီးခွင့်ပြုရင်ရပါတယ်''

''ဗျူဟာမှူးခွင့်ပြုချက်မလိုဘူးပေါ့ . . . ဟား . . . ဟား''

''ဟုတ်တယ်အဘ မလိုဘူး''

''မင်း ဘယ်လိုခွင့်တောင်းမှာလဲ''

''ဘိုးဘိုးကြီး ကျွန်တော့်ဗျူဟာမှူးအတွက် ချိုကျိုးနားရွက် ပဲ့ အညံ့စားတောကောင်လေးတစ်ကောင်လောက် စွန့်ကြဲတော်မူပါ လို့ ပြောမှာပေါ့အဘ''

''အမယ် . . တယ်ဟုတ်ပါလား''

''ဒီလိုပဲ အဘ . . ဒီလိုခွင့်တောင်းရတာပဲ''

''ဒါနဲ့ ရရောလား''

''ရတယ်အဘ . .''

''အင်း . . . လုပ်ကြည့်ပေါ့ကွာ . .''

ဒီလိုနဲ့ သုံးရက်လေးရက်ကြာတော့ အခြေအနေထူးပြီ။

''အဘ . . . ရပြီ''

''ဟေ . . . ဘာကောင်တုံး''

''တောင်ဆိတ် အဘ . . လိုက်ကြည့်ပါဦး''

''ဟ . . . တောင်ဆိတ်ဆိုတော့ ရှားရှားပါးပါး''





''ဒီဘက်မှာတော့ပေါ်တယ် အဘ . . တောင်ဆိတ်က''

''အဘကိုထူးဆန်းတာပြောမလို့''

''ဘာတုံးဟ''

''ဘိုးဘိုးကြီးတန်ခိုးပဲအဘ သူပေးတာ''

''ဟင် . . . ဘယ်လို ဘယ်လို''

''ကျွန်တော်က သူ့ဆီတောင်းတုန်းက ''ဘိုးဘိုးကြီး ချိုကျိုး နားရွက်ပဲ့လေးတစ်ကောင် ပေးသနားပါ'' လို့တောင်းတာ၊ အခုရ တော့ အဘရေ ချိုကျိုးနားရွက်ပဲ့ပဲ''။

ကျွန်တော် နားမရှင်းလို့ ထပ်မေးပါတယ်။

''ရှင်းစမ်းပါဦး''

''ရောက်ရင် အဘတွေ့လိမ့်မယ်၊ ရတဲ့ တောင်ဆိတ်က အကောင်တော့သိပ်မသေးဘူး။ ခပ်ကြီးကြီးပဲ တကယ့်ကို ချိုကျိုး နားရွက်ပဲ့ အဘရေ''

သူ့စခန်းရောက်တော့တွေ့ပါပြီ တောင်ဆိတ် . . . တကယ် ပဲဗျာ၊ ဘယ်ဘက်ချို(ဂျို) ကျိုးနေတယ်၊ ညာဘက်နားရွက်တစ်ခြမ်း ပဲ့ထွက်နေတယ်။

''ဘယ်လိုဖြစ်ရတာလဲကွာ . . တိုက်တိုက်ဆိုင်ဆိုင်''

''ဒီလိုအဘ . . ဘိုးဘိုးကြီးပေးတဲ့နေရာ တာဆွတ်တိန်း ဘက်လေ၊ အဘရောက်ဖူးပါတယ်၊ ကျောက်တောင်တွေပေါ်တဲ့ရော၊ မနေ့က တစ်နေ့လုံး သွားစောင့်တာ ညနေတော့ မျှော်နေတဲ့ တောင်စောင်းမှာ ဘွားခနဲပါပဲ၊ တစ်ကောင်ထဲ အဘ။ ပစ်ကွင်းက လည်းကောင်းတော့ ပစ်လိုက်တာလဲသွားတယ်။ ဒါပေမဲ့ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်စောင်းကပြုတ်ကျတာ အောက်ကျတော့အဘမြင်တဲ့အတိုင်းပဲ ချိုတစ်ချောင်း ကျိုးတယ်၊ ကမ်းပါးနဲ့ရိုက်မိတာထင်ပါတယ်၊ ညာဘက်နားရွက်တစ်ခြမ်းပြတ်သွားတယ်လေ၊ အဘ သေသေချာချာကြည့် ‥ ကျည်ဆန်ထိတာမဟုတ်ဘူး၊ တောင်ပေါ်ကပြုတ်ကျတာ၊ ဒီလောက် တောင်တက်ကျွမ်းတဲ့ တောင်ဆိတ် တောင်ပေါ်ကပြုတ်ကျတယ်ဆိုတာ ထုံးစံမရှိဘူး အဘ။ သေနတ်သံကြောင့် လန့်ဖျတ်ပြီး ပြုတ်ကျတယ်ဆိုရင်လည်း ချိုကျိုးနားရွက်ပဲ့က ဖြစ်စရာအကြောင်းမရှိဘူး၊ အခုကြည့် အဘရယ် ‥ ထူးဆန်းလိုက်တာ ‥ ဘိုးဘိုးကြီးပေးတဲ့တောကောင်ပဲအဘ ‥ အဘ စားဖို့သောက်ဖို့ သူကစွန့်ကြဲတာ ‥ အဘ ဘုန်းတန်ခိုးကြောင့်ရတာပါ''

''မင်းကတော့လုပ်ပြီ ‥ နေရင်းထိုင်ရင်း''

''တကယ်ပါအဘ'' တဲ့။

တိုက်ဆိုင်မှုပဲလား ‥ ဘာလားညာလားဆိုတာ စာဖတ်သူပဲ စဉ်းစားပါ၊ နတ်ကိုယုံလေ့ယုံထမရှိသော ကျွန်တော်တောင် ဖြစ်တဲ့ဖြစ်စဉ်တွေက အဆက်အစပ်တွေ စဉ်းစားစရာတွေဖြစ်နေတော့ ဒီအကြောင်းလေးတွေကို ဗဟုသုတလည်းဖြစ်အောင် စာဖတ်သူလည်း စိတ်ဝင်စားအောင် ကျွန်တော် အမှန်အတိုင်းရေးပြရခြင်း ဖြစ်ပါတယ်။

သံလွင်မြစ်အရှေ့ခြမ်းမှာ အထူးအဆန်းတွေက အများကြီးပါ။ အဲဒီထဲက ''တာတမော့''ဆိုတာ နာမည်ကြီးပါ။ တာတမော့ ရောက်ရင် တာတမော့ဘိုးဘိုးကြီးကို လူတိုင်းဦးတိုက်ရပါတယ်။





ဦးမတိုက်တော့ ဘာဖြစ်သလဲ သွားရဲရင် သွားကြည့်၊ တစ်စုံတစ်ခုတော့ ဖြစ်တာပဲဆိုပြီး အဲဒီဒေသမှာ ပြောစမှတ် ရှိပါတယ်။ တာတမော့ဘိုးဘိုးကြီးဆိုရင် ကြောက်လွန်းလို့တဲ့ နာမည်တောင် ပါးစပ်ကမပြောရဲတဲ့ ရွာသားရှိတယ်၊ အဲဒီနယ်မြေမှာ တောချောက်ခံရတယ်၊ တောမှောက်တယ်၊ လမ်းပျောက်တယ်၊ လူပျောက်တယ်။ ပြီးတော့ ပြန်တွေ့တယ်၊ ပြန်တွေ့တော့ အဲဒီလူလည်း ရူးသလိုလို နှမ်းသလိုလိုဖြစ်နေတယ်။ မိုင်းထိတယ်၊ မျက်စိလည်တယ်၊ အကောင်မဲမဲကြီးတွေ့တယ်တို့၊ ကျားတွေ့တယ်တို့၊ ဝတ်ဖြူစင်ကြယ်နဲ့အဘိုးကြီးတစ်ယောက်တွေ့တယ် စသည်ဖြင့် တစ်ယောက်တစ်ပေါက်ပြောကြတာကတော့ အများကြီးပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း အယုံအကြည်သိပ်မရှိလို့ ဘာသိဘာသာပဲနေပါတယ်။ တပ်မမှူးက သေသေချာချာမှာလို့သာ ကျွန်တော်လည်း နတ်စင်ရှိရာကိုသွားခဲ့တာပါ။ ဒီနယ်မြေကိုခဏခဏရောက်ပေမယ့် အဲဒီတစ်ကြိမ်သာ ကျွန်တော်အဲဒီနတ်စင်ကို သွားကြည့်ခဲ့တာပါ၊ နတ်စင်ရောက်တဲ့အခါ ပြုပြုသမျှကုသိုလ်တွေ အမျှအတန်းဝေပြီး မေတ္တာလည်းပို့ပါတယ်။ ဒါကြောင့် ဘိုးဘိုးကြီးကလည်း ဟင်းငတ်နေတဲ့ ကျွန်တော့်ကို တောင်ဆိတ်တစ်ကောင်ပေးတယ်ထင်ပါရဲ့။

ကဲ ‥ ဖြစ်စဉ်ကတော့ ဒါပါပဲစာဖတ်သူ ‥‥ ဒီနယ်မြေမှာ ဖိန့်ဖိန့်တုန်အောင် အရပ်သားတွေ ကြောက်ကြတဲ့ တာတမော့ ဘိုးဘိုးကြီးအကြောင်းနဲ့ ကျွန်တော့်ရဲ့ ကိုယ်တွေ့ကြုံအဖြစ်အပျက်လေးတစ်ခုပါ။ မယုံသော်လည်း ဆက်စပ်တွေးခေါ်နိုင်ပါတယ်။ သက်သေအဖြစ် ကျွန်တော့်ဗျူဟာကျီတူး ဗိုလ်မှူးကျော်ကြီး (ယခု



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်ဒုညွှန်ချုပ် – ဗိုလ်မှူးကြီးကျော်စိုး) ကို စာဖတ်သူ တွေ့တဲ့အခါ မေးကြည့်ပါ။ အဲဒီ တာတမော့ဘိုးဘိုးကြီးအကြောင်း သူက ကျွန်တော့်ထက်တောင် ပိုသိပါသေးတယ်။ သူက ကျွန်တော့် ထက်တောင် ပိုပြောနိုင်မှာပါ။ အဲဒီ "ချိုကျိုးနားရွက်ပဲ့ဇာတ်လမ်း" ကို ...

■



## ဗျူဟာမှူးဘဝတည်ခဲ့သော ဘုရား၏ထူးခြားမှုများ

ရေးသူ – ဗိုလ်မှူးကြီးကိုကိုကျော်

ကျွန်တော် ၁၉၉၄ ခုနှစ်၊ မေလမှာ ဗျူဟာမှူးဖြစ်ခဲ့ပါတယ်။ ပကခ(၇)ရဲ့ လက်အောက်ခံ အမှတ် (၂) ဗျူဟာမှူးဖြစ်ပြီး ကျွန်တော်တို့ စကခဌာနချုပ်က ဖယ်ခုံမှာပါ။ ဒုဗိုလ်မှူးကြီးနဲ့ Officiating တစ်နှစ် တာဝန်ထမ်းဆောင်ပြီးတော့ ၁၉၉၅ ခုနှစ်၊ မေလမှာ ဗိုလ်မှူးကြီးဖြစ်ပါတယ်။ ဗျူဟာမှူးဘဝနှင့် တစ်နှစ် နှစ်နှစ် လောက်တော့ နောက်တန်းမှာပဲ လေ့ကျင့်ရေးတာဝန်တွေ ထမ်း ဆောင်ရပါတယ်။ စကခမှူးက ကျွန်တော့်ကို ဆီဆိုင်နယ်မြေတာဝန် ပေးထားတော့ ဆီဆိုင်ကတပ်ရင်း(၂)ရင်း ဘန်းယဉ်က တပ်ရင်း(၂) ရင်း စုစုပေါင်းတပ်ရင်း (၄)ရင်းကို ကွပ်ကဲရပါတယ်။ ဆီဆိုင်၊ ဖယ်ခုံ လွိုင်ကော် သုံးပွင့်ဆိုင်ပတ်ပြီး တပ်စစ်ဆင်ရေး၊ အုပ်ချုပ်ရေး၊ လေ့ကျင့်ရေးလုပ်ငန်းတွေ နှစ်နှစ်လောက်လုပ်ပြီးတော့ ရှေ့တန်း



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေး စပါပြီ။ ၁၉၉၅ ခုနှစ်၊ မတ်လမှာ ငြိမ်းချမ်းရေးဆွေး နွေးခဲ့တဲ့ ကေအန်ပီပီနှင့် ပြဿနာဖြစ်ပြီး ကျွန်တော်တို့ စကခ(၇)က သံလွင်အရှေ့ခြမ်း ကောက်ကောက်ဒေသ BP 11,12 ဘက်ကို စစ်ဆင်ရေးဝင်ခဲ့ရပါတယ်။

ပထမတော့ ကျွန်တော့်ဗျူဟာ(၂)နဲ့ ဆီဆိုင်ကတစ်ရင်း၊ ဒီမောဆိုးက နှစ်ရင်းနဲ့အတူ ဖာဆောင်း၊ မဲစဲ၊ မဲစဲနမ်ကနေ စစ်ဆင်ရေးဝင်ရတာ ၉ လကျော် ၁၀ လခန့်ကြာခဲ့ပါတယ်။ အဲဒါနောက်ဆုံး BP 12 ကိုသိမ်းပိုက်ပြီးတဲ့အထိပါပဲ။ အဲဒီကနေ တစ်လမပြည့်တပြည့်လောက် ဖယ်ခုံမှာနားပြီး သစ်စက်ရေးယာကို ဒုတိယအကြိမ် စစ်ဆင်ရေးဝင်ရပါတယ်။ အဲဒီမှာတော့ ရှားတော၊ တာတမော့၊ အောက်မဲစတဲ၊ အထက် မဲစတဲ၊ ပွိုင့် ၂၂၅၉၊ မယ်လယု၊ မေယု၊ သစ်စက်၊ ပွိုင့် ၃၂၂၂ ပြီးတော့ နယ်စပ်ပါပဲ။ ဗျူဟာမှူးက ပွိုင့် ၃၂၂၂ မှာ ထိုင်ပါတယ်။ နယ်စပ်ကုန်းဖြစ်နေတော့ ထိုင်းဘက်က ရဲစခန်းကိုလည်း မြင်နေရပါတယ်။ မယ်ဟောင်ဆောင် မြို့တစ်ခြမ်းကိုလည်း မျက်မြင်တွေ့နေရပါတယ်။ မှန်ပြောင်းနှင့်ကြည့် လို့ကတော့ မယ်ဟောင်ဆောင်လေယာဉ်ကွင်းကို လေယာဉ်ဆိုက် တာတောင်မြင်ရပါတယ်။ ကျွန်တော် ဗျူဟာမှူးတာဝန် ထမ်း ဆောင်စဉ်ကာလအတွင်း ပွိုင့် ၃၂၂၂မှာ နှစ်ကြိမ်ခန့်၊ မော်ချိုက နှစ်ကြိမ်ခန့်၊ ရွာသစ်က နှစ်ကြိမ်ခန့်၊ ရှားတော–တာတမော့က တစ်ကြိမ်ခန့် စခန်းထိုင်ခဲ့ရပါတယ်။ ပွိုင့် ၃၂၂၂ မှာ စခန်းထိုင်စဉ် ဟွေအွန်၊ ဟွေအောလမ်းကြောင်းကနေ ဘော်လခဲတပ်ရင်းမှူး ဒုဗိုလ်မှူးကြီးတင်ထွန်း ရိက္ခာပို့ရင်း ကျွန်တော်ပွိုင့် ၃၂၂၂ ကုန်းကို





ရောက်လာပါတယ်။ ကိုတင်ထွန်းက ဗိုလ်သင်တန်းအပတ်စဉ် (၄၇) ကပါ။ ကျွန်တော်နှင့် အရင်တည်းက ခင်တယ်၊ သူက ဗေဒင် လက္ခဏာ ယတြာကိစ္စလေးတွေကျွမ်းတယ်။ အခု မန္တလေးတိုင်း၊ မန္တလေးမြို့ထဲက မြို့နယ်တစ်ခုကို ဥက္ကဋ္ဌလား၊ အတွင်းရေးမှူးနှင့် လား ပြောင်းဖို့ရှိနေပါတယ်။ ရိက္ခာလည်းပို့ရင်း ကျွန်တော့်ကို နှုတ်ဆက်ကန်တော့ဖို့ဆိုပြီး ဝင်လာပါတယ်။ လက်ထဲမှာလည်း ပြည်သွပ်ဗူးသုံးဗူးလောက်နဲ့ . . .

''ဗျူဟာမှူးကြီး . . နေကောင်းလား''

''ကောင်းတယ် ကိုတင်ထွန်း။ ပြောင်းတော့မှာပေါ့ ဟုတ် လား''

''ဟုတ်ကဲ့ . . မန္တလေးရောက်ရင်ဝင်ပါ''

''အဘ . . ဘာနေ့သွားတုံး''

လုပ်ပြီ ပညာရှင်ကလာပြီ။

''အင်္ဂါပါ''

''အဘ . . ဆယ်ခုသားထင်တယ်''

''မှန်ပါ့ဗျာ . . ကိုတင်ထွန်း ဘယ်လိုသိတုံး''

''မှန်းကြည့်တာပါ''

''ဘာထူးတုံး''

''အဘ နိုင်ငံခြားသွားရမယ်၊ သာသနာလည်းပြုရမယ်''

''နိုင်ငံခြားက အခုဘေးနားကပ်နေတာပဲ မယ်ဟောင်ဆောင် မြင်နေရတယ်လေ . . အဲဒီကနေ လေယာဉ်စီးရင် ဘန်ကောက်ပေါ့''

ကိုတင်ထွန်းက ရယ်ရင်းပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် နီးနီးနားနား မဟုတ်ဘူးအဘ"

"ခပ်ဝေးဝေးပေါ့ . . . ခပ်ဝေးဝေးကတော့ ဝေးပါသေးတယ်" ကိုတင်ထွန်းရယ်၊ သာသနာကရော ဘာပြုရမှာတုံး"

"အဘ . . ဘုရားတည်ရလိမ့်မယ်"

"ဘယ်မှာတုံး"

"ဒီမှာအဘ . . ဒီကုန်းက ပွိုင့် ၃၂၂၂ ဆိုတော့ '၉' ရတယ် ကိုးနဝင်းကျေတယ်ပေါ့ အဘ"

"ဘယ်လိုတည်မတုံး ကိုတင်ထွန်းရယ် . . ဘာမရှိ ညာမရှိနဲ့"

"ဖြစ်လာပါလိမ့်မယ်အဘ"

"အင်း"

"အဘစောင့်ကြည့်ပါ ကိုးဂဏန်းတွေ အကျိုးပေးလိမ့်မယ် အဘ"

"ကောင်းပါလေ့ ကိုတင်ထွန်းရယ်"

ဒါနဲ့ သူပြန်သွားတော့ တစ်ညနေ ဆေးမှူး ဗိုလ်ကြီးအောင်နွဲ့အောင် (ယခု ဒုဗိုလ်မှူးကြီး အောင်နွဲ့အောင် ကျိုင်းတုံဆေးတက္ကသိုလ် ရင်း တပ်ရင်းမှူးဖြစ်နိုင်) ကို တိုင်ပင်တယ်။

လမ်းလျှောက်ရင်း သူ့တဲရှေ့ရောက်တော့ သူ့တဲရဲ့ဘုရားစင်မှာ သပြေပန်းလည်းမဟုတ်ဘူး တောထဲက အလေ့ကျပေါက်တဲ့ အပင်တွေရဲ့ သစ်ခက်စိမ်းစိမ်းလန်းလန်းတွေ ဘုရားစင်မှာထိုးထားတာ ႕ဝေလို့။

"ကိုအောင်နွဲ့အောင် ဘုရားစင်မှာ ပန်းတွေဝေလို့ပါလား။





သပြေပန်းလည်းမဟုတ်ဘူး"

"သပြေပန်းအမှတ်ပေါ့ အဘ ရှိတာကောက်တင်ရတာပဲ အဘရယ်"

"အေး . . ကိုအောင်နွဲ့အောင် ဒီတောင်ထိပ်လေး ဘုရားတည်ရရင်ကောင်းမလားလို့"

"ဟာ . . ကောင်းတာပေါ့အဘ၊ ဒီနေရာလေးက ကျယ်သား၊ ထပ်တည်းတောင်ထိပ်ပဲ အမြင့်ဆုံးပဲ ပွိုင့် ၃၂၂၂ က ဒီနေရာပဲ ထင်တယ်"

ညာအစွန်တောင်ထိပ်ကလေးပါ၊ မြေပြန့်ကလေးလည်း ရှိတယ်၊ ညာဘက်အစွန်မှာ အမျိုးအစားမသိတဲ့ သစ်ပင် တစ်ပင်လည်း ပေါက်နေတယ်။ ကုန်းရဲ့မလှမ်းမကမ်းမှာတော့ လက်နက်ကြီးပစ်ကျင်းကြီးရှိပါတယ်။ အပင်ခြေရင်းမှာ ကင်းတဲရှိပြီး ကင်းတဲလေးကလမ်းရဲ့ တစ်ဖက် တစ်ချက်မှာ ရိက္ခာနှင့် လူနာတဲ ရှိတယ်။ အဲဒီနေရာရဲ့ တောင်ဘက်စူးစူးမှာ ဒေါတခက် "နို့ကုန်း" ရှိပြီး ကျင်းတူးထားတာတွေ နီနီရဲရဲတွေ့နေရပါတယ်၊ အဲဒီ အောက်ခြေမှာတော့ "ဒေါတခက်" ရွာပေါ့။

"အေး . . ဒီနေရာလေး ပြန့်ပြန့်ပြူးပြူးလေးနော်"

ပြောရင်း ကျွန်တော် ကင်းတဲလေးက ခုံတန်းလျားလေးမှာ ထိုင်လိုက်ပါတယ်။ ကျွန်တော်ရှိတဲ့နေရာကို ဗိုလ်မှူးကျော်စိုးရယ်၊ ဗိုလ်ကြီးဆန်းဝင်းရယ်၊ ဗိုလ်ကြီးစိုးဝင်းရယ် ရောက်လာတယ်။

ကိုကျော်စိုးက . . .

"အဘ . . ဘုရားတည်မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



''အေး ... စဉ်းစားတာပေါ့''

''ကောင်းတယ် အဘ .. ရေဆိပ်မှာ လိပ်သည်းကျောက်ကြီးတွေ အကြီးကြီးတွေရှိတယ်၊ ရေချိုးဆင်းတုန်း တစ်ယောက်နည်းနည်းစီသယ်ပြီး စုလိုက်ရင် ရနိုင်တယ်အဘ''

အကြေူဗိုလ်ကြီးစိုးဝင်းက ...

''အဘ.. အမြောက်က ကိုညီညီဆွေ (ဗိုလ်ညီညီဆွေ) သံပြားတွေ ဘာတွေ ခွေတတ်၊ သူ့ဘုရားစင်လေး လုပ်ထားတာ အဖြောင့်ဗျ''

''ဟုတ်လား၊ သွားခေါ်စမ်းပါဦး ... မေးရအောင်''

ဗိုလ်ကြီးဆန်းဝင်း ပြေးခေါ်တယ်။ ကိုညီညီဆွေက ကျွန်တော့်ကုန်းရဲ့တစ်ကုန်းကျော် ရေဆိပ်ထိပ်က ကုန်းလေးမှာနေတယ် အမြောက်နှစ်လက်နဲ့ပေါ့ဗျာ။

မကြာဘူး၊ ကိုညီညီဆွေ ရောက်လာတော့ ...

''ကိုညီညီဆွေ .... ဘုရားထီးတော်ပုံစံညှပ်တတ်သလား''

''ညှပ်တတ်တယ် အဘ''

''ကောင်းလိုက်တာ၊ ဝါးနဲ့ရောလုပ်တတ်လား''

''လုပ်တတ်တယ်၊ အဘ''

''အေး .. ကောင်းလိုက်တာ ... စေတီတော်ပုံစံ ဘောင်ခွေကွာ .. ပစ္စယာ ၃ ဆင့်ပေါ့၊ နောက် ငှက်ပျောဖူးပေါ့၊ နောက်ထီးတော်၊ ငှက်မြတ်နားလုပ်ကွာ .. ကိုကျော်စိုးက ကျောက်တုံးတွေ စုကွာ''

''ဟုတ်ကဲ့ အဘ''





အချိန်က ၁၉၉၆ ခု၊ ဧပြီလ ၁ ရက် သင်္ကြန်ကျတော့မှာပေါ့၊ စိတ်ထဲကတော့ ...

''အင်း .. နှစ်ဆန်းတစ်ရက်နေ့အမီပြီးရင်ကောင်းမှာပဲလို့''

ကိုယ့်ဘာသာကိုယ် ပြောလိုက်မိပါတယ်။

ရဲဘော်တွေ တက်ညီလက်ညီနဲ့ ကျောက်တွေစုဆောင်းလိုက်ကြတာ အများကြီးရတယ်၊ လိပ်သည်းကျောက်တွေရော၊ အခြားအမျိုးအစားကျောက်ကလေးတွေ စုံနေတာပဲ။ ရဲဘော်တွေ ဝါးခြင်းကြီးနဲ့ သယ်ပြီး တောင်ပေါ်တက်လာကြတာ တကယ့်ကို စိတ်ချမ်းသာစရာမြင်ကွင်းပါ။ သုံးရက်လောက်ကြာတော့ ကိုညီညီဆွေက ဝါးနှင့်ရက်လုပ်ထားတဲ့ ငှက်ပျောဖူးပုံ နမူနာလာပြတယ်။

''အဘ .. ဒီမှာကြည့်ပါဦး .. ကောင်းရဲ့လား''

''ဟာ .. ကောင်းလိုက်တာ ... ကိုညီညီဆွေ တယ်လက်ရာမြောက်ပါလား''

ကိုညီညီဆွေရဲ့ အမြောက်အဖွဲ့က ဝါးနဲ့ ငှက်ပျောဖူးတွေလုပ်တယ်၊ ရာဇမတ် ရက်တယ်၊ ကိုစိုးဝင်းနဲ့ ကိုဆန်းဝင်းတို့က သူတို့ဘာသာ သူတို့ပေးတဲ့ ဘုရားဘွဲ့တော်ပါ ''ပြည်ငြိမ်းအေးစေတီတော်''တဲ့။ အဝင်အဝ မုခ်ဦးလုပ်ဖို့ သစ်သားတွေကို ထွင်းထုနေကြလေရဲ့။ ဗိုလ်မှူးကျော်စိုးအဖွဲ့ကတော့ ကျောက်တုံးတွေ အများကြီးရနေပြီ။

''ကိုအောင်နွဲ့အောင်ရေ ဌာပနာသွင်းဖို့ ပစ္စည်းတွေစုပါဦး .. အဘမှာ ဆီဆိုင်ဆရာတော်ကြီးရဲ့ ဆံတော်တွေရှိတယ်၊ ဆိုင်ဆရာတော်ကြီးကတော့ ရဟန္တာလို့သမုတ်ကြတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



''အဘ ‥ ကျွန်တော်စုနေတယ် … ကျွန်တော့်မှာ ဖော်တော်ဦး သက်န်းရှိတယ်၊ ကိုဆန်းဝင်းဆီက မဟာမြတ်မုနိဘုရားကြီး မျက်နှာသစ်တော်အမွှေးခဲတွေ ရတယ်''

''ကောင်းလိုက်တာကွာ … အားလုံးတက်တက်ကြွကြွပဲ''

ဒီလိုနဲ့ စုစုစည်းစည်းညီညီညွတ်ညွတ် လုပ်လိုက်ကြတာ ပြီ ၁၀ ရက်နေ့ရောက်တော့ ကျွန်တော်က …

''နှစ်ဆန်းတစ်ရက်နေ့ ဘုရားထီးတင်ရင် ကောင်းမယ်၊ ရက်လည်းကောင်းတယ်၊ နှစ်ဆန်းတစ်ရက်ဆိုတော့ အမှတ်တရ ပေါ့ကွာ''

''ဟာ ‥ သိပ်ကောင်းတယ် အဘ ‥ နှစ်ဆယ့်တစ်ရက် နေ့လုပ်နိုင်တယ်၊ ဘုရားအနေကဇာ တင်မယ်၊ တစ်ခါတည်း ဘုရား တည်၊ ဌာပနာတည်၊ ထီးတင်၊ တစ်ရက်တည်း အပြီးလုပ်တာပေါ့''

''ကောင်းတယ်ကွာ''

''အဘ …. ကျွန်တော့်မှာ ပရိတ်ကြီးဆယ့်တစ်သုတ် စာအုပ် ပါတယ်။ အနေကဇာတင်ဖို့ စာတမ်းလည်းပါတယ်''

''အေး …ကိုအောင်နွဲ့အောင်က ရွတ်ပေါ့ကွာ … ကိုကျော်စိုးကတော့ အနေကဇာတင်ဖို့လုပ်၊ ဆွမ်းကပ်ဖို့အပါအဝင် ပေါ့ကွာ၊ ရဲဘော်တွေ ပိုက်ဆံကြဲကွာ … ငါပေးမယ်''

ပျော်စရာကြီးပါပဲ ‥ ညနေစောင်းတော့ ပိုက်ဆံဆယ်တန် လေးတွေ ပိုက်ဆံကြဲဖို့ ခေါက်နေတုန်း တပည့်ကျော် Batman ရဲဘော်ကျော်မင်းဦး ပြေးလာတယ်။

''အဘ ‥ လာကြည့်ပါဦး ထူးဆန်းလို့ …''





တဲ့။ ဗိုလ်ကြီးအောင်နွဲ့အောင်က ခေါ်ခိုင်းတယ်။

''ဟ ‥ ဘာလဲ ‥ ဟ''

ကျွန်တော့်တဲနှင့် ဘုရားတည်မယ့်နေရာကလည်း ကိုက် ၈၀ လောက်ဝေးပါတယ်။

''ဘာလဲဟ … ကိုအောင်နွဲ့အောင်''

''အဘ ‥ ဟိုမှာကြည့်ပါဦး …''

ကိုအောင်နွဲ့အောင်က ကောင်းကင်ကိုလက်ညှိုးထိုးပြတယ်။ ကြည့်နေကြတာ ရဲဘော်လေးငါးယောက်ရယ်၊ ဗိုလ်ကြီးအောင်နွဲ့ အောင်ရယ်၊ ကျွန်တော်ရယ်ပေါ့။

''ဟ ‥ ဘာတုံးဟ ‥ ဘာပုံလဲ''

လူပုံလိုလို ရှည်ရှည်သွယ်သွယ် တိမ်တိုက်ကြီးတစ်ခုက အလျားလိုက်ဖြစ်ရမယ့်အစား ဒေါင်လိုက်ကြီးဖြစ်နေတယ်။ ဘေးမှာ တိမ်လိပ်နှစ်ခုက အလျားလိုက်ဖြစ်နေပြီး အပေါင်းလက္ခဏာလိုလို ဖြစ်နေတယ်၊ သေသေချာချာကြည့်လိုက်တော့ လက်ဝါးကပ်တိုင် လိုလိုဖြစ်လာပါတယ်။

''ဟ …လက်ဝါးကပ်တိုင်ကြီးလား ‥ လူကြီးလား''

''အဘ … သေသေချာချာကြည့် ‥ **Jesus** ပုံကြီး မဟုတ်ဘူးလား''

''အေးဟ ‥ အေး ‥ ဟို **Jesus** တမန်တော် လက်ကြီး ဘေးကားထားတဲ့ပုံကြီးနော်၊ ကြည့်ရတာ ဘယ်မှာမြင်ဖူးသလိုလို''

ဗိုလ်မှူးကျော်စိုး၊ ဗိုလ်ကြီးဆန်းဝင်း၊ ဗိုလ်ကြီးစိုးဝင်း၊ ဗိုလ်ကြီးညီညီဆွေတို့ ပြေးလာကြတယ်။ တောင်ကုန်းကလည်း

www.burmeseclassic.com



ဒီပတ်ဝန်းကျင်မှာ အမြင့်ဆုံးဆိုတော့ အဲဒီတိမ်လိပ်ကြီးရှိနေတဲ့ဘက်ကို ရဲဘော်တွေ အားလုံးလိုလို ကြည့်နေကြပါတယ်။

ဗိုလ်ကြီးဆန်းဝင်းက ...

''ထူးဆန်းလိုက်တာနော် အဘ .. Jesus ပုံကြီးဗျ'' တဲ့။

''အင်း''

ပြောရင်း တိမ်တွေက လေမှာလွင့်ကုန်တော့ ပုံပျက်သွားပါတယ်။

''တိမ်ဆိုတော့ ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းတာပေါ့ကွာ ... Jesus ပုံဖြစ်ချင်လည်း ဖြစ်မှာပေါ့လေ''

ကျွန်တော်ဒီလိုပဲ ပြောခဲ့ပါတယ်။

ဒီလိုနဲ့ပဲ ဘုရားတည်တဲ့နေ့ရောက်ပြီ။ မနက်အစောကြီးထကြ၊ ပန်းကပ်တဲ့လူနဲ့ ဆွမ်းကပ်တဲ့လူနဲ့ ဘုရားပရဝဏ်လေးကလည်း ကျယ်ကျယ်ဝန်းဝန်း၊ မနက် ၆ နာရီ ၃ မိနစ်မှာ ကျောက်တွေစုပုံပြီး ဘုရားတည်ကြပါတယ်။ ပထမပစ္စယံ၊ ဒုတိယပစ္စယံပြီးတော့ ဌာပနာတိုက်ပိတ်ပါတယ်။ ဌာပနာကို ဝါးဆစ်ထူထူနဲ့လုပ်ပြီး သေသေချာချာပိတ်၊ အတွင်းကို သေသေချာချာထည့်ပါတယ်။ ပြီးတော့ တတိယပစ္စယံ တည်၊ ပြီးတော့ ငှက်ပျောဖူး တင်လှူပါတယ်။ နောက်ထီးတော်၊ ငှက်မြတ်နားတော်ကို မနက် ၇ နာရီ ၂ မိနစ်မှာ အပြီးတင်ပါတယ်။ ဘုရားတင်အပြီး ဗိုလ်ကြီးအောင်နွယ်အောင်က ဘုရားတည်ဂါထာများ ရွတ်ဖတ်ပြီး အနေကဇာတင်ပါတယ်။ ဗိုလ်ညီညီဆွေက ''ဇယံတောဗောဓိရာမူလေ'' အစချီတဲ့ အောင်ဂါထာ ရွတ်ပါတယ်၊ အရာရှိတွေ ဒီလောက်ဘုရားမှန်း တရားမှန်း





သိတာ ကျွန်တော် မကြုံဖူးခဲ့ပါ။ ကျွန်တော့်တပည့်တွေ ကျွန်တော့်အရာရှိတွေ ဒီလောက်တတ်ကျွမ်းမှန်းတောင် မသိပါ။ အခုလို ဘုရားတစ်ဆူ အောင်အောင်မြင်မြင် တည်လိုက်နိုင်တော့ စိတ်ချမ်းသာလိုက်တဲ့ ပီတိဟာ တစ်ကိုယ်လုံးပျံ့နှံ့သွားပါတယ်။ နံနက် ၈ နာရီ (၁)မိနစ်မှာ ရဲဘော်တွေ ပိုက်ဆံကြပြီး ဒွေးမိုးငွေမိုး ရွာလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ ဆင်တောင်ဘက်ကနေ မိုးတွေညို့လာပြီး ၉ နာရီလောက်မှာ မိုးသဲကြီးမဲကြီး တစ်ကြိမ်ရွာခဲ့ပါတယ်။

မိုးတစ်နာရီလောက်ရွာပြီး မိုးတိတ်တော့ တဲအပေါက်ဝ ကိုဆန်းဝင်းရောက်နေတယ်။ ကျွန်တော်က ...

''အင်း ... သကြန်မိုးပေါ့ကွာ''

''အဘ .. သကြန်မိုးတင်မဟုတ်၊ ထူးဆန်းတာတစ်ခုဖြစ်ပြီးနေပြန်ပြီ လာကြည့်ပါဦး''

''ဘာလဲဟ .. ဘာတွေပြန်ပြီတုံး ... မင်းတို့ဟာက လည်း Jesus တွေပြန်ပြီလား''

ကိုဆန်းဝင်းက ရယ်တယ်။ ''ဒီတစ်ခါ Jesus မဟုတ်ဘူး အဘ ... ဗောဓိညောင်ပင်ပေါက်လာလို့''

''ဟယ် ... ဘယ်က ဗောဓိညောင်ပင်တုံး၊ လာပြန်ပြီ''

''ဟုတ်တယ်အဘ၊ ဒီမှာ ဒီအပင်မှာ''

''အေးဟ၊ အပင်ကအရွက်ချွန်းချွန်းဟ၊ ရိုးရိုးညောင်ပင်မဟုတ်ဘူး၊ ဗောဓိညောင်ပင်ပဲ .. ဘယ်တုန်းကတွေ့တာတုံး''

''အခုပဲ အဘ''

''ဘယ်သူတွေ့တာတုံး''



www.burmeseclassic.com

www.burmeseclassic.com



''ကင်းသမားအဘ''

''ခေါ်စမ်းပါဦး''

ကင်းသမားညိုဝင်း ရောက်လာတော့ ...

''မင်းတို့အရင်က ဒီညောင်ပင်လေး မတွေ့ဘူးလား ... အရင်ကရော မရှိဘူးလား''

''မရှိဘူး အဘ .. ကျွန်တော်တို့ဒီနားမှာ နေ့တိုင်း ကင်းစောင့်တာပဲ၊ ဒီအပင်ကြီးကို အမြဲတွေ့နေတာပဲ ဒီညောင်ပင် လေးကို မတွေ့မိပါဘူး''

ဗိုလ်မှူးကျော်စိုးက ...

''ဟုတ်တယ်နော် အဘ .. ကျွန်တော်တို့လည်း ဒီမှာ ခဏခဏ ရောက်တာ မတွေ့ဘူး၊ မနက်ကတောင် မတွေ့ဘူး''

ဗိုလ်ညီညီဆွေက ...

''ထူးဆန်းတယ်နော် အဘ .. ဘယ်သူမှ မတွေ့ဘူး။ ပေါက်နေတာကြာပြီ .. သတိမထားမိတာလား''

ဗိုလ်ကြီးဆန်းဝင်းက ...

''မဖြစ်နိုင်ဘူး .. အပင်လေးက သေးသေးလေး ပေါက်တာ သိပ်မကြာသေးဘူး ထင်တယ်''

ဗိုလ်ကြီးစိုးဝင်းက ...

''ငှက်တွေကြောင့် ပေါက်တာဆိုရင်လည်း ဒီနေရာ ဘာ ငှက်မှ မလာဘူးနော် .. အဘရယ် တကယ်ထူးဆန်းတယ်နော်''

ကျွန်တော်က ...

''အင်း .... ဒို့များသတိမထားမိတာလားကွာ''





ဗိုလ်မှူးကျော်စိုးက ...

''အဘကလည်း ကျွန်တော်တို့သတိမထားမိတောင် ကင်း သမားနဲ့ ဒီကင်းတဲမှာ နေကြတဲ့ ရဲဘော်တွေတော့ မြင်ကြမှာပေါ့ အဘရယ် ... အခုတော့ ခုမှသိတယ်ရယ်လို့''

''အေးပေါ့လေ ... ဗောဓိညောင်ဆိုတာကလည်း ဘုရားရဲ့ ကိုယ်ပွား ကိုယ်စားပဲ .. ဘုရားနှင့် ဖွားဖက်တော်ပဲလေ၊ ဒို့ဘုရား တည်အပြီး ဗောဓိညောင်ပေါက်တာလည်း ဖြစ်နိုင်တာပဲ''

မဟာပညာကျော် ဗိုလ်ကြီး ဒေါက်တာအောင်နွဲ့အောင်က လုပ်ပြီ။

''အဘ သေသေချာချာကြည့်၊ ဒီအပင်က ဘုရားရဲ့အဂ္ဂါ ထောင့် အဂ္ဂါထောင့်က အရှေ့တောင်ထောင့်၊ အဘက အဂ္ဂါသား လေ .. အဘရဲ့ မွေးရပ်ထောင့်ကလည်း အဂ္ဂါထောင့် အရှေ့ တောင်ပဲ အဘ''

''အင်း .... ဟုတ်ပေသား''

စိတ်ထဲမှာ ထူးဆန်းတယ်လို့ပဲ စဉ်းစားရင်း ဘုရားလေးနဲ့ ဗောဓိညောင်ပင်ကို ထပ်ဖူးမျှော်လိုက်ပြီး ကျွန်တော် ဘုရားစေတီ လေးရဲ့ ပရဝဏ် ဝင်/ထွက်ပေါက်က ထွက်လိုက်တယ်၊ မုခ်ဦးက ကိုဖတ်လိုက်တော့ ...

''ဟော့ကောင်တွေ ကိုတင်ထွန်း (ဒုဗိုလ်မှူးကြီးတင်ထွန်း) ပြောတာမှန်နေပြီ''

''ဘာမှန်တာလဲ အဘ''

''လာကြည့်လေ''



www.burmeseclassic.com

www.burmeseclassic.com



''ဗိုင်း ၃၂၂ က ပေါင်းရင်ဘယ်လောက်ပဲ''

''ကိုးလေ အဘ''

''ပြည်ငြိမ်းအေးကိုပေါင်းကြည့်''

''ပြည်က ငါး၊ ငြိမ်းက သုံး၊ အေးက တစ် ၊ ငါး သုံး ဆိုတော့ .. ကိုး .. ဟာ ဟုတ်တယ်ဟ''

''ဒီနေ့ရက်ကိုလည်း ပေါင်းကြည့်ကွာ''

''၁၃၅၈ မြန်မာနှစ်ဆန်း ၁ ရက် တစ်သုံးငါးရှစ်၊ တစ်ရဲ့ ပေါင်း လေး၊ လေးနဲ့ငါးပေါင်း ကိုး၊ ကိုးနဲ့ရှစ်ပေါင်း ဆယ့်ခုနစ်၊ ခုနစ်ပေါင်းတော့ ရှစ်၊ နှစ်ဆန်းတစ်ရက်နဲ့ ပေါင်းတော့ ကိုး .. တကယ်အံ့သြစရာပါလား အဘ''

''မအံ့သြနဲ့ဦး .. စကြာ(၇) နဲ့ နဝဟ (၂)နဲ့ ပေါင်းလေ ...့ နှစ်ပေါင်း ကိုး မဟုတ်ဘူးလား''

''ကိုးပါပဲ'' စာဖတ်သူ .. တိုက်ဆိုင်မှုတွေများလာတော့ လိုလိုပါပဲ။ ယခုပူးတွဲပါ တင်ပြထားသော ဓာတ်ပုံလေးက တော်၏ပုံဖြစ်ပါတယ်။ စေတီရဲ့ အရှေ့တောင်ထောင့် ယမ ပုံရဲ့ ညာဘက်ထောင့်မှာ စာဖတ်သူမြင်ရတဲ့ သစ်ပင်လေးမှာ ...ှာတဲ့ ဗောဓိညောင်ပင်ပေါက်လာခြင်းဖြစ်ပါတယ် ခင်ဗျာ။ ...့ကြည့်ရင် တွေ့မှာပါ။ မုခ်ဦးအဝရဲ့ အပေါ်အဦးမှာ လက်အုပ် ...ိုင်နေတာကတော့ ကျွန်တော်စာရေးသူပဲ ဖြစ်ပါတယ်။

တစ်ခုတော့ စာဖတ်သူကို မေးပါရစေ ... ဗောဓိညောင် ကျွန်တော်တည်ခဲ့သော ပြည်ငြိမ်းအေးစေတီနဲ့ ဆက်စပ်နေတယ် ...ကတော့ မှန်ပါတယ်ခင်ဗျာ ... ဒါပေမဲ့ ဧပြီလ ၁၀ ရက်





နေ့ ညနေက ကောင်းကင်မှာတွေ့ခဲ့တဲ့ **Jesus** ပုံ တိမ်တိုက်ကြီးက ကော ဘာသဘောပါလဲခင်ဗျား။

■

ဆက်လက်၍ စာရေးဆရာကြီး မြဝတီ၏ ဂမ္ဘီရဖြစ်ရပ်မှန် ...ထူး သုံးပုဒ်အား ဖော်ပြအပ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်စိန်သိန်းခေါ်ဗိုလ်စိန်လေးခေါ် စာရေးဆရာကြီးမြဝတီ

www.burmeseclassic.com

www.burmeseclassic.com

## မြဝတီ ခေါ် ဗိုလ်စိန်သိန်း (ခ) ဗိုလ်စိန်လေး

## မော်ကွန်းဝင် (၀)ဆင့်

စာရေးဆရာကြီး မြဝတီ ခေါ် ဗိုလ်စိန်သိန်းခေါ် ဗိုလ်စိန်လေး အား ...

ဟင်္သာတခရိုင် ကနောင်မြို့အပိုင် သပြေကုန်းရွာ၌ အဖ သစ်ကုန်သည် ဦးဖိုးတုတ်၊ အမိ ဒေါ်ယုံတို့က ၁၉၂၁ ခုနှစ် မေလ ၁၀ ရက်တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးစိန်လေးဖြစ်သည်။

သပြေကုန်းရွာ ဘုန်းတော်ကြီးကျောင်း၊ ငှက်ပျောတောရွာ ဘုန်းတော်ကြီး ဦးဓမ္မသာမိကျောင်းတို့တွင် အခြေခံမြန်မာစာ သင်ယူသည်။ ထို့နောက် ထူးကြီးမြို့ အမျိုးသားကျောင်းသို့ ပြောင်းသည်။ ထိုမှ ခုနစ်တန်းအောင်သောအခါ မြန်အောင် အစိုးရ အထက်တန်းကျောင်းသို့ ရောက်သည်။ ၉ တန်းအောင်မြင်သည်။

၁၉၄၂ ခုနှစ်မှစ၍ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်သည်။ ဟင်္သာတ ဗိုလ်ဘသိန်းတပ်ဖြင့် မန္တလေးသို့ ချီတက်ခဲ့သည်။ မန္တလေးတွင် စခန်းချသည်။ ဗမာ့ကာကွယ်ရေးတပ်မတော်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သို့ ပြန်လာခဲ့သည်။ ရန်ကုန်မှာပင် ဒွေးတပ်အဆွဲခံရပြီး နောက် သံဖြူဇရပ်သို့ အပို့ခံရသည်။ သံဖြူဇရပ် ဒွေးတပ်စခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ရန်ကုန်ပြန်ရောက်လျှင် စစ်မင်း လေ့ကျင့်ရေးတပ်သို့ ဝင်သည်။ ဗိုလ်မှူး ဗထူး၏ အထက်ဗမာ ပြည်တိုင်းတွင် အမှုထမ်းသည်။ ရှမ်းပြည်နယ်၊ မြန်မာ–တရုတ် နယ်စပ်များတွင် တာဝန်ကျသည်။ ဂျပန်တော်လှန်ချိန်တွင် မိတ္ထီလာ သို့ ရောက်သည်။ ထိုမှ မဟာမိတ်တပ်များနှင့်အတူ တောင်ငူသို့ ဆင်းခဲ့သည်။ ဗမာ့မျိုးချစ်တပ်မတော် ဖွဲ့စည်းသောအခါ တိုင်း ၆၊ တပ်ရင်း ၁ တွင် ပါဝင်သည်။ စစ်အပြီးတွင် ပြည်သူ့ရဲဘော်တစ်မှ သို့လည်းကောင်း၊ ပြန်လည်ထူထောင်ရေးတပ်သို့လည်းကောင်း ဝင်ခဲ့၏။ ၁၉၅၇ ခုနှစ်တွင် တပ်မှ ထွက်ခဲ့သည်။ အရှေ့တိုင်း မဂ္ဂဇင်း၊ ရှေ့ဆောင်သတင်းစာ၊ စုံထောက်မဂ္ဂဇင်း၊ ပြည်သူ့ကြယ် ဂျာနယ်တို့တွင် အယ်ဒီတာလုပ်ခဲ့သည်။ စစ်ပြန် စစ်မှုထမ်းဟောင်း များ အဖွဲ့တွင် ပါဝင်ဆောင်ရွက်သည်။ မော်ကွန်းဝင် ပထမဆင့် ရရှိသည်။

၁၉၄၁–၄၂ ကျောင်းသားဘဝတွင် အင်္ဂပူမြို့၌ "လူငယ် တက်လမ်း ကလောင်စွမ်းအဖွဲ့" ဖွဲ့ပြီး လက်ရေးစာစောင် ထုတ် သည်။ ဒီးဒုတ်ဂျာနယ်၊ တိုးတက်ရေးမဂ္ဂဇင်းများသို့ ဝတ္ထုတိုများ စတင်ရေးသား ပေးပို့ခဲ့သည်။ မြန်မာ့အလင်းသတင်းစာ "ရယ်ရွှင် ဖွယ်"အခန်းတွင် "မြဝတီ" ကလောင်အမည်ကို စတင်အသုံးပြု သည်။ တော်လှန်ရေးဆက်သား (၁၉၄၆) သည် ပထမလုံးချင်း ဝတ္ထုဖြစ်သည်။ သွေးချောင်းကလျှံ (၁၉၆၄) နှင့် ပျူနိုင်ငံ (?) ဝတ္ထု





များ ထင်ရှားသည်။ "သွေးချောင်းကလျှံ" ဖြင့် ၁၉၆၄ ခုနှစ် အနုပညာစာပေဆိုင်ရာ ဝတ္ထုရှည် တတိယဆုရရှိခဲ့သည်။ "မြဝတီ" အပြင် အခြားထင်ရှားသော ကလောင်အမည်ခွဲများလည်း ရှိသေး သည်။ ဝတ္ထုတို နှစ်ရာကျော်နှင့် ဝတ္ထုရှည် တစ်ရာနီးပါးမျှ ရေးခဲ့ သည်။ စုံထောက်၊ စွန့်စားခန်းနှင့် အမဲလိုက်ဝတ္ထုများစွာ ပါဝင်သည်။

၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေပြည်သာနေအိမ်၌ ကွယ်လွန်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## နှင်းလူလေလား မျှောက်ဝံလား

ရေးသူ – မြဝတီ

( ၁ )

နှင်းပွင့်များ အေးမြသောလေနှင့်အတူ တဖွဲဖွဲကြွေလာလေပြီ။

အချိန်မှာ ညဦး ၈ နာရီ။

မြင်းများ၏ နှာခေါင်းမှုတ်သံက တရှူးရှူးမြည်နေသည်။ လှည်းသံများကလည်း တကျွီကျွီ လှည်းများမှာ ရိက္ခာတင် မြင်းလှည်းများဖြစ်သည်။

သန္နီမြို့မှနေ၍ ကွတ်ခိုင်မြို့တွင် စခန်းချထားသော တပ်ရင်း (၇)သို့ ဆန်များနှင့် မျှင်ငါးပိ ငါးခြောက် များပို့ရန် မြင့်မားလှသော တောင်တန်းပေါ်သို့ တရွေ့ရွေ့ချီတက်လျက်ရှိသည်။

၁၉၄၄ ခုနှစ်တွင် ကျွန်ုပ်တို့ အင်းတကော်စစ်မြင်းတပ်ရင်းမှ ဗိုလ်စိုးသိမ်းဦးစီးသော တပ်ခွဲတခွဲကို အနောက်မြောက်ပိုင်းစစ်ဌာနချုပ်သို့ စေလွှတ်ခဲ့ပါသည်။ မန္တလေးတိုင်းစစ်ဌာနချုပ်မှတဆင့် တပ်မတော် တပ်ရင်း(၇)၊ တပ်ရင်း(၄)များနှင့် တွဲဖက်တာဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရန် လားရှိုးမြို့သို့ ပြောင်းရွှေ့ခဲ့ရပြီး လားရှိုး လေးလံ့ လေ့ရှာတွင် တပ်ခွဲရုံးစိုက်ထားခဲ့ပါသည်။

လိုအပ်သောရိက္ခာများ လားရှိုးတွင် အခြေစိုက်ထားသည့် တပ်ရင်း(၄)တွင် ထုတ်ယူကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေသည့် ကွတ်ခိုင်တပ်ရင်း(၇)သို့ ကျွန်ုပ်တို့ မြင်းတပ်ခွဲမှ လှည်းများ ဖြင့်သွားရောက်ပို့ရသည်။ မြင်းဆွဲလှည်းမှာ မြန်မာလှည်းများကဲ့သို့ ''ကက်အိမ်'' မရှိ ဘေးအကာမရှိသော ပျဉ်ခင်းနှင့် မြင်းတစ်ကောင် သာလျှင်ဆွဲနိုင်သော လှည်းမျိုးဖြစ်ကာ စုစုပေါင်း လှည်းဆယ်စီး မြင်းဆယ်ကောင်နှင့် ရှေ့ကိုက်တစ်ရာ ကင်း တာဝန်ယူထားသော မြင်းစီးရဲဘော်လေးဦးက နောက်မှတရွေ့ရွေ့ချီတက်နေသော မြင်းလှည်းတာဝန်မှူးကို မပြတ်သတင်းပို့နေရပါသည်။

ဤသို့ပင် နောက်တန်း မြင်းစီးရဲဘော်လေးဦးလည်း ကိုက် ငါးဆယ်အကွာမှလိုက်လာရသည်။ အချိန်မှာ တရုတ်ပျောက်ကြား တပ်များနှင့် တရုတ်တပ်များမကြာခဏ နယ်ခြားမှဖြတ်ကျော်ဝင်ကာ ဂျပန်တပ်များကို အလစ်တွင်ဝင်ရောက်တိုက်ခိုက်နေသော အချိန် ဖြစ်ပါ၏။ ယင်းအချိန်က ယူနန်တွင် အမေရိကန် ''ကျားပျံ'' လေတပ်အခြေစိုက်ထားသဖြင့် နံနက်နှင့်ညအခါများတွင် ဝင်ရောက် ကာ ဂျပန်တပ်များကို ပစ်ခတ်နေသလို တပ်မတော်တပ်ရင်း (၇)မှာ ကျားပျံလေတပ်၏ မကြာခဏဗုံးကြဲခြင်းခံနေရပါသည်။

ကွတ်ခိုင်သို့တက်ရန် တောင်များမှာ အလွန်မြင့်မားလှပါ သည်။ တောင်ကြီးအဆင့်ဆင့် သုံးတောင်ကို ဆက်လက်၍ တညာလုံး ချီတက်ကြရ၏။ ဂျပန်စစ်တပ်များကဲ့သို့ ပို့ဆောင်ရေးစစ်ကားများမှာ





တပ်မတော်တွင် ယန္တရားတပ်ဖွဲ့စီးပြီးပြောလည်း ပြည့်စုံလုံလောက်မှု မရှိပါ။

ယင်းအခိုက် ကျွန်ုပ်တို့လှည်းဆွဲမြင်းများသည် ရှေ့သို့မတိုး တော့ဘဲ ဟီးမြည်လိုက်ကာ ဝေ့ဝုန်းဝုန်း ခုန်နေကြ၏။ မြင်းလှည်း တစ်စီးတွင် မြင်းဘေးမှလိုက်ပါရသော ရဲဘော်တစ်ယောက်စီရှိရာ ထိုရဲဘော်များလည်း အံ့သြနေကြ၏။ ရှေ့ကင်းအဖြစ် ''ပွိုင့်'' ရဲဘော်များထံမှ ဘာသတင်းမှ လာပို့ခြင်းမရှိပါချေ။

''ဗိုလ်လေး ‥ ဗိုလ်လေး …''

ရှေ့ဆုံးမြင်းလှည်းမှ ရဲဘော်၏ခေါ်သံပေါ်ထွက်လာသည်။ အထူးသဖြင့် နှင်းများပို၍ ထူထဲစွာ ကျဆင်းနေသဖြင့်လည်း ရှေ့ကိုက် ၅၀ ကိုပင် ကောင်းကောင်းမမြင်တော့။

ကျွန်ုပ်သည် နောက်ဆုံးမြင်းလှည်းနောက်မှ မြင်းကို စီးနင်း လိုက်ပါလာရာက အမြန်ဆုံးရှေ့သို့ မြင်းကို နှင်သွားခဲ့ပါသည်။ ရှေ့သို့ ပြင်းလှည်း၏မြင်းဇက်ကြိုးကိုကိုင်ထားသော ရဲဘော်ဖြူကြီးက နှင်းတောထဲသို့ လက်ညှိုးထိုးပြလိုက်ပါသည်။

''ရှေ့မှာ ဘာကောင်ကြီးလဲမသိပါဘူး ဗိုလ်လေးရေ၊ ဟိုဘက်တောင်စောင်းပေါ်က ခုန်ဆင်းလာတာ ခင်ဗျ''

ကျွန်ုပ်က ကြည့်လိုက်ရာ နှင်းတောထဲတွင် မည်းနက်သော ကိုယ် ပုံးနှင့် လူတရပ်ထက်ပင်မြင့်သော သတ္တဝါကြီးကို ကျွန်ုပ် တွေ့ ိုက်ရသည်။ ထိုသတ္တဝါကြီး၏ ကြီးမားသောကိုယ်ခန္ဓာကို ကြည် ရခြင်းအားဖြင့် လူဝံကြီးလော သို့မဟုတ် ဂေါ်ရီလာချင်ပန်ဇီ မျော ကြီးတစ်ကောင်ကောင်တော့ ဖြစ်နိုင်သည်ဟု ကျွန်ုပ်ထင်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဗိုလ်လေး ပစ်ရမလား"

"မပစ်နဲ့ ငါသွားကြည့်မယ်"

ကျွန်ုပ်၏ခါးတွင် ဒဿမ ၄၅ သို့ခြောက်လုံးပြူးအပြင် တော်မီဂန်းတစ်လက် ပါရှိသည်။ ကျွန်ုပ်သည် တော်မီဂန်းကို ကျောမှဖြုတ်ယူကာ မြင်းကိုရှေ့သို့တဖြည်းဖြည်း သုံးချောင်းထောက် နှင့်သွားသည်။ ကျွန်ုပ် စီးလာသောမြင်းသည် ထိုသတ္တဝါကြီးနှင့် ၁၀–ပေအကွာလောက်တွင် ရုတ်တရက် မတ်တပ်ရပ်ကာဟီလိုက် ပါသည်။ ရှေ့သို့ မတိုးတော့ချေ။

ထိုသတ္တဝါကြီး၏ တစ်ကိုယ်လုံးမှာ အနက်ရောင်နှင့် အညိုရောင် အမွေးများဖုံးလွှမ်းနေသည့်အပြင် ရင်ဘတ်အမွေးများမှာ အဖြူရောင် ရောစွက်နေပါ၏။ သူ၏မျက်နှာမှာ အဖြူရောင်သန်း နေသည်။ ရှည်လျားသော မွေးမင်များဖုံးနေကာ တွေတွေကြီး ရပ်လျက်ရှိပါသည်။

ရုတ်တရက် သူ၏ကြီးမားလှသော လက်ကြီးနှစ်ဘက်ဖြင့် သူ၏ရင်အုပ်ကို ထုလိုက်ရာ "ဖောင်း ...ဖောင်း ...ဖောင်း "ဟူ၍ ဟိန်းသွားပါ၏။ ကျွန်ုပ်စီးလာသောမြင်းမှာ ဟီလိုက်ကာ နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်လိုက်ပါသည်။ သည်နောက် ထိုသတ္တဝါကြီးမှာ အလွန်လျင်မြန်စွာဖြင့် တောင်ကမ်းပါးယံဆီသို့ လှည့်ကာထွက်သွားတော့သည်။ သူ၏ခြေလှမ်းများမှာ အလွန်သွက် လက်လှ၏။ တခဏချင်းပင် နှင်းတောထဲ၌ ပျောက်ကွယ်သွား တော့သည်။





ကျွန်ုပ်ကိုယ်တိုင်လည်း ထိုသတ္တဝါကြီးအား ပစ်ခတ်သတ် ဖြတ်လိုခြင်းမရှိသည်မှာ အဘယ်ကြောင့်မသိ။ ကျွန်ုပ်၏မသိစိတ်က ထိုသတ္တဝါကြီးကို မည်သည့်သတ္တဝါအမျိုးအစားဆိုသည်ကို ခွဲခြားမသိ သော်လည်း လူသားတစ်ယောက်လိုလို ခံစားမိသော အခြေအနေ ကိုတော့ ကျွန်ုပ်ခံစားမိသည်အမှန်ပင်ဖြစ်ပါ၏။

ကျွန်ုပ်က ဆက်လက်ချီတက်ရန် လက်ပြလိုက်သောအခါ မှပင် မြင်းဆွဲရိက္ခာလှည်းများ တအိအိ ထွက်လာကြတော့သည်။

ရဲဘော်မောင်ဖြူကြီးက ...

"ဗိုလ်လေး ဘာကောင်ကြီးလဲဗျ"

"မျောက်ဝံလား၊ လူဝံလား တစ်ကောင်ကောင်ပဲဗျာ၊ အပြန် ကြရင် ပောဒီနားက ဂေါ်ရခါးရွာတစ်ရွာ ရှိတယ်၊ အဲဒီမှာစခန်းချပြီး တော့ တောနွားတွေလိုက်ရင်း စူးစမ်းဦးမယ်"

"ဟာ ..သိပ်ကောင်းတာပေါ့"

ကျွန်ုပ်တို့တပ်မှ ရဲဘော်များမှာ ကျွန်ုပ်တောလိုက်သွားလျှင် သူတို့ပါ လိုက်ချင်ကြသည်။ ထိုအခါမျိုးတွင် အဖော်အဖြစ် ရဲဘော် နှစ်ယောက်ကို ကျွန်ုပ်ခေါ်သွားတတ်ပါသည်။ "တောနွား" ဆိုသည် မှာ ဤတောင်တန်းတလျှောက်တွင် "နွားရိုင်း"များ ပေါများလှ ပါသည်။ အချို့နွားရိုင်းများသည် "စိုင်မ" သော်လည်းကောင်း၊ သို့မဟုတ် "ပြောင်" နှင့် နွားရိုင်းမများ စပ်ကာ ပေါက်ဖွားလာသော နွားရိုင်းများလည်း ရှိပါသည်။

ကျွန်ုပ် လားရှိုးတပ်ခွဲသို့ ကွတ်ခိုင်မပြန်တိုင်း နွားရိုင်းတစ် ကောင်အား ရိက္ခာအဖြစ် ရာဖွေပစ်ခတ်ကာ ယူခဲ့သည်ချည်းပင်။



www.burmeseclassic.com

www.burmeseclassic.com



''ဟေး .... ဗရမာ''

''ဟေး .... ဗရမာ''

ကျွန်ုပ်တို့ကြည့်လိုက်ရာ ဂျန်းဗဟာဒူး၏သား ''ဂျန်းဗဟာဒိုး'' တစ်ယောက် တူမီးသေနတ်ကိုကိုင်၍ လိုက်လာပါသည်။

''ဟေး ... ဂျန်းဗဟာဒိုး''

ကျွန်ုပ်က အသံပေးလိုက်သဖြင့် ကျွန်ုပ်တို့နိုင်နေသော မိုးမခပင်ကြီးဆီသို့ ပြေးလာပါသည်။

''ကျုပ်အဖေက လမ်းပြရအောင် လွှတ်လိုက်တာပါ''

''ကျေးဇူးပါပဲကွာ''

ကျွန်ုပ်က ကျေးဇူးတင်ကြောင်း ပြောလိုက်ရပါသည်။ သူ ကိုင်လာသော သေနတ်မှာ တရုတ်စစ်သုံး ပြောင်းရှည်ရိုင်ဖယ်ဖြစ် နေပါသည်။

''ဒီတရုတ်ရိုင်ဖယ် ဘယ်လိုရတာလဲ''

''တရုတ်စစ်တပ် စခန်းချသွားတုန်းက ကျုပ်ဆိတ် နှစ်ကောင်ပေးလို့ ဒီရိုင်ဖယ် တောပစ်ဖို့ ကျုပ်ကို ပေးခဲ့တာလေ''

သူက ရယ်မောပြောလိုက်ပါသည်။

''အင်း ... ခင်ဗျားလဲ တောပစ်ဝါသနာပါတာကိုး''

''ဟာ ... သိပ်ပါတာပေါ့၊ ကျုပ် တောဆိတ်တွေပစ်တယ်၊ တောဝက်လည်းပစ်တာပဲ၊ ဒါပေမဲ့ တောဆိတ်တွေ ပစ်ရတာသိပ် ခက်တာပဲ''

''စောင့်ပစ်တာပဲလား''

''ဟုတ်တယ် သူတို့က လူနံ့ရတာနဲ့ လစ်ကုန်တာပဲ၊ အနည်း





ဆုံး ကိုက်တစ်ရာလောက်က ဖစောင့်ပြီးပစ်မှ တော်ရုံကျတာ''

''ဒါထက် ကြံ့ရော ဒီတောင်တန်းမှာရှိသေးလား''

''တစ်ခါတော့ နှစ်ကောင် တွေ့ဖူးဘယ်၊ ဒီအကောင်ကြီး တွေတော့ ကျုပ်မပစ်ပါဘူး၊ စိုင်ကိုတော့ ရအောင်လိုက်တယ်၊ နွားရိုင်းကိုတော့ ကျုပ်က ဘေးမဲ့ပေးထားတယ်''

''ဒါကတော့ ခင်ဗျားတို့က နွားသားမှမစားတာပဲ၊ ကျုပ်တို့ က စားတယ်၊ မစားလည်း တော်ရုံပဲ၊ ကျုပ်တို့မှာ ဂျပန်လို ရိုက္ခာ မတောင့်ဘူး ဒီတော့ နွားရိုင်းရော၊ စိုင်ရော၊ တောဝက်ရော ရသလောက်တော့ ပစ်ယူတာပဲ''

ဂျန်းဗဟာဒိုက ရယ်နေပါသည်။ ပြီး သူက မေးလိုက်သေး သည်။

''ခင်ဗျားတို့က မျောက်သားမစားဘူးလား''

''စားတာပေါ့၊ မျောက်သွေးတောင် သောက်သေးတယ်၊ ကြောင်သားက ပိုကောင်းတယ်ကွ၊ ဒီတောမှာ ကြောင်မြင်းတွေနဲ့ ကြောင်ကတိုးကြီးတွေ မရှိဘူးလား''

''ရှိတယ် ရှိတယ်၊ ကြောင်မြီးဖား[illegible]တွေလည်း ရှိတယ်၊ ကျုပ်လည်း ကြောင်ကို အားကြီးကြိုက်တယ်''

သူ့စကားကြောင့် ကျွန်ုပ်တို့အားလုံး ရယ်လိုက်ကြသည်။ သူသည် စစ်မိုးကာတစ်ထည်ဝတ်ထားကာ စက္ကူအိတ်တစ်လုံးကို လွယ်ထားလျက် ခါးတွင်ကြိုးခွေတစ်ချောင်းလည်း ပတ်ထား သေးသည်။

''မျောက်ဝံကြီး တော်တော်ကြောက်စရာကောင်းသလား



www.burmeseclassic.com

www.burmeseclassic.com



ပစ်၍ပြေးသွားသော ယာခင်းရှင်များ၏ ယာခင်းများတွင် စားမကုန်နိုင်အောင် တွေ့ရပါလေသည်။

ဂျန်းဗဟာဒိုက ...

''စစ်ဗိုလ်ကြီးရေ့ အခုဆိုရင် ''စိုင်းစော'' ကွင်းမှာ တောဝက်တွေ ကစွန်း ဖော်စားနေမှာ သေချာတယ်ဗျ။ အဲဒီမှာ ''ကျစ်'' တွင်းလည်း ရှိတယ်၊ လိမ္မော်ရိုင်းနဲ့ ငှက်ပျောလည်းရှိတော့ စိုင်ရော ဝက်ရော လုစားနေကြမှာပဲ''

ဂျန်းဗဟာဒိုပြောသော ကျစ်တွင်းဆိုသည်မှာ ''မြေစာတွင်း'' ကို ပြောခြင်းသာဖြစ်ပါသည်။ များသောအားဖြင့် ရှမ်းရိုးမနှင့် ရခိုင်ရိုးမ အလယ်ရိုးမ ခေါ် ပဲခူးရိုးမတောင်ကြောများတွင် တွေ့ရတတ်ပါသည်။ ဤ ''ကျစ်တွင်း'' ခေါ် ဆားတွင်းဆိုသည်မှာ ''မြေ'' သဘာဝက ငန်နေတာ ငန်သောဆားမြေလျက်ပြီး အသီးအပွင့် ကလေးများကို သားကောင်ငယ်များက စားသောက်ကာ စမ်းချောင်းများတွင် ရေသောက်တတ်ခြင်းဖြစ်ပါသည်။

ဂျန်းဗဟာဒိုပြောသော ''စိုင်းစော'' ကွင်းဆိုသည်မှာလည်း ကျွန်ုပ်တို့ ရခိုင်ရိုးမ၊ အလယ်ပဲခူးရိုးမ အခေါ်များဖြစ်ပါသည်။ တောင်တစ်တောင်တွင် ဖင်ပြွန်းစားကွင်း၊ ကင်ပွန်းစားကွင်း၊ ရှားဖြူစားကွင်း၊ ဖန်ခါးစားကွင်းဟူ၍ခေါ်ကြ၏။ ဤတွင် ထိုကွင်းနှင့်နီးစပ်သော ''ဦးပို ဖင်ပြွန်းစားကွင်း'' ''မုဆိုးမ ကင်ပွန်းစားကွင်း'' ဟူ၍ခေါ်ကြ၏။

ရာသီအလိုက် သားကောင်များသည် စားကွင်းစားတောများသို့ ဝင်ကြရာတွင် တစ်ချိန်က ယာလုပ်ခဲ့သော လူတစ်ယောက်မှာ ယာမလုပ်တော့ဘဲ စွန့်ပစ်သွားသောအခါတွင် ထိုယာသည်





''ဖုန်းဆိုး'' ဖြစ်သွားတော့၏။ ဖုန်းဆိုးဆိုသည်မှာ ယာပျက် သီးရိုင်းယာဖြစ်ပါသည်။

တောကောင်များသည် ဖုန်းဆိုးယာပျက်များအား သူတို့၏ စားကျက် စားတောအဖြစ် သတ်မှတ်ကာ အချိန်အခါနှင့်လာ၍ စားတတ်ကြပါသည်။ အချိန်အခါဆိုသည်မှာ ချေ၊ ဒရယ်၊ သမင်စသည့် သားကောင်များမှာ နံနက် ငါးနာရီတွင် စားတောဝင်ရေသောက်ဆင်းပြီး နေ့လယ်တစ်ကြိမ် စားတောဝင်တတ်ပါသည်။ ညနေ လေးနာရီ၊ လေးနာရီခွဲတွင် စားတောဝင်ကာ အိပ်ကျင်းများသို့ ဝင်တတ်ပါသည်။

တောကောင်ကြီး ခေါ် ကျားကြီးများမှာ နံနက် ခြောက်နာရီခွဲတွင် အိမ်ကျင်းသို့ပြန်ကာ ညနေ လေးနာရီခွဲတွင် အိပ်ရာမှထပြီး တညဉ့်ပတ်လုံး နံနက်ငါးနာရီခွဲအထိ သားစားအစာရှာတတ်ပါသည်။ ယင်းအချိန်များကို မုဆိုးများသိထားရန် အရေးကြီးလှပါ၏။

ကျွန်ုပ်တို့ ''စိုင်းစော'' ဖုန်းဆိုးယာကွင်းမရောက်မီမှာပင် တဖြောင်းဖြောင်းအသံများ ကြားလိုက်ရပါသည်။

''ဟော့ ... ဆင်ရိုင်းတွေ ဝါးနုတွေချိုးစားတဲ့အသံပါလား သတိထားဟော့''

ကျွန်ုပ်က ဂျန်းဗဟာဒိုက သတိပေးလိုက်ပါသည်။

ဤတွင် ခပ်စောစောက တောကောင်ကြီးတစ်သံနှင့် ဒရယ်အော်သံကို ပြန်လည်တွေးမိပါသည်။ ယင်းဆင်ရိုင်းအုပ်စုကြောင့် ဖြစ်မည်ဟု သဘောပေါက်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



( ၃ )

''ကျီ ...ကျီ ...ကျီ''

တောဆင်ရိုင်းများ အော်သံကြားလိုက်ရပြီး ရုတ်တရက် တဝုန်းဝုန်းတောတိုးကာ ထွက်ပြေးသည်ကို ကြားလိုက်ရပါသည်။ ကျွန်ုပ်တို့လည်း ''နန့်မော်'' တောင်ကမ်းပါးယံတနေရာမှ ''စိုင်းစော'' ယာတောနှင့် တခေါ်သာမကွာသောနေရာတွင် ရောက်နေကြ၏။

ဘာကြောင့် တောဆင်ရိုင်းအုပ်စု လန့်ဖျပ်ပြေးသည်ကိုမူ ကျွန်ုပ် မစဉ်းစားနိုင်ပါ။ ဆင်ရိုင်းဆိုသည်မှာလည်း တောခွေးကို အကြောက်ဆုံးဖြစ်သလို တစ်ခါတစ်ရံကြွက်လိုသတ္တဝါကိုပင် လန့်၍ ပြေးတတ်သော တိရစ္ဆာန်များဖြစ်ပါသည်။

တောဆင်ရိုင်းအုပ်စုသည် အကောင် ၂၀ ကျော်ဖြစ်သည်။ အထူးသဖြင့် ဘာကြောင့်ထွက်ပြေးသည်ကို မသိရသော်လည်း၊ မနီးမဝေးမှ ''ဘူး''ခနဲအော်လိုက်သော စိုင်အော်သံကိုမူ ကျွန်ုပ် ကြားလိုက်ရပါသည်။ များသောအားဖြင့် ပဲဟင်းငရုတ်သီးထောင်။ တခါတခါမှ အသားဟင်းစားရသော ကျွန်ုပ်တို့ရဲဘော်များမှာ ကျွန်ုပ်တို့ တပ်ပြန်လာလျှင် အသားဟင်း ကောင်းကောင်းစားရမည်ကို သဘောပေါက်ထားကြပါသည်။

ကျွန်ုပ်တို့ရဲဘော်များ၏အသားဟင်းငတ်ပြတ်မှုကြောင့် စားကောင်းသောသတ္တဝါ၏ အသားကို စားကြမည့် ခပ်ရိုင်းရိုင်းစိတ်များဖြစ်ပေါ်လာသည်ကို ကျွန်ုပ်မပြောလိုပါ။





(အမှန်အတိုင်း ဤဝတ္ထုတွင် ကျွန်ုပ် ဝန်ခံလိုပါသည်။ လားရှိုးမြို့ လုံလောရွာတွင် ဂျပန်မြင်းတပ်မှ ကျွန်ုပ်တို့စစ်မြင်း တစ်ကောင်အား ခိုး၍ သတ်စားခဲ့ပါသည်။ ထိုဂျပန်စစ်သားများက ကျွန်ုပ်တို့ကိုပင် ဟင်းပေးခဲ့သည်။ နောက်ဆုံး ကျွန်ုပ်တို့မြင်းတစ်ကောင် ပျောက်ဆုံးသွားသောအခါမှပင် ကျွန်ုပ်တို့ကိုယ်တိုင် ဂျပန်စစ်မြင်း တစ်ကောင်အား ညဘက်ခိုး၍သတ်ခဲ့ပြီး ထိုအသားကိုပင် ဂျပန်မြင်း တပ်သားများအား ပေးခဲ့သည်။ နောက်ဆုံး ကျွန်ုပ်နှင့်အချင်းများပြီးမှ ယင်းကဲ့သို့ မလုပ်ကြစတမ်း ကျေအေးခဲ့ရဖူးပါသည်။)

ကျွန်ုပ်တို့ စိုင်းစောယာကွင်းမရောက်မီ သစ်တောကြီး တစ်တောလုံး ခြေသံများနှင့် နာခေါင်းမှုတ်သံ များကြားလိုက်ရပါသည်။ စိုင်ကိုပစ်ရန် လိုက်လာသောကျွန်ုပ်တို့သည် စိုင်းစောဖုန်းဆိုး ယာကွင်းတွင် စိုင်အကောင်သုံးဆယ်ခန့်ကို တွေ့ရသလို လူတစ်ရပ် နီးပါးမျှမြင့်သော သတ္တဝါကြီးငါးကောင်ကို တွေ့ရပါလေသည်။

လူတစ်ရပ်နီးပါးမြင့်သော သတ္တဝါကြီးများကား မျောက်ဝံကြီးများဖြစ်ပါသည်။ စိုင်များမှာ ထိုမျောက်ဝံကြီးများအား ဘူးခနဲ အော်၍ ဦးချိုဖြင့်လိုက်၍ ဝှေ့သော်လည်း မျောက်ဝံကြီးများအား အဘယ်မှာ တိုက်ခိုက်နိုင်ပါမည်နည်း။

အချို့မျောက်ဝံကြီးများသည် သစ်ပင်ပေါ်တက်ကာ ဖရုံသီးများကို ရိုက်ခွဲစားနေကြ၏။ အချို့ မျောက်ဝံကြီးများက စိုင်များကို ကျောက်တုံးများနှင့်ကောက်၍ ပေါက်ကြ၏။ စိုင်များသည် ကန်စွန်းဥများကိုဖော်၍ စားနေသည့်အပြင် ဖရုံရိုင်းသီးများကိုလည်း စားသောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ နံနက် ခုနစ်နာရီဖြစ်သည်။

မြူနှင်းများနှင့် တောင်ခိုးများက မပြယ်သေး။ မှုန်မှိုင်းဝေ၍ လျက်ရှိချေသည်။

ကျွန်ုပ်သည် တပ်ခွဲရဲဘော်များအတွက် ဟင်းစားရရန် အရေးကြီးသည်။ ကျွန်ုပ်က ရဲဘော်ဖြူကြီးနှင့် ဂျန်းဗဟာဒိုအား စိုင်နှစ်ကောင်ကို လက်ညှိုးထိုးပြကာ ..

''တို့စိုင်နှစ်ကောင်ပဲ ပစ်မယ်၊ အဲဒီအထဲမှာ ကိုယ်ဝန်ရှိ စိုင်မ မပါရဘူး၊ စိုင်ပေါက်တွေဖြစ်ရမယ်၊ ကွင်းလယ်မှာ စားနေတဲ့ စိုင်ပေါက်နှစ်ကောင်ကို ရှေ့လက်ပြင် တိကျအောင်ပစ်ရမယ်''

ကျွန်ုပ်၏လက်ထဲတွင်လည်း ဗြိတိသျှရိုင်ဖယ် ဒသမ ၃၀၃ ယူခဲ့သလို ရဲဘော်ဖြူကြီးလက်ထဲတွင်လည်း ဒသမ ၃၀၃ ပါရှိသည်။

သူတို့အား စိုင်ပေါက်ကြီးတစ်ကောင်ကိုနှစ်ဦးပစ်ခတ်စေပြီး ကျွန်ုပ်က စိုင်ပေါက်ကြီးတစ်ကောင်အား ရှေ့လက်ပြင်ပစ်ကွင်းသို့ ဒသမ ၃၀၃ ပြောင်းဝကို ညွှန်ကာ ''တစ်–နှစ်–သုံး'' အချက်ပေးလျက် တောင်ကမ်းပါးယံပေါ်မှ ခလုတ်မောင်းကို ဆွဲလိုက်ပါသည်။

''ဒိုင်း ...ဒိုင်း ..ဒိုင်း ...''

ရိုင်ဖယ်သံများသည် ဟိန်းထွက်သွားကော ကော်ဒိုက်ယမ်းနံ့များ ထောင်းခနဲထွက်သွားပါသည်။

အကယ်၍သာ တစ်ပြိုင်တည်း မပစ်ခတ်ပါက ကျန်သော စိုင်များ ထွက်ပြေးသွားမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ပစ်မှတ်သည် တိတိကျကျပင် ထိသွားပါသည်။

''ဘူး''





ရုတ်တရက် စိုင်ပေါက်ကြီးတကောင်၏ ဟိန်းသံနှင့်အတူ ကျွန်ုပ်တို့ရှိနေသော ဖုန်းဆိုးယာကွင်း အထက်တောင်ကြောသို့ ဦးတည်ကာ တရကြမ်းပြေးယာပါတော့သည်။

ထိုစိုင်ကြီး၏နောက်မှ စိုင်အုပ်ကြီးသည်လည်း တဝုန်းဝုန်းနှင့် ပြေးလာပါသည်။ စိုင်အုပ်ပြေးတက်လာရာ လမ်းတလျှောက်မြေများ ထောင်းခနဲလွင့်စင်ကာ ကျောက်တုံးကျောက်ခဲပြိုလဲသံများ ပေါ်ထွက်လာပါသည်။

စိုင်ဆိုသည့် သတ္တဝါသည် သူတို့အား ရန်မူသောသတ္တဝါအား စုပေါင်း၍တိုက်ခိုက်တတ်သော သတ္တဝါများပင်မဟုတ်ပါလား။

''ပစ်ဟေ့ ...ပစ်''

ဂျန်းဗဟာဒိုက အော်လိုက်သလို သူ၏ တရုတ်ပြောင်းရှည်သေနတ်မှ ''ဒိုင်း''ခနဲ မီးပွင့်ထွက်သွား ပါသည်။

ကျွန်ုပ်နှင့် ရဲဘော်ဖြူကြီးများကလည်း ရှေ့ဆုံးမှစိုင်ပေါက်ကြီးနှစ်ကောင်ကို ပြောင်းဝညွှန်၍ ပစ်ချလိုက်ရပါသည်။

''ဒိုင်း ...ဒိုင်း ...''

သေနတ်သံများ ဟိန်းသံပေါ်ထွက်လာပြီးနောက် ဒုတိယအကြိမ် စိုင်ပေါက်ကြီးသုံးကောင်တုံးခနဲ လဲကျသွားပါသည်။ ယင်းအခါမှပင် ကျန်သောစိုင်များ ပြေးထွက်သွားကြတော့သည်။ ယင်းအခိုက် မထင်မှတ်သောအဖြစ်ကို တွေ့လိုက်ကြရပါသည်။

''အူး ..''

''ဝေါင်း''

ဤသည်မှာ ကျွန်ုပ်တို့ညာဘက် နန့်မော့တောင်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



တောင်ကမ်းပါးယံဆီမှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

ကောကောင်ကြီးဟိန်းသံနှင့် မျောက်ဝံကြီးတစ်ကောင် ဟိန်း၊ အော်သံပင်။ တစ်ခဏချင်းအဝါနှင့် အနက်ပြောက်ကြီးများပါသည့် တောကောင်ကြီးတစ်ကောင်သည် တောင်ကမ်းပါးယံပေါ်မှ ဖုန်းဆိုး၊ ကွင်းထဲသို့ ဝုန်းခနဲပစ်ကျလာပါသည်။ သို့သော် မသေဘဲ လူး၊ လိမ့်ကာ ထပြေးသွားစဉ် လူတရပ်ထက်မက ကြီးမားသော သတ္တဝါကြီးသည် တောင်ကမ်းပါးယံပေါ်တွင် မားမားကြီးပေါ်ထွက်လာပါ၏။

ထိုသတ္တဝါကြီးသည် ကျွန်ုပ်တို့ ကွတ်နိုင်သို့အသွားလမ်းတွင် တွေ့ရသော မျောက်ဝံကြီးပင်ဖြစ်ပါသည်။ တွေတွေကြီးရပ်နေရာက ''ဖောင်း ..ဖောင်း ..'' ဟုသူ၏ ရင်ဘတ်အား စည်သဖွယ် တီးလိုက်ပြီး လှည့်၍ တောကြီးအတွင်း ဝင်ရောက်ပျောက်ကွယ်သွား၊ ပါလေတော့သည်။ သူသည် ခပ်စောစောက ဖုန်းဆိုးယာကွင်းထဲသို့ ထိုးဆင်းကျလာသော ကျားသစ်ကြီးအား ကိုင်ပေါက်ချလိုက်ပုံရ ပါသည်။ ခဏမျှ အံ့အားသင့်ကြည့်နေမိရာက ...

''ဒီသတ္တဝါကြီးက တို့လမ်းမှာ တွေ့ခဲ့တဲ့အကောင်ကြီး ဖြစ်မယ်ဟေ့၊ တကယ့်ကြီးလိုက်တဲ့အကောင်ကွာ၊ မျောက်ဝံကြီးလား။ ဒါမှမဟုတ် နှင်းလူလို သတ္တဝါလားပဲ''

ကျွန်ုပ်ပြောလိုက်သဖြင့် ဂျန်းဗဟာဒိုက ခေါင်းခါ၍ ...

''မဟုတ်ဘူးဗျ၊ ဒီကောင်ကြီးက တကယ့်မျောက်ဝံကြီး မျိုးပါ''

သည်အခိုက် နန့်စမ့်ချောင်းဘက်မှ ''ရှီရှီ''ဟူသော အချက် ပေးသံကြားလိုက်ရ၏။ သည်အသံမှာ ကျွန်ုပ်တို့ရဲဘော်များ သေနတ်





သံကြားရလျှင် အမဲယူရန် မှာခဲ့သောကြောင့် လိုက်လာခြင်းဖြစ်ပါ သည်။

ဗိုင်ပေါက်ကြီး ငါးကောင်၊ တပ်ခွဲတွင်မက တပ်ရင်းတစ်ရင်း အတွက် ''ဟင်းစား'' ကောင်းကောင်း လုံလောက်ရုံမက ရွာသားများ ကိုပါ ခွဲဝေပေးရပေတော့မည်။

မြဝတီ

■



www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးကြီး ခမ်းဆွမ်

ရေးသူ – မြဝတီ

(၁)

လူသုံးယောက်တို့သည် မြက်ခမောက်ကြီးများဆောင်းကာ နန့်လွယ်ချောင်းဘေး တောင်ကြောလမ်းကလေးအတိုင်း တရွေ့ရွေ့ လှမ်းနေကြ၏။ သူတို့လက်ထဲတွင် တူမီးသေနတ်နှင့် ဒူးလေးအပြင် ကျောတွင် ဆောင်ဓားကိုယ်စီ၊ ဗူးသီးခြောက်ရေဘူး၊ လျှော်ကြိုးခွေ၊ ဝါးခြင်းများနှင့် ထမင်းထုပ်များပါရှိကြ၏။

သူတို့သုံးယောက်တွင် ခမ်းဆွမ်က အသက်လေးဆယ်ရှိပြီး သူကခေါင်းဆောင် ကျန်နှစ်ဦးမှာ အသက် ၃၀ ခန့် အိုက်မောင်းနှင့် အိုက်လွယ်တို့ ညီအစ်ကိုများဖြစ်ကြ၏။ ခမ်းဆွမ်က တောင်ကုန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှ ဆင်းလိုက်စဉ် လက်ကိုလှုပ်ကာပြလိုက်၏။ ကျောက်ဆောင် ကျောက်နွယ်များကြားတွင် ဒရယ်ကလေးသုံးကောင် ရှေ သောက်နေကြ၏။ အားလုံးတစ်ပြိုင်တည်း တူမီးသေနတ်ပြောင်းများကို ဒရယ်ကလေးသုံးကောင်စီသို့ ပြိုင်တူချိန်လိုက်ကြသည်။

ယင်းအချိန်တွင် "ကွိ ... ကွိ ... ကွိ" ဟူသော အသံနှင့်အတူ မျောက်အုပ်တစ်အုပ် ကုန်းကြောကလေးမှ ချောင်းဖက်ဆီသို့ ခုန်ဆင်းလာကြသည်။ ယင်းမျောက်အုပ်အတွင်း မျောက်မောင်းမကြီးတစ်ကောင်မှာ ကလေးကို ဝမ်းဗိုက်လွယ်၍ မျောက်အုပ်ရှေ့မှ ခေါင်းဆောင်ဆင်းလာခြင်း ဖြစ်သည်။

ဒရယ်ကလေးသုံးယောက်မှာ မျောက်အုပ်ကြောင့် အထိတ်တလန့်ဖြစ်ကာ ရှုတ်တရက်ထွက်ပြေးသွားကြလေသည်။

"တောက်"

ခမ်းဆွမ်သည် မျောက်အုပ်ကြောင့် ဒရယ်သုံးကောင်လွတ်သွားခြင်းအတွက် ဒေါသထွက်ကာ တောက်တစ်ချက်ခေါက်လိုက်သည်။

"အိုက်မောင်း ... ဟိုကောင်မကြီးကို ပစ်ထည့်ကွာ။ အိုက်လွယ် မျောက်တွေပစ်ယူကြမလား"

ခမ်းဆွမ်က ညီအစ်ကိုနှစ်ဦးကို အမိန့်ပေးလိုက်သဖြင့် ခမ်းဆွမ်ခေါင်းဆောင်လျက် တူမီးသေနတ်များဖြင့် မျောက်များကို ပစ်ခတ်လိုက်ကြ၏။

"ဒိုင်း ... ဒိုင်း ... ဒိုင်"

မျောက်များက တရုန်းရုန်း ထွက်ပြေးသွားကြသည်။ မျောက်





နှစ်ကောင် ထိမှန်လဲကျနေ၏။ မျောက်အုပ်ခေါင်းဆောင် မျောက်မောင်းမကြီးသည် ထော့နဲ့ ထော့နဲ့ဖြင့် ကမ်းပါးယံပေါ်ပြေးတက်သွား၏။

"ဟား ... ဟား ... ဟား။ ဟိုကောင်မကြီး ငါ့ကျည်ဆန်ထိသွားပြီးကွ။ ဝေးဝေး မပြေးနိုင်ပါဘူး" ပြောရင်း ပြေးလိုက်သွားလေသည်။ မျောက်များသည် သစ်ပင်ပေါ်သို့ ပြေးတက်သွားကြလေသည်။ အိုက်မောင်းက ချောင်းဘေးတွင်လဲကျနေသည့် မျောက်နှစ်ကောင်ကို သွားကောက်ကာ ခြေထောက်များကိုကိုင်၍ ဘယ်ညာလက်နှစ်ဖက်ဖြင့် ဆွဲယူလာ၏။

ခမ်းဆွမ်က ကောင်းကောင်းမပြေးနိုင်သော မျောက်မကြီး၏ နောက်သို့ပြေးလိုက်ကာ သစ်ပင်ပေါ်သို့ ချည့်နဲ့စွာတက်နေသည့် မျောက်မောင်းမကြီးအား တူမီးသေနတ်ဖြင့် ပစ်လိုက်ပြန်သည်။

သို့သော် မျောက်မောင်းမကြီးသည် နွယ်ကြိုးတစ်ချောင်းဖွဲ့ကာ အခြားသစ်ပင်သို့ ကူးသွားသဖြင့် တူမီးကျည်ဆန်မှာ လွဲသွားလေသည်။

သို့သော် မျောက်မောင်းမကြီး၏ ဝမ်းဗိုက်တွင် လွယ်ထားသော မျောက်ကလေးမှာ အောက်သို့ပြုတ်ကျသွားခဲ့၏။ ခမ်းဆွမ်က အလျင်အမြန် မျောက်ကလေးအား ပြေး၍ကောက်ယူလိုက်၏။ မျောက်ကလေးမှာ အလွန်သေးငယ်လှသဖြင့် ကျောက်တုံးကြီးတတုံးပေါ်ကျကာ ထိုမှတစ်ဆင့် အောက်သို့လိမ့်သွားရာ ကျောက်စွယ်တစ်ခုဖြင့်ထိကာ အသက်ပျောက်နေလေပြီ။

ခမ်းဆွမ်သည် မျောက်ကလေး၏ ခြေထောက်နှစ်ချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲမြှောက်ကာ တဟားဟားရယ်၍ သစ်ကိုင်းတစ်ကိုင်း၏ သစ်ရွက်များကြားတွင်ရှိသော မျောက်မောင်းမကြီးကို မြှောက်ပြလိုက်၏။ မျောက်ကလေး၏ဦးခေါင်းသည် သွေးများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

"ဟေး ... ကြည့်စမ်း။ ကြည့်စမ်း။ နင့်ကလေးသေပြီ။ ဟား ... ဟား ... ဟား ... ဟား"

ခမ်းဆွမ်က မျောက်သေကလေး မြှောက်ကာအော်၍ ပြောလိုက်သေးသည်။

သစ်ကိုင်းခွကြားမှ မျောက်မောင်းမကြီးသည် သူမ၏သားကလေး သေဆုံးသွားသည်ကို ကြည့်ရင်း ရင်တွင်းမီးတောက်ကာ မျက်လုံးကိုအစွမ်းကုန်ပြူး၍ တကွဲကွဲအော်ဟစ်နေလေသည်။

ခမ်းဆွမ်သည် နောက်သို့လှည့်ကာအော်ပြောလိုက်ပြန်သည်။

"ဟေ့ ... အိုက်လွယ် ဟိုကောင်မကြီးကို မြန်မြန်ပစ်လိုက်ပါလားကွ။ ငါက သူ့ကလေးကို မြှောက်ပြထားမယ်"

အိုက်လွယ်က ယမ်းထိုးထားသော တူမီးသေနတ်ပြောင်းဖြင့် မျောက်မောင်းမကြီးရှိနေသည့် သစ်ပင်သစ်ကိုင်းခွဆုံကို ချိန်လိုက်သည်။ သို့သော် မျောက်မောင်းမကြီးမှာ ခံထားရပြီမို့ အလျင်အမြန် အခြားသစ်ကိုင်း တစ်ကိုင်းသို့ ကူးပြေးသွားတော့၏။ မျောက်မောင်းမကြီးသည် ခြေထောက်တွင်ဒဏ်ရာရထားသော်လည်း လက်များကမူ သန်မာလှသည်။ အရွယ်အားဖြင့် လေးပေနီးပါးမြင့်သဖြင့် မျောက်လွှဲကျော်ကြီးများတွင် အကြီးဆုံးဟု ဆိုရပါမည်။

အိုက်လွယ်က ...

"မရဘူး အစ်ကိုရ။ ဒီဟာမကြီးက သိပ်ပါးနပ်တာပဲ။





ကလေးငယ်နှင့် နို့တိုက်ရန်ပြင်နေသည့်မျောက်မကြီး

www.burmeseclassic.com

www.burmeseclassic.com



ဇာမာကျော်မုဆိုးကြီး



နှင်းလူလေလားလူဝံလား

www.burmeseclassic.com

www.burmeseclassic.com





ကျုပ်တို့ရတာတဲ့ မျောက်နှစ်ကောင်နဲ့ ဒီနေ့အတွက်တော့ ဖူလုံပါပြီ။ ရောင်းဖို့ဆိုရင် နေ့လယ်တစ်ခေါက် ထွက်ကြသေးတာပေါ့''

''ဟုတ်တယ် ... အစ်ကို။ ငါတို့သေနတ်သံတွေကြောင့် တောကောင်ကလေးတွေ ထွက်မှာမဟုတ်တော့ဘူး။ ဒီနေ့တော့ ပြန်ကြတာကောင်းပါတယ်''

အိုက်မောင်းကလည်း ဝင်၍ပြောလိုက်သဖြင့် ခမ်းဆွမ်းက ခေါင်းညိတ်လျက် ...

''အေး ... ပြန်ကြမယ်ကွ။ ဒီအသေကောင်ကလေးတော့ တို့ယူသွားပြီး ချက်စားမယ်ကွာ''

''ဟာ ... အစ်ကိုကလည်း ပစ်လိုက်ပါဗျာ။ ဘယ်မှာ ဒီသေးသေးလေး စားကောင်းပါ့မလဲ''

အိုက်လွယ်က ပြောလိုက်ရာ ခမ်းဆွမ်က ရယ်၍ မျောက်သေကလေးမြှောက်ကာ ...

''အေး ... ဒါမှ မြေမနင်းသားကွ။ ပိုစားကောင်းတယ် သွားကြစို့''

ခမ်းဆွမ်က ပြောရင်း မျောက်သေကလေးကို သူ၏ကျော လွယ်ခြင်းတောင်းအတွင်း ထည့်လိုက်ပြီးမှ . .. .

''ဟော့ ... နေဦး။ တို့ ဒီမှာ မျောက်သေကလေးမီးကင်ပြီး ထမင်းနဲ့စားမယ်ကွ။ မျောက်တစ်ကောင်ဖျက်ပြီး စားချင်စားကွာ''

ခမ်းဆွမ်းကား လူကြမ်းတစ်ယောက်ဖြစ်ပြီး တောလိုက်မုဆိုး ဘဝဖြင့် ရရှိသောသားကောင်ကို ရောင်းချစားသောက်ခဲ့သည်မှာ ကြာပြီဖြစ်၏။ အိုက်မောင်းနှင့် အိုက်လွယ်တို့မှာ သူ၏နည်းနာခံ၍



www.burmeseclassic.com

www.burmeseclassic.com



တောအမဲကလေးများကို အပစ်သင်ခြင်း၊ အမဲခြေရာခံခြင်း၊ အမဲငယ်လေးများအဝင်အထွက် နည်းနာများကို သင်ကြားရင်း မုဆိုးဘဝ ရောက်ခဲ့သည်မှာ မကြာသေး။ ခမ်းဆွမ်၏စကားကို မပယ်ရဲသဖြင့် ကုန်းကျောကလေးတစ်နေရာ မြေကွက်တွင် စခန်းချလိုက်ကြလေသည်။

ခမ်းဆွမ်၏ ချက်ချင်းသဘောထားပြောင်းတတ်သောအကျင့်ကို သိထားသည့် အိုက်မောင်းက ညီဖြစ်သူအိုက်လွယ်ကို ဘာမှ မပြောရန် မျက်ရိပ်ပြလိုက်သည်။

သည်နောက် ထင်းခြောက်များစုကာ ပါလာသော မီးခတ်ကျောက်ဖြင့် မီးခြစ်ကာ မီးဖိုလိုက်ကြလေသည်။

ခမ်းဆွမ်ကမူ မျောက်သေကလေး ခေါင်းကိုဖြတ်ပြီး ခပ်ဝေးဝေးလွှတ်ပစ်လိုက်ကာ အရေခွံကို ခွာလိုက်၏။

''ကွိ ကွိ . . . ကွိကွိ''

ခပ်ဝေးဝေးသစ်ကိုင်းတစ်နေရာမှ ပုန်းအောင်း၍ သားအသေကောင်လေးနှင့် ခမ်းဆွမ်တို့အား ပုန်းကြည့်နေသည့် မျောက်မောင်းမကြီး၏ အသံပေါ်ထွက်လာလေသည်။

လူသားမိခင်တို့ သားသမီးအပေါ် မေတ္တာထားဘိသကဲ့သို့ တိရစ္ဆာန်မိခင်များသည်လည်း သားသမီးများအပေါ် မေတ္တာထားကာ ပြုစုကြသည်မှာ သဘာဝပေးလာသော နိယာမတရားပင်မဟုတ်ပါလား။

ယခုအခါ မုဆိုးကြီးခမ်းဆွမ်က ရက်ရက်စက်စက်ဖြင့် သူမ၏ သားသေမျောက်ကလေး၏ ဦးခေါင်းကိုဖြတ်၍ပစ်လိုက်သောအခါ





အဘယ်မျှရင်နာကာ ပရိဒေဝမီး လောင်ကျွမ်းမည်ကို မခန့်မှန်းနိုင်တော့။

ဤနေရာတွင် လူသားမိခင်သာဆိုပါမူ ရင်ကိုစုံထုပြီး မယ်ပမ္ဗာမြေတွင် လူးလိမ့်၍ ငိုသကဲ့သို့ ငိုလိုက်မည်မှာကား သေချာလှပါလေတော့၏။

(၂)

မီးခိုးများ တငွေ့ငွေ့ တလူလူ လေဟာပြင်မြူခိုးများအတွင်း ဝေ့ဝဲတိုးတက်သွားသည်။

မန်းလွေတောင်တန်းကြီးသည် နန်းမောတောင်တန်းကြီးနှင့် ဆက်ကာ တောင်ထိပ်များသည် ပင်လယ်လှိုင်းလုံးပမာ တွေ့မြင်နေရ၏။

နန့်လွယ်ချောင်းသည် တသွင်သွင်ကွေ့ပတ်ကာစီးဆင်းနေ၏။ ထိုချောင်းကလေးပင် ပေတစ်ရာခန့်ကကျယ်ပြီး သံလွင်မြစ်ထဲသို့ စီးဆင်းသွားသည်။

ခမ်းဆွမ်တို့ရွာသည် နန့်လွယ်ချောင်းနှင့် သံလွင်ချောင်းဆုံရာတွင် တည်ရှိပေသည်။ သူတို့ရွာသည် သိန္နီမြို့နှင့် မိုင် ၂၀ ခန့်။ လားရှိုးမြို့နှင့် ၁၅ မိုင်ကျော် မန်အိုင်မြို့နှင့် ဆယ်မိုင်မျှ ကွာဝေးသဖြင့် မြို့ပေါ်သို့ တစ်ပတ်တစ်ကြိမ်သာ စိုက်ပျိုးထားသည့် သီးနှံများနှင့် အိမ်မွေး ဝက်၊ ကြက်အပြင် နန့်လွယ်ချောင်းနှင့် သံလွင်မြစ်မှ ဖမ်းဆီးရသော ငါးများကိုသွား၍ ရောင်းချကာ လိုအပ်သော ပစ္စည်းများကို ဝယ်၍ပြန်ကြသည်။ အိမ်ခြေမှာတစ်ရာပင် မပြည့်။ ရွာ



www.burmeseclassic.com

www.burmeseclassic.com



ခြံစည်းရိုး နတ္ထိ။ ချောင်းနှင့်မြစ်ဆုံရာ မန်းလေွတောင်ကြောမှ မန်းလေွရွာကလေးတည်း။

ခမ်းဆွမ်ကား ဤရွာတွင် မုဆိုးဘဝဖြင့် အသက်မွေးကာ ရရှိသော အမဲများကို ရောင်းချစားသောက်နေသူ။ နန့်လွယ်ချောင်းနှင့် သံလွင်မြစ်တွင်လည်း ပိုက်တန်းချ ကွန်ပစ်ခြင်းဖြင့် တံငါလုပ်ငန်းလည်း လုပ်သေး၏။

သူ့အတွက် ငွေအိုးကြီး တစ်အိုးလည်းရှိသေးသည်။ ဤသည်ကား ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဂေါ်ရခါးနှင့် ဟိန္ဒူအမျိုးသားများ မွေးထားသောနွားများသည် အရှင်သခင်များမရှိတော့သည့်အခါတွင် တောင်တန်းများတွင် နွားရိုင်းဘဝရောက်က အချို့စိုင်များ၊ ပြောင်များနှင့် မိတ်လိုက်၍ ကြီးထွားများပြားသော နွားရိုင်းအုပ်များဖြစ်နေကြ၏။ ယင်းနွားရိုင်းများအား ခမ်းဆွမ်က အလွယ်တကူပင်လိုက်၍ ပစ်ခတ်ယူပြီး အသားများကို မြို့ပေါ်သို့တက်၍ ရောင်းချနေခြင်းပင်ဖြစ်သည်။ ယင်းစားကွက်ကိုတော့ သူက မည်သူ့ကိုမှ ထုတ်ဖော်မပြောခဲ့။

ယနေ့ သူတို့မုဆိုးအဖွဲ့သည် တောအမဲကလေးများလိုက်ရန်အတွက် ထွက်ခဲ့ကြစဉ် ဒရယ်ပေါက်သုံးကောင် တွေ့ရသော်လည်း မျောက်အုပ်၏ နှောင့်ယှက်မှုကြောင့် မရလိုက်ဘဲ မျောက်သုံးကောင်သာ ရလိုက်ကြသည်။ သူတို့မုဆိုးအဖွဲ့သည် မျောက်ကြီးနှစ်ကောင်အနက် တစ်ကောင်ကိုဖျက်၍ မီးကင်စားသောက်ကြပြီးမှ မီးဖိုကိုငြိမ်းကာ နောက်ကြောင်းပြန်ခဲ့ကြသည်။

အပြန်ခရီးတွင် သူတို့၏နောက်မှ နောက်ယောင်ခံ၍ လိုက်





နေသူတစ်ဦးရှိနေ၏။ သူကား သစ်ပင်ကြီးများအပေါ်မှနေ၍သော်လည်းကောင်း၊ ကျောက်ဆောင်ကျောက်တုံးများတွင် ပုန်းခို၍သော်လည်းကောင်း လိုက်နေသူဖြစ်၏။

အကယ်၍သာ မုဆိုးခမ်းဆွမ်သာ ထိုသူကိုတွေ့ရပါမူ အလွန်အံ့အားသင့်မိပေမည်။

မှန်သည်။ သူတို့နောက်သို့ ကိုယ်ရောင်ဖျောက်၍ လိုက်နေသူကား မိမိရင်သွေးအတွက် အခဲမကျေနိုင်သော မျောက်မောင်းပကြီးတည်း။

''ဒိုင်း''

နန့်လွယ်ချောင်းတွင် ရေသောက်ဆင်း ခရုစားနေသော တောဝက်လေးကောင်အနက် တစ်ကောင်သည် တုံးခနဲ လက်ပြင်ကျည်ထိ၍ အနည်းငယ်ပြေးပြီး လဲကျသွားတော့၏။

''ဟား ... ဟား ... ဟား ... ဟား''

မုဆိုးကျော် ခမ်းဆွမ်သည် အပြန်တွင် ကံလိုက်ကာ တောဝက်တစ်ကောင်ကို ပစ်ခတ်ရလိုက်ခြင်းပင် ဖြစ်သည်။ တောဝက်ကြီးမှာ အချိန်ခုနစ်ဆယ်ခန့်ထွက်မည့် ဝက်သိုးကြီးဖြစ်သည်။ ဘိုက်မောင်းနှင့် အိုက်လွယ်တို့သည် ဝါးတစ်လုံးခုတ်ကာ ဝက်သိုးကြီး၏ ခြေလက်ကို လျှော်ကြိုးဖြင့်ချည်၍ ထမ်းယူခဲ့ကြ၏။

ခမ်းဆွမ်အဖို့ မန်းလေွရွာကလေးအဝင် ပို၍ဝင့်ကြွားနိုင်ချေပြီ။ တစ်ရွာလုံးက တောဝက်ကြီးတစ်ကောင်၊ မျောက်ကြီးနှစ်ကောင် ရလာခြင်းအတွက် ပို၍ဝမ်းသာအားရဖြစ်နေကြ၏။ ပို၍ဝမ်းသာအားရသည်ကား ခမ်းဆွမ်၏မိန်းမမှာ သားယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



ကလေး မီးဖွားနေခြင်းပင် ဖြစ်တော့သည်။

ဝိုင်းဝန်းပြုစုနေသော ရွာသူတစ်စုထဲမှ အမျိုးသမီး လက်သည်ကြီးက ...

''ဟော့ ... ခမ်းဆွမ်။ မင်း သားကလေးကြည့်ပါဦး။ မင်းနဲ့မတူဘူးလား''

လက်သည် အမျိုးသမီးကြီးက ကလေးကို ဆန်ပြာစကောတွင် အနှီးဖြင့်ထွေးထားသည်ကို လက်ဖြင့်ပွေ့ယူကာ ပြလိုက်၏။ ခမ်းဆွမ်က ဝမ်းသာအားရကြည့်လိုက်ပြီး ...

''ဟာ ... ကျုပ်သားကလေးက နဖူးမောက်ပြီး နှာတံက ပြား၊ ပါးစပ်ကလည်း မျောက်ပါးစပ်ကလေးအတိုင်းပဲနော် ဟား၊ ဟား ... ဟား ...''

ခမ်းဆွမ်၏စကားကြောင့် အားလုံးက ရယ်မောလိုက်ကြသည်။ ထို့နောက် ခမ်းဆွမ်က လာရောက်ပြုစုသူများကို ပြောလိုက်၏။

''အစ်မကြီးနန်းပုနဲ့အားလုံး တောဝက် ဟင်းစားယူသွားကြပါဦး''

ခမ်းဆွမ်၏စကားကြောင့် အားလုံးပင် ကျေနပ်သွားကြသည်။ အိမ်ဘေးမြေကွက်လပ်တွင် အိုက်မောင်းနှင့် အိုက်လွယ်တို့က မီးဖိုကာ ဝက်သိုးကြီးအား အမွေးများပြောင်အောင် မီးမြှိုက်နေကြသော မီးဖိုတစ်ဖိုတွင် ရေနွေးအိုးကြီးတစ်လုံးကို ရွာသားနှစ်ယောက်က တည်ထား၏။ ဝက်သိုးကြီးတစ်ကိုယ်လုံး အမွေးအားလုံးကုန်သည်နှင့် အပေါ်ယံက အခေါက်တစ်ခုလုံး မည်းနေတော့သည်။





သူတို့သည် သစ်တုံးပေါ်တင်ကာ ရေနွေးဖြင့် လောင်းသူ လောင်း၊ ဓားဖြင့် ခြစ်သူက ခြစ်လိုက်ရာ ဝက်တစ်ကောင်လုံး ဖြူဖွေးသွားလေတော့သည်။ နာရီဝက်အတွင်းမှာပင် ဝက်တစ်ကောင်လုံး ဖျက်ပြီးကြလေပြီ။ ခွဲဝေပေးသင့်သူကို ပေးလိုက်ကြ၏။

ခမ်းဆွမ်က အပေါင်းအသင်းများနှင့် စားသောက်ရန်အတွက် ဝက်ခေါင်း၊ အူ၊ အသည်းအပြင် အသားများကို အိုးကြီးတစ်အိုးနှင့် ချက်ချင်းချက်စေသလို တစ်ပိဿာကျော်ကျော် ဝက်သားတွဲကြီးတစ်တွဲအား ရွာခေါင်း ပုလွယ်ကြီးအိမ်သို့ လူငယ်တစ်ဦးကို အမြန်ပို့စေ၏။

ထိုနေ့ညတွင် ခမ်းဆွမ်၏အိမ်မှာ အပေါင်းအသင်းများဖြင့် စည်ကားနေသည်။ ချက်အရက်များနှင့် ဝက်သားကိုမြည်းကာ ဆူညံနေသည်။ နောက်ဆုံး ညဥ့်အတော်နက်မှပင် စားသောက်ခြင်းကိစ္စပြီးလျှက် ခမ်းဆွမ်က ဧည့်သည်များအား တစ်ဦးပြီးတစ်ဦး အိမ်ရှေ့အထိပို့ရင်း နှုတ်ဆက်စကားပြောသည်။ အိမ်ထဲတွင် ကညင်ဆီမီးအိမ်ဖြင့်လင်းနေသော ခမ်းဆွမ်၏ဇနီးနှင့် အစောင့် ညီမတစ်ဦးသာ စကားပြောနေသည်ကို တွေ့ရသည်။

ခမ်းဆွမ်မှာ ရတ်တရက် အိပ်မရသေးဘဲ အိမ်ရှေ့တွင် ရပ်ကာ ဝန်းကျင်ကိုကြည့်နေမိ၏။ လရောင်မှာ သစ်ပင်များ၏ ရွက်ဖျားတွင် ဖြာဆင်းနေသည်။ မြေပြင်တွင်လည်း လရောင်ခြည်များ ငွေမှုန်ဖြန့်ခင်းထားသည့်နှယ်။

သူတို့အိမ်သည် ရွာဖျားတွင်ရှိကာ ဝန်းကျင်တွင် ဝါးရုံပင်များ၊ သစ်ပင်ကြီးများက မိုးနေ၏။ အမှန်တော့ တစ်ရွာလုံးဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



သစ်တောအောက်တွင်ရှိကာ သည်အချိန်တွင် အသံဗလံများ ဆိတ်သုဉ်းသွားပြီဖြစ်၏။

ခမ်းဆွမ်မွေးထားသော အမဲလိုက်ခွေးနီကြီးသည် ရုတ်တရက် တစ်စုံတစ်ရာသောသတ္တဝါကို မြင်လိုက်ရသည့်အလား ထိုးဟောင်လိုက်၏။ ခွေးနီကြီးသည် သစ်ပင်များဆီသို့မော့ကာ တအားကုန်ဟောင်လိုက်သဖြင့် ခမ်းဆွမ် မော့ကြည့်လိုက်၏။

''ကွိ ... ကွိ''

ရုတ်တရက် မျောက်ကြီးတစ်ကောင်၏အော်သံ ပေါ်ထွက်လာကာ သူတို့အိမ်ဘေး ထင်းရှူးပင်ကြီးမှနေ၍ ဝက်သစ်ချပင်ကြီးဆီသို့ မည်းမည်းသတ္တဝါကြီးတစ်ကောင် ခုန်ကူးသွားသည်ကို မြင်လိုက်ရ၏။ ထို့နောက် အမှောင်ရိပ်ထဲတွင် ပျောက်ကွယ်သွားတော့၏။

မျောက်များမှာ မကြာခဏ ညအခါ ရွာဆီသို့ရောက်လာတတ်သောကြောင့် ခပ်ပေါ့ပေါ့ပင် ခမ်းဆွမ်က သဘောထားမိစေကာမူ ရင်ထဲ၌ အနည်းငယ်တင်းကျပ်သွားမိပြီး စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားရတော့၏။ သို့သော် ယင်းကိစ္စနှင့်ပတ်သက်ပြီး မည်သို့မျှစိတ်ထဲတွင်မထားဘဲ သူ၏ခွေးနီကြီး၏ လည်ပင်းနှင့်ကျောကို ပွတ်သပ်ကာ အိမ်ထဲသို့ဝင်ခဲ့ပြီး တံခါးကို ဂျိုင်းခနဲ ပိတ်လိုက်တော့သည်။

(၄)

''ဟေး ... အိုက်မောင်း၊ ဒီနေ့တော့ မင်းတို့ညီအစ်ကို





နှစ်ယောက် ငါနဲ့ နွားရိုင်းသွားပစ်ကြမယ်။ ရတဲ့အသားကို အခြောက်လုပ်၊ အချို့အသားကို ရောင်းတန်ရောင်းပေါ့''

ခမ်းဆွမ်က အိုက်မောင်းကို တစ်ပတ်ခန့်ကြာသောအခါ သူ၏ဟင်းအိုးကြီးအကြောင်းကို ပြောလိုက်၏။ သို့သော် အိုက်မောင်းက အင်တင်တင်လုပ်ကာ ...

''အစ်ကိုခမ်းဆွမ် ... ပူလွယ်က ပြောထားဖူးတယ်။ နွားရိုင်းတွေ မပစ်ရဘူးတဲ့။ အချို့နွားတွေဟာ ပိုင်ရှင်တွေ စစ်ပြေးသွားလို့ တမင်လွှတ်ပေးခဲ့တာလို့ပြောတယ်''

ထိုစကားကြောင့် ခမ်းဆွမ်က ရယ်မောလိုက်ကာ ...

''ဟေ့ ... အိုက်မောင်း၊ ပိုင်ရှင်မရှိတော့တဲ့ဟာပဲ ဘယ်သူပစ်ပစ်ပေါ့ကွာ။ အခု တို့ပစ်မယ့်နွားရိုင်းတွေက စိုင်အုပ်နဲ့စပ်ကျတဲ့အကောင်တွေ။ နန့်လွယ် နန့်မားတောင်ကြောမှာ အများကြီးကွ''

အိုက်မောင်းက ခမ်းဆွမ်၏စကားကို နောက်ဆုံး လက်ခံလိုက်ရလေသည်။ သူကလည်း ငွေများများ စုဆောင်းမိပါက ပူလွယ်သမီး ဆန်ပန်းရှိကို နွားနှင့်ဆိတ်များတင်ကာ တောင်းယူရန်ဖြစ်သည်။ ထို့ကြောင့် နွားရိုင်းပစ်၍ ငွေရှာလျှင် အလွယ်တကူရမည်ဖြစ်၏။

ထိုနေ့နံနက်စောစောကပင် ခမ်းဆွမ်၊ အိုက်မောင်း၊ အိုက်လွယ်တို့ တူမီးသေနတ်ကိုယ်စီဖြင့် ခရီးထွက်ခဲ့ကြ၏။ နန့်မားတောင်ကြောလွင်ပြင် မြက်ရိုင်းတောများဖြတ်၍ နန့်လွယ်ချောင်း၊ နန့်မားချောင်းဆုံရာ မြက်နုတောသို့ရောက်လျှင် နွားရိုင်းတစ်အုပ်၊ ကျွဲရိုင်းတစ်အုပ် မြက်စားနေသည်ကို တွေ့ရ၏။ နွားရိုင်းကိုပစ်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွဲရိုင်းအုပ်က အန္တရာယ်ပြုမည်မို့ သစ်ပင်ကြီးများနှင့် ချုံများကွယ်၍ နွားရိုင်းသုံးကောင်ကို တူမီးသေနတ်ဖြင့် ပစ်ခတ်ကြလေသည်။

သေနတ်သံများသည် တောင်ကြောတစ်ခုလုံး ဆူညံသွားတော့၏။ နွားရိုင်းသုံးကောင်က ရုတ်တရက်မသေသေးဘဲ အတန်ငယ်ပြေးပြီးမှ လဲကျသွားသည်။ ကျွဲရိုင်းကြီးများသည် ချက်ချင်းပင် သေနတ်သံကြားရာဆီသို့ တရကြမ်းတိုက်ခိုက်ရန် ပြေးလာကြ၏။ ကျွဲရိုင်းအုပ်နောက်မှ နွားရိုင်းအုပ်က ကပ်၍ပါလာသည်။ ဖုန်များ၊ မြေမှုန်များ တထောင်းထောင်း ထသွားသည်။

''ဟေး ... အစ်ကို ကျွဲရိုင်းတွေပြေးလာပြီ မြန်မြန် သစ်ပင်ပေါ် တက်''

အိုက်မောင်းကို သူညီကခေါ်ရင်း သစ်ပင်ပေါ်တက်ပြေး၏။ ခမ်းဆွမ်က ချုံကြီးတစ်ချုံအောက်တွင် သစ်ပင်အကာအကွယ်ယူကာ ဝပ်နေ၏။ ကောင်ရေ ငါးဆယ်ကျော်သော ကျွဲရိုင်းနှင့် ကောင်ရေ သုံးဆယ်နီးပါးရှိသော နွားရိုင်းများသည် တောကိုတိုးကာ တဝုန်းဝုန်းနှင့်ပြေးလာကြသည်မှာ ကြောက်ခမန်းလိလိပင်။ ကျွဲရိုင်းများသည် ရန်သူတွေ့လျှင် မှုန့်မှုန့်ညက်ညက်ခြေပစ်လိုသော ဒေါသရောင်မျက်လုံးများကို ခမ်းဆွမ် မြင်လိုက်ရသဖြင့် တုန်လှုပ်သွားတော့၏။ သူ၏တစ်ကိုယ်လုံးမှာ မြေမှုန်နှင့်အလူးလူး ဖြစ်ကျန်ရစ်တော့သည်။

သူတို့သုံးဦးသည် ကျွဲရိုင်းများ ရှင်းသွားသောအခါမှ နွားရိုင်းသုံးကောင်၏အသားများကို အရေခွံခွာ၍ ဖျက်ယူလိုက်ကြ၏။ အချို့အသားများကို နေရောင်တွင်လှမ်းထားလိုက်ကြသည်။ ပြီးလျှင် နန့်လွယ်ချောင်းဘေးတွင် ဝါးဖောင်တစ်ဖောင်ပြုလုပ်ကြပြီး နေမပင်မီ





နွားရိုင်းသုံးကောင်၏အသားများကိုတင်ကာ ရွာဆီသို့ မျှောချလာကြသည်။

ရွာသို့မရောက်မီ လမ်းတစ်ဝက်တွင် ဆူညံသော ကလေးငိုသံတစ်သံကို ကမ်းပေါ် သစ်တောများအကြားမှ ကြားလိုက်ရသည်။ ရွာသို့ရောက်၍ အသားခြောက်နှင့် အသားစိုများအား ထမ်းတင်လာကြသောအခါ ရွာသားအားလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကာ ခမ်းဆွမ်ဆီသို့ ရွာသားတချို့ပြေးလာပြီး အရေးတကြီး ပြောလိုက်ကြ၏။

''ဟော့ ... ခမ်းဆွမ် မင်းသိပြီးပြီလား''

''ဘာလဲ ... ဘာလဲ''

ခမ်းဆွမ်က အံ့သြဟန်ဖြင့် ပြန်မေးလိုက်၏။

ရွာသားတစ်ဦးက ...

''ဟော့ ... ခမ်းဆွမ်၊ မင်းမိန်းမ ယာထဲအသွား တောထဲမှာ ကလေးကို မျောက်ကြီးတစ်ကောင် ခိုးပြေးသွားလို့ မင်းမိန်းမ တက်သွားလို့ ကုနေရတယ်။ လူတချို့လည်း မျောက်ကြီး ခိုးပြေးသွားတဲ့ကလေးနောက်ကို လိုက်နေကြတယ်ကွ''

ခမ်းဆွမ်၏ရင်ထဲတွင် မိုးကြိုးပစ်သံပမာ ခံစားလိုက်ရ၏။ ချက်ချင်းပင် အိမ်သို့ ပြေးသွားမိတော့၏။ သူ့မိန်းမကို အိမ်နီးချင်း ရွာသူများ ပြုစုလျက်ရှိနေကြသည်။

သူ့မိန်းမက ခမ်းဆွမ်ကိုမြင်သောအခါ ဟစ်၍ငိုလိုက်သည်။

''ကျွန်မသားလေး မျောက်မကြီး ခိုးပြေးသွားတယ် ခမ်းဆွမ်ရဲ့။ ရှင် မြန်မြန်လိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



ခမ်းဆွမ်၏ရင်ထဲတွင် ဒိန်းခနဲဖြစ်ကာ လွန်ခဲ့သော တစ်ပတ်ကျော်က အဖြစ်အပျက်ကို ပြန်မြင်ယောင်မိတော့၏။ ထိုအခါမှ မျောက်မောင်းမကြီး၏ သားသေကလေးအား မီးမြိုက်မစားခင် သူက မျောက်မောင်းမကြီးအား လှောင်ပြောင်သရော်၍ ရယ်မောခဲ့သည်ကို စဉ်းစားမိတော့၏။

''တောက် ... ဒီမျောက်မကြီးပဲ သူ့ကလေးအတွက် ငါ့ကလေးကိုလာခိုးပြီး လက်စားချေတာပဲ''

သူက ရင်ထဲမှာပြောလိုက်ခြင်း ဖြစ်၏။ ထိုအခိုက် ဆောင်စားနှင့် ဒူးလေးကိုင် ရွာသားတချို့ ရောက်လာက သူတို့ ကလေးခိုးသွားသော မျောက်ကို မတွေ့ခဲ့ကြောင်း ပြောကြ၏။

''အိုက်မောင်း ... နန့်လွယ်ချောင်းက တို့မျောက်ပစ်တဲ့ နေရာ အခုသွားမယ် မင်းတို့လိုက်မလား''

''လိုက်မှာပေါ့ အစ်ကို၊ မြန်မြန်လိုက်လေ ကောင်းလေပဲ''

ချက်ချင်းပင် ခမ်းဆွမ် ခေါင်းဆောင်လျက် အိုက်မောင်း၊ အိုက်လွယ်အပြင် ရွာသားသုံးဦးပါ နန့်လွယ်ချောင်းအတိုင်း ထွက်ခဲ့ကြ၏။ သူတို့သည် မျောက်များပစ်ခဲ့သောနေရာသို့ ရောက်သော အခါ ကလေးငိုသံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ခမ်းဆွမ်မှာ အား တက်သွားတော့သည်။

နေမဝင်သေး၍ အလင်းရောင်များကြောင့် ကလေးငိုသံ ကြားသော တောင်ကြောအတွင်း သစ်ပင်များဆီသို့ ထွက်ခဲ့ကြ၏။ သစ်ပင်ကြီးတစ်ပင်ပေါ်မှ ကလေးငိုသံ ပေါ်ထွက်နေလေသည်။

သူတို့အားလုံးကြည့်လိုက်ရာ သစ်ပင်ကြီး၏ခွဆုံကြားတွင်





မျောက်မောင်းမကြီးတစ်ကောင်ထိုင်လျက် ကလေးငယ်အား နို့တိုက်နေသည်ကို အံ့သြစွာတွေ့ရလေသည်။

ခမ်းဆွမ်မှာ ဒေါသတကြီး တူမီးသေနတ်ဖြင့်ချိန်လိုက်ရာ အိုက်မောင်းက ဆွဲထားလျက် ...

''အစ်ကို မလုပ်နဲ့။ ပစ်လိုက်ရင် ကလေးပါထိသွားလို့ သေနေဦးမယ်''

မျောက်မကြီးသည် သူတို့ကိုမြင်သောအခါ ...

''ကွီ ... ကွီ''

ဟုမြည်လျက် ကလေးအား လက်တစ်ဖက်ဖြင့်ပွေ့ချီလျက် အခြားသစ်ပင်များဆီသို့ ကူးပြေးသွားတော့ရာ ခမ်းဆွမ်တို့ကလည်း မြေပြင်မှ အမြန်လိုက်ကြ၏။

ကလေးငိုသံသာ အနည်းငယ်ထွက်ပေါ်လာပြီး မျက်ခြေပြတ်ထွက်သွားတော့၏။ သို့သော် သူတို့ အားမလျှော့ပါ။ တောကိုတိုး၍ မျောက်မောင်းမကြီး ပြေးမည့်နေရာကိုမှန်း၍ လိုက်နေကြသည်။

နေဝင်သွားကာ တစ်တောလုံး တစ်တောင်လုံး မှောင်မည်းလာသည်။ အားလုံး ပင်ပန်းလှပြီဖြစ်၍ ခေတ္တစခန်းချကာ အသံများကိုနားစွင့်လျက် မီးဖိုများ ဖိုလိုက်ကြ၏။ ပါလာသောစားစရာများကိုစားရင်း ခမ်းဆွမ်က ပြောလိုက်သည်။

''မင်းတို့အားလုံး ပြန်သွားကြ။ ငါကတော့ ငါ့ကလေး မရမချင်း ဒီမှာကျန်ခဲ့မယ်။ အိုက်မောင်းနဲ့ အိုက်လွယ်က မနက်စောစော ငါ့အတွက် စားစရာလာပို့ရင်း ဆက်ပြီးလိုက်ကြတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ခမ်းဆွမ်က ဖွတ်အတင်း ပြန်လွှတ်သဖြင့် အိုက်မောင်းနှင့် ရွာသားများမှာ ရွာသို့ပြန်သွားရတော့၏။ ခမ်းဆွမ်ကား သစ်ပင်ကြီး တစ်ပင်ပေါ်တက်ကာ သစ်ကိုင်းခွဆုံကြားတွင် သူ၏တူမီးသေနတ် ကို ရင်ပေါ်တင်၍ အနားယူလိုက်၏။ သူ၏ရင်သွေးကလေးစိတ် ကြောင့် ရုတ်တရက် အိပ်မပျော်နိုင်။ အိပ်ပျော်သွားသောအချိန်တွင် အော်၍ခေါ်သံကြောင့် နိုးလာခဲ့၏။ မနီးမဝေးတွင် အိုက်မောင်းတို့ ညီအစ်ကို ခြင်းများဖြင့်ထည့်လာသော စားစရာများနှင့် တွေ့ရ၏။ သူအိပ်ပျော်သွားပြီး နိုးလာချိန်မှာ မိုးလင်းနေလေပြီ။ ပင်ပန်းလွန်း အားကြီး၍ အမြန်ဆုံးသစ်ပင်ပေါ်မှဆင်းလာကာ အိုက်မောင်းတို့ ယူလာသော အရက်ကိုသောက်ပြီး စားစရာများကို စားသောက် လိုက်၏။

''ဟော့ ... အိုက်မောင်း၊ ငါ့မိန်းမ နေကောင်းရဲ့လား''

''အစ်ကို့မိန်းမ နေကောင်းပါတယ်။ ဒါပေမဲ့ စိတ်ကတော့ မမှန်ချင်ဘူးဗျ''

ခမ်းဆွမ်ကို အိုက်မောင်းက ပြန်၍ပြောကြားလိုက်သည်။

''အစ်ကို ... တောထဲမှာ ဘာထူးသေးလဲ''

''ဘာမှ မထူးပါဘူးကွ''

ခမ်းဆွမ်က အိုက်မောင်းအမေးကို စိတ်မချမ်းသာသလို ဖြေလိုက်သည်။

အိုက်မောင်းက ...

''အစ်ကို ... ပူလွယ်က မျောက်မကြီးဟာ အစ်ကို့သား လေးကို နို့တိုက်နေတယ်ဆိုရင် သတ်ပစ်မှာမဟုတ်ဘူးတဲ့။ ဘာပဲ





ဖြစ်ဖြစ် မျောက်မကြီးနဲ့တွေ့ရင် အစ်ကိုက အေးအေးဆေးဆေး ပြန်ပြီးတောင်းပါ အစ်ကို''

ခမ်းဆွမ်က ခေါင်းညိတ်လိုက်သည်။ သူသည် စိတ်ထိခိုက် လှသဖြင့် သက်ပြင်းကို ရှိုက်နေမိ၏။ ယင်းနောက် သူတို့သည် မျောက်အုပ်များရှိနေသည့် နန့်မားတောင်ကြော ကျောက်ကမ်းပါး များဆီသို့ ထွက်လာကြ၏။

တစ်ချိန်က လူကြမ်းကြီး မုဆိုးခမ်းဆွမ်ကား ယခုအခါတွင် လူကြမ်း စိတ်ကြမ်းနိုင်စွမ်းမရှိတော့ဘဲ တောကောင်အမဲငယ်များ ကို တွေ့သောအခါတွင်ပင် ပစ်ခတ်လိုသောစိတ်ပင် မရှိတော့။

(၅)

နန့်မားတောင် ကမ်းပါးယံတွင် ကျောက်လိုဏ်ဂူများ ရှိနေ ကြ၏။ မျောက်အုပ်များသည် ဤနန့်မားကျောက်လိုဏ်ဂူများတွင် အများဆုံးနေထိုင်လျက် ရှိနေကြသည်။

မျောက်အုပ်များအတွင်း မျောက်လွှဲကျော်အမျိုးအုပ်တစ်အုပ် တွင် မျောက်မောင်းမကြီးသည် ကလေးအား ပွေ့ချီကာ ကျောက် လိုဏ်ဂူမှထွက်၍ ကျောက်စွန်းကြီးတွင်ထိုင်လျက် သူမ၏နို့ဖြင့် လူသားကလေးကို တိုက်ကျွေးလျက်ရှိနေလေသည်။

ခပ်စောစောက မျောက်မောင်းမကြီးအနေဖြင့် မုဆိုးခမ်းဆွမ် ၏သားကလေးအား ခိုးယူကာ လည်မျိုကိုကိုက်ဖြတ်၍ သတ်ပစ်ရန် ကြံစည်ခဲ့သော်လည်း လူသားကလေး၏ မျက်နှာကလေးကို တစိမ့်စိမ့် ကြည့်ပြီး သတ်ပစ်လိုသောစိတ်များဝေးကာ သူမ၏သားကလေး



www.burmeseclassic.com

www.burmeseclassic.com



အစားရလာသကဲ့သို့ နှိုက်ကိုက်နေခြင်းဖြစ်သည်။

မျောက်မောင်းမကြီးမှာ အခြားမျောက်များကိုပင် အနီးသို့ အကပ်မခံပါ။ အော်ဟစ်ခြောက်လှန့်ပစ်ခဲ့၏။ ယခု သူမသည် နေရောင်ခြည်တွင် ကလေးအား အေးဆေးစွာ နို့တိုက်လျက်ရှိနေခဲ့သည်။

ယင်းအချိန်မှာပင် တောင်ကမ်းပါးယံတောအတွင်းမှ လူသုံးယောက်တို့သည် ပေါ်ထွက်လာကြသည်။ သူတို့ကား မုဆိုးခမ်းဆွမ်နှင့် အိုက်မောင်း၊ အိုက်လွယ်တို့ ညီအစ်ကိုနှစ်ဦးတည်း။

ခမ်းဆွမ်မှာ မျောက်မောင်းမကြီးက သူ၏ရင်သွေးကို နို့တိုက်နေသည်ကိုတွေ့ရသဖြင့် အံ့သြသင့်ပြီး ဝမ်းသာအားရ ပြေးသွားခဲ့၏။ သူသည် ပြေးသွားရင်းက ကျောက်တုံးတစ်တုံးဖြင့် တိုက်မိပြီး လဲကျသွားခဲ့၏။

ချက်ချင်းပင် ပြန်၍ထလိုက်သော်လည်း ညာခြေထောက်တစ်ဖက် မျက်သွား၍ ရုတ်တရက်မထနိုင်။ သည်နောက် ဒူးကိုထောက်ကာ လက်ကိုဆန့်ရင်းက ...

''အသင် မျောက်မကြီး ... ကျုပ်ရဲ့သားကလေးကို ပြန်ပေးပါ ... ပြန်ပေးပါ''

ခမ်းဆွမ်၏အသံသည် တစ်တောလုံး ဟိန်းသွားတော့၏။

မျောက်မောင်းမကြီးကား ကလေးကိုနို့တိုက်ရင်းက ခမ်းဆွမ်ကို မျက်ဝန်းများပြူးကျယ်သော မျက်လုံးများဖြင့် စိမ်းစိမ်းကြည့်နေမိ၏။ ခမ်းဆွမ်နှင့် မျောက်မောင်းမကြီးရှိနေသော ကျောက်စွန်လိုဏ်ဂူမှာ ပေတစ်ရာနီးပါးမျှကွာပြီး မြေပြင်နှင့် ပေငါးဆယ်မျှ





မြင့်နေသေး၏။

''ကွီ ... ကွီ''

မျောက်မောင်းမကြီး၏နှုတ်မှ အသံများထွက်လာလေသည်။

ခမ်းဆွမ်မှာ မျက်ရည်များဖြိုင်ဖြိုင်ကျကာ လက်နှစ်ဖက်ကိုဆန့်တန်း၍ အော်လိုက်ပြန်သည်။ အိုက်မောင်းတို့ညီအစ်ကိုနှစ်ဦးမှာ နောက်မှတိတ်ဆိတ်စွာ မတ်တပ်ရပ်လျက်ရှိနေသည်။

''မျောက်မကြီး ... အို .. မျောက်မကြီးရယ် ကျုပ်ကို သနားသောအားဖြင့် ကျုပ်သားကလေးကို ပြန်ပေးပါဗျာ။ ကျုပ်ခင်ဗျားတို့သားအမိကို ရက်စက်ခဲ့တာတွေ တောင်းပန်ပါတယ်။ ကျုပ်ကတိပြုပါတယ်။ ဘယ်တော့မှ မျောက်တွေကို မပစ်တော့ပါဘူးလို့''

ခမ်းဆွမ်၏အသံသည် ကြေကွဲဖွယ်ရာ ဟိန်း၍ထွက်ပေါ်လာတော့သည်။

''ကွီ ... ကွီ''

ရုတ်တရက် မျောက်မကြီးသည် ကလေးကိုပွေ့ချီကာ မြေပေါ်သို့ ခုန်ဆင်းလိုက်သည်။ ရှေ့သို့အနည်းငယ်လှမ်းပြီးလျှင် ခမ်းဆွမ်၏သားကလေးကို တစ်ချက်မျှနမ်းရှိုက်ကာ မြက်ခင်းပေါ်သို့ ချလိုက်သည်။ သူမ၏မျက်ဝန်းအတွင်းမှ မျက်ရည်များ တဖြိုင်ဖြိုင်ကျဆင်းလာသည်။

ထို့နောက် လျင်မြန်စွာပင် ကျောက်ကမ်းပါးပေါ်သို့တက်ကာ ပျောက်ကွယ်သွားလေတော့သည်။ အိုက်မောင်းက ပြေး၍ ကလေးကို ပွေ့ယူလာပြီး ခမ်းဆွမ်၏လက်ထဲသို့ ထည့်လိုက်သည်။ ခမ်းဆွမ်က သားကလေးကို ပွေ့ချီကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သား ... သား ... သား ... သား"

ဟု ပြောကာနမ်းလိုက်ရင်း မြေပြင်မှ တဖြည်းဖြည်း ထလိုက်၏။

ထို့နောက်တွင် သူတို့သုံးယောက် ရွာဆီသို့ တရွေ့ရွေ့ ပြန်ခဲ့ကြသည်။ ရွာအဝင်တွင် တစ်ယောက်မှတစ်ဆင့် ဆူညံသွားသည်။

"ခမ်းဆွမ် ကလေးကိုပြန်ရလာပြီဟေ့"

ခမ်းဆွမ်၏မိန်းမသည် ရှေ့ဆုံးမှပြေးလာပြီး သူ၏သားကလေးအား ခမ်းဆွမ်၏လက်ထဲမှ ပွေ့ချီယူလိုက်၏။ ကလေးက ငိုလိုက်၏။

တစ်ချိန်တည်းမှာပင် ပူလွယ် ရောက်လာသည်။ ပူလွယ်သည် ရွာသူကြီးပင်ဖြစ်သည်။ အိုက်မောင်းက ဖြစ်ပျက်ပုံကိုရှင်းပြလိုက်ရာ ပူလွယ်ပါ တအံ့တသြဖြစ်သွားရ၏။

ခမ်းဆွမ်မှာ ကျောက်ရုပ်ကြီးပမာရှိနေရာမှ ပူလွယ်၏ရှေ့တွင် ဒူးထောက်ချလိုက်ပြီး ငိုကြီးရှိက်ကြီးဖြင့် ပြောလိုက်၏။

"ပူလွယ် ... ကျုပ်လုပ်တာတွေ မှားပါတယ်။ ကျုပ်အခုချိန်ကစပြီးတော့ မုဆိုးလုပ်ငန်းမလုပ်တော့ဘဲ တောင်ယာပဲလုပ်ကိုင်စားသောက်တော့မယ်ဆိုတာ ကတိပေးပါတယ်"

ပူလွယ်က ဝမ်းသာအားရနှင့် ခမ်းဆွမ်၏ပခုံးကို ဆွဲထူပေးလိုက်ရင်း ...

"သာဓု ... သာဓု ... သာဓု ခမ်းဆွမ်။ မင်း မုဆိုးလုပ်ငန်းစွန့်ပြီး တောင်ယာလုပ်မယ်ဆိုတာ ငါသိပ်ဝမ်းသာတယ်ကွာ။ တို့ရှမ်းတွေဟာ သူများအသက်ကို သတ်ရမှာ ဝန်လေးတဲ့ ဗုဒ္ဓဘာသာ





တွေ မဟုတ်လားကွာ"

ပူလွယ်က အားပေးနှစ်သိမ့်၍ ပခုံးပုတ်လိုက်သလို ခမ်းဆွမ်အဖို့ လောကသစ်၏အလင်းရောင်ကို မြင်လိုက်ရဘိသကဲ့သို့ရှိကာ ခေါင်းကိုညိတ်လိုက်တော့သည်။

မြဝဇီ

■



www.burmeseclassic.com

www.burmeseclassic.com

# ဝက်ပါ သားကောင်

ရေးသူ - [illegible]

## ( ၁ )

မည်းနက်ရှည်လျားသော လူရိပ်တစ်ရိပ်သည် ကျွန်ုပ်[illegible] ရှေ့သို့ ထိုးကျလာသည်။ ပြင်းထန်သော စစ်ဖိနပ်သံကိုလည်း [illegible] လိုက်ရ၏။ ကျွန်ုပ်က အစီရင်ခံစာတစ်စောင်ကို ရေး[illegible] မော့ကြည့်လိုက်သောအခါတွင် ဗိုလ်တင်ထွန်းကို တွေ့လိုက်ရ[illegible] သည်။

ဗိုလ်တင်ထွန်း၏မျက်နှာ ညိုပုပ်ပုပ် ဖြစ်နေသည်။ အ[illegible] မကျသော ခံပြင်းသော ခံစားချက်များက သူ၏မျက်နှာတွင် လွှမ်း[illegible] လျက်ရှိနေလေသည်။ သူသည် ကျွန်ုပ်တို့တပ်ခွဲတပ်စုသုံးမှ အရာခံ[illegible] ဗိုလ်ကလေး ဖြစ်သည်။ သူ၏လက်ထဲတွင် ပေါ့ပါးသော မြင်းစီး[illegible]

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှိင်ဖယ်ကာဘိုင်သေနတ်ကို ကိုင်ထားလျက်ရှိ၏။

"ထိုင်ဗျာ ဗိုလ်တင်ထွန်း၊ ခင်ဗျားကြည့်ရတာ ဘယ်သူနဲ့ စကားများလာသလဲ"

ဗိုလ်တင်ထွန်းသည် ဟင်းခနဲ ပင့်သက်ကို မှုတ်ထုတ်လိုက်ကာ စားပွဲရှေ့ကုလားထိုင်တွင် ဝုန်းခနဲ ထိုင်ချလိုက်ပါသည်။

သို့နောက် ...

"ဟား .. ဟား ... ဟား ... ဟား ..."

သူသည် ရုတ်တရက် ဟားတိုက်ရယ်မောပြန်လေသည်။

ကျွန်ုပ်မှာပို၍ အံ့အားသင့်သွားရသည်။

"ခင်ဗျား ဘာဖြစ်နေသလဲ"

ဤတွင် ဗိုလ်တင်ထွန်းက ကျွန်ုပ်ကို လက်ညှိုးထိုးရင်း ပြောလိုက်၏။

"ဟား .. ခင်ဗျား ဘာမှမသိဘူး ဟုတ်လား ဗိုလ်စိန်တင်၊ တနင်္ဂနွေနေ့က နန်းမောတောင်ခြေမှာ တောဝက်သွားပစ်ကြတယ်၊ ခင်ဗျားချည်းပစ်လိုက်တာ အချိန်းလေးဆယ်ကျော် နှစ်ကောင်ရတယ်၊ ကျုပ်ပစ်တာ တစ်ကောင်မှမရလို့ ရဲဘော်တွေက ဗိုင်းလှောင်နေကြတယ်၊ တပ်ခွဲမှူးကလည်း ကျုပ်ကို ရှိသဲ့သဲ့ ခနဲ့သေးတယ်၊ တကယ်တော့ ခင်ဗျားကျုပ်ထက် လက်စွမ်းပြလိုက်တာဟာ ကျုပ်အရှက်ကွဲရတာပေါ့"

ကျွန်ုပ်မှာ ထိုအခါမှ ဗိုလ်တင်ထွန်းတစ်ယောက် ကျွန်ုပ်အတွက် အရှက်ရကာ ဒေါသဖြစ်နေသည်ကို သိရပါတော့သည်။

"ဒါတော့ ဗိုလ်တင်ထွန်းရယ် ခင်ဗျားကို ကျွန်တော်က





အရှက်ကွဲအောင်လုပ်ပစ်တာမဟုတ်ပါဘူး၊ ခင်ဗျားနဲ့ကျွန်တော်က တောင်ခြားတစ်ကုန်းစီနေရာယူပြီး ပစ်ကြတာပဲမဟုတ်လား"

လွန်ခဲ့သောရက်က ကျွန်ုပ်နှင့် ဗိုလ်တင်ထွန်းတို့သည် ရဲဘော်နှစ်ဦးစီခေါ်ကာ နန်းမောတောင်ကြားသို့ တောဝက်ပစ်ထွက်ခဲ့ကြပါသည်။ နန်းမောတောင်ကြားဒေသသည် ဝက်ပါ ကျောက်လိုဏ်လမ်းများရှိသည်။ တောဝက်များသည် ဝက်ပါလိုဏ်များမှ ထွက်၍ နန်းမောချောင်းသို့ ဆင်းကြောင်း သတင်းပေးတစ်ဦးကြောင့် လမ်းပြခေါ်ကာ တောဝက်ပစ်ထွက်ခဲ့ကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့ စစ်မြင်းတပ်ခွဲသည် လားရှိုး၊ လေးလုံးလော့ ကျေးရွာစခန်းတွင် စခန်းချထားကာ သိန္နီ ကွတ်ခိုင်တွင် တပ်စွဲထားသည့် တပ်ရင်းအမှတ်(၇)သို့ အကူအညီပေးနေရသောအချိန် ဖြစ်ပါသည်။

ဗိုလ်တင်ထွန်းနှင့် ကျွန်ုပ်သည် နန်းမောတောင်ကြားတွင် တောင်ကုန်းနေရာခွဲ၍ ဝက်ပါလိုဏ်ဂူများမှ ထွက်လာမည့်တောဝက်များကိုစောင့်ခဲ့ကြ၏။ ဝက်ပါလိုဏ်များသည် နန်းမောချောင်းနှင့် ကိုက်တစ်ရာကွာတွင် တည်ရှိသည်။

ထိုနေ့က ဖြစ်ပုံမှာ ဗိုလ်တင်ထွန်းစောင့်သော တောင်ကုန်းဘက်ရှိ ဝက်ပါလိုဏ်မှ တောဝက်လေးကောင် ထွက်လာသည်။ ဗိုလ်တင်ထွန်းက အလောတကြီးပစ်လိုက်သဖြင့် ထိုဝက်များသည် ကျွန်ုပ်စောင့်သော တောင်ကုန်းဆီသို့ပြေးလာကြစဉ် ကျွန်ုပ်က ပစ်လိုက်သဖြင့် တောဝက်နှစ်ကောင်ရလိုက်ခြင်းဖြစ် သည်။

"ကျုပ် ဒီနေ့ နန်းမောတောင်ကြားသွားပြီး တောဝက်ရ



www.burmeseclassic.com

www.burmeseclassic.com



…င် ပစ်ယူခဲ့မယ်၊ ဝက်ပါလိုက်ထဲကို လိုက်ပစ်မယ်ဗျာ''

ဗိုလ်တင်ထွန်းက ဒေါနှင့်မောနှင့် ပြောရင်းထလိုက်ပါသည်။ …ကြောင့်ကျွန်တော် စိုးရိမ်သွားပါသည်။

''ဟာ ‥ ဗိုလ်တင်ထွန်း ဝက်ပါလိုက်တွေဟာ အန္တရာယ် …းတယ်ဗျနော်''

''အို ‥ ကျုပ်အတွက်ကတော့ မှုစရာမလိုပါဘူးဗျာ''

သူသည် ပြောပြောဆိုဆို ထသွားပါလေတော့သည်။

ကျွန်ုပ်မှာ သူ့အတွက် ရင်မောကျန်ခဲ့ပါသည်။ စိုးရိမ်မကင်း… စိတ်ကပို၍ လွမ်းမိုးလာပါ၏။ ဗိုလ်တင်ထွန်း ထွက်သွားသော …နှ်မှာ နံနက်ရှစ်နာရီတိတိဖြစ်၏။ နန်းမောတောင်ကြားသို့ …နာရီခွဲ ကျော်ကျော်သွားရမည်။ တောဝက်များသည် ဝက်ပါ…က်ဂူများနှင့် တောနက်ကြီးများ၊ ချုံတောများအတွင်း နေထိုင်ကာ …နက်နှင့်ညနေပိုင်းတွင် လှည့်လည်ကာ အစာရှာဖွေစားသောက်ကြ…သည်။

အထူးသဖြင့် နန်းမောတောင်ကြား ဝက်ပါလိုက်များအတွင်း…ဝယ် အခြားသော သားစားသားကောင်ကြီးများလည်း ခိုအောင်း…နေတတ်ခြင်း၊ လိုဏ်ဂူကြမ်းပေါက်မှ အောက်သို့လျှောဆင်းကာ …မြေအောက်ချောင်းဖျားသို့ ကျဆင်းသွားနိုင်ခြင်းစသည်ဖြင့် အန္တရာယ် များလှပါလေသည်။

ကျွန်ုပ်သည် ရေးလက်စအစီရင်ခံစာကို အပြီးသတ်ရေး… လိုက်ကာ တပ်ခွဲမှူးရုံးသို့ လာခဲ့ပါသည်။ တပ်ခွဲမှူးနှင့် တွေ့ဆုံပြီး ဗိုလ်တင်ထွန်းတစ်ယောက် အန္တရာယ်များလှသော နန်းမောတောင်





ကြားသို့ တောဝက်ပစ်ထွက်သွားသဖြင့် စိတ်မချ၍လိုက်သွားရန် ခွင့်တောင်းလိုက်ပါသည်။

တပ်ခွဲမှူးကလည်း စိုးရိမ်မကင်းဘဲ ကျွန်ုပ်အား ရဲဘော် တချို့ခေါ်၍ လိုက်သွားရန် ခွင့်ပေးလိုက်ပါတော့သည်။

( ၂ )

နန်းမောတောင်ကြားသို့ ကျွန်ုပ်နှင့်ရဲဘော်နှစ်ဦး လိုက်ခဲ့ …ပါသည်။ အမေရိကန်ဖြစ် ဂြိုဟ်သွားစစ်တပ်သုံး ဒသမ …ရိုင်ဖယ်…က်နှင့် တော်ပြေးတစ်လက်အပြင် လက်ပစ်ဗုံး …လုံး လိုလိုမယ်မယ်ယူခဲ့ကြပါသည်။

အထူးသဖြင့် လုံ့စွပ်အပြင် အမဲလိုက် ရှစ်လက်မခွဲအရှည် …မြှောင်၊ …ကျွန်ုပ်ဓာတ်မီး၊ ကြိုးခွေများ၊ ဆေးဝါးအချို့နှင့် …ပင်မုန့်ခြောက်များပါယူခဲ့ကြပါသည်။

လမ်းတွင် ''ကော့ပုံ''ရွာကလေးမှ သူကြီးဦးခွန်းဆွမ်းအိမ်သို့ ဝင်၍ စုံစမ်းရပါသည်။ ဦးခွန်းဆွမ်းက ‥‥

''အို ‥‥ ကျုပ်တို့က ထမင်းစားပြီးမှ သွားပါလို့ပြောတယ်၊ လူလဲ ထည့်ပေးမယ်လို့ပြောပါတယ်၊ ဒါပေမဲ့ အဲဒီစစ်ဗိုလ်ကြီးက ကျုပ်တို့ပြောတာကို လက်ကာပြီး ဖွတ်ထွက်သွားတာပဲ စစ်ဗိုလ်ကြီး ရေ့''

ကျွန်ုပ်က ပြုံးကာ ‥

''ဦးခွန်းဆွမ်းရေ့ ခင်ဗျားတို့သူ့အပေါ်မှာ စိတ်မဆိုးပါနဲ့၊ သူက တောဝက်မရလို့ ဒေါသဖြစ်တာဗျ၊ ကဲ ‥‥ ကျုပ်တို့ပြန်မှပဲ



www.burmeseclassic.com

www.burmeseclassic.com



"အေးအေးအနားယူမယ်ဗျာ"

ကျွန်ုပ်က ယင်းသို့ပြောကာ ထွက်ခဲ့သော်လည်း ဦးခွန်းဆွမ်းက တောကျွမ်းကျင်သော ရွာသားတစ်ဦးအား ထပ်၍ ထည့်ပေးလိုက်ပါသည်။

နန်းမောတောင်ကြားသို့ သွားရသောခရီးလမ်းမှာ လမ်းဟူ၍ မရှိပါ။ တောင်ကြောများကိုဖြတ်ကာ သစ်တောဝါးတောများကို တိုး၍လာခဲ့ရသည်။ နန်းမောချောင်းသည် နန်းမောတောင်တန်းကို ရစ်ပတ်စီးဆင်းလျက်ရှိနေသည်။ ယင်းချောင်းသည်ပင် ကျွန်ုပ်တို့အား လမ်းပြလျက် ရှိနေပါချေသည်။ ကျွန်ုပ်တို့အား အနှောင့်အယှက်အများဆုံးပေးသော သတ္တဝါများမှာ မျှောက်များဖြစ်သည်။ ထိုမျှောက်များမှာ မျှောက်စပ်နှင့် မျှောက်လွှဲကျော်၊ မျှောက်လေမွှေခေါ် မျှောက်မောင်းမများဖြစ်ကြ၏။

မျှောက်များမှာ သူတို့အုပ်စုအလိုက်ပင် ကျွန်ုပ်တို့သွားရာ လမ်းတစ်လျှောက်အသံပေးခြင်းဖြင့် ဆူညံနေတော့၏။

နန်းမောတောင်ကြားသည် တောင်ကြီးတစ်လုံးအား ခွဲထားသကဲ့သို့ အလယ်တွင် တောင်ကြောလမ်းကလေးနှင့် နန်းမောချောင်းက ဖြတ်သန်းစီးဆင်းလျက်ရှိနေလေသည်။ နန်းမောတောင်ကြားတစ်ဖက်တွင် မြင့်မားသော လောင်နန့်လွယ်တောင်တန်းကြီးသည် တံတိုင်းသဖွယ် ကာရံလျက်ရှိနေ၏။ တောင်နံရိုးနှင့် မြူများတဝေ့ဝေ့ရောကာ ကောင်းကင်သို့ မျှောလွင့်လျက်ရှိနေချေသည်။

နန်းမောတောင်ကြားရောက်သောအချိန်တွင် နေ့ဂယ်တစ်နာရီ ရှိနေပြီဖြစ်၏။ ဝက်ပါလိုဏ်ဂူများသည် နန်းမောချောင်း၏





ဂိုက်တစ်ရာကွာတွင်ရှိနေ၏။ ကျွန်ုပ်တို့သည် အရေးတကြီးပင် ဗိုလ်တင်ထွန်းအား ရှာဖွေကြရသည်။ အထူးသဖြင့် ဝါးပင်များနှင့် သစ်တောများကြောင့် ရုတ်တရက်ရှာမတွေ့ပါချေ။

"ဗိုလ်တင်ထွန်း ‥ ဗိုလ်တင်ထွန်း"

ကျွန်ုပ်ကအော်၍ ခေါ်လိုက်ပါသည်။ ကျွန်ုပ်၏အသံသည် "ဗိုလ်တင်ထွန်း ‥ ဗိုလ်တင်ထွန်း" ဟူ၍ နန်းမောတောင်ကြော၏ ပဲ့တင်သံသာပြန်လာပါလေသည်။

သည့်နောက် ကျွန်ုပ်နှင့် ရဲဘော်နှစ်ဦးအပြင် လမ်းပြရွာသားတို့သည် ဝက်ပါကျောက်ဂူများဆီသို့ တောင်ကြောလမ်းမှ ဆင်းခဲ့ကြပါသည်။

ထိုအခိုက် အင်တောများအတွင်းမှ "ဗိုလ်လေး ‥ ဗိုလ်လေး"ဟူသော ခေါ်သံနှင့်အတူ ဗိုလ်တင်ထွန်းခေါ်သွားသော ရဲဘော်တစ်ဦး ပြေးထွက်လာပါသည်။ ထိုရဲဘော်ကလေးမှာ အလွန် စိုးရိမ် ကြောက်လန့်နေသည့်ပုံရပါ၏။

"ဟော့ ‥‥ ဟန်မြိုင် မင်းဆရာ ဘယ်မှာလဲ"

ကျွန်ုပ်က ဆီးကြိုမေးလိုက်စဉ် သူက ဝက်ပါလိုဏ်များသို့ လက်ညှိုးထိုးပြလျက် ‥‥

"ဗိုလ်လေး ဟိုကျောက်ဂူထဲဝင်ပြေးသွားတယ်၊ သေနတ်သံ တစ်ချက်လည်း ကြားရတယ်၊ ကျွန်တော် ဝင်မလိုက်ရဲလို့ စောင့်နေတာကြာပြီ၊ ခပ်စောစောက တောကောင်ကြီးဟိန်းသံ ကြားရသေးတယ်"

ဗိုလ်တင်ထွန်းခေါ်သွားသော ရဲဘော်ကလေးက အမော



www.burmeseclassic.com

www.burmeseclassic.com



တကြိုးပင် ကျွန်ုပ်အား သတင်းပို့လိုက်ပါသည်။ သူ၏လက်ထဲတွင် ဂျပန်ရိုင်ဖယ်တစ်လက်နှင့် ကျည်ဆန်အိတ်တွဲထားသည့် ခါးပတ် အပြင် လုံ့စွပ်တစ်ချောင်း လက်ပစ်ဗုံးနှစ်လုံးကို တွေ့ရ၏။

ကျွန်ုပ်က ထိုရဲဘော်ကလေးကို မစိုးရိမ်ရန်အားပေးလျက် ဗိုလ်တင်ထွန်းဝင်သွားသော ဝက်ပါကျောက်လိုဏ်ဂူကို လိုက်၍ ပြစေပါသည်။

ဝက်ပါကျောက်လိုဏ်ဂူများသည် တောင်နံရံတွင် ဆယ့်ငါးဂူ တိတိ ရှိနေပါသည်။ အချို့ကျောက်ဂူအဝင်တွင် ကျောက်တုံးများ ပြိုပျက်ကျနေသည်။ အချို့ဂူများအဝတွင် ဝါးရုံနှင့်သစ်ပင်များ ပေါက်လျက် ရှိနေ၏။ ဝက်ပါဂူအချို့မှာ ကျောက်နံရံအထက်တွင် လည်း တွေ့မြင်နေရပါသည်။

''ဟောဟိုဂူထဲ ဝင်သွားတာပဲ''

ကျွန်ုပ်အား ရဲဘော် ဟန်မြိုင်က ဂူတစ်ဂူကို လက်ညှိုးထိုးပြ လိုက်ပါသည်။

ကျွန်ုပ်က ...


''သူဝင်သွားတာ ဘယ်လောက်ကြာပြီလဲ''

''တစ်နာရီလောက် ရှိသွားပြီဗိုလ်လေး''

ကျွန်ုပ်က သက်ပြင်းကို ရှိုက်လိုက်မိပါသည်။ ဗိုလ်တင်ထွန်း လို စစ်ရေးကျွမ်းကျင်သော အရာရှိကလေးသည် အန္တရာယ်များလှ သော ဝက်ပါဂူတစ်ထဲသို့ တစ်နာရီကျော်ကျော် ဝင်သွားပြီးပြန်ထွက် မလာခြင်းမှာ သူ့အမှားပင်ဖြစ်ပါသည်။

ကျွန်ုပ်က လမ်းပြရှမ်းအမျိုးသားကလေးအား ဤဝက်ပါဂူ





ဂူထဲမှ ကုလားစစ်သားအိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ဇင်းဘာတိုက်ပွဲ၌ ဗိုလ်ကြီးကျော်သာထွန်း၏ တပ်ခွဲသည်ပုံပါအတိုင်း KNU များ၏လျှို့ထိပ်မှ နေရာယူတိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။



များအတွင်း ဝင်ဖူးခြင်းနှင့် ဝက်ပါဂူနှင့် ပတ်သက်သော အကြောင်းအရာများကို မေးမိပါသည်။

လမ်းပြရှမ်းအမျိုးသားကလေးထံမှ ကြားရသောစကားမှာ အလွန်ထူးဆန်းနေပါသည်။

''ဒီဝက်ပါကျောက်ဂူမှာ စစ်ပြေးကုလားစစ်သားတွေ စခန်းချသွားတယ် ဗိုလ်ကြီး၊ အဲဒီ ကုလားစစ်သားတွေထဲမှာ မုတ်ဆိတ်တွေ ဗလပျစ်နဲ့ ကုလားအရှူးစစ်သားကြီးတစ်ဦးကျန်နေခဲ့တယ်၊ သူက တောကောင်ကလေးတွေ ထောင်ပြီးမီးကင်စားတယ်၊ ပြီးတော့ ကျွန်တော်တို့ရွာတွေလာပြီး ဆန်နဲ့ပြောင်းတွေ တောင်းစားတယ်၊ တစ်ခါတစ်ခါ ယာခင်းထဲဝင်ပြီး ခိုးစားသွားသေးတယ်၊ တစ်ခါက ရွာက ကျင်ခိုင်ဆိုတဲ့ မိန်းမတစ်ယောက်ကို ယာထဲမှာ အတင်းဆွဲသွားလို့ ရွာကလူတွေကို ဝိုင်းလိုက်လို့ ကျင်ခိုင် ပြန်လွတ်လာဖူးတယ်၊ အဲဒီနောက်မှာ အဲဒီကုလားအရူးကြီးကို မတွေ့ရတော့ဘူး ဗိုလ်ကြီး''

လမ်းပြရွာသား၏စကားကြောင့် ကျွန်ုပ်တို့မှာ အတော်ကလေး စိုးရိမ်သွားမိ၏။

ထို့နောက် လက်ဖြောင့်ရဲဘော်နှစ်ဦးအနက် တစ်ဦးကို ဗိုလ်တင်ထွန်းဝင်သွားသော ရှေ့ပေါက်ဝတွင် ရဲဘော် ဟန်မြိုင်အပါအဝင် လမ်းပြရွာသားတို့ကိုပါထားခဲ့ပြီး ကျွန်ုပ်နှင့်လက်ဖြောင့်ရဲဘော်တစ်ဦးတို့ ဂူထဲသို့ ဝင်ခဲ့ကြပါသည်။

ကျွန်ုပ်သည် ဒသမ ၃၀၃ အင်္ဂလိပ်ရိုင်ဖယ်ကို ကျည်အသင့်ထိုး၍ ခေ့ပိတ်ထားလိုက်ပါသည်။ ကျောတွင် တောမီးဂန်းတစ်လက်



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ သယ်ဆောင်ခဲ့ပါသည်။

ဝက်ပါဂူလမ်းထဲတွင် လမ်းများရှုပ်နိုင်သောကြောင့် ကျောက်နံရံတွင် ဓားဖြင့်ကြက်ခြေခတ်ခြစ်ခြင်း၊ ပေါင်မုန့်ခြောက်အချို့အား ချထားလျက် လက်နှိပ်ဓာတ်မီးကို ဖွင့်ချည်ပိတ်ချည်ဖြင့်ဝင်ခဲ့ပါသည်။

ဂူအတွင်းမှာ မိုးရေဖြင့်စွတ်စိုနေသော သစ်ပင်အချို့ပေါက်နေ၏။

ဗိုလ်တင်ထွန်း၏ စစ်ဖိနပ်ခြေရာကို ထင်ထင်ရှားရှားတွေ့ရပါသည်။ ပထမတွင် ဂူပေါက်ဝအလင်းရောင်ရှိနေသော်လည်း ပေပေါင်းငါးဆယ်ကျော်ခန့်ဝင်မိသောအခါတွင် မှောင်လာပါသည်။ ဂူလမ်းမှာလည်း ကျဉ်းမြောင်းလာပါသည်။

ကျွန်ုပ်စိတ်ထဲတွင် ဗိုလ်တင်ထွန်းအတွက်ပို၍ စိုးရိမ်မကင်းဖြစ်မိ၏။ တောဝက်ခြေရာအချို့ တွေ့ရပြီး ဂူထဲမှ လင်းနို့အချို့ ပျံထွက်သွားကြပါသည်။

ထိုအခိုက် အသံတစ်သံ ကြားလိုက်ရပါသည်။ ထိုအသံမှာ ကျောက်တုံးအချို့ လဲကျသံပင်ဖြစ်ပါ၏။

ယင်းအခိုက် ...

''ဒိုင်း ...''

ရိုင်ဖယ်ဖြင့် ကျွန်ုပ်တို့အား လှမ်းပစ်လိုက်သံကြောင့် အလျင်အမြန် ကျောက်ကြမ်းပြင်ပေါ် ဝပ်ချလိုက်ကာ လက်နှိပ်ဓာတ်မီးကို ပိတ်ပစ်လိုက်ရ၏။ ကျွန်ုပ်နှင့် ရဲဘော်ကလေးသည် တီးတိုးတိုင်ပင်ကာ နေရာ ပြောင်းလိုက်ကြ၏။

အန္တရာယ်ကတော့ စလာပါလေပြီ။





## ( ၃ )

''ဗိုလ်တင်ထွန်း''

ကျွန်ုပ်က အမှောင်ထဲမှ အသံပြုရင်း နေရာပြောင်းလိုက်စဉ် ''ဒိုင်း''ခနဲ မှောင်ထဲမှ ရိုင်ဖယ်ဖြင့် ပစ်လိုက်ခြင်းခံရပြန်ပါသည်။

ဂူလမ်းတွေ့တစ်ခုမှ မီးပွင့်ကလေး လက်ခနဲတွေ့လိုက်ရ၏။ ဗိုလ်တင်ထွန်းတစ်ယောက် ရူးများသွားပြီလား။ ကျွန်ုပ်ခေါ်သည်ကို ပင် ကျည်ဆန်ဖြင့် တုံ့ပြန်ချေပြီတည်း။

ကျွန်ုပ်နှင့် ရဲဘော်ကလေးသည် ကျောက်ကြမ်းပြင်တွင် ပိကျောင်းတွားသွားရင်းက သေနတ်သံလာရာဆီသို့ မှောင်ထဲတွင် တိုးသွားခဲ့ကြ၏။

ဆယ်ကိုက်ကျော်မျှ တိုးသွားမိသောအခါတွင် လဲကျနေသော လူတစ်ယောက်ကို စမ်းမိပါသည်။ ကျွန်ုပ်က လက်နှိပ်ဓာတ်မီးဖြင့် လျှပ်တပြက် ထိုးကြည့်လိုက်သောအခါတွင် ဦးခေါင်းတွင် လက်နက်တစ်ခုခုနှင့် အရိုက်ခံရသဖြင့် လဲကျသေဆုံးနေသော ဗိုလ်တင်ထွန်း၏အလောင်းကို တွေ့ရပါလေသည်။

ယင်းအခိုက် ...

''ဒိုင်း ...''

ကျွန်ုပ်နှင့် ရဲဘော်ကလေးမှာ အလျင်အမြန် နေရာရွှေ့လိုက်ကြ၏။ ကျည်ဆန်သည် မြွေဟောက် တွန်သကဲ့သို့ ရှီခနဲမြည်ကာ ကျောက်နံရံကို ဒေါက်ခနဲထိ၍ ကြမ်းပြင်ပေါ်သို့ ကျသွား၏။

ထိုအခါမှပင် လမ်းပြရွာသားပြောသော ကုလားစစ်သား[illegible] အရူးကြီးအကြောင်း သတိရကာ ထိုကုလား အရူးစစ်သားကြီးက



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တင်ထွန်းဂူထဲသို့ ဝင်လာစဉ် တစ်နေရာမှစောင့်၍ ရိုက်သတ်ပြီး ဗိုလ်တင်ထွန်းထံမှ ရိုင်ဖယ်သေနတ်ကိုယူလျက် ကျွန်ုပ်တို့အား အန္တရာယ်ပြုနေချေပြီတည်း။

ယင်းအခိုက် ''အု ...အု ...အု ....'' ဟူသော တောဝက် အချို့ အသံနှင့် ''ဖြန်း ..ဖြန်း .. ဖြန်း ..'' ဟူသော လင်းနို့များအုပ်စုလိုက် ပျံထွက်လာသံများကို ကြားရ၏။

''ဒိုင်း ...ဒိုင်း ...''

ရုတ်တရက် သေနတ်သံနှစ်ချက် ကြားလိုက်ရသည်။ ယင်းသေနတ်သံမှာ ကျွန်ုပ်တို့အား ပစ်လိုက်သောအသံမဟုတ်ပါ။

သို့သော် သေနတ်သံပေါ်ထွက်လာရာနှင့် ကျွန်ုပ်တို့မှာ ဆယ်ကိုက်ကျော်သာ ကွာသဖြင့် ကျွန်ုပ်က အသင့်ကျည်တစ်တောင့် ပြောင်းရင်းထဲသို့ သွင်းထားသည့် ဒသမ ၃၀၃ ကျည်ဖြင့် ပစ်ထည့်လိုက်သည်။

''ဒိုင်း..''

''အူး ...အယား''

ထိုအသံနှင့်အတူပင် ဝုန်းခနဲလဲကျသွားသံကိုကြားလိုက်ရ၏။ ကျောက်တုံးများ ပြိုကျသွားသံလည်း ကြားလိုက်ရသည်။

ကျွန်ုပ်က လက်နှိပ်ဓာတ်မီးဖွင့်ကာ ကျောက်နံရံဘေးကပ်၍ ကြည့်လိုက်စဉ် ဒသမ ၃၀၃ ရိုင်ဖယ် တစ်လက်သည် ကျောက်ကြမ်းပြင်တွင် လဲကျနေလျက် ကုလားအရှုးကြီးကိုမူ မတွေ့ရပါချေ။

''ဘွမ်း ...ဝုန်း''

ဟူသော အသံကြီးကိုကြားရပြီး ထိုနေရာတွင် တွင်းပေါက်





ကြီးတစ်ပေါက်ကို တွေ့ရ၏။ လက်နှိပ်ဓာတ်မီးဖြင့်တွင်းပေါက်ထဲသို့ ထိုးကြည့်လိုက်ရာ မြေအောက်စမ်းချောင်းတွင် လဲကျသေဆုံးနေသော လူတစ်ယောက်အလောင်းကို တွေ့ရ၏။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှုပ်ထွေးကာ ဘောင်းဘီအင်္ကျီများ အစုတ်စုတ်အပြတ်ပြတ်နှင့် မြင်ရသည်။

ဓာတ်သိမ်းမကောင်းလှသော ကုလားစစ်သားအရူးကြီးပင်။ နောက်တစ်ယောက်က ဗိုလ်တင်ထွန်း။ ကုလားစစ်သားအရူးကြီး ပစ်ခတ်လိုက်သဖြင့် သေဆုံးနေသော တောဝက်နှစ်ကောင်။

''ဗိုလ်တင်ထွန်းရေ ခင်ဗျားလိုချင်တဲ့ တောဝက်နှစ်ကောင်ဗျို့''

ဟု ကျွန်ုပ်မှာ စိတ်မကောင်းလှစွာဖြင့် ဗိုလ်တင်ထွန်း အလောင်းကိုကြည့်ကာ တီးတိုးပြောလိုက်မိပါသတည်း။

မှတ်ချက်။ ၁၉၄၃ ခုနှစ်၊ စစ်မြင်းတပ်အတွေ့အကြုံကိုရေးပါသည်။

မြဝတီ



www.burmeseclassic.com

www.burmeseclassic.com

# သောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ

၁။ သူတို့သိတစ်ခေါက် ရောက်ခဲ့ရာဝယ်
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း
၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)
၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)
၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)
၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)
၇။ သောက်မရောက် သက်မပျောက်
၈။ ဈာတ္တိယခေါ် မိန်းမတို့သည်
၉။ ယောက်ျားတို့အကြောင်း
၁၀။ ကျွန်တော်လယ်သမားကြီး
၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ
၁၂။ ဌါသားများ စစ်ထဲဝင်ရင်ဇလ
၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်ကွင်းက သူငယ်ချင်းတွေ
၁၄။ မုန်းမြစ်မှသည် ရောဝတီ
၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ
၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လှုံ့ဆော်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)
၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လှုံ့ဆော်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)
၁၈။ ဈာတ္တိယခေါ် မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း
၁၉။ အစ်ကိုတို့စစ်သား
၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လှုံ့ဆော်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)
၂၁။ ကျွန်ုပ်တော် ဂေါက်သီးသမား
၂၂။ ဒို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ
၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့လှုံ့ဆော်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)
၂၄။ ကမ္ဘာ့တိန်ကျော်ညွှန်၏ စွန့်စားခန်းများ

မြရတနာစာပေ

၂၅။ အချစ်နဲ့ စစ်သား
၂၆။ စစ်မြေစခန်းက လွမ်းပုံပြင်
၂၇။ ဆန်းကြယ်ထူးခြား စစ်သားတပ်၏လက်ကွက်များ
၂၈။ မလွမ်းပို မငိုနဲ့နော်
၂၉။ စီစီဝမ်တဘာပန်တိုက်ပွဲကြီး
၃၀။ မြန်မာ့မြေမှ အင်္ဂလိပ် - ဂျပန်တိုက်ပွဲများ
၃၁။ လူစွန့်စားကြီးကပ္ပတိန်တောနားမူး
၃၂။ မိုင်းယန်းတိုက်ပွဲ
၃၃။ စစ်မြေပြင်မှ ကိုယ်တွေ့လှုံ့ဆော်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၅)
၃၄။ ကျွန်တော်ပါဝင်သော နောင်လိုင်ပါဖန်နှင့် ဖိုင့် ၆၀၄၁ တိုက်ပွဲကြီး
၃၅။ ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ
၃၆။ ဟော့ . ဒို့ကွန်မန်ဒို
၃၇။ ဗိုလ်ချုပ်ကြီးယာမာရှိတာနှင့်မလေးကျွန်းဆွယ်တိုက်ပွဲ
၃၈။ ကျွန်တော်နှင့်ဘိန်းစစ်ဆင်ရေးများ
၃၉။ ဗိုလ်ချုပ်ကြီးမက်အာသာနှင့် ဖိလစ်ပိုင်တိုက်ပွဲစဉ်များ
၄၀။ ကပ္ပတိန်တောနားမူး၏ မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ (ပထမပိုင်း)
၄၁။ ဗိုလ်ချုပ်ဝင်းဂိတ်နှင့် သူ၏ခြသေ့စစ်ဆင်ရေးများ
၄၂။ ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီး
၄၃။ ဗိုလ်ချုပ်ကြီးဝီလီယံစလင်းနှင့် မြန်မာပြည်တိုက်ပွဲစဉ်များ
၄၄။ ဗိုလ်ချုပ်ကြီးဇတီးဝဲလ်နှင့် မြစ်ကြီးနားတိုက်ပွဲ
၄၅။ ကပ္ပတိန်တောနာမူး၏မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ (ဒုတိယပိုင်း)
၄၆။ ထင်ရှားကျော်ကြားပဲ့ရိုးမတိုက်ပွဲများ
၄၇။ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်နှင့် ဂါဇာလာတိုဘရပ်တိုက်ပွဲ
၄၈။ ပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ
၄၉။ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီနှင့် အယ်လ်အာလာမိန်းတိုက်ပွဲ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com


၅၀။ မော်ဖဒေသတိုက်ပွဲများ

၅၁။ ဗိုလ်ချုပ်ကြီးရှုးကော့စ်နှင့် မော်စကိုဝတာလင်ဂရက်တိုက်ပွဲများ

၅၂။ မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့်
မြန်မာ့တပ်မတော်၏ ကျော်ကြားသော စစ်ဆင်ရေးများ

၅၃။ မြွေးရွှေပန်ကောက်တိုက်ပွဲကြီး

၅၄။ ဗိုလ်ချုပ်ကြီး ဗိုဂုယင်ဂီယက်နှင့် ကမ္ဘာကျော်ဒင်ဗင်ဖူးတိုက်ပွဲကြီး

၅၅။ ရဲဝံ့စွန့်စားတကယ့်ကွန်မန်ဒိုများ

၅၆။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၁)

၅၇။ ကျွန်တော်နဲ့ ညတိုက်ပွဲများ

၅၈။ နိုင်းယောင်းတိုက်ပွဲ

၅၉။ ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ

၆၀။ မုန်းစီးနားလယ်နှင့် ဂျုံးဂျုံးဂျက် တိုက်ပွဲကြီး

၆၁။ ဂုဏ္ဍိုယခေါင်မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း(ဒုတိယအကြိမ်)

၆၂။ ကြုံခဲ့ဖူးသော ချုံခိုတိုက်ပွဲများ

၆၃။ သူရစိုးအောင်နှင့် သူ၏စွမ်းရည်ဘွဲ့ရ နားလုံတိုက်ပွဲ

၆၄။ မြဝတီတိုက်ပွဲ

၆၅။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၂)

၆၆။ မဲသဝေါတိုက်ပွဲ

၆၇။ အစ်ကိုတို့ရှေ့တန်း

၆၈။ ၁၉၄၉ ခုနှစ်က သမိုင်းဝင်အင်းစိန်တိုက်ပွဲကြီး

၆၉။ ငှါသားများစစ်ထဲဝင်ရင်လေ

၇၀။ ကျွန်တော်တို့ KNU ကေအင်ယူဗဟို မာနေပလောကို တိုက်ခဲ့စဉ်က

၇၁။ သူတို့တိုက်ခဲ့သော ဟိုက်ကမ်းပါးနှင့် မြွေးရွှေပန်ကောက်တိုက်ပွဲကြီးများ

၇၂။ ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းသိမ်းတိုက်ပွဲကြီး

၇၃။ နမ့်မယောင်းမှသည် ဇရာဝတီ





၇၄။ မဖော်ပြဖြစ်ခဲ့သည့် အရှေ့မြောက်ဒေသက တိုက်ပွဲများ

၇၅။ ကျွန်တော်နဲ့ ပြောက်ကျားတိုက်ပွဲများ

၇၆။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၃)

၇၇။ သူတို့တိုက်ခဲ့သော KIA နှင့် တိုက်ပွဲများ

၇၈။ KNU တပ်မဟာ (၄) မင်းသမီးစခန်းသိမ်းတိုက်ပွဲ

၇၉။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၄)

၈၀။ KIA ဗဟို ပါကိုျနားဇော တိုက်ပွဲကြီး

၈၁။ ယောယုံတိုက်ပွဲ

၈၂။ ဖုန်ကြားရှင်နှင့် တိုက်ပွဲများ

၈၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ် (၆)

၈၄။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၅)

၈၅။ ကျွန်တော်သိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ


## ယခုထွက်ရှိထည့်စာအုပ်


၈၆။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ် (၇)


## ထပ်မံထွက်ရှိမည့် စာအုပ်များ


၈၇။ ပန်ကျုံတိုက်ပွဲ

၈၈။ မိုးမိတ်တိုက်ပွဲ

၈၉။ မြန်မာတို့ တရုတ်ရန် ခုခံကာကွယ်ခဲ့စဉ်က

၉၀။ ကျွန်တော်သိသော ဗိုလ်ချုပ်ကြီးသိန်းစိန်

၉၁။ မြန်မာနိုင်ငံထောက်လှမ်းရေးများအကြောင်း




www.burmeseclassic.com